ငါ ဂု ရင် မ



## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | ဒေါ်ဝါဝါထွေး(မြ-၀၂၁၇၄)<br>ပတ္တမြားသိုက်စာပေ<br>အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (၈)ရပ်ကွက်၊<br>မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်း<br>ပုံနှိပ် | ဦးကျင်ရင်(မြ-၀၀၃၂၇)<br>ရွှေခြသေ့ပုံနှိပ်တိုက်<br>အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ။ |
| အုပ်ရေ | ၅၀၀အုပ် |
| တန်ဖိုး | ၄၀၀၀ကျပ် |
| ဖြန့်ချိရေး | မိုးသောက်စာပေ<br>အမှတ်(၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၉၅၁၆၃၇၆၄၊ ၀၉၅၀၈၉၈၉၄ |

ထုတ်ဝေသည့်စာ ကတ်တလောက်အညွှန်း(CTP)

ငါဘုရင်မ / သျှင်မ- ရန်ကုန်
ပတ္တမြားသိုက်စာပေ။
စာမျက်နှာ(၃၈၂)၊ ၁၃.၂စင်တီ× ၂၀.၅
(၁) ငါဘုရင်မ




"ဘာပြောလိုက်တယ်..နင် ကောင်မ..သွား၊ ခုချက်ချင်း ငါ့ရှေ့က ထွက်သွား.."

"ဝုန်း.."

"ဟား ဟား.."

"ကောင်မ..လူပါးဝလို့၊ ကဲဟာ.."

"ဒုန်း..ချလွမ်.."

"ဟား ဟား ဟား.."

ပေါက်ကွဲစင်ထွက်ကုန်သော ပစ္စည်းများနှင့် မှန်ကွဲစတွေက မြင်မကောင်းအောင် ပြန့်ကြဲသွားသည်။ အသက်ရှူတွေပြင်းလျက် မြတ်ကေရီ၏နိမ့်ချီမြင့်ချီ လှိုက်ခါနေသည့် ရင်ဘက်တစ်ခုလုံးသည် အထဲကနေ တစ်စုံတစ်ရာပွင့်ကန်ခုန်ထွက်လာတော့မတတ် ပြင်းထန်နေခဲ့၏။ သူမရဲ့ဆံပင်တွေ ပုံပန်းပျက်ကာ ပြေလျော့ကျနေခဲ့သည်။ မိတ်ကပ်ပြေပြေနှင့် ဖူးထွက်လှပနေခဲ့သော မျက်နှာတစ်ခုလုံးက ချွေးတို့ဖြင့် ပြောင်လက်စိုထန်းနေခဲ့ပြီး..

"နင်ကများ လူပါးဝလို့..မှတ်ထား မသေမချင်းမှတ်သွားလိုက်၊ ငါ့နာမည်ကကေရီ.."

သူမကရယ်နေသည်။ ပစ္စည်းတစ်ခုကို ဇကရီပေါက်ခွဲပစ်လိုက်တိုင်း အပိုင်းအစတို့စင်ထွက်လာလျှင် ခြေဆုတ်ရှောင်သည်။ လက်ပိုက်လေး ဖျတ်ခနဲဖြုတ်၍ ဘေးကိုရှောင်ပစ်လိုက်တာလည်းရှိသည်။ သို့သော် သူမ မျက်နှာက ကြောက်လန့်တကြားတို့သည် တမင်တကာဖန်တီးပြင်ဆင်ထား ခဲ့သည့် လှောင်ရယ်ခြင်းတွေသာဖြစ်၏။ မျက်နှာချင်းဆိုင်မှာရှိနေကြသည့် မိန်းမသားနှစ်ယောက်တို့အနက် တစ်ယောက်သည်မခံရပ်နိုင်သော ဒေါသ မာနတို့ဖြင့် ပြင်းထန်စွာပေါက်ကွဲနေခဲ့ပြီး တစ်ယောက်သည်.. ။

"ဒေါသတွေပြီးရင် ငါဘာလုပ်ရမလဲဆိုတာ စဉ်းစားလိုက်ဦး ဒေါ် မြတ်ဇကရီ..ရှင့်ကိုနောက်ဆုံးဝမ်တိန်ပေးတာ၊ ဒီကနေ သုံးရက်အတွင်း အပြီး ပြောင်းပေးဖို့.."

"မပြောင်းနိုင်ဘူး..ဒါ ငါ့နေရာ၊ ငါပိုင်တဲ့နေရာ.."

"အခု ကျွန်မပိုင်ဖြစ်သွားပြီ..ရှင့်ရဲ့ပိုင်ဆိုင်မှုအားလုံးအပြင်.."

"တော်..ခုချက်ချင်းပါးစပ်ပိတ်၊ ကိုကို့ကိုနင်ဘယ်တော့မှမရဘူး.. ကိုကိုက ငါ့ယောကျ်ား၊ ငါကကိုကို့ရဲ့ဇနီး.."

"ပြောကြည့်လေ..ရှင်စိတ်ချမ်းသာရင် ပြီးတာပဲ၊ တော်ကြာ သွက် သွက်ခါရူးသွားရင် လိုအပ်တဲ့စာချုပ်တွေမှာ လက်မှတ်မထိုးလိုက်ရဘဲ ကျွန်မကရှာလည်ဦးမှာ.."

"တောက်.."

"ဒါဒါ..မင်းတော်တော့.."

ရောက်လာသည့်လူရိပ်သည် ဇကရီ့ထံတစ်ချက်ပဲလှမ်းကြည့်ကာ ဒါဒါ့လက်ကိုဆွဲလိုက်သည်။ သူမကလှည့်ကြည့်ပြီးမှ လက်ကိုခါချပစ်လိုက် ကာ.. ။

"ရှင်ဘာလာလုပ်တာလဲ.."

"မင်းကိုလာခေါ်တာ.."

"ကျွန်မအတွက်မလိုဘူး.."

မီးပွင့်တွေလို လက်တောက်နေသည့် ဒါဒါ့မျက်လုံးတွေက ဇကရီ့ကို စူးစိုက်နေလျက်.. ။

"ဘာမှမကျန်တော့တဲ့အထိ မာနအလံထူနေတဲ့ ရှင့်မိန်းမကိုတရား



ပြလိုက်.."

"ဒါဒါ..ကျွတ်.."

"အထက်စီးက နေချင်လွန်းလို့ ကိုယ့်နာမည်ကို လေတံခွန်မှာရေးပြီး လွှတ်ရင်တောင် အဲ့ဒီလေတံခွန်က ပြတ်နေပြီဆိုတာ.."

သူမချာခနဲလှည့်ထွက်သွားသည်။ သို့သော် မှန်ကွဲစကိုနင်းလိုက်မိ ကာ လူကတွန့်ခနဲဖြစ်လျက် ခြေထောက်တွေက နေရာမှာတင်ရပ်သွား၏။

"ဒါဒါ.."

"ဟား ဟား ဟား.."

ထိုယောကျ်ားပျာယာခတ်သွားခဲ့လျက် ဇကရီကဟားတိုက်ရယ်၏။

"လုပ်ပါ..ဒီလောက်နာကျင်သွားတာကို အော်လေ.."

ရယ်နေသည့်မျက်နှာသည် ဖျတ်ခနဲပြောင်းလဲသွားခဲ့ပြီး.. ။

"ကောင်မ..ကြိတ်ခံတတ်တဲ့နေရာမှာ နင်ကပါရမီရှင်ပဲ၊ ဘယ် လောက်ပြောပြော မကြားသလို ဘယ်နေရာထိထိ မနာသလို ပြီးတော့မှ ကြိတ်ကြံကြိတ်ခိုး.."

"မြတ်ဇကရီ.."

ဒေါသသံနှင့်အတူ ဒါဒါလက်ညှိုးထိုးလိုက်လျှင် ဇကရီအသံတိတ် ကျသွားသည်။

"ငါဘာလုပ်ခဲ့သလဲဆိုတာ မလိုဘူး..အခု ငါဘာလုပ်နိုင်သလဲဆိုတာ သဘောပေါက်.."

"သူများနေရာကို လုယူနိုင်တာများ သိပ်ဂုဏ်ယူမနေစမ်းပါနဲ့.."

"ငါ့ကိုလုယူတယ်လို့ ပြောလိုက်တာလား.."

နာကျင်နေသည့်ခြေထောက်က ရွှေ့ဖို့ကြိုးစားလိုက်တိုင်း နာသည်။ ထို့ကြောင့် မြင်နေရသည့်မျက်နှာက ပို၍မုန်းတီးဖွယ်ဖြစ်လာခဲ့၏။ ဒီအရိပ် ဒီမျက်နှာတွေကို သူမမုန်းသည်။ ကိုယ့်ရဲ့စိတ်ခန္ဓာ ပြီးတော့အသွေးအသား ပြီးတော့ဘဝတစ်ခုလုံးကို အမျိုးမျိုးသောနည်းတို့ဖြင့် ကျိုးကြေပျက်စီးစေခဲ့ သော.. ။

"လုယူတဲ့သူက ထွက်ပြေးတယ်..ငါအခု နင့်ရှေ့မှာရပ်နေတယ်ဇကရီ၊ ဘာကိုလုယူတယ်ပြောတာလဲ..နေရာဆိုတာ နေတတ်မှမြဲတာ၊ ကိုယ့်ခြေ

ထောက်နဲ့ကိုယ် ခလုတ်တိုက်ရင် ပိုအထိနာတယ်..ငါဘယ်လောက်တောင် ညံ့ဖျင်းသလဲဆိုတာ ကိုယ့်ကိုယ်ကိုမြင်အောင်ကြည့်စမ်းပါ.."

"တော်တော့..ကလေကချေ အောက်တန်းစား..ငမွဲမ.."

အဆင့်အတန်းတွေ ပြောသင့်တာမပြောသင့်တာတွေထား။ အသားတုန်အောင်ထွက်နေသည့်ဒေါသကို ထိန်းချုပ်ဖို့ခက်ခဲနေသည်။ ဒီနေ့ ဒီလိုပုံစံနှင့် သူမရှေ့ကိုရောက်လာခဲ့သည့်အဖြစ်ကို မယုံနိုင်။ အမြဲတမ်း ကိုယ့်အောက်မှာ စုတ်ပြတ်ဆင်းရဲစွာ မြင်နေခဲ့ရသည့်မိန်းမတစ်ယောက်က ကိုယ့်ရဲ့ပိုင်ဆိုင်မှုအားလုံးကို အသာလေးဆွဲထုတ်ယူသွားခဲ့သည့် အဖြစ်အတွက် ဘယ်လိုပေါက်ကွဲရမလဲ..ဘယ်လိုတုံ့ပြန်ရမလဲ.. ။

ဇေကရီမျက်လုံးတွေ စိတ်ပျက်သုန်မှုန်စွာရပ်နေသည့် ထိုယောကျ်ားဆီ ရောက်သွားခဲ့သည်။ ကိုယ်မက်မောတွယ်တာခဲ့ရသည့် ကိုယ့်ရဲ့ချစ်လင် အိမ်ဦးသခင်သည် ခုတော့ သူမရဲ့ခင်ပွန်း။ သူမအတွက် အရာရာဖြစ်စေမယ့်သူ။ အားလုံးပြောင်းလဲကုန်ပြီ။ ဘာတွေဖြစ်ကုန်တာလဲ..၊ လုယူတဲ့သူက ရှုံးလို့လုခဲ့တာလား..ကိုယ်ကအလုခံရလို့ ရှုံးနေတာလား..။ မဟုတ်ဘူး.. ကြောက်ရင်နှစ်ခါသေတယ်..ငါမရှုံးခဲ့ဘူး ..ဘာကြောင့်ရှုံးရမှာလဲ.. ။

"ဟဲ့..ငါ့ကိုလှည့်ကြည့်စမ်း ဗေဒါဖြူမ.."

တောင့်မတ်စွာကျန်ခဲ့ပြီးမှ ထွက်ခွာသွားသည့်သူကို အော်ငေါက်တားဆီးမိသည်။ ဒါဒါကလည်း ခြေလှမ်းရပ်ပစ်၏။ 'မင်းမတော်သေးဘူးလား'ဆိုသည့် ထိုယောကျ်ား၏အကြည့်တွေကိုလည်း ဂရုမစိုက်နိုင်ဘဲ.. ။

"နင်က အမှိုက်ပုံက ထမင်းခြောက်ကောက်စားရတဲ့ ခွေးသာသာအဆင့်..ငါကလူကုံထံမျိုးနွယ်က ဒိတ်ဒိတ်ကြဲသူဌေးတွေရဲ့ တစ်ဦးတည်းသောချွေးမ၊ ငါ့နာမည်ကိုက ဇေကရီ..နင်ငါ့ကိုဘယ်တော့မှအနိုင်မရဘူး မှတ်ထားလိုက်.."

"ပုံပြင်ထဲမှာလား.."

လှောင်ပြုံးနှင့်ပြန်မေးရင်း ဒါဒါကကျောခိုင်းနေရာကနေ ပြန်ငဲ့ကြည့်သည်။ မေးဖျားသည် ပခုံးစွန်းမှာ မထိတထိဖေးကပ်လျက် ဖားလျားဖြန့်ချထားသည့် ဆံနွယ်တချို့က သူမရဲ့ပါးရိုးလေးပေါ်ထိ ဖြတ်ကွယ်ထားသော်လည်း.. ။



"နင်ကဇေကရီဆိုရင် ငါကဘုရင်မ..အခြေအနေကို သဘောပေါက်လွယ်အောင် ခေါင်းလေးဘာလေးသုံးဦး.."

တစောင်းပြန်လှည့်ကြည့်တာပေမယ့် တစ်ယောက်မျက်လုံးထဲကို တစ်ယောက်မြင်နေရသည်။ အောက်နှုတ်ခမ်းတို့ကို ဖိကိုက်ထားမိကာ ဇေကရီ့ဒေါသတို့သည်.. ။

"ကောင်မ..လူပါးဝလို့၊ ကဲဟာ.."

"ဒေါက်..ချွမ်း.."

နောက်ထပ်ရှိစုမဲ့စုတွေ ပျံ့လွင့်လာသည်။ ထိုယောကျ်ား၏ကျောပြင်သည် ဒါဒါ့ကိုယ်လေးကို ကာကွယ်ထားလိုက်တာ တံတိုင်းတစ်ခုသဖွယ်..

"တောက်.."

ဇေကရီ့ရင်ထဲက သဝန်တိုဒေါသတို့သည် အရာရာကိုအမှောင်ဖုံးသွားစေခဲ့လျက်.. ။

"ငါကဘုရင်မ..ငါကအမြဲတမ်းဘုရင်မပဲ၊ နင့်လိုကလေကချေအောက်တန်းစားဘဝက လာတာမဟုတ်ဘူး..ငါကနင့်ထက်မြတ်တယ်၊ နင့်ထက်သာတယ်..နင့်ထက်ငါအားလုံးသာတယ် နားလည်ရဲ့လား၊ ကိုကို့ကိုနင်ဘယ်တော့မှမရဘူး..ငါဘယ်လိုမှမပေးနိုင်တာ ကိုကိုပဲ၊ နင်နဲ့ငါ မပြီးသေးဘူးကောင်မ.."

မြင့်သော နိမ့်သော မြတ်နိုးတတ်သော သူ သူမတို့၏ ဆုံဆည်းခဲ့ကြသည့် ကံကြမ္မာပဋ္ဌလက်တို့သည်ကား.. ။

အခန်း(၁)

"သိန်းနှစ်ထောင် ဟုတ်လားကေရီ.."

"အင်းလေကိုကိုရဲ့..ဘာဖြစ်လို့လဲ၊ ကိုကိုကတော့ လုပ်ငန်းရှင်ကြီး လုပ်နေပြီး ကေရီက ဒီတိုင်းထိုင်နေရမှာလား.."

မျက်ခုံးပေါ်ဘရပ်ရှ်လေးနဲ့ခြစ်နေရင်း ကေရီဒီဘက်လှည့်ကြည့်သည်။ ပြီးတော့ ဘရပ်ရှ်ကို မှန်တင်ခုံပေါ်ပစ်ချထားလိုက်ပြီး.. ၊

"ရှော့ပင်ထွက်ချင်တော့ ကိုကို့ဆီမှာလက်ဖြန့်ရတယ်..အပေါင်းအသင်း သူငယ်ချင်းတွေနဲ့ လူမှုရေးကိစ္စဗာယီရရှိတော့ မင်းဒါပဲလုပ်နေတတ်လားတဲ့..ဒါတွေနဲ့ အချိန်ကုန်နေတာလားတဲ့.."

"ဒါကြောင့် မင်းလုပ်ချင်တာဒါလား.."

"ဟုတ်တယ်..ကေရီလုပ်တာမှားမှားမှန်မှန် ကိုကိုတစ်ခါလောက် ကြည့်နေပေးစမ်းပါ.."

"ကြည့်နေရမှာက သိန်းနှစ်ရာမဟုတ်ဘူးကေရီ..မင်းလက်နဲ့မင်းလုပ်နိုင်တာလည်း မဟုတ်ဘူး.."

"ကိုကိုလည်း သူများတွေကိုခိုင်းနေတာပဲ မဟုတ်ဘူးလား..ကေရီ့ကျမှ.."



"မင်းက သူများစိတ်ကူး သူများအကြံဉာဏ်တွေအတွက် ငွေမုံပေးနေရတာ..တိုက်တစ်လုံးကို ကန်ထရိုက်အပ်ပြီဆိုရင် ကလိုင်းရန့်ဘက်က တိကျရင်တိကျသလို ကိုယ်ကလုပ်ပေးရတာ၊ တစ်ခါတလေ ကလိုင်းရန့်က ကိုယ့်ထက်သိနေတာတွေရှိတယ်.. မင်းလိုကန်ထရိုက်တာမျိုးဆို အဲ့လိုကလိုင်းရန့်နဲ့တွေ့လိုက်ရင် သွားပြီ..မင်းအဲ့ဒါတွေရော တွေးကြည့်ဘူးလား.."

"အခုမတွေးသေးတာလေ..ဘာမှလည်းမလုပ်ရသေးဘူး၊ ဒါပေမဲ့.."

"တော်တော့ကေရီ..ဒါခွင့်ပြုသင့်တဲ့ စွန့်စားမှုမျိုးမဟုတ်ဘူး.."

"ကိုကိုက မပေးနိုင်ဘူးလို့ ပြောလိုက်တာလား.."

ကိုကိုကမဖြေတော့ဘဲ ဒီတိုင်းလှည့်ထွက်လာခဲ့သည်။ ပန်းရင့်ရောင်အဖြူစင်းပါသည့် ရှပ်အင်္ကျီလက်တိုပွပွနှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထားသည့် ကိုကို့ရဲ့ကျောပြင်ကို စူးစိုက်ကြည့်ရင်း ကေရီအံလေးကြိတ်ထားမိသည်။

သားကိုကိုဆိုသော ယောကျ်ားတစ်ယောက်၏ရာဇဝင်မှာ ဇနီးမယားကို ဂရုစိုက်အလိုလိုက်ခြင်း ဘယ်သောအခါမှ မရှိစေရလို့များ ဆုတောင်းထားခဲ့လေသလား ဒါမှမဟုတ် သူမကပဲ ဒီယောကျ်ားရဲ့ ဆိုးရွားခြင်း အဖြာဖြာအပေါ် ဘယ်သောအခါမှ စိတ်ပျက်စွန့်ခွာခြင်း မပြုပါဘူးလို့ ဆုတောင်းမှားခဲ့တာလား.. ၊

ကိုကိုဆိုသူကို မြင်မြင်ချင်းတပ်မက်ခဲ့သည်။ ရှိထားသမျှ အရာရာကို စွန့်လွှတ်၍ ရယူလိုခဲ့သည်။ စိတ်ကူးထဲမှာဆို သူမကိုဒီလူကြင်နာလိုက်ပုံများ.. ၊

"တောက်..လုပ်မယ် ရအောင်လုပ်မယ်.."

ကေရီလက်သီးဆုပ်ကြိမ်းဝါးပြီး ဖုန်းကောက်ယူလိုက်သည်။ ပြီးတော့ အခန်းပြင်ထွက်လာလျှင် ကိုကိုကစီးကရက်လက်ကြားညှပ်လျက် ဖုန်းပြောနေ၏။ ပန်းရင့်ရောင်အင်္ကျီနှင့် ဝင်းမွန်နေသည့်မျက်နှာကို စိုက်ကြည့်မိရင်း ကေရီခြေလှမ်းတွေ ရပ်သွားခဲ့သည်။ ဘာရောင်ဝတ်ထားထား ရောနှောသွားတတ်သည့် အသားအရေနှင့် ဘယ်အချိန်ကြည့်ကြည့် ရှင်းသန့်ကြည်စင်နေသောမျက်နှာသည် သားကိုကို၏ မျက်နှာပဲဖြစ်လေသည်။

လေးထောင့်ဆန်ပေမယ့် ခိုင်ကြည်ခြင်းတို့ဖြင့် ပြည့်စုံနေသည်။ ထူတန်းပြေပြစ်သည့် ရင်ခွင်ကျယ်မှာ အေးချမ်းစွာမှေးစက်ခဲ့တာတစ်ညလုံး။ ပြီးတော့ အနမ်းတို့ဖြင့် အိပ်ရာနိုးခဲ့ရသည်။ ကိုကိုနဲ့ပတ်သက်သော ခံစားရသမျှ သာယာမှုအားလုံးတို့သည် ဘာတစ်ခုမှတကယ်မဟုတ်ခဲ့ဘဲ သူမရဲ့စိတ်ကူးယဉ်မှုတွေသာ ဖြစ်ခဲ့သော ပြီးခဲ့သမျှနေ့ရက် နာရီတို့သည်..

"အလကားလူ..အလကားယောကျ်ား၊ သူနဲ့နေရတာ ငါ့အတွက် ငရဲပဲ.."

'လှတာမက်တော့ ညစာခက်သည်'တဲ့။ သူမဘဝက တကယ့်ငရဲသာ။ ဒီလူ ချောသည် စမတ်တ်ကျသည်ဆိုတာတွေက ကိုယ့်အတွက်မဟုတ်ခဲ့ရင် ဘယ်လိုနေမလဲ.. ၊

သူ့ကိုမြင်တိုင်း ခဏဖြစ်ဖြစ် ငေးနေမိခဲ့ပေမယ့် ဒေါသတွေမခံရပ်နိုင်ခြင်းတွေနဲ့ အဆုံးသတ်ခဲ့ရပြီး.. ၊

"ဟလို..ဦးလား၊ ဟလို.."



အခန်း(၂)

အသံကြားလိုက်တည်းက ဘယ်သူဆိုတာသိသည်။ ဖုန်းကိုမသက်သာစွာ ပြန်ကြည့်မိကာ ခပ်ကြိတ်ကြိတ်တက်ခေါက်မိ၏။ တော်တော်ကိုသိက္ခာမဲ့တဲ့ မိန်းကလေးပါလား..။ စိတ်ပျက်ခြင်းနှင့်အတူ ဒေါသက တစ်ခုခုပြောချလိုက်ဖို့ တိုက်တွန်းနေသော်ငြား.. ၊

"ကျွန်တော့်ကိုဖုန်းပေးပြောပါမမ.."

ဟင်.. ၊

အနားကိုဘယ်လိုရောက်နေမှန်းမသိ။ လှည့်ကြည့်လိုက်တော့ မောင်ဖြစ်သည့်ဦးကိုကိုက တုတ်ကောက်တစ်ဖက်နှင့် ဖုန်းပေးဖို့လက်လှမ်းနေလျက်.. ၊

"ကေရီ့ဖုန်းမို့လား.."

ဒေါ်မေစိုးဦးက ဖုန်းကျသွားတဲ့အထိ မပေးဘူးလည်းမငြင်း။ ပေးလည်းမပေးဘဲ ကိုင်ထားလျက်.. ၊

"မင်းသူနဲ့ပြောစရာ အကြောင်းမရှိဘူး.."

"သူ့မှာပြောစရာအကြောင်းရှိနေလို့ ဆက်တာ.."

“အဲ့ဒါနဲ့ပဲ..”

“ဒီမိန်းကလေးနဲ့ပတ်သက်ပြီး ကျွန်တော့်မှာ..”

“ဘယ်သူ့မှာမှ တာဝန်မရှိဘူးကိုကို..သူလျှောက်မယ့်လမ်းကို သူ့ဟာသူရွေးချယ်ခဲ့တာ..”

“မဟုတ်ဘူး..”

အစ်မဖြစ်သူကို ပြန်ကြည့်ပြီး ပြောလိုက်သည့်မျက်ဝန်းတွေက စူးရဲနေသည်။ ဒေါ်မေစိုးဦးမျက်နှာပျက်သွားပေမယ့် ခဏပဲဖြစ်ကာ..၊

“ဟုတ်တယ်..ငါတို့ကမလုပ်သင့်တာကို သူမြင်အောင်ပြခဲ့တာ၊ လုပ်သင့်တာကိုလုပ်ပါဆိုပြီး ကြိုးတုပ်ခိုင်းခဲ့တာမဟုတ်ဘူး..”

“ဒါပေမဲ့ သူ့အတွက်ငရဲကျသွားတာပဲမမ..”

“ဒါသူ့ကံတရားပဲကိုကိုရယ်..သားကိုကိုနဲ့လက်ထပ်လိုက်ရင် သူ့ဘဝနတ်ပြည်ရောက်သလိုဖြစ်သွားမလား၊ ငရဲကျသလိုဖြစ်မလား ဘယ်သူကကြိုသိမှာလဲ..ငါတို့ကြိုသိခဲ့တာ မင်းနဲ့သူဘယ်လိုမှမဖြစ်ဘူးဆိုတာ တစ်ခုပဲ..”

ကိုယ့်သားထက်တောင် ငယ်နေတဲ့မိန်းကလေး။ ပြီးတော့ နေထိုင်သွားလာပုံတွေက ခေတ်ရှေ့ပြေးလွန်းနေသည်။ ပြောတာဆိုတာ ဟော့ရမ်းသေးသည်။ သူမရဲ့မိဘတွေနဲ့ကိုယ်တွေက အကျိုးတူစီးပွားဖက်ချင်း။ ထိုကြောင့် သူမလေးကိုမျက်စိအောက်မှာ မြင်နေခဲ့ရသည်။ သူမသွားလာနေထိုင်သမျှ သူမရဲ့စိတ်ဓာတ်အယူအဆ ဘာတစ်ခုမှ ရေရာတာမရှိခဲ့ဘဲ အပျော်လွန် လွတ်လပ်ခြင်းကို ခုံမင်တဲ့သူ.. ၊

လိုချင်တာမရမချင်းမိဘကို အမျိုးမျိုးဒုက္ခပေးတတ်ကာ အဆိုးဆုံးသည် မိဘနဲ့ပတ်သက်သော အကျိုးတူစီးပွားဖက်တွေအပေါ် ရင်းနှီးမှုလွန်ကဲစွာ ရောနှောနေထိုင်တတ်ခြင်းပင်။ ဒါကိုမိဘတွေကလည်း ကလေးငယ်တစ်ယောက်၏ မသိတတ်ခြင်းတစ်ရပ်ကဲ့သို့ ဒီတိုင်းကြည့်နေခဲ့ကြသည်။ ချစ်စနိုးအပြုံးတို့ဖြင့် အပြစ်လို့မမြင်။ ကြာလာတော့လည်း တမင်တကာများမသိယောင်ပြုနေသလားလို့ ထင်လာမိတဲ့အထိ။ ဒါပေမဲ့ ကိုယ်နဲ့မှမဆိုင်ဘဲ။ ဒီလိုဥပေက္ခာထားခဲ့ပေမယ့် သိပ်မကြာခင်မှာ ကိုယ့်မောင်နဲ့တရားလွန် ရင်းနှီးမှုတွေဖြစ်လာခဲ့ကြပြီး.. ၊



“ကျွန်တော့်ကိုသူပြောချင်နေတာရှိလို့ပါ..ပေးပါမမ..”

နောက်ထပ်ဖုန်းမြည်သံသည် ဒေါ်မေစိုးဦးရင်ကို စည်တီးသလို တုန်ဟီးသွားခဲ့ပြီး ဦးကိုကိုကလည်း ရှေ့တိုးလက်လှမ်းနေခဲ့လျှင်..၊

“ငါ့ရှေ့မှာပဲပြော..”

မပေးချင်ပေမယ့် ပေးလိုက်ရသည်။ ဦးကိုကိုက ဒေါ်မေစိုးဦးကို ကျောခိုင်းရပ်လိုက်ပြီးမှ.. ၊

“ဘေဘီလေး..ပြော.”

“ဦးကဘာလို့မကိုင်တာလဲ..ခုနကိုင်တာ ကြီးကြီးမေမို့လား..”

“အင်း..ပြောစရာရှိတာပြောပါ၊ ဘာကိစ္စရှိလို့လဲ..”

“ကိုကိုနဲ့ဘေဘီ ရန်ဖြစ်ကြတယ်ဦး..”

ပြောပြနေသည့်အကြောင်းတွေကို နားထောင်ရင်း ဦးကိုကိုပင့်သက်ရှိုက်မိသည်။ ထိုစဉ် ဒေါ်မေစိုးဦးက အနားကပ်လာပြီး ခြေဖျားထောက်နားစွင့်သည်။ မောင်ဖြစ်သူထံမှ မလိုလားသည့်အကြည့်တစ်ချက်ကို သိလိုက်ပေမယ့် မသိယောင်ပြု၍.. ၊

“ညည်းအလုပ်လုပ်စရာမလိုဘူးမို့လား..သိန်းနှစ်ထောင်ဆိုတဲ့ငွေက..”

“ဘာလဲ..ဦးကလည်း ဘေဘီ့ကိုမပေးနိုင်ဘူးပဲ ပြောမလို့လား၊ ဒါနဲ့ဘေဘီဘယ်ရောက်နေနေ ဦးကြည့်နေမှာပါဆို..”

ဒေါသနှင့်အော်ပြောနေသဖြင့် ဒေါ်မေစိုးဦး ဒီတိုင်းကြားနေရသည်။ ဦးကိုကိုက ခြေလှမ်းရွှေ့၏။ နောက်ထပ်ကပ်လိုက်ပြီး နားထောင်ရအောင် ကလေးငယ်လေးတစ်ယောက်ကို သူခိုးဖမ်းသလို မလုပ်ချင်တာကြောင့် မသိမသာလက်သီးဆုပ်မိရင်း.. ၊

“တော်တော်ကို စည်းကမ်းမဲ့တဲ့ မိန်းကလေးပဲ..”

နှုတ်မှရေရွတ်လိုက်မိသည်။ ဦးကိုကိုလည်းကြား၏။ သို့သော် ဧကရီနဲ့ပတ်သက်ပြီး ဘယ်အချိန်ဖြစ်ဖြစ် ပျော့ညံ့ချင်နေသည့်စိတ်ကို ဘယ်လိုမှပြင်ဆင်ပြောင်းလဲလို့မရ။ ကိုယ့်ရဲ့အေးစက်ထုံထိုင်းနေခဲ့သော အိမ်ထောင်ရေး မွန်းကျပ်မှုတွေထဲမှာ ဧကရီသည် သူ့အတွက်ဖြစ်လာခဲ့သည့် အိုအေစစ်လေးသာ။ သူမလေးအပေါ်မှာ သူ့စိတ်သူ့နှလုံးသားတို့ ယိမ်းယိုင်ခဲ့မိသည်

ပြသနာသည်.. ၊

"ဒါဘယ်လိုမှမဖြစ်နိုင်ဘူးနော်ကိုကို..သိန်းနှစ်ထောင်ဆိုတာ အရမ်းကိုများသွားပြီ၊ သူလိုချင်တာကို ဖြည့်ဆည်းပေးမယ့် သူ့ယောကျ်ားအနားမှာရှိတယ်..ဘာဖြစ်လို့ မင်းမှသူ့အတွက်ဖြည့်ဆည်းပေးမယ့်သူ ဖြစ်ရတာလဲ.."

"မမထင်သလိုပုံစံမျိုး မဟုတ်ပါဘူးမမရယ်..သားကိုကို သူ့အပေါ်ဆက်ဆံတာ မမလည်းသိတာပဲ.."

"အဲ့ဒီလိုပဲ ဆက်ဆံသင့်တဲ့မိန်းကလေး.."

"ဒါကြောင့် ကျွန်တော့်ဆီမှာ ဦးလေးသားချင်းလို လက်ဖြန့်တာပါ.."

"ကြားကောင်းအောင် ပြောမနေနဲ့ကိုကို..ဦးလေးသားချင်းဆိုရင်လည်း အိမ်ထောင်ခွဲသွားတဲ့တူမအတွက် ဘယ်ဦးလေးက သိန်းနှစ်ထောင်ကြီးကို ပက်ခနဲထုတ်ပေးမှာလဲ.."

"မမက.."

"ငါကဖြစ်နိုင်တာကို ပြောပြတာပါ..သားကိုကိုကတောင် မပေးသင့်ဘူးဆိုတာသိလို့ မပေးခဲ့တာ၊ မင်းဘာမှခေါင်းထဲထည့်ဖို့မလိုဘူး."

"ရှင်းရှင်းပြောပါ..ကျွန်တော်က ငွေမရှာနိုင်လို့ ယူသုံးခွင့်မရှိတော့တာလား.."

ကြည့်စမ်းဟယ်.. ၊

ဒေါ်မစိုးဦး ဘာမှထပ်မပြောနိုင်အောင် ငေးကြောင်သွားခဲ့သည်။ မဟုတ်ပါဘူးလို့ပြောလိုက်ရင် 'ဒါလေးပေးပါ'လို့ တောင်းတော့မည်။ 'ဟုတ်တယ်ဟေ့'လို့ရော ဘယ်လိုလုပ်ပြောထွက်မှာလဲ..။ ကိုယ့်မောင်လေးကို မသုံးစေချင်လို့မှ မဟုတ်ဘဲ.. ၊

ဒါပေမဲ့ သိန်းနှစ်ထောင်ဆိုတဲ့ငွေကို ကွမ်းဖိုးဆေးဖိုးပေးသလို ပေးလိုက်ဖို့ဆိုတာက.. ၊

☎



အခန်း(၃)

"ဘာရယ်..နှစ်ရာတန်ဘယ်မှာကျခဲ့မှန်း မသိဘူး၊ ဟုတ်လား.."

ထမင်းအိုးငှဲ့နေရင်း ကယောင်ကတန်းထရပ်မလို ပြင်မိသည်။ ပြီးမှ ထမင်းရည်မစစ်သေးသည့်အိုးကို ပြန်ငုံ့ကြည့်မိပြီး အားမလိုအားမရ တက်ခေါက်မိလျက်.. ၊

"မင်းမင်းရယ်..မိန်းကလေးဖြစ်ပြီး နင်တော်တော့်ကိုနမော်နမဲ့နိုင်ပါလားဟင်.."

"သမီးလည်းဆုပ်ကိုင်ထားတာပဲ.."

"ကဲ..တော်ကြပါတော့ဒါဒါရယ်၊ ညည်းတို့သားအမိအသံချည်းပဲ တစ်နေ့တစ်နေ့..အမေကတစ်မျိုး သမီးကတစ်မျိုး.."

အိမ်အပေါ်ဆင့်ကနေ ဒေါ်သီတာအေးထမီတစ်စဆွဲပြီး ဖင်လျှောဆင်းလာ၏။ မျက်နှာသည် စိတ်ပျက်သလိုရှုံ့မဲ့နေကာ.. ၊

"လူမမာရှိနေတာလည်း နည်းနည်းပါးပါးသတိထားစမ်းပါ.."

"အမေက ဘာလို့ဆင်းလာတာလဲ..သမီးအညှော်မလုပ်သေးပါဘူး.."

"ငါအိမ်သာတက်ချင်လို့.."

"တက်လေ..သမီးတွဲပေးမယ်.."

"နေပါအေ..ငါလူမမာကြီးမဟုတ်သေးပါဘူး.."

ထမင်းအိုးကို မီးဖိုပေါ်ပြန်တင်ပြီး မီးတောက်နေသည့်ထင်းစတွေကို အပြင်နည်းနည်းဆွဲထုတ်၍ မီးညှိလိုက်သည်။ လက်က မီးဖိုကမခွာနိုင်သေးပေမယ့် သွားဖို့ခြေလှမ်းပြင်နေသည့်ကိုယ်က ကုန်းကုန်းကွကွဖြစ်နေပြီရှိကာ.. ၊

"မင်းမင်း..နင့်အဘွားကို အိမ်သာလိုက်ပို့လိုက်၊ ငါပိုက်ဆံသွားရှာလိုက်မယ်.."

"ဟဲ့..ဩော်၊ လမ်းမှာလူတွေကာလငါးရာသွားနေတဲ့ဥစ္စာ..ညည်းနှစ်ရာတန်ကို ဘယ်လိုလုပ်ပြန်တွေ့မှာလဲဒါဒါရယ်.."

"နေ့ခင်းကြောင်တောင်ကြီး လူသွားလူလာရှင်းပါတယ်အမေရဲ့..ပြီးတော့ နှစ်ရာတန်ကိုအလိပ်လိုက်ပေးလိုက်တာ ဖြုန်းခနဲတော့ လူမြင်မှာမဟုတ်ပါဘူး..အဲ့ဒီနှစ်ရာပြန်မတွေ့ရင် ငပိရည်လေးတောင်စားရမှာ မဟုတ်ဘူး.."

ဒါဒါက ထမီတိုတိုပြင်ဝတ်လိုက်ကာ ခါးတွေတင်တွေကို ပွတ်သပ်ခါရင်း အပြင်ကိုအပြေးတစ်ပိုင်းထွက်သည်။ မိုးဦးပေမယ့် နေကကျစ်ကျစ်တောက်ပူနေသည်။ အိမ်ရှေ့ခြံစပ်တွေမှာ သစ်ပင်တွေရှိပေမယ့် အရိပ်ရအပင်ကြီးတွေမဟုတ်သောကြောင့် နေပူဒဏ်ကမကာကွယ်နိုင်။ သူမကတော့ နေပူတာကိုဂရုမစိုက်ပါ။ လမ်းဘေးဝဲယာနဲ့ ရှေ့တူရူကို မျက်လုံးကစားရင်း သိပ်မကျယ်သည့်လမ်းသွယ်ထဲမှာ တစ်ယောက်တည်းပူလောင်ဗျာများနေလေသည်။

ဒီပိုက်ဆံနှစ်ရာပြန်မတွေ့ရင်တော့ ပြုတ်ထားသည့်ကန်စွန်းရွက်တွေ ခရမ်းသီးပြုတ်လေးတွေ သွားပါပြီ။ တစ်ခါတလေ ပိုက်ဆံတစ်ရာငါးဆယ်တောင် ကိုယ့်မှာမရှိရင် အလွန်တန်ဖိုးကြီးသည်။ တစ်ရာ့ငါးဆယ်တန်သည့်ပစ္စည်းကို တစ်ရာပဲခဏယူထားပါဆိုလို့မရ။ တစ်ရာတန်ကို ငါးဆယ်ပဲပါလို့ ငါးဆယ်ခဏမှတ်ထားပေးပါဆိုရင် ရှုံ့မဲ့သွားတတ်သည်။ ထို့ပြင်.. ၊

"ငါးဆယ်တစ်ရာတွေကို စာရင်းထဲထည့်မှတ်မနေနိုင်ဘူးအေ့..မေ့သွားတာနဲ့ ညည်းတို့တွေကလည်း မိုန်းနေကြတာပဲလေ၊ လာမရှုပ်စမ်းပါ



နဲ့..ငါးဆယ်ပဲပါရင် ငါးဆယ်နဲ့ရတာပဲယူသွား.."လို့ ပြောလွှတ်တာတွေ ခံရသေးသည်။

"တောက်..မင်းမင်းဆိုတဲ့ကောင်မလေး၊ ခိုင်းလိုက်ရင်ဘယ်နေရာမှကို စိတ်ချလို့မရဘူး..ငါ့နှစ်ရာတန်ဘယ်သူကောက်သွားပြီလဲမသိဘူး.."

လမ်းထိပ်က ကုန်စုံဆိုင်ကြီးရောက်ခါနီးအထိ ပိုက်ဆံကရှာလို့ မတွေ့သေး.. ၊

"ဟဲ့..မိခိုင်၊ လာဦး..နင်ကုန်စုံဆိုင်က ပြန်လာတာလား.."

"ဟုတ်.."

ကြက်သွန်နီနဲ့ကြက်သွန်ဖြူကို လက်နှစ်ဖက်မှာ နှစ်လုံးစီကိုင်လာသည့် မင်းမင်းသူငယ်ချင်းမိခိုင်က ခေါင်းညိတ်ဖြေကာ.. ၊

"ဘာဖြစ်လို့လဲ..အန်တီဒါ.."

"နင်နဲ့မင်းမင်းတွေ့သေးလား.."

"သမီးတို့အတူတူလာကြတာ..သူကပိုက်ဆံကျခဲ့လို့ဆိုပြီး လှည့်ပြန်သွားတာလေ၊ ဘာဖြစ်လို့လဲ.."

ဒါဒါခေါင်းတစ်ချက်ကုတ်ရင်း နေရာမှာတင် ခြေစုံရပ်မိ၏။ ထိုစဉ် တိုက်ဆောက်လက်စနင့် ခြံထဲကနေ ငါးထပ်သားအချပ်တွေ အထပ်လိုက်သယ်ထုတ်လာကြတာကို အမှတ်မဲ့ငဲ့ကြည့်မိရင်း.. ၊

"သမီးဆိုင်ထဲမှာ ဈေးဝယ်နေတုန်း ဒီလမ်းထဲကို ဘယ်သူတွေဝင်သွားတာ တွေ့သေးလဲဟင်.."

"ဘယ်သူမှမဝင်ပါဘူး..သမီးတော့ မတွေ့မိဘူးထင်တာပဲ၊ ဘာဖြစ်လို့လဲလို့.."

ဒါပဲထပ်မေးပြီး မိခိုင်ကစပ်စုနေ၏။

"ငါ့သမီးကို ငပိရည်ကျိုဖို့ ဝယ်ခိုင်းလိုက်တာအေ..နှစ်ရာတန် ဘယ်မှာချပစ်ခဲ့မှန်း မသိဘူးတဲ့.."

"အန်တီဒါက အဲ့ဒါလာရှာတာလား.."

မိခိုင်က စပ်ဖြဲဖြဲလေးဖြစ်သွားကာ.. ၊

"အဲ့ဒါတော့ ဘယ်လိုလုပ်တွေ့တော့မှာလဲအန်တီဒါကလည်း..ဆိုင်ကယ်လ်ကယ်ရီတွေလည်း သွားနေကြတာကို.."

ဆိုင်ကယ်လ်ပေါ်ကနေတော့ နှစ်ရာတန်ကိုလှမ်းမြင်မှာ မဟုတ်လောက်ပါဘူး..မြင်တော့ရော ကောက်ပါ့မလား..။ လူတိုင်းကိုယ့်လိုတော့ နှစ်ရာတန်တစ်ရွက်က အသက်လောက်တန်ဖိုးကြီးကြမှာမဟုတ်.. ။

ဟော.. ။

စကားပြောနေရင်း မျက်လုံးကအနားမရဘဲရှိကာ ဒါဒါဆတ်ခနဲလှည့်ပြေးသည်။ နှစ်ရာတန်တွေ့ပြီအထင်နှင့် မိခိုင်ကလည်ပင်းရှည်ကြည့်ရင်း သိချင်ဇောနှင့်အပြေးတစ်ပိုင်းလိုက်၏။ သို့သော်.. ။

"ဒီမှာ..ဒီမှာ ခဏနေပါဦး၊ အဲ့ဒါကြီးခဏဖယ်ပေးစမ်းပါ.."

"ဘာတုံး..ဘာဖြစ်လို့တုံး.."

"ဗျန်း.."

"ဩော်..ပြောနေရင်းနဲ့ ထပ်ဖိရသလား.."

ခြံရှေ့မှာပုံချလိုက်သည့် ငါးထပ်သားအထပ်တွေပေါ်မှာ ဖျဉ်တိုဖျဉ်စတွေပါ ထပ်ဖိသွားခဲ့လျှင် ဒါဒါစိတ်တိုသွားကာ.. ။

"ဒီအောက်မှာ ပိုက်ဆံပိသွားတယ်..ကျွန်မပိုက်ဆံဒီအောက်မှာ.."

"ဘာလဲ..ဘယ်သူ့ပိုက်ဆံလဲ.."

"ဘယ်မှာပိတာလဲ.."

အိမ်ထဲက အလုပ်သမားတွေရော သယ်ပိုးနေသူတွေရော ရှေ့ထွက်လာကြသဖြင့် လမ်းသွယ်လေးထဲမှာ စုပြုံသွားကြသည်။

"ဒီအောက်မှာရှိတယ်..ဒီအစပ်လေးမှာပဲ၊ ဒါလေးကြွအောင်နည်းနည်းပဲမပေးစမ်းပါ.."

'မ'ပေးစမ်းပါဆိုပြီး သူမဘာသာမရမက'မ'ဖို့ကြိုးစားနေသဖြင့် အဟောင်းပုံကြီးဖြစ်နေသည့် သစ်တိုသစ်စတွေကို အမြင်မတော်တဲ့သူတွေက ပြန်ဖယ်ပေးကြရကာ.. ။

"ဘယ်လောက်တောင်မို့လဲ.."

"ကျုပ်ချတုန်းက ဘာမှမရှိပါဘူး.."

"ခင်ဗျားက သေချာလို့လား..ဒီမှာသံတွေ သစ်စတွေနဲ့နော်၊ စူးကုန်ရင် ဒုက္ခများဦးမှာ.."

"နေစမ်းပါဦး..ဘယ်လောက်တောင်မို့လဲ.."



ဘာလို့ပြောရမှာလဲ..ပြောလိုက်ရင် ဒီပိုက်ဆံနှစ်ရာကို ဘယ်သူ အဂရုစိုက်တော့မှာလဲ.. ။

ဒါဒါဘာမှပြန်မပြောဘဲ သူမကိုယ်တိုင် ငါးထပ်သားချပ်ကြီးတွေကို ဖယ်ရှားဖို့အတွက် အင်တိုက်အားတိုက်ကြိုးစားနေ၏။ သို့သော်.. ။

"ပိုက်ဆံကဖြင့် နှစ်ရာတည်းကို.."

မိခိုင်က ဖော်ကောင်လုပ်လေသည်။

"ဟား..နှစ်ရာတန်ဟုတ်လား.."

"သေပါတော့ဗျာ.."

ထိုစဉ်.. ။

"တီ.."

လမ်းထဲကိုဝင်လာသည့်ကားအကောင်းစားကြီးက လူစုစုကို လမ်းတောင်းနေ၏။

"ကဲပါရှင်..ဒါလေးဖယ်လိုက်ရင် ရပြီကို၊ ရှင်တို့ကလည်း.."

"ဒါလေးမဟုတ်ဘူးဗျ..အထပ်သားတွေ ဘယ်လောက်လေးလည်း ခင်ဗျားသိလို့လား.."

"သိပါတယ်..ဒါပေမယ့် ဒီအစွန်းလေး'မ'လို့ရရင် ရပြီဥစ္စာ.."

"ဟော့..ရော့ ငါပေးမယ်၊ ယူသွား.."

ပန်းရံဆရာက အိတ်ထဲကိုနှိုက်ရင်း ရှေ့ထွက်လာ၏။

"တီ..တီ.."

ကားဟွန်းသံက စိတ်မရှည်သံတွေဖြစ်လာသည်။ အထပ်သားတွေကို အစကခြံရှေ့မှာလမ်းလွတ်အောင် ကပ်ပုံထားပေမယ့် ဒါဒါ့ကြောင့်ပြန်ဖွပြန်ဖယ်တွေဖြစ်ကာ သစ်တိုသစ်စတွေရော လူတွေပါ လမ်းတစ်ဝက်နင်းနေခဲ့လျှက်.. ။

"တီ.."

"ဟဲ့..ကားလမ်းတောင်းနေတယ်လေ.."

အိမ်ရှင် ဦးမင်းလွင်ကထွက်လာကာ.. ။

"ဟိုကောင်မလေးက မအေးသမီးဒါဒါလား.."

"ဟုတ်တယ်..သူ့ပိုက်ဆံနှစ်ရာ ဒီအောက်မှာပိနေလို့တဲ့.."

"ကိုင်းပါ..ရော့ ရော့၊ ဒါယူပြီးသွားတော့.."

ပန်းရုံဆရာက ရယ်မလိုပြုံးမလိုမျက်နှာနှင့် ပိုက်ဆံနှစ်ရာကမ်းပေးတော့ ဒါဒါစိတ်တိုသွားသည်။

"ရှင်ပေးတာယူရအောင် ဖေဒါဖြူကိုဘယ်လိုမိန်းမစားထင်နေလို့လဲ.."

ထိုအချိန်လေးမှာ ဘေးလူတွေပြောပြသဖြင့် ဦးမင်းလွင်ကသိနေပြီဖြစ်ကာ.. ၊

"ဘယ်လိုထင်ရမှာလဲ..ညည်းပိုက်ဆံနှစ်ရာက ဒီအောက်ကိုဘယ်လိုရောက်နေမှန်းမသိဘဲ ဒီမှာအလုပ်ရှုပ်နေရတာ စဉ်းစားကြည့်လေ၊ ကြားဝင်ဖြေရှင်းပေးတဲ့သူကို ညည်းကရန်စွယ်နဲ့ငေါငေါ.."

"မလိုချင်ဘူး..ကျွန်မပိုက်ဆံပဲ ကျွန်မပြန်လိုချင်တယ်.."

"ဟ..နင့်ပိုက်ဆံနှစ်ရာနဲ့ဖယ်ရမယ့်ပစ္စည်းတွေလည်း ကြည့်ဦးလေ၊ ဘာလဲ..ဒီအောက်မှာရှိတာ မသေချာဘဲ ရမ်းသမ်းပြောနေတာမို့လို့လား.."

"ဟုတ်မှာပေါ့..ဒါကြောင့်မယူရဲတာ.."

ထိုစဉ် ကားထဲမှာရှိနေသည့် ဧကရီက မျက်မှန်ကိုချွတ်လိုက်ပြီး ဝါးနေသည့်ပီကေကို အံကြားထဲပို့သည်။ ပြီးတော့ တံခါးဖွင့်လိုက်လျှင်.. ၊

"ဘာလုပ်မလို့လဲ.."

"အားလုံးကန်းနေကြတော့ ဝင်ရှင်းရမှာပေါ့.."

ပျော့အိပုံတွဲနေသည့် စကက်ရှည်ကို ဒေါက်ဖိနပ်လွတ်ရုံလေးဆွဲ'မ'ကာ ထုတ်ယူထားသည့်ငါးထောင်တန်ကို အရှည်လိုက်အလယ်ချိုး၍ခေါက်လိုက်ပြီး.. ၊

"ဟေ့.."

အသံစာစာနှင့် ယောကျ်ားတွေအလယ်မှာ ရန်တွေ့နေသည့် ဒါဒါ့ပခုံးကို ငါးထောင်တန်နဲ့လှမ်းတို့လိုက်သည်။ အားလုံးတိတ်ကျသွားခဲ့ပြီး သူမဆီကို အကြည့်တွေရောက်လာကြ၏။ အိပြောင်နေသည့်အသားရောင်ကိုယ်ကျပ်နှင့် ကျောလယ်ခန့်ရွှေညိုရောင်ဆံနွယ်ရှည်တွေကို ဖြန့်ချထားသည့် သူမတစ်ကိုယ်လုံးက သေးနုပ်သည့်ရုပ်ကွက်ငယ်လေးထဲမှာ ကိုယ်ရောင်ကိုယ်ဝါတွေ တောက်ပလွှင့်ပျံနေသည့်နှယ်.. ၊



"ဒါကိုယူလိုက်..ပြီးရင် ဟိုတုံးတွေပါရွှေ့ပေး၊ အများကြီးမလိုဘူး..ကားသွားလို့ရရုံပဲ.."

ဒါဒါအံ့သြပြီး စိုက်ကြည့်နေမိသည်။ ပြီးမှ ပိုက်ဆံနဲ့သူမကို ကြည့်၍၊

"ဒါလေးရွှေ့ပေးဖို့ ငါးထောင်ပေးတာ လုပ်တော့လုပ်ချင်စရာပဲ.. ဒါပေမဲ့ ခုလိုပေးတာမျိုးကိုတော့ ဆောရီးပဲ၊ လမ်းကိုဖြတ်ချင်ရင် ပြီးအောင်စောင့်..ငါ့ပိုက်ဆံပဲငါလိုချင်တယ်.."

"ဟာကွာ.."

"ဒါဒါဆိုတဲ့ကောင်မလေး.."

"ငါတော့ ပိတ်ထိုးချင်စိတ်ပေါက်လာပြီ.."

"ကဲပါဟာ..ငါကပဲတောင်းပန်ပါတယ်.."

ကြိမ်းဝါးဆဲရေးသံတွေထဲမှာ ဦးမင်းလွင်ပဲတောင်းပန်ရခြင်းသို့ရောက်ကာ.. ၊

"ခုမှပဲရေသည်မိန်းမလက်သစ်နဲ့ လာတိုးနေတယ်..ငါစိုက်ပေးပါ့မယ်၊ ငါ့ဆီကယူသွားပါ..နင့်နှစ်ရာပြန်ရရင် ငါယူမှာပဲ."

"မဟုတ်ဘူး..ဒီပိုက်ဆံပြန်ရမရကိုလည်း ဆက်တွေးပြီးရင်ပူမနေနိုင်ဘူး.."

"မရရင်လည်း နင့်ကိုငွေနှစ်ရာနဲ့ တရားလာမစွဲဘူး..ကဲ ရပြီလား"

"မရဘူး..ကျွန်မပိုက်ဆံပဲပြန်လိုချင်တယ်.."

ကားပေါ်ကနေကြည့်နေရင်း ရှိသမျှလူတွေကို ပတ်ချာလည်အောင်လှည့်ပြောနေသည့် မိန်းကလေးကို စိတ်ဝင်စားလာမိသည်။ ထို့ကြောင့် မှန်ချထားလိုက်ပြီး နားစွင့်နေမိ၏။ ပြီးတော့ သူပြုံးလိုက်မိသည်။ ထိုစဉ်.. ၊

"ဂျိမ်း.."

တံခါးပိတ်သံနှင့်အတူ ဧကရီဝင်ထိုင်လိုက်တာ ကားတစ်စီးလုံး သိမ့်သိမ့်တုန်သွား၏။ ထို့ပြင် ပြင်းရှသည့်တက်ခေါက်သံသည်.. ၊

"လူပါးဝလိုက်တဲ့မိန်းမ..ငါ့အလုပ်သမားသာဆို အဲ့ဒီနေရာမှာတင် ကျောင်းမှန်းကန်မှန်းသိအောင် ပြပေးခဲ့တယ်.."

ကြိမ်းဝါးမိရင်း ဒီဘက်လှည့်လိုက်တော့ ကိုကိုကခပ်လွှန့်လွှန့်ပြုံးနေသည့်နှုတ်ခမ်းတို့ဖြင့် မျက်ဝန်းတို့သည် ထိုဆီမှာ စူးစိုက်နေခဲ့လျှင်.. ၊

"တီ..တီ တီ.."

ဟွန်းကို မတရားဆောင့်တီးလိုက်သည်။ သယ်ပိုးနေကြသည့် လူတွေ ပျာယာခတ်ကုန်ကာ သွားလို့ရပြီဖြစ်ကြောင်း လက်တွေပြပေးကြ၏။ ကိုကို က ကိုယ်ကိုမတ်မတ်ပြင်ထိုင်လိုက်ပြီးမှ ငဲ့ကြည့်ကာ..၊

"ဘာတွေဖြစ်နေတာလဲ..မင်း.."

"ဒေါသထွက်နေတာလေ..ကိုကိုကဘာတွေသဘောကျပြီး ပြုံးနေတာ လဲ.."

"မင်းဒေါသထွက်နေတိုင်း ကိုယ်ကလိုက်ထွက်ပေးရမှာလား.."

ကိုကိုနဲ့ပတ်သက်လာတိုင်း သူမချည်းမှားနေခဲ့သလိုရှိခဲ့ရသည့် အခြေ အနေအစုစုသည် ခုလည်းဒီတိုင်း.. ၊

"အဓိပ္ပာယ်မရှိတာတွေလျှောက်လုပ်ပြီး ကူဖော်လောင်ဖက်မရှာနဲ့.. တစ်လောကလုံး မင်းလက်ခုပ်ထဲမှာရှိနေတာ မဟုတ်ဘူး.."

ကားသည် တရွေ့ရွေ့ရွေ့တိုးလာခဲ့လျက် နှမ်းဖက်ပိပြားနေသော နှစ်ရာတန်တစ်ရွက်ကို သေချာဖြန့်၍ ရင်ဘက်နဲ့ဖိကပ်လိုက် လက်နှစ်ဖက် ထဲမှာ ဖြန့်ယူနေလိုက်နှင့် ဒါဒါဆိုသောသူမသည်.. ၊

ဆံပင်တွေကိုဖြစ်သလိုပတ်ခွေ၍ အော်တိုမစ်တစ်ကလစ်နဲ့ သိမ်းညှပ် ထားသည်။ ညိုစိမ့်စိမ့်ဝင်းဖန့်သောမျက်နှာနှင့် ရန်တွေ့သည့်အခါ ပြူးထွက် လာသည့်မျက်လုံးတွေက ဒေါသကြောင့်ပြူးတာလား..နဂိုတည်းက ပြူးတာ လားမသိ။ အရပ်အမြင့် ကိုယ့်လောက်ပဲရှိကာ ကိုယ့်လိုပါးပါးလျားလျား တော့မဟုတ်ဘဲ ကိုယ်လုံးဖွင့်၏။ ခုခေတ်ခေါ်ကြသလို ကိတ်သည်ပဲပြောမ လား.. ၊

ကားကလွန်လာပေမယ့် ဒါဒါဆိုသည့်နာမည်ရယ် သူမရဲ့မျက်နှာ သွင်ပြင်ပုံစံအားလုံးက ဧကရီမျက်လုံးထဲမှာ စွဲထင်လာသည်။ ခံပြင်းခြင်း တနုံ့နုံ့ဒေါသထွက်ခြင်းတို့ဖြင့် ရန်ငြိုးကြီးမားစွာရှိခဲ့သူတစ်ယောက်ကဲ့သို့ အမုန်းတရားတို့က ရင်ထဲထိဝင်လာခဲ့၏။

တွေ့ဆုံကြဖို့ အရင်ဘဝကရေစက်ရှိနေခဲ့တယ်ဆိုရင်လည်း နုပ်နုပ် စင်း၍ လမ်းခင်းနင်းရပါစေ.. ၊

☎



## အခန်း(၄)

"အဲ့လောက်တောင်လည်း ချစ်မနေပါနဲ့အမေရယ်..အမေ့ယောကျ်ား ပဲမှန်ပါတယ်၊ သမီးကမှားတယ်.."

"ငါအဲ့လိုပြောတာ မဟုတ်ပါဘူး.."

"ဟုတ်ဟုတ်မဟုတ်ဟုတ် အမေသမီးတို့သားအမိကို အိမ်မှာမနေစေ ချင်တာ သမီးသိပါတယ်.."

"ငါပြောရင် ညည်းကလည်းတလွဲထင်ဖို့ပဲဒါဒါ.."

ဒါဒါက ပွယောင်းနေသည့်ဆံပင်တွေကို ဖြစ်သလိုဖိသပ်ချပြီး ကလစ် နဲ့သိမ်းထိုးသည်။ သူမဘဝမှာ အရာအားလုံးက ဖြစ်သလိုစ၍ ဖြစ်သလို ဆုံးခဲ့ရသည်ချည်းပါ။ မွေးလာတည်းက အဖေရှိသားနဲ့ အဖေမခေါ်နိုင်။ အမေရှိနေပေမယ့် ခေါ်ခွင့်မရ။ လူလားမမြောက်မီက ဘိုးအေဘွားအေတွေ လက်ပေါ်မှာ ကြီးပြင်းရကာ လူလားမြောက်ခဲ့တော့ ကြီးဒေါ်အိမ်မှာနေခဲ့ရ သည်။

ကြီးဒေါ်ခမျာလည်း သူမမှာသားသမီးခြောက်ယောက်ရှိနေလျက်နှင့် ကိုယ့်ကိုလည်းကျွေးမွေးစောင့်ရှောက်ခဲ့သေးသည်။ ထို့ပြင် ကြီးဒေါ်ကျေးဇူး

ကြောင့်ပဲ ပညာသင်ခွင့်ရခဲ့သည်။ ဘွဲ့ရပြီးဆုံးတဲ့အထိ အဆင်မချောခဲ့တာကတော့ ကိုယ့်ရဲ့ညံ့ဖျင်းမှုပဲဖြစ်သည်။ သူမငယ်ငယ်လေးနဲ့ အမေက အဖေနဲ့ကွာရှင်းပြီး နောက်အိမ်ထောင်ပြုခဲ့သည်။ တစ်ခုခုဆို မိခင်မေတ္တာစိတ်လေးနှင့်ပြေးလာ ရင်ဆိုင်ပေးတတ်ပေမယ့် အချိန်တိုင်းမှာ အမေ့မျက်နှာကိုမြင်ရခဲ့ပါ၏။ ငယ်ငယ်ကဆို သူမအတွက်က ကြီးဒေါ်ကိုပဲအမေခေါ်ခဲ့ရသည်။ ကြီးဒေါ်မွေးသည့် မောင်နှမဝမ်းကွဲတွေနဲ့ပဲ မိသားစုရင်းချာဖြစ်ခဲ့ရသည်။ ကိုယ့်အမေကိုခေါ်ခဲ့ရတာကျ လေးလေးအေး။ ခုချိန်ထိတောင် တစ်ခါတလေ လေးလေးအေးလို့ခေါ်မိနေတုန်း.. ၊

"ညည်းလည်း ငါနေမကောင်းလို့သာလာရတာ..ဒေါ်ရွှေကြည်နဲ့ ခွဲလာရလို့ ကြိတ်ပြီးရင်ကွဲနာကျနေတာ မဟုတ်ဘူးလား.."

နားပူလွန်းလို့ အလုပ်သွားမည်ပြင်နေသည့် ဒါဒါ့မျက်နှာ ဒေါ်သီတာအေးဘက်လှည့်လာသည်။ ပြီးတော့ ခံစားရပြီဆို သူမကအုံဖွဲ့မနေတတ်ဘဲရှိရာ.. ၊

"အမေအဲ့လိုခေါင်းစဉ်တပ်ပြီး အမေအရင်းရာထူးကနေ ရှောင်ရှားနေခဲ့တာ..မြေးတောင်ရနေပြီနော်၊ တော်တော်တော်ပါတယ်.."

"ဖြစ်ရတယ်အေ..ဒေါ်ကြည်ဝေကိုထိရင် ဆတ်ဆတ်ခါနာတာ ဘယ်သူလဲ၊ မွေးထားတဲ့အမေကိုတောင် ခွေးကိုက်သလို ပြန်ကိုက်တာရော ဘယ်သူကြောင့်လဲ..ညည်းဘဝကြီးက ဒေါ်ကြည်ဝေပါ၊ ငါသိတာပေါ့.."

"ဒေါ်ကြည်ဝေကျေးလို့ လူဖြစ်လာခဲ့တာပဲလေ..အမေ့အိမ်ပြေးလာမိရင် ကျောပူအောင်အိပ်ရတာ ဘယ်နှစ်ခါရှိလို့လဲ၊ အချိန်တန်ရင် 'ညည်းပြန်တော့လေ'ဆိုပြီး.."

"ကျောပူအောင်နေချင်ရင်လည်း ညည်းပုံစံကိုပြင်လေဒါဒါရယ်..ညည်းအမေကသူစိမ်းဖက်နေပြီ၊ ငါကညည်းဘာလုပ်လုပ် ဘာပြောပြော ကျေနပ်နိုင်တယ်..သူစိမ်းက ကျေနပ်မလား.."

"မကျေနပ်ရအောင် သမီးကသူ့ခေါင်းပေါ်တက်နင်းနေလို့လား.."

"အောင်မယ်လေးမရွှေဒါဒါ...ခင်ဗျားက ကျုန်တော့်ခေါင်းပေါ်များနင်းချင်သေးလို့လား.."

အိမ်ရှေ့သစ်ပင်အောက်မှာ ပက်လက်ကုလားထိုင်နဲ့ အိပ်နေသည့်



ဦးဝင်းမောင်က ခနိုးခနဲ့လေသံနှင့် ငုတ်တုတ်ထထိုင်၏။ ပြီးတော့ သားအမိဖြစ်နေကြသည့် အိမ်ဘက်ကိုလှည့်ထိုင်လိုက်ပြီး မချိုမချဉ်ပြုံးစစနှင့်..

"ဒေါ်အေးရေ..ခင်ဗျားသမီးကို ဆုံးမရင် ကိုယ့်ဘာသာကြိုက်သလိုဆုံးမပါ၊ ကျွန်တော့်နာမည်တော့ မပါပါစေနဲ့..ကြောက်လွန်းလို့ ကြောက်လွန်းလို့.."

"ကြောက်ရအောင် ဦးဝင်းမောင်ကို သမီးကဘာလုပ်နေလို့လဲ.. ပြောတော့ ပြောတဲ့လူကလွန်တယ်၊ သမီးတို့သားအမိစကားပြောနေရင် ဝင်မပါပါနဲ့၊ ဦးဝင်းမောင်နဲ့ဘာမှမဆိုင်ဘူး.."

"ဟာ..ညည်းပဲ ဦးဝင်းမောင် အမေ့ယောကျ်ားနဲ့ မိုးမွှန်အောင်ပြောနေတာလေ၊ အိပ်နေတဲ့လူတောင် လန့်နိုးဇာယ်.."

"လန့်နိုးတာမဟုတ်ဘူး..အိပ်ကိုမအိပ်တာ.."

"ကဲ..ဒါဒါတော်တော့.."

"အမေ့ယောကျ်ား ပလီစိချောက်ချက်တွေ ပြောနေတာလေ..သူများတကာ အတွင်းစကားပြောပြီဆို တစ်နေရာမှာသူအမြဲရှိတယ်၊ သမီးတို့စကားများပြီဆို သူမကြားလိုက်တာ မသိလိုက်တာမရှိဘူး.."

"ဒါကတော့ ညည်းတို့စကားများတာက အချိန်ပြည့်ဖြစ်နေလို့ နေမှာပေါ့..ငါကလည်း အချိန်ပြည့်အလုပ်လုပ်နေရတာမဟုတ်တော့ အိမ်မှာရှိနေတာကိုး.."

"ကဲ..ဝင်းမောင်၊ နင်တော်တော့..ငါမပြောလိုက်ချင်ဘူး.."

"ပြောပါ..ခင်ဗျားတို့ဆက်ပြောကြပါ.."

ဦးဝင်းမောင်က ယောင်ပေပေနှင့်ခြံဝင်းအပြင်ထွက်သွားသည်။ လူကပုပုသေးသေး မျက်နှာကစုတ်ချွန်းချွန်းနှင့် ရယ်နေလျှင် မျောက်တစ်ကောင်နဲ့ချွတ်စွတ်။ ထိုမျက်နှာကိုကြည့်မိတိုင်း ဒေါသထွက်သည်။ အမေက ကလေးအမေတစ်ခုလပ်ဖြစ်ပြီး သူကလူပျိုဖြစ်သည့်ပြင် အမေ့ထက် အသက်ငယ်သည်။ ဒီလိုအကြောင်းအချက်တွေကြောင့် အမေက ထိုယောကျ်ားကိုသည်းသည်းလှုပ်နေခဲ့သည်။

စီးပွားရေးဆိုတာလည်း မယ်မယ်ရရမရှိပါ။ ဦးဝင်းမောင်က ကျပန်းအလုပ်လုပ်ကာ မီးဖိုချောင်စရိတ်အဖြစ် တစ်နေ့ကိုသုံးထောင်ပေးသည်။

ဒါလည်း ပုံမှန်ပေးတာမဟုတ်ပေ။ အမေက နေရာတကာ ဟိုစပ်စပ်ဒီစပ်စပ် ပါတတ်ကာ ပွဲစားဆိုလည်းလုပ်သည်။ တခြားအရောင်းအဝယ်ဆိုလည်း တို့တို့တိတိ ဟိုဝင်ပါဒီဝင်ပါ.. ။

ပြောရမည်ဆို ဆွေမျိုးညီအစ်ကိုမောင်နှမတွေကလည်း အမေ့မျက်နှာမြင်တိုင်း လိုအပ်တာမှန်သမျှ တတ်နိုင်သလောက်တော့ ဟိုကနည်းနည်း ဒီကနည်းနည်း ထောက်ပံ့ကြတာရှိ၏။ သူမ အမေနဲ့အမြဲအတူမနေရပေမယ့် အနားနီးတဲ့ဆွေမျိုးတွေ ပြောစကားအရတော့ ဦးဝင်းမောင်က အိမ်စရိတ်ပေးတယ်ဆိုတာ 'လေ'ပဲဟုဆိုသည်။ အမေကသာ သူ့ယောကျ်ားအတွက် ကောင်းကောင်းကျွေးမွေးဆင်ယင်ပေးခဲ့သည်တဲ့.. ။

ကိုယ်မြင်နေရသမျှကတော့ အလွန်ရွှံ့ရှာဖွယ်ကောင်းသည့် ပြုံးစိစိမျက်နှာနှင့် မိန်းမလိုမိန်းမရစကားတွေဆိုတတ်သည့်နေရာမှာ ဒီလိုလူစားမျိုး သူမှလွဲ၍မရှိနိုင်.. ။

"ကဲ..ညည်းလည်းအခု အလုပ်သွားမလို့မို့လား၊ သွားလေ..ပြန်လာရင် ငါ့အတွက် ဝက်ခေါက်ကင်လေး တစ်ပွဲလောက်ဝယ်လာခဲ့..ထမင်းစားမကောင်းလို့.."

ပြောစရာစကားတွေ လျှာဖျားပေါ်မှာ အပုံလိုက်ရှိနေသေးသည်။ သို့သော် စိတ်ကလူမမာဆီပြန်ရောက်သွားခဲ့ပြီး.. ။

"ပြောလိုက်ရင်လည်း မတည့်စာတွေချည်းပဲ..ဝက်ခေါက်ကင်နဲ့ ဆီးချိုနှလုံးရောဂါ နည်းနည်းမှမတည့်တာကို.."

"ငါဆေးတွေဒီလောက်သောက်နေတာ ဒါဒါရယ်..တို့တို့တိတိတော့ စားလို့ရပါတယ်၊ အချိုတွေအင်တွေပဲရှောင်နိုင်မယ်..ဝက်သားတော့ ယတိပြတ်ကြီး မဖြတ်နိုင်ဘူး.."

သူ့ဟာသူပြောပြီး စိတ်မလုံသလိုပြန်ကြည့်သေးသည်။ ပြီးတော့ ရယ်ကာ.. ။

"ငါအသက်ကြီးနေပြီ..စားချင်တာလေးမှ မစားရရင် ဘယ်လိုလုပ်ဟန်နိုင်မှာလဲ.."

"အသက်ကြီးလာလို့ မစားရတာပေါ့..ဆရာဝန်တစ်ယောက်ပြောထားတယ်၊ အသက်ကြီးလာရင် စားချင်တာကိုရှောင်ပြီး မစားချင်တာကို



စားရတယ်တဲ့.."

"ဟော့အေး..ငါကတော့ မရှောင်နိုင်ဘူး၊ ကဲ..သွားပါဒါဒါရယ်၊ ငါက ဒီလိုပဲ ဖြစ်ခဏရယ်..အခုကောင်းသွားပြီတွေ့လား၊ ဒါကြောင့် ညည်းကို ပြောတာ..ဒေါ်ရွှေကြည့်ဆီ အမျှင်တန်းနေရင် ပြန်ချင်ပြန်လို့.."

ဒါပဲပြန်စလာတာက ချက်ချင်းကိုပြန်စေချင်နေတာ ထင်သည်။ ဒေါ်သီတာအေးမျက်နှာချောင်ချောင်ကိုကြည့်ကာ ဒါဒါရင်နင့်သွားမိသည်။ အမေက အပြောဆိုးပေမယ့် သဘောကောင်းသည်။ ပတ်ဝန်းကျင်ကလည်း ချစ်ကြ၏။ တစ်ခုလပ်ဆိုပေမယ့် ဦးဝင်းမောင်နဲ့ဘယ်လိုမှလိုက်ဖက်မှုမရှိလောက်အောင် လှတာကလည်း နာမည်ကျော်။ အသက်ငါးဆယ်ကျော်နေတဲ့အထိ ပြင်လိုက်ဆင်လိုက်ပြီဆို တူမတွေတောင် လက်မှိုင်ချကျန်ခဲ့အောင် လှတဲ့သူဖြစ်သည်။

ဦးဝင်းမောင်နှင့်အတူယှဉ်တွဲသွားတိုင်း ဒါဒါကိုယ့်အမေကိုနမျောမိသည်။ ဒီလိုယောကျ်ားမဆန်သည့်လူကိုမှ ဖက်တွယ်ပေါင်းသင်းနေခဲ့ခြင်းအတွက် မချင့်မရဲစိတ်နှင့် တက်ခေါက်မိတာ ခဏခဏ။ တစ်ခုတော့ ပြောစရာရှိပါသည်။ အမေကလည်း သင့်တော်ကောင်းမွန်လွန်းသည်တော့ မဟုတ်ပေ။ ဒေါသဖြစ်ပြီဆို ဆဲတတ်ကာ လက်ထဲမှာ ငွေပြတ်ပြီဆိုလည်း ရှိတာချရောင်းတော့သည်။ ရောင်းစရာမရှိလျှင် ဟိုဘက်ကတစ်မျိုး ဒီဘက်ကတစ်မျိုး လှည့်ပတ်ငွေချေးတတ်တာလည်း ဆွေမျိုးတွေထဲမှာ ပြောစမှတ်တွင်၏။

ကြွေးထူလို့ပူလာပြီဆို မွေးချင်းညီအစ်မတွေဆီ ပြေးပါပြီ။ ကြွေးဆပ်ဖို့ရလာတော့ ပြန်သွား။ ဒီလိုနှင့်ဘဝကို ပေါ့ပါးစွာဖြတ်သန်းခဲ့တာ ရှေ့ရေးနောက်ရေး ကြီးပွားရေးဆိုတာလည်း မရှိ.. ။

"မေမေ့..ဘယ်သွားမလို့လဲ.."

အပြင်ထွက်လာရင်း ပြတ်လုလုဖိနပ်ကို ငုံ့ကြည့်ပြီး တွေးနေမိစဉ် သမီးဖြစ်သူက ကျူရှင်ကပြန်လာရင်း.. ။

"မေမေ့..ကျောင်းတွေဖွင့်ရင် အချိန်ပိုအလကားမရတော့ဘူးတဲ့၊ ကျူရှင်လခတွေ ပေးရတော့မှာ.."

"ငါသိပါတယ်အေ.."

"မေမေက ဘာဖြစ်နေတာလဲ..ဘွားဘွားကြီးနဲ့ရန်ဖြစ်ပြန်ပြီလား.."

ဒါဒါသက်ပြင်းချလိုက်မိသည်။ ပြောပြဖို့ ပါးစပ်ပြင်ပြီးမှ နေကိုမော့ကြည့်မိကာ.. ။

"ကဲ..အိမ်ထဲဝင်တော့၊ အမေအပြင်သွားရင် ညည်းလည်း မာမာထွန်းတို့အိမ်ကို သွားနေနော်..ဦးဝင်းမောင်နဲ့ အိမ်မှာနှစ်ယောက်တည်း မနေနဲ့.."

"သမီးသိပါတယ်မေမေကလည်း.."

သမီးလေးကို သူမသူငယ်ချင်းလို ပေါင်းခဲ့သည်။ မိခင်တစ်ယောက်လိုလည်း ဆုံးမခဲ့သည်။ စိတ်ကစားခဲ့မိ၍ အိမ်ထောင်ကျစေခဲ့ပေမယ့် ဘဝမှာ တစ်ခါမှားဖူးခြင်းက တစ်သက်စာပါ။ သို့သော် ကိုယ်ကစည်းနဲ့ကမ်းနဲ့ ဘယ်လိုနေတတ်အောင် ကြိုးစားနေခဲ့သည့်တိုင် ငယ်ငယ်လေးနဲ့ အိမ်ထောင်ပြုသည်ဆိုသော ကဲ့ရဲ့စကားတွေက ခုချိန်ထိ ပျောက်ပျက်သွားခြင်းမရှိခဲ့ပေ။ သမီးလေးမွေးထားမိတော့ ပိုဆိုးသေးသည်။ သမီးကို သူငယ်ချင်းပေါင်းပေါင်းခဲ့တာကပဲ ဒီသမီးက ကိုယ့်ထက်ပိုဆိုးလာဦးမလိုလို။ ဒါပေမဲ့ သူမ ဂရုမစိုက်ပါ.. ။

ပြောစရာဖြစ်အောင်နေခဲ့သည့်အတွက် ကိုယ့်သမီးလေးမျက်နှာငယ်ရသည်ကိုပဲ ရင်ထဲမှာထည့်ထားသည်။ ဖြစ်ပြီးခဲ့တာတွေကို ထင်သလိုပြောကြပါစေ။ နောက်ထပ်ပြောစရာမဖြစ်အောင်နေဖို့ အခိုင်အမာဆုံးဖြတ်ထားသည်။

ဒီနေရာမှာ 'ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွေ့ဘူး'ဆိုသည့် စကားမှန်ရဲ့လားဆိုတာ ဘဝနဲ့ရင်း၍ အဖြေရှာရုံမှတစ်ပါး တခြားမရှိလေရာ.. ။

☎



အခန်း(၅)

"လမ်းဆုံးနေကာမှ ခြေရာပြန်ရှာနေတော့ ဘာထူးမှာလဲကြီးကြီးရာ.. ထားလိုက်ပါ၊ ကျွန်တော့်အတွက် ဘာမှမထူးဘူး.."

ထားလိုက်ပါဆိုလည်း မထားနိုင်ပါ။ ဒီမိန်းကလေး တော်တော်ကိုလည်လွန်းနေတာ ဝက်အူသာဆို အရစ်ကုန်ပြီး ပြုတ်ပြုတ်ထွက်သွားတော့မှာ သေချာနေသည်။

"သားကိုပြောတိုင်းလည်း ဘာမှကိုပြောလို့မရဘူး..ကြီးကြီးမေးစမ်းပါရစေ၊ မင်းလည်း ကေရီ့ကိုချစ်ခင်နှစ်သက်ခြင်းတွေ ဖြစ်နေပြီလား.. ကြီးကြီးလက်ထပ်ပေးတုန်းကတော့.."

"ပြောပါဦး..ကြီးကြီး ဘာတွေပြောခဲ့သလဲ.."

လုပ်လက်စတွေကို လက်စသတ်ပြီး လက်ပ်တော့ပ်ကိုပါပိတ်ထားလိုက်သည်။ ပြီးတော့ နေရာမှထလာသည့် ကိုကို့မျက်နှာမတည်မပြုံးက ဒေါ်မေစိုးဦးကို အနေခက်စေခဲ့လျက်.. ။

"ဒါကတော့ မင်းအဖေနဲ့မဖွယ်မရာ ဖြစ်ပျက်သွားမှာစိုးလို့လေ.. အဲဒီတုန်းက မင်းအမေကလည်းရောဂါသည်၊ နဂိုတည်းက စိတ်ကနုနုနဲ့နဲ့

နဲ့..ဒီပြဿနာတွေကိုသိသွားရင် သူချက်ချင်းဟတ်တ်အတက်ခ်ရသွားမှာ၊ ပြီးတော့ မင်းအဖေဘယ်လိုဆုံးဖြတ်ဖို့ ပြင်ဆင်နေသလဲဆိုတာ မင်းလည်း အသိ.."

"ဟုတ်ပါပြီ..အကြောင်းတွေကိုထားပါ၊ ကြီးကြီးကျွန်တော့်ကို ဘာ ပြောခဲ့သလဲပဲ မေးနေတာ.."

"ဟဲ့..မလိုချင်ပါဘူးငြင်းနေတဲ့သူကို ယူပါယူပါပြောနေရတာ၊ ယူချင် အောင်ပြောရတာပေါ့.."

ကိုကိုပြုံးလိုက်တော့ ဒေါ်မေစိုးဦးမျက်နှာကြီးပါ ပြုံးတုံ့တုံ့ကြီး ဖြစ်သွားခဲ့၏။ လူကြီးရှက်တော့ ရယ်ဆိုသည့်အတိုင်း.. ၊

"အဲ့ဒီတုန်းက ဟုတ်တယ်..ဒါပေမဲ့ အဲ့ဒီတည်းက ဒီမိန်းကလေးကို တူမတော်ချင်လွန်းလို့မှ မဟုတ်ဘဲ၊ 'သားရေ..ယူတော့ယူထားလိုက်ပါ၊ မချစ် မိစေနဲ့ဟဲ့'လို့ မှာလို့ကောင်းတဲ့ကိစ္စလည်းမဟုတ်.."

ကိုကိုက စီးကရက်ဘူးနဲ့မီးခြစ်ကို ကိုင်ထားရင်းရယ်သည်။ ပြီးတော့ စီးကရက်တစ်လိပ်ထုတ်၍ မီးညှိရင်း.. ၊

"အလုပ်လုပ်ချင်ပါတယ်လို့ ပြောလာတာကို ကျွန်တော်ဒီ့ထက် ဘယ် လိုတားမလဲ..ဖေဖေတောင်တားဖို့ စိတ်မကူးတဲ့ဟာ.."

"ဘယ့်နှယ်ကြောင့် သားအဖနှစ်ယောက်စလုံး သူ့ကပ်တွက် ကိုယ့် ကပ်တွက်နဲ့ ဘယ်လိုဖြစ်နေကြတာတုံးဟင်..မိန်းမတစ်ယောက် ယူထားပြီး နှစ်ယောက်စလုံးနဲ့ သက်ဆိုင်နေသလိုလို.."

"ဟား ဟား ဟား.."

"ကြည့်စမ်း..ဒါရယ်စရာကောင်းနေလို့လား.."

ဒေါ်မေစိုးဦး မျက်နှာပျက်နေသလောက် ကိုကိုကပခုံးတွေလှုပ်အောင် ရယ်သည်။ နှစ်ထောင်းအားရလို့မဟုတ်ပေမယ့် တစ်ခါတလေမှာ ရင်နာ ခြင်းကြောင့် ရယ်ချင်လာတာတွေလည်း ရှိတတ်လေသည်။ သူဘာကြောင့် ရယ်မိသလဲဆိုလျှင်.. ၊

"အဲ့ဒီမိန်းမကို ချစ်တဲ့သူကမရဘူး..မချစ်တဲ့သူကရထားတယ်၊ မချစ် တဲ့သူက မပေးသမျှ ချစ်နေတဲ့သူဆီ အဲ့ဒီမိန်းမကပြေးတောင်းတယ်.. အဲ့ဒီတော့ ကြီးကြီးစဉ်းစားကြည့်လေ၊ နှစ်ယောက်ပြေရှင်းရမယ့် ကိစ္စမှာ



သုံးယောက်ဖြစ်လာတာ ရှင်းရခက်တာမျိုးတော့ ရှိလာမှာမဟုတ်ဘူးလား.."

"အောင်မယ်လေး..လူကြားလို့မှမကောင်း၊ ရှက်စရာကောင်းလိုက် တာသားရယ်..အဲ့ဒီလိုပတ်လည်ရိုက်နေတဲ့ကိစ္စကြီးကို နောက်တစ်ခါ စကားထဲထည့်မပြောစမ်းပါနဲ့၊ ငါတော့ သေသာသေလိုက်ချင်တော့တယ်.."

ရယ်လက်စတို့ ပျောက်ကွယ်သွားခဲ့ပြီး ကိုကို့မျက်နှာမှာ ခိုင်ကြည် ခြင်းတွေ ဖြစ်လာခဲ့သည်။ နှုတ်ဖျားမှထုတ်လွှတ်လိုက်သော မီးခိုးဖြူတို့ သည် ဝင်းမှုန်နေသည့်မျက်နှာပြင်အနီးမှာ ခဏတဖြုတ်ဝေ့ဝဲ လွန့်ခါလျက် တငွေ့ငွေ့ပျောက်ကွယ်ကြ၏။ ဝတ်ထားသောဖြူဖျော့သည့် မီးခိုးရောင်ရှပ် အင်္ကျီသည် သူ့မျက်နှာရယ် မီးခိုးငွေ့တွေရယ် ရောနှောလျက်.. ၊

"ကိုကိုကလေ ရှပ်အင်္ကျီအဖြူလေးဝတ်ထားပြီး စီးကရက်သောက်နေ တိုင်း အရမ်းကြည့်ကောင်းတာပဲ.."

စကားသံသည် လူထက်အရင်ရောက်လာခဲ့ပြီး အနီရောင်အရိပ်တစ် ခိုပ်က ဒေါက်ဖိနပ်သံနှင့်အတူ နောက်ကျစွာရောက်လာခဲ့ပြီး.. ၊

"ဟင်..ကြီးကြီးမေရောက်နေတာလား၊ အတော်ပဲ..မနက်ဖြန်ဇကေ ရီ့မွေးနေ့ ဘာလုပ်ရမှန်းမသိလို့.."

ဒေါ်မေစိုးဦး မျက်မှောင်ကုတ်သွားသည်။ သူ့မွေးနေ့ကိုပဲ ကိုယ်က ဒီမံခန့်ခွဲပြီး ကျင်းပပေးရဦးမှာလား.. ၊

"ကိုကိုရော..ဇကေရီ့မွေးနေ့မှာ ဘာပေးမှာလဲ.."

"မင်းလိုချင်တာရနေတာတောင် ဘာပေးရဦးမှာလဲ.."

"ကိုကိုနော်..သူ့ကိုချောတယ်လို့လည်း ပြောရသေးတယ်.."

ကလက်တက်တက်စကားတွေကြောင့် ကိုကိုကတစ်ဖက်လှည့် ထွက်သွားသည်။

"ကိုကို.."

ဇကေရီက သူ့ခါးကိုနောက်ကနေ သိမ်းဖက်ထားလိုက်ပြီး.. ၊

"အဟွန်း..ကိုကို့ခါးကိုဖက်ထားလိုက်ရတိုင်း အရမ်းရင်ခုန်တာပဲ.."

ဘုရားရေ.. ၊

ဒေါ်မေစိုးဦး စိတ်တိုသွားသည်။ ပြီးတော့ မျက်နှာတွေပူနေမိကာ..

"အရပ်မြင့်ပြီး ဗိုက်သားရှပ်ရှပ် ရင်အုံပြေပြေနဲ့ယောကျ်ားတွေကို မိန်း

ကလေးတွေ ဘာကြောင့်ရင်ခုန်သလဲဆိုတာ ခုတော့ဧကရီလုံးဝပေါက်သွားပြီ..”

“ကဲ..လူကြီးရှေ့မှာ စကားပြောတာတွေ ဆင်ခြင်ဖို့သတိရဦး..”

ဒေါ်မေစိုးဦးတားဆီးမိရင်း နေရာမှထရပ်လိုက်လျှင် လှည့်ကြည့်လာသည့် ဧကရီ့မျက်နှာက ထိတ်လန့်အားနာသွားပုံ အလျှင်းမရှိခဲ့ဘဲ.. ၊

“ပြောတော့မယ်ကြီးကြီးမေကလည်း ဧကရီကကိုယ်လင်မယား နှစ်ယောက်တည်းနေကြတဲ့အိမ်မှာပဲ ပြောတာပါနော်..လူကြီးတွေရှေ့ထိ မလေးမစားသွားပြောတာ မဟုတ်ပါဘူး..”

ဒါဖြင့် ကိုယ်ကသူများလင်မယားရှိတဲ့အိမ်ကို မျက်နှာပြောင်တိုက်ပြီးလာနေတာပေါ့.. ၊

“စကားပြောတာ ယဉ်ကျေးမှုရှိစမ်းဧကရီ..ကိုယ်ပြောတဲ့စကား ဘယ်လိုသဘောသက်ရောက်သွားတယ်ဆိုတာ နားလည်ရဲ့လား..”

“ဧကရီကိုရိုင်းတယ်လို့ ပြောတာလားကိုကို..ရိုင်းရအောင် ဧကရီကဘယ်သူ့ကိုသွားဆဲနေလို့လဲ..”

အသာလေး ဖယ်ချပစ်လို့မရသည့် သူ့မလက်တွေကို ခပ်ကြမ်းကြမ်းဖြုတ်ချပစ်ရင်း.. ၊

“အခု မင်းခရီးသွားမယ်ဆိုတာ သေချာပြီလား..”

“သေချာသွားမှာ စိုးရိမ်လို့လား..သေချာစေချင်နေတာလား၊ ကိုကိုက ဧကရီအနားမှာမရှိလို့ မျက်ရည်ဘူးသီးလုံးလောက်ကျမယ့်လူလည်း မဟုတ်တော့..”

“အပိုတွေမေးမနေနဲ့..ငါဆိုဒ်ထဲကကားတွေနဲ့ မင်းအလုပ်လုပ်နေတာ ဒီနေ့ကစပြီးမရတော့ဘူး၊ အဲ့ဒါပြောမလို့..”

“ဘာမှလည်းမဆိုင်ပါလား..”

ကိုကိုဒီကိစ္စပြောလာလိမ့်မည်လို့ တကယ်ကိုမထင်ခဲ့တာဖြစ်သည်။ ကိုယ်ကမွေးနေ့အတွက် ကိုယ်လိုချင်တာတောင်းဆိုဖို့ စိတ်ကူးတွေနဲ့ ပြန်လာခဲ့တာပေမယ့် သူကတော့ ကိုယ့်ကိုပြောဖို့ပြဿနာအထုပ်ပိုက်ပြီး စောင့်နေခဲ့တာပဲ.. ၊

“ပြန်ပြောစမ်းပါကိုကို..ဧကရီက ကိုကို့ကားတွေကို ယူသုံးခွင့်မရှိ



တော့ဘူးဆိုတဲ့ သဘောလား၊ အဲ့လိုပြောလိုက်တာလား..”

“သဘောတရားတွေ ပြောပြတာမဟုတ်ဘူး..မင်းကိုဒဲ့ပြောနေတာ..”

“ကဲ..မင်းတို့လည်းပြောစရာတွေရှိနေတော့ ကြီးကြီးပြန်မယ်၊ နောက်မှပဲ..”

“ဘာဖြစ်လို့လဲကြီးကြီးမေရဲ့..ရပါတယ်၊ နောက်မှဆိုရင် ကိုကိုနဲ့နှစ်ယောက်တည်းပြောဖို့က ကြုံချင်မှကြုံမှာ..”

“ဟင်..”

“အခု ခဏပြောပြီးရင် ဧကရီကပြန်ထွက်ဦးမှာလေ..”

ပြောပုံက ကိုယ်ကပဲသူမရှိတဲ့အချိန်ကို တမင်ချောင်းပြီးလာခဲ့ရသလိုလို။ ဒေါ်မေစိုးဦး အကြည့်တွေစူးရဲသွားခဲ့လျက်.. ၊

“မင်းပြန်ထွက်တာ ပြန်ဝင်ချင်မှဝင်မှာတွေကို ကြီးမေဂရုမစိုက်ပါဘူး..ဖုန်းဆက်တိုင်း မင်းမရှိတာရော အိမ်ကိုလာတိုင်း မင်းကိုမတွေ့တာရော အဲ့ဒါတွေလည်း ကြီးမေတစ်ခါမှ မမေးခဲ့ဖူးဘူး၊ အဲ့ဒါကြောင့် ဒီအိမ်မှာဖြစ်ဖြစ် သားရှိနေတဲ့ ဘယ်နေရာမှာဖြစ်ဖြစ် မင်းရှိမနေတတ်တဲ့ကိစ္စက ဘယ်သူ့အတွက်မှ အရေးမပါဘူး..”

အေးဆေးပြောလိုက်ပြီးမှ ကိုကို့ဘက်လှည့်ကာ.. ၊

“သားကိုကို..ကြီးကြီးပြန်မယ်..”

“ကျွန်တော်ပြန်ပို့မယ်ကြီးကြီး..”

“နေပေ့စေ..မင်းကိစ္စမင်းလုပ်ပါ..”

ဒေါ်မေစိုးဦးမျက်နှာက လိုတာထက်ပို၍ အေးစက်တင်းမာနေသည်။ ဒါကိုကြည့်၍ ဧကရီကမဲ့သည်။ ဘယ်သူကရော ကျေနပ်ပျော်ရွှင်နေလို့လဲ..။ သူတို့ကိုထိတော့ နာတတ်ကြသည်။ ကိုယ့်အကြောင်းပြောဖို့ ဒီထိလာတာကျတော့ ပွဲတော်အုပ်ပြင်ပြီး ကြိုနေစေချင်တာလား..လုံးဝဆောရီးပဲ..

“ကိုကို..”

“နေဦး..မင်းငါပြောတာ မရှင်းသေးဘူးဆိုရင် ထပ်ပြောမယ်..”

စကားတောင်မစရသေးဘဲ ကိုကိုကဖြတ်ပြောပြီး စီးကရက်ကို စားပွဲခွန်းနဲ့ ဖိချေပစ်လိုက်သည်။

“လင်မယားချင်းမို့ ပိုင်ဆိုင်ခွင့်ရှိတာတွေ သုံးစွဲခွင့်ရှိတာတွေ လာ

မပြောနဲ့..စီးပွားရေးလုပ်ပြီဆိုရင် စီးပွားနဲ့တူရမယ်၊ ချေးငှားထားတာ သူများကူညီတာ ဘယ်လိုငွေနဲ့ရင်းနှီးထားတာဖြစ်ဖြစ် အရင်းအမြတ်ဆိုတာရှိတယ်..”

“ဘယ်လိုငွေနဲ့ရင်းနှီးတယ်ဆိုတဲ့စကား ဘာဖြစ်လို့ထည့်ပြောတာလဲကိုကို..”

“လိုအပ်လို့ပြောတာ..မင်းခေါင်းထဲမှာ ငွေဘယ်လောက်ရင်းထားသလဲဆိုတာ ပျောက်နေမှာသိလို့..”

ကေရီမျက်နှာလေး တင်းသွားသည်။

“တကယ်ဆို အဲ့ဒီငွေအမောင့်လောက်ကို ကိုကိုပဲ..”

“မပေးနိုင်ဘူး..”

ကိုကိုက အပြတ်ပြောသည်။ စကားပြောတိုင်း ဘယ်တုန်းကမှ မစာနာတတ်တဲ့ယောကျ်ားမို့ ဘယ်လောက်ပဲရင့်သီးပါစေ သူမနားထဲမှာ အထုံအကျင့်စွဲနေပါပြီ။ ဒါပေမဲ့ ဒါကငွေကြေးကိစ္စ.. ။

“နားခါးသွားသလားကေရီ..”

“နားဝင်ချိုအောင် ကိုကိုဘယ်တုန်းကပြောဖူးလို့လဲ..”

“မင်းနဲ့ပြောဖြစ်တိုင်း နားဝင်ချိုစရာအကြောင်းတွေ မဟုတ်ခဲ့တာလည်း ထည့်ပြောလေ..မင်းနဲ့ငါလက်ထပ်ခဲ့ကြတယ်၊ ဒါကြောင့် အတူနေကြတယ်..ကျန်တာတွေကို ဆွေမျိုးစပ်မနေလို့ မရဘူးလား..”

“ကေရီက..”

“မင်းကိုဘာမှလိုလေသေးမရှိအောင် ငါထားတာပဲ..မင်းတင်မကဘူး၊ လောင်းကစားတွေနဲ့ နစ်မွန်းပြာထိုင်နေတဲ့ မင်းရဲ့မွေးချင်းမောင်နှမတွေ ခလုတ်တိုက်လာတိုင်း ငါဒိုင်ခံရှင်းပေးခဲ့တယ်..”

“အဲ့ဒါတွေအတွက် တာဝန်ကျေတာတွေ မပြောပါနဲ့..လင့်ဝတ္တရားဆိုတာ သားမယားစိတ်ချမ်းသာအောင် ထားနိုင်ဖို့လည်း ပါပါတယ်..”

“မင်းစိတ်ချမ်းသာအောင်ထားဖို့က ငါ့ကိုယ်ငါစိတ်ချမ်းသာအောင်တောင် ဘယ်လိုနေရမှန်းမသိခဲ့တာ..ဘာတွေမျှော်လင့်နေတာလဲ..”

ဘာကိုမဟုတ်ဘူး..သားကိုကိုဆိုတဲ့ရှင့်ကိုပါ။ ရှင့်ကိုမြင်လိုက်တိုင်း ရှင့်ရဲ့ဘေးမှာ အတူတူရှိချင်တာတွေ ရှင်နဲ့အတူ အချိန်တွေကို ဖြတ်



သန်းချင်တာတွေ ရှင့်ကြောင့်ပဲ ဦးကိုကိုဆိုတဲ့သူဌေးကြီးကို ကျွန်မလက်လွှတ်ခဲ့တာတွေ ဒါတွေရှင်နားလည်ပါတယ်.. ။

ရင်ထဲမှာ အသံတိတ်ပြောနေမိရင်း နှုတ်ခမ်းတွေက မဲ့ကျသွားခဲ့သည်။ ကျွန်မမရနိုင်တာတွေအတွက် ရသလောက်ပြန်ယူချင်မိတာများသလား..။ ကေရီဆိုတဲ့မိန်းမက အချစ်ကိုခံစားတတ်ပေမယ့် အချစ်ကျွန်အဖြစ်ငုတ်တုတ်မေ့ကျန်ခဲ့မှာတော့ မဟုတ်ဘူးကိုကို..ရှင့်ကိုလည်း လက်မလွှတ်ဘူး၊ ကျွန်မရသင့်တာကိုလည်း ရအောင်ယူမယ်.. ။

“မမျှော်လင့်ပါဘူး..စီးနေတဲ့ရေဆိုတာ ညစ်ပတ်သွားလည်းခဏပဲ၊ ကိုကိုနဲ့ကေရီလင်မယားတော်နေတဲ့အတွက် ကိုကိုဘယ်လိုပဲကင်းပြတ်တဲ့အလုပ်တွေလုပ် ပတ်သက်မှုမရှိတာတွေ ပြောနေပါစေ..ကိုကို့ဆီကလာသမျှဥပေက္ခာတွေကို ကေရီဂရုမစိုက်ဘူး..”

“ငါ့ဆီကမဟုတ်လည်း မင်းရနေတာကိုး..ဒါပေမယ့် မင်းမှာဂုဏ်သိက္ခာဆိုတာရှိသေးရင် မင်းရဲ့ခြေလှမ်းတွေကို ဒီလောက်နဲ့တင်ရပ်ဖို့ ကြိုးစား..”

“ဒါတွေပြောဖို့အတွက် ကိုကို့ဆီကိုကြီးကြီးမေရောက်လာတာမို့လား..”

ဘာမှမပြောဘဲ တစ်ဖက်လှည့်သွားတော့ ကေရီကနောက်ကနေတစ်လှမ်းချင်းတိုးလိုက်သွားကာ.. ။

“ကေရီ့မှာဂုဏ်သိက္ခာရှိတယ်..ဒါပေမယ့် လိုချင်တာမရရင်တော့ခဏတဖြုတ်ဖြစ်ဖြစ် ဘေးချိတ်ထားရမှာပဲ..”

ကိုကို့မျက်နှာ တည်သွားသည်။ ပြီးတော့ သူမဘက်ကိုလှည့်လာ၏။ ကေရီက မျက်နှာလေးမော့လိုက်ပြီး.. ။

“ကေရီတို့မိသားစုက အထည်ကြီးပျက်ပါ..မိဘတွေက လောင်းကစားကြီးတယ်၊ မွေးချင်းတွေကမလိမ္မာဘူး..ကိုကိုတို့အမြင်မှာ တစ်စက်မှအထင်ကြီးဖို့မရှိတဲ့မိသားစုပဲ..”

“လိမ်တာတွေ မဲ့တာတွေကို ထည့်မပြောနဲ့..ပြီးခဲ့တာတွေကိုလည်းငါစိတ်မဝင်စားဘူး၊ မိဘကမပြေလည်လို့ ပြေလည်ဖို့အတွက် ဖြေရှင်းခဲ့တယ်..ဒီအဖြစ်တွေမှာ မင်းနဲ့ငါနဲ့ညားသွားတယ်၊ အဲ့ဒီအတွက် မင်းနဲ့ငါပဲ

ရှေ့ဆက်သွားကြဖို့လိုတာ..ငါ့ဆီကပေးတာမပေးတာ ငါဘယ်လိုလူဖြစ်တာ မဖြစ်တာ အဲ့ဒါတွေကလည်း မင်းနဲ့ငါနဲ့ပဲဆိုင်တယ်၊ ဘာဖြစ်လို့.."

"ဦးဆီကပိုက်ဆံတောင်းခဲ့တာကို ကိုကိုမကျေနပ်နေတာလား.."

"ကလေးကလားစကားတွေ မပြောနဲ့ဧကရီ..ဒါလုပ်သင့်တဲ့အလုပ် မဟုတ်ဘူး.."

"ဒါကြောင့် ကိုကိုကဧကရီထူထောင်မယ့်စီးပွားရေးနဲ့ ဘာမှမပတ်သက်သလိုနေမယ်ဆိုတာကတော့ ကလေးမဆန်လွန်းဘူးလား.."

"ကျွတ်..မင်းတော်တော်နားဝေးပါလား.."

"ကိုကို့ကိုတည့်တည့်ပြောစေချင်တာ..ဒီငွေနဲ့မရင်းနှီးရဘူးဆိုရင် ကိုကိုပေးလေ.."

"အရင်းအနှီးတွေ စီးပွားရေးတွေလာမပြောနဲ့..မင်းကိုငါပြောနေတာ ငါ့ဆီကမရတိုင်း ဖေဖေ့ဆီပြေးတဲ့ကိစ္စ.."

"ပြေးတာမကြိုက်ရင် ကိုကိုပေးလေ.."

"မြတ်ဧကရီ.."

စိတ်မရှည်ခြင်းသည် သူမပခုံးကို မညှာမတာဆုပ်ဖျစ်ပြီး ခါပစ်လိုက်မိတဲ့အထိ.. ၊

"ဘာဖြစ်လို့ ဒါပဲလှည့်ပတ်ခွေနေတာလဲ..မင်းမှာအရှက်သိက္ခာနည်းနည်းလေးမှ မရှိတော့ဘူးလား၊ မင်းကိုပြောနေတာ ငွေကြောင့်မဟုတ်ဘူး.. မင်း မင်းဒီလောက်တောင်.."

ယိုသူမရှက် မြင်သူရှက်..။ ဘာစကားနဲ့ဆက်ပြောရမှန်းမသိတော့အောင် ရင်ဆိုင်ဖြေရှင်းခဲ့ရတဲ့ပြဿနာတွေက ကျော်မကောင်း ကြားမကောင်း။ ဘယ်လိုမှဖွင့်ပြောချင်ဖွယ်မရှိသည့်အဖြစ်တွေ.. ၊

"သူ့မိဘတွေကြံစည်ကြတာက မှန်ပါတယ်..ဒါပေမယ့် ဘေဘီလေးကို ဖေဖေလက်ထပ်ချင်တယ်၊ ဒီပြဿနာကြောင့် လက်ထပ်လိုက်ရတယ်ဆိုရင်လည်း ဒါကကြားမကောင်းလောက်အောင် မဖြစ်ပါဘူး.."

ဦးကိုကို၏ချမ်းသာကြွယ်ဝမှုတွေ အောင်မြင်မှုတွေကို သမီးပျိုလေးတစ်ယောက်နဲ့လက်ထပ်စေခြင်းဖြင့် ရယူပိုင်ဆိုင်နိုင်ပြီလို့ တစ်ထစ်ချတွက်ခဲ့သည်။ ထို့ကြောင့် ပါတီမှာအရက်မူးလွန်တောင်တိုက်ပြီး လက်ထပ်



ဖြစ်အောင် ကြံစည်ခဲ့ကြသည်။ အစစအရာရာ နူတ်နည်းပျော့ညံ့ခဲ့သည့် မေမေ့စိတ်ကို အခွင့်ရေးယူကာ ဖေဖေကလည်းစိတ်အလိုလိုက်ချင်ခဲ့၏။

"ဒီမှားယွင်းမှုအတွက် ကျွန်မတို့ဘက်က တာဝန်ယူပါ့မယ်..မိန်းကလေးအတွက် ဘယ်လောက်ဖြစ်ဖြစ်.."

"လူသိရှင်ကြားဖြစ်ကုန်ကာမှ ငွေကြေးနဲ့တန်ဖိုးဖြတ်လို့ရမလား.. ဒေါ်ယုယုလွင်ကို ကွာရှင်းပြီး ကျွန်မသမီးကို တရားဝင်လက်ထပ်ယူပါ၊ မဟုတ်ရင်တော့ ပုဒ်မတွေတစ်သီကြီးနဲ့ ထောင်မကျကျအောင်ချမယ်.. အဲ့ဒီကျမှ ဂုဏ်သိက္ခာအတွက် ဘာအတွက် ညာအတွက်နဲ့ ဘာပေးပေး အလကားပဲ.."

"ဒါဆို မိန်းကလေးတစ်ယောက်အတွက် ဂုဏ်သိက္ခာဆိုတာရော ရှင်တို့သမီးအတွက် မလိုအပ်တော့ဘူးလား.."

"ဒါကြောင့် လုပ်တာပဲလေ..ဂုဏ်သိက္ခာကြောင့် တံခါးပိတ်ငိုနေတော့ ဘာထူးမှာလဲ၊ မိတ်ဆွေရင်းတွေမို့လို့ ပေးစာကမ်းစာလောက်ကို ယူပြီး ငြိမ်နေလိုက်တော့ နစ်မွန်းသွားတာအတွက် ဘာတွေကျန်မှာလဲ.."

ကြီးကြီးဘယ်လိုပဲညှိနှိုင်းဖို့ကြိုးစားပေမယ့် မအောင်မြင်ခဲ့ပေ။ ပြဿနာကို မေမေရိပ်မိလာတော့ ရက်ခြင်းကြေကွဲခြင်းတို့ဖြင့် အိပ်ရာထဲလဲလေသည်။

"ကိုယ့်စိတ်ကိုထိန်းဦးလွင်..ကောင်မလေးက သားကိုကိုကိုသဘောကျပြီး ကုမ္ပဏီမှာဝင်ထွက်နေတာ၊ အဲ့ဒါကိုဝန်ထမ်းတွေက မောင်လေးနဲ့ တစ်မျိုးထင်နေကြတာပါ.."

"မဟုတ်ဘူး..မမမေရဲ့မောင်က ညအိပ်တာတောင် အဲ့ဒီကောင်မလေးကိုထည့်ယောင်နေတာ၊ ဘေဘီလေးလို့အော်ခေါ်နေတာ..အစတည်းက သူကလွင့်ကို မေတ္တာရှိခဲ့တာမှ မဟုတ်ဘဲ.."

"အဲ့ဒါလည်း ဟုတ်ရင်ဟုတ်လိမ့်မယ်..နောက်ပြီး ကောင်မလေးကလည်း လှတယ်လေ၊ အသက်ကြီးတဲ့ယောကျာ်းတော်တော်များများက အဲ့ဒီလိုခပ်ပျာပျာမိန်းကလေးတွေဆို သဘောကျတတ်ကြတာကိုး..ဒါကြောင့် အမြင်တွေရှုပ်ပြီး အထင်လွဲကုန်တာပါ၊ တကယ်က ကလေးချင်းပတ်သက်တာပါလွင်ရယ်.."

မေမေ့ကိုတစ်မျိုးဖျောင်းဖျရင်း သူ့ဘက်ကိုလှည့်လာခဲ့သည့်အခါ..

"ဇကရီ့ကို သားကိုကိုလက်ထပ်မှဖြစ်မယ်..သူတို့ကလက်ထပ်ယူဖို့ တစ်ခုကိုပဲ ဦးတည်နေကြတာ၊ မင်းအမေဒါတွေသိသွားရင် မလွယ်ဘူး.."

ခင်ပွန်းဖြစ်သူကို တစ်ဖက်သတ်မေတ္တာကြီးနေရှာသည့် မေမေ့အတွက် သူဆုံးဖြတ်ခဲ့ရသည်။ ဖေဖေ့နောင်တတွေအတွက်လည်း သူအနစ်နာခံသင့်သည်လို့ တွက်ခဲ့မိသည်။ ဒါပေမဲ့ အခွင့်အရေးယူတတ်တဲ့သူရယ်.. သံယောဇဉ်မပြတ်ခဲ့သူရယ်.. ၊

ဖေဖေနဲ့ဇကရီ့ကြားမှာ သူတို့ဖြေရှင်းခဲ့တာက စီးနေတဲ့ရေကို လက်ခုပ်ခံ၍ တားဆီးဖို့ကြိုးစားခဲ့တာမျိုး.. ၊



အခန်း(၆)

"ဟုတ်တယ်..ကျွန်မကြိုးစားခဲ့တယ်၊ ဒါပေမယ့် မမဆီမှာနေတာ မကြိုက်လို့မဟုတ်ဘူး၊ ကိုယ်ကကျန်းမာရေးမကောင်းလာတော့ သားသမီးနဲ့အတူနေချင်တဲ့စိတ်လေး ဝင်လာခဲ့လို့.."

"ဒါဆိုလည်းနေလိုက်ပေါ့..နင်လည်းနေမကောင်းဖြစ်နေတယ်မို့လား"

"မမတူမက ရမှမရတာ..အိမ်မှာနေပြီး ကျွန်မကိုစိတ်ဆင်းရဲအောင်လုပ်နေတာ.."

ဖုန်းပြောနေသံကြားလိုက်တည်းက အမေကြီးဒေါ်နဲ့ပြောနေတာမှန်းသိလိုက်သည်။ ထို့ကြောင့် အိမ်ရှေ့မရောက်ခင် ခြေရင်းထောင့်ကွယ်ကနေ အသံမပေးဘဲ ရပ်နေလိုက်မိ၏။ ခြံရှေ့ကဝင်လျှင် အထဲကမြင်ရပေမယ့် နောက်ဖေးတံခါးက ဝင်လာတော့ ဒေါ်သီတာအေး ဒါဒါရောက်နေတာကို မသိလိုက်.. ၊

"သူ့ယောက်ျားကိုပြန်ကပ်ဖို့ ကြိုးစားနေတယ်..အဲ့ဒါကလည်း လင်နဲ့မယားမပြတ်သားကြလို့ ထားပါတော့၊ မမတူမက ကျွန်မအိမ်ဂရုံကိုယူပြီး လှည့်ပေါင်နေတာ.."

"နေပါဦး..နင့်အိမ်ကဂရုရှိလို့လား၊ စလစ်နဲ့နေတာမဟုတ်ဘူးလား.."

"အောင်မယ်လေးမမရယ်..ရပ်ကွက်ထဲမှာ စလစ်နဲ့နေစရာလား၊ ဒေါ်သီတာအေးအမည်ပေါက်နဲ့ ဂရုထွက်ပြီးတာကြာလှပေါ့..အဲ့ဒါကို ဝင်းမောင်သာသိလိုက်ရင် မလွယ်ဘူးသိလား၊ မမတူမက သူခိုးလမ်းပြလုပ်နေတာ.."

"ဒါဒါက ဘာတွေငွေလိုလို့ အဲ့လိုလုပ်တာလဲ.."

"ဘယ်လိုလုပ်သိမှာလဲ..ကျွန်မကလည်း သူ့ကိုပဲအမွေပေးခဲ့ဖို့ စဉ်းစားထားတာပါ၊ ပြောလည်းပြောပြီးသား..ဒါကိုသူလုပ်စရာလား"

ဖုန်းပြောနေရင်း မျက်လုံးထောင့်မှာ အသံကြားလိုက်သဖြင့် ဒေါ်သီတာအေးလှည့်ကြည့်လိုက်မိသည်။ ဒါဒါက အနီရောင်ပိုက်ဆံအိတ်ပြားလေးကိုင်လျက် နေရာမှာတောင့်မတ်စွာရပ်နေပြီး.. ။

"ပြောပါ..မဟုတ်တာတွေပေမယ့် သမီးကအမေ့ကိုသူများအထင်သေးအောင် ဘာမှဝင်မရှင်းပါဘူး.."

"မမ..ဒါပဲနော်.."

ဒေါ်သီတာအေး တစ်ချက်တော့အမ်းသလိုဖြစ်ပေမယ့် ဒီလိုစကားတွေပြောရရှင်းရတာ မဆန်းတော့သလို ခပ်တည်တည်ပြန်ကြည့်ကာ.. ။

"ငါကဘာမဟုတ်တာ ပြောရမှာလဲ..နင်ပိုက်ဆံတွေလျှောက်ချေး ဆံပင်တွေကောက်ပြီး ကြွေးဆပ်ဖို့မရှိတော့ ငါ့သေတ္တာဖွင့်ဖို့ ကြိုးစားခဲ့တာ.."

"သမီး အမေ့သေတ္တာထဲက ဘာယူခဲ့လို့လဲ.."

"ငါ့အိမ်ဂရု မနက်ကပဲ ဒေါ်အေးငွေဆီက ငါလိုက်ယူခဲ့ရတာဒါဒါ.."

"ဒါဆိုရင်တော့ သူ့ဟာသူခြေထောက်ပေါက်ပြီး ထွက်သွားတာ ဖြစ်လိမ့်မယ်..အမေ့သေတ္တာကိုဖွင့်တာ မင်းမင်းရဲ့ကျောင်းထွက်လက်မှတ်လိုချင်လို့.."

"ဒါဆို ငါ့ကိုမေးပါလား..ကျောင်းထွက်လက်မှတ်လိုချင်တာ ရာဇဝတ်မှုလား.."

"အမေမှမရှိတာ..သော့ထားတဲ့နေရာလည်း သမီးသိလို့ ယူဖွင့်ခဲ့တာလေ.."

"သိမှာပေါ့..ညည်းဒါပဲလိုက်ကြည့်နေတာကိုး.."

သားသမီးကိုပြောသည့်စကားက မညှာမတာ။ မိဘတွေဘယ်နှစ်မျိုး



ဘယ်နှစ်စားရှိနေသည် မသိသော်လည်း သူမလေးလေးအေးလို့ ခေါ်ခွင့်ရခဲ့သည့် အမေရင်းတစ်ယောက်လုံးက ကိုယ့်သမီးကို အိမ်ဂရုခိုးပါသည်လို့ မဟုတ်တမ်းတရားပြောနေခြင်းသည်.. ။

"အမေတကယ်ရက်စက်တယ်..ပြောလည်း ပြောတွက်တယ်၊ အမေ့အိမ်မှာ သမီးတို့ကို မနေစေချင်ရင် တစ်ခွန်းပဲပြောလိုက်ပါ၊ သူခိုးလို့စွပ်စွဲစရာ မလိုပါဘူး..ပြီးတော့ သမီးမင်းနိုင်ကို ပေါင်းဖို့ကြိုးစားနေတာ မဟုတ်ဘူး၊ သူလည်းမိန်းမယူပြီးသွားပြီ..ဒါပေမယ့် သူ့သမီးအတွက်တော့ သူ့မှာတာဝန်ရှိသေးတယ်၊ သမီးမတတ်နိုင်တဲ့ကိစ္စကို သူ့ကိုအသိပေးရတယ်..ပြောစရာရှိလို့ ပြောလို့ရမယ့်နေရာက သွားစောင့်ခဲ့ရတာ.."

"ဟဲ့..ငါက ညည်းကိုစိုးရိမ်လို့ပြောနေတာ၊ ကိုယ်ကမယားကြီးပေမယ့် ညည်းခုလိုချိန်းချိန်းတွေ့နေတာ မိန်းကလေးတစ်ယောက်အတွက် ဘယ်လောက်အန္တရာယ်ကြီးသလဲသိရဲ့လား..ဟိုကကလေးအကြောင်းပြပြီး တစ်ပဲခြောက်ပြားလေး လာလာပေးတာ၊ အဲ့ဒါကိုသဘောတွေကျပြီး ကောင်းမှန်းသိနေတယ်..ညည်းကိုမယားငယ်ပေးပေးနေတယ်ဆိုတာ နားလည်ရဲ့လား.."

"မသိဘူး..သူ့ဟာသူဘာပေးပဲပေးပေး သူ့သမီးအတွက် သူ့အဖေထောက်ပံ့တာ သမီးဘက်ကရှင်းတယ်၊ ဘယ်သူဘာထင်ထင် ဂရုလည်း မစိုက်ဘူး.."

"မီဒါဒါ..ညည်းကခေါင်းမာသလောက် အကြောက်အလန့်လည်းမရှိ ဆင်ခြင်ဉာဏ်လည်းမရှိ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ကလေးတစ်ယောက်နဲ့တစ်ခုလပ်ဘဝ ရောက်နေတာတောင် မိုက်မဲနေတုန်း.."

ဒါဒါက အထဲဝင်လာပြီး ပိုက်ဆံအိတ်လေးကို ဒေါ်သီတာအေးဘေးမှာ ပစ်ချလိုက်ကာ.. ။

"ခုလည်း မင်းနိုင်ဆီက ကလေးဆေးဖို့အတွက်တောင်းခဲ့တယ်.."

ဒေါ်သီတာအေးက ဖင်နားကျလာသည့် ပိုက်ဆံအိတ်ကို ငုံ့ကြည့်လိုက်ပြီး တစ်ဖက်ကိုဖင်ရွှေ့ထိုင်လိုက်သည်။ ပြီးမှ.. ။

"လုပ်ပါအေ..အခု ကလေးတစ်ယောက်ပဲရှိသေးတာကိုး၊ နောက်တစ်ယောက်မွေးပေါ့.."

"သမီးကို အမေအဲ့လောက်တောင် အထင်သေးနေတာလား.."

"စိုးရိမ်လို့ပြောနေတာ ရလို့လား.."

"စိုးရိမ်တာက အမေ့ဆီမှာ ဆက်နေမှာစိုးလို့မို့လား.."

"လျှောက်ပြောမနေနဲ့ဒါဒါ..ညည်းမိဘကိုတောင် သတိတရသတင်းမေးဖော်ရလို့လား၊ အခု ငါ့အိမ်ကိုရောက်နေတာ ငါလှမ်းခေါ်လို့ပါအေ..စဉ်းစားစမ်းပါ.."

"ဟုတ်တယ်လေ..အမေအခုနေကောင်းသွားတော့ ဒါဒါပြန်တော့ပေါ့"

"ညည်းပဲပြော.."

စိတ်တိုလို့ရွဲ့သလိုလို မပြောချင်တော့သလိုလိုနှင့် ဒေါ်သီတာအေးကဘာမှမငြင်းဘဲနေ၏။ ဒါဒါမျက်ရည်တွေလည်းလာခဲ့ပြီး ခေါင်းရင်းဘက်မှာတင်ပလ္လင်ခွေလေး ထိုင်ချလိုက်ကာ.. ။

"သမီးက ပြန်ဖို့အရည်မမြင်တော့ အိမ်ဂရုံခိုးပါတယ်..ယောက်ျားကိုချောင်းနေပါတယ်နဲ့ ခေါင်းစဉ်တပ်ပြီး.."

"ဒါဒါနော်..မအေကိုညည်း.."

ဒါဒါငိုနေပြီမှန်းသိတော့လည်း ဒေါ်သီတာအေးမျက်နှာပျက်ရှာသည်။ သူမအတွက် အနေကျပ်အစားကျပ်ဖြစ်နေရတာက ယောက်ျားနဲ့သမီးမသင့်မြတ်ခြင်းကြောင့်ပါ။ သမီးကိုချစ်ပေမယ့် အစတည်းက သူတို့ဘာသာတည်နေရာရွေးခဲ့ကြတာ။ အဒေါ်ကိုအမေလို့ခေါ်ပြီး အမေရင်းကိုတော့ ပြောစရာရှိပြီဆို ကက်ကက်လန်.. ။

လေးလေးအေးလို့ခေါ်တဲ့အတိုင်း အဲ့ဒီအဒေါ်နဲ့အမေရင်းပြဿနာတက်ကြတာတောင် အဒေါ်ဘက်ကနေ အမေရင်းကိုသူစိမ်းလို လက်ညှိုးထိုးခဲ့တဲ့ သမီး။ ဒါတွေကို ဝင်းမောင်ကလည်းသိလျက်နှင့် မပြောခဲ့ရှာပါ။ တစ်ခါတလေကျရင်သာ.. ။

"ခင်ဗျားသမီးက ခင်ဗျားကိုကြင်နာတာကိုး..မပြောတတ်မဆိုတတ်သမီးအလိမ္မာလေး.."လို့ ထေ့တာငေါ့တာတွေနဲ့ ပြီးခဲ့တာပင်။ ခုလည်း အိမ်မှာခဏလာနေသည်။ နှစ်ဆယ့်လေးနာရီမှာ နာရီနှစ်ဆယ်လောက်က ရန်ဖြစ်ဖို့ပဲတစောင်စောင်.. ။

"အမေ့ယောက်ျား သမီးရဲ့သမီးကိုကြည့်တာတွေ သမီးမကြိုက်ဘူး



နော်..ပါးစပ်ကငါ့မြေး ငါ့မြေးနဲ့၊ ဖင်ပုတ်ခေါင်းပုတ်တွေ လုပ်ချင်တာ..' ဆိုတာက တစ်မျိုး.. ။

"အမေ အပြင်ထွက်တဲ့အချိန်တွေချည်းပဲ သူပြန်ပြန်လာတာ.. သမီးတို့သားအမိအိပ်နေရင် ခြေရင်းကနေရစ်သီရစ်သီနဲ့ အလုပ်တွေ ရှုပ်လာပြီ၊ သမီးပြောမိရင်မလွယ်ဘူး.."လို့ ကြိမ်းဝါးနေတာတွေ..၊

"အမေ့ယောက်ျားပေးတာ သမီးတစ်ခါမှမမြင်ဘူး.. အမေပဲ မရှိရင် ပြေးရှာ ဟိုလိုက်ချေးဒီလိုက်ချေး၊ ပြီးရင် ဆီပြန်တွေ အကြော်တွေ အပြုတ်တွေအမျိုးမျိုးရှယ်ချက်ကျွေး..ဆေးခန်းသွားဖို့ ပိုက်ဆံမရှိတာတောင် ဒီတိုင်းကြောင်တောင်ကြည့်နေတာ ဘယ်လိုလူစားလဲ.."

'သူ့မှာမရှိလို့ပါအေ'လို့ ဘယ်လိုပဲပြောပြော ဒါဒါကပြောပြီဆို နည်းနည်းလေးမှမရပ်.. ။

"မင်းမင်းကိုကျတော့ မွေးနေ့လက်ဆောင်ဝယ်ပေးမှာ..ဈေးထဲမှာ ငါ့မြေးအတွက်မြင်ခဲ့တာ ဂါဝန်လေးနဲ့၊ ဘယ်နှစ်သောင်းပဲတန်တန် လက်ညှိုးသာထိုးလိုက်ဆိုတဲ့ အပြောမျိုးတွေလေ..မိန်းမဆေးဖိုးကျမှ ပိုက်ဆံမရှိလို့တဲ့သား.."

စသဖြင့်သော နားမချမ်းသာခြင်းတွေကြောင့် နေ့စဉ်စိတ်ညစ်နေရသည်။ ကိုယ့်ယောက်ျားကို လူကောင်းသူကောင်းပါလို့တော့ မပြောချင်ပါ။ ပထွေးနဲ့မယားပါသမီး မရိုးသားစိတ်ရှိသည်ဆိုတာကိုလည်း မယုံနိုင်စရာမရှိပေ။ သို့သော် ကိုယ့်အပေါ်နေရာတကာသည်းခံခဲ့တဲ့သူပါ။ ကိုယ့်ထက်အသက်ငယ်ပြီး လူပျိုလူရွယ်လေးလည်းဖြစ်လျက်နဲ့ ရည်းစားလည်းများခဲ့သော ကလေးအမေတစ်ခုလပ်လည်းဖြစ်သည့် ကိုယ့်အပေါ်မှာ ပတ်ဝန်းကျင်လေထုကိုဖီဆန်ပြီး ဒီနေ့ထိသစ္စာရှိရှိ ပေါင်းသင်းခဲ့သည့်သူ.. ။

စဉ်းစားကြည့်လိုက်တိုင်း ကိုယ့်ရပ်တည်ရမည့်ဘက်ဟာ ကိုယ့်ခင်ပွန်းပဲဖြစ်သင့်သည်လို့ အဖြေထွက်နေခဲ့သည့်အတွက် အချိန်တန်လျှင် ကိုယ့်သမီး ကိုယ်လျှောက်ကြမှာဖြစ်သည့် သားသမီးဆိုတာကို ဒုတိယနေရာမှာပဲထားခဲ့လိုက်သည်။ ထို့ကြောင့်ဖယ်ထုတ်ကြကြေးဆိုလျှင် သားသမီးကိုသာ..

"သမီးတို့သားအမိမှာ ခိုကပ်စရာမရှိရတဲ့အထဲ နာမည်ဆိုးထွက်အောင်တော့ မလုပ်ပါနဲ့..အမေမနေစေချင်ရင် မနေပါဘူး၊ ပြန်မှာပါ.."

အတွေးတို့သည် ဒါဒါ့နှပ်ညှစ်သံနှင့်စကားလုံးတွေကြောင့် ပြတ်တောက်သွားခဲ့ရ၏။ ဒေါ်သီတာအေး ခေါင်းကုတ်လိုက်ရင်း နောက်လှည့်ကြည့်မိကာ.. ။

"မမက ညည်းအဒေါ်ပဲလေ..ငါ့အတွက်လည်း ငါ့အစ်မအရင်း၊ သူ့ကို ညည်းအကြောင်းပြောတာ ဘာတွေသိက္ခာကျစရာရှိလို့လဲ..အိမ်ဂရုံပဲဖြစ်ဖြစ် ဒီအိမ်ကိုပဲတိုင်ကနေ ချွတ်ရောင်းရောင်း ငါရော ဝင်းမောင်ရော ညည်းကို ဘာမှမပြောဘူး.."

"အဲ့ဒီဝင်းမောင်ဆိုတာမပါရင် မရဘူးလားအမေ.."

ဤကဲ့သို့ ဆတ်ဆတ်ခါထဖြစ်တတ်သော ဒါဒါ.. ။

"အမေ့ယောက်ျား သမီးတို့သားအမိအပေါ်ကောင်းပါတယ်ဆိုတာ ဥပမာတောင်ထည့်မပြောနဲ့..မိုးကြိုးလေကြိုးပါ ပစ်ချသွားလိမ့်မယ်.."

ပြောပြီး နေရာမှဆတ်ခနဲ ထရပ်သည်။ ပြီးတော့ ပိုက်ဆံအိတ်ကို ပြန်ကောက်ယူပြီး.. ။

"ဒီမှာအမေ ညနေဆေးခန်းပြဖို့ သုံးထောင်.."

"ငါနေကောင်းနေပါပြီ..ညည်းသမီးအတွက်ပဲ ညည်းပူပါ.."

"အမေအတွက် ပူမယ့်သူမရှိလို့ ထည့်ပူနေတာလေ.. မယူဘူးလား၊ အမေ့ယောက်ျားကိုအားကိုးပြီး မိုးချုပ်အောင် စောင့်နေမှာလား.."

"မလိုဘူး..ဒီနေ့မပြလည်းဖြစ်တယ်.."

"မပြလည်း ယူထားလိုက်.."

ဒါဒါက ပိုက်ဆံကို ရေခဲသေတ္တာပေါ်တင်ပြီး အိတ်လေးကိုပြန်ပိတ်သည်။

"အမေ့ယောက်ျားဆီက ပိုက်ဆံလိုချင်ရင် မင်းမင်းအိမ်မှာရှိနေတုန်းတောင်း..အဲ့ဒါမှ ကလေးရှေ့မှာဂိုက်တွေဆိုက်တွေလုပ်ပြီး ထုတ်ပေးမှာ"

"ဒါဒါရယ်..ညည်းအဲ့ဒီလောက်တောင် အယုံအကြည်မဲ့နေရင်လည်း ဘာလို့အတူတူလာနေသေးလဲ၊ ညည်းသမီးကိုခေါ်ပြီး ပြန်ပါလား.."

"ပြန်မှာပါ..လေးလေးအေးပြန်ခိုင်းဖို့ အကြောင်းရအောင် သမီးက ဖော်ပေးတာ.."



## အခန်း(၇)

အိမ်ထဲကထွက်လာပြီး ဘယ်သွားရမှန်းလည်းမသိ။ ပြီးတော့ ခြေလှမ်းတွေက ရှစ်မျက်နှာဘုရားလေးဆီ ခြေဦးလှည့်လာမိရင်း လူရှင်းသည့်ထောင့်မှာ သွားထိုင်နေလိုက်သည်။ ညနေခင်းမို့ ဘုရားမှာ လူများနေပေမယ့် ခဏကြာတော့ တစ်ယောက်မှမရှိဘဲ ရှင်းသွားသည်။ ပြီးတော့ ဆီမီးအမွှေးတိုင်လှူမည့်အမျိုးသမီးတစ်ယောက်နဲ့ ကလေးနှစ်ယောက် ရောက်လာကြပြန်၏။

သူဝင်ငါထွက်နှင့် မပြတ်လပ်သော်လည်း ဒါဒါ့ကိုဘယ်သူမှလည်း သေချာကြည့်အကဲခတ်မနေကြပါ။ ရှစ်မျက်နှာဘုရား၏ အရိပ်မိုးဖြစ်နေသော ဗောဓိညောင်ပင်ကြီးကနေ တဖျောဖျောလေတိုးသံတို့သည် ပတ်ဝန်းကျင်တိတ်ဆိတ်သွားတိုင်း အထီးကျန်ခြင်းကို ပံ့ဖော်ပေးနေသကဲ့သို့ရှိလျက်.. ။

"ဟလို.."

ဒေါ်ကြည်ဝေဆီကဖုန်းဝင်လာတော့ ချက်ချင်းကိုင်လိုက်မိသည်။

"ဘယ်လိုတွေဖြစ်ကြတာလဲဒါဒါ..ညည်းအမေပြောပုံကတော့ ညည်း

ကိုမထားချင်တော့တဲ့ပုံပဲ.."

"သမီးကလည်းမနေပါဘူး..အစတည်းက သူခေါ်လို့လာခဲ့တာ.."

"အေး..ဒါပေမယ့် ချက်ချင်းပြန်လာလို့တော့ မရသေးဘူးဒါဒါ၊ ငါအဲ့ဒါပြောချင်လို့ဆက်တာ..ညည်းပြန်သွားတည်းက သံသာကစိတ်တိုနေတာ၊ ငါနေမကောင်းတာကိုတော့ ထားခဲ့ပြီး မအေနေမကောင်းတော့ ပြန်ပြေးရလားဆိုပြီး.."

"အဲ့ဒါ အမေပဲပြန်ခိုင်းတာလေ..အမေမပြောလိုက်ဘူးလား.."

"ပြောတာပဲ..ဒါပေမဲ့ လေးလေးအေးနေမကောင်းလို့တဲ့ သမီးပြန်မှဖြစ်မယ်ဆိုတာတော့ ညည်းပဲပြောတာပါ၊ သားသမီးနဲ့မိဘကို ငါကတားစရာလား.."

လေးလေးအေးမှာ နှလုံးရောဂါနှင့်ဆီးချိုရှိနေသည်။ အမေက အစားများတိုင်း ဗိုက်နာတတ်တာဖြစ်နေကျ။ ဒါကြောင့် ပိုစိုးရိမ်ရသည့် လူအတွက် သူမစိတ်ပူခဲ့မိတာ မှားသွားလို့လား.. ၊

"ဘာပဲဖြစ်ဖြစ် ညည်းအဲ့ဒီမှာအဆင်ပြေအောင် နေလိုက်ဦး.."

"အမေက သမီးအိမ်ဂရုံခိုးတယ်ဆိုတာ ယုံလို့လားဟင်.."

"မယုံပါဘူး..ညည်းအမေအကျင့်ကို ငါသိနေတဲ့ဥစ္စာ၊ တကယ်ခိုးရင်တောင် သားသမီးနဲ့မိဘကိစ္စ ရေးကြီးခွင်ကျယ်ဖြစ်စရာလား..ဒါပေမဲ့ သူ့အမေအကြောင်းကောင်းကောင်းသိအောင် ထားလိုက်လို့ သံသာကသေချာကြိမ်းနေတာ..အမေ့တူမကို ပြန်မခေါ်နဲ့လို့လည်း ခဏခဏပြောနေတာ၊ ငါပြောချင်တာက လောလောဆယ်ပြန်လာဖို့တော့ မဖြစ်နိုင်သေးဘူးလို့.."

"ဟုတ်ကဲ့ပါ.."

ဖုန်းချလိုက်သည့်အချိန်မှာ မျက်ရည်က ပါးပြင်ပေါ်ဖြတ်စီးသွားခဲ့သည်။ လေပြင်းတစ်ချက်ဟူးခနဲ ဖြတ်ပြေးသွားလျှင် ဖြန့်ချထားသည့် ဆံပင်တွေက လည်ပင်းမှာတချို့ မျက်နှာပေါ်တချို့ပြန့်ကျက်ကျီစယ်သွားကြ၏။ ထိုအခါ ဝေယျာဝစ္စအလှူခံပုံးဆီကမှန်ထဲမှာ ဆံပင်အဖျားတွေကောက်ထားသည့် ကိုယ့်ပုံရိပ်ကို သတိထားမိလိုက်၏။

"ပိုက်ဆံတွေချေး ဆံပင်တွေကောက်ပြီး ငါ့သေတ္တာဖွင့်တာ.."

အမေ့စကားတွေကို ကြားယောင်ပြီး ဆံပင်တွေကိုလက်နဲ့သပ်၍



နောက်ပို့လိုက်သည်။ ပြီးတော့ မျက်ရည်သုတ်မိ၏။ ကလေးအမေဖြ
တာနဲ့ပဲ အလှအပမပြင်ရတော့ဘူးလား..ဆင်းရဲတာနဲ့ပဲ မလှချင်ရတော့ဘူးလား..။ လှချင်မိတာနဲ့ပဲ ဣန္ဒြေမဲ့သည်ပြောလို့ရသလား.. ၊

သူမပိုက်ဆံချေးခဲ့ပါသည်။ ဒါပေမယ့် အလှအပအတွက်ချည်းပဲမဟုတ်ပါ။ ထို့ပြင် သိတဲ့သူရှိသမျှလျှောက်ပြီး ချေးငှားနေတာလည်း မဟုတ်၊ အိမ်ပြန်သွားတာနဲ့ ထမင်းရှိပြီး ဟင်းမရှိတဲ့အခါတွေ ထမင်းရောဟင်းရောမရှိသေးလို့ အမေနေမကောင်းလျက်နဲ့ အိမ်လည်ပြီး ချေးငှားနေရတာတွေ။ ပြီးတော့ ချောင်းလေးတဟွတ်ဟွတ် ရင်ဘက်လေး တဖိဖိနှင့်ခွေခေါက်နေတတ်သည့် အမေ့ကို ဆေးခန်းပြပေးဖို့ လိုအပ်လာတာတွေ.. ၊

ဒီလိုအဆင်မပြေမှုတွေရှိနေခဲ့တာကို သူမဖြေရှင်းပေးခဲ့တာတွေ မရှိခဲ့လို့လား..။ အမေဖျားနာလိုက်တာနှင့် အိမ်မှာကျပ်တည်းခြင်း ဒုက္ခတွေကတန်းစီနေသည်။ ယောက်ျားဖြစ်သူက နေ့စဉ်အလုပ်သွားနေပေမယ့် အိမ်မှာဘာမှမရှိတာ ဘယ်သူ့တာဝန်မကျေတာလဲ.. ၊

"ဝင်းမောင်က လူကပ်ရယ်..အဲ့ဒီမသာ အိမ်မှာလူပိုရှိနေပြီဆို ဒီတိုင်းပဲ.."လို့ ဒေါသထွက်သည့်အခါ ပြောလာတတ်ပေမယ့်.. ၊

"သူလည်းပေးနေတာပဲအေ..ငါကလည်း ပေးသလောက်ကိုမလောက်တာ.."ဆိုသည့် ကာကွယ်စကားတွေကပဲ များလေသည်။ ထို့ပြင်တစ်ခါတလေပြောသော စကားများသည်.. ၊

"အဲ့ဒါပြောတာပေါ့..လင်ကိုယ်မယားနှစ်ယောက် အိမ်မှာကြားလူရှိနေပြီဆို အဲ့ဒီလင်မယား ရန်ဖြစ်တော့တာပဲ၊ သဘာဝကိုပြောတာပါ..ညည်းကိုမဥပါဒ်ပါဘူး.."တဲ့.. ၊

ဒီကိုစရောက်ကတည်းက ကလေးကိုဒီမှာပဲကျောင်းအပ်တော့မယ်ပြောလိုက်သည်နှင့် အမေမျက်နှာပျက်ခဲ့တာပါ။ ဘာဖြစ်လို့လဲ..။ အဒေါ်ဖြစ်တဲ့သူက ဒီအမေဆီပြန်မယ်ဆိုလို့ မကြည်ဖြူ။ အမေဖြစ်တဲ့သူက သမီးကိုအိမ်မှာမနေစေချင်။ ဘယ်လိုဆိုးရွားတဲ့ကံကြမ္မာမျိုးလဲ.. အဒေါ်နဲ့နေနေရပေမယ့် အမေနဲ့အတူနေချင်ခဲ့သည်။ အမေကလာပါဆိုလို့ အပြေးလာခဲ့သည်။ ဒီရောက်တည်းက သူမအလုပ်လုပ်ခဲ့တာလည်း တစ်ရက်မှမနားခဲ့ပါ.. ၊

ဒါနဲ့တောင် ဘာဖြစ်လို့မကြည်ဖြူခဲ့တာလဲ..။ သူမရပ်တည်ခဲ့ရတာ

ဘဝတစ်ခုလား..ဘောလုံးတစ်လုံးလိုလား..။ အမေ့ဆီပြေးလာခဲ့တိုင်း အမျိုးမျိုးသောနည်းတွေနဲ့ အဒေါ်အိမ်ပြန်လွှတ်သည်။

"ငါ့မှာပြေလည်တာမဟုတ်ဘူး..မမက ညည်းကိုငယ်ငယ်တည်းက ကျွေးမွေးပညာသင်ပြီး မွေးလာခဲ့တာ၊ ညည်းအမေပဲ.."လို့ ပြောခဲ့တာလည်း အမေ.. ၊

"ညည်းက မိထွေးတော်ကိုထိတော့ နာတယ်ပေါ့..ငါကညည်းကို မွေးတဲ့အမေနော်မိဒါဒါ.."လို့ ရင်ဘက်ထုအော်ခဲ့တာလည်း အမေပါပဲ..

ကိုယ့်အမေရင်းကို ဘယ်သားသမီးက မချစ်ဘဲနေမလဲ..။ ဒါပေမဲ့ အဒေါ်ဆီလာပြီး ပြန်သွားတာနဲ့ ဟိုမိသားစုထဲမှာ ပြဿနာတွေမီးမွေးထားခဲ့သည်။ ညီအစ်မမို့ လိုချင်တာကိုတောင်းသည်။ မပေးရင် မသိအောင်ယူသွားခဲ့သည်။ ကိုယ့်အမေက မဟုတ်တာလုပ်သွားတော့ အဒေါ်အိမ်မှာနေရသည့်သူမသာ လက်ညိုးတွေကြားမှာ ခေါင်းမဖော်နိုင်။ ဒီလိုတွေ ရှုပ်ထွေးအောင်လုပ်တတ်ခဲ့ပြီး ရှင်းနေရသည့်သူမဘက်က ဒေါသကျတော့ ပတ်ဝန်းကျင်ကြားအောင် အော်ခဲ့တဲ့အမေ.. ၊

တဖြည်းဖြည်းမှောင်ရိပ်သမ်းလာခြင်းကို အားပြု၍ မျက်ရည်တွေ အင်တိုက်အားတိုက် ပြိုဆင်းလာကြသည်။ လေပြည်တသုန်သုန်ဖြူးနေခြင်းသည် ရင်ထဲမှာမီးတောက်တို့ကို အားဖြည့်လောင်ကျွမ်းစေသည်လား..။ အမေကမကြည်ဖြူ အဒေါ်ကလက်မခံချင်သည့်ဒုက္ခကြားမှာ ကိုယ်တစ်ယောက်တည်းလည်းမဟုတ်သည့် ဘဝနှစ်ခုအတွက် သူမဘယ်လိုရှုန်းကန်ရင်ဆိုင်ရမလဲ..။ အဖြေမသိပေမယ့် မျက်ရည်ကတော့ မကုန်နိုင်မခမ်းနိုင်စီးမျောနေဆဲ။ သူမငိုရမည်။ ဒုက္ခဆိုသည့် လောကဓံနဲ့တွေ့လာသည့်မိန်းမတိုင်း ကြောက်ရွံ့ကြသည်။ ငိုကြွေးရမည်။ ဒါပေမယ့် ဒီနေ့မှာပဲသူမပြီးအောင် ငိုပါမည်။

"တီ.."

ဆိုင်ကယ်လ်သံကြောင့် ဘုရားလမ်းကြားထဲကို ငဲ့ကြည့်လိုက်မိသည်။ ဆိုင်ကယ်လ်ပေါ်မှာ မင်းနိုင်ကသူမကိုခေါင်းညိတ်ခေါ်နေ၏။ ဒါဒါလှည့်ကြည့်နေမိပေမယ့် စိတ်နဲ့လူကမကပ်သေး။ မင်းနိုင်ရောက်လာတော့ ထိုယောကျ်ားနဲ့ သူမအကြောင်းခေါင်းစဉ်ပြောင်းသွားခဲ့ပေမယ့် လှုပ်ရှားဖို့သ



တိမရ.. ၊

လှိုင်းတွန့်ဆံပင်ခပ်ရေးရေးနှင့် အဖျားအနားလေးတွေ ကပိုကရိုလန်နေတတ်သည့် ဆံပင်ဂုတ်ထောက်ရှိသည်။ အသားဖြူသည်။ ကိုယ်ခန္ဓာတောင့်တင်း၍ အရပ်မြင့်သည်။ ထို့ပြင် ပါးသိုင်းမွေးရာတွေ အမည်းရောင်သမ်းအောင် ရိပ်ရိပ်ထင်နေ၏။ ထိုကောင်လေးကို သူမသဘောကျခဲ့သည်။ သူကလည်း ဒါဒါမှဒါဒါ မြတ်နိုးခဲ့ဖူးသည်။ သို့သော် ရွှေလက်တွဲခြင်းက မဖြစ်ခဲ့ပါ.. ၊

ဒါသည်လည်း ဇေဒါဖြူရဲ့ဘဝပဲဖြစ်လေသည်။ ခုတော့ မင်းနိုင်အမည်ရှိသော ထိုယောကျ်ားသည် ကိုယ်ပိုင်ဆိုင်ခဲ့ဖူးသော မပိုင်တော့သည့်အစိမ်းလူ.. ၊

"တီ.."

နောက်ထပ်ဟွန်းတီးမှ နေရာမှထသွားခဲ့ကာ.. ၊

"နင်ကမပြန်သေးဘူးလား.."

ကိုယ်က လှည်းကူးမှာနေကာ သူကတော့မှော်ဘီမှာဖြစ်သည်မို့.. ၊

"ဘာဖြစ်နေတာလဲ..ငိုနေတာလား.."

မေးတာကိုမဖြေဘဲ ပြန်မေးတော့ ဒါဒါမျက်နှာလွှဲပစ်လိုက်သည်။ အညိုရောင်သွယ်တန်းသည့် မျက်ခုံးလေးတွေအောက်မှာ မျက်ခွံပြေပြေကျယ်သည်။ ထို့ကြောင့် ဒါဒါတအားငိုထားပြီဆို မျက်ခွံတွေကြောင့်သေချာမကြည့်ရဘဲ သိနိုင်၏။

"ဘာဖြစ်တာလဲ..အန်တီအေးနဲ့လား.."

"ငါ့ဘာသာငါဘာဖြစ်ဖြစ်ပါ..ဘာလဲ ပြော၊ နောက်တစ်ခါငါ့ကို မြင်တိုင်း လာလာမခေါ်နဲ့..အလိုလိုကာမှ လူပြောသူပြောတွေကလွှတ်တာ မဟုတ်ဘူး.."

"နင့်ကိုခေါ်မလို့လာတာ မဟုတ်ပါဘူး..ဒီဘက်ပတ်လာရင်း ထိုင်နေတာမြင်လို့ခေါ်တာ၊ မနက်က ငါပိုက်ဆံပေးလိုက်တာ ကလေးဆေးခန်းပြဖြစ်လား.."

ဒါဒါကမဖြေ။ မင်းနိုင်က ဆိုင်ကယ်ပေါ်ကနေ အကဲခတ်ပြီး ဂျာကင်အိတ်ထဲလက်နှိုက်သည်။

"အန်တီအေးလည်း နေမကောင်းဘူးမို့လား..အဆင်ပြေသလိုသုံး ရတာ စကားတွေများမနေပါနဲ့ဟာ၊ အင့် ထပ်ယူလိုက်.."

"နေပေ့စေ..တော်ကြာနင့်မိန်းမက.."

"ငါ့မိန်းမက ဘာမှမပြောဘူး..ငါနင့်ဆီပြန်သွားမှာစိုးလို့၊ မသွားရင် ပြီးရော..အေးဆေးပဲ.."

ပြောနေရင်း ဒါဒါကိုင်ထားသည့်ပိုက်ဆံအိတ်လေးကိုဆွဲယူပြီး သူ့ပဲ ပိုက်ဆံထည့်ပေးသည်။ ပြီးတော့ လက်ထဲပြန်ထည့်ပေး၍.. ၊

"ငါပြောတဲ့အိမ်မှာ ပြောင်းနေလိုက်ပါဆို နားမှမထောင်တာ.. မိဘနဲ့ နေတော့လည်း အဆင်ပြေအောင်မနေဘူး၊ ငါကတော့ နင်စိတ်လျှော့ဖို့ပဲ ပြောချင်တယ်.."

"ဘာ.."

"ဟုတ်တယ်လေ..အခုလွဲချော်ကုန်တာတွေအားလုံး နင့်စိတ်ကြောင့် ဖြစ်တာ.."

"နင်မိန်းမယူထားတာရောလား..ငါယောကျ်ားမယူဘဲနေတာရော ငါ့ ကြောင့်လား၊ လုံးထွေးမပြောနဲ့နော်မင်းနိုင်..နင်တို့ယောကျ်ားတွေ ဘာ ကြောင့်ညာကြောင့်နဲ့ အကြောင်းတွေပြ၊ ပြီးတော့ နီးစပ်ရာမှာပျော်..ပြီးတော့ ကလေးတွေမွေး၊ ငါ့ရှေ့မှာ အသံကောင်းလာမပာစ်နဲ့.. အထူးသဖြင့် ငါ့ကို လက်ညှိုးထိုးဖို့ မကြိုးစားနဲ့၊ ငါလုပ်ခဲ့သမျှ ဘာတစ်ခုမှမမှားဘူး.."

ငါဖြစ်လာတာကသာ ငါ့အမှား..၊

နှုတ်ခမ်းကိုဖိကိုက်ထားမိရင်း မပြောနိုင်သည့်စကားလုံးတွေက ရင် ဘက်ထဲမှာ မီးစတွေလိုကျန်ရစ်၏။ ဗေဒါဖြူဆိုတဲ့ဘဝက မှားနေတာ..၊

"ဘယ်လိုလဲ..နင်နေမှာဆိုရင် ငါဒေါ်ဖြူမကို.."

"မနေပါဘူး.."

ဒေါသသည် အလျှော့ပေးနေတာကိုပဲ မကျေမနပ်တွေဖြစ်နေခဲ့ရ လျက်.. ၊

"နင်ထားတဲ့နေရာမှာနေပြီး ငါကနင့်ရဲ့.."

"ဟာ..မဟုတ်ပါဘူး၊ ငါနင့်ကို အဲ့လိုစကားမျိုး ပြောဖူးလို့လားဒါဒါ.. အခု နင်နဲ့ငါ့သမီး အဆင်ပြေအောင်ပြောနေတာ.."



"နင့်သမီးအဆင်ပြေလည်း ငါမပြေဘူး..ငါနင့်ဆီကပိုက်ဆံကို လက် ခံခဲ့တာလည်း နင့်သမီးကိုနင်ထောက်ပံ့ခွင့်ရှိတာပဲဆိုပြီး မျက်နှာပြောင် တိုက်ခဲ့ရတာ.."

"နင်မျက်နှာပြောင်တိုက်ရာ မကျပါဘူးဟာ..ငါလည်း နင်တို့ဆီမှာ ဝင်ထွက်နေတာ မဟုတ်ပါဘူး၊ ငါရောဂါရှိတာ နင်လည်းသိတယ်.. တစ်ခါ တစ်ခါ အိပ်ရာထဲလဲလိုက်ရင် ဆယ်ရက်ကျော်ဆယ့်ငါးရက်ကြာတာ၊ ငါအဲ့ လိုဖြစ်နေတုန်း နင်ဒုက္ခများနေရင် ငါဘာမှမတတ်နိုင်ဘူး.."

"ငါဒုက္ခများနေတိုင်း ပူပန်နေရသလိုလို လူကြားရင်သာစုခေါ်နေဦး မယ်မင်းနိုင်..ရန်ကုန်ကိုငါပြန်လာတုန်းခဏလေး ငိုချင်းချပြနေတာများ အပိုတွေစာဖတ်မနေပါနဲ့.."

"နင်ငါ့ကိုသဝန်တိုနေတာလားဒါဒါ..ငါ့ကိုတွေ့လိုက်ရင် စကား ကောင်းတစ်ချက်မှ မပြောဘူး.."

"ဩော်..ငါ့ကိုအဲ့လိုမေးတယ်ပေါ့၊ နေဦး..အဲ့ဒီစကား ငါယောကျ်ား ယူလိုက်တဲ့အခါကျမှ နင့်ကိုယ်နင်မေးကြည့်.."

မင်းနိုင် ခေါင်းကုတ်ရင်း ရှုံ့မဲ့သွား၏။ သူ့အိမ်ထောင်မပြုသေးဘဲ ကိုယ်အရင်ပြုမိတာ မှားပါသည်။ ဒါပေမဲ့ ယောက္ခမကို ယောက္ခမလို့ ထောင်။ ရှိသေလေးစားသမှုမထား။ အိမ်မှုကိစ္စကအစ ခိုင်းရင်ခိုင်းပြန်ပြီ။ ပြောရင်ပြောပြန်ပြီ။ ဆတ်ဆတ်ထိမခံထထဖြစ်တာ ဘယ်သူလဲ..။ သူ့မှာ အလုပ်ကပြန်ရောက်လို့မှ မိန်းမမျက်နှာမမြင်ရတဲ့နေ့တွေ.. ၊

"နင့်မိန်းမလေ..သူ့ကိုဝက်စာနှုတ်ခိုင်းလို့တဲ့၊ အဝတ်တွေလိပ်ပြီး ချိုင်း ကြားညှပ်ဆင်းသွားတာ နေ့လည်တည်းက.."

"နင့်မိန်းမတော်တော့်ကို ရှိင်းတာနော်မင်းမင်း..ရုပ်လေးလှသလောက် အစ်စက်မှနူးနူးညံ့ညံ့မရှိဘူး.."

အစ်မကြီးကလည်းကဲ့ရဲ့ အမေကလည်း ခေါင်းတခါခါ။ ဒါပေမဲ့ ခေါ်နေကျအတိုင်း ဒေါ်သီတာအေးအိမ်ကို ပြေးရသည်။ ယောက္ခမကို ရှင်း ပြီး ဒါဒါ့ကိုချော့မော့ခေါ်ရသည်။ ပြန်လိုက်လာရင်တောင် ဒါဒါတို့က မျက်နှာမော့နှုတ်ခမ်းစေ့၍ ဘယ်သူမှလူမထင်သည့်မာနတွေနဲ့။ ထို့ပြင်..

"ဘာဖြစ်တယ်..မိဘလိုသဘောထားရမယ်ဟုတ်လား၊ ချွေးမနဲ့ယော

က္ခမဘယ်ရာဇဝင်မှာ သားအမိလိုနေသွားတယ်ကြားဖူးသလဲ..ငါလည်း ကောင်းတယ်လို့မပြောဘူး၊ ယောက္ခမကောင်းတာတွေလည်း လာရှတ်မပြ နဲ့..ချွေးမကသမီးဖြစ်လာမှာမဟုတ်သလို ယောက္ခမကလည်း ဘယ်တော့မှ အမေမဖြစ်ဘူး၊ သားအမိလိုနေတာရှိပါတယ်ဆိုရင်တောင် တစ်ယောက်တ လေရှိကောင်း၏ပဲ..သေချာတာက အဲ့ဒီတစ်ယောက်တလေမှာလည်း နင့် အမေနဲ့ငါ ပါမှာမဟုတ်ဘူးဆိုတာပဲ.."

ဒါဒါသည် ထိုသို့သောမိန်းမမျိုးဖြစ်လေသည်။ နောက်ဆုံးတစ် ခေါက်အိမ်ကဆင်းသွားတော့ သူအသည်းအသန်ဖျားနေခဲ့သည်။ ဖျား တဲ့ကြားက ပြန်လိုက်ခေါ်ခဲ့သည်။ ဘယ်လိုမှခေါ်လို့မရသည့်ပြင် သူဆေး ရုံတင်လိုက်ရတော့လည်း တစ်ခေါက်တောင်လာကြည့်ဖော်မရခဲ့။ ကိုယ် လည်း စိတ်နာခဲ့သည်။ အမေတို့အားလုံးကလည်း စစ်ချီစစ်မောင်း အသင့် ပြင်ကြ၏။ လေလွင့်ချင်နေသည့်စိတ်က တွယ်ငြိမိသည့်နေရာမှာပဲ အေးရိပ် ရှာကာ သူမကိုပစ်ခွာခဲ့ခြင်းနှင့်ပတ်သက်၍.. ၊

"နင်ပြန်တော့.."

ဒါဒါ့အသံကြောင့် သူ့စိတ်ကူးတွေ ပစ္စုပ္ပန်နဲ့အတိတ်ကြားကနေ တ ရေးနိုးသွားခဲ့ပြီး.. ၊

"ဒါဒါ.."

"ဘာလဲ.."

"အိမ်မှာ ဘာပြဿနာရှိလို့လဲ.."

"နင်သိစရာမလိုဘူးလို့ ပြောပြီးပြီပဲ..ငါလည်းမန္တလေးပြန်တော့မှာ၊ နောက်တွေ့စရာမလိုတော့ဘူး.."

"ဘာလို့ပြန်မှာလဲ.."

ပြန်ဖို့ခြေလှမ်းပြင်လိုက်တိုင်း မေးခွန်းတွေက မပြတ်သဖြင့် ဒီဘက် ကိုတည့်တည့်ပြန်လှည့်ရပ်မိကာ.. ၊

"ပြောပြစရာမလိုပေမယ့် ဖေဒါဖြူဘယ်လိုမိန်းမလဲဆိုတာ နင်သိမ် နားမလည်သေးဘူးထင်လို့ ပြောပြမယ်..ငါကရင်ဘက်တစ်ခြမ်းနဲ့ မွေးလာ ခဲ့တဲ့မိန်းမ၊ လူတစ်ယောက်အတွက် ဘဝတစ်ခုရှိရင်ရှိမယ်..ငါ့အတွက်တော့ ဘဝကတစ်ခြမ်းပဲပဲ.."



"ကဗျာဆန်မနေပါနဲ့ဒါဒါရယ်..ဒုက္ခဆိုတာ လူတိုင်းမှာရှိကြတာပဲ၊ အားလေ..ဒါပေမယ့် ဘယ်သူမဆို ကိုယ့်ဒုက္ခလောက်ဘယ်သူမှမကြီးကြ ဘူးလို့ ထင်ကြတာမဆန်းပါဘူး.."

"ရတယ်..ငါကအဲ့လိုထင်နေတယ်ပဲထားလိုက်၊ ဒါပေမယ့် အဲ့ဒီဒုက္ခ ကို ငါကမကြောက်ဘူး..ငိုစရာရှိရင်ငိုမယ်၊ ရယ်စရာရှိရင် ရယ်ရမယ်.. ဒါပေမဲ့ ဒီနေ့ထိ ကျော်ဖြတ်လာခဲ့ပြီးတဲ့ ငါ့ဘဝကို နောက်ထပ်အပုံမ ခံတော့ဘူး၊ ဘာဖြစ်ဖြစ် ငါလုပ်နိုင်တယ်..ကျော်ဖြတ်မယ်၊ ခွန်အားမဲ့လို့ ခြေတစ်လှမ်းတည်းမှာတင် ဖုန်းဖုန်းလဲသွားပေ့စေ..ရင်ဆိုင်ရင်းလဲမှာ.."

ပြောနေရင်း မင်းနိုင်ကိုစေ့စေ့ကြည့်ကာ.. ၊

"ငါ့ကိုသနားနေတာဆိုရင် အဲ့ဒီမျက်လုံးတွေကို ပိုမုန်းတယ်..အထူး သဖြင့် ငါ့ကိုပစ်ပြီး တခြားမှာအသစ်ရှာတဲ့နင့်လိုလူ.."

"ဒါဒါရာ..ငါက.."

"နင့်ဆီကဖြေရှင်းချက်ကို ခေါ်ထုတ်နေတာမဟုတ်ဘူး..မှတ်ဉာဏ် ဆိုတာ ချစ်တာပျော်တာတွေချည်း စုဆောင်းထားတာမဟုတ်မှန်း သိစေ ချင်တာ၊ အထူးသဖြင့် ကိုယ့်ကိုယ်ကိုဘယ်တော့မှ အပြစ်မမြင်တတ်တဲ့ ငါ့လိုမိန်းမက ပိုမှတ်တယ်.."

"ဒါဆို ငါကအရမ်းလွန်ခဲ့တဲ့ နင်မုန်းတီးစရာယောကျ်ားပေါ့..နင် ထုပ်ခဲ့သမျှ မှန်ခဲ့တယ်ပေါ့.."

"အဲ့လောက်ဒီဂရီမများပေမယ့် အဲ့ဒီအတိုင်းပဲ.."

ဒေါသတွေနဲ့ကျန်ခဲ့သလား ဘယ်လိုတုံ့ပြန်ပြောဖို့ပြင်ရင်း ကျန်ခဲ့သ ဘာမှလှည့်မကြည့်တော့ဘဲ ဒါဒါလှည့်ထွက်လာခဲ့သည်။ တစ်ယောက် တည်းဖြစ်သည့်ခြေလှမ်းအစမှာပဲ မျက်ရည်တို့ဝေ့ခနဲပြေးတက်လာခဲ့သည်။ ဘက်ကိုဘယ်လိုပဲတင်းထားထား မိန်းမပီသနေသည့် နူးညံ့ခြင်းက မာကျော လည်း အဆင်သင့်မဖြစ်သေးသည့်အခိုက်မှာ ဘယ်လိုမှထိန်းချုပ်ထား မရ။ ငိုရမည်။ သူမဒီနေ့ဝအောင်ငိုမှာပါ..၊

ထို့ပြင် သူပေးလိုက်သည့် ပိုက်ဆံပါသောအိတ်ကို ပို၍ဖိဆုပ်ရင်း ခြေလှမ်းတွေက ပိုကျဲလာ၏။ မင်းနိုင်ဆီက တိုးတိုးကြိတ်ကြိတ်ပေးလာ သည့် အနည်းငယ်သောပိုက်ဆံတို့ကို လက်ခံယူမိတိုင်း ရင်ထဲမှာ နာသည်။

ဒီယောက်ျားကိုအလှကြိုက်လို့ သဘောကျခဲ့သည်။ ရည်းစားဦးအချစ်ဦး ဆိုသည့် ငယ်ရည်းစားဘဝမှာ ရန်ဖြစ်လိုက် ပြန်တည့်လိုက်နှင့် ယူကြဖို့လည်း အစီအစဉ်မရှိကြဘဲ ခိုးရာလိုက်ပြေးခဲ့သည်။

မိန်းကလေးဆိုတာ ဘယ်လိုစောင့်ထိန်းသင့်သည်။ ဘယ်လိုတန်ဖိုးထားတတ်ရမည်ဆိုတာတွေ စာတွေထဲမှာ ဖတ်ဖူးပေမယ့် မှတ်ယူစရာလို့လည်း မထင်။ ကိုယ့်အရိပ်အခြေကို အကဲခတ်စောင့်ကြည့်ပြီး ဆိုဆုံးမမည့်မိခင်ဆိုတာလည်း အနားမှာမရှိ။ ခိုးရာလိုက်ပြေးလို့ ယောက္ခမဆိုသည့်အရိပ်မှာ ခိုရပြီဆိုမှ.. ။

"ဖြစ်ရလေငါ့သားရယ်..ခိုးပဲပြေးလာပြီးပြီ၊ ဘယ်လောက်တင်တောင်းပါ..ဘာတွေတင်တောင်းပါဆိုတာတွေ ငါကဘယ်လိုလုပ်ပေးရမှာလဲ၊ မင်းကရော ဘာဖြစ်လို့ခေါင်းညိတ်ပြန်လာခဲ့ရတာလဲ..သူ့မှာပထွေးနဲ့ ပေမယ့် မိစုံဖစုံရှိတယ်၊ မန္တလေးကအဒေါ်ကလည်း အခြေနဲ့အနေနဲ့ မင်းအမေကမှုဆိုးမလေ.."

ဆိုသည့်အသံက စတင်ခဲ့၏။

"အဲ့လိုတင်တောင်းစေချင်ရင်လည်း ကိုယ့်သမီးကိုခိုးရာမလိုက်အောင် ဆုံးမထားပါလား..'ငါ့သမီးကိုလိုချင်ရင် ဘယ်လောက်ပါမှရမယ်ဟော့'ဆိုရင် တစ်မျိုး.."

ထိုမှစ၍ ယောက္ခမနဲ့ဒါဒါ အဆင်မပြေခြင်းတွေ အစပြုခဲ့ကြသည်။ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ ငါမှားခဲ့တာပဲလို့ သူမဘယ်တော့မှမတွက်။ ဒါက အမှားဆိုရင်လည်း ဒါကြောင့်ဘယ်လောက်ထိနာကျင်ကြေကွဲရပါစေ တစ်ယောက်တည်းမျက်ရည်ချောင်းဖြစ်အောင်ငိုပစ်မည်။ လူတွေရှေ့မှာ သူမ ဘယ်တော့မှခေါင်းငုံ့မှာမဟုတ်ပေ.. ။

ကိုယ်မှားမိတဲ့ဆိုးကျိုးအတွက် ဝေဖန်တဲ့လူတွေဆီက ဘာရလို့လဲ.. ဒါမျိုးထပ်မမှားဖို့ ကိုယ့်ဘာသာဆုံးဖြတ်မည်။ ကိုယ့်ဘာသာ ကြိုးစားရမည်။ ဒါကိုဘယ်လိုကြိုးစားနေထိုင်ပါကြောင်း ဘယ်သူသိဖို့ လိုသလဲ.. ။

မိုးစုပ်စုပ်ချုပ်သွားသည့်အချိန်ထိ ဒါဒါလမ်းပေါ်မှာပဲရှိနေသေးသည်။ ခံစားချက်တွေက မာကျောဖို့တွန်းပို့သွားလိုက် မျက်ရည်တို့ကတပေါက်ပေါက်ကြွေဆင်းလာလိုက်။ အိမ်ပြန်ချိန်တိုင်းဟာ သူမအတွက် အမိပ္ပာယ်မဲ့



နေခဲ့သည်။ လူကိုမြင်လိုက်တာနဲ့ ဘယ်ကပြန်လာတာလဲ.. ဘာတွေလုပ်လာတာလဲဆိုသော သံသယမျက်လုံးတွေနဲ့ ကြုံဆိုခြင်းမှာ ဒီနေ့တော့ သေချာပါသည်။

အမေ့မျက်လုံးတွေမှာမြင်ရမှာ 'ဘယ်တော့ပြန်မှာလဲ' ဆိုသည့် အားခွန်း.. ။

☎

အခန်း(၈)

"ဒါဒါရေ..စောစောစီးစီး ဘယ်ကပြန်လာတာလဲ.."

"ရွှေစလေးတွေ သွားရောင်းတာ.."

"ဟင်.."

အံ့ဩသွားတဲ့လူက ညည်းနဲ့ရွှေနဲ့ဘာဆိုင်လို့လဲဆိုသည့် အကြည့်များနှင့်။ ကိုယ့်ကိုအမီလိုက်လာတာမို့ ဒါဒါခြေလှမ်းနှေးပစ်မိကာ.. ၊

"ယင်းမာတို့ရွာမှာ ရွှေကျင်ဖို့လိုက်သွားတုန်းက ရလာတဲ့ရွှေစလေးတွေပါ.."

"ဩော်..ဟုတ်လား၊ ယင်းမာတို့နဲ့ နင်ပါသွားတာလား..ဒါများအေ ရွှေစရှိရင် ငါ့ဆီတော့မလာဘူး.."

ဆိုင်မှာသွားရောင်းလိုက်တာထက် ဘာကပိုကောင်းမှာလဲ..။ ပြီးတော့ ဒါကမသန့်စင်ရသေးသည့်ရွှေမို့ ရတာကလည်းမှန့်ဖိုးပဲဖိုး.. ၊

"စောစောစီးစီး သူများအိမ်ရှေ့မရပ်ချင်တာနဲ့လေ..မမိုးဈေးက ပြန်လာတာလား.."

"အင်း.."



မိုးမိုးက ရွှေစတွေမရလိုက်သဖြင့် သိပ်ကျေနပ်ပုံမရသည့်ပြင် ဆံပင်ရှည်တွေ လုံးထွေးပတ်လိမ်ထားသည့် ဒါဒါ့ခေါင်းကိုသေချာမျက်မှောင်ကုတ်ကြည့်၍.. ၊

"ဆံပင်တွေကောက်ထားတာလား.."

ဒါဒါမျက်နှာပျက်သွားသည်။ သို့သော် တွန့်ကုတ်သွားသည့် မျက်ခုံးတန်းတို့ကို ဖြည်ချမိရင်း.. ၊

"ဟုတ်တယ်...အစကတော့ အဖျားတွေပဲကောက်မလို့၊ ဆံပင်ဒီဇိုင်းလေးတွေထဲက ပုံတစ်ပုံကိုသဘောကျသွားတာနဲ့.."

"အယ်..ဆံပင်ရင်းကနေ အဖျားထိလား၊ ပြစမ်းပါငါ့ကို.."

"ဟုတ်တယ်..နည်းနည်းတွန့်ရုံ ဖွထားတာပါ၊ ကြည့်မနေပါနဲ့ မမိုးရယ်..အဲ့ဒီဆံပင်ကြောင့် အမေနဲ့လည်း ပြဿနာတက်ရပြီးပြီ၊ စိတ်ရှုပ်လို့.."

သိနေသားနဲ့မသိသလိုမေးနေတာမှန်း ဒါဒါသိသည်။ ထို့ကြောင့် ထပ်မမေးရဲအောင် မျက်နှာကိုတည်ထား၍ ဆက်လျှောက်ခဲ့၏။ မိုးမိုးက ဆွဲခြင်းတစ်ဖက်နှင့် ဘေးကယှဉ်တွဲပါလာကာ.. ၊

"ကော်ဖီရောင်တွေပါ ဆိုးထားတာလားလို့.."

"အင်း.."

"အောင်မလေး..ဆေးဆိုးခနဲ့ ဆံပင်ကောက်ခက နည်းမှာမဟုတ်ဘူး.."

"ဒါဒါပေးရတာ မဟုတ်ပါဘူး.."

"ဟင်..ဘယ်သူက.."

ပို၍ထိတ်လန့်ပြူးသွားသည့်မျက်လုံးတွေက ကဲ့ရဲ့ရန်အသင့်..၊

"ဘယ်သူကပိုက်ဆံပေးတာလဲ.."

ဒါဒါက လှည့်ကြည့်ပြီး နှုတ်ခမ်းစေ့ပြုံးသည်။ ပြီးမှ ရှေ့ပြန်လှည့်၍..

"မမိုးအံ့ဩသွားပေမယ့် သတင်းထူးမဟုတ်တော့ အားနာတယ်.. အဘွန်း၊ အလုပ်ရှုံက အလုပ်သမားတွေကို ဘုရားဖူးပို့တာလေ၊ အမေနေမကောင်းလို့ ဒါဒါမလိုက်နိုင်ဘူး.."

"အဲ့ဒါကြောင့် ဘုရားဖူးစရိတ် နင့်ကိုပေးတယ်ပေါ့..အံ့ဩဖို့ကောင်းဘာပေါ့ဟယ်၊ ဘယ်အလုပ်ရှုံဖြစ်ဖြစ် လိုက်ရင်လိုက် မလိုက်ရင်နေပဲ..

မလိုက်တဲ့အတွက် စရိတ်ရတယ်ဆိုတာ ရှိမှမရှိတာ၊ နေပါဦး..ဘယ်အလုပ်ရှုံလဲ..”

“အဲ့ဒါကိုသိတော့ မမိုးဘာလုပ်မလို့လဲ..”

“ဟင်..”

မိုးမိုးသိချင်ဇောနှင့်မေးလိုက်ပြီးမှ ဘောင်ကျော်သွားပြီမှန်းသိသည်။ သို့သော် အမ်းသွားသည့်အမူအရာက ပြုံးရယ်ခြင်းကိုပြောင်းသွားခဲ့ပြီး..၊

“နှင်ကံကောင်းတာကို အံ့ဩလို့ပါဟယ်..ဘာပဲဖြစ်ဖြစ် နှင်က ချောချောလေးဆိုတော့ နှင့်ကိုဆိုပုံပိုးချင်တဲ့သူတွေများတာ ငါသိပါတယ်.. မမသန်းတို့ကမိန်းကလေးတွေကို ဦးစားပေးတတ်တာ ငါမေ့သွားတာ..”

“ခုနကတော့ ဘယ်အလုပ်ရှုံလဲဆို..မမသန်းတို့ဆီမှာလုပ်မှန်း ဘယ်လိုလုပ်သိသွားတာလဲ..”

“ဩော်..အဲ့ဒါ ဩော်..ခုမှတွေးမိလိုက်တာလေ၊ ကိုပေါက်စတို့ အိမ်ကကားကြီးငှားသွားတာ မမသန်းတို့တွေ..အဲ့ဒါကိုဆက်စပ်မိလိုက်လို့..”

မိုးမိုးလျှာခလုတ်တိုက်မတတ်ရှင်းရင်း ခြေထောက်တွေပါ ခလုတ်တိုက်၏။ သူမသည် ဒေါ်သီတာအေးနဲ့တစ်လမ်းတည်းဖြစ်ကာ ခေါင်းရင်းတစ်အိမ်ကျော်ကလည်း သူမရဲ့ယောက္ခမတွေအိမ်ရှိသေးသည်။ ထို့ကြောင့် အိမ်နီးချင်းဆိုလည်းဟုတ်လေသည်။

“ဒါဒါ နှင့်ကိုမဟုတ်မခံစိတ်ရှိတာ ငါသိပါတယ်..နှင်မန္တလေးမှာအနေများပေမယ့် ရန်ကုန်ကချက်မြှုပ်ဇာတိပဲ၊ နှင့်အမေအိမ်မှာ နှင်ပြန်နေတိုင်း..”

“မမိုးဘာပြောမလို့လဲ..ပြောပါ..”

“မဟုတ်ပါဘူး..ပြောချင်ပေမယ့် ရန်တွေခံရမှာလည်းစိုးတယ်၊ မပြောဘဲလည်းမနေနိုင်ဘူး..နှင့်ကိုကိုယ့်ညီမလို တူမလေးလိုသဘောထားပြီးပြောတာ၊ ကိုယ်ကတစ်ခုလပ်မို့လား..အလှတွေသိပ်မပြင်နဲ့လေ..”

“တစ်ခုလပ်ကအလှပြင်တော့ ဘာဖြစ်သွားနိုင်လို့လဲ..”

“တွေ့လား..”

“မေးကြည့်တာလေ..ကျွန်မအသက်သုံးဆယ်တောင် မပြည့်သေးဘူးကလေးအမေတစ်ခုလပ်ဖြစ်တာနဲ့ပဲ ဘီးဆံပတ်မြင့်မြင့်ထုံး ထိုင်မသိမ်းခတ်ပြီး မီးဖိုချောင်ထဲမှာ ထိုင်ရာမထနေရမှာလား..”



“မဟုတ်ဘူးလေ..ငါက..”

“မီးဖိုချောင်ထဲမှာ ထိုင်ရာမထနေဖို့ဆိုရင်တောင် အဲ့ဒီမီးဖိုချောင်မှာ စားရေရိက္ခာအပြည့်အစုံရှိမှနော်..ဗိုက်ဟောင်းလောင်းနဲ့တော့ ဘယ်သူမှ မိန်းမပီသနေနိုင်မှာ မဟုတ်ဘူး..”

“နှင်ကလည်းပြောလိုက်ရင် တရားလွန်ပဲဒါဒါရယ်..”

ကျွန်မလို့ပြောလာပြီဆို ဒါဒါ့ဒေါသဖောင်းကြွလာပြီဆိုတာ ရင်းနှီးသူချင်းမို့ သိနေသည်။ သို့သော် ဝါသနာအရဘာဖြစ်ဖြစ် ပြောကိုပြောချင်နေတာမို့..၊

“ပတ်ဝန်းကျင်ဆိုတာထက် နှင့်အမေကိုယ်တိုင်က မကြိုက်ဘူးမို့လား..နှင်တို့သားအမိ တချိန်းချိန်းဖြစ်နေကြတာ ငါတို့လည်းကြားနေရတဲ့ဥစ္စာ..”

ဒါဒါရင်နာသွားသည်။ အမေကိုယ်တိုင်ကပြောနေတာမို့ ဒါကိုနင်းပြီး ပြောချင်တာမျိုး..၊

“တချိန်းချိန်းဖြစ်နေရတယ်ဆိုတည်းက ဒါဒါကမှန်တယ်ထင်ရင်ပြောရဲတာနော်မမိုး..ဘေးတစ်မိမ်းက ဝေဖန်တာဆိုရင်တော့ စိမ်းစိမ်းကျက်ကျက် ဒါဒါကအထုံအကျဉ်ခွဲနေပြီးသား၊ မျက်နှာနာတယ်ဆိုတာ မရှိဘူး..”

မိုးမိုး မျက်စိမျက်နှာပျက်လျက် ရှေ့ကိုကျော်တက်သွားသည်။ သို့သော် ခံသွားရတယ်ဆိုတာမျိုးလည်း အဖြစ်မခံနိုင်ဘဲရှိကာ ခြေလှမ်းတွေမြန်တဲ့သွားခဲ့ပြီး..၊

“နှင်ကစိမ်းစိမ်းကျက်ကျက် သည်းမခံဘူးဆိုပေမယ့် ငါတို့ကတော့ကိုယ့်ထက်အငယ်လည်းဖြစ်တော့ အမြင်မတော်ရင်လည်း မနေနိုင်ဘူးလေ၊ပြောမယ့်စကားက လိုရင်းမရောက်သေးလို့ပါ..ငါတို့သေချာကြားထားတာမင်းနိုင်က သူ့မိန်းမနဲ့အဆင်မပြေဘူးတဲ့..”

ပြောရင်း ဒါဒါ့ကိုလည်း အကဲခတ်လိုက်သေးသည်။

“သူမိန်းမယူသွားတယ်ဆိုတာလည်း နှင့်ကိုရွဲ့ပြီးယူခဲ့တာမို့လား..ကိုယ့်ယောကျ်ားကိုယ့်ဘက် ပြန်ပါလာအောင် စည်းရုံးပါလားဒါဒါ၊ မင်းနိုင်မှာ မိဘအမွေအနှစ်လေးလည်းရှိတယ်..သူကိုယ်တိုင်ကလည်း ကိုယ်ပိုင်

တက္ကစီနဲ့ ကယ်ရီဆွဲနေတဲ့ဆိုင်ကယ်တွေနဲ့.."

"သူ့အိမ်ထောင်နဲ့သူ အသားကျနေကာမှ ဒါဒါကဘာဖြစ်လို့ စည်းရုံးရမှာလဲ..ကိုယ့်ယောကျ်ားဖြစ်ဖူးပေမယ့် အခုသူများယောကျ်ားဖြစ်နေပြီ၊ လုံးဝပဲ..စိတ်နဲ့တောင်မပြစ်မှားဘူး.."

"ဖြစ်ရလေအေ.."

ညည်းကဘယ်လောက်တောင် ချမ်းသာနေလို့လဲဆိုသည့် ချဉ်တူးတူးအကြည့်တွေ ဒါဒါ့တစ်ကိုယ်လုံးကို နှစ်ပတ်လောက်ဝေ့သွား၏။

"မနေ့ကတောင် အမေတို့နဲ့ပြောဖြစ်ကြသေးတယ်..ဒါဒါပြန်ရောက်လာကာမှ မင်းနိုင်တို့လည်း အဆင်မပြေဖြစ်ကြ ဒါဒါလေးကလည်း လှမှလှ..သူတို့ပြန်ပေါင်းကြမှာပဲတဲ့.."

ဒါဒါ ခပ်မဲ့မဲ့ပြုံးတာကို တအံ့တသြကြည့်ကာ.. ၊

"ဘာပဲဖြစ်ဖြစ် နင်ခုလိုငွေကုန်ကြေးကျတွေခံပြီး အလှပြင်လာတာတွေက ကိုယ့်ယောကျ်ားမက်အောင်လို့ဆိုရင် ပိုပြီးကြားကောင်းတယ်မဟုတ်ဘူးလားဒါဒါရဲ့.."

"ဘယ်သူက ပတ်ဝန်းကျင်ကြားကောင်းအောင် လုပ်ပြနေတာမို့လို့လဲ.."

"ဩော်..အေ ဒီလိုပဲကိုယ့်လုပ်ကွက်မှားလာရင် ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူး ပြောကြတာပါပဲ၊ တကယ်ဆို နင့်လောက်လှတဲ့မိန်းမကိုပစ်ပြီး ပုံပန်းမကျတဲ့မိန်းမနဲ့မှ သူ့မိဘကထိုးကြိတ်ပေးစားပစ်လိုက်တာကြည့်- မိန်းကလေးတစ်ယောက်က လှနေတိုင်း တန်ဖိုးကြီးနေတာမဟုတ်ဘူးအေ၊ အဲနော်..ငါကနင့်ကိုမကောင်းပြောချင်တာ မဟုတ်ဘူး၊ အလှတွေပြင်နေလို့ ပတ်ဝန်းကျင်ကဘာလိုလို အထင်ခံနေရမယ့်အစား ကိုယ့်ယောကျ်ားကိုပြန် လိုချင်လို့ဆိုရင် ကဲ့ရဲ့ဖို့ပြင်နေတဲ့ပါးစပ်တွေ ပိတ်ကုန်တာပေါ့.."

"ကွယ်ရာကပါးစပ်တွေမပြောနဲ့ မမိုးတောင် ဒါဒါ့ရှေ့ထိလာပြော နေတာ ဘူးတစ်ရာပါးစပ်တစ်ရာကို ဘယ်လောက်ထိလိုက်ပိတ်နေရမှာ လဲ.."

ဒါဒါက လိပ်တင်ထားသည့်ဆံပင်တွေကို ဖြန့်ချပစ်လိုက်သည်။ ကော်ဖီရောင်ပြေးနေသည့် ဆံပင်တွေက လှိုင်းတွန့်လေးတွေထင်းနေကာ



သူမ၏သေးနွဲ့သောခါးစပ်ပေါ်မှာ လွဲခါသွားကြ၏။ ဒါဒါ့မျက်နှာလေးက ညိုစိမ့်စိမ့်လေးပေမယ့် ဝင်းစိုနေသည်။ မျက်ခုံးက မည်းနက်နေတာမဟုတ်ဘဲ ဒီတိုင်းညိုမှောင်ပြီး ထင်းနေတာဖြစ်သည်။ ကောက်ကွေ့ပွယောင်းခြင်းမရှိသည့် နှာတံချွန်ချွန်လေးက သူမမျက်နှာမှာအလှဆုံး.. ၊

အရပ်အမြင့်အနေတော်နှင့် မိန်းမပီသသော တင်းပြည့်သည့် ကိုယ်ဟန်သည်လည်း အပြစ်ဆိုဖွယ်မရှိ။ ဤသို့သောပြည့်စုံလှပမှုအဝဝသည် သူမ၏ချို့တဲ့သောဘဝပေးကုသိုလ်နှင့် မလိုက်ဖက်စွာရှိနေခဲ့လျက်.. ၊

"ဒီဆံပင်တွေကို ဒါဒါကပတ်ဝန်းကျင်ကဲ့ရဲ့ခံရမှာစိုးလို့ လိပ်တင်ထားတာမဟုတ်ဘူး..ကိုယ့်သောကနဲ့ကိုယ့်စိတ် ဘယ်လိုမှမလိုက်ဖက်ဘူးထင်လို့ ပြောရရင်စိတ်ရှုပ်နေလို့ သိမ်းတင်ထားတာ၊ ကိုယ့်ဘာသာ လှချင်လို့ပြင်တာတောင် နောက်မိန်းမယူသွားတဲ့ယောကျ်ားကို လှမ်းအားကိုးနေရင် မိန်းမတစ်ယောက်ရဲ့ဘဝကဘာလဲ.."

ဒါဒါ့မျက်နှာလေးက တင်းမာနေကာ စိတ်ဆိုးနေတာလား..။ သည်းခံနိုင်လွန်းတာလား မသိနိုင်သည့် ရယ်မြူးရိပ်ဖြင့် နှုတ်ခမ်းတို့က ပြုံးနေပြီး.. ၊

"ကျွန်မကတော့ ကိုယ့်ကိုယ်ကိုထားခဲ့ခံရတဲ့မိန်းမဆိုပြီး ကြေကွဲမနေဘူး..အဲ့ဒီယောကျ်ားကိုလည်း တမ်းတမျှော်လင့်မနေဘူး၊ ပိဂ္ဂိုတ္တရလုလင်တောင် ဥဒုမ္ဗရဒေဝီကိုရခဲ့ပေမယ့် အနားကပ်တာနဲ့ ယားယံတဲ့ဒဏ်ကို မခံနိုင်တော့ ရေသဖန်းပင်ပေါ်တင်ပြီး ထွက်ပြေးသွားတယ်လေ..အဲ့ဒါဆုံဆည်းခွင့်မရှိတဲ့ မတူမတန်ဘဝတွေမို့လို့ပဲ.."

ပြောပြီးရယ်တော့ မိုးမိုးမျက်နှာမဲ့သွားသည်။ စိတ်ထဲမှာလည်း ဘယ်သူ့ဘက်ကမတူတန်တာများလဲအေလို့ ရေရွတ်နေမိလျက်.. ၊

"အဲ့ဒီရာဇဝင် ငါတို့လည်းသိပါတယ်အေ..ဟိုက ဝိဒေဟရာဇ်မင်းကြီးကတွေ့ပြီး တော်ကောက်သွားတော့ အပျိုစင်လေးလေ၊ ကိုယ့်မှာကလေးတစ်ယောက်နဲ့ကျန်ခဲ့တာကိုလည်း ထည့်တွက်ပါဦး.."

မိုးမိုးက ပြောလက်စစကားနှင့် နိုင်ကွက်ရမည့်ပုံမြင်တော့ ရယ်လိုက်ပြီး.. ၊

"ကြည့်လည်းလုပ်ပါဦး..မနိုင်းကောင်းတာနှိုင်းရင် နူတတ်တယ်"

"ခုထိတော့ မနူးသေးပါဘူး..ဘာလို့ဆို သူနဲ့ကွဲသွားတည်းက ကျွန်မကိုယ်ကျွန်မ ဥဒ္ဒမ္မရဒေဝီလို့ပဲ မှတ်ခဲ့တာ.."

'အရှုံးစိတ်ချမ်းသာတော့ ကမ္ဘာကြီးငြိမ်းချမ်းတာပေါ့'ဆိုသည့် စကားလုံးတို့ဖြင့် မိုးမိုးကအသံတိတ်ရယ်၏။ သို့သော် ရင်ထဲမှာကလိကလိဖြစ်သွားသည့် ခံစားချက်ကြောင့် လုံးဝမပြောတော့ဘဲလည်းမနေနိုင်.. ၊

"တော်ပါပြီဒါဒါရယ်..နင့်ကိုတော့ မပြောတော့ပါဘူး၊ တကယ်ပဲမချွတ်ထိုက်တဲ့မိန်းမ.."

နောက်ဆုံးစကားကို နှုတ်ခမ်းလှုပ်ရုံပြောသွားတာဖြစ်သည်။ ဒါဒါသိလိုက်ပေမယ့် တမင်တကာပဲ နောက်ချန်နေရစ်ခဲ့သည်။ ရင်ထဲမှာ ဒေါသတရားကြောင့် ဓွေ့ဓွေ့ခုန်နေသော်ငြား ကိုယ့်ရှေ့တမင်လာပြောနေသည့်အဖြစ်ကြောင့် သည်းခံဖို့ကြိုးစားလိုက်သည်။ ဒါပေမယ့် ခံရခက်နေဆဲ..

လူတစ်ယောက်နဲ့တစ်ယောက် ပေါင်းဖက်စပ်ယှက်ခြင်းက ဘဝချင်းနီးတာလား..စိတ်ချင်းနီးတာလား..။ ဘဝချင်းနီးလို့ မြကြတာလား..စိတ်ချင်းနီးလို့ မကွဲကြတာလား..။ သူမအတွက်ကတော့ ဒီလူသားနဲ့ နီးနီးနေရတုန်းကလည်း ပူလောင်ခဲ့ရသည်။ ဝေးဝေးနေကြတော့လည်း ပူလောင်နေရတုန်း..။ ဒါဆို ခိုင်မြဲခြင်းဆိုတာ အနီးအဝေးဆက်စပ်မှုများနှင့် သက်ဆိုင်ပါသလား.. ၊

သူမရင်ထဲမှာ ဘယ်လိုအနီးအဝေးတွေရှိခဲ့သလဲ.. ၊

☎



အခန်း(၉)

"ဒါဆိုလည်း မင်းငါနဲ့ဝေးဝေးနေလိုက်တော့ဇကရီ..တစ်ယောက်ရဲ့စိတ်ကိုတစ်ယောက်ကရဖို့ဆိုတာ နီးနီးကပ်ကပ်နေကြတိုင်းဖြစ်လာတာမဟုတ်ဘူး.."

ခေါင်းအုံးထားသည့်လက်မောင်းကို ဆွဲထုတ်သွားသည်။ စာအုပ်ကိုအးပွဲပေါ်ပစ်တင်၏။ ပြီးတော့ သူ့လက်ကြားမှာ မီးခိုးငွေ့ငွေ့နှင့် စီးကရက်တိုသာ ကျန်ရစ်ခဲ့လျက်.. ၊

"မင်းကိုစိတ်ချမ်းသာမှုပေးရအောင် ငါလည်းစိတ်ချမ်းသာနေတာမဟုတ်ဘူး..ငါ့နားကပ်လာတိုင်း မင်းစိတ်ညစ်ရသလို.."

"ဇကရီ အဲ့လိုပြောတာမဟုတ်ဘူး.."

"ငါကတော့ မင်းကပ်လာတိုင်း စိတ်ညစ်တယ်.."

အိပ်ဖို့ခေါင်းမချမချင်း ညအိတ်ဝတ်စုံမလဲတတ်သည့် ကိုကို့ကိုယ်ပေါ်မှာ အပြာရောင်တီရှပ်နှင့် ဘောင်းဘီရှည်အနက်က ဒီတိုင်း။ သူ့ဘေးမှာကိုယ်လှဲနေလည်း ရှိသည်လို့မထင်။ သူ့နားကိုတိုးကပ် တွယ်ဖက်နေလည်းဆော်ဝင်လာတာမျိုးမဖြစ်။ စီးကရက်လက်ကြားညှပ်လျက် လက်ပ်တော့ပ်ကို

ပေါင်ပေါ်တင်ထားတတ်သလို စာအုပ်တစ်အုပ်ဖတ်နေတာမျိုး ပတ်ဝန်းကျင်ကို မေ့ထားတတ်သူဖြစ်လေသည်။

ဧကရီ သူ့ကိုတစ်ဖက်သတ်ငေးရသည်။ ထိတွေ့ပွေ့ဖက်ချင်လည်း ကိုယ်ပဲကြိုးစားရသည်။ သူ့ဆီက တစ်စုံတစ်ရာတုံ့ပြန်လာမှုကိုရဖို့ အသေအလဲကြိုးစားယူရတာလည်း သူမသာဖြစ်၏။

"ကိုကို ဧကရီကိုမှန်မှန်ဖြေစမ်းပါ..ဧကရီ့ကို ဦးနဲ့မကင်းရှင်းခဲ့ဘူးထင်လို့ ကိုကိုကရွံသလိုရှာသလို ဆက်ဆံနေတာလား.."

"ဟော့.."

ကျောခိုင်းပြီးမှ ဖျတ်ခနဲလှည့်တားမိကာ.. ၊

"မင်းအဲ့ဒါတွေပါးစပ်ထဲထည့်ပြောနေရတာ ပျော်စရာကောင်းလို့လား.."

"မပျော်ပေမယ့် ကိုကိုဆက်ဆံနေတဲ့ပုံကို ဧကရီမခံနိုင်ဘူး.."

"မခံနိုင်ရင် မင်းကြိုက်သလိုနေလို့ရတယ်လို့ ငါပြောပြီးသား.."

"ဘာလို့နေရမှာလဲ..ကိုကိုကဧကရီ့ယောကျာ်း၊ ကိုကို့ကိုပဲချစ်တာ..ကိုကို့ဆီကပဲ.."

"မင်းလိုချင်တာတွေ အကုန်လုံးမရနိုင်ဘူးဧကရီ..မင်းနဲ့ငါလင်မယားဖြစ်ခဲ့တယ်၊ အဲ့ဒီအတွက် မင်းယောကျာ်းဖြစ်သွားတယ်..ဒါပဲ၊ မင်းလိုချင်တဲ့ ပတ်သက်မှုကလည်း ဒါပဲမဟုတ်ဘူးလား..ဘာဖြစ်လို့ လောဘတွေတက်နေတာလဲ.."

ဘောင်းဘီခါးစပ်မှာ လက်မချိတ်ထားရင်း မညှာမတာမေးခွန်းထုတ်နေသည့်မျက်ဝန်းတွေက အေးစက်စူးရဲနေသည်။ နှာအထက်ထိ တိုတိုရှင်းရှင်းရှိနေသည့် ဆံပင်တွေက နားသယ်စပ်နှင့်ဂုတ်ပိုးဆံစပ်တို့မှာ စိမ်းမှောင်နေစေကာ ဖြူဝင်းသည့်အသားရောင်ပေါ်မှာ ထင်းနေ၏။ ထူတာထက်ပိုချင်သလိုဖြစ်နေသည့် မျက်ခုံးတန်းတွေက ကြည့်ရမဆိုးဘဲ ပိုခန့်နေသည်။ နှာတံပေါ်ခြင်းက ယောကျာ်းပီသစွာ လွန်ကျူးနေသလိုရှိပေမယ့် ကြည့်ကောင်းသည်။ နီးမြန်းသည့်နှုတ်ခမ်းတွေက အထူးအပါးညီ၏။

မျက်လွှာချအလုပ်လုပ်နေတိုင်း မရှည်သောမျက်တောင်ထူထူလေးတွေက ဆွဲဆောင်သည်။ အပေါ်ကိုမျက်လွှာပင့်ကြည့်နေတိုင်းလည်း ချောနေ



တာပင်။ သူမအလှတွေဘယ်လောက်ပြင်သွားပါစေ ကိုကိုနဲ့တွဲသွားခဲ့တိုင်း ကိုကိုဘယ်လောက်ချောတာတွေပဲ ကြားနေရသည်။ သူမကျတော့ ကိုကိုနဲ့ ရှေ့သွားနောက်လိုက်ညီသည့်အဖြစ်သာ.. ၊

"ကိုကိုရယ်.."

ဧကရီ ဆွေးမြည့်စွာခေါ်မိရင်း မွေ့ရာပေါ်ကနေ ခြေထောက်လေးချထိုင်လိုက်မိသည်။ ပြီးတော့ ကိုကို့မျက်နှာကို မော့ကြည့်၍.. ၊

"ဧကရီလိုချင်တာ ဒါပဲလို့ ဘာလို့ပြောတာလဲကိုကို..ကိုကို့ကို ဧကရီချစ်တယ်.."

"ဟွန်း..."

"ကိုကိုလှောင်လို့ရပါတယ်..ဧကရီ့လုပ်ရပ်က ကိုကိုလှောင်ရယ်စရာတွေဖြစ်ခဲ့တာကို၊ ဒါပေမဲ့ ကိုကိုပြောသလို နီးနီးနေတိုင်းအချစ်စိတ်ကို ရနိုင်ဘူးဆိုရင် ကိုကို့ကိုမြင်မြင်ချင်းချစ်မိတယ်ဆိုတာကရော မဖြစ်နိုင်ဘူးလား.."

"တော်တော့ဧကရီ..ငါမင်းနဲ့ အဲ့ဒီကိစ္စတွေမဆွေးနွေးချင်ဘူး..."

"ကိုကိုဆွေးနွေးချင်တာ ဘာလဲ..ကိုကို့နားမကပ်နဲ့ဆိုတာလား"

ကိုကိုက ဘာမှမဖြေဘဲ တစ်ဖက်လှည့်သွားသည်။ ပြီးတော့ စီးကရက်တိုကို ခွက်ထဲထည့်လိုက်ပြီး ခုံဆွဲထိုင်၍.. ၊

"ဧကရီ.."

သူမက ဒီတိုင်းပဲငေးကြည့်နေခဲ့၏။

"မင်းနဲ့ငါ လက်ထပ်ခဲ့တာ တစ်လနှစ်လမဟုတ်တော့ဘူး..."

"ဒါပေမဲ့ ဧကရီခံစားနေရတာ မနေ့တစ်နေ့ကလိုပဲ..ကိုကို့ဆီက ရင်းနှီးချစ်ခင်မှု ဧကရီဘာမှမရဘူး၊ ကိုကို့မျက်နှာပေါ်မှာ တင်းနေတဲ့မာနတွေ တစ်ခါမှကောက်ကြောင်းမပြေခဲ့ဘူး..အဲ့ဒါတွေကို ဥပေက္ခာထားဖို့ကြိုးစားပြီး ဧကရီတောင်းဆိုနေတာပါ၊ ကိုကို့ရင်သွေးကို ဧကရီလွယ်ချင်တယ်.."

သူထရပ်လိုက်တာနှင့် ဧကရီကသူ့ရှေ့မှာ ပိတ်ရပ်ထားပြီးဖြစ်ကာ..

"ကိုကို.."

"မဖြစ်နိုင်ဘူး..."

"ဘာဖြစ်လို့လဲ..ကိုကိုကဇေရီယောက်ျား၊ ဇေရီနဲ့သက်ဆိုးတိုင်.."

"သက်ဆိုးတိုင်ဖြစ်ဖြစ် ခဏတဖြုတ်ပဲဖြစ်ဖြစ် ငါမင်းနဲ့လက်ထပ်ခဲ့တာ မင်းဖြစ်ချင်တာတွေကို ဖြည့်ဆည်းပေးဖို့ပဲ..အဲ့ဒီထဲမှာ မိသားစုဘဝမပါဘူး.."

"ဘယ်လို.."

"ဒါပဲအထပ်ထပ်ပြောနေရတာ မင်းရောငါရော အပိုအလုပ်ရှုပ်မယ်..အဲ့ဒီတော့ မင်းဘက်ကကြိုက်တဲ့နားနဲ့ထောင်၊ ငါပြောမယ်.."

မညင်သာသော တုံ့ပြန်မှုတွေအတွက် ဇေရီနှုတ်ခမ်းကိုက်ထားမိ၏။

"ငါမင်းကို မချစ်နိုင်တာက သပ်သပ်..မင်းနဲ့မိသားစုဘဝထူထောင်ဖို့ဘယ်တုန်းကမှစိတ်မဝင်စားတာက သပ်သပ်၊ အဲ့ဒါက သူ့အလိုလိုဖြစ်တည်နေတဲ့ ခံစားချက်ပဲ.."

"နွေးထွေးဖို့ ဇေရီကြိုးစားတိုင်း ကိုကိုဘယ်တုန်းက.."

"အဲ့ဒီခံစားချက်ကို ပုံသွင်းထုဆစ်လို့မရဘူးဇေရီ..လင်နဲ့မယားမို့ မင်းနဲ့ငါမကင်းကြတာရှိလိမ့်မယ်၊ အဲ့ဒါသွေးသားဆာလောင်မှုတစ်ခုပဲ..ထွေးပွေ့ယုယခြင်းဆိုတာ ချစ်တဲ့စိတ်ရှိမှဖြစ်တာ.."

"တော်ပါတော့..ရှင်တော်ပါတော့.."

ညအချိန်မတော်ကြီးပေမယ့် ဇေရီနားနှစ်ဖက်ပိတ်ပြီး အော်သည်။ ဆံပင်တွေကို ခါပစ်၏။

"ရှင်ကြီးသိပ်ကိုတရားလွန်တယ် သိလား.."

ကိုကိုခြေလှမ်းရွှေ့တော့ ဇေရီကထပ်တူလိုက်ရွှေ့ကာ.. ၊

"သိပ်ကိုတစ်ကိုယ်ကောင်းဆန်ပြီး နှလုံးသားမရှိတဲ့လူ.."

လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်တော့ ကိုကိုကဖယ်ချပစ်လိုက်ပြီး.. ၊

"မင်းအိပ်လိုက်တော့.."

"ဘာလဲ..အပြင်မှာသွားအိပ်တော့မလို့လား.."

"တောက်.."

မျက်နှာသည် တင်းခနဲညိုမှောင်သွားကာ ခပ်ကြိတ်ကြိတ်တက်ခေါက်သည်။ ပြီးတော့ နောက်ထပ်တားဆီးဖို့ပြင်လိုက်သည့်လက်တွေကို



ပုတ်ထုတ်ပစ်လိုက်ကာ.. ၊

"မင်းလိုလောဘဆိပ်တက်လာတိုင်း လူစိတ်ပျောက်တဲ့မိန်းမမင်းပဲရှိတယ်.."

သူ့ခြေလှမ်းတွေ လေတိုက်သလို ကျဲပါးမြန်ဆန်သွားခဲ့သည်။ ဇေရီက အခန်းဝထိပြေးလိုက်လာပြီး တံခါးကိုဖိဆုပ်ကိုင်ထားလိုက်ရင်း.. ၊

"အလိုကြီးတဲ့လူတွေက အရနည်းလို့ပဲကိုကို..ကိုကို့ဆီက ဇေရီဘာမှမရခဲ့ဘဲ ဘာဖြစ်လို့လောဘကြီးတယ် ပြောရတာလဲ၊ ကိုကိုမပေးချင်ရင်တောင် ရက်ရက်စက်စက်တွေပြောဖို့ မကောင်းပါဘူး..ဇေရီကတော့လိုချင်တာမရရင် ရတဲ့နည်းနဲ့ယူရမှာပဲ၊ မပေးချင်ရင် ပေးချင်တဲ့လူဆီက.."

"တော်တော့.."

"ဂျိမ်း.."

ကိုကိုဖျတ်ခနဲ ရှေ့ပြန်ရောက်လာကာ ဇေရီ့ကိုအခန်းထဲတွန်းထည့်လိုက်သည်။ ပြီးတော့ တံခါးကိုအကြမ်းပတမ်း ဆွဲပိတ်ပစ်လိုက်ပြီး.. ၊

"တောက်..စိတ်ပျက်ဖို့ကောင်းတဲ့မိန်းမ.."

☎

## အခန်း(၁၀)

"စိတ်ပျက်စရာနွေရယ်..အဲ့လောက်တော်တဲ့ ဗေဒင်ဆရာမက ဒီလို လမ်းကြိုလမ်းကြားမှာ လာနေသတဲ့လား၊ ဟုတ်မှလုပ်ပါ..တကယ်တော် လာပြီဆိုရင် မြို့ပေါ်မှာဆိုင်ကနားနဲ့ တခမ်းတနားဖြစ်လာကြတာပဲ.."

ကားနဲ့လမ်းကြိုလမ်းကြားဝင်ရတာ အတော်သတိထားနေရသည်။ လမ်းဘေးတုတ်ထိုးဆိုင်လေးတွေ အသုတ်စုံဆိုင်တွေကလည်း မလွတ်လပ် တာဖြစ်လာရင် ထဖယ်ထရွှေ့လုပ်ပေးကြတာမဟုတ်။ ကားဝင်လာတာ မြင်တာနှင့် ခဲ(ဂဲ)နဲ့ကောက်ထုချင်သည့်မျက်နှာမျိုးတွေ ဖြစ်ကုန်ကြတာ ပိုဆိုးသေးသည်။ တချို့ကျတော့ 'လွတ်တယ် လွတ်တယ်'ထအော်ပေးကြ ပေမယ့်.. ၊

"တောက်..စိတ်ပျက်ဖို့ကောင်းလိုက်တာ.."

"နင်ကလည်း ညည်းပဲညည်းနေတာပဲဇကရီရယ်..ငါလည်းသတင်း ကြားလို့ ခေါ်လာတာပဲ၊ သေချာတော့ ဘယ်လိုလုပ်သိပါ့မလဲ.."

"ငါကလည်း အကြားအမြင်ဆို သိပ်မေးချင်တာလေ.."

"ဒါဆိုလည်း မညည်းနဲ့တော့..နားငြီးတယ်.."



သူငယ်ချင်းတွေမို့ အချင်းချင်းမျက်စောင်းရွယ်ရင်းနဲ့ပဲ မကျေနပ် တာတွေကို ဖျောက်ဖျက်လိုက်ရသည်။

"ရှေ့မှာကွေ့လိုက်ဇကရီ..ဗီနိုင်းအနီရောင်ဆိုင်းဘုတ်နဲ့ ဗန်ဒါပင်လေး နားမှာ ကွေ့ရမှာတဲ့..ပြီးရင်ရောက်ပြီး.."

"ဒါဆို ကိုကိုတိုက်ဆောက်မယ့်ကွင်းဘက် ရောက်သွားမှာပေါ့..ဟို တစ်ခါ ငါရောက်သေးတယ်.."

"ဟုတ်မှာပေါ့..မသိဘူး.."

"တီ.."

ဟွန်းသံပေး၍ တရွေ့ရွေ့တိုးဝင်ခဲ့ရင်း ဗေဒင်ဆရာမအိမ်ကို ရောက် လာတော့ လူဝင်လူထွက်တွေရှိနေတာ မြင်လိုက်ရသည်။

"ဒီနေ့စနေနေ့ဆိုတော့ လူများနေပုံပဲဟ.."

"စိတ်ညစ်လိုက်တာဟယ်..အဲ့ဒါကြောင့် ငါ့အိမ်ကိုခေါ်ပေးပါဆိုတာ နင်ပဲထင်ကြေးတွေအမျိုးမျိုးပေးနေတာ.."

"ထင်ကြေးပေးတာမဟုတ်ဘူး..သူကအဲ့ဒီလိုလိုက်ဟောနေတဲ့သူမှမ ဟုတ်တာ ဘယ်လိုလုပ်ခေါ်ရမှာလဲ၊ မွေးနေ့မွေးရက်မမေးဘဲ နာမည်ပြောရုံ နဲ့ လူကြည့်ဟောတာ..ပြီးတော့ မေးချင်တာတွေ အများကြီး ထိုင်မေးနေလို့ လည်း မရဘူး၊ သိချင်တာတစ်ခုနှစ်ခုပဲ ဟောပေးတာလေ..ယတြာပေးရင် လည်း တစ်မျိုးပဲ၊ အရမ်းစွမ်းတာတဲ့..အဲ့လိုကောင်းသတင်းတွေကြောင့် နင် တောင်အခုသူ့ဆီရောက်လာတာကြည့်.."

"အမလေးနွေဦးရယ်..ရီဗျူးကောင်းကောင်းရေးပြီး လိုင်းပေါ်ကြော် ငြာပေးလိုက်ပါလား.."

"တွေ့လား..သူ့အတွက်လည်း စုံစမ်းပေးရသေးတယ်..အဲ့.."

နှစ်ယောက်သားရန်ဖြစ်လို့ကောင်းနေတုန်း နောက်ကဝင်လာကြ သည့် နှစ်ယောက်က ကိုယ့်ရှေ့ကဝင်သွားကြ၏။ သို့သော် ဘေးလွယ်အိတ် လေးကို ကမန်းကတန်းကောက်ချိတ်ပြီး ဇကရီကအမီလိုက်ကာ ပျဉ်ထောင် အိမ်ဝပ်ဝပ်လေး၏ အပြင်ခန်းကထိုင်ခုံမှာ ဝင်ထိုင်ပစ်လိုက်သည်။ အရင် ရောက်ပေမယ့် ခုံနေရာမဦးလိုက်နိုင်သည့်နှစ်ယောက်က ဒီတိုင်းမတ်တပ် ရပ်နေရလျက်.. ၊

“ဟိုမှာထွက်လာပြီ..ငါတို့ဝင်ရအောင်..”

“လာ နွေ..ငါတို့အလှည့်..”

အပြာရောင်ဇာခန်းဆီးလေးထဲကိုဝင်ဖို့ နှစ်ယောက်အတူ ပခုံးချင်းယှဉ်မိကြ၏။ ထို့ပြင် ခန်းဆီးကိုလှမ်းကိုင်လိုက်မိတာ လက်နှစ်ဖက်က ပြိုင်တူ။ ထိုအခါကျမှ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်မိကြလျှင်.. ။

“သြော်..သြော..”

“ရှင်ကိုး..”

ချစ်ခင်နှစ်သက်မှုတွေနဲ့မဟုတ်ဘဲ မျက်လုံးချင်းဆုံမိကြကာ မျက်နှာပေါ်မှာ ကောက်ကွေ့ကြောင်းတို့ တစ်မျိုးတစ်ဖုံစီဖြစ်ထွန်းသွားခဲ့၏။ ထို့နောက် ခန်းဆီးကိုင်ထားပြီးသည့်လက်တို့ကို ပြိုင်တူပြန်ချလိုက်ကြပြီး..၊

“ငါအရင်ရောက်တာ ငါဝင်မယ်..”

“နေရာပြေးဦးနိုင်တာနဲ့ ငါအရင်လို့ပြောလို့ရလား..”

နောက်ဝင်လာသည့် အမျိုးသမီးသုံးယောက်ကလည်း သူတို့ကို တအံ့တသြကြည့်နေကြ၏။ သို့သော်နှစ်ယောက်စလုံးက ပတ်ဝန်းကျင်ကို ဂရုမစိုက်.. ။

“ငါအရင်မို့လို့ နေရာရတာအရှင်းကြီးပဲ..လုပ်မနေနဲ့၊ နင်ကငါ့နောက်မှ..”

“ကဲပါဒါဒါရယ်..သိပ်အကြာကြီးစောင့်ရမှာလည်း မဟုတ်ဘဲနဲ့၊ ငါတို့နောက်မှ..”

“မဆိုင်ဘူး..စီနီယာအတိုင်းပဲ..”

နွေကတော့ ဘာမှဝင်မပြောတော့ပါ။ ဧကရီ့ကိုအရှုံးပေးခိုင်းဖို့က မလွယ်ကူမှန်းသိထားသည်မို့.. ။

“နင့်ကိုမြင်လိုက်ရရင် အားလုံးနဲ့ကတ်ဖိုးကတ်ဖဲ့ လုပ်နေတာချည်းပဲနော်..ဘာလဲ နာမည်ကြီးချင်လို့လား..”

“ငါကတ်ဖိုးကတ်ဖဲ့လုပ်ရတိုင်း နင်နဲ့ချည်းပဲဖြစ်နေတာ ထည့်ပြောဦး..နာမည်ကြီးချင်တာဆိုရင် နင်ကငါ့ထက်ပိုနိုင်တယ်..”

“ဟဲ့..”



ဒါဒါက ခန်းဆီးကိုဆွဲဖယ်လိုက်လျှင် ဧကရီကပုတ်ချပစ်၏။ ပြီးတော့ သူမကပဲဒေါသတကြီး.. ။

“စကားပြောနေရတာပိုတန်ကြေးရှိတယ်..ငါကျော်ဝင်မယ်၊ ရော့”

“အံမာ..”

ဒါဒါ ဒေါသထွက်သွားကာ ပိုက်ဆံကိုငုံ့ကြည့်ပြီး ဆတ်ခနဲခါးထောက်သည်။ နွေက နှစ်ယောက်ကြားကို ကမန်းကတန်းဝင်လိုက်ရင်း ပိုက်ဆံပေးနေသည့် ဧကရီ့လက်ကို ဖယ်ချလိုက်၍.. ။

“ဒီလိုရှိပါတယ်အစ်မရယ်..နွေတို့က မြို့ထဲကနေအဝေးကြီးလာရတာပါ၊ အစ်မတို့ကြည့်ရတာ ဒီရပ်ကွက်ထဲကပဲထင်ပါတယ်..နွေတို့ အချိန်မီပြန်လို့ရအောင် ရှာခဲ့လူတွေက နည်းနည်းလောက်ဦးစားပေးဖို့ ပြောချင်ပါတယ်..အများကြီးလည်းမကွာပါဘူး၊ ရှေ့နောက်လေးပဲဟာ..နော်..”

“ဟုတ်ပါတယ်ဒါဒါရယ်..တို့ဆရာမနာမည်ကြီးလို့ လာကြတဲ့ဥစ္စာ၊ ကိုယ်ကအလျှော့ပေးရမှာပေါ့..”

“အဲ့လိုဆိုပြောလေ..နေရာတကာပိုက်ဆံထုတ်ထုတ်ပေးနေတာ လူတွေကို ဘာအောက်မေ့လို့လဲ၊ ဟွန်း..”

ဟိုတစ်ခါ ငါးထောင်တန်။ ဒီတစ်ခါ တစ်သောင်းတန်.. ။

ကိုယ့်ဘာသာဆင်းရဲလို့ တစ်နေ့သုံးလေးထောင်ကို ကြက်မယက်သလို ယက်ပြီးရှာရပါစေ ဒါမျိုးတော့ တင်တင်စီစီးလာမပြောနဲ့..၊

ဒါဒါ့မျက်နှာပေါ်က ဒေါသကိုအကဲခတ်ပြီး နွေကဧကရီ့ကိုလက်တို့ဝင်သွားကာ.. ။

“နင်ကလည်း လူတိုင်းကို ကိုယ့်အလုပ်သမားမှတ်နေသလား ဧကရီရယ်..တော်ပါတော့..”

သူမကိုအပြစ်တင်လိုက်တာနှင့် ပြန်ပြောဖို့ပြင်သည့် ဧကရီ့ကို ဆရာမရှေ့မှာထိုင်ဖို့ အတင်းဖိဆွဲချလိုက်ကာမှ.. ။

“ဖယ်စမ်းပါ..ငါ့ဘာသာထိုင်တတ်ပါတယ်..”

ခပ်ညစ်ညစ်အပွင့်မပေါ်တော့သည့် ကတ္တီပါအပွင့်ရိုက်အခင်းလေးပေါ်မှာ လက်ထောက်ထိုင်လိုက်မိပြီး ကိုယ့်လက်ကိုပြန်ကြည့်သည်။ ပြီးတော့ နှာခေါင်းရှုံ့ပွပွနှင့် လက်ချောင်းချင်းပွတ်ချမိ၏။ ဒီကလူတွေကိုမုန်း

သည်။ ဒီကိုလာမိတာလည်း နောင်တရ၏။ အိမ်ကိုခေါ်လို့မလိုက်သော ဒီဗေဒင်ဆရာမကိုလည်း.. ။

မျက်မှောင်ကုတ်ကြည့်မိတော့ နွေကခါးကိုမသိမသာတို့၍ သတိပေးသည်။ ဆရာမကဘုရားသောက်တော်ရေ ကပ်နေခြင်းမှာ အာရုံရောက်နေသဖြင့် သူမမျက်နှာကို သတိထားမိပုံမပေါ်ပါ။ ကေရီကတော့ စိတ်တိုင်းမကျခြင်းတွေကြောင့် ဘာကိုမှအမြင်မကြည်တော့ဘဲရှိကာ ဗေဒင်ဆရာမ၏ ဟောချက်တို့သည်လည်း.. ။

"ဘာသိချင်တာလဲ.."ဟု နောက်ထပ်မေးခွန်းထုတ်အပြီး.. ။

"အိမ်ထောင်ရေးပါဆရာမ..သူကအိမ်ထောင်ရေးအဆင်မပြေလို့ပါ.."

မျက်လုံးချင်းဆုံတော့ ကေရီကပဲခေါင်းညိတ်ပြရသည်။ ဆရာမက သူမကိုစိုက်ကြည့်ပြီးမှ မျက်လုံးတွေမှိတ်သွားသည်။ ခဏကြာတော့ ပြန်ဖွင့်လာကာ.. ။

"ညီမက အိမ်ထောင်ရေးအခြေအနေပြန်ကောင်းချင်တာလား.."

"ဒါပေါ့ဆရာမရယ်..ဒီထိလာမေးမှတော့.."

ကေရီစကားသံက သိချင်တာထက် အငေါ်တူးတာ သိသာနေသဖြင့်၊

"သူ့ယောက်ျားက.."

"နေပေ့စေ..ငါမေးမယ်.."

နွေကဝင်ပြောပေမယ့် ကေရီကလက်နဲ့တိုက်၍ ခေါင်းခါပြကာ..၊

"အိမ်ထောင်ရေးအဆင်မပြေလို့ လာမေးတဲ့ဟာ ကွဲချင်မှဖြင့် သူ့ကိုစိန်ခေါ်ပြီး စာချုပ်မှာလက်မှတ်ထိုးပစ်လိုက်မှာပေါ့ဆရာမရယ်..မဟုတ်ဘူးလား၊ ဒီကိုလာမှတော့ အဆင်ပြေချင်လို့ပဲဆိုတာ.."

"လာတဲ့လူတိုင်း အဆင်ပြေချင်တာမဟုတ်ဘူးညီမရဲ့..ကွဲဖို့ကွာဖို့တွေလည်း သူ့အကြောင်းနဲ့သူ အမျိုးမျိုးရှိနေကြသေးတယ်၊ ဒါပေမဲ့ထားလိုက်ပါ..ကျွန်မမေးတာက ညီမရဲ့အိမ်ထောင်ရေးအဆင်မပြေမှုက ဒီတိုင်းသွားမယ့်ပုံရှိနေတယ်.."

ကေရီ မျက်နှာပျက်သွားသည်။ ကိုယ့်ဒေါသကို ဒီပုံစံနဲ့တုံ့ပြန်လိုက်တာလား..။ လူကိုကြည့်တော့ သည်းခံတတ်သလို ဆရာမပီပီသဘောထားကြီးသလိုလို.. ။



"အထီးကျန်ကုန်ဆုံးရမယ့် ကံတရားနဲ့မွေးလာတာမျိုးပါ..ဥပမာ မွေးချင်းမိသားစု အများကြီးရှိရင်ရှိမယ်၊ ကိုယ့်ကိုချစ်ခင်အလိုလိုက်တဲ့သူမရှိဘူး..ရွှေငွေစည်းစိမ်တွေ ပြည့်စုံနေတာရှိရင်ရှိမယ်၊ ကိုယ့်ကိုယ်ကိုဘယ်တော့မှ ပြည့်စုံနေပြီလို့ မခံစားရဘူး..အိမ်ထောင်ကျခဲ့ရင်လည်း.."

ဆရာမပြောနေသည့်စကားတွေက ကိုယ့်ရဲ့ငယ်ဘဝကနေ ငုတ်တုတ်ထိုင်ကြည့်ပြီး ပြောနေသည့်နှယ်။ ကေရီဆိုသည့်နာမည်လေးနဲ့ မိသားစုရဲ့ထိပ်ဆုံးမှာ နေရာထားခဲ့ပေမယ့် မိဘနှစ်ပါးကလည်း လွတ်လပ်သလိုနေသည်။ မွေးချင်းမောင်နှမတွေကလည်း အချင်းချင်းကြင်ကြင်နာနာမရှိကြ။ ထို့ပြင် ငွေရမည်သာဆိုလျှင် 'ဘနဖူးသိုက်တူးဖို့ ဝန်မလေး'သည့် အခြေအနေထိ တစ်ကိုယ်ကောင်းဆန်ကြသေးသည်။ သူမရဲ့အိမ်ထောင်ရေးက ဤသို့ဖြစ်သွားခဲ့ရသည့် အကြောင်းသည်လည်း.. ။

"အဲ့ဒါကို ကိုယ့်ဘာသာကြိုးစားပြုပြင်မှပဲရမယ်..ဘာသာရေးနာနာလုပ်ပါ၊ စကားပြောတာလျှော့ပြီး တည်ငြိမ်မှုရအောင် ကြိုးစားပါ..အကောင်းဆုံးယတြာကတော့ တရားထိုင်ဖို့ပဲ၊ တစ်နေ့ကိုဆယ်မိနစ်ကနေထိုင်ကြည့်ပါ.."

"ကြည့်တယ်..ဘယ်လိုမှမရဘူး၊ တခြားယတြာပေးပါဆရာမ..အလှူအတန်းကြီးကြီးကျယ်ကျယ်ပေးလိုက်ရင်ရော.."

မယုံကြည်သည့်အကြည့်တွေ အပြောတွေ ပြောင်းလဲကုန်ကာ ကေရီ့မျက်နှာလေးမှာ စိုးရိမ်ပူပန်မှုတွေ လွှမ်းခြုံနေခဲ့သည်။ ထို့ပြင် ဗေဒင်ဆရာမကို ရင်းနှီးသည့်အကြည့်တို့နှင့် ကိုယ်လေးရှေ့ထပ်တိုးလိုက်ပြီး.. ။

"ကျွန်မလိုချင်တာက သူကျွန်မကိုချစ်လာဖို့ပဲ.."

အားကိုးတကြီးပြောမိပေမယ့် ဆရာမက ပြတ်သားစွာခေါင်းခါ၏။

"ကျွန်မမြင်တဲ့အတိုင်းကတော့ ညီမအိမ်ထောင်မြဲမှာမဟုတ်ဘူး.."

ဟင်.. ။

"ဒါဆို ဆရာမခုနပြောလိုက်သလို အထီးကျန်ကုန်ဆုံးရမယ့်ဇာတာဆိုရင် သူကဒီအိမ်ထောင်လည်းကွဲမယ်..ထပ်လည်းမရနိုင်တော့ဘူးပေါ့.."

"သေချာပေါက်ကြီးမပြောနိုင်ဘူး..ကျွန်မမြင်တာတော့ အထီးကျန်ကုန်ဆုံးခြင်းပဲ.."

နွေဘယ်လိုမှ လက်မခံနိုင်ပါ။ မျက်နှာအပျက်ကြီးပျက်နေရှာသည့် ဧကရီ့ကိုလည်း သနားမိကာ.. ၊

"သူက အရမ်းချမ်းသာတာ..ပြီးတော့ ဒီအရွယ်ဒီပုံစံက အထီးကျန် မဆန်အောင် ကြိုက်သလိုနေလို့ရတာပဲဆရာမရယ်..အခု အိမ်ထောင်ရေး ကိုပဲပြောပြပါ၊ သူ့ယောက်ျားနဲ့မြဲချင်ရင် ဘာလုပ်ရမလဲ.."

"ကိုယ်ကောင်းဖို့အတွက် ကိုယ့်ဘာသာလုပ်ရမှာပါ..ဗေဒင်ဆိုတာ ရှေ့ဖြစ်ဟောပေမယ့် ကံကြမ္မာကိုပြောင်းလဲစေတဲ့အထိ မတတ်နိုင်ဘူးလေ၊ ဘာဖြစ်နိုင်တယ်ဆိုတာသိရင် ရှောင်ဖို့ဆောင်ဖို့က ကိုယ်တိုင်ကြိုးစားရမှာ ပဲ.."

"နေဦး.."

ဧကရီက နွေ့ကိုတားဆီးလိုက်ပြီး ဆရာမကိုတောင်းပန်သလို ကြည့် ကာ.. ၊

"တရားထိုင်တာအပြင် တခြားငွေကုန်ကြေးကျခံရမှာမျိုးဖြစ်ဖြစ် ယတြာတစ်ခုခုလုပ်ပေးပါ..ဘယ်လောက်ကုန်ကုန် တတ်နိုင်ပါတယ်.."

"စိတ်မရှိပါနဲ့..ကျွန်မကဘုရားယတြာပဲပေးတတ်တယ်.."

ပြောပြီး အပြင်ကိုလှမ်းကြည့်တော့ နောက်ထပ်တစ်ယောက်ဝင်လာဖို့ အလိုရှိနေပြီမှန်းသိလိုက်သည်။ ထို့ကြောင့် ဘေးမှာချထားသည့် ငွေဖလား လေးထဲကို ပိုက်ဆံထည့်ထားခဲ့ပြီး ပြန်ထွက်ခဲ့ရသည်။ ကိုယ့်လည်ပင်းမှာ ဆင်ထားသည့်စိန်လော့ကတ်နဲ့ လက်စွပ်သုံးကွင်းကပဲ ဖင်တစ်လှည့်စာ ဒီအခန်းကျဉ်းလေးထဲမှာ ဆလိုက်မီးတွေလို ပြိုးပြက်လက်နေတာပါ။ ပြီး တော့ ခြံတိုင်နဲ့နဲ့ခပ်စုတ်စုတ်လမ်းထဲမှာ ထိုးထားသည့် ထောင်ကျော်တန် ကားကြီးနဲ့လာတဲ့ သူမရဲ့အဆင့်အတန်း။ ဒါတွေကို မြင်နေတာတောင် မကောင်းတာတွေချည်း ပြောခဲ့တာက မျက်နှာကြီးရာ ဟင်းဖက်ပါတာတော့ မဟုတ်တန်ရာ။ ပြီးတော့ သူမရဲ့ ကိုယ်ခန္ဓာနဲ့ဒီမျက်နှာက အလှအပတွေရော ဒီလိုမိန်းမတစ်ယောက်ကို ယောက်ျားက မကြင်နာတာတွေ ဘာလို့ဟောရဲ တာလဲ.. ၊

ခန်းဆီးရဲ့အပြင်ကိုထွက်လာပြီးမှ ဧကရီ့ခြေလှမ်းတွေက ရှေ့မတိုး ချင်အောင်ဖြစ်သွားသည်။ အစက အထင်မကြီးခဲ့သည့်ဗေဒင်ဆရာမအပေါ်



စိတ်ဝင်စားသွားမိပြီဖြစ်ကာ နောက်လူကိုဘယ်လိုဟောမလဲဆိုတာပါ ကြား ချင်လာခဲ့သည်။ ခြေလှမ်းတုံ့ပြီး နားစွင့်မိကာမှ နောက်လူက ဒါဒါဆိုသည့် တစ်ယောက်ဖြစ်နေမှန်း သတိထားမိလိုက်သည်။ ထိုစဉ်.. ၊

"ဗေဒါဖြူနော်.."

နာမည်ကိုကြားလိုက်ပြီးနောက်.. ၊

"ဘာသိချင်တာလဲ.."

"ဘာတစ်ခုမှကို မကောင်းခဲ့လို့ပါဆရာမရယ်..ကျွန်မလောက်ကံဆိုး တဲ့သူ ရှိမယ်တောင်မထင်ပါဘူး.."

"ဟုတ်လိမ့်မယ်..ညီမရဲ့အတိတ်ကံမှာ ဘာတစ်ခုမှမကောင်းခဲ့ဘူး၊ ဒါပေမယ့် မကြာခင်လည်း ဒီထက်ဆိုးတာတွေ ဖြစ်လာဦးမှာ.."

"ဒီ့ထက်ဆိုးမယ်.."

"ဟုတ်တယ်..အဲ့ဒီဒုက္ခကို ကောင်းကောင်းဖြတ်ကျော်လိုက်တာနဲ့ ကံကြမ္မာကပြောင်းပြန်လှန်လိုက်သလို ကောင်းသွားမယ်.."

"ကောင်းဖို့ရှိသေးတယ်ပေါ့နော်.."

"ရှိတယ်..ကောင်းတာလာတဲ့အချိန်မှာ ကိုယ့်ဘက်မှာပြိုကွဲပျက်စီးမှု တွေ ဖြစ်မနေဖို့ အတတ်နိုင်ဆုံးထိန်းချုပ်ထားရမယ်၊ ဒေါသထွက်ပြီး ပေါက် ကွဲတာတွေ မဖြစ်အောင်ဆင်ခြင်..ကိုယ်ရေသောက်တိုင်း ဘုရားကိုသောက် တော်ရေကပ်ပါ၊ မွေးနေ့မှာ အိမ်ကဘုရားကိုရေသပ္ပါယ်ပါ..ခရီးသွားလမ်း သွား ခဏတာတည်းခိုတဲ့နေရာရောက်နေရင်လည်း အနီးဆုံးဘုရားမှာ ရေ သပ္ပါယ်လှူဒါန်းပါ၊ မပျက်မကွက် လုပ်ပါ..အဆိုးတွေကျော်သွားပါလိမ့် မယ်.."

ဧကရီဆက်နားမထောင်ချင်တော့သဖြင့် ဒီဘက်ပြန်လှည့်ပြီး ခြေ လှမ်းပြင်လျှင်.. ၊

"အရမ်းကောင်းတယ်နော်..ဒီအဆိုးကလွတ်သွားရင် နတ်ဘုံနတ် နန်းရောက်သွားသလို ပြောင်းလဲသွားမှာ.."

ကြားရခြင်းသည် ထိုမျှနှင့်မပြီးခဲ့ဘဲ.. ၊

"ညီမကဘုရင်မဇာတာနဲ့ ဘဝကိုကုန်ဆုံးရမှာ.."

ဧကရီ့တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွားသည်။ ဒါဒါဆိုတဲ့တစ်ယောက်

ကျမ 'ဘုရင်မ'ဇာတာတဲ့လား.. ။

"တောက်.."

"လာပါစေကရိရယ်..ကိုယ်နဲ့ဆိုင်တာကျလို့.."

တက်ခေါက်လိုက်ခြင်းကြောင့် နွေကသူမလက်ကိုဆွဲပြီး အိမ်ရှေ့မြန်မြန်ထွက်သည်။ ကားထဲဝင်ထိုင်လိုက်ပြီးမှ စတီယာရင်ကို ထုပစ်မိရင်း.. ဆိုင်ဆိုင်မဆိုင် 'ဘုရင်မ'ဆိုတဲ့စကားက ဒီလိုမိန်းမနဲ့သက်ဆိုင်လို့လား.. ။



အခန်း(၁၁)

"ဟုတ်ပါတယ်..ဒါဒါနဲ့မဆိုင်ပါဘူး၊ ဒါပေမယ့် ပိုကောင်းမယ့် အခွင့်အရေးဆိုရင်တော့ လက်ခံသင့်တာပဲလေ..အကြံဉာဏ်ပေးတာတောင် နင်နဲ့ဘာဆိုင်လို့လဲဆိုတော့.."

"အကြံဉာဏ်ပေးစရာ မလိုဘူး..ငါတို့ကဆွေးနွေးနေတာလည်း မဟုတ်ဘူး၊ ရန်ဖြစ်နေတာ..ရန်ဖြစ်နေတာမို့လို့ နင်ဝင်ပါစရာမလိုဘူး ပြောတာ.."

"ပါရမှာပဲ..ရန်ဖြစ်နေတာဆို ပိုတောင်ပါဦးမယ်.."

ဒါဒါက နည်းနည်းလေးမှမခံ။ နေမကောင်းဖြစ်နေသည့် သမီးအတွက် ဆန်ပြုတ်အိုးတည်နေရင်း မီးဖိုချောင်ကနေ အိုးခွက်ပန်းကန်သံတွေပါ ပေးနေသဖြင့်.. ။

"ကဲ..ဒါဒါရေ ငါ့ပန်းကန်တွေလည်း ကွဲပါဦးမယ်အေ၊ အကြံဉာဏ်လည်းမပေးပါနဲ့..နင်လည်း ငါ့သမီးဘာပြောပြော ဝင်ပြီးထောက်ခံတာတွေ မလုပ်ပါနဲ့၊ ငါ့မှာဦးနှောက်ရှိတယ်..ငါဘာလုပ်သင့်တယ် ငါ့ဘာသာသွားတတ်တယ်.."

"ခင်ဗျားပြောရင်ဒါပဲ..ခင်ဗျားသမီးဘာပြောပြော ကျုပ်ကသစ်တုံးလို ငြိမ်နေရမှာလား.."

"ဟဲ့..နင့်ကိုဘာပြောလို့လဲ၊ အိမ်ပြောင်းပေးရုံနဲ့ ပြောင်းရွှေ့စရိတ် သိန်းငါးဆယ်ရမယ်..အိမ်နေရာပြန်ချပေးမယ်ဆိုတာ ငါတို့အတွက် စဉ်းစားစရာ မဟုတ်ဘူးလား၊ သိန်းငါးဆယ်ဆိုတာ ဒီအိမ်လောက်မကောင်းပေမယ့် မိုးလုံလေလုံခိုင်ခိုင်ခံ့ခံ့လေးတော့ ပြန်ဆောက်နိုင်တဲ့ပမာဏပဲ.."

"သူတို့ပေးမယ့်နေရာ ဘယ်လိုနေရာလဲခင်ဗျားသိလား.."

"အစွန်ကျပေမယ့် သူတို့ဆောက်မယ့် အိမ်ရာဝင်းနဲ့တစ်ဆက်တည်းပဲအမေ့..ပြီးတော့ အိမ်ရာထဲမှာ စီးတီးမတ်လည်းပါမှာ၊ ရုပ်ရှင်ရုံရောပဲ..ကိုယ်နစ်နာတယ်ဆိုရင်တောင် ကိုယ့်ရပ်ကွက်ကိုယ့်နားမှာ စီးတီးမတ်နဲ့ ရုပ်ရှင်ရုံနဲ့ဖြစ်လာမှာ၊ မကောင်းတာ ဘာမှမရှိဘူး.."

"ငါတို့မြေ အရှိအတိုင်းပြန်ရမယ်များမှတ်လို့လား.."

"ဒါတော့ ဒီတိုင်းဘယ်သူကပြန်ပေးနိုင်မှာလဲ..ဒီရပ်ကွက်တစ်ခြမ်းလုံးကြီးမှာ အိမ်ထောင်စုတွေ နည်းတာမှတ်လို့၊ သူတို့က အိမ်ငှားတွေပါပေးမှာ.."

"အရေးထဲမှာ သင်းကအိမ်ငှားတွေအတွက်တောင် ဝမ်းသာပေးနေသေးတယ်..မပြောလိုက်ချင်ဘူး.."

"အံမယ်..ပြောလိုက်စမ်းပါ၊ ပြောကြည့်လိုက်လေ..ကိုယ့်ဘာသာဘယ်သူ့အတွက်ပူနေနေ ဘယ်ဆန်ကုန်မြေလေးဆီမှာ ခွင့်တောင်းနေရဦးမှာလဲ.."

"အံမာ..ပြောပုံက မလွတ်မကင်းစောင်းသလိုချိတ်သလို၊ တောက်.."

"ဘာကိုမလွတ်မကင်းလဲ..ဦးဝင်းမောင်က ဆန်ကုန်မြေလေးမို့လို့ နာနေတာလား၊ လူကိုတကယ်မခေါက်နဲ့နော်.."

"ဒါဒါတော်တော့.."

ဒေါ်သီတာအေး ဝင်ဟန့်တော့ ဒါဒါအသံတိတ်သွားသည်။ ဦးဝင်းမောင်က ခြေသံပြင်းပြင်းနှင့် ထွက်သွား၏။

"ဒါဒါလာစမ်း..ညည်းကိုငါမေးစရာရှိတယ်.."

"သိတယ်..ဒေါ်မဖြူအိမ်ကို မင်းနိုင်ဝယ်ပေးတဲ့သတင်းမို့လား.."



"ဟုတ်တယ်..အဲ့ဒါပဲ.."

ဒေါ်သီတာအေးက ဒါဒါအနားရောက်လာတဲ့အထိ စောင့်နေပြီးမှ ဆက်၍.. ၊

"အဲ့ဒါကိုညည်းက မထူးဆန်းတဲ့သတင်းလို့ ပြောချင်တာလား.. မိန်းမရှိနေတဲ့ယောကျ်ားတစ်ယောက်ဆီက.."

"သမီးယူတာမဟုတ်ဘူးအမေ..သူ့ဟာသူ သူ့သမီးနာမည်တပ်ပြီး ရေးသပ်သွားတာ.."

"ဘာပဲဖြစ်ဖြစ် အသားလိုလို့ အရိုးတောင်းတာလေ.."

"အရိုးဖြစ်ဖြစ် အသားဖြစ်ဖြစ် ကိုယ်ကျွေးချင်မှဖြစ်တာ.."

"ကိုယ်ကျွေးကျွေးမကျွေးကျွေး ကျွေးနေတယ်ပဲထင်ကြမှာ ညည်းသိရဲ့လားဒါဒါ..နောက်ပြီး သူ့ဆီကတစ်ခုခုယူလိုက်တာနဲ့ ကိုယ့်စိတ်ကိုကအားနာလာမယ်၊ လိုက်လျောချင်လာမယ်..လင်နဲ့မယားပဲဆိုတဲ့စိတ်ဝင်လာရင်တော့ သွားပြီပဲ.."

ဒေါ်သီတာအေးက ဒါဒါ့ကိုအကဲခတ်ရင်း ဆုံးမစကားတွေခြွေနေသည်။ ကိုယ်ကမထောက်ပံ့နိုင်ပေမယ့် ဘာလိုလိုဘဝနဲ့ ကိုယ့်သမီးနစ်မွန်းသွားမှာမျိုးတော့ အဖြစ်မခံနိုင်။ ဒါဒါ့ကိုသူမအားထားခဲ့သည်။ ကိုယ်အဆင်မပြေလို့ အစ်မဖြစ်သူလက်ထဲ အပ်ခဲ့မိသည့်အဖြစ်အတွက်လည်း ဒီသမီးက ကြင်နာလေတိုင်း နောင်တရမိတာ အခါခါ.. ၊

ကိုယ့်ကိုမအေလို့မမြင်ဘဲ ခံပြောခံဆို မလေးမစားဆက်ဆံခံရတိုင်းလည်း နာကျင်မိပါ၏။ ထို့ကြောင့် အပူရုပ်နဲ့ မနေတတ်ခဲ့သည့် ကိုယ့်အကျင့်အတိုင်း သမီးနဲ့ပဋိပက္ခတွေ ပြောရပြီဆို အော်မိပြောမိခဲ့သည်။ သူငယ်ချင်း ရန်ဖြစ်နေသလို ပြောဆိုနေမိမှန်းလည်း သူများတွေ ကဲ့ရဲ့ပြီဆိုမှသိ၏။ ကိုယ့်ရင်သွေး ဒီသမီးလေးပဲရှိခဲ့တာ မချစ်ဘဲနေပါ့မလား.. ၊

"ငါပြောတာကိုနားထောင်ဖူးတယ်ရှိအောင် ထောင်စမ်းပါဒါဒါရယ်..ညည်း မင်းနိုင်ပေးကမ်းနေတာတွေကို မယူပါနဲ့အေ.."

ဒါပဲထပ်ပြောမိသည်နှင့် ဒါဒါကစိတ်ရှုပ်သလို ဆံပင်သပ်ပစ်တာ ကြမ်းကြမ်း.. ၊

"မတတ်နိုင်ဘူးအမေရာ..သူ့သမီးသူပေးတာ ယူသင့်တယ်လို့ပဲ ထင်

တယ်၊ သမီးသူနဲ့ကင်းရှင်းတယ်ဆို ပြီးတာပဲမဟုတ်ဘူးလား..ခုလည်း သူပြောတုန်းက သမီးလက်မခံခဲ့ဘူး၊ သူ့ဟာသူ သူ့သမီးအတွက်လုပ်သွားတာ..”

“အေးပါအေ..ညည်းပြတ်သားတယ်ဆိုရင် ပြီးတာပါပဲ၊ အခုစရုံပဲ သပ်ထားတာလား..ဘယ်တော့အကျေချေမှာတဲ့လဲ..”

“မသိဘူး..ဒေါ်မဖြူပြောသွားတာတော့ တစ်ခါတည်းအကျေပေးသွားတာလိုလို..”

ဒေါ်သီတာအေး အံ့ညြသွားသည်။ ခြံကျယ်ပေမယ့် အိမ်ကအဖီသာသာလေးပါ။ ဒါပေမယ့် ကာလပေါက်ဈေးအရဆို ဒါလေးလည်း ရာနဲ့ချီနေမှာပင်။ ဟိုတုန်းက ကျူးကျော်ဆိုတာ ကြားတောင်မကြားဘူးခဲ့ပေမယ့် ပြောရမယ်ဆို လှည်းကူးမြို့နယ် အစွန်ကျသောဒီနေရာတွေမှာ ကိုယ့်ဘာသာရပ်ကွက်တည်လာကြတဲ့နေရာတွေ ခုတော့နေရာအားလုံးစည်ကားစိုပြေနေပြီမို့ အစွန်အဖျားဆိုတာလည်း မဟုတ်တော့သလိုပင်.. ။

“အမေ့..”

“ဟင်..”

“သမီးတို့သားအမိ အမေ့ဆီမှာ ကျောင်းမဖွင့်ခင်အထိ နေလို့ရသေးတယ်မို့လား..”

ဒေါ်သီတာအေး မျက်နှာပျက်သွားသည်။

“ခင်ဗျားသမီးပြန်မှာဖြစ်ရင်လည်း ပြန်ခိုင်းလိုက်တော့ သူ့ယောက်ျားနဲ့ဇယားတွေ ရှုပ်နေတာ လူပြောသူပြောတွေ နားနဲ့မဆံ့တော့ဘူး..တော်ကြာ သူ့ဟာသူခိုးစားတာ အကြောင်းမဟုတ်ဘူး၊ ကျုပ်အိမ်မှာနေတုန်း တစ်ခုခုကျော် မကောင်းကြားမကောင်းဖြစ်ရင် ကျုပ်ကပထွေးဆိုတဲ့ဂုဏ်ပုဒ်ကြီးနဲ့ ခေါင်းကျိန်းတယ်..”

ဝင်းမောင်ပြောထားတာကို နားထဲမှာစွဲနေသဖြင့် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။ ဝင်းမောင်ကိုကြောက်လို့မဟုတ်ပေမယ့် မင်းနိုင်နဲ့ ရှည်ပတ်သက်နေမှာကိုတော့ သူမကိုယ်တိုင်မလိုလားတာ အမှန်ပင်.. ။

“ကလေးလည်းနေမကောင်းသေးလို့ပါ..နောက်ပြီး ဆံပင်ဒိုင်ကလည်း သူ့ယောက်ျားနောက်လိုက်သွားမို့လို့ တစ်လလောက်တာဝန်ယူထား



ပေးပါဆိုလို့..”

“ဘယ်လို..ဆံပင်ဒိုင်ကဟုတ်လား၊ သန်းသန်းဝင်းကပြောတာလား..

သန်းသန်းဝင်းက ဆံပင်အဝယ်ဒိုင်ဖြစ်ကာ ဆံပင်ရှင်းသည့်အလု သမားတွေ ဆံပင်တုဒီဇိုင်းထုတ်သည့်အလုပ်ရုံတွေကအစ လုပ်ငန်းမကြ ပေမယ့် တခမ်းတနားတော့ရှိလေသည်။ ဒါဒါရန်ကုန်ရောက်လာတိုင်း ဆ ပင်ဒိုင်မှာအလုပ်လုပ်ခဲ့တာ မင်းနိုင်နဲ့အိမ်ထောင်ကွဲကတည်းက.. ။

“သမီးဆံပင်ကိုင်တာကို မသန်းဝင်းကသဘောကျတယ်..သူ့အလု တစ်ခုလုံးမှာ သမီးမလုပ်ဘူးတဲ့နေရာမရှိဘူးလေ၊ အဲ့ဒါကြောင့် သူ့ညီမဝမ်း ကွဲဥမ္မာနဲ့အတူ ခဏဦးစီးပေးဖို့ပြောလို့ အဲ့ဒီအတွက်သမီးကို ဆံပင်အဝ အတိုင်း ပါစန့်တော့ချဲ့နဲ့ပေးမှာ..”

ပြောပြနေရင်း ငိုင်နေသည့် ဒေါ်သီတာအေးကိုကြည့်ကာ.. ။

“သမီးကိုထားဖို့ ဒီလောက်တောင်စဉ်းစားနေရတာလား..”

“မဟုတ်ပါဘူးဒါဒါရယ်..ငါညည်းကို ငါ့ဆီမှာမထားချင်လို့လည်း မဟုတ်ဘူး၊ မင်းနိုင်နဲ့ညည်း..”

“အဲ့ဒါအမေ့ယောက်ျားကပ်ကြိမ်းနေတဲ့ စကားတွေမို့လား..သမီးသိတယ်..”

မြွေမြွေချင်းခြေမြင်နေကြတာလားမသိ။ ဒါဒါပြောချလိုက်တာ တန်းခနဲ.. ။

“သူပြောသမျှ ခေါင်းထဲထည့်မနေနဲ့အမေ..ပထွေးတို့ခဲအိုတို့ဆိုတာ မယားပါသမီးနဲ့ခယ်မတွေအပေါ် ဘယ်တော့မှစိတ်မမှန်ဘူး..သမီးလေးလိုပါ ညီမလေးလိုပါဆိုရင် အဲ့ဒါဘုရားဖြစ်မယ့် အုတ်ခဲပဲ၊ သမီးကတော့ အမေမကြင်နာတာ ထိုင်တွေးပြီး မခံစားတော့ဘူး..”

“အလိုတော်..”

ကိုယ်ကမကြင်နာပါဘူးလို့ ပေါ်တင်စွပ်စွဲနေပါလား.. ။

“ဟုတ်တယ်..အဲ့ဒီလူကြီးအားရအောင် သူဖြစ်စေချင်သလို ဘယ်တော့မှဖြစ်ခွင့်မပေးဘူး၊ အမေ့ခြေထောက်နဲ့ကန်မချရင်ပြီးရော..သမီးဒီမှာ နေမယ်၊ လုပ်စရာရှိတာလုပ်မယ်..လူပြောခံရမှာကြောက်ပြီး ကိုယ်ရမယ့် အခွင့်အရေးကိုတော့ ဆုံးရှုံးမခံနိုင်ဘူး..”

"မေမေ့.."

"ဟော..လာပြီ၊ မေမေ့သမီးနိုးနေတာ မသိလိုက်ဘူး..နေဦး ဆံပြုတ်လားနွေးပြီလား ကြည့်လိုက်ဦးမယ်.."

အိပ်ခန်းထဲက သဇင်မင်းရဲ့ ညည်းသံသဲ့သဲ့လေးထွက်လာကာ..၊

"ဆံပြုတ်ကြီးမသောက်ချင်ပါဘူးဆိုမှ.."

"ဒီမနက်တော့ ဆံပြုတ်ပဲသောက်လိုက်ပါမင်းမင်းရယ်..ညနေကျမှ မေမေကြက်ဥနဲ့ခေါက်ဆွဲပြုတ်လေး လုပ်ပေးမယ်နော်.."

"ဆံပြုတ်ကဘာပါတုံး.."

"ဘာမှမပါဘူးမင်းမင်းရေ..ညည်းကလည်းကြေးများလိုက်တာ သမီးယ်.."

သားအမိစကားပြောနေတာ မေမေတွေသမီးလေးတွေဖြစ်လိုက်ည်းနဲ့ငါနဲ့ဖြစ်သွားလိုက်။ ဒေါ်သီတာအေးကတော့ အသံတိတ်ငိုင် ကျသွားခဲ့ရင်း ဒါဒါနဲ့ဝင်းမောင်တစ်အိမ်တည်း ဘယ်လိုစခန်းသွားကြမလဲဆိုဘာသာ ရင်လေးနေမိတော့သည်။

ကိုယ့်သမီးကိုမနေစေချင်ခဲ့တာလည်း အဲ့ဒီလိုရှင်းရခက်သည့် အခြေအနေတွေဖြစ်လာမှာကြောင့်.. ၊

☎



အခန်း(၁၂)

"ပိုက်ဆံကတော့ မကျေသေးဘူး..ဒါပေမယ့် ငါကခရီးသွားရမှာဆိုတော့ အရောင်းအဝယ်စာချုပ်ကြီးပဲ တစ်ခါတည်းချုပ်ပေးလိုက်ပါတယ်..နင့်ယောကျ်ားက ရပ်ကွက်လူကြီးတွေနဲ့ဘာနဲ့ သေချာချုပ်သွားတာ၊ ငါကလည်း ယုံပါတယ်အေ..မင်းနိုင်ဆိုတာမမြင်ဘူး မသိဘူးတဲ့လူမှမဟုတ်တာ၊ ငါပိုက်ဆံလိုတော့လည်း ဘာအမြော်အမြင်မှမထားဘဲ အလွတ်ထုတ်ချေးခဲ့တာလေ.."

ဒေါ်ဖြူဖွေးက ဒါဒါ့ကိုလက်ဖက်အစ်လေးချပေးပြီး ပြောပြနေသည်။ အိမ်လေးကသေးသေးကွေးကွေးပေမယ့် ပျဉ်တွေချည်းများကာ ထရံကခြေရင်း ခေါင်းရင်းပဲပါတာမို့ ခိုင်ခိုင်ခံ့ခံ့လေးဖြစ်သည်။ ဒီအိမ်လေးမှာသားအမိနှစ်ယောက်နေရပါလျှင် ဘယ်လောက်များနားအေးချမ်းမြေ့လိုက်မလဲ..။ ဒါဒါအိမ်ထဲမှာထိုင်လိုက်သည်နှင့် စိတ်ချမ်းသာသွားသည်။ မင်းနိုင်ကိုလည်း ကျေးဇူးတင်သွားမိ၏။

ဒါပေမယ့် ကိုယ်လည်းဒီမှာဘယ်အချိန်ကျမှ ပြောင်းနေဖြစ်မည်ဆိုတာမသိပါ။ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူးဆိုပေမယ့် မင်းနိုင်မှာ သား

မယားရှိနေသဖြင့် မသင့်တော်တာကြီးကို ခံစားမိနေ၏။ သူ့သမီးအတွက်လို့ ခေါင်းစဉ်တပ်ထားသည့်အတိုင်း ကိုယ်တက်မနေသင့်ဘူး ဆိုတာလည်းနားလည်နေသည်။ ဘာပဲဖြစ်ဖြစ် သမီးအတွက်ကျေနပ်ပီတိဖြစ်ရတာတော့အမှန်ပင်.. ၊

ဒေါ်ဖြူဖွေးက တစ်ယောက်တည်းသမားပီပီ တစ်ခြံလုံးကို အမိုက်တစ်စတောင် အတင်မခံအောင် သန့်ရှင်းထားတာမို့ မာလကာပင်လေး နှစ်ပင် သရက်ပင်တစ်ပင်နှင့် ကြောင်သျှာပင်တွေက ဥယျာဉ်လေးလို သီးပွင့်ဝေဆာနေကြ၏။

"စာချုပ်တွေညည်းလက်ထဲမရောက်သေးဘူးလား.."

ဟင်.. ၊

လှည့်ပတ်ကြည့်ရင်း သဘောတွေကျနေစဉ် ဒေါ်ဖြူဖွေးမေးသံကြောင့် ဆတ်ခနဲဖြစ်သွားသည်။

"ဟင့်အင်း..သူလုပ်နေတာတွေ ဒါဒါဘာမှမသိဘူး၊ ခုတောင် ဒေါ်မဖြူခေါ်လို့ဝင်လာတာ.."

ကိုယ့်ကိုကလေးအတွက် မုန့်ဖိုးပေးရင်တော့ အနည်းအကျဉ်းရယ်ပါ။ ဒီလိုအိမ်ဝယ်ပေးတဲ့အထိ ငွေရှိနေမယ်လည်းမထင်။ ကလေးအတွက် ဒီလောက်ထိခေါင်းထဲထည့်ထားမယ်ဆိုတာလည်း တွေးတောင်မတွေးမိခဲ့..

"မင်းနိုင်က လူငယ်ပေမယ့် အတော်ကြိုးစားတာအေ့..စာချုပ်တဲ့နေ့ကတော့ပြောသွားတယ်၊ သူကသူများထက်ပိုရှာမှဖြစ်မှာတဲ့..အိမ်ထောင်စုနှစ်စုစာ တာဝန်ကျေရမှာတဲ့၊ ကဲ ဘယ်လောက်တော်တဲ့ကလေးလဲ..နောက်ထပ်ယူတယ်ဆိုတာ ဆန်းမှမဆန်းဘဲ၊ ဒါပေမယ့် သူကတော့ သူ့တာဝန်လို့ပဲမှတ်ထားရှာတာ.."

ဒေါ်ဖြူဖွေးကပြောနေရင်း ရေနွေးအိုးချ၍ အနားမှာဝင်ထိုင်လိုက်ကာ.. ၊

"ဒါပေမယ့် ညည်းလည်းတော်တာပါပဲ..ဒီရုပ်ဒီရည်လေးနဲ့ နောက်ထပ် အသစ်မရှာခဲ့ဘူး၊ ဒါကြောင့်လည်း ဟိုခမျာစိတ်အအေးနိုင်တာဖြစ်မှာပေါ့.."

"ဒါဒါလည်း ဒေါ်မဖြူဆီရောက်မှပဲ ကိုယ့်ကိုယ်ကိုကောင်းတာလေး



ရှိပါလားလို့ သတိရတော့တယ်..အမေကစပြီး ပြောလိုက်တဲ့ဝေဖန်စကားတွေဆိုတာ တစ်ခုမှကောင်းတာမပါဘူး.."

"ကိုယ့်အမေကိုတော့ အပြစ်မမြင်ပါနဲ့အေ..သိတာအေးက တစိမ်းတော်နေပြီမို့လား၊ ပြဿနာရှိလာရင် 'ဆန်ရင်းနာနာဖွတ်'ဆိုတဲ့ စကားလိုပေါ့.."

"ဒါပေမယ့် သူစိမ်းအားရအောင် ဘာဖြစ်ဖြစ် ဒါဒါ့မှာပဲအပြစ်ရှိတယ်ဆိုတာမျိုးကျတော့.."

"အဲ့ဒါက သူစိမ်းအားရအောင် မဟုတ်ဘူးဒါဒါရဲ့..ကိုယ်ကပစားပေးရင် ဘေးလူကအမြင်ကတ်ကြီးတတ်တယ်၊ ကိုယ်ကရက်စက်မှ သူများသနားတာဟဲ့..ဘေးလူချစ်တယ်ဆိုတာ မိဘငြိုငြင်တာလောက်ပဲ ရှိတာပါအေ.."

"အဲ့လိုတော့ဒါဒါသိပါတယ်..ဒါပေမယ့်.."

"ကိုင်း..တော်တော့၊ မိဘအပေါ်တလွဲတွေးနေတာလည်း အပြစ်ရှိတာပဲ..ဒါနဲ့ညည်းအမေတို့ရော ကွက်သစ်ကိုရွှေ့ပေးဖို့ သဘောတူတယ်တဲ့လား.."

"မသိဘူး..အဲ့ဒီကိစ္စနဲ့မနေ့ကတောင် စကားများရသေးတယ်၊ အဲ့ဒီလူကြီးနေရာတကာပါတာသိလား.."

ဒေါ်ဖြူဖွေးက ရယ်နေတာ.. ၊

"ဒါလည်းလင်မယားကြား ဘေးလူရှိနေလို့ဖြစ်ရတဲ့ကိစ္စပဲ..ပြောရင်ကော်တော့မဆိုးနဲ့ဒါဒါရေ၊ ညည်းအမေသူ့ယောက်ျားကိုမှ မပြစ်နိုင်ရင် သူတို့အိမ်ထောင်ရေးအဆင်ပြေပါစေပဲ ဆုတောင်းပေးလိုက်..သူတို့ချင်းဘာမှမဖြစ်ခဲ့တဲ့ကိစ္စတွေ ညည်းရှိနေမှ တခြိမ်းခြိမ်းထဖြစ်နေကြတယ်ဆိုရင်တော့ကိုယ်ပဲနောက်ဆုတ်ပေးဖို့ စဉ်းစားပေးတော့.."

ဒေါ်ဖြူဖွေးပြောတာတွေကိုတော့ ဒါဒါတလွဲမတွေးမိပါ။ စဉ်းစားသင့်တဲ့ကိစ္စအဖြစ်ပဲ ခေါင်းထဲရောက်ကာ.. ၊

"ဒါဒါလည်း ကျောင်းဖွင့်အမီ မန္တလေးပြန်မှာပါ.."

"ဟဲ့..ဒီအိမ်ကိုဝယ်ထားပြီးမှ ဘာပြန်လုပ်မှာလဲ၊ ဟိုမှာလည်း ကိုယ့်အိမ်ရာရှိတာကျလို့.."

လက်ဖက်အစ်လေးကို ကောက်ယူမွှေနှောက်နေမိကာ ဒါဒါက ခေါင်းခါသည်။

"ဘာတွေခေါင်းခါနေတာလဲ..ကလေးနာမည်နဲ့ဝယ်ပေမယ့် ညည်းအတွက်ပေးတာပဲလေ၊ ပိုက်ဆံချက်ချင်းလာချေကတည်းက မြန်မြန်နေစေချင်တာ အသိသာကြီးကို..ငါကလည်း ဒီအပတ်ထဲပဲ ခရီးသွားမှာ၊ ပြန်လာရင်ပြောင်းမှာဆိုတော့ လကုန်လောက်ဖြစ်မှာပဲ.."

"ဒါဒါပြောင်းလို့မဖြစ်ဘူး.."

"အိုအေ..ဒါကတော့ မင်းနိုင်စီစဉ်ထားတာ သူ့မယားမသိလောက်ပါဘူး၊ သိလည်းဘာအရေးလဲ..ကိုယ်ကအရင်လူပဲ၊ နောက်ပြီး ကိုယ်လိုချင်လို့တောင်းယူထားတာလည်း မဟုတ်ဘူး..သူ့သမီးရှိလို့ သူ့ဘာသာပေးတဲ့ကိစ္စ.."

"ဒါပေမဲ့.."

"ဒါပေမဲ့လုပ်မနေနဲ့..အခုအိမ်ရာစီမံကိန်းက တကယ်ဖြစ်လောက်တယ်နော်၊ ဟိုအရင်တည်းက ဟုတ်တော့မလိုလိုနဲ့ ဘာမှမဟုတ်ခဲ့တာ ..အခု သူဌေးကားတွေခဏခဏဝင်ထွက်နေတာ မတွေ့ဘူးလား၊ မနက်ကတောင် ကွင်းကြီးဘက်ကို ကားသစ်တစ်စီးသွားတာတွေ့တယ်..ကွမ်းယာဆိုင်က ကိုထွေးကတော့ ဆောက်လုပ်ရေးအင်ဂျင်နီယာတွေ ပါပါလာတာတဲ့.."

"ဒါဆို သိပ်မကြာခင်လုပ်ဖြစ်တော့မှာပေါ့နော်.."

"အဲ့ဒါကြောင့်ပြောတာ..ဒီနေရာက အရမ်းစည်ကားလာတော့မှာလေ ငါတို့ကိုကွက်သစ်ပေးမယ်ဆိုတာလည်း အဝေးကြီးမှမဟုတ်တာ..အိမ်ရာဝင်းရဲ့ကျောဘက်ကပ်လျက်ပဲ၊ သူပြန်ပေးမှာနဲ့..တို့ပြန်ရတာ တန်ပါတယ် ငါကြားတာတော့ ဒီသူဌေးက တအားချမ်းသာတာဆိုပဲ..စီးပွားရေး လျှောက်ပြီး ချဲ့ထွင်နေတာတောင် ပိုက်ဆံတွေသိမ်းထားရမှာစိုးလို့တဲ့၊ ဘာကိုမှ လောဘတကြီး အမြတ်ထုတ်တာမရှိဘူးတဲ့.."

လူတွေကလည်း ရမ်းသမ်းဝေဖန်ကြဖို့ သူ့ထက်ငါအလုပ်အယက်ရှာပါလား..။ သန်းခေါင်စာရင်းတစ်ခုကို သိန်းငါးဆယ်ဆိုတာနဲ့ပဲ ဒီသူဌေး ရက်ရောသည်။ လောဘနည်းသည်တွေဖြစ်ကုန်ကြသည်။

"အဲ့ဒါဟုတ်လောက်တယ်ဒါဒါရဲ့..ဟိုတစ်ပတ်တုန်းက လမ်းထိပ်မှာလေ၊ ကားနောက်ဆုတ်လိုက်လို့ ကိုထွေးကွမ်းယာဆိုင်ရှေ့အမိုးနဲ့ငြိသွားတာကို အလျော်ပေးသွားတာ ပိုက်ဆံတွေမနည်းဘူး..စီးတောင့်စီးနဲ့ မေးမြန်းဈေးဆစ်တာလည်း မရှိဘူး၊ အဲ့ဒါငါ့ရှေ့တင်ပဲ..ကိုထွေးတို့နဲ့လည်း အဲ့ဒီကစပြီး ခေါ်ပြောနှုတ်ဆက်တာတွေဖြစ်သွားတာဆိုပဲ၊ သူဌေးကလည်း ငယ်ငယ်ချောချောလေးရယ်.."



ကိုယ့်ဘာသာပြောပြီး ဒေါ်ဖြူဖွေးကရယ်ကာ.. ၊

"အသက်သာကြီးတာဟဲ့..ချောချောလှလှလေးတွေ မြင်ရင်တော့ ချောလိုက်တာဟယ်လို့ဖြစ်တုန်းပဲ၊ ဇာတ်လမ်းတွဲတွေကြည့်ရင်လည်း မလှမပရုပ်တွေဆို ကြည့်ကိုမကြည့်ဘူး..ချောပေ့လှပေ့ဆိုတဲ့ မင်းသားမင်းသမီးတွေမှ.."

ဒါဒါကရယ်တော့လည်း သူပဲမလုံမခြုံဖြစ်သွားပုံနှင့်.. ၊

"ဒါကတော့ စဉ်းစားကြည့်လေ..ငါတို့က အချိန်ကုန်ပိုက်ဆံကုန်ခံပြီး ကြည့်ရတာ၊ သူလိုငါလိုရုပ်ရည်မျိုးကို ပိုက်ဆံအကုန်ခံပြီး ကြည့်စရာလား.."

"ဟုတ်ပါတယ်..ဘာပြောလို့လဲ.."

နှစ်ယောက်သားခေါင်းချင်းဆိုင်ပြီး ရယ်နေမိစဉ်.. ၊

"အိမ်ထဲမှာ ဖေဒါဖြူဆိုတဲ့မိန်းမရှိတယ်မို့လား..ထွက်ခဲ့စမ်းပါ၊ ရှင်းစရာရှိလို့.."

မိန်းမသံတစ်သံက စူးခနဲပေါ်လာသည်။ ဒေါ်ဖြူဖွေးက အိမ်ရှေ့လှည့်ထိုင်နေတာမို့ ချက်ချင်းခေါင်းထောင်သွား၏။

"ဖေဒါဖြူမ.."

နောက်ထပ်ခေါ်သံက ဒါဒါ့နားထဲမှာခါးသွားသည်။ 'ဖေဒါဖြူ' နာမည်ကို ဖေဒါဖြူမလို့ခေါ်ခံရတာ အမုန်းဆုံး။ ဒေါ်ဖြူဖွေးခေါင်းထောင်ကြည့်နေတုန်း ဒါဒါအိမ်ရှေ့ရောက်သွားသည်။ တစ်ခါမှသေချာမမြင်ဘူးပေမယ့် လှမ်းမြင်လိုက်တာနဲ့ သိသည်။ ခြံတံခါးရှေ့မှာ ရပ်နေသူသည် မင်းနိုင်ရဲ့ဇနီးယုဝတီ.. ၊

မင်္ဂလာဆောင်ကြတုန်းက ဖိတ်စာကိုသူများလာပြ၍ သေချာဖတ်မိခဲ့သည်။ ဒီနာမည်သည်လည်း မှတ်မိလွယ်တာမို့.. ၊

"သူကဘယ်သူလဲဟဲ့.."

ဒေါ်ဖြူဖွေး အနားရောက်လာပြီးမေးလျှင် ယုဝတီလို့စိတ်က ရေရွတ်မိပေမယ့်.. ၊

"မင်းနိုင်မိန်းမ.."

"ဟော့တော်.."

ဒေါ်ဖြူဖွေးတအံ့တဩဖြစ်သွားကာ စိုးလည်းစိုးရိမ်သွားခဲ့သည်။ သူမခြံတံခါးရှေ့ကနေ ခေါ်ထုတ်နေသဖြင့် ပတ်ဝန်းကျင်အိမ်ကလူတွေလည်း ထွက်လာကြည့်ကြသည်။ လမ်းသွားတချို့ကလည်း ဆက်မသွားတော့ဘဲ ခပ်လှမ်းလှမ်းကနေ ရပ်ပြီးပြန်ကြည့်ကြ၏။ မကြာခင် ဒီလမ်းသွယ်လေးထဲမှာ လူပြည့်ပါတော့မည်။

"ဟဲ့..နေပါဦး၊ ဗေဒါဖြူ့ကိုတွေ့ချင်တာ အေးဆေးခေါ်ပါလား..ငါ့အိမ်ရှေ့မှာလာပြီး အော်ကြီးဟစ်ကျယ်နဲ့ ညည်းကဘာတုံး.."

"ကျွန်မကယုဝတီလေ..ကိုမင်းနိုင်ရဲ့မိန်းမ.."

သူမက စကားတစ်ခွန်းမှာမှ အသံကျမသွားဘဲ ခါးထောက်အော်နေခဲ့ပြီး လက်ထဲမှာလည်း စာချုပ်ကိုကိုင်ထား၏။ သူမနောက်မှာ ယောကျ်ားတစ်ယောက်မိန်းမတစ်ယောက် အဖော်ပါလာကာ မျက်နှာတွေက တင်းမာနေကြသည်။ ဖြစ်ချင်တော့ ဒီနေ့ကျမှ ဒါဒါကလည်း အလုပ်ရှင်အဖြစ် ဆံပင်ဒိုင်မှာ စဆင်းရတာမို့ ဆံပင်တွေကိုကျကျနန ပုံသွင်းပြီး ဖြန့်ချထားသည်။ ဓိုးရောင်မှာ အပြာရောင်အနားရစ်ပါသော ချည်ပိုးဝတ်စုံလေးနှင့်ဖြစ်ကာ သူမပြင်ဆင်ထားတာထက် ပို၍ပေါ်လွင်လှပနေရာ.. ၊

"ကျွန်မယောကျ်ားကို စည်းရုံးပြီးအိမ်တစ်လုံး အပိုင်ရအောင် လုပ်နိုင်တာ မအံ့ဩတော့ပါဘူး..ဟွန်း အိမ်မှာသာစားစရာမရှိတာ၊ လူကတော့ ကော့ကြော့လို့၊ ဒါပေမဲ့ နင်ငါ့လင်ကိုပဲရမယ်..အိမ်ကိုတော့ မရဘူးမှတ်ထား၊ ဒီမှာတွေ့လား.."

"ဗြဲ..ဗြဲး.."

စာချုပ်ကိုထောင်ပြပြီးမှ အစိတ်စိတ်အမွှမွှဖြဲပစ်လိုက်သည်။ ရှက်သော ခံရခက်သော မာန်မာနတို့ဖြင့် ဒါဒါ့မျက်နှာလေးရဲတွတ်လာ၏။ ဒေါ်ဖြူဖွေးက ဒါဒါ့လက်ကိုဆွဲထားလိုက်ပြီး.. ၊



"မသွားနဲ့..တမင်ခေါ်ထုတ်တာ အဲ့လိုဖြစ်ချင်လို့.."

ကပ်ပြောလိုက်ပြီး ခြံထဲထိလျှောက်သွား၏။ ပြီးတော့ ယုဝတီတို့ကို ကြည့်၍.. ၊

"စာချုပ်ကိုဖြဲပစ်နိုင်တာနဲ့ပဲ အိမ်အရောင်းအဝယ်က ပျက်သွားရောသားအေ့..ငါ့အိမ်ကိုငါကြည်ဖြူလို့ရောင်းတာ၊ အလကားပေးပေး လွှင့်ပစ်ပစ် ဒီစာရွက်စုတ်က အရေးမပါဘူး.."

"ကျွန်မကတော့ အရေးပါတယ်..ကျွန်မယောကျ်ားရဲ့လုပ်စာကို ကျွန်မတို့သားအမိပဲ စားခွင့်ရှိတယ်.."

"သဇင်မင်းကလည်း မင်းနိုင်သမီးပဲအေ့..သူ့သမီးအတွက် သူပေးတာလေ၊ သူ့လုပ်စာကို သူ့သားသမီးအကုန်လုံး စားခွင့်ရှိတယ်မဟုတ်ဘူးလား..မိဘချင်းကိုယ်ချင်းစာမှပေါ့အေ၊ တကယ်ဆို ဒါဒါအေးဆေးနေခဲ့လို့ ညည်းတို့အိမ်ထောင်ရေးသာယာနေတာနော်..ကျေးဇူးတောင်တင်သင့်သေးတာ.."

"အံမာ..အိုကြီးအိုမနဲ့ လာတွန်နေတာ..မင်းနိုင်မိန်းမ ဘယ်နှစ်ယောက်တောင်ရှိ.."

"ဖြန်း.."

"ဟာ.."

"ဆော်ကုန်ပြီ..ဒါဒါ.."

ယုဝတီစကားမဆုံးခင် ဒါဒါပြေးရိုက်ပစ်လိုက်သည်။ ပြင်းထန်သည့် အရှိန်ကြောင့် ယုဝတီစိုက်ခနဲယိုင်ထွက်သွားလျှင် တစ်ယောက်က သစ်ကိုင်းကျိုးကို ပြေးကောက်၏။

"ဒါဒါမလုပ်နဲ့..နောက်ဆုတ်.."

ဆံပင်ရှည်ကြီးတဝဲဝဲကို တစ်ဖက်ကဖမ်းဆွဲလိုက်မှာစိုးကာ အတွေ့အကြုံများခဲ့သည့် ဒေါ်ဖြူဖွေးက အော်လည်းအော်ရင်း ဒါဒါ့လက်ကိုလှမ်းဆွဲ၏။ သို့သော် မိန်းကလေးနှစ်ယောက် မျက်နှာချင်းဆိုင်မိသွားလျှင် ဘယ်လိုမှဆွဲချိန်မရလိုက်ဘဲ.. ၊

"ကောင်မ..ငါ့ကိုပါးရိုက်တယ်.."

ယုဝတီက အရင်ပြေးရိုက်ကာ သစ်ကိုင်းကျိုးကောက်လိုက်သည့် မိန်း

ကလေးကလည်း နောက်ကတဆက်တည်းပါ၏။ အားလုံးဟာခနဲ ဖြစ်သွားကြကာ ဒါဒါလည်းနောက်ကိုနှစ်လှမ်းသုံးလှမ်းဆုတ်ပစ်လိုက်၏။ သို့သော် သူမကျောပြင်သည် တစ်စုံတစ်ယောက်နှင့်တိုက်မိသွားခဲ့လျက် ထပ်ဆုပ်စ ရာမရှိတော့ခြင်းသို့ရောက်ကာ.. ၊

"ကဲဟာ.."

ယုဝတီက အပိုင်ပြေးရိုက်၏။ ရုတ်တရက်ရန်ပွဲနားကိုရောက်လာကြတာ ကိုကိုတို့လူစုဖြစ်ကာ ရှောင်ကွင်းသွားဖို့ပြင်ကာမှ ရင်ခွင်ထဲကို တည့်တည့်မတ်မတ်ရောက်လာလျှင်.. ၊

"မလုပ်နဲ့လေ.."

ဒါဒါ့ကိုယ်လေးကို ခါးကနေသိမ်းပွေ့ကာ ကိုယ်တစောင်းလှည့်ပစ်လိုက်သည်။ ယုဝတီရဲ့ရိုက်ချက်က သူ့လက်မောင်းကိုထိမိပြီး ချော်ထွက်သွား၏။ တုတ်နဲ့ပြေးရိုက်သူသည် ရိုက်ချလိုက်ပြီးမှ ပြန်ရုတ်သော်လည်း-

"ဖြောင်း.."

"ဟာ..ညှော့သည်တွေထိကုန်ပြီ.."

"ဟော့..တော်ကြတော့၊ ရပ်ကြစမ်းပါ.."

"ဆွဲပါဟ.."

ကိုကို့ပခုံးစွန်းကို တုတ်ချက်ပွတ်ထိသွားတာမြင်လျှင် ရပ်ကြည့်နေသည့်ယောကျ်ားတချို့ပြေးလာကြ၏။ သို့သော် အနားရောက်မှမဆွဲရဲဘဲ မိန်းကလေးတွေကို လှမ်းအော်ခေါ်ရကာ နေ့လည်ခင်းနေပူပူမှာ ရန်ပွဲကြောင့် ဆူညံပွက်လောရိုက်လေသည်။

"ဒါဒါရေ..နင့်အမေအိမ်ရှေ့ပြေးထွက်လာပြီး သတိလစ်သွားလို့"

"ဒါဒါရေ..ဒေါ်ကြီးသီတာအေး သတိလစ်သွားလို့၊ မြန်မြန်လာဟ-"

တစ်လမ်းတည်းမှာမို့ ဒေါ်သီတာအေးကြားသွားခဲ့တာဖြစ်သည်။ သမီးရန်ဖြစ်နေပြီဆိုသည့်ဇာနှင့် ပြေးထွက်ခဲ့ပေမယ့် ရင်တုန်ပန်းတုန်ဖြစ်ရသည့်စိတ်လှုပ်ရှားမှုဒဏ်ကို မခံနိုင်.. ၊

"လုပ်ကြပါဦး..ငါ့သမီး.."

ပြောနေရင်း လမ်းပေါ်ရောက်မှလဲကျသွားခဲ့သည်။ ဒါဒါပြေးလာတော့ ဦးဝင်းမောင်က ဇနီးဖြစ်သူကိုပွေ့ထားလျက်ရှိကာ.. ၊



"အဲ့ဒါတွေပြောတာပဲ..မအေကိုပြုစုဖို့လာတာမဟုတ်ဘူး..မြန်မြန်သေအောင်သတ်နေတာ.."

☎

အခန်း(၁၃)

"ဟာ..မသေလို့တွေ့ရ မေ့နိုင်ပါ့မလားဦးကိုရေ.."

"ကိုကိုရေ..ဘယ့်နှယ် မာမာချာချာပါပဲလား၊ မင်္ဂလာပါဗျာ.."

"မင်္ဂလာပါကိုဝင်း..."

ဆောက်လက်စအဆောက်အဦး၏ ရှစ်ထပ်အစွန်မှာ သူရှိနေတာဖြစ်ကာ ဦးမြစိုးတို့က ထိုနေရာထိရောက်လာကြတာဖြစ်သည်။ ဒီကနေကြည့်လျှင် အင်ယားကန်တစ်ခုလုံးကို အပေါ်စီးကမြင်နိုင်သည့်ပြင် အမြင့်ဆုံးအဆောက်အဦးတို့ကို အနီးကပ်မြင်နေရသလို ခံစားရမှာဖြစ်သည်။ ထိုနေရာမှာ ဦးမြစိုးတို့ ကိုမျိုးဝင်းတို့နဲ့အတူတူရပ်မိကာမှ..၊

"ဘယ်လိုဖြစ်တာလဲ..မနေ့ကမှကြားလိုက်တယ်.."

"ဘာမှမဟုတ်ပါဘူး..ဘယ်လိုနာမည်ကြီးသွားမှန်းတောင်မသိလိုက်ဘူး.."

"ကျွန်တော်တို့ကြားတာ ရန်ပွဲထဲပါမိလို့ အရိုက်ခံထိသလိုလို ဒဏ်ရာကြီးရသွားသလိုလို..အဲ့ဒါစိုးရိမ်လို့ ဖုန်းဆက်တော့လည်းမရတာနဲ့.."

"ဘာမှကြီးကြီးကျယ်ကျယ်မဖြစ်ပါဘူး..ကျွန်တော်တို့ ကိုကျော်ဇင်



တို့နဲ့သွားကြတုန်း အပြန်မှာလေ.."

သူကြုံခဲ့တာကိုပြောပြတော့ ဦးမြစိုးတို့ တအံ့တသြဖြစ်နေကြကာ..

"အင်းပေါ့..ကိုယ့်ရှေ့ရောက်လာတာကိုတော့ ဘယ်လိုလုပ်တွန်းဖယ်ပစ်နိုင်မှာလဲ.."

"ဟုတ်တယ်လေ..ပြီးတော့မိန်းကလေးဖြစ်နေတဲ့ဟာ.."

"ဒါပေမဲ့ ကိုကိုရာ..မိန်းကလေးချင်းမို့တော်သေးတာပေါ့၊ ယောက်ျားတွေဆိုရင် ဓားတွေတုတ်တွေပါလာနိုင်တယ်..မင်းကိုတုတ်နဲ့ရိုက်တာ မဟုတ်ဘဲ ဓားနဲ့ဆိုသေပြီကွ.."

ရယ်ပဲရယ်နေမိကာ သူဘာပြောရမှန်းလည်း မသိပါ။ မိန်းကလေးရယ် ယောက်ျားလေးရယ်မဟုတ်ဘဲ မနေတတ်သည့်စိတ်က တွန်းပို့လိုက်သဖြင့် လက်ကကာကွယ်လိုက်မိကာ အလိုအလျောက်ပါပဲလို့ ပြောရမလား..။ ဒါပေမဲ့ တစ်ခုတော့ ဝန်ခံဖို့ရှိခဲ့သည်။ ရန်ပွဲကနေ လွတ်လွတ်ကျွတ်ကျွတ် ကွေ့ရှောင်သွားလို့ရပါလျက် သူလည်းကွေ့ရှောင်သွားနေတာပဲဖြစ်ကာ သူမကိုမြင်လိုက်တော့ ဟိုတစ်ခါနှစ်ရာတန်ကြောင့် ပြဿနာရှာနေတဲ့ မိန်းကလေးလားဆိုသော စူးစမ်းသည့်စိတ်က ခြေလှမ်းတို့ကိုဘယ်လိုယိမ်းယိုင်သွားစေခဲ့သည်မသိ.. ၊

သူခွဲခြားနေမိဆဲမှာ သူမကိုယ့်ရင်ခွင်ထဲ ပစ်ကျလာသည်။ ရိုက်ခတ်မှုတွေဆက်တိုက်ဖြစ်လာခဲ့သည်။ သူမကိုကာကွယ်မိခဲ့တာလည်း အားလုံးသည် အလိုအလျောက်ဖြစ်ခဲ့ခြင်း.. ၊

"အခု ဘာဒဏ်ရာမှမရခဲ့ဘူးပေါ့..ဘာနဲ့ရိုက်မိခဲ့တာလဲ.."

"တုတ်လား..ဘာလားမသိပါဘူး၊ သစ်ကိုင်းထင်တယ်..သေးသေးလေးမို့လို့ အရှိုးရာပဲထင်သွားတာ၊ တုတ်ကြီးကြီးဆို မလွယ်ဘူး"

သူပြောရင်းရယ်နေတော့ ဦးမြစိုးတို့က ခေါင်းတညိတ်ညိတ်နှင့်..၊

"ဂရုစိုက်ပါကိုကိုရယ်..ကျုပ်တို့တွေမှာ မင်းမရှိလို့မဖြစ်ဘူးနော်"

"ဦးလေးကလည်း နေ့နေပြန်ပြီ..ဒေါ်ဇကရီကြားရင် လက်သီးလက်မောင်းတန်းပြီး ပြေးလာဦးမယ်.."

"ဟား ဟား ဟား..ကျုပ်ကလုပ်ငန်းကိစ္စတွေအတွက် ပြောတာပါ၊ အထင်မလွဲပါနဲ့.."

"ဦးလေးနော်..ဦးလေး ဦးကိုကိုဆိုရင် ကွယ်ရာမှာလည်း ချီးမွမ်းမဆုံး တသသနဲ့ဖြစ်နေတာ၊ အဟွန်း.."

"လုပ်ပြီ..ဟား ဟား ဟား.."

ဦးမြစိုးက ရယ်လက်စမသတ်ဘဲ အပေါ်စီးကနေ ဝေ့ကြည့်၍ လက်ညှိုးထိုးကာ.. ။

"ကျုပ်ချီးမွမ်းတာပိုလို့လား..ကန်ထရိုက်တိုက်တွေ အရောင်းအေးလို့ ငုတ်တုတ်မေ့နေကြတုန်း ကိုကိုထလုပ်တာကြည့်လေ..တကယ့် View ကောင်းနေရာကောင်း.."

စကားအရှိန်ရနေကာမှ တစ်စုံတစ်ရာကို သတိရသွားသလို ပြုံးလက်စမျက်နှာမှာ စူးစမ်းခြင်းတွေဖြစ်သွားခဲ့ပြီး.. ။

"ဒါနဲ့မန္တလေးက ရှေ့ပင်းမောလ်ကြီးကို ဒေါ်ဧကရီလွှဲပြောင်းယူလိုက်ပြီဆိုတာ ဟုတ်လား.."

"မဟုတ်ပါဘူး.."

"တော်သေးတာပေါ့..အဲ့ဒါကြားလိုက်တုန်းက မယုံပေမယ့် ကိုယ့်ဇနီးက တစ်ထစ်ချကြီးပြောနေတာလေ၊ ဒေါ်ဧကရီတို့သားအမိတွေ ကိုယ်တိုင်ပြောနေတာကို ကြားခဲ့တာတဲ့.."

"ဟုတ်လား..ကျွန်တော်တောင်ထင်နေတာ၊ မောလ်ကို ကွင်းလို့တင်ထားတာလည်းတွေ့တော့ ဒေါ်ဧကရီကိုင်နေပြီမှတ်နေတာဗျ.."

ကိုကို့မျက်နှာ မတည်မပြုံးနှင့် ငြိမ်သက်သွားသည်။ ဒီသတင်း ဘယ်သူလွှင့်နေတာလဲ..။ ဘယ်လိုအကြံလဲဆိုတာ သူရိပ်မိသည်။ သူ့အနေနဲ့က စီးပွားဥစ္စာဆိုတာ လင်နဲ့မယားပိုင်ဆိုင်ခွင့်ရှိတာကို သိသည်။ ဒါပေမယ့် ဧကရီ့ကိုတော့ ဒီလိုလက်လွှတ်စပယ်ချပေးလိုက်ဖို့က မဖြစ်နိုင်.. ။

"တခြားကြောင့်မဟုတ်ပါဘူးကိုကိုရာ..ကျုပ်တို့က အိုးလ်မောဒယ်လ်တွေလေ၊ မင်းတို့လိုလူငယ်တွေလောက် အိုင်ဒီယာမလန်းတော့ဘူး..နောက်ပြီး သားကိုကိုဆိုတာ တော်ရုံအောင်မြင်နေတဲ့သူမှမဟုတ်တာ၊ လက်တွဲလက်စရှိတဲ့သူတွေပဲ အလုပ်လုပ်ရတာကို ပိုပြီးကျေနပ်တယ်..မိန်းမသားထက် ယောကျ်ားချင်းလက်တွဲရတာ ပိုကောင်းတယ်၊ ဒါ့ကြောင့်ပါ.."

ကိုကိုကပြုံးလိုက်ပြီး ဘာမှပြန်မပြော။ ထို့ပြင် ဘေးမှာရှိနေသည့်



ဝန်ထမ်းဆီက Drawingတစ်ထပ်ဆွဲယူကြည့်ရင်း အဆောက်အဦး၏ ညာဘက်ခြမ်းကို လှည့်ကြည့်သည်။ ဦးမြစိုးတို့ကလည်း သူလှည့်သည့်ဘက်ကို ခေါင်းလှုပ်လှုပ်ပါလာခဲ့ရင်း.. ။

"ဒီနေ့ အစည်းအဝေးမှာ ဦးမော်နိုင်တင်ပြသွားတာတွေနဲ့ပတ်သက်ပြီး မင်းသုံးသပ်တာ အတော်ကောင်းတယ်..စက်ရုံဘက်ခြမ်းက လစ်ဟာမှုတွေကို မန်နေဂျာကိုပဲ လွှဲထားလို့မှမဖြစ်တာ၊ ကျုပ်ကတော့ မင်းရဲ့စေ့စပ်သေချာမှုကို မချီးကျူးဘဲမနေနိုင်ဘူး..အခု ဒီထိလိုက်လာတာ အဲ့ဒါပြောချင်တာလည်းပါတယ်၊ နောက်ပြီး.."

ကိုကိုဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ပြောတာမကြိုက်သလို ဖြစ်သွားသဖြင့် ဦးမြစိုးအိုးတိုးအမ်းတမ်းကြီး ဖြစ်သွားသည်။ ပြီးတော့ ရယ်၍..

"ဒါလေးချည်းပဲတော့ မဟုတ်ဘူးလေ..ဒါကိုအရင်းခံပြီး ပြောချင်တာက ဟိုကွာ ကိုယ့်ဘာလုပ်လုပ်အဆင်ပြေနေတာ အောင်မြင်တာက ကိုယ့်အရည်အချင်း..ဒါပေမယ့် ကိုယ့်အရည်အချင်းကြောင့် မဟုတ်ဘဲ တခြားအနှောင့်အယှက်တွေကြောင့်လည်း အဆင်မပြေမှုတွေဖြစ်လာနိုင်တယ်ကွ၊ ကျုပ်တို့ကရှေ့ပြေးနိုင်တဲ့ အိုင်ဒီယာကတော့ သိပ်မကောင်းပေမယ့် အတွေ့အကြုံအရပြောရရင် လုပ်ငန်းတိုင်းမှာ အစဉ်သဖြင့် ချောမွေ့နေတယ်ဆိုတာ မရှိဘူး..အဲ့လိုအခက်အခဲဖြစ်လာရင် ကိုယ်သတိမမူခဲ့မိလို့ဆိုတာ မဖြစ်ရအောင် သတိထားပါ..မင်းရဲ့ အောင်မြင်မှုက ကျုပ်တို့အောင်မြင်မှုပဲ၊ မင်းကျရှုံးရင်လည်း တို့တစ်အုပ်စုလုံးပဲလေ..ဟုတ်တယ်မို့လား၊ ကျုပ်ပြောတာ မင်းနားလည်မှာပါ.."

ကိုကိုကပြုံးလိုက်ပြီး ခေါင်းညိတ်သည်။ လုပ်ငန်းကိစ္စတွေမှာ ဧကရီပါဝင်လာပြီဆိုတည်းက ပါတနာတွေရော တခြားရင်းနှီးသည့် မိတ်ဆွေတွေဆီကပါ ဒီလိုသတိပေးစကားတွေကို ကြားလာခဲ့ရသည်။ တကယ်ဆို ဧကရီ့ကိုသူဘာတစ်ခုမှ ပါဝင်ကူညီခိုင်းခဲ့တာမဟုတ်..၊

အလုပ်ကိစ္စတွေချည်းပြည့်နေသည့် ခေါင်းထဲမှာ ဧကရီသည်အရေးကြီးသော ကိစ္စတစ်ရပ်အဖြစ် ပါဝင်လာခဲ့ပြီး.. ။

## အခန်း(၁၄)

ဘယ့်နှယ်သိန်းခြောက်ရာကျော်ကြီးကို အရေးကြီးတဲ့ကိစ္စမဟုတ်ဘူး ဆိုတာ ဘယ်လိုစိတ်ကူးနဲ့များ ပြောလိုက်တာလဲ..။ ဇေကရီထိုင်လိုက်ပြီးမှ ကြွခနဲပြန်ဖြစ်သွားသည်။

"မာမီအဲ့လိုပြောလိုက်တာတော့ နည်းနည်းများသွားပြီနော်..သိန်း ခြောက်ရာကြီးတောင် စာရင်းဖျောက်ခိုင်းဖို့ စဉ်းစားရင်တော့ ဇေကရီထွက် ပြေးရတော့မှာ.."

"သိန်းခြောက်ရာမပြောနဲ့လေ..ရှေ့လက ညည်းဒယ်ဒီဖဲ့ပေးထား တယ်မဟုတ်ဘူးလား၊ မသကာလေးရာလောက်ဆိုတော်သေး.."

"အဲ့ဒါကဇေကရီပြောရမှာ..ဖဲ့ဆပ်သွားလို့ အဲ့လောက်ဆိုရင်တော်သေး တယ်၊ ဆပ်တယ်..ဆပ်ပြီးပြန်ယူတယ်၊ အဲ့ဒီအကြွေးက လျော့တယ်လို့ကို မရှိတော့ဘူး..မနေ့ညက မာမီ့သားငယ်ဆယ်သိန်းတောင်းသွားသေးတယ်"

"ဒါကတော့ ဇေကရီရယ်..သားကိုကိုရဲ့မိန်းမဖြစ်နေပြီး မောင်တွေ ညီမ တွေ လက်လာဖြန့်တာကို သိန်းဂဏန်းလောက်မှထည့်မပေးရင် ဘယ်လို လုပ်မှာလဲ..ဒါညည်းတို့ဂုဏ်သိက္ခာပဲ.."



"ဩော်..ဩော် ဂုဏ်သိက္ခာအရ မုန့်ဖိုးတစ်ခါပေးရင် ဆယ်သိန်း"

"တစ်ခါတလေတောင်းတာပါအေ..သားငယ်ကလည်း လက်ဝါးဖြန့် ချင်တဲ့သူမဟုတ်ပါဘူး၊ သူ့ကောင်မလေးအတွက် ဘက်သ်ဒေးလုပ်ပေးမ လို့တဲ့..မာမီ့မှာပေးစရာမရှိလို့ တောင်းခိုင်းလိုက်တာ.."

ဘယ်လိုပြောပြော မာမီ့ဆီက ဖြေရှင်းချက်တစ်ခုခုကတော့ အခိုင် အမာထွက်လာမှာပင်။ ကိုယ်လုပ်ချင်တာတွေလည်း လုပ်မည်။ မာမီတို့တစ် အိမ်လုံး ကိစ္စတွေလည်း ပံ့ပိုးနေရဦးမည်ဆိုရင် ဘယ်လိုလုပ်ရမလဲ..။ ကိုကိုဘယ်လိုယောကျ်ားမျိုးလဲဆိုတာ ကိုယ့်ထက်ဘယ်သူ သိမှာလဲ.. ၊

"နေစမ်းပါဦးဇေကရီ..ဒီပိုက်ဆံလောက်ကို ညည်းက.."

"ဒီပိုက်ဆံလောက်မဟုတ်ဘူးမာမီ..ငွေသိန်းခြောက်ရာကို ဒီလကုန် တာနဲ့ အသာလေးပြန်ထည့်ပေးရအောင် ဇေကရီ့မှာလည်း နှိုက်လိုက်တိုင်း ထွက်နေတာမဟုတ်ဘူး.."

"အောင်မယ်လေး..မအေကိုပြောနေလိုက်တာဇေကရီ၊ ညည်းတော် တော့်ကို မာန်တက်နေပါလား.."

"မဟုတ်ဘူးလေ..အလွယ်မရှိတာကို မာမီမှမယုံဘဲ၊ ဒီလကုန်တာနဲ့ နှစ်ချုပ်စာရင်းစစ်တော့မှာ.."

"စစ်တော့ဘာဖြစ်လဲ..ယူသုံးမိတယ်၊ ကုန်ပြီ..ဒါပဲပေါ့.."

"အဲ့လိုလွယ်နေရင် မာမီ့ကိုဒီစကားတွေ လာပြောနေပါ့မလား.. တ ကယ်ပဲစိတ်ညစ်တယ်.."

သေချာပုံဖော်ဖြီးထားသည့်ခေါင်းကို ကုတ်မိမလို ခဏခဏ လက်ပြင် မိတာ စိတ်ရှုပ်ရလွန်းလို့ဖြစ်သည်။ နောက်တော့ လက်ကတွယ်ရာမဲ့ရခြင်း ကို သည်းမခံနိုင်အောင်ဖြစ်လာကာ ဘေးမှာပန်ထားသည့်ကပ်ပန်းလေးကို ဆွဲဖြုတ်၍ စားပွဲပေါ်ပစ်တင်လိုက်သည်။ ပြီးတော့ ဆံပင်တွေကို စိတ်ရှိ သက်ရှိဖိသပ်ဆွဲခါပစ်မိကာ.. ၊

"ကိုကို့ဆီရောက်ရဖို့ကို အဆင့်တွေဘယ်လောက်တောင်ဖြတ်ကျော် ပြီးမှရောက်လဲမာမီသိလား..နောက်ဆုံး သူ့အတွင်းရေးမှူးထိ နည်းနည်းမှကို အချိုးပြေတာမဟုတ်ဘူး၊ လူကိုသူဌေးလို့ပါးစပ်ကခေါ်နေပေမယ့် မျက်လုံး တွေနဲ့တံတွေးထွေးနေကြတာ..ပြောစရာတွေ့တာနဲ့ သူတို့လက်အောက်

ကလူလိုပဲ..”

“ဘာ..”

ဒေါ်မာလာခိုင်ရဲ့ဘာသံက မျက်လုံးတွေပါပြူးလျက်ပါ၏။ တစ်ခေါင်းလုံးကောက်ထားသည့်ဆံပင်တွေက ပခုံးပေါ်ထိရှုပ်ပဲရှိကာ မျက်နှာမှာ မိတ်ကပ်နှုတ်ခမ်းနီတို့နှင့်မသိရင် သူမအသက်ကို လေးဆယ်ဝန်းကျင်လောက်သာ ခန့်မှန်းကြမှာဖြစ်သည်။ ကိုယ်လုံးဖိုင့်ပေမယ့် အချိုးကျသည်။ ကိုယ့်အိမ်ဖြစ်ဖြစ် အပြင်မှာဖြစ်ဖြစ် ထိုင်ပြီဆိုတာနှင့် စီးကရက်လက်ကြားညှပ်ရမှ။ ထို့ပြင် ဘယ်လိုအရေးဒုက္ခတွေဖြစ်နေပါစေ တစ်ကိုယ်လုံးမှာ စိန်တစ်ဆင်စာမှဝတ်မထားရလျှင် နေမကောင်းဖြစ်တတ်သည့် မိန်းမမျိုး..။

ဒေါ်မာလာခိုင်၏ အထည်ကြီးပျက်သက်တမ်းက ကြာရှည်ခဲ့ပြီဖြစ်သည့်တိုင် သူမသည်ငွေကို ရှာလည်းရှာသည်။ ဖြုန်းလည်းဖြုန်းသည်။ ဖြုန်းစရာအမြဲရှိနေအောင်လည်း ဖန်တီးနိုင်လွန်းသူဖြစ်၏။ ခင်ပွန်းဖြစ်သောဦးထွန်းရီကလည်း နဂိုတည်းက အေးတိအေးစက်ထင်ရာလုပ်တတ်သည့်အကျင့်ရှိသည့်အတိုင်း ဇနီးသည်ကို တားလည်းမတား။ ဒါလေးလုပ်ကြည့်ပါလားလို့ တိုက်တွန်းတာလည်းမလုပ်.. ။

“ဒီလိုလူတွေက လူပါးဝနေတာကို ညည်းကငြိမ်ခံတယ်ဟုတ်လား ကေရီ..ညည်းကို သားကိုကိုနဲ့မပေးစားခင်တည်းက ငါကိုယ်တိုင်နာမည်ပေးခဲ့တာကေရီနော်..”

တွေးလေ ဒေါသထွက်လေဖြစ်ကာ ဒေါ်မာလာခိုင် ခြေချင်းချိတ်၍ ဆိုဖာမှာပက်ခနဲမှီလိုက်၏။ ပြီးတော့ တက်ခေါက်၏။ ပြီးတော့ ဆတ်ခနဲပြန်မတ်လိုက်ကာ.. ။

“ဒီရုပ်ဒီအဆင်နဲ့များ ယောကျ်ားတစ်ယောက်ကို မပြောရဲမဆိုရဲ ဖယ်ကျဉ်ခံနေရတယ်လို့ ညံ့ပါ့ကေရီရယ်..အမလေး ဒေါသထွက်လိုက်တာနော်..”

လက်သီးဆုပ်ပြီး ဆိုဖာလက်တင်ကို ထုလိုက်သေးသည်။

“ညည်းအဖေဆိုရင်လေ ငါဘာပြောပြောဘာလုပ်လုပ်..”

“ဒယ်ဒီက အစတည်းက ဘိုးဘိုးကုမ္ပဏီမှာ အတွင်းရေးမှူးမဟုတ်ဘူးလား..သူ့သူဌေးရဲ့သမီးဆိုတဲ့အရှိန်အဝါက နည်းလား..မာမီ့ သမီးကျ



တော့ ကြည့်ဦး..”

“ပြောလေ..ဆက်ပြောစမ်းပါ၊ ယောကျ်ားကဘာကြီးဖြစ်နေနေ လင်ငယ်မယားရယ်ဖြစ်ကြပြီဆိုရင် အဲ့ဒီယောကျ်ား မိန်းမရင်ခွင်ထဲမှာ ခေါင်းဖော့တာပဲ..ပေါင်ပေါ်မှာခေါင်းတင်တာပဲ..”

“သူတို့ကချစ်ရင်တော့ ဟုတ်မှာပေါ့..”

ဒေါ်မာလာခိုင်အသံတိတ်သွားသည်။ သို့သော် ခဏပဲဖြစ်ကာ..၊

“ဘာအကြောင်းတွေမှ လိုရာဆွဲတွေးမနေနဲ့ကေရီ..ညည်းစိတ်ကိုက အဲ့ဒီကောင်အောက်မှာ တစ်ထစ်ကျနေတာ၊ သူ့အဖေနဲ့သတင်းကြီးပြီးမှ သူနဲ့လက်ထပ်ရတယ်ဆိုတဲ့အဖြစ်ကို ထည့်ကိုတွေးနေဖို့မလိုဘူး..မိန်းမပျက်တွေကိုယူထားတဲ့ ယောကျ်ားတွေတောင်မှ..”

“တော်ပါတော့မာမီရယ်..ကိုကို့ကိုမာမီနားမလည်ပါဘူး၊ အဲ့ဒီလူက..”

“ဘာလဲ..ခြောက်နေလို့လား၊ ယောကျ်ားဖြစ်ရှုံးနေတဲ့လူလား..”

“ကျွတ်..”

“ခြောက်နေရင် ရေလောင်းပေးလိုက်..ယောကျ်ားဖြစ်ရှုံးနေရင်လည်း..”

“မာမီ..”

“ငါ့ကိုမတားနဲ့..ဒီလောက်တုံးတစ်တဲ့သမီးမျိုးမွေးမိတာ ငါ့ကိုယ်ငါတောင် အံ့သြနေပြီ..”

“ပြီးတာပဲ..ဘာမှမပြောတော့ဘူး ပြန်မယ်..”

အပြောနဲ့အတူ နေရာမှထရပ်လိုက်သည်။ ပြီးတော့ ဆိုဖာပေါ်မှာချထားသည့်အိတ်ကို ပြန်ငုံ့ကောက်လျှင်.. ၊

“ကေရီနော်..မအေစကားပြောနေတာကို မလေးမစားနဲ့ညည်း..”

“မာမီက ကေရီကိုပဲ ချိုးဖဲ့ကဲ့ရဲ့နေတာကိုး..သားကိုကိုဆိုတဲ့လူ ဘယ်လောက်ထိအကြောတင်းလည်း မာမီသိလား..”

“အဲ့ဒီလိုအကြောတင်းနိုင်တာကိုက ညည်းညံ့လို့ပေါ့..မာမီကကဲ့ရဲ့နေတာမဟုတ်ဘူး၊ လူပျိုလူလွတ်တစ်ယောက်ကိုရထားပြီး ကိုယ့်မှာလည်း ချုပ်ရည်ရှုပါနဲ့..နေစမ်းပါဦး..ညည်းကို..”

ဒေါ်မာလာခိုင်က ရှေ့ကိုကိုယ်ကြီးကိုင်းလာပြီးမှ အသံနိမ့်၍..၊

"ဟိုသင်းဟိုဟာတော့ ပြုတယ်မဟုတ်ဘူးလား.."

"ပြုပြုမပြုပြု နည်းနည်းမှကို ဂရုမစိုက်ဘူး.."

"ဒါနဲ့နေပါဦး...အိပ်ရာဝင်ရင် လက်မောင်းပေါ်တင်သိပ်တာတို့ ဖက်ထားတာတို့.."

"မာမီကလည်း.."

နာကျင်စရာတွေကို ပြန်ဆွပေးသလိုဖြစ်ကာ ဇကရီရှက်လည်း ရှက် ဝမ်းလည်းနည်းလာခဲ့ပြီး.. ၊

"ဇကရီ့ကို ဘယ်လိုတွေကဲ့ရဲ့ချင်သေးလို့လဲမာမီ..သူကဇကရီ့ကို ရွံတယ်တဲ့..ကဲ.."

"ဟင်.."

"အဲ့ဒါမာမ့်ကြောင့်.."

"အလိုတော်.."

"ဟုတ်တယ်..ဇကရီလည်း ကိုယ့်မာနနဲ့ကိုယ် ကင်းကင်းနေလို့ ရတယ်၊ ညှံ့လိုက်တာ အဖြစ်မရှိဘူးဆိုတဲ့ မာမ့်စကားတွေကြောင့် သူ့ကို ပရောပရီတွေလုပ်မိတာ..အဲ့ဒါကြောင့် အပြောခံရတာ.."

"နေပါဦး...ပရောပရီသွားလုပ်တော့ သူကမလာနဲ့ဆိုပြီး တွန်းလွှတ်ပစ်လား.."

ဇကရီ ဘာမှမဖြေနိုင်။ ဖြေလည်းမဖြေချင်တော့ပေ.. ၊

"အချစ်နဲ့စပ်ယှက်ခြင်းဆိုတာ မင်းနားမလည်တဲ့ပုံပဲ..ဘယ်လည်းမလဲ၊ မင်းကြုံဖူးတာ ဒါမျိုးမှမဟုတ်ဘဲ.."တဲ့.. ၊

သူပြောခဲ့တာ ရင့်သီးလွန်းသည်။

"မင်းနဲ့ငါလက်ထပ်ထားတဲ့အတွက် အကြင်လင်မယားအရာမြောက်မယ်..ဒါပဲ၊ ဒီ့ထက်ဘာမှမပိုဘူး...အဲ့ဒီတော့မင်းကို ဇနီးမယားတစ်ယောက် အဖြစ် မင်းရသင့်တဲ့အခွင့်အရေး အကုန်ပေးမယ်၊ နောက်ထပ်ငါ့ဆီက ဒီ့ထက်ပိုတာ ဘာမှမမျှော်လင့်နဲ့.."တဲ့.. ၊

နာကျင်မှုကြောင့် ဆတ်ခနဲခေါင်းခါပစ်မိကာ.. ၊

"တော်ပြီမာမီရာ..သူ့အကြောင်းထပ်မမေးနဲ့တော့၊ အခု ဇကရီ့ပိုက်ဆံ မာမီဘယ်လိုပေးမှာလဲ.."



ပိုက်ဆံကိစ္စပြန်ရောက်လာတော့ ဒေါ်မာလာခိုင့်မျက်နှာမှာ ပြေပြစ်ခြင်းတို့ ပြောင်းလဲသွားခဲ့လျက်.. ၊

"သားအမိချင်းတောင် ကြွေးတောင်းသလိုတောင်နေရလားဇကရီရယ်.."

"ချေးထားတာပြန်တောင်းရင်တော့ ကြွေးပေါ့မာမီရယ်..မာမီကသည်း အတောင်းခံနေတာကိုး.."

"ဘာရယ်.."

"ပိုဆိုးတာက ကြွေးမကင်းသေးဘဲ ထပ်ထပ်ကုန်ဖို့တွေဖြစ်နေတာ.."

"အဲ့ဒါတော့ ညည်းမှားပြီဇကရီ..ညည်းပိုက်ဆံကို မာမီကစားပစ်တာမဟုတ်ဘူး၊ ငွေအောင်တို့ဝိုင်းမှာ ကုန်ခဲ့တုန်းကချွတ်ပေးခဲ့ရတာတွေအတွက် ဒါတွေကိုပြန်ရွေးဖို့ယူတာ.."

ကိုယ်မှာဝတ်ထားသည့် စိန်ထည်တွေကို ပြဖို့အတွက် ပခုံးတွေတွန့်ရင်ကို'မ'ကာ.. ၊

"မာမ့်ကိုယ်မှာ လက်ဝတ်လက်စားမရှိရင် အထူးသဖြင့် စိန်မဝတ်ရရင် ဘယ်လိုမှမရတာ ညည်းလည်းသိသားနဲ့.."

"သိရင်လည်း ဒါကြီးဖြုတ်ချမထိုးနဲ့ပေါ့မာမီရဲ့..မာမ့်လိုပဲ ဒယ်ဒီတို့အငယ်လေးတို့လည်း ဆော့တတ်တယ်၊ ဇကရီလည်းကစားတတ်တာပဲ..ဒါပေမယ့် မာမ့်လောက်တော့ မဆိုးပါဘူး၊ မာမီတို့ကျမှ လူကြီးလည်းဖြစ် မိဘတွေလည်းဖြစ်ရဲ့သားနဲ့.."

"တော်တော့..တော်တော့၊ ညည်းမိဘကိုအပြစ်ထောက်ဖို့ မလိုဘူး..မာမီတို့က အဆင်မပြေလို့ သားသမီးဆီကယူသုံးတာ၊ ဒါပေမဲ့ မာနရှိတယ်နော်ဇကရီ..ပြောချင်တိုင်းလာမပြောနဲ့.."

"ကိုယ့်မိဘကို ပြောချင်လို့ပြောတာဟုတ်ပါ့မလားမာမီ..မာမီတို့မှာဆင်ကျုံတော့ကျွဲပါ၊ ကျွဲလောက်မကျန်ပါဘူးဆိုရင်တောင် စားရမဲ့သောက်ရနဲ့လည်း မဖြစ်သေးပါဘူး.."

"ဘာ.."

"ဇေကရီပြောချင်တာက အဆင်မပြေဘူးဆိုတာ လောင်းစရာမရှိတဲ့အဆင်မပြေမှုပဲ.."

"ဘာကြောင့်ဖြစ်ဖြစ်လေ.."

"ဘာကြောင့်ဖြစ်ဖြစ် မပြောဘဲနေရမယ်ဆိုရင် ဇေကရီကိုလည်း ဒုက္ခမပေးနဲ့ပေါ့မာမီရယ်.."

"ညည်း..ညည်းကမိဘကို ဦးဆောင်ခွဲခြမ်းရေး လုပ်ချင်တာလား၊ ဒါလောက်အောင်သုံး..ဒါနဲ့ဝအောင်စားဆိုတာမျိုး.."

ဒေါ်မာလာခိုင် ဆတ်ဆတ်ခါသွားသည်။ မျက်နှာတစ်ပြင်လုံး နီရဲနေကာ နေရာမှဆတ်ခနဲထရပ်၏။ ဇေကရီမျက်နှာပျက်သွားကာ နေရာမှလိုက်ထရပ်ရင်း.. ၊

"ဇေကရီ့မှာလည်း ကိုယ်သုံးဖို့တောင် မလောက်ငှနိုင်ဘူးမာမီ..မာမီတို့အတွက် ဖဲ့ထုတ်ဖို့ဆိုတာ ဇေကရီကလျှော့ပေါ့သုံးမှဖြစ်မှာ၊ ဒါပေမဲ့ ဇေကရီလည်း မာမီ့သမီးပဲလေ..ဝိုင်းနဲ့ကြုံရင် မရှောင်နိုင်ဘူး၊ အပေါင်းအသင်းနဲ့တွေ့ရင် လက်ပါတယ်..အလှအပဆိုလည်း အမြင့်ဆုံးသုံးချင်တာ.."

မျက်နှာလွှဲနေပေမယ့် ဒေါ်မာလာခိုင်အသက်ရှူပြင်းနေတာတွေ တဖြည်းဖြည်း ပြေကျသွားသည်။ ဇေကရီကနေရာမှထွက်သွားပြီး ဒေါ်မာလာခိုင့်ရှေ့မှာ သွားရပ်လိုက်ကာ.. ၊

"ဇေကရီဘာတွေဖြစ်ခဲ့တယ်ဆိုတာ မာမီသိပေမယ့် ဘာတွေလုပ်နေသလဲဆိုတာတော့ မာမီအကုန်မသိပါဘူး..ဇေကရီလည်း မကောင်းခဲ့ဘူးမာမီ၊ သူ့အမြင်မှာအပြစ်တွေရှိတယ်..ဦးနဲ့မပတ်သက်ခင်တည်းက တေဇနဲ့ဘယ်လိုမှ ပြတ်တောက်လို့မရခဲ့တာတွေ ကိုကိုနဲ့လက်ထပ်ပြီးမှ တေဇလိုက်နှောင့်ယှက်နေလို့ ရှုပ်ပျက်ဆင်းပျက်ဖြေရှင်းခဲ့ရတာတွေ.."

"ညည်းကိုမာမီပြောပြီးပြီပဲဇေကရီ..ယောက်ျားတွေက နောက်ကွယ်ကကိစ္စတွေကိုသာ မသတိရင်နေမယ်၊ အားလုံးသိထားတဲ့ ဘာကိစ္စဖြစ်ဖြစ် ဘယ်တော့မှ နာကျည်းချက်မတင်ဘူး..လျှို့ဝှက်ထားတာ မဟုတ်တဲ့အတွက် ကိုယ့်မှာလည်းအပြစ်မရှိဘူး၊ မာမီလက်ကုန်ပြောပြီးပြီးလေ..မိန်းမပျက်ဖြစ်ပေ့စေလို့.."

"ဇေကရီလည်း အဲ့ဒါကိုပြောချင်တာမာမီ..မာမီပြောနေတဲ့အကြောင်းတွေက အချစ်နဲ့သာသက်ဆိုင်တာ၊ သူကဇေကရီ့ကို နည်းနည်းလေးမှ မချစ်ဘူး..ဇေကရီ့ကြောင့် သူ့အမေသေခဲ့ရတာ၊ မိသားစုဂုဏ်သိက္ခာကြောင့် ဇေကရီ့ကိုလက်ထပ်ခဲ့ရတာ..အဲ့ဒါတွေက ဇေကရီ့ကိုသူဘယ်တော့မှ ပြန်ချစ်လာမှာမဟုတ်တဲ့ သူ့ဘက်ကအမှန်တရားတွေပဲ.."

ပြောရင်းနဲ့ နာကျည်းမိသည်။ နာကျည်းနေရင်း ဒေါသဖြစ်လာ၏။ ဇေကရီ့မျက်နှာလေးသည် အလှအပတွေပျက်ယွင်းလောက်တဲ့အထိ တင်းမာနေကာ.. ၊

"အဲ့ဒါကြောင့် ဇေကရီကလည်း သူ့ဘာထင်ထင်ဂရုမစိုက်ဘူး..ရန်ဖြစ်ရင်ဖြစ်ပဲ၊ ထင်သလိုသုံးတယ်..ဇေကရီအဲ့လိုတွေလုပ်နေတုန်း မာမီတို့က မိသားစုလိုက်ထပ်ပါလာတော့.."

"အခု ညည်းက မာမီ့ဆီကပိုက်ဆံကို ခုချက်ချင်းထုတ်မပေးရင် မဖြစ်ပါဘူးလို့ပြောနေတာလား.."

"မဟုတ်ပါဘူး.."

လက်ကောက်တွေချွတ်တော့မလို ကိုင်လိုက်တော့ သူမကပဲပြန်လျှော့လိုက်ရကာ.. ၊

"ဇေကရီ့ကိုနားလည်ပေးပါ..သနားပါဦးမာမီ၊ ဂရုမစိုက်ဘူးဆိုတာလည်း အတိုင်းအတာတစ်ခုအထိပဲမို့လား..သူ့ကိုဂရုမစိုက်ပေမယ့် အိမ်ပေါ်က မောင်းထုတ်ခံရတဲ့အထိ ဇေကရီမဖြစ်ချင်ဘူး..သူ့ကိုလည်း ဆုံးရှုံးမခံနိုင်ဘူး.."

ကြွေးတောင်းခြင်းသည်လည်း အရာမရောက်ခဲ့။ မိဘနဲ့တွေ့ခဲ့ရလို့လည်း အေးချမ်းမှုမရခဲ့သည့်ပြင် တစ်ဖက်ကိုပြောပြနေရင်း ကိုယ့်ကိုယ်ကို သတိပြုမိခဲ့တာတွေပါ ကိုယ့်စကားနဲ့ကိုယ်သတိရလာစေခဲ့လျက်.. ၊

ကိုကို့ကိုသူမမစွန့်လွှတ်နိုင်တာ ငွေမျက်နှာတစ်ခုတည်းကြောင့် မဟုတ်မှန်းသိလာခဲ့သည်။ သိလာရကာမှ ပို၍ဝေးကွာသလို ခံစားမိလာ၏။ သူ့ကို စိတ်မဝင်စားမိခင်က ကိုယ်ကဘယ်သူဖြစ်ဖြစ် ဘာတွေလုပ်ခဲ့လုပ်ခဲ့ သူတင်းကိုယ်တင်း သူအော်ကိုယ်အော်။ ခုတော့ သူမခံစားနေရပါပြီ.. ၊

"မင်းနဲ့ငါလက်ထပ်ထားတဲ့အတွက် လင်မယားအရာမြောက်တယ်..ဒီထက်ဘာမှမပိုဘူး.."

"ဒီ့ထက်ပိုတာ ဘာမှမမျှော်လင့်နဲ့.."

"ဘယ်နားလည်မလဲ..မင်းကြုံဖူးတာ ဒါမျိုးမှမဟုတ်ဘဲ.."

သူပြောတာတွေကို သူမဒေါသထွက်ခဲ့သည်။ တမြည့်မြည့်ခံစားနေမိတာမျိုးမရှိခဲ့။ ခုတော့ ဒီစကားတွေကို သူမမမေ့နိုင်ခဲ့သည့်အကြောင်းရင်းကို ရှာဖွေမိပြီဖြစ်သည်။ သူပြောရက်ပါ၏။ 'မင်းကြုံဖူးတာဒါမျိုးမဟုတ်ဘူး' တဲ့.. ၊

သူမပတ်သက်ခဲ့ဖူးသော အချစ်ဆိုတာတွေက အချစ်မဟုတ်ဘူးလို့ ပြောချင်တာလား..ကိုယ့်မှာအချစ်မရှိဘဲ ငွေမျက်နှာတစ်ခုတည်းအတွက်နဲ့ တန်ဖိုးမဲ့ခဲ့သည်လို့ ပြောချင်တာလား.. ၊

သူမသည် ဘယ်လိုမိန်းမအမျိုးအစားဖြစ်ခဲ့ပါသလဲ.. ၊



အခန်း(၁၅)

"အမျိုးအစားတွေခွဲလိုက်ဥမ္မာ..ငါတို့ရုံးချုပ်ကိုပို့မယ့်ဒီဇိုင်းနဲ့ ဒီဇိုင်းတွေပါ တစ်ခါတည်းစာရင်းလုပ်မယ်.."

"ဒီဇိုင်းတွေက ကိုယ်ကသတ်မှတ်လို့မရဘူးဒါဒါရဲ့.."

"ဘာဖြစ်လို့လဲ.."

ကွန်ပျူတာရှေ့မှာထိုင်နေရင်း ဒါဒါကခါးလိမ်ပြီး လှည့်ကြည့်သည်။ ဆံပင်အရွယ်တွေကို ပေတိုင်းနေသည့်စုစုကလည်း ဥမ္မာ့ကို လှမ်းကြည့်၏။ ဥမ္မာက ကီလိုချိန်နေရင်း ဒါဒါ့ဆီကိုထလာကာ.. ၊

"ဘာဖြစ်လို့လဲဆိုတော့ ဒီတိုင်းပဲလုပ်လာခဲ့တာ ငါသိလို့ပေါ့..သူတို့က လုပ်ငန်းကြီးတယ်လေ၊ ပိုက်ဆံပေးနိုင်ရင် တကယ့်ဒီဇိုင်းပညာရှင်တွေက ဟဲစတိုင်လ်တွေအမျိုးမျိုးထုတ်ပေးနိုင်တယ်.."

"အဲ့ဒီတော့.."

"ငါတို့လိုအလုပ်ရုံသေးသေးလေးက ဆံပင်ဒီဇိုင်းကို လက်ခံပေးတာ ညှာတာမှုပါတယ်ဟ..မကြီးသန်းဝင်းရဲ့ငယ်သူငယ်ချင်းဖြစ်ခဲ့ဖူးတာလည်း ပါတာပေါ့ဟာ.."

"ဒါကြောင့် ဒီဇိုင်းတွေတွဲပို့နေပေမယ့် သူတို့သတ်မှတ်ပေးသလောက်ပဲ ယူနေရတယ်ပေါ့.."

"ဟုတ်တယ်လေ..အဲ့ဒါကြောင့်.."

"မရဘူးဥမ္မာ..ပိုက်ဆံရှိတဲ့လူတွေက ငါတို့ထက်ဦးနှောက်ပြေးတယ်၊ ငါတို့ထက်လည်း ကပ်စေးကုပ်တယ်..သူတို့အတွက် အကျိုးအမြတ်မရှိဘဲ သူတို့ဆီက ပိုက်ဆံထွက်ကျလာဖို့ဆိုတာ ညာတာပြီးတော့မပြောနဲ့ မောင်နှမအရင်းဖြစ်နေရင်တောင် အစဉ်သဖြင့်ဘယ်သူမှ မပေးဘူး.."

"အေးလေ..ငါတို့ကလည်း ဒီဇိုင်းသစ်တွေ မထပ်အောင်ပို့ပေးနေတာကိုး၊ အသုံးဝင်လို့လည်း.."

"အသုံးဝင်နေရင် ကိုယ်စိုက်ထုတ်ထားတဲ့ ကာယအား ဉာဏအားအတွက် ထိုက်ထိုက်တန်တန်ရရမှာပေါ့..ကြောက်မနေစမ်းပါနဲ့ဥမ္မာရယ်..မမသန်းမပြောဘဲလက်တွဲနေခဲ့တာလည်း ပြောရခက်နေတာတွေ ရှိရင်ရှိမှာပေါ့၊ အခု ငါ့ကိုလွှဲထားတဲ့အခိုက်မှာ ငါ့ကြောင့်ပြောင်းလဲသွားတယ်ဆိုရင် မမသန်းမျက်နှာပျက်ဖို့လည်း မရှိပါဘူး.."

"ဒါဒါရေ.."

စုစုကဆံပင်အစုလိုက်ကိုလွှတ်ချပြီး ဒီဘက်လှည့်ထိုင်လိုက်ကာ.. ၊

"အလုပ်ကိစ္စတွေချည်း တိုးတက်ချင်မနေနဲ့နော်..နင့်ကိုမမသန်း စိတ်ဆိုးမှ ကိုယ်ရနေတာလေးတောင် မရတော့ဘဲနေလိမ့်မယ်၊ ငါတို့ကပြဿနာမရှိဘူး..နင့်မှာက.."

ဒါဒါ့ဘဝပေးအခြေအနေကို သိနေကြသဖြင့် ဒါကစေတနာစကားဆိုတာ ဒါဒါနားလည်သည်။ သို့သော် ဖိနှိပ်ခြင်းကို သူမနည်းနည်းလေးမှ မနှစ်မြို့ပေ။ မိဘမဲ့လိုနေထိုင်ကြီးပြင်းလာခဲ့ရသည့် ဆိုးကျိုးတွေလားဆိုတာ မသိ။ မတရားဘူးထင်ရင် ပက်ခနဲပြောချတတ်သည့်စိတ်အခံက ငယ်စဉ်တည်းက ရှိခဲ့သည်။ မှားနေတာမြင်လျက်နှင့် တစ်ဦးတစ်ယောက်ကို ကြောက်၍သော်လည်းကောင်း ချစ်၍သော်လည်းကောင်း မှန်ပါသည်လို့ ဘယ်တော့မှရောယောင်ခေါင်းညိတ်ခဲ့တာလည်း မရှိခဲ့ဘူးပေ.. ၊

ဒီအလုပ်ကို သူမစွဲမြဲလုပ်ခဲ့တာ မဟုတ်ပါ။ ထို့ကြောင့်လည်း အလုပ်နဲ့ကင်းကွာသွားသည့်အခိုက်မှာ ဘေးကြည့်ကနေမြင်နေရတာတွေ ရှိသည်။



သာဝရအစဉ် အလုပ်ထဲမှာအုပ်စီးနေရသည့်လူ အလုပ်အချိန်မှန်ဆင်းရင်း ဒါတွေနဲ့ပဲအချိန်ကုန် လည်ပတ်နေရသည့်လူတွေထက် သူမမှာမြင်နေကြားနေရတာတွေ ရှိခဲ့၏။

အတတ်ပညာနဲ့အတွေးပညာ ဘယ်ပညာရပ်ကစိုက်ထုတ်မှု ပိုကြီးသလဲ...။ ဒီဇိုင်းဆွဲခြင်းဟာ အနုပညာပဲဖြစ်သည်။ ဒီပညာရပ်အတွက် ဆံပင်တွေရှင်း ကီလိုတွေနဲ့ချိန်ပြီး ပိုက်ဆံထိုင်ရှင်းပေးသလို လာချပေးတာမျိုး ဘယ်လိုမှမဖြစ်သင့်ဟု တစ်ထစ်ချတွက်ထား၏။

"ငါ့မှာဘာမှမရှိဘူးဆိုတာ မှန်တယ်စုစု..ရှိရှိမရှိရှိ ဘယ်တုန်းကမှလည်း ငါဂရုမစိုက်ခဲ့ဘူး.."

"အေးလေ..နင်ကဂရုမစိုက်လို့ ဒီလိုအတိုက်အခံလုပ်ရဲရင်တောင် မကြီးသန်းဝင်းတို့ လူမှုရေးကဏ္ဍရှိသေးတာကို.."

"အဲ့ဒါ ငါမှားသွားရင် ငါ့ကိုပုံချပြီး ကိုယ့်ဘာသာရှေ့ဆက်လို့ရတယ်လေ..မှန်သွားခဲ့ရင်လည်း မမသန်းရော နင်တို့အလုပ်သမားတွေပါ ဘဝတစ်ဆစ်ချိုးပြောင်းလဲသွားမှာပါ.."

စုစု ဘာမှမပြောတော့ဘဲ ဥမ္မာကငေးကြည့်နေ၏။ သူတို့မှာ ညီအစ်မနှစ်ယောက်ပဲရှိသည်။ ဝမ်းကွဲပေမယ့် ငယ်စဉ်တည်းက အတူနေခဲ့ကြတာမို့ ညီအစ်မအရင်းတွေထက်တောင် သံယောဇဉ်ပိုကြသည်ဆိုရင် လွန်သွားမလားမသိ။ မသန်းဝင်းယောကျ်ားက နိုင်ငံခြားမှာအလုပ်သွားလုပ်ပြီး ငွေတွေပို့သည်။ တစ်နှစ်နှစ်ခေါက်လောက်ပြန်လာတတ်သည်။ ခုနောက်ပိုင်း တစ်နှစ်လုံးနေမှ တစ်ခေါက်လောက်တောင် ပြန်မလာတော့သဖြင့် ကိုယ်တိုင်လိုက်သွားရတာဖြစ်ကာ ဟိုမှာဘာတွေဖြစ်နေပြီလဲ ပြန်လာဖို့ကကြာဦးမှာလား မြန်မှာလားမသိ.. ၊

ဘယ်လိုအကြောင်းတွေရှိနေပါစေ ကိုယ်ကကျန်ခဲ့ပါလျက်နှင့် အလုပ်ကိစ္စတွေ ကမောက်ကမဖြစ်ကုန်တာမျိုးတော့ မဖြစ်စေချင်ပါ။ ထို့ကြောင့် ဒါဒါပြောနေတာကို လက်ခံချင်ပေမယ့် ခေါင်းညိတ်ဖို့ခက်နေခဲ့သည်။ စေတနာထားမှန်း သိနေသည့်တိုင်.. ၊

"ဟုတ်သားပဲဥမ္မာ..လုပ်ကြည့်တာမမှားပါဘူး၊ ငါကကိုယ့်အလုပ်ဟုတ်လို့ပြောတာ မဟုတ်ဘူးနော်..ဒါဒါကလည်း တာဝန်ယူပါတယ်လို့

ပြောနေတာပဲ.."

စုစုကဝင်ပြောတော့ ပြုံလဲချင်နေသည့်စိတ်က တစ်ခါတည်းပျော်ဆင်းသွားတော့သည်။ ဒါဒါကတက်ကြွစွာ ဦးဆောင်ကာ ဒီဖိုင်းတူတွေ တွဲ၍ ဖိုင်သပ်သပ်ထုတ်သည်။ သတ်မှတ်ဈေးနှုန်းတွေကို သေချာထပ် စုံစမ်းပြီးမှ သူများယူသည့်အတိုင်း သတ်မှတ်ဖို့ သဘောတူလိုက်ကြသည်။ မမောနိုင်မပမ်းနိုင် ထုပ်ပိုးပြင်ဆင်ကြရင်း ညရှစ်နာရီထိုးနေကာမှ ဒါဒါအိမ်ပြန်ဖို့ပြင်ရ၏။

"နင်လည်း မကြီးသန်းဝန်းမရှိကာမှ အမြဲမိုးချုပ်တယ်နော်..အားနာလိုက်တာဟာ၊ တခြားအလုပ်ရှုံတွေဆို အိုဗာတိုင်ကြေးရဦးမှာ.."

ဥမ္မာအပြင်ထိလိုက်ပို့ပြီး တကယ်စိတ်မကောင်းဟန်နှင့် ပြောရှာသည်။ ဒါဒါကရယ်ကာ.. ၊

"ငါကအလုပ်သမားမှမဟုတ်တာ..သူဌေးလေ၊ အဟီး..ခေတ္တဂျပန်ပေါ့.."

"ဟုတ်သားပဲ..ခေတ္တသူဌေးဆိုပေမယ့် တို့ဒါဒါက တကယ့်သူဌေးအတိုင်းပဲ၊ ပြောရရင် မမသန်းထက်တောင် သန့်ပြန့်ချောမွှန်နေသေးတယ်.."

"အံ့မယ်..ငါ့မကြီးသန်းကလည်း အိမ်ထောင်ရေး ဘာအရေးညာအရေးနဲ့ စိတ်ဖိစီးနေလို့ပါနော်၊ နောက်ပြီး အသက်လည်းပိုကြီးတယ်လေ..ဒါဒါနဲ့တော့ ဘယ်ယှဉ်လို့ရမလဲ.."

"အဲ့ဒါလေ..ယှဉ်စရာမဟုတ်တာ မယှဉ်ပါနဲ့ဆို၊ ဒါဒါက ဘယ်အချိန်ပြန်ကြည့်ကြည့်လှနေတာ..အဟွန်း ခုလိုဆံပင်တွေကောက်ထားတော့ ပိုတောင်လှ.."

"သိပ်မြှောက်မနေပါနဲ့..ရယ်ရတာတောင် ရှက်လာပြီ.."

"ဒါကရှက်တဲ့ရုပ်ကြီးလား.."

ဒါဒါက တခစ်ခစ်ရယ်နေကာ.. ၊

"အလုပ်ရှုံဘက်ခြမ်းမှာ ငါ့ထမီဟောင်းကျန်ခဲ့တယ်နော်..ရေချိုးခန်းထဲမှာပါ၊ မနက်ဖြန်ကျမှယူတော့မယ်..တော်ကြာ ဘယ်ကထမီစုတ်ကြီးမှန်းမသိဘူးဆိုပြီး သွားလွှင့်ပစ်လိုက်မှာစိုးလို့.."

"နင်ဝတ်တဲ့အဆင်တွေက သိသာပါတယ်ဒါဒါရယ်..မြင်တာနဲ့ နင်



ဟာမှန်းသိကြပါတယ်၊ ဒါနဲ့မနက်ဖြန်နင်နောက်ကျလို့ မဖြစ်ဘူးနော်..အိပ်ပျက်နေရင်ပြောတာ၊ စတိုးဆိုင်ဘက်က ပစ္စည်းအသစ်တွေ သွားကြိုဖို့ ငါလိုက်သွားရမှာဆိုတော့ ဆိုင်နဲ့အလုပ်ရှုံကြားမှာ စုစုတစ်ယောက်တည်း မဖြစ်ဘူး.."

"ငါသိပါတယ်ဥမ္မာရယ်..နင်တို့လည်း အတူတူလုပ်ကြတဲ့ဟာ၊ ဒီအချိန်လောက်ကို အိပ်ရေးပျက်တယ်မခေါ်ပါဘူး..အိုခေ မပူနဲ့.."

ဒါဒါက အနီရောင်ကြိုးသိုင်းအိတ်လေးကို ပခုံးပေါ်ထပ်ဆွဲတင်ကာ အင်္ကျီဆွဲချခြင်း ဆံပင်သပ်ခြင်းကို ခြေလှမ်းနေရင်း လုပ်သွား၏။ အပြင်မှာလူတွေစက်ဘီးဆိုင်ကယ်တွေနဲ့ စည်းကားနေဆဲရှိကာ လမ်းမကြီးကို ထွက်လိုက်တော့လည်း ကားတွေရှုပ်နေဆဲ။ ထိုစဉ် မျက်လုံးထဲမှာ လမ်းဘေးကထမ်းသရဲမုန့်ဆိုင်လေးဆီရောက်သွားကာ စားချင်စိတ်က ချက်ချင်းဖြစ်သာ၏။

"အစ်မ..လမ်းသရဲမုန့်ရသေးလား၊ တစ်ခုဘယ်လောက်လဲ.."

"နှစ်ခုငါးရာညီမလေး..ကြက်ဥလေးပါ ထည့်လုပ်ပေးမှာ.."

"ဟုတ်အစ်မ..ငရုတ်သီးစိမ်းခရမ်းချဉ်သီးနိုင်းချင်းနဲ့ ကြွပ်ကြွပ်လေးတစ်ခုလုပ်ပေး၊ တစ်ခုကအစပ်ပါရှုံလေးနဲ့ အနေတော်လေး.."

သမီးအတွက်တစ်ခု ကိုယ့်အတွက်တစ်ခုစိတ်ကူးပြီး မီးချောင်းလေးချိတ်ထားသည့် တိုင်နောက်လေးမှာ ရပ်စောင့်နေလိုက်သည်။ ထိုစဉ် ဖုန်းမြည်သံကြောင့် အိတ်ထဲကနေ ထုတ်ယူလိုက်လျှင် လက်ထဲရောက်ကာမှပြန်ကျသွား၏။ ပြန်ခေါ်မလားလို့ ခဏစောင့်ပြီးမှမခေါ်တော့ ပြန်သိမ်းထားလိုက်သည်။

မုန့်တွေရတော့ ကားမှတ်တိုင်ရောက်အောင် ခြေလှမ်းနှေးနှေးလျှောက်ရင်း ပူပူလောင်လောင်နဲ့ပဲ စားရင်းသောက်ရင်းလမ်းဆက်လျှောက်၏။ မှတ်တိုင်ကနေ နောက်နှစ်မှတ်တိုင်စီးလိုက်ရင် ကိုယ့်လမ်းထိပ်ရောက်ဖို့ ကားမရရင်တောင် လမ်းလျှောက်သွားရင်ရသည်။ ထို့ကြောင့် အေးအေးလျှောက်ရင် ငရုတ်သီးစပ်စပ် ပူခြစ်ခြစ် မုန့်အရသာကို ကျကျနနစားသောက်ခံစားရင်း.. ၊

"တီ.."

"အမေ့.."

ကိုယ့်အေးနားမှာ ပွတ်ကပ်ရပ်သွားသည့်ဆိုင်ကယ်ကြောင့် လန့်ဖျန့်သွားခြင်းသည် ကံကောင်းလို့ လက်ထဲကမုန့် လွတ်မကျတာဖြစ်၏။ ကြည့်လိုက်တော့ မင်းနိုင်.. ။

"ဘာဖြစ်လို့ ဖုန်းပြန်မခေါ်တာလဲ..ဒီမှာဘေလ်ကုန်သွားလို့.."

"ကုန်ရင်ဝယ်ထည့်ပြီးခေါ်လေ.."

"ဘယ်မှာလဲဆိုတာ သိချင်ရုံလေးပဲဒါဒါရာ..ပြန်ခေါ်လိုက်ရင်ရော ဘယ်လောက်ကုန်မှာမို့လို့လဲ.."

"နည်းနည်းမှအကုန်မခံနိုင်လို့ မခေါ်တာ..အဲ့ဒီတော့ ဘာဖြစ်လဲ"

အစားစားနေတုန်း အလုပ်တစ်ခုခု ထလုပ်လိုက်ရတာလောက် စိတ်တိုတာမရှိ။ အလုပ်ကအပြန် ဗိုက်ကဆာနေတုန်း ဒီမုန့်တစ်ခုက နတ်သုဒ္ဓါလိုအရသာရှိနေခဲ့တာ။ ခုတော့ ကျန်နေသည့်မုန့်မှာ ဘာအရသာမှ မရှိနိုင်တော့တာ သေချာနေပြီမို့ ဒီလူအပေါ်မှာ ဒေါသတွေစုပုံကျလျက်.. ။

"ဘာလဲ..ဘာကိစ္စလဲ၊ မိုးချုပ်နေရင် ငါ့ကိုဘာအကြောင်းနဲ့မှ လာမပြောနဲ့လို့ ပြောထားသားနဲ့.."

"နင့်အလုပ်က ဒီအချိန်ထိလုပ်နေရတာလား..ကိုယ့်ကိုယ်ကိုပြန်ကြည့်ဦး၊ ဆံပင်ပုံကမင်းသမီးဒီဇိုင်းနဲ့..ရှိနေတော့ လမ်းကြိုလမ်းကြားမှာစားသောက်နေတော့ နှစ်ရာတန်.."

"ငါ့ဘာသာ ငါးပြားတန်ပဲစားစား..နေစမ်းပါဦး၊ နင်ငါ့ကိုဘာတွေအပူလောင်လို့ ပတ်ရှာနေတာလဲ.."

ခြေလှမ်းရပ်ပြီးမေးလိုက်တော့ မင်းနိုင်ကရယ်သည်။ အလုပ်တွေဘယ်လောက်တောင် ဖိလုပ်နေသည်မသိ။ မင်းနိုင်ဆံပင်တွေက ပခုံးတောင်ကျော်နေပြီဖြစ်ကာ ပွယောင်းယောင်း သိုးညင်းညင်း။ ပြီးတော့ စွတ်ကျယ်ချိုင်းပြတ်ပေါ်မှာ ဂျင်းအကျႌထပ်ဝတ်ပြီး ရင်ကွဲအတိုင်းထားသည်။ ဆိုင်ကယ်ကောင်း ကြွားကြွားရွှားရွှားစီးနိုင်ပြီး လူကတော့ ဖုန်တက်နေသည့်သစ်သားရုပ်ကြီးလို.. ။

ထိုအခါ ဒေါ်ဖြူဖွေးပြောတာကို သတိရသွားမိပြီး စိတ်မကောင်းတော့ဖြစ်သွားမိ၏။ သူ့ခမျာအိမ်ထောင်စုနှစ်စုစာ ပြေးလွှားရှာနေရတာ



ကိုယ့်အရွယ်ကိုယ့်အသက်ကိုတောင် မေ့နေပြီလားမသိ။ ဟိုအရင်တုန်းကည်းက ဒီယောကျ်ားဒီလိုပုံစံဆိုတာ သိသာပါသည်။ ဒါပေမယ့် ဒီလောက်တောင်ရိုးသားကြိုးစားနေမည့်သူဆိုတာတော့ မထင်ခဲ့တာအမှန်..

သို့သော် စိတ်သည်ခဏတဖြုတ်လေးသာ ညှိုးသက်သွားခဲ့သည်ရှိကာ တစ်နည်းတွေးရင်တော့ သူနောက်ထပ်အိမ်ထောင်ပြုလိုက်ခြင်းကြောင့် မဟုတ်ဘူးလား..။ သူ့အိမ်ထောင်အတွက် သူရုန်းကန်ရင်း ကိုယ့်သားအမိအတွက် မကောင်းတတ်လို့ စွန့်ကြဲနေတာမျိုးကို တာဝန်သိတတ်လှချေရဲ့လို့ ကျေးဇူးတင်နေရမှာလား.. ။

"ဒီမှာမေးပါရစေ..နင့်ကြောင့်မိန်းမနှစ်ယောက် ရန်ဖြစ်နေကြပြီဆိုတာကို သိပ်ဂုဏ်ယူနေတယ်ဟုတ်လား.."

"ပြောတော့မယ်ကွာ.."

"ပြောဖို့စောင့်နေတာ မဟုတ်ဘူး..နင်ကငါပြေးတိုင်ချင်စရာ အားအားပြုစရာလူလည်း မဟုတ်ဘူး၊ ဒါပေမယ့် သတိပေးလိုက်မယ်..နင့်ပါဝါပြဖို့အတွက်နဲ့ ငါအဲ့ဒီမိန်းမနဲ့ ဖတ်သတ်နေရရင် နင့်သမီးရင်ထဲဘယ်လိုနေမလဲဆိုတာ နည်းနည်းထည့်တွေး.."

"မဟုတ်ရပါဘူးဒါဒါရယ်..ငါအဲ့ဒါပြောချင်လို့လာတာပါ.."

"မပြောနဲ့..နင်ဘာပြောပြော ဖြစ်ခဲ့တဲ့ရန်ပွဲက ဦးဖွမန်းပြီး ပြန်ဆောက်လို့မရဘူး၊ အဲ့ဒီအိမ်လည်း.."

"မလုပ်နဲ့နော်ဒါဒါ..ငါကလေးကစားစရာ လုပ်ခဲ့တာမဟုတ်ဘူး၊ နင်လက်ပြန်ရုတ်လိုက်တာနဲ့ ယုကကောက်ယူသွားမှာ.."

"ယူပေ့စေပေါ့..ငါဘာကိုမှဂရုမစိုက်ဘူးဆိုတာ နင်သိပါတယ်.."

"ဒုက္ခပဲကွာ.."

မင်းနိုင်ရှု့မဲ့ညည်းသည်။ ဒါဒါကစိတ်မလှုပ်ရှားသလိုပုံစံနှင့် ကိုင်ထားသည့်မုန့်ကို ပါးစပ်ထဲအဆက်မပြတ်ထည့်၏။ စားနေရတာ ဝါးစရာတစ်ခုအဖြစ်သာရှိလျက် အရသာလည်းမတွေ့တော့ဘဲ.. ။

"နင့်အမေတွေလည်း ပြောခဲ့ဖူးတယ်..အားလုံးလည်းသိတယ်၊ ငါ့ရုပ်ကမလှပါဘူး..ဒါပေမယ့် ဂုဏ်သိက္ခာကတော့ ခုထိလှလှပပပဲ၊ ငါ့ဘဝ ငါ့သမီးအတွက် ငါ့ဂုဏ်သိက္ခာကို ပွန်းပဲ့မခံနိုင်ဘူး..အဲ့ဒါက ငါဆင်း

ရဲတဲ့အတွက် ဘာမှဖြစ်မသွားအောင် ငါထိန်းထားနိုင်တယ်၊ ဒီနေ့ထိလည်း ထိန်းထားခဲ့တယ်..ဒါကိုနင့်အိမ်တစ်လုံးအတွက်နဲ့တော့.."

"ဂရုမစိုက်တာတွေ လာရှုတ်ပြမနေနဲ့ဒါဒါ..နင်မိခင်ကောင်းပီသအောင်နေသလို ငါလည်း.."

"နောက်မိန်းမယူပြီး ဖခင်ကောင်းပီသအောင်နေပြချင်သေးတာလား"

မင်းနိုင်ရှုတ်တရက် အသံမထွက်ခဲ့သော်လည်း.. ။

"တစ်ယောက်နဲ့ပြတ်စဲပြီးမှ တစ်ယောက်ကိုထပ်ယူခဲ့တာပါ..ငါဖောက်ပြန်ခဲ့တာ မဟုတ်ဘူးဒါဒါ၊ ဒါပေမယ့် နင်ကဒီနေ့ထိ တစ်ယောက်တည်း ရပ်တည်ခဲ့တဲ့အတွက် ငါ့မှာအပြစ်ရှိသလို ခံစားနေရတယ်..ငါ့သမီးကိုလည်း သနားတယ်၊ ပြီးတော့.."

သူစကားမဆက်ဘဲ တိတ်နေလျှင် ဒါဒါကနောက်ဆုံးအလုတ်ကို ပါးစပ်ထဲထည့်လိုက်ပြီး.. ။

"ငါသွားမယ်.."

"ဒါဒါ.."

သူလှမ်းဆွဲထားမတတ် ပျာသွားခဲ့ပြီး ဆိုင်ကယ်ကိုခွထိုင်ရင်းကနေ ကမန်းကတန်းဆင်းလိုက်ကာ.. ။

"ငါသူ့ကိုလည်း ကောင်းကောင်းပြောထားလိုက်တယ်..သူလည်း နောက်ထပ်အဲ့လိုလာသောင်းကျန်းရဲတော့မှာ မဟုတ်ပါဘူး.."

"လာလည်းငါဂရုမစိုက်ဘူး.."

"ဟုတ်တယ်..အဲ့လိုသဘောပဲထားလိုက်ပါ၊ ငါလုပ်ခဲ့တာလည်း ငါ့သမီးအတွက် နင်လည်းသမီးအတွက်ပဲ..မသင့်တော်တာ ဘာမှမရှိဘူး၊ အထူးသဖြင့် နင်အိမ်ထောင်မပြုသရွေ့ သမီးနဲ့နင့်အတွက် ငါ့မှာတာဝန်ရှိတယ်.."

မှောင်နေပေမယ့် လမ်းမီးရောင်တွေကြောင့် ဒါဒါ့မျက်လုံးတွေက ကျေနပ်ခြင်းကို သူမြင်နေရသည်။ မင်းနိုင်က လက်နှစ်ဖက်စလုံး ဆိုင်ကယ်ပေါ်မှာတင်ထားလျက်.. ။

"ငါ့စိတ်ထဲရှိတဲ့အတိုင်း ပြောတာဒါဒါ..ငါနင့်ကိုမျှော်လင့်နေတာ မဟုတ်ဘူး၊ ငါ့အိမ်ထောင်နဲ့ငါဖြစ်နေမှ ငါ့မှာမျှော်လင့်ခွင့်လည်းမရှိဘူး— ဟိုတုန်းက ငါတို့ချင်းသူငယ်ချင်းဘဝကနေ ချစ်ခဲ့ကြတာ၊ ငါကချစ်



လောက် နင်ကငါ့ကိုနည်းနည်းလေးမှ အထင်တကြီးမရှိခဲ့တာပါ..နင့်ပုံစံ နင့်စိတ်ကို ငါ့ထက်ဘယ်သူမှပိုမသိဘူး၊ ဒါကြောင့် ခုချိန်မှာ နင်ငါ့အပေါ် ဘယ်လောက်ထိ ကင်းပြတ်ချင်နေမလဲဆိုတာလည်းသိတယ်..ပြောချင်တာက ငါ့ဘက်ကထောက်ပံ့မှုကို နင်လက်ခံနေတာ ငါ့အပေါ်ဘယ်လိုစိတ်ရှိနေလို့မှ မဟုတ်ဘူးဆိုတာ သူများတွေ သိသိမသိသိ ငါသိတယ်ဆိုတာပါ.."

"အဲ့ဒီတော့ ဘာတွေထပ်ပေးဖို့ရှိနေလဲ..ရှိသမျှအပ်တိုတစ်ချောင်းကစပြီး မင်းမင်းနာမည်နဲ့လွှဲတော့မလို့လား.."

"အပ်တိုမပါပါဘူး..တန်ဖိုးမှမရှိတာ.."

ဒါဒါ့စကားကို မဲ့သလိုပြုံးသလိုနှင့် မင်းနိုင်ကရွဲ့သည်။ ပြီးတော့ လမ်းမကြီးထိပ်ကို ငေးကြည့်နေရင်း.. ။

"ငါ့အလုပ်ငါလုပ်ပါရစေ..နင့်ဘက်က နက်ဂတစ်တွေသိပ်မလုပ်ပါနဲ့၊ ငါအခုနင့်ကိုရှာနေတာ..ယုကြောင့်နင်စိတ်တိုပြီး အိမ်ကိစ္စကို ဟိုလုပ်ဒီလုပ်တွေ လျှောက်လုပ်မှာစိုးလို့.."

"ငါအရူးမှမဟုတ်တာ..နင့်မိန်းမခြောက်တိုင်း လန့်ဖျန့်လွှတ်ချရအောင်.."

"အဟွန်း.."

"နင့်ကိုတွေ့ရင်တော့ ပြောဖို့စကားတွေ စုဆောင်းထားတာအများကြီးပဲ..နောက်ထပ်ဘာမှမပေးနဲ့မင်းနိုင်၊ ဒီအရွယ်ထိတောက်လျှောက် ငါထိန်းကျောင်းခဲ့တာ..သူ့အတွက် ကျွေးမွေးပြုစုပေးရုံပဲ တတ်နိုင်ခဲ့တယ်၊ နင်ကအရိပ်မိုးတစ်ခု ဖန်ဆင်းပေးခဲ့ပြီးပြီ..ဒါနဲ့တင်ရပ်လိုက်ပါ၊ နင်တာဝန်ကျေပါတယ်..ငါပြောတာ နင့်မှာလည်းသားနဲ့မယားနဲ့၊ ဒေါသဖြစ်လို့ အနိုင်ယူအရှုံးမပေးတွေ ငါပြောနေရပေမယ့် မိန်းမသားချင်း စာနာစိတ်နဲ့ တွေးကြည့်တော့ သူမမှားဘူး..နောက်ထပ်ဘာမှမလိုချင်ဘူးဟာ၊ ငါတို့အဲ့ဒါကိုပြောရတာ ဒါနောက်ဆုံးဖြစ်ချင်တယ်.."

စကားပြောကြရင်း အတွေးနက်နက်ထိတွေးမိလာတော့ ရင်ထဲမှာ သိသိသာသာနာကျင်မိ၏။ လှည့်ထွက်လာပြီးမှ ပြန်ငဲ့ကြည့်လိုက်တော့ မင်းနိုင်ထိုင်းရပ်နေဆဲပဲ ရှိသေးသည်။

☎

## အခန်း(၁၆)

"အားလုံးဘယ်လောက်လဲ..ဖတ်ပြ.."

"ငါးသောင်းငါးထောင့်ငါးရာပါခင်ဗျ.."

"အင်း.."

မျက်လုံးတွေက ဝါးနေသည်။ မျက်နှာရှေ့ကို ကမ်းပေးလာသည့် ဘေလ်စာရွက်ကိုလည်း မကြည့်နိုင်။ ဖတ်ပြပြီးပြန်ကမ်းပေးတော့ ခေါင်းခါပြမိကာ အိတ်ကိုဖွင့်၍ တစ်သောင်းတန်တွေအထပ်လိုက်ဆွဲထုတ်ပြီး ခြောက်ရွက်ကို ရက်ရောစွာပေး၍.. ။

"မအမ်းနဲ့တော့.."

"ကျေးဇူးပါခင်ဗျ.."

"ကျွတ်.."

စိတ်ပျက်သလိုစုပ်သတ်ရင်း သွားတော့ဖို့ခေါင်းခါပြမိသည်။ ပြီးတော့ သူမခေါင်းစိုက်မကျအောင် စားပွဲပေါ်လက်တင်၍ ထိန်းနေမိစဉ် ဖုန်းသံမြည်လာ၏။ အိတ်ကိုမကြည့်ဘဲ ဖွင့်ဖို့ကြိုးစားနေရင်း လက်ကအိတ်ထဲ ဝင်သွားမှ အိတ်ပြန်မပိတ်ရသေးတာ သိသည်။ အိတ်ထဲမှာ လျှောက်စမ်းရင်း



ကိုင်မိသမျှဖုန်းမဟုတ်ဘဲဖြစ်နေမှ.. ။

ဖုန်းဘယ်ကမြည်နေတာလဲ.. ။

မျက်တောင်တွေခတ်၍ ခဏငြိမ်နေလိုက်၏။ ပြီးတော့မှ စားပွဲပေါ်ကို မှောက်လုံးရောက်သည်။ တို့ရှုံထိရှုံနှင့် ဒီတိုင်းမပျက်ရှိနေသောဟင်းပွဲတွေ အကြော်အလျော်တွေစားပွဲတစ်လုံးပြည့်နေခဲ့လျက် သူမရှေ့မှာ ပြောင်သထင်းခါနေသည့် ဖန်ခွက်ကြီးကသာ.. ။

"အင့်..အေ့.."

ဘီယာတွေမျိုချပြီး ရင်ထဲမှာပူနေသည်။ သောက်ဖူးနေပေမယ့် သောက်မိတိုင်းပဲ အမြဲတမ်းစိမ်းသက်နေခဲ့သည်။ နှစ်သက်နေမိတာက ဒီအခိုက်လေးမှာ သူမရင်ထဲမှာရှိသမျှ အကြောက်တရားတွေ ပူပင်သောကတွေ ငြိမ်းချမ်းနေခြင်း.. ။

"ဟလို.."

ကိုင်လိုက်ကာမှ ဖုန်းကကျသွားသည်။ ကြည့်လိုက်တော့ ဘယ်က ခေါ်တာမှန်းလည်းမသိ။ ထိုစဉ်.. ။

"ဘာတွေစဉ်းစားနေတာလဲ..မူးနေရင်လည်း မျိုချထားတာလေး အလကားမဖြစ်အောင် တစ်နေရာမှာ အေးဆေးငြိမ်နေရမှာပေါ့.."

စကားသံနှင့်အတူ သူမဘေးမှာ ခုံဆွဲပြီးထိုင်ချလိုက်သည့်အရိပ်ကြောင့် မော့ကြည့်လိုက်မိသည်။

"တေဇ.."

"ဟုတ်တယ်..ကိုယ်တို့ဝိုင်းကအထဲမှာ၊ ဧကရီ့ကိုမြင်နေတာကြာပြီ.. အများကြီးမှာထားတော့ ဟိုဘဲကြီးရောက်လာဦးမယ်ထင်လို့.."

"သူ.."

သူလာမှာလို့ ပြောဖို့သင့်ပေမယ့် လာမှလည်းမဟုတ်။ မလာဘဲ ညာလိုက်ရင်လည်း တေဇကလွယ်လွယ်ယုံကြည်မယ့်သူ မဟုတ်သောကြောင့်..

"တို့ကပြန်တော့မှာ.."

"သိတယ်လေ..ဒါကြောင့်စိတ်မချလို့ ကိုယ်လာတာ.."

"အဲ့လို..အဲ့လိုမဖြစ်ဘူးထင်တယ်.."

ဖန်တွတ်တွတ် ကျိန်းစပ်နေသည့်မျက်ခွံတွေကိုပင့်၍ တေဇကို ကြည့်

မိသည်။ လယ်သာဂျက်ကက်အနက်နှင့် တီရှပ်အဖြူကထင်းနေသည်။ ဆံပင်တွေက ကိုကို့လိုပဲ နားရွက်ပေါ်အောင်ရှင်းနေကာ ကိုကို့ထက်ပိုပြီး အထက်ရောက်ကာ ဂျယ်လ်နဲ့သေချာထောင်ထား၏။ ခေါင်းနည်းနည်းသေးသောကြောင့် ဂျယ်လ်ထောင်ထားတာနဲ့ လိုက်ဖက်မှုရှိပေမယ့် ကိုကို့မျက်နှာကိုမြင်လိုက်ရတာနဲ့ ဆွဲဆောင်မှုရှိပုံခြင်းက တခြားစီ.. ။

မျက်ဝန်းတွေပြန်သိမ်းလိုက်တာနှင့် ခေါင်းကစိုက်ကျချင်သလို ဖြစ်သွားသည်။ ဆိုင်ထဲမှာလူတိုင်း ကိုယ့်အာရုံနှင့်ကိုယ်ရှိနေကြကာ ဘယ်သူကဘယ်သူ့ကို အကဲခတ်စိုက်ကြည့်နေတာမျိုးလည်း မရှိကြပေ။ ဧကရီကတော့ ပျော်သွားတာအမှန်ပင်။ ခုချိန်မှာ သူမအဖော်လိုချင်သည်။ ယိုင်နဲ့သွားလျှင် ဖေးမှီစရာ ရင်ခွင်လိုသည်။ ကိုယ့်ထက် မြင့်မား၍ ကိုယ့်ပခုံးနှစ်ဖက်စလုံး မြုပ်ကွယ်သွားအောင် ကျယ်ပြန့်ပြေပြစ်သည့် ရင်ခွင်မျိုး.. ။

ဟွန်း.. ။ ကိုကို့ကိုပြေးမြင်မိရင်း နေရာမှထရပ်လိုက်တော့ သူမသည် တေဇရင်ခွင်ထဲ ရောက်သွား၏။

"ရတယ်တေဇ..နည်းနည်းလေးပဲထိန်းပေး၊ နည်းနည်းလေးမှ နည်းနည်းလေးပဲ.."

"ဟုတ်ပါပြီ..နည်းနည်းပဲထိန်းမှာပါ.."

တေဇက ပခုံးကနေထိန်းဖက်ထားခြင်းကို ဖြည်လွှတ်ကာ ခါးသေးသေးလေးကို သိမ်းဖက်လိုက်သည်။ တစ်ဖက်ကနေ လက်မောင်းလေးကိုဆုပ်ကိုင်ပေးထား၍.. ။

"ကားမောင်းလို့ရပါ့မလား..ကိုယ်လိုက်ပို့လို့ ရတယ်နော်.."

"ဟင်..အဲ ရတယ်၊ ရတာပေါ့..တေဇပဲဟာ.."

"အိုခေ.."

ထိုအချိန် အပေါ်ထပ်စားသောက်ခန်းကနေ ဆင်းလာကြသည့် ကိုကိုနဲ့သူငယ်ချင်းမိတ်ဆွေလူတစ်စုသည်.. ။

"ကိုကို..ဟိုမှာ.."

သူငယ်ချင်းဖြစ်သည့်ဝေဒက သူ့နားကပ်ပြောသည်။ တေဇနဲ့ဧကရီတို့ ပူးယှက်ဖက်တွယ်လျက်ပြန်ဖို့ ထွက်လာကြတာကို အပေါ်စီးကနေ လှမ်းမြင်လိုက်သည်။ ကိုကိုခြေလှမ်းတုံ့မလိုဖြစ်သွားပြီးမှ ဒီတိုင်းဆက်ဆင်း



သည်။ ဝေဒကတိုးတိုးပြောခဲ့ပေမယ့် ဧကရီ့ကိုမိတ်ဆွေတွေလည်း သိနေပြ တာမို့ အားလုံးမြင်ကြမှာပဲဖြစ်သည်။ ဒီတိုင်းထွက်ခဲ့ကြလျှင် အဝင်ထွက် ခါးနားမှာ ဆုံမိကြမှာလည်း သေချာသည်။ သို့သော် ရုပ်ပျက်ဆင်းပျက် နေလိုက်လို့လည်း မတော်။ ပြန်ထိုင်ရအောင်လည်း လှေကားအဆုံး ရောက်နေကာမှ.. ။

"ဟိုမှာ ဒေါ်ဧကရီမို့လား.."

နောက်ကမိတ်ဆွေတစ်ယောက်၏ ပထမတအံ့တသြသံသည် တ ယောက်ယောက်က အချက်ပြလိုက်သဖြင့် အဆုံးသတ်မှာအားနာစွာ တိုး သွားတာမျိုး သိသာစွာတိတ်ကျသွား၏။ ကိုကို့မျက်နှာတင်းသွားသည် ခြေလှမ်းကိုပိုကျဲ၍ လျှောက်လာခဲ့သည်။ သို့သော်.. ။

"ကိုကို.."

သူ့အင်္ကျီခါးစကို ဆုပ်ဆွဲထားလိုက်သည့် ဧကရီသည်.. ။

"ကိုကိုဧကရီ့ကို မမြင်ဘူးလားဟင်..ကိုယ့်မိန်းမကို ပြန်ပို့ပေး တောင် မသိချင်ယောင်ဆောင်ရလား.."

ခြေလှမ်းတုံ့သွားသည်တိုင် သူမကိုလှည့်မကြည့်မိဘဲ အံကြိတ်လိုက် သည့်မေးရိုးနှစ်ဖက်က လှုပ်ခတ်သွားကြ၏။ သူမဝတ်ထားတာ လိမ္မော် ရောင်ဖျော့ကိုယ်ကျပ်လေး။ လည်တိုင်မှာ ပုတီးကုံးတွေဆံပင်ချထားတာ တွေနဲ့ ဖုံးကွယ်ထားပေမယ့် အင်္ကျီကရင်ပြတ်မို့ ရှင်းသလောက်ထင်းနေ သည်။ ပြီးတော့ ကိုယ်ခန္ဓာအလှတို့က ရှန်းကြွပေါ်လွင်နေကြ၏။

ပါးမို့နှင့်နှုတ်ခမ်းသားတို့သည် လိမ္မော်ရောင်လက်နေကြကာ ရဲရဲ ကြည့်ဝံ့အောင် သူမကလှနေခဲ့သည်။ သို့သော် ထိုသူမကိုသိမ်းကျုံး ပွေ့ပိုက် ထားသောတေဇ၏ စိန်ခေါ်နေသောမျက်လုံးတို့သည်.. ။

"မဟုတ်ဘူးကိုကို..တေဇကကူညီတာ၊ ဧကရီနဲ့ချိန်းထားတာမဟုတ် အ.."

သူမစကားမဆုံးခင် လက်လေးတစ်ဖက်ကို ဖိဆုပ်ဆွဲလာခဲ့လျှင် ဧကရီ့ကိုယ်လေး ယိမ်းယိုင်ချိန်တောင်မရခဲ့ဘဲ.. ။

"အ.."

ကားထဲကို သူတွန်းလိုက်သည့်အရှိန်နှင့် အင့်ခနဲပစ်ကျသွားခဲ့သည်။

သူမသည် လူးလဲပြန်ထရင်း.. ၊

"ကိုကိုနော်..သူများဆို ဧကရီ့ကိုအဲ့လိုမလုပ်ဘူး.."

"ဘာလဲ..တေဇရဲ့အယုအယတွေကို လွမ်းနေတာလား.."

"ကိုကိုမနာလိုရင် သူ့ထက်သာအောင်.."

"ဂျိမ်း.."

ကားသည် သူထိုင်လိုက်သဖြင့် ငြိမ့်ခနဲဖြစ်သွားကာ တံခါးပိတ်သံကြောင့် ဧကရီလန့်ပြီး အသံတိတ်သွား၏။ ပြီးမှ သူ့မျက်နှာကိုဘေးကနေ ကြည့်၍.. ၊

"ကိုကိုနော်..ဧကရီက.."

"ကျွိ.."

"အား.."

ပါကင်ကထွက်လိုက်သည့်အရှိန်ကြောင့် ဧကရီဒတ်ရှ်ဘုတ်နဲ့ပစ်ဆောင့်မလို့ လက်နဲ့သာအချိန်မီ ကန်မထားမိလျှင်မလွယ်။ သို့သော် သူမ ဘာမှမပြောနိုင်သေးခင်.. ၊

"ပါးစပ်ပိတ်ပြီး အေးဆေးလိုက်ခဲ့..မဟုတ်ရင် နှစ်ယောက်စလုံး မသာပေါ်ကုန်မယ်.."

ဧကရီပါးစပ်ပိတ်သွားသည်။ သူ့ကိုကြောက်လို့လည်းမဟုတ် သေမှာကြောက်လို့လည်း မဟုတ်ပေ။ ယိမ်းထိုးလူးလှိမ့်နေသည့်အရှိန်နှင့် လူကလည်းမဟန်ချင်တော့ဘဲရှိကာ ကိုကိုသဝန်တိုနေတာလားလို့ အကဲခတ်ဖို့ကြိုးစားရင်း.. ၊

ခေါင်းသည် မတ်မတ်ခိုင်ခိုင်နေရာမကျတော့ဘဲ.. ၊

"ဧကရီချိန်းတွေ့တာမဟုတ်ဘူး..ည ညလည်းမဟုတ်ဘဲနဲ့.."

စကားသံသည် တဖြည်းဖြည်းနှုတ်ခမ်းလှုပ်ရုံ တိုးလျသွားခဲ့ပြီး တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့သော်လည်း သူမကတော့ ဆက်ပြောနေတုန်း ဖြစ်လေသည်။

အဲ့ဒါ ကိုကိုတာဝန်မကျေလို့.. ၊

☎



အခန်း(၁၇)

"ဘာတာဝန်လဲကြီးကြီး..မိန်းမတစ်ယောက်ကို ကလေးထိန်းသလိုလိုက်ထိန်းနေရမှာလား၊ ပြီးတော့ အဲ့ဒီမိန်းမက စားပွဲသောက်ပွဲတွေမှာပြီး သူ့ယောကျ်ားမလာလို့ မျက်ရည်ထိုင်ကျနေရတဲ့မိန်းမလား.."

"ဧကရီ့ကို ကြီးကြီးသနားလို့ ပြောနေတာမဟုတ်ဘူး..ဒါပေမယ့် ဇနီးမယားမသာယာဘူးဆိုတဲ့အဖြစ်က သူ့ယောကျ်ားရဲ့ဂုဏ်သိက္ခာပဲလေ.."

"အဲ့ဒီဂုဏ်သိက္ခာမျိုး တစ်ပြားဖိုးမှမရှိတော့ရင်နေပါစေ..လုံးဝပဲ.."

သူကားသော့ဖြုတ်တော့ ဒေါ်မေစိုးဦးက လိုက်ကြည့်နေကာ..၊

"ဒါကဘယ်ကိုပြန်ထွက်ဦးမှာလဲ..ကြီးကြီးကိုဆက်စောင့်ခိုင်းတာလား"

"စောင့်ခိုင်းရအောင် ကြီးကြီးကိုကျွန်တော်ခေါ်တာမို့လို့လား.."

"ဟုတ်ပါတယ်..ကြီးကြီးကပဲ လာမိတာပါ၊ မင်းတို့လင်မယားကြားဝင်ပါချင်လွန်းလို့လေ.."

ပိုးထည်တိုက်မှာ အလုပ်တွေရှုပ်နေတုန်း ဧကရီ့ကိုဆိုင်ထဲမှာ ကောင်လေးတစ်ယောက်နဲ့ တွေ့သည်ဆိုသည့် သတင်းကြားခဲ့သည်။ ထို့ကြောင့်ကိုကို့ကိုဖုန်းဆက်တော့ သူနဲ့အတူရှိနေသည်လို့ ကြားရသဖြင့် အလုပ်တွေ

ထားခဲ့ပြီး ဒီထိလိုက်လာခဲ့တာပါ။ ဇကရီ့ကိုချစ်လွန်းလို့မဟုတ်ပေမယ့် မြင်လိုက်ရတိုင်းလည်း ပြောမကောင်းဆိုမကောင်း နှစ်လိုဖွယ်မရှိသော်ငြား သူမသည်ယောကျ်ားနှစ်ယောက်နှင့်ပတ်သက်ထားဖူးသော..။ သူမကိုထိခိုက်စေခြင်းသည် ကိုယ့်မောင်ကိုယ့်သား၏ ဂုဏ်သရေကို ထိခိုက်ဖွယ်ဖြစ်နေသော.. ။

ထိုအကြောင်းများနှင့်ပတ်သက်၍ ဒီကိစ္စကြောင့်အထိုင်ကျပြီးသည့် ပုံသဏ္ဍာန်တစ်ခုကို မပျက်ပြားစေချင်.. ။

"ကြီးကြီးမေးစရာရှိသေးတယ်..ပြန်ထိုင်ဦး.."

"ခြောက်နာရီ ကျွန်တော်ချိန်းထားတဲ့အလုပ်ကိစ္စရှိသေးတယ်.."

"အေးပါ..ခဏပဲ.."

အိပ်ခန်းထဲမှာ မှုးမှုးမိုက်မိုက်နှင့် အိပ်ပျော်နေပြီဖြစ်သည့် ဇကရီ့ထံစိတ်ကရောက်သွားသေးသည်။ သူမအကြောင်းပြောမိတိုင်း မချမ်းမြေ့သည့်စိတ်သည်.. ။

"မန္တလေးက ရှေ့ပင်းမောလ်မှာ သူ့ခြေသူ့လက်ချည်းပဲဖြစ်နေပြီ.. အဲ့ဒါကြာရင် မလွယ်ဘူးနော်သား၊ မင်းဘယ်လိုရှင်းမှာလဲ.."

"ထားလိုက်ပါ.."

"ဘယ်လို.."

ပြန်ထိုင်လိုက်ပြီး စီးကရက်ဘူးထုတ်သည်။ သို့သော် ဒီတိုင်းကိုင်ထားမိလျက်.. ။

"ပြောလိုက်ရင် လင်မယားတော်စပ်မှုတွေနဲ့ ချည်တုပ်အကြောင်းပြလာတာတွေ စိတ်ပျက်လို့.."

"အို..လင်မယားတော်နေတိုင်း မိန်းမထင်သလိုလုပ်နေတာကို ဘယ်ယောကျ်ားကခွင့်ပြုမှာလဲ၊ အဲ့ဒါကြောင့် ကြီးကြီးပြောနေတာ သားကိုကိုရယ်.."

ဒီနာမည်ကိုလူကြီးတွေက အစအဆုံးအပြတ်တနိုးခေါ်တတ်ကြသည်။ အထူးသဖြင့် အပျိုကြီးဖြစ်သည့် ဒေါ်မေစိုးဦးက သူ့မောင်နာမည်လည်းပါအောင် သားလို့လည်းပါးစပ်ကမချနိုင်ဘဲ သူမကိုယ်တိုင်ပေးခဲ့သည့်နာမည်လေးမို့ သူမနှုတ်ဖျားကနေကြားရဆုံး.. ။



"အောင်မြင်နေတဲ့လုပ်ငန်းတစ်ခုက ကိုယ်တော်လို့ဖြစ်ဖြစ် ကံဉာဏ်ဝီရိယအားကောင်းလို့ဖြစ်ဖြစ် မလိုချင်လည်းရတယ်..လိုချင်နေတာတွေလည်း ဆေးစက်ကျရာအရုပ်ထင်တယ်၊ တားဆီးလို့မရအောင် တိုးဝင်လာတဲ့ ကံကောင်းခြင်းတွေလေ..အဲ့ဒါက ဝမ်းသာစရာပေမယ့် ဘရိတ်လွတ်သွားတဲ့အရှိန်လိုပဲ၊ အရမ်းအန္တရာယ်ရှိတယ်သား.."

ဒေါ်မေစိုးဦးက အစချီလိုက်ပြီး.. ။

"ဒီမောလ်ကြီးတစ်ခုလုံး အောင်မြင်တိုးတက်နေတာမှန်ပေမယ့် လည်ပတ်နေတဲ့ဘီးကြားထဲ သံချောင်းလေးညပ်သွားသလိုမျိုး ဇကရီလုပ်ရပ်တွေ ဘာမှမသိတဲ့မှားယွင်းမှုလေးတွေကြောင့် ဒါကြီးပျက်စီးသွားနိုင်တယ်.. သူ့စိတ်ထဲမှာ သားကသူ့ကိုလူရာမသွင်းဘဲ ချောင်ထိုးထားတာမျိုး ခံစားနေရတယ်၊ ဒါကြောင့် သိသိမသိသိ တတ်တတ်မတတ်တတ် သူနေရာရဖို့လုပ်နေတာ.."

"ဒါနဲ့ပဲ ကျွန်တော်က သူ့ကိုနေရာတကာလက်ဆွဲခေါ်ရတော့မယ်ပေါ့..အဲ့ဒီလိုမိန်းမဉာဏ်မျိုးကို လက်မြောက်အရှုံးပေးရမယ်ဆိုရင်တော့ ကျွန်တော်ပိုင်ဆိုင်သမျှ အကုန်လုံးကို ခေါင်းလောင်းထိုးလှူပစ်လိုက်မယ်..လုံးဝနောင်တမရှိ.."

နေရာကထရပ်လိုက်ရင်း ကိုယ်ဘယ်လောက်ဒေါသထွက်နေသလဲဆိုတာကို ပြန်ဆင်ခြင်မိသည်။ မဟုတ်သေးဘူး..သူ့ရှေ့မှာရှိနေတာ ဇကရီမဟုတ်တာ.. ။

ကြီးကြီးကိုအားနာစိတ်နှင့် နေရာမှာတင် ရပ်နေမိလျက်.. ။

"သူ့ကြောင့် မေမေဆုံးသွားတာ..သူတို့အားလုံးကြောင့် ဖေဖေခုလိုဖြစ်ခဲ့တာ၊ ကျွန်တော်နဲ့ဖေဖေ့ကြားက အေးစက်မှုတွေဖြစ်လာခဲ့တာလည်း.."

သူဆက်မပြောတော့ပါ။ ယောကျ်ားကောင်းတစ်ယောက်ရဲ့စိတ်ဓာတ်မျိုး သူမမွေးမိရင်တောင် ကိုယ်စိတ်တိုင်းမကျလာတိုင်း တစ်စုံတစ်ရာပေါ်မှာ အပြစ်ပုံချတာမျိုး မလုပ်သင့်မှန်းတွေးမိလိုက်သည်။ စိတ်ဓာတ်ကိုယ်ကျင့်တရားတို့ မညီညွတ်သော မိန်းမတစ်ယောက်ကြောင့် စိတ်တိုမျက်ရှနေခြင်းသည်လည်း မိမိစိတ်ကို အကျည်းတန်စေခြင်းသာဖြစ်စေလိမ့်မည်မို့.. ။

"ဇကရီနဲ့ပတ်သက်ပြီး ဘာဖြစ်သင့်တာ ဘာလုပ်သင့်တာတွေ လာ

မပြောပါနဲ့..ကျွန်တော်လည်း ကလေးမဟုတ်ဘူး၊ ကြီးကြီးလည်း သူ့ကိုချစ်ခင်တွယ်တာနေတာ မဟုတ်ဘူး..ဘာအတွက်မှ ကိုယ့်စိတ်ကိုယ်ညှိုးနွမ်းခံမနေနဲ့၊ ကြီးကြီးဖေဖေ့ကျန်းမာရေးကိုပဲ ဂရုစိုက်ပေးပါ.."

"ကျန်းမာရေးကိုပြောရရင်တော့ မကောင်းဘူးသားကိုကို..မင်းအဖေ သူ့စိတ်သူပြန်သတ်နေတယ်.."

သူကားပေါ်ရောက်လာတဲ့အထိ ကြီးကြီးပြောတဲ့စကားတွေက အမျှင်မပြတ်စွာပါလာခဲ့သည်။

"ဇကရီဆိုတဲ့ မိန်းမမိုက်လေးကလည်း ဖုန်းတွေချည်းဆက်နေတော့.."



အခန်း(၁၈)

"တောက်.."

ဘယ်လိုခေါ်ခေါ်မရသည့်ဖုန်းကို ကိုင်ပေါက်ပစ်တော့မလိုတောင် လက်မြှောက်ရွယ်မိသည်။ တစ်နေ့လည်လုံးခေါ်နေတာ မအားလိုက် မကိုင်လိုက်.. ၊

"မရဘူးလား.."

"မရပါဘူးဒါဒါရယ်..ငါတော့ အော်ဆဲမိတော့မလား၊ ဒီဖုန်းပဲ မီးဖိုထဲ ပြေးထည့်မိမလားပဲ.."

"နေဦး..ငါခေါ်ကြည့်မယ်.."

"ဪ..နင့်ဖုန်းနဲ့ပြောင်းခေါ်ကြည့်စမ်းပါ၊ ဒီဖုန်းမို့မကိုင်တာလား သိချင်လို့.."

"အဲ.."

အေးဆိုပြီး အိတ်ကိုပြေးကိုင်လိုက်ပြီးမှ လက်တွန့်သွားလျှင်..၊

"ဟိုကကိုင်လိုက်ရင် ဖုန်းဘီလ်ဖိုးငါပေးပါ့မယ်ဒါဒါရယ်..တကယ်ကို ကပ်စီးနဲ့တာနှစ်ယောက်မရှိဘူး.."

“မတတ်နိုင်ဘူး..အပိုသက်သက်ကြီးကိုင်ထားပြီး အလကားနေ ပိုက်ဆံထွက်ရင် ဘယ်လိုလုပ်မလဲ၊ လုပ်ခရတာမှ နေ့ရောညရောအချိန်လွန်အောင်လုပ်မှ ခုနှစ်ထောင်ရှစ်ထောင်..”

“ဒါဆိုလည်း လစာနဲ့ယူပါလား..သူပဲဒေးလီးရှင်းချင်တယ်ဆိုလို့ မကြီးသန်းဝင်းက လုပ်ပေးထားတဲ့ဟာ..”

နှစ်ယောက်သားဖုန်းဘီလ်ကိစ္စပြောရင်း လိုရင်းမရောက်ဘဲဖြစ်နေကြသည်။ ဖုန်းထုတ်ရင်း တုန်တုန်ချိချိဖြစ်နေသည့်ဒါဒါ့ကြောင့် ဥမ္မာ့မျက်နှာရှုံ့မဲ့နေလေသည်။ ဒါဒါတစ်ယောက်ဟာ ဖုန်းကိုင်ဖို့လည်း မနည်းတိုက်တွန်းခဲ့ရသည်။ ကိုင်ပြီဆိုတော့လည်း သူကစခေါ်ရမည့်အရေးဆို ဗုံးကွဲတော့မယ့်အတိုင်း။ ဒီပုံစံသည် မန္တလေးမရောက်ခင်တည်းက ဟိုမှာလည်း အကြာကြီးနေခဲ့ပြီး ပြန်လာတော့လည်းဒီအတိုင်း.. ၊

“ဟလို..ဟုတ်ပါတယ်၊ ‘မာမီသန်း’ဆံပင်ဒိုင်ကပါ..”

ဖုန်းခေါ်လို့ရသွားတော့ ဥမ္မာပါအနားကပ်လာပြီး ပြူးတူးပြဲတဲဖြစ်သွား၏။ ဒါဒါက လက်ကာပြလိုက်ပြီး.. ၊

“ဩော်..မလာနိုင်ရင်လည်း ဖုန်းတော့ကိုင်ပါလားအစ်မရယ်၊ ကျွန်မတို့တစ်နေ့လည်လုံး ခေါ်နေရတာ..”

“..................”

“ရတယ်..ကျွန်မတို့ပဲလာလိုက်မယ်..”

“ဟဲ့..မရဘူးလေ..”

ဥမ္မာက လက်ကာခေါင်းခါအတင်းတားဆီးနေပေမယ့် ဒါဒါက စကားတွေကျွံလွန်ကုန်လျက်.. ၊

“ဘယ်လိုပြောလိုက်တာလဲ ဒါဒါရယ်..မကြီးသန်းစာရင်းလုပ်ပေးသွားတာ သွားလာတဲ့ စရိတ်စကတွေမပါဘူးလေ၊ ကားမောင်းမယ့်လူတွေလည်း မကြီးသန်းဝန်းတို့ပြန်လာမှ ပြန်ဆင်းကြမှာ..”

“ဘာဖြစ်လဲ..ငါမောင်းတတ်တာပဲဟာ..”

“နင်မောင်းမယ်..”

မင်းနိုင်နဲ့အတူနေကြစဉ်တည်းက သူ့အိမ်မှာရှိသည့် တက္ကစီစုတ်စုတ်လေးနဲ့ သူမသင်ထားခဲ့တာဖြစ်သည်။ ထိုစဉ်ကတော့ တက္ကစီမဆွဲတော့



...ရောင်းဖို့ထားသည့်ကားလေးဖြစ်သည်။ နေရတကာ သိချင်တတ်ချင်ခဲ့သည့် ဒါဒါကကားမြင်တည်းက သင်မယ်မောင်းမယ်တကဲကဲဖြစ်နေခဲ့သောကြောင့် ဝက်စာကြက်စာတွေဝယ်မည့်အကြောင်းနှင့် လင်မယားနှစ်ယောက် ယောကျ်ားကအနားမှာထိုင်ပြီး မိန်းမကိုကားမောင်းသင်ပေးခဲ့တာ သူ့မိဘတွေတောင် သိခဲ့တာမဟုတ်.. ၊

“ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တာလည်းမဟုတ်ဘဲနဲ့ ဒါဒါရယ်..”

“မောင်းတတ်ပါတယ်ဆိုမှ..ဟိုတစ်ခေါက် မန္တလေးမပြန်ခင် ငါခအဝင်လုပ်တုန်းက မမှတ်မိဘူးလား..”

မှတ်မိကြောင်း ဥမ္မာကခေါင်းညိတ်ပြသည်။ အလုပ်ရုံရှေ့မှာ ကားချပြီးမှ ဒရိုင်ဘာဗိုက်အောင့်လို့ကွေးကောက်နေသဖြင့် ကားမသွင်းရသေးဘဲ ဆေးခန်းပြေးခဲ့ရသည်။ တခြားဒရိုင်ဘာတွေလည်း မရှိကြသောကြောင့် ကားသွင်းဖို့ကို ဒါဒါကဆရာမကြီးဝင်လုပ်ခဲ့ရ၏။ သူမကားမောင်းတတ်မှန်း ထိုအခါကျမှ အလုပ်ရုံကလူတွေပါ သိခဲ့ကြသည်။

ဒီမှာက စတိုးဆိုင်ကလည်း မကြီးလှပေမယ့် သိပ်တော့မသေးပေ။ တစ်ဖက်မှာ အလုပ်သမားငါးဆယ်ကျော်နှင့် ဆံပင်ဖွဆံပင်ရှင်း ဒီဇိုင်းရေးကြသည့် အလုပ်ရုံရှိနေသည်။ ထို့ကြောင့် အလုပ်ကိစ္စသုံးဖို့ ကားလတ်လေး ...ပဲနှစ်စီးရှိကာ အိမ်စီးကားကတစ်စီး.. ၊

“ပြီးတော့ နင်ကကားလေးပဲမောင်းဖူးတာမို့လား..”

“အံမယ်..ငါသွင်းပေးရတာ လိုက်ထရပ်လေးပါ၊ ကားလေးမဟုတ်ဘူး..နောက်ပြီး ခုခေတ်အော်တိုဂီယာတွေက ပိုတောင်လွယ်သေးတယ်..”

“အောင်မယ်လေး..အော်တိုဂီယာတွေနဲ့ကားတွေကို သော့ပါသိမ်းသွားတာဒါဒါရေ၊ ဟိုမှာ စတိုးဆိုင်ခေါင်းရင်းက ပိတောက်ပင်အောက်မှာ ...လား..ဦးမြသန်းမောင်းတဲ့ကားကြီးပဲ၊ အဲ့ဒါကြီးမောင်းရမှာ..နေတိုးတို့ ...ထဲက လေးဆယ့်သုံးဖိုက်ပူကြီးထက် ပိုဆိုးမှာသေချာတယ်၊ ဒုက္ခပါပဲဒါဒါရယ်..နင်အာမခံရဲပုံနဲ့တော့..”

“ငါအာမခံရဲတာမဟုတ်ဘူး..ဒီနေ့မှ သူတို့ဆီကစရံမချဖြစ်နေရင် ...က်အပတ်ထဲရောက်သွားမှာ မဟုတ်ဘူးလား၊ စရံငွေဆိုတာ ဇွတ်တောင်း

လို့လည်း ကောင်းတာမဟုတ်ဘူး.."

"အခုလိုက်ယူမယ်ဆိုတော့ရော.."

"ဒါကသူစပြောလို့ ပြောတာလေ..သူတို့မှာလွတ်စရာ လူမရှိလို့ပါတဲ့ နောက်ပြီး ဒီဘက်ကပို့မယ့်ပစ္စည်းကိုလည်း နောက်မှပို့လို့ရတယ်တဲ့ ဒီနေ့စရံယူမထားရင် ပစ္စည်းမှာဖို့တောင် ရက်ချိန်းမသေချာတော့ဘူး နင် သိလား.."

ဒါလည်းဟုတ်တာပဲမို့ ဥမ္မာခေါင်းတွင်တွင်ညိတ်နေမိသည်။ ဆိုး ရွားမည့်အဖြစ်တစ်ခုမှာ အလုပ်သမားတွေကို မနက်ဖြန်လစာရှင်းပေး ရတော့မည်။ မကြီးသန်းဝင်းဟာ ဘာဖြစ်လို့များ ဒီလောက်များတဲ့လုပ် ငန်းတွေနဲ့ ညီမတစ်ယောက်တည်းကို စိတ်ချလက်ချလွှဲပစ်ခဲ့တာလဲ.. သူမဘယ်တုန်းက ဦးစီးဖူးလို့လဲ..။ ဒါဒါသာသွက်သွက်လက်လက်မရှိခဲ့ရင် သူမအဖြစ်က အသက်ရှူချိန်တောင် ရပါ့မလား.. ။

"မာမာရေ.."

တွေးနေတုန်း စတိုးဆိုင်ဘက်က မန်နေဂျာခင်ခင်လင်းရောက်လာ ကာ.. ။

"အစ်မကို ဒီညနေလစာကြိုထုတ်ပေးနော်..တစ်ရက်လေးပဲကြိုပေးရ မှာပါ၊ ဒီညသားလေးကို ဘက်သ်ဒေးစပရိုက်စ်လေးလုပ်ပေးချင်လို့.."

"ဟင်..အဲ.."

အလုပ်သမားတွေထဲက အသက်ကြီးတဲ့သူတိုင်း ဥမ္မာကိုမာမာလို့ ခေါ်ကြတာဖြစ်ကာ အနေအေးသည့်သူမကို ခင်လည်းခင်ကြသည်။ သူမ ကတော့ အေးလွန်းလို့ခက်နေပြန်ရာ.. ။

"ဟုတ်..ဟုတ်ကဲ့မခင်လင်း၊ ညနေကျွန်မတို့တော့ရှိမှာမဟုတ်ဘူး မခင်လင်းသိမ်းတဲ့ ဘတ်ချက်ထဲက ထုတ်ယူသွားလိုက်တော့နော်"

ဒီလိုပေးလို့ရရဲ့လားလည်းမသိ။ စတိုးဆိုင်ဘက်ခြမ်းက ကိစ္စတွေ ကိုလည်း သေချာဘာမှမမှာခဲ့ဘဲ သူ့ယောက်ျားကိစ္စကြောင့် ကတိုက် ကရိုက်ထလိုက်သွားခဲ့တာ မကြီးသန်းဝင်း.. ။

"မျက်စိမျက်နှာပျက်နေလိုက်တာဥမ္မာရယ်..အဲ့ဒီမန်နေဂျာက နင့်ဝမ်း ထမ်း နင်ကသူဌေးပါ..တကယ်ပဲ ထည်ထည်ဝါဝါကိုမနေတတ်ဘူး.."



"ဟုတ်တယ်ဒါဒါ..ငါမနေတတ်ဘူး၊ မကြီးသန်းဝင်းရှိနေတော့ ငါ နေသာတယ်လေ..ပိုက်ဆံဆိုလည်း အုပ်လိုက်အထပ်လိုက်တွေ တစ်ခါမှ လက်နဲ့ ကိုင်ဖူးခဲ့တာမဟုတ်ဘူး၊ အမြဲတမ်းလက်ဝေခံနေလာတဲ့ဥမ္မာ.. အခု အလုပ်တွေအကုန်လုံး ငါ့ခေါင်းပေါ်ပိနေတာကြီးကို.."

"မပိပါဘူးဥမ္မာရယ်..နင့်ခြေထောက်အောက်မှာပါ၊ ဘယ်အရာ ဖြစ် ဖြစ် ငါလုပ်နိုင်တယ်လို့တွေးလိုက်..ကြီးကျယ်တာ ဘာမှမရှိတော့ဘူး.."

"ငါကနင့်မှမဟုတ်တာ..နင်ကကူညီနေပေမယ့် ဘေးလူလေ၊ တစ်ခု များသွားရင် ငါကတိုက်ရိုက်ခေါင်းခံရမှာ.."

"အဲ့လိုဒုက္ခတွေရင် ငါပါမျှခံမယ်ဥမ္မာ..နင်တို့အလုပ်ကို ငါကဘေး လူအနေနဲ့ ဝင်ကူပေးတာမှန်တယ်၊ ဒါပေမယ့် အလုပ်သမားစိတ်နဲ့လုံးဝ မဟုတ်ဘူး..ငါ့အလုပ် ငါ့စီးပွားလိုသဘောထားတဲ့ စေတနာအပြည့်နဲ့ပါ.."

"ငါသိပါတယ်ဒါဒါရယ်..ဒါကြောင့် မကြီးသန်းကလည်း နင့်ကိုငါ့ ထက်တောင် အားကိုးတာ အားလုံးသိကြတာပဲ.."

အလုပ်ရုံထဲကမိန်းကလေးတွေကလည်း ဒါဒါ့ကိုဆို သူဌေးက အရေး ပေးထားတဲ့သူအဖြစ် အလေးထားဆက်ဆံကြသည်။ မနာလိုတဲ့လူတွေရော ဘယ်ချစ်တဲ့သူတွေရော ဒါဒါနဲ့ပတ်သက်ပြီး ဘယ်သူကမှ ပခုံးချင်းယှဉ် ပြိုင်ကြတာမျိုး မရှိခဲ့။ သူမကလည်း စိတ်ဆတ်တာလေးကတော့ ချို့ ယွင်းချက်ရှိပေမယ့် တခြားသူဒုက္ခတွေနေရင်တော့ ကူညီချင်စိတ်အပြည့်အဝ ရှိတဲ့သူပါ.. ။

ဒါကိုနားလည်ပေမယ့် နေရာဆိုတာက ရှိသေးသည်။ သူမလန့်နေ တာက ကိုယ်ယူထားရသည့်နေရာကြောင့်ဖြစ်လေသည်။

"စိတ်ပူမနေနဲ့ဥမ္မာ..ဒီနေ့ငါတို့သွားမှဖြစ်မှာ.."

"သွားတာကထားပါဦး..နင့်မှာလိုင်စင်လည်းမရှိဘဲနဲ့.."

"ကုန်လည်းမပါ..ကားကလည်းမကောင်းဘဲနဲ့ ဘယ်သူမှစစ်မှာမ ဟုတ်ပါဘူး၊ ကြောက်မနေစမ်းပါနဲ့.."

တကယ်ကြောက်နေခဲ့တာက သူမဖြစ်သည်။ ယာဉ်မောင်းလိုင်စင်မ ရှိလျှင် ကားဝီးလ်တက်စ်ကိုအသိမ်းခံရမည်။ ဝီးလ်တက်စ်ပါသွားခဲ့လျှင် ဘတည်းကကြောက်နေခဲ့သည့်ဥမ္မာနဲ့ ဒီလိုလုပ်ဖို့လွှဲအပ်ခဲ့တာမဟုတ်သော

မသန်းဝင်းတို့ ဘယ်လိုနေကြမလဲ..။ ဒါပေမဲ့ သူမတာဝန်ယူရမည်။ 'ငါ ပြောလိုက်တာမှားပါတယ်ဟယ်'ဆိုတဲ့ နောင်တစကားမျိုးနဲ့တော့ မျက်လွှာ ချမတောင်းပန်နိုင်ပါ။ ကိုယ်ဒါကိုရယူဖို့ စိတ်ကူးခဲ့တာကိုက စေတနာမှန်နဲ့ ကိုယ့်လိပ်ပြာကိုယ်သန့်သည်။ ဒီစရံဆုံးတာနဲ့ အလုပ်တစ်ခုပျက်ရဖို့ရှိနေ တာကို မဖြစ်စေလိုသည့်ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ ဆုံးဖြတ် ၍.. ။

"ကားဆီရှိမရှိ တစ်ချက်စစ်ပေးထား..အလုပ်ရုံထဲကို ငါသွားလိုက်ဦး မယ်.."

"ဟဲ့..ဟဲ့ သြော် ဒါဒါရယ်၊ ကားဆီရှိမရှိ ငါကဘာကိုပြေးကြည့်ရမှန်း တောင် မသိတဲ့ဟာ.."

ပြောပြီးရယ်နေသေးသည်။ ပြီးတော့ သူမပဲပိုက်ဆံအိတ်ပြေးယူ အ ဝတ်အစားပြေးလဲ.. ။

"ဒါဒါ နင်လည်းပြင်လေ.."

"မပြင်ပါဘူး..ငါကအိမ်ကထွက်တည်းက ပြင်လာပြီးသား၊ တစ်ခါ ပြင်ပဲ.."

ကားသော့လှမ်းယူပြီးပြောတော့ ဥမ္မာကခေါင်းဖြီးနေရင်းရယ်ကာ..

"အေးပါ..လှပြီးသားလူတွေကတော့.."

"ဘယ်ကလှပြီးသားရမှာလဲ..ငါ့လောက်ပြင်ရတာ ငါပဲရှိတာ၊ ဒါပေ မဲ့ထွက်လာရင်တော့ ဘာမှမပြင်ထားသလိုလို..ဟီး.."

ရယ်လိုက်တိုင်း သွားတွေအကုန်ပေါ်အောင် နှုတ်ခမ်းဖွင့်ရယ်တတ် တာလည်း ဒါဒါပဲဖြစ်သည်။ သူမ၏ ပွင့်လင်း၍ ဒေါသကြီးကြီး စွာတ တာမျက်နှာသည် ဝင်းဖန်ဖန့်ညိုစိမ့်စိမ့်လေးနှင့် ချစ်စရာအလွန်ကောင်း သည့် ရယ်သံလေးလည်းရှိတတ်သော.. ။

☎



အခန်း(၁၉)

ကန်ထရိုက်တာဦးဇေယျက ကိုကို့ရှေ့မှာ မျက်လွှာချနေတာလည်းမ ဟုတ်။ မျက်လုံးချင်းလည်းမဆုံဘဲ ဟိုဒီရွေ့လျားနေခဲ့သော မျက်လုံးတွေက ဆုံမှတ်မဲ့နေ၏။ ပြီးတော့ စားပွဲပေါ်မှာတင်ထားသည့် စီးကရက်ညှပ်ထား သော ကိုကို့လက်ဆီဝေ့ခနဲထပ်ရောက်သည်။ လက်ချောင်းတွေပေါ်ထိ မွေး ညှင်းတို့အစင်းသားတင်နေသော လက်ချောင်းတွေက သေးသွယ်နေလျက် ယောကျ်ားဆန်တာလည်းမပျောက်.. ။

သူကြည့်နေတုန်း ကိုကိုလက်ရုတ်လိုက်တော့ ဝေ့ကျန်ခဲ့သည့် စီးက ရက်ငွေ့တို့ကို ဆက်လက်ငေးမိရင်း.. ။

"အဟမ်း.."

တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်စွာ ဦးဇေယျချောင်းဟန့်ရင်း တံတွေး တစ်ချက်မျိုသည်။ ပြီးမှ မျက်လုံးချင်းမရဲတရဲဆုံခဲ့ရင်း.. ။

"သူဌေး..ကျွန်တော့်ကိုဘာပြောမလို့လဲမသိဘူး.."

"ဟင်.."

ကိုကိုက နောက်မှီမှာ ခပ်မတ်မတ်ကျောကပ်မှီရင်း မျက်ခုံးတွေပင့်

သွားကာ.. ၊

"မသိဘူးလို့ပြောလိုက်တာလား.."

"ဟို..ကျွန်တော်က.."

"ခင်ဗျားကို ဒီရုံးခန်းလာခဲ့ဖို့ခေါ်လိုက်တာ ဘာကြောင့်မှန်းတကယ်မသိခဲ့ဘူးပေါ့..ကောင်းပြီ.."

"သူဌေး..ကျွန်တော်.."

"နေဦး.."

သူ့လက်ဘေးမှာ paperweightနဲ့ဖိထားသည့် စာရွက်အထပ်ကိုယူ၍ ဦးဇေယျရှေ့တွန်းပေးလိုက်ကာ.. ၊

"လိုရင်းမရောက်တဲ့စကားတွေ ကျွန်တော်မလိုချင်ဘူး..အဲ့ဒီမှာ ကလိုင်းရန့်ဘက်က ခင်ဗျားကိုတိုင်ထားတာ.."

ဦးဇေယျမျက်နှာပျက်သွားသည်။ စာရွက်တွေကိုကြည့်၍ နှုတ်ခမ်းတွေလည်း မဟတဟာပွင့်လာခဲ့ရင်း.. ၊

"ဒေါ်..ဒေါ်မျိုးမျိုးသူ.."

"ဟုတ်တယ်.."

"အဲ့ဒါက..သူ့ သူယောက်ျားနဲ့ကျွန်တော်.."

"ဦးထင်လင်းနဲ့ ဒေါ်မျိုးမျိုးကိစ္စကို မသိချင်ဘူး..ကျွန်တော့်ကွန်စထရက်ရှင်မှာ ကလိုင်းရန့်က ဘယ်လိုပါလာတာလဲ.."

ဖြေသံက ရုတ်တရက်ထွက်မလာနိုင်။ ဖြေဖို့ကြိုးစားနေရင်း ကိုကို့အကြည့်တွေကို ရင်မဆိုင်ရဲဘဲ မျက်လွှာချပစ်မိရင်း... ၊

"ဒီလိုပါ.."

နှုတ်ခမ်းသပ်ရင်း ပါးစပ်ပြင်ရင်းနှင့် စကားသံတို့ကြာရှည်စွာ ပြတ်တောက်သွားသည်။ ကိုကိုက စီးကရက်သောက်နေရင်း တစ်ခွန်းမှထပ်မမေးဘဲ စောင့်သည်။ ထိုအချိန် ကိုကို့မျက်လုံးတွေရှေ့မှာနေရခြင်းသည် ဦးဇေယျအတွက် အလွန်အမင်းမွန်းကျပ်သိမ်ငယ်ခြင်းတို့ဖြင့် ငရဲကျသလိုဖြစ်စေခဲ့လျက်.. ၊

"ဒီလိုပါသူဌေး..ဟို ကျွန်တော်ဆောက်နေတဲ့ ရှစ်ထပ်ကိုခဏရပ်ထားဖို့ သူဌေးဆီကအော်ဒါကျလာတဲ့အချိန်မှာ.."



"အဲ့ဒါဘယ်လောက်ကြာခဲ့သလဲ.."

"တစ်လ.."

"သေချာတွက်ပါဦး.."

မျက်လုံးပြူးသွားပေမယ့် ဦးဇေယျမဖြေနိုင်.. ၊

"ကျွန်တော်ရပ်ထားလိုက်တာ နှစ်ဆယ့်နှစ်ရက်ပဲ.."

မျက်နှာသည် သိသာစွာချောက်ချားလာခဲ့၏။ ကိုကိုနဲ့ရင်ဆိုင်ရပြီဆိုရင် ဘာတစ်ခုမှမရေမရာ လျောချလို့မရမှန်း နားလည်နေပါလျက်.. ၊

"ကျွန်တော့်ပစ္စည်းတွေနဲ့ ခင်ဗျားနှစ်ထပ်တိုက်တစ်လုံး ရအောင်ဆောက်ပစ်လိုက်တယ်.."

"သူဌေး.."

"ကျွန်တော်ပြောတာပဲ နားထောင်တော့.."

ပြောဆိုတော့မပြောနိုင်။ ကိုယ်ပြောတော့မှ ခုခံကာကွယ်ဖို့ ကြိုးစားသည်။ ကိုကို့အကြည့်တွေမှာ စိတ်မရှည်ခြင်းနှင့် ဒေါသတွေရောထွေးအားစက်နေခဲ့ပြီး.. ၊

"ရှေ့မှာ ခင်ဗျားဘာတွေလုပ်ထားခဲ့သလဲဆိုတာလည်း ကျွန်တော်သိတယ်..ဘာကြောင့် ဒီတိုင်းကြည့်နေခဲ့သလဲဆိုတာက.."

"ကျွန်တော်ရှင်းပြပါရစေသူဌေးရယ်..အဲ့ဒီ အာစီကိုဦးထင်လင်းက အပ်တာပါ၊ ကျွန်တော်လည်း.."

"ဘာကြောင့်ဆိုတာတွေ မသိချင်ဘူး..ဒီအလုပ်ကို ကေတူးနာမည်နဲ့ လုပ်ပစ်လိုက်တာ၊ အဲ့ဒီသတ္တိကိုစိတ်ဝင်စားတယ်.."

"အဲ့ဒါ..အဲ့ဒါက.."

"ခိုးရာပါပစ္စည်းနဲ့ဆောက်တဲ့အာစီအတွက် စကို့ဖ်ဝပ်ခ်နဲ့ချုပ်ထားတယ်.."

နောက်ထပ်ဆွဲထုတ်လိုက်သည့် စာအုပ်တွေကို မြင်လိုက်လျှင် ဦးဇေယျတစ်ကိုယ်လုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ကေတူးကို ခင်ဗျားနှုတ်ဆက်ဖို့ စိတ်ကူးထားရင်တောင် ဒီလိုထင်သလိုလုပ်သွားလို့မရဘူးဆိုတာ မေ့နေတာလားဦးဇေယျ.."

"မဟုတ်ရပါဘူးသူဌေးရယ်..သူဌေးကို အဲ့လိုသဘောမျိုးနဲ့ စိတ်ကူး

ထဲမှာတောင် စိန်မခေါ်ဝံ့ပါဘူး.."

ဦးဇေယျခေါင်းခါနေတာ မပြီးတော့ပေ။ သူတကယ်လည်း K2 Constructionကိုရော ကိုကို့ကိုပါ နည်းနည်းလေးတောင် လျှော့မတွက်ရဲခဲ့တာ အမှန်ပင်။ ကိုကိုကအလုပ်နဲ့ပတ်သက်ရင် သူငယ်ချင်းတွေကိုတောင် လျှော့ပေါ့ချန်လှပ်ခဲ့တဲ့သူ မဟုတ်တာလည်းသိသည်။ ထို့ပြင် သူကိုယ်တိုင်က Structure Designerဖြစ်ကာ သူ့ဘေးမှာရှိနေကြသည့် Architectတွေ Structure Designerတွေ အကုန်လုံးကလည်း သူငယ်ချင်းတွေချည်းဖြစ်သည်။

လုပ်ငန်းကိုထူထောင်ပြီဆိုတည်းက အဆောက်အဦးတစ်ခု ဒီဇိုင်းဆွဲသလို ရပ်တည်သူ ပံ့ပိုးသူ အရင်းကနေ အဖျားအနားထိ သူ့စိတ်ကြိုက်နေရာချခန့်ထားခဲ့သည။ ထောင့်စေ့အောင်လည်း ကြပ်မတ်နိုင်သူဖြစ်သည်။ ကိုကို့အရည်အချင်းကို သိနေလျက်နှင့် ခြေလှမ်းမှားခဲ့မိသည့် သူ့အတွက် ဒီပြဿနာကနေ လွတ်လမ်းမရှိတော့ဘူးဆိုတာလည်း နားလည်နေပါပြီ။ သို့သော်.. ၊

"ဒေါ်မျိုးမျိုးသူဆိုတဲ့အမျိုးသမီး ကျွန်တော့်ကိုတမင်.."

"တမင်ဖြစ်ဖြစ် အမှတ်တမဲ့ဖြစ်ဖြစ် ခင်ဗျားခိုးရာပါပစ္စည်းနဲ့ဆောက်ပေးမယ့်ကိစ္စကို ဘာဖြစ်လို့စကို့ဖ်ဝပ်ခ်နဲ့ စာချုပ်ခဲ့တာလဲ..ဘာဖြစ်လို့ ကေတူးနဲ့စာချုပ်တယ်ဖြစ်ရတာလဲ၊ ခင်ဗျားတော်တော် မိုက်မိုက်ရိုင်းရိုင်းလုပ်ချလိုက်တာဦးဇေယျ..ဒီကိစ္စအတွက် ကုမ္ပဏီဘက်ဂျက် အစည်းအဝေးမှာ ခင်ဗျားအစီရင်ခံပါ.."

"ကျွန်တော်နည်းနည်းလောက် ရှင်းပြပါရစေ..ဒီစာချုပ်ကြောင့် ကျွန်တော်လည်းခံလိုက်ရတာပါ.."

"အဲ့ဒီတော့.."

"မဟုတ်ပါဘူး..နည်းနည်းလေးပဲ ပြောခွင့်ပေးပါ.."

ဦးဇေယျက ဖင်တကြွကြွဖြစ်နေတဲ့အထိ ရှိခိုးမတတ်တောင်းပန်နေကာ.. ၊

"သူငွေး.."

ကိုကိုက နေရာမှထသွားလျှင် ဦးဇေယျဆတ်ခနဲ ထရပ်လိုက်ပြီး အ



သည်းအသန်ခေါ်သည်။ ပြီးတော့ နောက်ကနေမရဲတရဲလိုက်ကပ်၍.. ၊

"ကျွန်တော့်မှာအပြစ်ရှိပါတယ်..ဒါပေမဲ့.."

သူ့စကားမဆုံးခင် ကိုကိုကချာခနဲပြန်လှည့်ကာ.. ၊

"ဒါပေမဲ့ ရှိသေးတာလား.."

"ဟုတ်ကဲ့.ကျွန်တော်ဒီလိုဖြစ်လာခဲ့တာကို ပြောခွင့်.."

"မပေးနိုင်ဘူး.."

ကိုကိုက အပြတ်အသတ်ပယ်ချသည်။ ပြီးတော့ စီးကရက်ကိုခွက်ထဲရောက်အောင် သွားထည့်ပြီးမှ သူ့ဘက်ပြန်လှည့်လိုက်တော့ ခုနဆွဲထုတ်လိုက်သည့် စာအုပ်နှစ်အုပ် လက်ထဲမှာပါလာခဲ့လျက်.. ၊

"ဒီမှာ ဒရောရင်းဘွတ်ခ်တွေ..ခင်ဗျားစိတ်ဓာတ် ဘယ်လောက်ညံ့ဖျင်းလဲဆိုတာ ဒါတွေကိုင်ပြီး ကလိုင်းရန့်ကိုလိမ်ဖို့ ကြိုးစားတဲ့အထိ ဘယ်လိုဆောင်လဲ.."

"ဒေါ်မျိုးမျိုးသူက ကျွန်တော့်ကိုပါစင်နယ်လ်ကေ့စ်တချို့နဲ့ မကျေမနပ်ရှိနေတာပါ..အဲ့ဒါကြောင့် ဒီကိစ္စကို ပုံကြီးချဲ့ပြီး သူငွေးဆီပို့ခဲ့တာ၊ တကယ်ဆို ဦးထင်လင်းနဲ့ကျွန်တော်.."

"နေပါဦး..ဒရောရင်းဘွတ်ခ်တွေ ထွက်နေတာတောင် ဒေါ်မျိုးမျိုးသူက မကျေနပ်ချက်နဲ့ လုပ်တာပါလို့ ပြောနေသေးတာလား၊ ကလိုင်းရန့်ကဒီစာအုပ်တွေကိုင်ထားပြီဆိုရင် ခင်ဗျားဘာမှငြင်းလို့မရဘူး..စကို့ဖ်ဝပ်ခ်မှာပါသမျှ သူလိုချင်တာအကုန် ခင်ဗျားလုပ်ပေးရမှာ.."

"စာချုပ်ကြတာက ဦးထင်လင်းနဲ့ပါ..သူ့မိန်းမနဲ့ကျမှ ငွေမပေးဘဲအလုပ်ကိုကျတော့.."

"ဘုန်း.."

စာအုပ်တွေကို စားပွဲပေါ်ရိုက်ချပစ်လိုက်တော့ ဦးဇေယျအသံပျောက်သွားသည်။ ကိုကို့မျက်နှာက တင်းနေကာ.. ၊

"အဲ့ဒါတွေ ကျွန်တော်မသိချင်ဘူး..ခင်ဗျား ကလိုင်းရန့်ကို စကို့ဖ်ဝပ်ခ်နဲ့စာချုပ်ပြီး အာစီကိုဖြစ်သလိုဆောက်ပေးတယ်၊ အဆောက်အဦးအတွက်လိုတာတွေကို ကုမ္ပဏီကပစ္စည်းခိုးထုပ်ပြီး ထည့်ပေးတယ်..အဆိုးဆုံးက ကေတူးကုမ္ပဏီနာမည်နဲ့.."

"မလုပ်ပါဘူးသူဌေးရယ်..ကျွန်တော့်ကို ကေတူးဆောက်လုပ်ရေးက ကန်ထရိုက်တာမှန်း သူတို့သိထားကြလို့.."

"အခြေအမြစ်မရှိတဲ့စကားတွေ လာပြောမနေနဲ့ဦးဇေယျ..အခု ဒီတိုင်စာကို ကျွန်တော့်လက်ထဲရောက်အောင်ပို့နိုင်တာ ကလိုင်းရန့်ဘက်က ဘယ်အဆင့်ထိသွားနိုင်သလဲဆိုတာ ဟင့်စ်ပေးလိုက်တာပဲ..ဒီကိစ္စအတွက် ကျွန်တော်ဂရုမစိုက်ပေမယ့် ဒါကိုလုပ်ရဲတဲ့သူ ဂရုစိုက်ရမှန်းသိအောင်တော့ ဖ ညာပေးရလိမ့်မယ်.."

"သူဌေး..ကျွန်တော့်ကို.."

"ရပြီ..ခင်ဗျားသွားတော့.."

စီးကရက်မီးညှိပြီး မီးခြစ်ကိုစားပွဲပေါ် ပစ်တင်လိုက်သည်။ ထိုအပြုအမူကြောင့် ဦးဇေယျာဘာမှထပ်မပြောတော့ဘဲ ခေါင်းငိုက်စိုက်နှင့် ထွက်သွားရှာသည်။ ကိုကိုဒီတိုင်းရပ်ပြီး စီးကရက်သောက်နေခဲ့လျက် ခဏကြာမှ ကုတ်အင်္ကျီယူပြီး ကားသော့ပါကောက်သည်။ ထိုစဉ် ဖုန်းသံမြည်လာသဖြင့်.. ။

"ဟလို.."

"................."

"အေး..အချက်အလက်တွေ ငါ့စားပွဲပေါ်မှာ ဖွင့်ကြည့်လိုက်၊ ဦးဇေယျကိစ္စကို ဦးမောင်လုပ်လိမ့်မယ်.."

"................."

"ရှေ့နေလာလိမ့်မယ်ကွာ..ဦးဇေယျလုပ်တဲ့ကိစ္စ ကုမ္ပဏီနဲ့မသက်ဆိုင်ကြောင်း အချက်အလက်တွေနဲ့တကွ သတင်းစာထဲက ကြေညာလိုက်ရင်ရပြီ၊ မင်းလုပ်ရမှာက ဦးဇေယျလုပ်သွားသမျှ ခြေစလက်စတွေအကုန်လိုက်..အဲ့ဒါတွေ ခိုင်ခိုင်မာမာစုဆောင်းထားဖို့ပဲ.."

ကားနားရောက်တဲ့အထိ စီးကရက်ရှိုက်နေရင်း ဖုန်းပြောနေတာမပြတ်နိုင်။ ပြီးမှ စီးကရက်ကိုချနင်းပစ်လိုက်ပြီး ကားထဲဝင်ထိုင်လိုက်လျှင်.. ။

"ညည်းဘယ်လိုပြောလိုက်တာလဲ..ဒါကျုပ်တို့ကုမ္ပဏီဝင်းနော်၊ မမြင်တာလား စာမဖတ်တတ်တာလား..ဒါဆိုလည်း အခုငုံ့ကြည့်လိုက်လို့ရတယ် ဘယ့်နှယ် ဝင်းထဲကိုလည်း ကျူးကျူးကျော်ကျော် ဖင်ဆုတ်ဝင်လာသေး



တယ်.."

"ဝင်လာတာမဟုတ်ပါဘူး..နောက်မြီးလေးနည်းနည်းပဲ ကျွံသွားတာပါ၊ အဲ့ဒါလည်း ညာဘက်ပြန်ခေါက်ဖို့ ကားတွေအရမ်းကျပ်နေလို့ ဆုတ်ရင်းနဲ့ ကျွံသွားတာ.."

"ဘာကြောင့်ဖြစ်ဖြစ် ညည်းကားက အထဲဝင်ပြီး ရပ်ထားတဲ့ကားကို ဝင်ဆောင့်တာပဲ.."

"ဦးကဒါပဲနောက်ပြန်ရစ်နေပါလား..ဒီကားက တံခါးဝမှာ ကန့်လန့်ကြီး ဖင်ထွက်ထားတာလေ.."

"ဟ..ရစ်နေတာက ကျုပ်မဟုတ်ဘူး၊ ညည်းကရစ်နေတာ..ငါ့ဝင်းထဲမှာ ကားတွေကို ပက်လက်ပဲလှန်ထားထား အဲ့ဒါဘယ်သူ့ခွင့်ပြုချက် ယူရမှာလဲ.."

"မယူရပေမယ့် ကျွန်မတို့တောင်းပန်နေတာပဲလေ.."

"ဒါဒါရယ်..ငါတို့ကလွန်နေတာပဲဟာ ဟိုကားပိန်ချိုင့်သွားတာကိုပဲ.."

"အို..အဲ့လောက်ကြီး ဘယ်လိုလုပ်တတ်နိုင်မှာလဲငါတို့က.."

"မတတ်နိုင်ရင် ရမ်းသမ်းဘက်ခ်မဆုတ်နဲ့လေ.."

ကုမ္ပဏီကဝန်ထမ်းလေးယောက်နဲ့ မိန်းကလေးနှစ်ယောက် မငြိမ်းချယ်တွေပြောဆိုငြင်းခုံနေကြသည်။ မကြည်လင်ခဲ့သည့်စိတ်က ဒါကြောင့် ဒေါသဘက်ကို အလျင်အမြန်ကူးပြောင်းဖွယ်ရှိသော်လည်း ဒါဒါဆိုသည့် နာမည်ကိုကြားလိုက်တော့ စူးစိုက်ခြင်းက ထိုဆီမှာငြိမ်သက်ခဲ့သည်။

ကော်ဖီညိုရောင်လှိုင်းတွန့်တို့နှင့် ခါးသာသာရှည်သောဆံပင်တွေကို ဖြန့်ချထားသည့်သူမ..၊ ရပ်ကွက်ငယ်လေးတွေထဲမှာ တော်ရုံမိန်းကလေးတွေ လုပ်ဝံ့သောပုံစံနှင့် ဘယ်ကကြည့်ကြည့်ထင်းသည့်သူ။ လှတာကြောင့်မဟုတ်ဘဲ စီခနဲကြားရတိုင်း သူမဖြစ်နေတတ်တာကြောင့်လား ဒါမှမဟုတ် ဤသို့ဖြစ်နေတိုင်း အနီးအနားမှာ သူရှိနေတတ်သည့်တိုင်ဆိုင်မှုကြောင့်လား..။ သူမအသံ သူမပုံစံက သူ့မျက်လုံးထဲမှာ ထင်းရှားကျန်ရစ်တာ ထူးဆန်းသည့်ဖြစ်စဉ်တစ်ခုလိုပင်။ ထို့ပြင် ဒါဒါဆိုသောသူမရဲ့နာမည်.. ။

"ဖြစ်လာမှတော့ ရှင်းရတော့မှာပေါ့ဟာ..ငါရှင်းပေးလိုက်ဂါ့မယ်.."

"ဟေ့အေး..နေဦး.."

ဥမ္မာက အိတ်ဖွင့်မယ်ပြင်လိုက် ဒါဒါကဖယ်ချပစ်လိုက်ရှိကာ.. ။

"ဟုတ်ပါတယ်..ဒါဒါတို့မှားတာပါ၊ အဲ့လိုဝန်ခံရင်ရော ကျေနပ်ပေး မှာလား.."

"ဘယ်လိုလုပ်ဖြစ်မှာတုံး..ဒီကားဘော်ဒီပြန်ထုရင် ဘယ်လောက်ကုန် မလဲ ညည်းတို့တွက်ကြည့်လေ.."

"ဒါဒါတို့လည်း.."

ပြောပြီး ပြန်ကြည့်လိုက်တော့ ကိုယ့်ကားမှာဘာမှပုံပျက်ထိခိုက်တာ မရှိ.. ။

"ညည်းတို့ကားက ဒီကားမျိုးနဲ့ထိတာ ဘာအရာထင်မှာလဲ..သူဌေးသိ ရင် ငါတို့ကအဆူခံရမှာ.."

"က မလားဗျ..အလုပ်ပါပြုတ်ဦးမှာ၊ ထိထားတာ ခရောင်းကားကြီး- ဒါမလျော်ဘဲနဲ့တော့ လုံးဝထွက်ဖို့စိတ်မကူးနဲ့.."

"ဒီလိုတော့မပြောပါနဲ့ရှင်..ကားမောင်းလာတာက ကျွန်မပါ၊ ကားပိုင် ရှင်လည်းမပါဘူး..ကျွန်မတို့က အလုပ်သမားတွေပါ.."

"ကျုပ်တို့လည်း ဝန်ထမ်းတွေပဲ.."

ဒါဒါတောင်းပန်ဖို့ ကြိုးစားနေပေမယ့် ကိုယ့်ဘက်ကလည်း မှားနေ သော်ငြား ယောက်ျားကြီးတွေ လူစုလူဝေးနဲ့ဝိုင်းပြီး မိန်းကလေးနှစ်ယောက် အပေါ် နိုင်ကွက်နင်းနေသလို ခံစားမိနေ၏။ ယာဉ်စည်းကမ်းဘယ်လိုရှိနေ နေ လူမှုကျင့်ဝတ်အရဖြစ်ဖြစ် ဒါကနားလည်ပေးပြီးမြေငြိမ်းပေးလို့ရတဲ့ကိစ္စမဟုတ် ဘူးလား.. ။

"ဝန်ထမ်းချင်းတူရင်တောင် ဒါဒါတို့က ရန်ကုန်ဆင်ခြေဖုံးရပ်ကွက် ထဲက အလုပ်ရုံပိစိလေးက အလုပ်သမားတွေ..ဦးလေးတို့ဘယ်လိုမှ မကျေ နပ်နိုင်ဘူးဆိုရင်လည်း ကားကိုသာပြန်ထုလိုက်တော့၊ ပိုက်ဆံလျော်စရာ တစ်ပြားမှမပါဘူး.."

"ပါလို့ပဲ ဟိုကောင်မလေးက လျော်ပေးမလို့ တပြင်ပြင်ဖြစ်နေတာ- ညည်းကလူတတ်ကြီးလုပ်မနေနဲ့လေ၊ ငါတို့ကလည်း ဒါကိုစိုက်ပြင်စရာမ လို့ ပြောနေရတာ.."

"ကျွန်မကတော့ ဒီမှာလျော်ရရင်တောင် ကားအုံနာကလည်း ချမ်းသာ



းမှာမဟုတ်ဘူး.."

'ခံပေါ့'ဆိုသည့်အကြည့်တွေ ဖြစ်သွားတာကိုသိလိုက်ကာ ဒါဒါကမဲ့ ။

"ရှင်တို့တွေက စိုက်လျော်ရဖို့ ဒုက္ခများနေရင် ဘယ်သူမှလျော်ဖို့မလို အောင် ရှင်တို့သူဌေးနဲ့ကျွန်မလိုက်တွေ့မယ်..ဘယ်မှာလဲပြော.."

"ဟာ..ညည်းကတော်တော်လာပါလား.."

"ဒါဒါရယ်.."

"ဟယ်..ငါ့ဖုန်း.."

တော်တော့ဖို့ပြောရင်း ဥမ္မာက ဒါဒါ့လက်ကိုဆွဲလှုပ်လိုက်သည်။ ခု ဘင်ဖုန်းဆက်ထားသဖြင့် လက်ထဲမှာကိုင်ထားဆဲရှိသည့်ဖုန်းက ခါထုတ် ိုက်သလို လွတ်ကျသွားလေသည်။ ဖုန်းကိုတယုတယသိမ်းထုတ်ထား တ်သော ဒါဒါမျက်ကလဲဆန်ပျာဖြစ်သွား၏။

"ငါ့ဖုန်းသွားပါပြီ.."

လက်ထဲကနေ ကားဘန်ဘာပေါ်ကတစ်ဆင့် ကွန်ကရစ်ကြမ်းခင်း ပေါ် ခုန်ဆင်းသွားသဖြင့် ဒါဒါကျယ်ကျယ်လောင်လောင်အော်၍ ဖုန်းလိုက် း၏။ ဘာနဲ့တူသလဲဆိုလျှင် တောရွာကကလေးတွေ မိုးဦးကျမှာ ဖား က်လေးတွေ လိုက်ဖမ်းကြတဲ့အတိုင်း.. ။

အားလုံးတိတ်ကျသွားခဲ့ပြီး သူမကိုတအံ့တသြဖြစ်နေချိန် ကားထဲက ကြည့်နေသည့် ကိုကိုမျက်နှာမှာ ပြုံးရိပ်ထင်၏။ နှစ်ရာတန်တစ်ရွက်ကြောင့် လိုမျိုးအများနဲ့ ရန်တွေနိုင်လွန်းသည့် တစ်ခါကမြင်ကွင်းတစ်ခု။ ခုတော့ သည် စကက်ရှည်ပျော့ပျော့ အနီရောင်ပွပွလေးနှင့် ရှပ်လက်ရှည်အနီ တ်ကို လက်တွေခေါက်တင်ပြီး ဝတ်ထားသည်။ ဖုန်းကိုပြေးကောက်ပြီး င်ပါးနဲ့ပွတ်လိုက် လက်နှစ်ဖက်နဲ့ပွတ်လိုက် ပျာယာခတ်နေရုံမက နှုတ် လေးလုံးနေအောင် တဖူးဖူးမှုတ်နေသေးသည်။

လုံခြုံရေးဝန်ထမ်းဦးပွကြီးက ဒီနေရာမှာ သူပဲအသက်အကြီးဆုံးဖြစ် ရုပ်ရည်လေးသနားကမားနှင့် အတော်လေးစွာပုံရသည့် ဒါဒါ့ကိုဘယ် ဆက်ပြောရမှန်းမသိအောင် သူမလှုပ်ရှားပြောဆိုသမျှကို ငေးကြည့်နေမိ ။

"ဖုန်းကွဲမကွဲတော့ မသိဘူး..ညည်းဥစ္စာခြောက်နေတာ ငါတို့တောင် ပြေးပုန်းရတော့မယ့်အတိုင်းပဲ.."

"ဥစ္စာခြောက်နေတာ မဟုတ်ဘူး..ဖုန်းတစ်လုံးကို သိန်းချီပေးမှ ထ စားစရာသာသာပဲရတာ၊ ဒီမှာကြည့်ပါဦး မှန်ကွဲသွားပြီ..အထဲမှာဘာတွေ ဖြစ်ကုန်ပြီလဲမသိဘူး၊ အခုသွားမယ်..ဒါပါပြရမယ်ရှင်တို့သူဌေးကို.."

သူမက လက်သီးလက်မောင်းတန်း၍ ကုမ္ပဏီဘက်ကို ဆက်လက် ချီတက်ဖို့ ကြိုးစားသည်။ လူရွယ်တစ်ယောက်က ကမန်းကတန်းလိုက်ကာ ထားကာ.. ၊

"ဆိုင်လို့လားဗျ..အဲ့ဒါခင်ဗျားလက်ထဲက ပြုတ်ကျတာကြီး.."

"ဆိုင်ဆိုင်မဆိုင်ဆိုင် ပြရမှာပဲ..ရှင်တို့သူဌေးရှိတယ်မို့လား၊ လက် အောက်ငယ်သားတွေနဲ့ ပြောရတာ လေကုန်တယ်.."

"အံမာ.."

ကိုကိုသွားတွေပေါ်အောင် ပြုံးမိကာ ဖုန်းဖွင့်လိုက်၏။ ဦးပွကြီး အ ကျီအိတ်ထဲက ဖုန်းမြည်လာသဖြင့် ချက်ချင်းထုတ်ကိုင်လိုက်ရင်း.. ၊

"ဟလို..အမိန့်ရှိပါသူဌေး.."

သူဌေးခေါ်သံကြားမှ အတင်းခြေလှမ်းပြင်နေသည့် ဒါဒါ့မျက်နှာ ဘက်ပြန်လှည့်၏။

"ခင်ဗျာ.."

ဦးပွကြီး မျက်လုံးပြူးကြီးနှင့် ဒါဒါတို့ကိုကြည့်သည်။ ပြီးတော့ ကု ဏီရုံးခန်းဆီ လှမ်းမော့ကြည့်၏။ ထို့နောက် သူဌေးကားတွေထားသည် ပါကင်နေရာကို မျက်လုံးရောက်ပြန်သည်။ ပြီးမှ ဖုန်းကိုလက်နှစ်ဖက်နှ ဖိကိုင်ထားရင်း ခေါင်းတညိတ်ညိတ်နှင့်.. ၊

"ဟုတ်..ဟုတ်ကဲ့ပါခင်ဗျ.."

သေချာတာက သူဌေးလှမ်းမြင်နေပြီ။ ဒါဒါနဲ့ဥမ္မာတို့ ကူကယ်ရာ သည့်အကြည့်တို့ ဒိုင်းခနဲပြေးဆုံကြ၏။ ဥမ္မာအသေကြောက်ပါ၏။ ဒါဒါ လည်းကြောက်ကန်ကန်နေခြင်းဖြစ်ကာ သူဌေးဆီပြေးပြီး မရမကတောင် ပန်ဖို့စကားတွေ စီထားခဲ့သည်။ အက်ရာထင်နေသည့်မှန်ကွဲနှင့်ဖုန်းကို ဆုပ်ထားသောလက်တို့သည် အေးစက်နေခဲ့လျက်.. ၊



"ကဲ..ညည်းတို့ပြန်လို့ရပြီ.."

ဟင်.. ၊

အယ်.. ၊

နှုတ်ခမ်းလှုပ်ရုံ တိုးထွက်သွားသည့် အာမေဋိတ်သံတို့က မကျယ် လောင်သော်လည်း.. ၊

"ပြန်..ပြန်ရမယ်.."

"ပြန်ရမယ်ဟုတ်လား.."

မယုံနိုင်ခြင်းကြောင့် သံပြိုင်မေးမိလျက်သားဖြစ်လျက် ဒါဒါ့မျက်နှာ တစ်ခုလုံး ဝင်းထိန်သွား၏။ ထို့ပြင် ကိုယ့်အမှန်တရားအတွက် လွှင့်ပါ ပျောက်တက်သွားသလို ကျေနပ်ခိုင်မာခဲ့ရပြီး.. ၊

"တွေ့လား..အထက်လူကြီးဆိုတာ အထက်ဖားအောက်ဖိတွေ မလုပ် တတ်ဘူး.."

"ဘာကွ.."

ဦးပွကြီး ဒေါကန်သွားသည်။ ဒါဒါကပြောပြီး ပြေးတာဖြစ်လျက် ဦးပွကြီးစကားမဆုံးခင် ကားပေါ်ခြေလှမ်းတင်ထားပြီးဖြစ်နေခဲ့ရင်း.. ၊

"ဥမ္မာ..တက် တက်.."

"ငါဒီမှာ.."

ဥမ္မာက တစ်ဖက်မှာ မျက်လုံးပြူးလေးနှင့် ထိုင်နေလျက်.. ၊

"အမလေး.."

ကားသည် ကုမ္ပဏီဝင်းထဲကနေ ကတိုက်ကရိုက်ကွေ့ချိုးထွက်လျှင် ခိုးဆွဲရာဖမ်းဆုပ်ကိုင်ထားလိုက်ရသည့်အဖြစ်သို့ရောက်၍.. ၊

"နောက်ထပ် တစ်မှုတိုးတော့မှာပဲဒါဒါရေ..ဘုရား ဘုရား.."

*'ဆုံမှတ်တို့၏ နိဒါန်း'*

အခန်း(၂၀)

"ဘုရားရေ.."

ဒေါ်သီတာအေး ဘုရားတရင်း အိမ်ထဲကိုခပ်သုတ်သုတ်ဝင်လာ၏။ ပြီးတော့ လက်ဖက်ရည်ဆိုင်ကဝယ်လာသည့် ဆမူဆာထုတ်ကို ရေခဲသေတ္တာပေါ် ပြေးတင်လိုက်သေးသည်။ ပြီးမှ ဒါဒါရပ်နေသည့်ရှေ့ကို ပြန်ရောက်လာကာ.. ၊

"ကားပြင်ပေးရရင် ညည်းတော့သွားပြီဒါဒါ..ဘုရား ဘုရား၊ ငါမွဲတော့မလို့.."

"အမေ့မှာမွဲစရာ ဘာထပ်ရှိသေးလို့လဲ.."

"ဘာရယ်.."

သားသမီးဒုက္ခတွေ့ပြီဆို ဘယ်မိဘကနေနိုင်မှာလဲ..။ နှုတ်ဖျားက ဘယ်လိုအော်နေနေ ဒေါသတွေဘယ်လောက်ပြပြ သားသမီးကိုဖြစ်ချင်ရာ ဖြစ် ပစ်ထားနိုင်ပါ့မလား..။ ဒေါသထွက်သွားပေမယ့် သင်းကလေးကို နဲ့ပြောပြဖို့လည်း စိတ်ကူးမရှိ.. ၊

"ပြောလိုက်ရင် မိဘကိုစော်ကားဖို့ စကားလုံးတွေရာနှုန်းပြည့်နဲ့ 



ပြောလိုက်ချင်ဘူး.."

"သမီးလည်းသိတယ်လေ..အခု ဘာမှမှမဖြစ်တာကို.."

ဒါဒါက နှုတ်ခမ်းလေးစူကာ မှန်တင်ခုံကလပ်လေးပေါ်က ခေါင်းစည်းကွင်းတစ်ခု လှမ်းယူ၏။ သို့သော် လက်နဲ့မစမ်းမိသဖြင့် တစ်ပေလောက်ကျယ်သည့်စင်လေးပေါ်မှာ ဟိုဒီလိုက်စမ်းနေလျှင် အုန်းဆီပုလင်းကို တိုက်မိပြီး ဒေါက်ခနဲလဲလေသည်။

"ခြေဖျားလေးဘာလေးထောက်ကြည့်ဒါဒါရေ..ရော့ ဒီမှာ.."

ဒေါ်သီတာအေးက ရေခဲသေတ္တာဘေးမှာချိတ်ထားသည့် ကော်ခြင်းလေးထဲက သွားယူပြီး ပစ်ချပေးရင်း.. ၊

"မလိုတော့ဘူးဆို ရောက်တဲ့နေရာမှာ ဖြုတ်ချထားခဲ့တယ်..လိုချင်ပြီဆို ဆံပင်တစ်ဖက်ကိုင်ပြီး ပြူးတူးပြဲတဲ ဟိုရှာဒီရှာ.."

ပြောလက်စကိုဖြတ်၍ အပြစ်တင်မာန်မဲလိုက်သေးသည်။ ပြီးတော့မှ နောက်စကားပြန်ကောက်၍.. ၊

"အခု ညည်းကိုဟိုကလျှော့ပေးလိုက်ပေမယ့် ဥမ္မာဆိုတဲ့ကောင်မလေးကတော့ တစ်ချီတည်းနဲ့ တော်ပါပြီဖြစ်သွားရောလား.."

"နောက်တစ်ချီလုပ်ပေးပါဦးဆိုလည်း ဒါဒါကဆောရီးပါပဲ..ဒီမှာလည်း ဘယ်လောက်လန့်သွားလဲဆိုတာ သေချင်စော်နံတယ်.."

"ဟုတ်တယ်လေ..ငါတို့လိုလူတန်းစားတွေအတွက် ဒီအလျော်အစားက ဘဝပျက်သွားနိုင်တာကို၊ ဒါပေမယ့် 'မာမီသန်း'ဆံပင်ဒိုင်က ညည်းအလုပ်အချိန်မရွေးဝင်နိုက်လို့ရတဲ့ ဟင်းလေးအိုးကြီးမဟုတ်ဘူးလား..ထွက်ချင်တဲ့အချိန်ထွက်သွား၊ ပြန်လုပ်ချင်ရင် အချိန်မရွေး..အဲ့ဒီလိုလူတွေဆီမှာ နာမည်ပျက်သွားရင်.."

"ဒါကတော့ ကိုယ်လည်းပျက်ချင်လို့ ပျက်တာမှမဟုတ်တာ..ဘယ်လိုလုပ်တတ်နိုင်မှာလဲ.."

ဒါဒါက ဆံပင်ကိုခေါင်းစည်းကွင်းလေးနဲ့ အမြင့်တင်စည်းလိုက်ပြီး မီးဖိုကာသွားဖွင့်သည်။ ပြီးတော့ ပန်ကာရှေ့မှာ ကျောပေးရပ်နေရင်း.. ၊

"သူတို့လည်း သမီးလောက်တော်တဲ့သူမရှိလို့ ဒါဒါ့ကိုအဲဗားဝဲလ်ပမ်းဖြစ်နေတာပါ.."

"ကျေးဇူးကန်းပြန်ပြီ.."

"ကန်းတာမဟုတ်ဘူးလေ..ဒါပေမဲ့ ကိုယ်ပြန်ပေးထားတာလည်း ပြန်ကြည့်ရမှာပေါ့၊ အလုပ်သမားတစ်ယောက်အလုပ်ချိန်က ဆယ်နာရီ..ပြီး ပေါ်မှာဆို ရှစ်နာရီပဲရှိတာ၊ ဒါဒါအလုပ်လုပ်ရင် အမြဲတမ်းမိုးချုပ်မှပြန်တာ ပဲ.."

"ဒါကလုပ်သလောက်ရတာပဲ မဟုတ်ဘူးလားဒါဒါရယ်..ဆံပင်ဝင် ရှင်းပြီဆို ဘယ်လောက်လောက်ရအောင်လုပ်မယ်၊ ဒီနေ့ပိုက်ဆံဘယ် လောက်လိုတယ်ဆိုတာ ကိုယ့်လောဘပဲလေ.."

"အဲ့ဒါလည်း ဒါဒါကကြိုးစားတဲ့သူမို့လို့လေ.."

မပြောတော့ဘူးဆိုသည့်မျက်နှာနှင့် ဒေါ်သီတာအေးမျက်နှာလွှဲသွား သည်။ ဒါဒါက ပန်ကာရှေ့မှာ ကျောပေးလိုက် ရင်ဘက်နဲ့ကပ်လိုက်လုပ် နေရင်း.. ။

"သူတို့အလုပ်တွေပိနေလို့ ညထိဆင်းပေးပါဆိုတိုင်း ဘယ်သူဆင်း လို့လဲ..သူတို့လည်း သူတို့ပေးရတာချည်း မြင်တာမဟုတ်သလို ဒါဒါက လည်း အဲ့ဒါကိုပဲပြောပြတာ၊ မသန်းဝင်းနဲ့ဒါဒါနဲ့ အဆင်ပြေနေတာကို အဆ(?) ပြောမှပဲ ကျေးဇူးနဲ့သစ္စာယနဲ့ ခွဲရေးတွဲရေးတွေ ပေါ်လာတော့တယ်.."

"ကဲ..စကားပြောတာ ထိုင်ပြောပါအေ၊ ကိုယ်ကချွေးထွက်နေရင် ပန် ကာလေခံတာ အန္တရာယ်ဘယ်လောက်ကြီးသလဲသိရဲ့လား.."

"သိပါတယ်.."

တွေ့လား..ရွဲ့သလို ဂရုမစိုက်သလိုလို.. ။

"ငါတော့ အဲ့ဒီသူဌေးကို ပြေးရိုက်ချင်စိတ်ပေါက်နေတော့တယ်..မောင် မင်းကြီးသား သဘောထားကြီးပါပေတယ်.."

"သူကသဘောထားကြီးလွန်းလို့မဟုတ်ဘဲ ဒါဒါကကောင်းလို့လည်း ဖြစ်နိုင်တာပဲ.."

မျက်နှာလေးကြည့်တော့ ခပ်တည်တည်။ ဘေးမှာလာထိုင်ပြီး လက် ဖက်အစ်ဖွင့်၏။ ပဲကြော်ဘက်ခြမ်းမှာ ပဲခြမ်းလေးတစ်စေ့နှစ်စေ့ပဲကျန်တော့ တာကို ဇွန်းလေးနဲ့မရမကပါအောင် ယူသည်။ ပြီးတော့ အားမရဘဲ အစ်ကို ဆွဲယူလိုက်ပြီး လက်ဖက်ထဲမှာ မွှေနှောက်လှန်လှော့ရှာရင်း.. ။



"ဆိုးလိုက်တဲ့ဘဝ..လက်ဖက်သုတ်တာတောင် ပုဇွန်ခြောက်လေး မ ကြည့်နိုင်တဲ့ဘဝ.."

"သနားစရာပဲ.."

ဒေါ်သီတာအေး စိတ်မရှည်စွာပြော၍ နေရာမှထသွားသည်။ ထမင်း ဟင်းဆို အဆိုးအကောင်းကြိုက်တာ မကြိုက်တာ သိပ်မရွေးတတ်ပေမယ့် ကြိုက်တဲ့အစားအစာလေးဆို မကြာခဏညည်းညူတမ်းတသည်။ အပြင် သွားရင် သွားရည်စာတွေလည်း မက်သည်။ သို့သော် စားချင်တာကတစ်ခု စားလိုက်တာကတစ်ခုဖြစ်ကာ ပိုက်ဆံနှမြောပြီးဆိုလည်း သူ့အပြင်ပြစရာ မျိုး.. ။

ပုဇွန်ခြောက်ဘူးလိုက်ရှာရင်း သမီးအကြောင်းတွေးနေမိသည်။ တစ် ခါတလေ စိတ်အေးလက်အေးရှိနေသည့်အခါ ဒီသမီးနဲ့မြေးအကြောင်းတွေး မိပြီး ကိုယ်လည်းတာဝန်မယူရဘဲ သူ့ဘဝလေးအခြေခိုင်ခိုင် ပြီးပြည့်စုံသွား မယ့်အမျိုးဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲလို့ ပြင်းပြင်းပြပြတွေးမိတာတွေ ရှိသည်။ ပြီးတော့ ဒီအိမ်နဲ့ဒီခြံလေး.. ။

ဒါလေးကို သမီးကိုလည်းပေးချင်သည်။ ယောက်ျားကလည်း ကြည် ဖြူမှာမဟုတ်တာသိနေသည်။ မိဘကသားသမီးကို ပေးသင့်သလို ယော က်ျားကလည်း မယားပိုင်ပစ္စည်း လင်ပိုင်တာမို့ သူ့တစ်သက်တော့ နေသွား မှာသေချာ၏။ ခုဆို မင်းမင်းရဲ့အဖေက သူ့သမီးအတွက် အိမ်ဝယ်ပေးထား တာတော့ ပိုဆိုးပြီ။ 'ခင်ဗျားသမီး သူ့အိမ်သူ့ယာနဲ့နေတာ ပူမနေနဲ့'လို့ ပြောမှာ ပဲ။ ဒါဆိုရင် 'တစ်နေ့ကျရင်တော့ ငါ့စေတနာတွေ ဒါဒါနားလည်လာမှာ ပါ'လို့ စော်ကားခံနေရတိုင်း တွေးထားမိတဲ့ရည်ရွယ်ချက်ကို သူမအကောင် အထည်ဖော်ဖို့ ဖြစ်နိုင်ပါတော့မလား.. ။

သမီးကိုမွေးပြီး သူများကကျွေးခဲ့ပေမယ့် ဒီအမေရင်ထဲမှာ သမီးတစ် ယောက်အတွက် ဘယ်လိုရည်ရွယ်စုဆောင်းထားတယ်ဆိုတာပြဖို့ သူမအ ခွင့်သာပါ့မလား..။ လင်ယောက်ျားဟာ ဘဝလက်တွဲဖော်အဖြစ် သက်ဆုံး တိုင်ပေါင်းသင်းရမှာမှန်သလို မိဘတာဝန်ကလည်း သားသမီးအတွက် အ မွေဆိုတာ ပေးနိုင်ရမှာမဟုတ်လား..။ ကိုယ့်ကလေးကို အစ်မအိမ်မှာထိုးထား ခဲ့သည်။ နောက်အိမ်ထောင်ပြုပြီး ပျော်ပျော်ကြီးနေသည်ဆိုသော 'ဥမခင်သည့်

မိခင်'သဖွယ် ပတ်ဝန်းကျင်က အပြောဆိုခံနေရတာတွေလည်း သူမသိသည်။

တကယ်လည်း ဒါဒါခုလိုဘဝကံမကောင်းဖြစ်လာခဲ့ရသည့် အကြောင်းရင်းတွေက သူမဘက်က မိခင်ဝတ္တရားမကျေခဲ့တာတွေကြောင့်ပါ။ မပြောဖြစ်ခဲ့သော ပြောခွင့်မရှိသည့်စကားလုံးတွေ ခံစားချက်တွေ သူမရင်ထဲမှာ ပြည့်နေခဲ့သည်။ ဒီအိမ်ဒီရာဆိုတာလည်း သူမသာနောက်အိမ်ထောင်ထပ်မပြုခဲ့ဘူးဆိုလျှင် သားအမိနှစ်ယောက်ပိုင်ဆိုင်ရမှာဖြစ်ကာ သူမအိမ်ထောင်ပြုခဲ့သည့်အတွက် သမီးကတော့ သူများအိမ်မှာကြီးပြင်းခဲ့ရပြီး ကိုယ့်ဘေးမှာ သူစိမ်းယောကျ်ားက ရပ်တည်နေခဲ့သည်။ ဒီယောကျ်ားအားမကိုးရဘူးဆိုတာ စိတ်ဓာတ်အခံမရင့်ကျက်မှုန်းလည်း သိနေတာတောင် သာယာမှုတစ်ခုအတွက်နဲ့ သူမတစ်ကိုယ်ကောင်းဆန်ခဲ့မိသည်။

ခုတော့ အသက်လေးရလာလေ ကိုယ့်ရဲ့အတိတ်က ခြေရာတွေကိုပြန်ကြည့်၍နာကျင်မိလေ။ ခုတော့ ပြောလက်စစကားတွေနဲ့ပဲ ငြင်းခုန်နေရသည်။ ရွဲ့ချိတ်နေဆဲစကားတွေကြောင့် နာကျင်ပေမယ့် မျိုသိပ်နေရသည်။ သူမအတွက် သားချော့တေးလည်းမဆိုရဲ။ လွမ်းမျက်ရည်လည်း မလည်ခဲ့။ အတွေးတို့ကြောင့် မျက်ရည်တွေဝေ့သီလာလျှင် ပုဝှန်ခြောက်ထုပ်ကိုကိုင်ထားပေမယ့် ဒါဒါဘက်ကို မလှည့်ရဲ.. ၊

မျက်ရည်ကိုပြန်သိမ်းမရသည့်အဆုံးမှာ ပါးပေါ်ဖြတ်ဆင်းမသွားအောင် မျက်နှာကိုတအားငုံ့ပစ်မိသည်။ ထိုအခါ မျက်ရည်စက်တို့သည် မြေပေါ်သို့ တိုက်ရိုက်ခုန်ဆင်းကျသွားကြသော်လည်း ခေါင်းထဲမှာမိုက်ခနဲ

"အမေ့.."

ဘာလုပ်နေတာလဲဆိုသည့်အတွေးနှင့် ဒါဒါလှမ်းကြည့်မိချိန် ဒေါ်သီတာအေးကိုယ်ကြီး ယိုင်ခနဲဖြစ်သွားတာ မြင်လိုက်ကာ ဒါဒါလက်ဖက်အစ်လေးပုံးချခဲ့ပြီး ပြေးသွားမိသည်။

"အမေ့..အမေမူးလို့လားဟင်.."

"ဟင်..အင်း.."

မစိုးရိမ်စေချင်လို့ ထူးလိုက်သည့်တိုင် ကိုယ့်ကိုယ်ကိုမျက်လုံးဖွင့်ထားသလား ပိတ်ထားမိသလား မသိလောက်အောင် ရုပ်သဏ္ဌာန်ဘာမှမကွဲသော ရောင်စုံစက်ဝန်းတွေ ချာချာလည်နေသည်။ ဒါဒါတွဲသွားပြီး အိမ်ရှေ့ခုံ



လေးမှာ ထိုင်စေကာမှ.. ၊

"ရော့..အမေ ရှူဆေးဘူးလေးရှူလိုက်၊ သံပုရာရည် သမီးသွားဖျော်လိုက်ဦးမယ်.."

ဒေါ်သီတာအေးလက်ထဲကို ရှူဆေးဘူးထည့်ပေးခဲ့ပြီး အိမ်နောက်ဖေးက သံပုရာပင်လေးဆီပြေးခူးလိုက်သည်။ ပြီးတော့ အိမ်ဘေးကပတ်ပြီးပြန်လာခဲ့လျှင်.. ၊

"ခင်ဗျားသမီးသတင်းကြားပြီး ရောဂါတိုးသွားတာလား..ဘာဖြစ်လို့နားစွံနေတုန်းမအေးရယ်၊ ခင်ဗျားသမီးက ကမ္ဘာကျော်မယ့် ပေါက်ကျော်မပါ..အခု ကားတက်မောင်းတာပဲရှိသေးတာ၊ နောက်ဆိုဟက်စကီးပါမောင်းဦးမှာ..ဟား ဟား ဟား.."

ဒါဒါထောင်းခနဲ ဒေါသဖြစ်သွားကာ ခြေလှမ်းက စိတ်လိုက်မာန်ပါဖြစ်သွားခဲ့သည်။ သို့သော် အမေနေမကောင်းတာကို တွေးမိပြီး အံကြိတ်ထားလိုက်သည်။ ဒီတိုင်းမကြားသလို သွားလိုက်ဖို့ ပြင်လိုက်သော်လည်း..၊

"ခင်ဗျားကိုမရှင်းလို့မေးပါဦးမယ်မအေးရဲ့..ပြောတော့ အိမ်ခေါင်းရင်းခန်း မိုးယိုနေတာ ပြင်ချင်လို့ဆို၊ အခု ခင်ဗျားလက်သမားခေါ်တဲ့အင်အားက အိမ်ပြင်မလိုကြီးပါလား..ဘာတွေကြံစည်နေတာလဲ၊ ကျုပ်ကိုလည်းနည်းနည်းပါးပါး ပြောပြပါဦး.."

"ပြောပြရမယ်ဆိုလည်း ငါအခုစကားမပြောနိုင်သေးဘူးဝင်းမောင်..နင်အလုပ်ပြန်ဆင်းဖို့ရှိသေးရင် ထမင်းသွားစား၊ ငါခေါင်းမူးနေလို့.."

"ကျုပ်ကျတော့ မူးလို့မော်လို့နဲ့..ခင်ဗျားတို့သားအမိတွတ်ထိုးနေရင်တော့ ဟုတ်လို့ပါ၊ အဟွန်း..ဒေါ်သီတာအေးတို့ သမီးရောက်လာတာနဲ့ လင်ကိုဆက်ဆံတာ တစ်မျိုးဖြစ်တော့တာပဲ.."

"ဝင်းမောင်ရယ်..ငါနင့်ကိုဘယ်လိုပြောရမှန်းကို မသိတော့ပါဘူး၊ တိတ်တိတ်လေးနေစမ်းပါ.."

"ဟုတ်ပါပြီဗျာ..ဒီမှာ ခင်ဗျားမှာတဲ့ဆေးနဲ့ ညနေဆေးခန်းသွားဖို့ပိုက်ဆံ၊ တော်ကြာ ခင်ဗျားသမီးက သူလာမှမအေဆေးခန်းပြရသလိုလို လေတစ်လုံးမိုးတစ်လုံးပြောနေဦးမယ်.."

"မပြောပါဘူး..ပြောဖို့တွေရှိနေလည်း ဒီနေ့မပြောသေးဘူး.."

ဒါဒါက သံပုရာသီးနှစ်လုံးကိုင်၍ ဝင်လာသည်။ ဘယ်လိုမှမျိုသိပ်လို့မရသည်မို့ ဒီလောက်တော့ တုံ့ပြန်သင့်သည်ထင်ကာ.. ။

"အမေနေမကောင်းတုန်း ကျွန်မကဆင်ခြင်ရမှန်းသိတယ်..ဦးဝင်းမောင် မသိတတ်တိုင်း ပြိုင်ဆိုင်ငြင်းခုံမနေဖို့ ဒီနေ့ဆုံးဖြတ်ထားတယ်.."

"မသိတတ်ရအောင် ငါကညည်းအမေကို ဘာတွေပြောနေလို့လဲ..ခုပဲအပြင်ပြန်ထွက်ရမှာကို အလုပ်ကပြန်တုန်း ပြောစရာရှိတာ မပြောရဘူးလား.."

"ပြောစရာရှိတိုင်း ဒါဒါ့အကြောင်း အတင်းတုပ်တာတွေချည်းဖြစ်နေတာကိုပြောပါတယ်..အဲ့ဒါကြောင့် ဒီနေ့ကြိုက်သလောက်တုပ်ထား၊ နောက်နေ့ဆို လုံးဝသည်းခံမှာမဟုတ်ဘူး.."

"မြင်လားမအေး..ခင်ဗျားသမီး.."

"ကိုဝင်းရေ.."

ဦးဝင်းမောင်ပြောဖို့စကားတွေ အလုံးလိုက်တက်လာပေမယ့် ပြောခွင့်မသာခဲ့ပေ။ ရပ်ကွက်လူကြီး ဦးမင်းလွင်က စာရွက်ရှည်ကြီးတွေ အထပ်လိုက်ကိုင်လျက် နောက်ပါလူတစ်ယောက်နှင့် အိမ်ရှေ့ထိရောက်လာကာ..။

"ဒေါ်သီတာအေး နေမကောင်းဘူးဆိုလို့ ဝင်လာခဲ့ပြီဗျို့.."

မျက်နှာရှေ့ရောက်နေကာမှ ဝင်လာသည့်အကြောင်းကြားသံပါလာကာ သုံးယောက်မျက်နှာချင်းဆိုင်ရှိနေကြသည့် ဒါဒါတို့ကိုမြင်မှ တစ်ချက်အမ်းသွားသည်။ ပြီးမှ ရယ်ကာ.. ။

"ရန်ပုံငွေကိစ္စလေး ကျွန်တော်မသွားနိုင်လို့..ကိုဝင်းကိုအကူအညီတောင်းချင်လို့လေ၊ အဲ့ဒါလာရင်းနဲ့ လူမမာမေးချင်တာနဲ့ပါ၊ လူစုံနေတာမသိလို့နော်.."

"ရပါတယ်ကိုမင်းလွင်ရယ်..ကျွန်မတို့အိမ်က ခေါင်းနှစ်လုံးစုလို့မရတဲ့အိမ်၊ မထူးဆန်းပါဘူး.."

"အခုတော့ ခေါင်းသုံးလုံးပါလား.."

ဦးမင်းလွင်ကပြောတော့ ဦးဝင်းမောင်က မဲ့တဲ့တဲ့မျက်နှာနှင့်.. ။

"ပိုဆိုးပြီပေါ့ဗျာ..တွေးသာကြည့်တော့.."

ယောကျ်ားနှစ်ယောက်၏ ခနိုးခနဲ့စကားတွေကြားမှာ ဒါဒါပက်ခနဲ



ပြောချလိုက်မှာစိုးကာ ဒေါ်သီတာအေး မျက်လုံးမဖွင့်ချင်ဘဲပိတ်ထားရသည် ဒါဒါကလည်း မအေ့မျက်နှာကိုကြည့်လိုက်တာနဲ့သိသည်။ ထို့ကြောင့် ဘာမှမပြောဘဲနေခဲ့ပေမယ့်.. ။

"ဒါတောင် အငယ်လေးတစ်ယောက်ရှိသေးတယ်မို့လား..ကလေးကဘယ်နှစ်တန်းရောက်ပြီလဲ.."

"ဒီနှစ်ငါးတန်းအပ်ရမှာလေ..ကလေးကလိမ္မာပါတယ်.."

သူပဲဝင်ဖြေပြီး ဆက်ရန်ရှိသည့်စကားက ဘာလိုလို။ ဒါဒါ ဦးဝင်းမောင်ကို စိုက်ကြည့်ပြီး ကိုယ့်ကိုယ်ကိုတော်တော်ဆုံးမနေရသည်။ ဘယ်လိုမှမျိုသိပ်မရဖြစ်လာလျှင်.. ။

"အမေ..သမီးသကြားသွားဝယ်လိုက်ဦးမယ်၊ သကြားကုန်နေလို့.."

ရှောင်ထွက်သွားဖို့ ဆုံးဖြတ်၏။ ထို့ကြောင့် ဦးမင်းလွင်ကို ကွေ့ရှောင်၍ အပြင်ကိုထွက်လိုက်လျှင်.. ။

"သြော်..သူကဒေါ်သီတာအေး သမီးကိုး..အိမ်မှာမနေတာလား ဘာလား၊ ဒီမှာသိပ်မတွေ့ဘူးနော်.."

မေးတာက ဖြေတာကိုသိချင်ပုံလည်း မရဘဲ.. ။

"ဟိုတလောက ကျွန်တော့်အိမ်ရှေ့မှာ ပိုက်ဆံနှစ်ရာပျောက်နေတာလေ..ကျွန်တော်သူ့ကိုရုတ်တရက် မမှတ်မိဘဲ မောင်းထုတ်တော့မလို့ဗျ၊ သေချာကြည့်မိမှ သိသွားတယ်..တော်သေးတာပေါ့.."

"ဟား ဟား ဟား..ကိုမင်းလွင်ကတော့ အံ့သြစရာတွေပြောနေပြန်ပြီ၊ ဒါဒါဆိုမသိတဲ့လူ မရှိပါဘူးဗျာ..အဲ ဟုတ်တော့ဟုတ်တယ်လေ၊ သူကအဒေါ်လုပ်သူနဲ့နေတာ..ခုမှ မအေနေမကောင်းတော့.."

"သြော်..ပြုစုဖို့လာတာလား.."

"သူ့အမေကခေါ်လို့ လာရတာပါ..ပြန်ဖို့တကဲကဲပဲ.."

"ဦးဝင်းမောင်က ဒါဒါပြန်ဖို့တကဲကဲဖြစ်နေတာတောင် သိနေတယ်နော်.."

ဒါဒါပြန်လှည့်ဝင်လာတော့ ဒေါ်သီတာအေး မျက်လုံးအဝိုင်းသားဖြစ်သွားသည်။ ရပ်ကွက်ထဲကလူကြီးသူကြီးတွေကိုတော့ မရှိုင်းစိုင်းစေချင်။ ဒီကောင်မလေး ရိုင်းလိုက်တာလို့လည်း ထင်မသွားစေချင်ပါ။ သို့သော်..၊

"အဲ့လိုဘယ်တုန်းကပြောလိုက်မိလို့လဲ..မပြောဘဲနဲ့တောင် သိနေတာ ဘယ်လိုစပ်စုနိုင်စွမ်းတွေလဲ.."

"ညည်းတို့သားအမိရန်ဖြစ်တိုင်း မကြားချင်မှအဆုံးပဲ..ငါ့ကိုလာပြော စရာမှ မလိုတာ.."

"အောင်မလေး..ရောသောဖြီးချင်လည်း သဘာဝကျအောင်ဖြီးစမ်းပါ၊ အမေနေမကောင်းသေးဘဲ ကျွန်မကပြန်ဖို့ပြင်ရအောင် သွေးသားမတော်ဘဲ သာပေါင်းညာစားလုပ်နေတဲ့သူမှ မဟုတ်တာ.."

ဦးဝင်းမောင်မျက်နှာပျက်သွားကာ ရယ်နေသည့်သွားကြီးက ပြန်မ စေ့ပေမယ့် မဲ့ဖြီးဖြီးကြီးဖြစ်နေခဲ့လျက်.. ၊

"အမေနေပြန်မကောင်းဘဲ ဒါဒါ့ကိုကုဒ်နဲ့ကော်ချရင်တောင် မပြန်ဘူး ..ကောင်းသွားပြီဆိုရင်တော့ နေပါဆိုရင်တောင် မနေဘူး၊ မြင်နေရတာ နှ လုံးနာလွန်းလို့.."

"ဒါဒါ.."

ဒေါ်သီတာအေးဒေါသသံနှင့် အော်လိုက်မိကာ.. ၊

"ဟဲ့ဆိုလို့မရ ဟင်းဆိုလည်းမတိတ်..ညည်းတော်တော်ရိုင်းပါလား ဟင်၊ သွား သွား..ငါ့မျက်စိရှေ့က မြန်မြန်သွားစမ်းပါ၊ ရောဂါတိုးလွန်းလို့ ပါ.."

ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်။ ထို့ကြောင့် ဒါဒါချာခနဲလှည့်ထွက် ခဲ့သည်။ ပြောချင်တာပြောခဲ့ရလို့ ကျေနပ်ပေမယ့် ကိုယ့်အမေက တခြား ဘက်မှာ အမြဲတမ်းရပ်တည်ခဲ့ခြင်းနှင့်ပတ်သက်၍.. ၊

"မေမေ့.."

ကျူရှင်ကပြန်လာသည့်သဇင်မင်းက မျက်နှာချောင်နေပေမယ့် ပါး လေးတွေတော့ တင်းနေဆဲရှိကာ ဒါဒါကညိုပေမယ့် သူမလေးက အဖေတူ သမီးမို့ဖြူသည်။ သူငယ်ချင်းနဲ့အတူပြန်လာရင်း ဒါဒါ့ဆီပြေးလိုက်လာကာ လက်ကိုဆွဲ၍.. ၊

"မေမေဘယ်သွားမလို့လဲဟင်..အိမ်မှာဘာချက်လဲ၊ သမီးဗိုက်တအား ဆာနေလို့.."

အိမ်မှာဘာချက်လဲတောင် မသိခဲ့ပါ။ မြို့ထဲကပြန်လာပြီး ပြဿနာ



ဖြစ်ခဲ့တဲ့ကိစ္စ အမေမေးနေတုန်း ချွေးတိတ်ရုံပဲရှိသေးသည်။

"ဟင်လို့မေမေ့.."

လက်ကိုဆွဲခါပြီး မေးနေသဖြင့် လည်ပင်းတစ်ချက်ကုတ်မိကာ.. ၊

"သမီးကလည်း..ဘွားဘွားကြီးနေကောင်းပြီဆို ဘွားဘွားကသူ့ဘာ သာချက်တာလေ၊ မေမေက ခုနကမှအလုပ်ကပြန်လာတာ.."

"ဟင်.."

မင်းမင်းနှုတ်ခမ်းလေး စူသွားသည်။ နားရွက်ကုပ်ဆံပင်ထူထူနက် နက်လေးကို ဆံမြိတ်လေးတွေတစ်ဖက်သိမ်းပြီး ကလစ်အလှလေးညှပ်ထား သည့် မင်းမင်းမျက်နှာပုံ့ပုံ့လေးက နှုတ်ခမ်းလေးစူလိုက်မှ သုံးနှစ်သမီး လောက် ကလေးမျက်နှာလေး ပြန်ဖြစ်သွားသလို ချစ်ဖို့ကောင်းနေ၏။

"မေမေ့.."

"ဟင်.."

ကိုယ့်ဘာသာအိမ်ထဲဝင်တော့မလို ခြေလှမ်းပြီးမှ မင်းမင်းကပြောဖို့ ရှိသေးသလို ချက်ချင်းပြန်လှည့်ကာ.. ၊

"မေမေ့သိလား..နေ့လည်ကလေ ဘွားဘွားကြီးနဲ့ဘဘနဲ့ ပိုက်ဆံတွေ ပျောက်ကုန်လို့တဲ့ ရန်ဖြစ်နေကြတာ သိလား.."

"ပိုက်ဆံပျောက်တယ်.."

"ဟုတ်.."

ခေါင်းညိတ်လိုက်တော့လည်း ဆံပင်တွေခါသွားအောင်ညိတ်သည်။ မင်းမင်းရဲ့ဆံပင်လေးတွေက အနက်ရောင်အိအိနွဲ့နွဲ့လေးတွေဖြစ်ကာ သူမ လေးရဲ့ခေါင်းယိမ်းသမျှ လှုပ်ရှားမှုတိုင်းမှာ ဆံစလေးတွေပါနေတတ်၏။ စကားပြောခါနီးတိုင်း နှုတ်ခမ်းလေးဟ၍ အသက်ရှိုက်သွင်းတတ်သေး သည်။ ထိုအခါ ရင်ဘက်လေးကြွ ပခုံးလေးမြောက်လျက် စကားတတ်စက လေးငယ်လေးတုန်းကအတိုင်း.. ၊

"ပြောပါဦး..ဘယ်ကပိုက်ဆံလဲ၊ ဘွားဘွားကြီးက ဆေးဖိုးတောင်လို့ လား ..ဦးဝင်းမောင်ပိုက်ဆံ ပျောက်တာလား.."

"ဟင့်အင်း.."

ဆံပင်တွေ ဘယ်ညာရမ်းသွားတဲ့အထိ ခေါင်းလေးခါပြ၍.. ၊

"မနေ့က ပတ်ထုတ်တာတဲ့..ဘွားဘွားကြီးက ငါလည်းမြင်တောင်မ မြင်လိုက်ရဘူးတဲ့၊ နင်ဒါ ရမယ်မှန်းသိလို့ ကြိုသုံးထားတာမို့လားတဲ့..ဒါဒါသိ ရင်မလွယ်ဘူးတဲ့၊ အဲ့လိုပြောတော့ ဘဘကသိတော့ဘာလို့ဂရုစိုက်ရမှာလဲ တဲ့..ခင်ဗျားပိုက်ဆံသွင်းစရာမရှိရင် ကျုပ်ပေးရမှာပဲ သုံးလို့မရဘူးလားတဲ့၊ အဲ့လိုပြောတော့ ဘွားဘွားကြီးက နင့်ဆီကပိုက်ဆံကိုတောင်းရတာ ကျောက် ခဲထဲက နွားနို့ညှစ်ရသလိုပဲတဲ့..နင်ပေးတော့ပေါ့တယ်၊ ငါရှာကြွေးခဲ့တာ တွေကျတော့ လူမသိဘူးတဲ့..အဲ့လိုပြောတော့ ဘဘက ခင်ဗျားကရှာသုံးတာ ဝါသနာပါတာကိုးတဲ့.."

"အံမာ.."

မင်းမင်းက မှတ်ဉာဏ်ကောင်းလွန်းလို့ ကျောင်းကဆရာမတွေတောင် အံ့ဩရတဲ့ကလေးဖြစ်သည်။ သူများတွေလိုပဲ အမှတ်တမဲ့ဖြတ်သန်းသွားရင်း မြင်ခဲ့တွေ့ခဲ့သည့်အရာတွေကိုတောင် ပြန်မေးလိုက်ရင် မသိဘူးဆိုတာမရှိ-

"ပြီးတော့ ဘွားဘွားကြီးက ပြောသေးတယ်သိလား..ခုချိန်ထိ ငါ့ကိုယ် ပေါ်မှာ နင့်ဟာ.."

ပြောနေရင်း ထစ်ငေါ့သွားသည်။ ပြီးတော့ လက်ချောင်းလေးတွေ ပူးကပ်ထားလိုက်ပြီး ထိုလက်ဝါးလေးထောင်၍ သူမဘာသာပြန်ကြည့်နေ လျက်.. ၊

"နင့်ဟာ ငါ့ပေါ်မှာ လက်ဝါးဘာဆိုလား.."

"ဘာလဲ..အဲ့ဒါက.."

"ဘွားဘွားကြီးပြောတာလေ..နင့်ဥစ္စာ အဲ..နင်ဝယ်ပေးတဲ့ဟာ ငါ့မှာ လက်ဝါး.."

ကလေးက အဆီအငေါ်တည့်အောင် မပြောတတ်ပေမယ့် ဒါဒါသ ဘောပေါက်လိုက်သည်။ ခုချိန်ထိ အကျီအဝတ်အစား လက်တစ်ဝါးဝယ်မ ပေးဖူးဘူးလို့ပြောတာဖြစ်နိုင်ကာ.. ၊

"မေမေ့ ဘဘကဘွားဘွားကြီးကို လက်ဝါးရာထင်အောင် ရိုက်လိုက် တာလားဟင်.."

"မဟုတ်ပါဘူး..အကျီလက်တစ်ဝါးစာတောင် ဝယ်မပေးဖူးဘူးလို့ ပြောတာ၊ သမီးလည်း အဲ့ဒီဘဘကြီး ကျွေးတာတွေမစားနဲ့နော်..ဝယ်ပေး



မယ် ခြမ်းပေးမယ်ဆိုပြီး ဟိုဒီခေါ်ရင်လည်း မလိုက်ရဘူး၊ အဲ့ဒီဘဘက ဘွားဘွားကြီးရဲ့ယောကျ်ားဆိုပေမယ့် သမီးနဲ့ဘာမှသွေးသားမတော်ဘူး.."

"သမီးကသိပါတယ်..မေမေနဲ့လည်း မတည့်တဲ့ဥစ္စာ၊ ဘာဖြစ်လို့ခေါ် ရမှာလဲ..နောက်ပြီးကျ ဘွားဘွားကြီးကပြောသေးတယ်..ဘဘကသမီးဘဘ လည်း မဟုတ်ဘဲနဲ့ မြေးရဲ့ဘဘ မြေးရဲ့ဘဘနဲ့၊ နောက်ပြီးကျပြောတယ် သိလားမေမေ့..ညည်းအမေနဲ့မတည့်ပေမယ့် ဘဘကြီးက ညည်းကိုတော့ ချစ်ပါတယ်တဲ့၊ ဘဘချစ်အောင်နေတဲ့.."

"မနေရပါဘူး..အဲ့ဒါဘွားဘွားကြီးက သမီးနဲ့ပါမတည့်မှာစိုးလို့ပြော တာ၊ ဘွားဘွားကိုတော့ ပြန်ခံမပြောနဲ့..ဒါပေမဲ့ အဲ့ဒီလူကြီးကိုတော့ မရင်း နှီးရဘူးကြားလား.."

"ဟုတ်.."

"သွားတော့..ထမင်းစားပြီးတာနဲ့ ဘုရင်းစင်အောက်က ခေါင်းရင်းတံ ခါးဖွင့်ပြီး ကျူရှင်အိမ်စာပေးလိုက်တာတွေ လုပ်ထား၊ စာကိုဂရုစိုက်နော် မင်းမင်း..မန္တလေးပြန်ရင် ကျောင်းတန်းတက်ရမှာ၊ စာကြေပြီးသားဖြစ်နေ မှ.."

"သမီးသိပါတယ်..မရတဲ့စာလည်းမရှိဘူး၊ မေမေကဘယ်သွားမှာလဲ လို့..သမီးကျောင်းကပြန်လာရင် မေမေကရှိကိုမရှိဘူး.."

"ဘယ်လိုလုပ်ရှိမှာလဲ..မေမေကအလုပ်လုပ်နေရတာလေ၊ ကိုယ့်ပိုက် ဆံနဲ့ကိုယ့်ထမင်းကိုယ်စားပြီး မိဘဆေးဖိုးလိုတိုင်း ထုတ်နေတာတောင် ဒုက္ခ ရောက်မှ ပြေးလာတယ်ပြောကြသေးတာ.."

ကလေးက တိုးတိုးဖော်မဟုတ်ပေမယ့် စိတ်တိုလာတော့ ပြောမိသည်။ ပြီးတော့ အိမ်ဘက်ကိုမကျေမနပ်လှမ်းကြည့်ပြီး မျက်စောင်းထိုးမိသေးသည်။ ဦးဝင်းမောင်နဲ့ဦးမင်းလွင်ဆိုတဲ့လူကြီးကို နည်းနည်းလေးမှမကျေနပ်ပါ။ လူ ကြီးဆိုတော့လည်း ပြောချလိုက်လို့မဖြစ်ပြန်။ ထို့ပြင် အမေကနေကောင်း လာလိုက် ပြန်ညှိုးသွားလိုက်။ ကောင်းနေပြီပြောလို့လည်းမရ။ မကောင်း ဘူးပြောဖို့လည်း မဟုတ်ပြန်.. ၊

ဘာပဲဖြစ်နေနေ ဒါဒါဆိုတဲ့မိန်းမက ဒုက္ခရောက်တိုင်း 'အောင်မလေး' အော်ပြေးလာမယ့် မိန်းမမျိုးမဟုတ်ဘူးဆိုတာတော့ သိအောင်ပြောပစ်ချင်

မိသည်။ ဘယ်တုန်းကမှ ချိုသည်ခါးသည်မပြည်းခဲ့သည့်ဘဝမှာ ခါးတာတွေချည်းပဲမို့ လျှာမှာအထုံအကျဉ်စွဲနေခဲ့သလားမသိ.. ၊

ဒုက္ခကိုကြောက်ပေမယ့် ဒုက္ခသည် ဗေဒါဖြူရဲ့တိုးတိုးဖော်သူငယ်ချင်း.. ၊



အခန်း(၂၁)

"ဒုက္ခကိုအရည်ကျိုသောက်ရအောင် ကိုယ့်အသက်အရွယ်ကို မေ့လို့မဖြစ်ဘူးလေဒေါ်အေးရဲ့..ကျွန်တော်က ဘယ်သူ့ဘက်ကမှလိုက်ပြောတာမဟုတ်ပါဘူး၊ သားသမီးဆိုတာ အချိန်တန်ရင် သူ့လမ်းသူလျှောက်ကြမှာ..ကျန်ခဲ့မှာက ကိုယ်လင်ကိုယ်မယားလေ.."

"မှန်ပါတယ်..ဒါပေမဲ့ နင်တို့လမ်းနင်တို့လျှောက်ကြမှာပဲဆိုပြီး ပညာသင်မပေးတဲ့မိဘရှိလား၊ လုပ်ကိုင်စားသောက်ဖို့ငွေကြေးအရင်းအနှီးမပေးဘဲရော နေကြသလား..ကျွန်မက အဲ့လိုမိဘမျိုးတောင် မဟုတ်ခဲ့ဘူးကိုမင်းလွင်၊ ဒါဒါ့အတွက် ဘာတစ်ခုမှလုပ်မပေးနိုင်ခဲ့တဲ့ အမေပါ.."

"ဒါကလည်း ဒေါ်အေးကိုယ်တိုင်ပဲ ငါမှန်တယ်ထင်တာ ငါလုပ်တာလို့ ယုံကြည်ချက်ရှိရှိ ကြွေးကြော်နေခဲ့တာပဲမို့လား.."

ဒေါ်သီတာအေးငိုင်သွားသည်။ သမီးနဲ့ရန်ဖြစ်တော့လည်း သူငယ်ချင်းချင်း ရန်ဖြစ်ကြသလို အော်ခဲ့သည်။ လင်မယားချင်းရန်ဖြစ်ပြီဆိုရင်လည်း ကိုယ်ကအသက်ကြီးသူမို့ ကိုယ်ပြောတာအမှန်။ ကိုယ်ပဲပြောမည်ဆိုသည့်အတ္တနှင့် သူမပဲကဆုန်ပေါက်အော်ခဲ့တာဖြစ်သည်။ ရန်ဖြစ်ပြီဆိုတာ

နှင့် ဟိုအကြောင်းပါ ဒီအကြောင်းပါ ပါးစပ်ကထွက်တတ်သည့်အကျင့်က အတွင်းရေးဆိုတာတွေလည်း ထိန်ချန်ဖို့မေ့တတ်လေသည်။

"စဉ်းစားပေါ့ဗျာ..ကျွန်တော့်အတွက်တော့ စိတ်မပူနဲ့နော်၊ ဒေါ်အေး ခုပြောတဲ့ကိစ္စကို ဘယ်သူ့ကိုမှပေါက်ကြားမှာ မဟုတ်ဘူး..အဲ့ဒီအတွက် စိတ်ချ၊ ဒါပေမယ့် ကိုဝင်းမောင်သိရင်လည်း သူကနားလည်တတ်ပါတယ်.. ဒေါ်အေးစိတ်ကိုလည်း သူကသိပြီးသား.."

ဦးမင်းလွင်မျက်နှာပေါ်က အပြုံးတွေကို မသကာချင်ပါ။ ဒါပေမယ့် ကိုယ့်စိတ်ကူးကို အကျယ်တဝင့်မလုပ်ချင်တာမို့ လူကြီးစုံရာနဲ့ တိုးတိုးတိတ် တိတ်လုပ်ကြဖို့ ဦးမင်းလွင်ကိုသာ တိုင်ပင်ခဲ့ရသည်။ စိတ်ထဲမှာထင့်နေတဲ့ အတိုင်းပဲ ဦးမင်းလွင်က သူမစိတ်ကူးကို အကောင်အထည်ဖော်ခွင့်မပေးခဲ့ ပေ။ ကြားကောင်းလောက်သည့်စကားလုံးတွေနဲ့ တခြားလမ်းကိုတွန်းပို့ လိုက်တာလား ဒါမှမဟုတ် တကယ့်စေတနာနဲ့လား.. ।

စကားလုံးတွေက လက်သင့်ခံစရာပေမယ့် မျက်နှာတစ်ခုလုံးမှာ ဖြစ် ပေါ်နေသည့်ကောက်ကွေ့ကြောင်းတွေက ရှုပ်ထွေးနေသည်။ လူကနေ ကောင်းတော့ စိတ်ရှုပ်ထွေးခြင်းကို ကြာရှည်မခံစားနိုင်ဘဲ မူးဝေဝေကြီးဖြစ် လာသည်။ ထိုအခါ ကိုယ့်ကျန်းမာရေးကို တွေးမိလာ၏။

"ကျွန်မဒီကိစ္စကို စီစဉ်မှဖြစ်မယ်ကိုမင်းလွင်..ဒီအိမ်က ကျွန်မနာမည် နဲ့ကျွန်မပိုင်တဲ့အိမ်၊ အကယ်၍ ကျွန်မစောစီးစွာ တိမ်းပါးသွားခဲ့ရင် ယော ကျ်ားကလည်း သူ့မယားပစ္စည်း သူပိုင်တယ်ဖြစ်မယ်..ကျွန်မသမီးမှာလည်း"

"ကောင်မလေးက သူ့ယောကျ်ားကအိမ်ဝယ်ပေးထားဆို.."

"ဒါကပိုက်ဆံလည်းမကျေသေးဘူး..ပြီးတော့ ဆောက်ဖြစ်မှကျောင်း ဒကာပါရှင်.."

"ဝယ်ပေးခဲ့တာပဲ ပေးတယ်ပေါ့ဗျာ..ဒေါ်အေးကလည်းလုပ်ပြီ.."

"မဟုတ်ဘူးလေကိုမင်းလွင်ရဲ့..ဒါဒါကလည်း လက်မခံရဲဘူး၊ ငွေ လည်းမကျေသေးဘူး..သူ့ဘက်မှာလည်း သားမယားငုတ်တုတ်နဲ့၊ ဟိုတစ် နေ့ကပဲ ကလေးနာမည်နဲ့စရံစာချုပ်ကို လာအော်ဆဲပြီး ဆွဲဖြဲသွားတာ တစ် ရပ်ကွက်လုံးသိတယ်.."

ဦးမင်းလွင်ရဲ့စိတ်ရင်းက သိသာလာပေမယ့် ရပ်ကွက်ထဲကလူကြီးနဲ့



ဒါကိုမကျေနပ်ပြီး လှည့်ပြန်သွားလို့လည်းမဖြစ်.. ।

"ယောကျ်ားဆိုတာလည်း 'မ'ကိုချစ်မှ ဥကိုမင်တာ..ဒီကောင်လေးက ဒါဒါ့ကိုမျှော်လင့်ပြီး ဒီအိမ်ကိုသမီးအတွက် ဝယ်ပေးတာဆိုရင်ရော၊ ဒါဒါက လက်မခံရင် သူမျှော်လင့်လို့မရမှန်းသိခဲ့ရင် ဒါသူပေးချင်မှဖြစ်တဲ့ကိစ္စလေ.. မဟုတ်ဘူးလား၊ ကျွန်မသမီးက ဆွေမျိုးအိမ်မှာကပ်နေရတဲ့ဘဝနဲ့ ကျွန်မ သာမရှိတော့ရင် မအေ့အိမ်ကိုလည်း ပြန်လာလို့မရတော့ရင် တွေးကြည့်ပါ ဦး.."

ဦးမင်းလွင်မျက်နှာက အရယ်အပြုံးတွေ ပျောက်သွားသည်။ တွေး ကြည့်ပါဦးဆိုလို့ တွေးကြည့်မိသွားတာတော့ မဟုတ်နိုင်ပါ။ သနပ်ဖတ်ဆေး ထိပ်တိုကို ထိပ်ဝကနေလက်ညှိုးနဲ့ဖိ ပြာခြွေလိုက်ရင်း သူမပြောနေတာကို စိတ်မဝင်စားသည့် အမူအရာတွေပြနေတာသာဖြစ်ဖို့ရှိရာ.. ।

"မိခင်တစ်ယောက်ရင်ထဲကို မိခင်မဟုတ်တဲ့သူက စာနာပေးဖို့ဆိုတာ မဖြစ်နိုင်မှန်း ကျွန်မသိပါတယ်..အပြစ်လည်းမတင်ပါဘူး၊ ဒါပေမယ့် ဒီခြံ နဲ့အိမ်ကို ဒါဒါသာပိုင်ဆိုင်ခွင့်ရှိကြောင်းတော့.."

"လုပ်လို့ရပါတယ်..ဒါပေမယ့် လူကြီးစုံရာရှိမှ ဖြစ်မှာလေဒေါ်အေး ရဲ့ ပြီးတော့ ကျွန်တော်ပြောချင်တာက ဒေါ်အေးသမီးက အတော့်ကိုစွာတာ နော်..ကိုဝင်းကိုလည်း ပထွေးဆိုတဲ့အမြင်ထက် ပိုပြီးရွဲ့စောင်းတိုက်ခိုက်နေ တာထင်တယ်၊ ဘယ်မှာဖြစ်ဖြစ် သူတို့မသင့်မြတ်ကြောင်းတွေပဲ ကြားနေ ရတာ..ဒေါ်အေးကိုတောင် ယောကျ်ားဘက်ကပါတယ်ဆိုတဲ့အမြင်နဲ့ မလေး စားပြောတာတွေ ကြားမကောင်းအောင်ထွက်လာတယ်ဆိုတာ.."

"အဲ့ဒီအိမ်တွင်းရေးကိစ္စတွေလည်း ကိုမင်းလွင်ကသိနေတာပဲလား.."

"ဟာဗျာ..ဒါကတော့ ခင်ဗျားတို့ရန်ဖြစ်တာ ဘယ်တုန်းကကြိတ်ဖြစ် ကြိတ်ပြီးတာရှိလို့လဲ.."

"ဒါပေမဲ့ ဒါဒါရဲ့အထင်တွေ အမြင်တွေအထိတော့ ပတ်ဝန်းကျင် က မသိကြပါဘူး.."

ဒေါ်သီတာအေး အံ့ဩပြီးမေးတာမျိုး မျက်နှာကိုစေ့စေ့ကြည့်ပြီး တည့် တည့်မေးတာဖြစ်ကာ ဦးမင်းလွင်မျက်နှာကြီးနီလျက် ဟိုဘက်လှည့်ဒီဘက် လှည့်ဖြစ်သွားသည်။ ဒေါ်သီတာအေးကလည်း အမိဖမ်းကာ.. ।

"အေးပေါ့လေ..ယောကျ်ားတွေလည်း ယောကျ်ားချင်းတွေကြရင် သူ့ကိစ္စကိုယ့်ကိစ္စတွေ ပြောဖြစ်ကြမှာပေါ့..ကိုမင်းလွင်နဲ့ဝင်းမောင်ရင်းနှီးကြတာကို၊ သူ့ဆီကခံစားချက် သူ့အတွေးတွေရှိနေတာ မဆန်းပါဘူး..ဒါပေမဲ့ ကျွန်မဂရုမစိုက်ဘူးကိုမင်းလွင်၊ ကျွန်မသမီး ခိုကပ်စရာမကျန်ခဲ့မယ့်အဖြစ်ကိုတော့ ကာကွယ်ရမှာပဲ.."

"ကျွန်တော်ပြောတာကလည်း ကိုဝင်းကြောင့်မဟုတ်ဘူးဒေါ်အေး— သူ့ကိုလွှဲပေးပြီးပြီဆိုတာနဲ့ ခင်ဗျားအတွက်ပါ အန္တရာယ်ရှိနေတာထည့်တွေးဦး.."

"ဒါဒါက သူ့အမေကိုပါ အိမ်ပေါ်ကနှင်ချပစ်မယ်လို့ ပြောလိုက်တာလား..ဟုတ်ချင်လည်း ဟုတ်မှာပါ၊ ဒါပေမဲ့ ဒါကိုသူသိမှဖြစ်မှာပေါ့..ကျွန်မအနေနဲ့ကတော့ ကျွန်မနေသာသလို နေလာခဲ့တဲ့အပိုင်း ရပ်တန်းကရပ်သင့်ပြီဆိုတာရယ် မိခင်တစ်ယောက်အနေနဲ့ ဝတ္တရားကျေရတော့မယ်ဆိုတာရယ် အဲ့ဒါပဲခေါင်းထဲရောက်နေတယ်.."

မျက်လုံးမျက်ဖန်ကောင်းကောင်း မျက်နှာပြည့်ပြည့် အသားဖြူဖြူနှင့် ဒေါ်သီတာအေးဆိုသော အမျိုးသမီးကြီးက မာနလည်းကြီးသည်။ ကလေးစကားပြောရလျှင် စွာလည်းစွာခဲ့သည့်ပြင် 'ငါ့စကားနွားရ'ပြောတတ်တာလည်း ရပ်ကွက်ထဲမှာ နာမည်ကျော်။ ဒေါ်သီတာအေး၏ ခပ်ချောင်ချောင်ညစ်ထပ်ထပ်ဖြစ်နေသော ပြောင်းလဲနေသည့်မျက်နှာကို ဦးမင်းလွင်ကအကဲခတ်နေပြီး သက်ပြင်းခိုးချသည်။

စိတ်ထဲမှာ ဒေါ်သီတာအေးပြောင်းလဲသွားသည့်အဖြစ်ကို အံ့လည်းအံ့သြသည်။ သူမရဲ့ကျန်းမာရေး တကယ်ပဲစိုးရိမ်ဖွယ်ရှိနေခဲ့တာ ဖြစ်နိုင်ရဲ့လားဆိုတာကိုလည်း တွေးနေမိသည်။ ထိုအခါ ဒေါ်သီတာအေးရုပ်ဆင်းအင်္ဂါပြောင်းလဲသွားသည့်အဖြစ်ကတော့ အမှန်ပဲဆိုတာ တွေးမိလာခဲ့သည်။ သို့သော်.. ၊

"ဟုတ်ပါပြီ..လူကြီးတွေစုံအောင် ကျွန်တော်စုပေးပါ့မယ်၊ ပြီးရင် ဒေါ်အေးကိုအကြောင်းကြားခိုင်းလိုက်ပါ့မယ်..ဒါဆို အဆင်ပြေတယ်မို့လား—"

ပြန်ပါတော့လို့ နှင်သည့်လေသံနှင့်မျက်နှာကို ဒေါ်သီတာအေးနားလည်သည်။ ပြန်လာခဲ့ရပေမယ့် ဦးမင်းလွင်ကိုသိပ်တော့မယုံကြည်ပါ။ ရ



ကြီးအိမ်ကနေ ကိုယ့်အိမ်ရောက်အောင် ပြန်လာခဲ့ရတာတောင် ရင်ထဲမှာကျပ်လာသဖြင့် သူများအိမ်ရှေ့က သစ်ပင်ရိပ်မှာ ခဏဝင်ရပ်ရင်း နားနေလိုက်ရသည်။ ထိုစဉ် မင်းမင်းပြေးလာတာ မြင်လိုက်ရပြီး.. ၊

"ဘွားဘွားကြီး..ဘယ်ကပြန်လာတာလဲ၊ သမီးကိုတွဲလေ.."

"လမ်းထိပ်ကပါအေ..ညည်းကကျူရှင်မသွားဘူးလား.."

"ဒီနေ့ပိတ်တယ်လေဘွားဘွားကြီးကလည်း..မေမေက ကျူရှင်ပိတ်ရင် ဘွားဘွားကြီးလည်း အိမ်မှာမရှိရင် တီတီလာတို့အိမ်မှာ သွားနေရမယ်တဲ့၊ အဲ့ဒါကြောင့် လွယ်အိတ်ဝင်ထားပြီး တီတီလာတို့အိမ်မှာ သွားနေတာ—ဒါပေမဲ့ တီတီလာတို့အိမ်မှာ သမီးပျင်းတယ်.."

တီတီလာဆိုတာ ဒေါ်သီတာအေးရဲ့တူမအပျိုကြီးတွေမို့ မင်းမင်းနဲ့ဆိုတူဝရီးတော်ကြသည်။ သူမတို့က လူချမ်းသာတွေလည်းမဟုတ် ဆင်းရဲကျပ်တည်းတယ်ဆိုတာလည်း မဖြစ်ကြဘဲ ဆွေမျိုးသားချင်းတွေအပေါ် ချေးငှားထောက်ပံ့တာမျိုးလည်း မရှိခဲ့ကြသော အေးစက်စက်ခပ်ကင်းကင်းနေတတ်သူတွေဖြစ်သည်။ သူမတို့က နောက်လမ်းထဲမှာ နေကြတာဖြစ်ကာ အိမ်ချင်းဝေးသလို ဆွေမျိုးအရင်းတွေမို့ သမီးဖြစ်သူကို ထိုအိမ်မှာတော့ ဒါဒါကစိတ်ချခဲ့သည်။ စိတ်ချလို့လည်းရပါသည်။ ဒါပေမဲ့ သူမလုပ်ပုံကြောင့် ဦးဝင်းမောင်၏ဂုဏ်သိက္ခာကို ထိခိုက်စေသည့်ပြင် နဂိုကမကောင်းသည့်လူကို စိတ်ရိုင်းဝင်အောင် နှိုးဆွပေးသလိုဖြစ်နေတာက စိတ်ဆင်းရဲဖွယ်ပင်..။

ဘယ်သူကောင်းတာဆိုးတာ ပတ်ဝန်းကျင်ကိုတင်ပြပြီး ရှောင်ရှားတာထက် ကိုယ့်အသိစိတ်နဲ့ခွဲခြားပြီး ရှောင်တိမ်းတာက ပိုမကောင်းဘူးလား..။ ခုတော့ သမီးဖြစ်သူက ပထွေးကိုရှောင်သည်။ မိခင်ကတော့ သမီးမျက်နှာကို မငဲ့ဘဲ အိမ်ထောင်သစ်ထူသည့်အဖြစ်မျိုး။ ဒါတွေကြောင့် ဒေါ်သီတာအေးနဲ့ဒါဒါ တခြိမ်းခြိမ်းဖြစ်နေရသည်။ ဒါကြောင့် ဖြစ်ရတာကိုက အကျည်းတန်နေခဲ့သည်။ 'ခွေးကိုရိုက်ချင် ခွေးရှင်မျက်နှာကြည့်' ရတယ်ဆိုတာကို ဒါဒါကလည်းဂရုမစိုက်။ ဒေါ်သီတာအေးကလည်း နည်းနည်းလေးဖြစ်ဖြစ် ငဲ့စေချင်သည်။

ရင်ကြားစေ့လို့မရသော သားအမိကြားက နားလည်မှုတို့သည် ရေမလောင်းပေါင်းမသင်ရဘဲ ရှုပ်ရှုပ်ထွေးထွေးရှင်သန်နေကြသည့် အလေ့ကျပင်

တွေကဲ့သို့။ ဟိုတုန်းကနေ ခုချိန်ထိ ထွားကျိုင်းသန်မာနေဆဲ.. ။

"ဘွားဘွားကြီး..ညနေဘုရားသွားမှာလား၊ သမီးကိုခေါ်နော်.."

"အေး..ညည်းအမေက ခွင့်ပြုရင် လိုက်ခဲ့ပေါ့အေ.."

အားနည်းသည့်လေသံသည် စကားဆုံးအောင်တောင် အသံမထွက်နိုင်တဲ့အထိ။ အတူတူနေကြပြီး ဒီလိုမျိုး အယုံအကြည့်မဲ့တာတွေ ပတ်ဝန်းကျင်သိအောင် ပြနေမယ့်အစား မမြင်ကွယ်ရာမှာနေလိုက်ပါလား..။ ဒီလိုစကားတွေနှုတ်ကဖွင့်ပြောခဲ့တော့ သူမကလင်ကိုဖက်တွယ်ပြီး သမီးကိုကန်ထုတ်တဲ့အမေဖြစ်ခဲ့ရသည်။ ဘယ်လိုအမေဖြစ်သွားသွား ဟိုအရင်ကတော့ ပြောချင်လာရင် လွှတ်ခနဲပါပဲ။ အနာခံရှိထားသည့် ဒါဒါကလည်း ဆားပက်မခံခဲ့သည့်အခါ သားအမိခွန်းတုံ့ပြိုင် ရန်ဖြစ်ကြသည်။ ထို့ကြောင့် ဒါဒါသည် မိဘကိုလူမထင် ရိုင်းစိုင်းသော ခုလိုမျိုး မိဘကနေမကောင်းလို့ခေါ်ပါမှ ခဏတဖြုတ်ရောက်လာခဲ့သော.. ။

"ဘွားဘွားကြီး မေမေကမပြန်သေးဘူးမို့လားဟင်.."

"ဘယ်လို.."

"သမီးကိုဖေဖေကလည်း အိမ်ပေးထားတာကို မပြန်ချင်ပါဘူး..နောက်ပြီး မေမေအခုသူဌေးခဏဖြစ်နေတာမို့လား၊ ပိုက်ဆံတွေအများကြီးရမှာမို့လားဟင်.."

"မသိပါဘူးမင်းမင်းရယ်..ဘွားဘွားနေမကောင်းဘူး၊ စကားမများနဲ့."

"ဘွားဘွားကြီး နေမကောင်းရင် ဘဘကိုခေါ်ပေးမယ်လေ..ဘဘဘယ်သွားတာလဲ၊ သမီးကိုပြောပြ.."

"အမလေး..မလုပ်စမ်းပါနဲ့၊ ညည်းကိုကျုပ် ဦးသုံးကြိမ်ချပါမယ်.."

ပြောသင့်တာမပြောသင့်တာထား။ ဘဘကိုရှာမယ်ဆိုသည့်စကားကြောင့် အထိတ်တလန့်ဖြစ်သွားသည့် ကိုယ့်ကိုယ်ကို သနားမိသေးသည်။ သားသမီးမို့ မမုန်းရက်နိုင်သော်ငြား.. ။

☎



## အခန်း(၂၂)

"မင်းကိုမုန်းလို့မဟုတ်ဘူး..မုန်းစရာအကြောင်းလည်း မရှိဘူး၊ မသင့်တော်လို့ပြောနေတာ.."

"မသင့်တော်ဘူးဆိုတာကရော ဘာလဲ..ဦးနဲ့ဇေရီက ဘာတွေဖြစ်နေကြလို့လဲ..ဟိုတုန်းကလည်း ဘာမှမဖြစ်ခဲ့ဘဲ လူသိရှင်ကြားအပြောခံခဲ့ရတယ်၊ အခုလည်း ကိုယ့်ယောက္ခမမိဘအနေနဲ့ ဆက်ဆံတာကို ဆင်ခြင်ရဦးမယ်..အဲ့ဒါလုံးဝမတရားဘူး၊ ဇေရီ့မှာ ဦးတစ်ယောက်ပဲနားလည်ပေးမယ့်သူရှိတာ..ဇေရီ တစ်ခုခုခံစားလာရရင် နားလည်ပေးမယ့်ဦးကိုပဲ သတိရမိတာ၊ အဲ့ဒါဇေရီ့မှာအပြစ်ရှိသွားသလား.."

ဦးကိုကို သက်ပြင်းရှည်ကြီးချလိုက်ပြီး မျက်ဝန်းတို့သည် မျက်နှာကျက်မှာ စူးစိုက်သွားခဲ့သည်။ ဟိုအရင်ကလည်း ဒီမိန်းကလေးကို သူမြင်ချင်း သနားခဲ့သည်။ ညာတာခဲ့သည်။ သားသမီးရှေ့ရေးကို ဂရုမစိုက်တတ်သည့်မိဘတွေလက်ထဲမှာ မိန်းကလေးတစ်ယောက်လိုချင်လောဘတွေနဲ့ မှားယွင်းသောလမ်းကြောင်းပေါ်ရောက်သွားမှာ စိုးရိမ်ခဲ့သည်။ သနားညာတာမိခြင်းကနေ တဖြည်းဖြည်းနီးစပ်ရင်းနှီးခဲ့သည့်နောက်မှာ သူ့စိတ်တွေ

သန့်စင်ခဲ့သလား ပြောင်းလဲခဲ့သလား မသေချာခဲ့သည့်တိုင် ရလိုမှုနဲ့ဘာ တစ်ခုမှ မကြိုးစားခဲ့ဘူးတာလည်း အမှန်ပါ.. ။

သူ့ရဲ့မွေးနေ့ည။ ထိုညကပါတီမှာ သူမလေးကလည်း လက်ဆောင်ဘူးလေးကိုင်ပြီး ရောက်လာခဲ့သည်။ ကိုယ့်ဘေးမှာပဲထိုင်သည်။ ဖန်ခွက်တွေမြှောက်ပြီး ချီးယားစ်လုပ်ကြတဲ့ထဲမှာ သူမရဲ့ဖန်ခွက်လေးနဲ့ သေချာထိကပ်ရင်း ပခုံးချင်းပါတိုက်မိကြတာလည်း သူသတိထားမိခဲ့သည်။ ပြီးတော့ နှစ်ယောက်စလုံးပြုံးလဲ့ခဲ့ကြသည်။ မိတ်ဆွေတွေက ပြန်နိုင်တဲ့သူတွေ ပြန်ကုန်ကြကာ မပြန်နိုင်တဲ့သူတွေလည်း ဟိုတယ်လ်မှာပဲအခန်းယူပြီး နားကြသည်။ ကိုယ်တိုင်စီစဉ်ပေးထားခဲ့သည့် ဟိုတယ်လ်ကအိပ်ခန်းတွေထဲမှာ သူနဲ့ဧကရီ တစ်ခန်းယူခဲ့မိတာ သူမသိခဲ့ပေ.. ။

တရားလွန်မူးနေခဲ့သည်။ အဲ့လောက်သောက်ခဲ့မိတာ ကိုယ့်ကိုယ်ကို အံ့ဩပေမယ့် အိပ်ခန်းထဲဘယ်လိုရောက်သွားခဲ့သလဲဆိုတာ မသိတဲ့အထိ ဖြစ်ရခြင်းကို မယုံနိုင်တာက ပိုနေခဲ့သည်။ ထို့ပြင် နနယ်ငယ်ရွယ်သော ဧကရီဆိုသည့်မိန်းကလေးက သူ့ရင်ခွင်ထဲမှာ လူးလူးလွန့်လွန့်.. ။

"ဟင်..ဘေဘီလေး.."

"ဦး.."

သူကျုံးထတော့ ဧကရီကသူ့အင်္ကျီရင်ဘက်ကို လက်လေးနှစ်ဖက်နဲ့ ဆုပ်ဆွဲထားပြီး မျက်နှာလေးမော့ထားခဲ့ရင်း.. ။

"အရမ်းစိတ်ညစ်နေလို့ ဧကရီ့ကိုနည်းနည်းလောက် ကြင်နာပေးပါ.. ဧကရီဦးကိုချစ်တယ်.."

မူးနေတာတွေ လန့်ပြေးကုန်သည်။ သူ့ရဲ့အပေါ်ထပ်ကုတ်အင်္ကျီကို ဧကရီကဆွဲချွတ်ပစ်သည်။ မပြေသည့်အမူးနှင့် အချစ်မူးကြားမှာ အထိအတွေ့က ဆွဲဆောင်နေသည်။ ထို့ကြောင့် သူမလေးရဲ့နူးညံ့နွေးထွေးသည့်ထိတွေ့မှုအတိုင်း သူစီးမျောဖို့ပြင်ဆင်ခဲ့သည်။ ထိုစဉ် တံခါးခေါက်သံတွေ ပြီးတော့ ဝင်လာကြသည့်လူတွေ။ အတိတ်ကညတစ်ညကို တွေးမိလိုက်တိုင်း သူ့ရင်တွေခုန်လာမြဲဖြစ်ကာ အထိအတွေ့ကို တမ်းတသာယာမိသည့် ရင်ခုန်သံတော့ မဟုတ်ပေ။ ဝင်လာကြသည့် တအံ့တသြမျက်နှာတွေ ကိုယ့်အစ်မမေစိုးဦးရဲ့ မယုံနိုင်သောမျက်လုံးဝိုင်းကြီးတွေ။ ထိုမျက်လုံးတွေအောက်



မှာ သူ့သိက္ခာ သူ့ရဲ့အရှက်တရားတို့ ကျိုးကြေမွခဲ့၏။

"ကျွန်တော်ပဲမှားတာပါ..ဘေဘီ့မှာအပြစ်မရှိပါဘူး.."

"မဟုတ်ဘူး..ဒါလုပ်ကြံထားတာ၊ သူ့မိဘတွေသိတယ်..အားလုံးအစီအစဉ်တကျလုပ်ကြံခဲ့တာ.."

"နောက်ထပ် သူများသိက္ခာထိခိုက်မယ့် စကားတွေမပြောပါနဲ့မမရာ.. ဒီအဖြစ်ကြောင့် မိန်းကလေးတစ်ယောက်ဘဝပျက်သွားနိုင်တယ်.."

"အောင်မယ်လေး..ပျက်ပြီးသားကို ပျက်မှာကြောက်နေလိုက်တာ၊ ဒီကိစ္စ ငါရှင်းပါ့မယ်ကိုကိုရယ်..နင့်မှာမိန်းမရှိတယ် သားလည်းရှိတယ်၊ သူတို့ဘဝပျက်မှာတော့ နင်မကြောက်ဘူးလားဟင်.."

"မမရှင်းလို့မရဘူး..သူ့ကိုကျွန်တော်လက်ထပ်မှ.."

"ဘာ.."

ဒေါ်မေစိုးဦး အပြောမခံခဲ့ပေ.. ။

"မင်းမို့စဉ်းစားတယ်..မိန်းမနှစ်ယောက်စလုံးကို လက်ထပ်လို့မရဘူး ဆိုတော့ မင်းကလွင့်ကိုကွာရှင်းမယ်ပေါ့၊ မင်းချစ်ချစ်မချစ်ချစ် ကြင်နာတာ မကြင်နာတာ မငြိုငြင်ခဲ့ဘဲ သည်းခံခဲ့တဲ့ဂုဏ်သိက္ခာရှိတဲ့မိန်းမကို ဟုတ်လား ..ငါလုံးဝလက်မခံဘူး၊ ဒီလိုရှက်စရာကောင်းတဲ့အဖြစ် မင်းလုံးဝမဖြစ်ရဘူး.."

"ဧကရီ့ကို ကျွန်တော်လက်ထပ်မယ်.."

လက်ထပ်မယူခဲ့လျှင် ဘဝတစ်ခုလုံး သို့မဟုတ် မိသားစုဘဝတွေ ဥမ်းထိုးမှောက်ခုံ လွင့်ပျံပြောင်းလဲရတော့မည့်အခြေအနေမှာ သားကိုကိုက ရဲဝံ့စွာ ဆုံးဖြတ်ခဲ့သည်။

"ကျွန်တော်တို့မှားခဲ့ကြတာဆိုရင် ကြားမကောင်းတာဘာမှမဖြစ်တော့ ဘူးပေါ့..ဧကရီ့ကိုပြောပြီးပြီ၊ သူကျွန်တော့်ကိုလက်ခံတယ်.."

ဦးကိုကို မျက်လုံးတွေမှိတ်ပစ်လိုက်မိသည်။ သားရဲ့ဒီစကားအကြားမှာ သူမှားသွားပြီဆိုသည့်အဖြစ်ကို နင့်သီးစွာခံစားခဲ့မိသည်။ သူ့မှာသား လူပျိုရှိသည်။ သူ့ကြောင့် သားရဲ့ဘဝနစ်မွန်းခဲ့၏။ ဧကရီသည် ကိုယ့်အတွက် နမ်းရှိုက်ပန်ဆင်ထိုက်သော ပန်းတစ်ပွင့်ဖြစ်ခဲ့ရင်တောင် သားအတွက် တော့ မထိုက်တန်ရာ.. ။

သူ့ကြောင့် အနစ်နာခံခဲ့သည့်သားအတွက် သူမတောင်းပန်ရဲခဲ့ပါ။

မဖြစ်သင့်ပေမယ့် ကြည့်နေခဲ့ရသည်။ မချစ်မနှစ်သက်သော အိမ်ထောင်ရေးနွံမှာ ယောက်ျားတချို့၏ နှစ်သက်ရာမှီတွယ်လိုသောစိတ်ကြောင့် အမှားတွေရှိလာခဲ့သည်။ သူ့ဤသို့မှားခဲ့သည်ဆိုလျှင် သားကိုကိုလည်းမှားဦးမှာပါ။ ကေရီ့ကိုမချစ်မနှစ်သက်ဘဲ လက်ထပ်ယူခဲ့သည့်နောက် သားပျော်နိုင်ပါ့မလား..။ ကိုယ်တကယ်ကြင်နာချင်တဲ့သူ တွေ့လာတဲ့အခါ သူ့လိုပဲအမှားတွေထပ်ပြီး ကျူးလွန်မိဦးမလား.. ။

"ဦး.."

တိတ်ဆိတ်ခြင်းကို ကေရီကခေါ်သံက ဖြိုခွင်းသွားခဲ့လျက်.. ။

"ကေရီမေးတာကိုဖြေပါဦး..အခု ဦးကကေရီ့ယောက္ခမ၊ ကိုကို့အဖေမို့ ကိုယ့်အဖေလို.."

"နေဦး.."

ဦးကိုကို မျက်လုံးမဖွင့်ဘဲ လက်ကာတားဆီးလိုက်မိကာ.. ။

"ဘယ်လိုမှမသင့်တော်တာကို သင့်တော်ပါတယ်လို့ ဆွဲယူမနေနဲ့တော့ဘေဘီ..စကားလုံးတွေကို လှအောင်ပြောလို့ရတယ်၊ ဖြစ်ပြီးခဲ့တာတွေကို လွယ်လွယ်ပြင်ဖို့ဖျက်ဖို့ မလွယ်ဘူး.."

လှဲနေရာကနေ ခပ်ဖြည်းဖြည်းထထိုင်လိုက်ပြီး မျက်နှာသည်ခပ်လွှဲလွှဲနေခဲ့လျက်.. ။

"ကိုကိုနဲ့မင်းလက်ထပ်ဖြစ်ခဲ့တာက မင်းနဲ့ငါပတ်သက်ခဲ့ဖူးတဲ့ အကြောင်းရင်းပဲ..ဒါကြောင့် အတိတ်ဆိုတာ ငါ့အတွက်ဘယ်လိုမှ အမေ့တလျော့ဖြစ်သွားစေမယ့် အရာမဟုတ်ဘူး၊ ဒါကိုမင်းလည်းမေ့လို့မရဘူး-နောက်ထပ် မင်းအကူအညီလိုတိုင်း သတိရတာက ငါမဖြစ်စေနဲ့၊ မသင့်တော်လို့ပြောနေတာ.."

"ကိုကိုကမှ နားလည်မပေးတာ..ခုလည်း ကေရီအရက်သောက်တဲ့အပြစ်လေးကို ပုံကြီးချဲ့ပြီး.."

အနားလည်းအကပ်မခံ။ စကားလည်းမပြော။ ပြီးတော့ လုပ်ငန်းကိစ္စတွေမေးပြီး လူကိုဘာမှအသုံးမကျသလို ပြောဆိုမာန်မဲနေတာတွေ။ အဲ့လိုတွေလုပ်နေတာ အိမ်ထောင်ဦးစီးယောက်ျားတဲ့လား..။ ကိုကို့ကြောင့် သူမဘယ်တုန်းကများ သာယာကြည်နူးမှုရခဲ့ဖူးလို့လဲ..။ ကိုယ့်ဘက်ကသိက္ခာ



မဲ့အောင် ဖြားယောင်းနိုင်ခဲ့လို့ တစ်ခါတလေပတ်သက်ထိစပ်ခဲ့သည်။ ဒါတောင် သူ့မှာနောင်တတွေအထပ်ထပ်နှင့်.. ။

"မင်းက သားသမီးလိုချင်နေတာလား..ငါကတော့ မင်းနဲ့မှားခဲ့မိတာဘဝနဲ့ချီတဲ့နောင်တပဲ၊ နောက်ထပ် ဒါမျိုးဘယ်တော့မှ မဖြစ်စေရဘူး.."လို့ပြတ်သားစွာ ဆိုခဲ့တဲ့လူ.. ။

"ဦးတို့သားအဖကြားမှာ ကေရီဘဝပျက်ခဲ့တာကျတော့ သနားမယ့်သူမရှိပါလား.."

နောက်ထပ်ပြောမိသည့်စကားသည် ပြန်ပေါ်လာခဲ့သည့် နာကျင်မှုတို့ဖြင့် ငိုသံလေးစွက်နေခဲ့ပြီး.. ။

"တကယ်တမ်းက ဦးကိုပဲကေရီအားကိုးခဲ့တာ.."

ဦးကိုကိုကိုယ်ကြီး တောင့်ခနဲဖြစ်သွားသည်။ ဒီထဲကရုန်းထွက်ချင်ပါမှ ဒါကိုပြန်စလာသဖြင့် စကားသံတို့သည် နားထဲမှာရေပူစီးကြောင်းတစ်ခုလို ဝင်၏။

"ဦးကိုငဲ့ပြီး ကိုကို့ကိုလက်ထပ်ခဲ့တာ.."

"ကြားလို့မကောင်းတော့ဘူးကေရီ..မင်းစကားတွေတော်လိုက်တော့.."

စကားသံသည် အပြင်ကနေပျံ့လွင့်လာတာဖြစ်ကာ စကားသံဆုံးမှ လူကအထဲရောက်လာသည်။ ဒေါ်မေစိုးဦးမျက်နှာက တင်းမာခြင်းထက်ပို၍ အေးစက်နေကာ.. ။

"ဟိုအိမ်မှာတော့ ငါဝင်ပြောမိရင် လင်မယားကြားမပါပါနဲ့လို့ အပြောခံရတယ်..ခုတော့ မပြောသင့်တာတွေ ပြောနေတာကမင်း၊ ဘယ်လိုနားနဲ့မှ မဝင်ဆံ့တဲ့စကားတွေ မင်းမို့ပြောလို့ထွက်တယ်ကေရီ..ယောက်ျားနှစ်ယောက်ကြားမှာ ကြိုက်တာရွေးခဲ့တာ မင်းပဲမဟုတ်ဘူးလား.."

"မဟုတ်ဘူး.."

ကေရီက ဆတ်ခနဲထရပ်လိုက်ပြီး လက်သီးလေးနှစ်ဖက်ဆုပ်၍.. ။

"ကေရီရွေးချယ်ခဲ့တာမဟုတ်ဘူး..စီမံခံခဲ့ရတာ.."

"ဩော်..ဒါဖြင့် ဦးကိုငဲ့ညှာခဲ့တာပါလို့ အခုဘယ်သူပြောနေတာလဲ.."

ဒေါ်မေစိုးဦးက တံခါးပိတ်ပြီးမှ ပြန်လှည့်ဝင်လာကာ.. ။

"ငဲ့ညှာချင်ခဲ့တာလည်း မင်းပဲ..လိုက်လျောလွန်းခဲ့တာလည်း မင်းပဲ၊

ခုမှ ဘယ့်နှယ်ကြောင့် ဟိုလူ့ကြောင့် ဒီလူ့ကြောင့် ကူကယ်ရာရှာနေတာလဲ ယုတ်မာတဲ့ယောကျ်ားဆိုးတွေကြောင့် မိန်းကလေးတွေနစ်နာရတာရှိသလို မကောင်းတဲ့မိန်းမတွေကြောင့် ယောကျ်ားတွေနစ်နာရတာလည်း ရှိတယ် နော်၊ ဘယ်အရာတွေမှ တစ်ဖက်တည်းကြည့်လို့မရဘူး..ဦးကိုကိုနဲ့သားကိုကို ဆိုတဲ့ယောကျ်ားနှစ်ယောက်ကို မင်းကလာပတ်သက်ခဲ့တာ.."

"ကြီးကြီးမေမိန်းမတစ်ယောက်ဖြစ်ပြီး မစာမနာမပြောပါနဲ့.."

"မစာနာတာမဟုတ်ဘူး..နှစ်ဖက်မျှပြီးပြောနေတာ၊ မိန်းမတိုင်း အားနွဲ့နေကြတာမဟုတ်ဘူး..ယောကျ်ားတိုင်းပဲ အေးစက်မာကြောနေကြတာ မဟုတ်ဘူး၊ ခဲကခဲလိုမနေရဘဲ မီးနဲ့တွေ့ရင်တော့ ပျော်သွားမှာပဲ..ငါတို့တွေ က ကိုယ့်ရဲ့ဂုဏ်သိက္ခာကိုရော မင်းဘက်ကိုရော အများကြီးတွက်ခဲ့တာပါ၊ အဲ့ဒါ မင်းဘာလို့မပြီးနိုင်ရတာလဲ..အခု ကိုကို့အိပ်ခန်းထဲထိ မင်းရောက်မနေ သင့်ဘူးဆိုတာရော ဘာဖြစ်လို့နားမလည်နိုင်တာလဲ.."

"မိဘနေမကောင်းရင်ရော သားသမီးတွေ သတင်းမမေးကြဘူးလား ဇကရီ့ကျမှ နေရာတကာမသင့်တော်ဖြစ်နေရတာ ဘာဖြစ်လို့လဲ.."

"မင်းနဲ့ပါပါလာတဲ့ စကားတွေကြောင့်လေ..အခု မင်းဘာတွေထိုင် ပြောနေသလဲ ကိုယ့်ဘာသာပြန်တွေး.."

"ကိုယ့်အိမ်ထောင်ရေးအဆင်မပြေတာရော တိုင်ခွင့်မရှိလို့လား ပြော ပါဦး.."

ဒေါ်မေစိုးဦး စိတ်မရှည်ဖြစ်လာခြင်းက တက်ခေါက်မိမတတ်.. ။

"ကိုယ့်ကိုချစ်ကြင်နာမယ့်သူကို ဇကရီစွန့်လွှတ်ပေးခဲ့တယ်..ငရဲပန်း ကျမှ ရွေပန်းထင်ပြီး ခေါင်းမှာပန်ခဲ့မိတယ်.."

"အဲ့ဒီလိုဆုံးဖြတ်ဖို့အတွက် မင်းကိုယ်မင်းတိုင်ပင်ခဲ့တာပဲ..ကိုကို့ကို စွန့်လွှတ်တာတွေ သားကိုကိုကိုလက်ထပ်တာတွေအားလုံးက မင်းရဲ့လော ဘတွေချည်းပဲ..မင်းသားကိုကိုကို လက်ထပ်ခဲ့တဲ့အတွက် တို့ဘက်မှာအသာ ရသွားပြီလို့များ ထင်နေသေးတာလားဇကရီ၊ ငါ့သားလေးကို မင်းလက်ထဲ ထည့်လိုက်တာ ဘီလူးစားခံရဖို့ ပေးလိုက်ရသလိုပဲ..မင်းနားလည်ရဲ့လား.."

"အို..လာမပြောနဲ့ မသိဘူး.."

"ဂျီး..ဒုတ်.."



"အား.."

"မမ.."

အသံတွေဆူညံသွားသည်။ ခုနထိုင်ခဲ့သည့် ခွေးခြေခုံလေးကို ဇကရီ က ကန်ထုတ်ပစ်လိုက်၏။ ဒေါ်မေစိုးဦးခြေထောက်တွေကို ခုံကပြေးရိုက်သ လိုဖြစ်သွားခဲ့ပြီး တစ်ကိုယ်လုံးယိုင်လဲသွားခဲ့လျှင် ဦးကိုကိုစိုးရိမ်တကြီးခေါ် ရင်း ထရပ်လေသည်။ သို့သော် ခဏပဲဖြစ်ကာ ဒရင်းဘက်ခ်ပေါ်သို့ ထိုင် လျက်ပြန်ကျ၏။ ဇကရီက နည်းနည်းမှပျာယာခတ်မသွားခဲ့ဘဲ.. ။

"ဇကရီ ကိုကို့ရင်သွေးကိုလိုချင်တယ်..ရှင်တို့ပါ ဇကရီ့ကိုမတူတန် သလို ဆက်ဆံနေကြလို့ ကိုကိုကမကြင်နာတာ၊ ခုကစပြီး ရှင်တို့တွေကို ဇကရီတိုက်ခိုက်ပြမယ်ကြည့်နေ..ဂုဏ်သိက္ခာရော အနာဂတ်ရော ဘာအ တွက်မှဂရုမစိုက်ဘူး၊ အကုန်လုံးကို အတုံးလိုက်အတစ်လိုက် မြောင်းထဲမျှော ပစ်မယ်..လူယုတ်မာတွေ.."

ဇကရီထင်သလို ပြောဆိုပြီး လှည့်ထွက်လာခဲ့သည်။ ပြီးတော့ ကား ကိုဦးတည်ရာမဲ့ မောင်းနေခဲ့၏။ သူမ ဦးကိုလည်းချစ်သည်။ ကိုကို့ကိုလည်း သဘောကျသည်။ ဒါပေမယ့် ဦးကိုလည်းစွန့်လွှတ်ခဲ့ရကာ ကိုကို့အချစ်ကို လည်း မရ။ ဒါ့အပြင် စည်းစိမ်ဥစ္စာတောင်မှ မသထာချင်တော့အောင် သူမ ဘာမှားလို့လဲ..။ အိမ်ထောင်ရေးခိုင်မြဲချင်လို့ ကိုကို့ကိုကလေးယူဖို့ပြောခဲ့ ပေမယ့် မိသားစုဘဝမလိုအပ်ဘူးလို့ ကိုကိုတုံ့ပြန်ခဲ့သည်။ ဒါကြောင့် သူမ လည်းစိတ်ပျော်သလို လွတ်လွတ်လပ်လပ်နေခဲ့သည်။ နေတော့လည်း အ ပြောအဆိုခံခဲ့ရတာ မိန်းမပျက်သာသာ.. ။

ဘဝရဲ့တကယ့်သာယာမှုဟာ ငွေတစ်ခုတည်းမဟုတ်မှန်း သိလာ သည့်အချိန်က သူမအတွက်အရာရာဆုံးရှုံးပြီးသားဖြစ်နေခဲ့သည်။ ဘာဖြစ် လို့လဲ..ဘာကြောင့်လဲ.. ။

"ဂျိမ်း.."

လမ်းဘေးမှာ ထိုးရပ်ပြီး တံခါးဖွင့်ဆင်းလိုက်သည်။ ဘာအတွက်ရပ် မိမှန်းမသိ။ ဘာကြောင့် ဆင်းမိမှန်းမသိ။ ပြီးတော့ ကားဘေးမှာထိကပ်ရပ် နေရင်း အံကြိတ်ထားမိသည်။ ကိုကိုကမချစ် တွယ်တာစရာကလေးလည်း မရှိသော ဒီအိမ်ထောင်ရေးဘယ်လောက်ထိ ခိုင်မြဲမှာလဲ..။ သူမအတွက်

အိမ်ထောင်ရှင်မအခွင့်အရေးဆိုတာရော ဘယ်တော့ကျမှရလာမှာလဲ..။ ဘာမှမရသည့်ပြင် ဒီအိမ်ထောင်ရေးပြိုကွဲသွားမည်ဆိုရင် သူမဘဝ ဘယ်လိုရှေ့ဆက်မလဲ.. ।

"ညည်းခွေးဖြစ်မှာပဲဇကရီ..မာမီတို့ကတော့ ပိုက်ဆံသုံးရမှ ပျော်နိုင်တာ အကျင့်ပါနေပြီ၊ မရှိရင် ရှိအောင်ရှာမယ်..ရှာလို့ရရင်သုံးမှာပဲ၊ အဲ့ဒီတော့ မာမီတို့အတွက် မပူရင်တောင် ညည်းကိုယ်ညည်းတာဝန်ယူမှ ရမယ်ဆိုတာတော့ နားလည်ထားမှဖြစ်မယ်..ပြောချင်တာက ဖိုးသူတော်လဲရင် တောင်ဝေးမထူနိုင်ဘူးဆိုတာပဲ.."

မာမီက စကားကုန်ပြောခဲ့ပြီးသား..။ ဘယ်လိုမှပြန်လည်ခေါင်းထူနိုင်ဖွယ်မရှိတော့သည့် မိဘရဲ့စီးပွားရေးအခြေအနေနဲ့ ကိုယ့်ဘဝရှေ့ရေးအတွက် ကိုကို့ကိုသူမဆုံးရှုံးလို့မဖြစ်။ ဒီအိမ်ထောင်ရေး ဘယ်လိုမှပြိုကွဲလို့မဖြစ်နိုင်ပါ။ သူမအတွက် အချစ်ကဆာလောင်မှုဆိုရင် ငွေသည်ရပ်တည်ရာခြေကုတ်ကျင်းဖြစ်လေသည်။ ကိုကို့ကိုပိုင်ထားရုံနဲ့ ဒါတွေအားလုံးကို သူမမရနိုင်ပေ။ ကိုကို့စိတ် ကိုကို့အတွက်အရာရာဟာ သူမဖြစ်နေမှသာ.. ।

"ကျွိ.."

"အမလေး.."

အတွေးတို့ဖြင့် ဖျတ်ခနဲလှည့်ထွက်လိုက်လျှင် နောက်ကဝင်လာသည့်ကားနှင့် ပွတ်ကပ်ထိမိသွားကာ.. ।

"ဟေး..ဘယ်လိုဖြစ်နေတာလဲ၊ သေချင်နေရင်လည်း အေးရာအေးကြောင်းသွားသေ.."

"ဇကရီ.."

အချိန်မီသေလုမျောပါး ဘရိတ်နင်းလိုက်ရသဖြင့် ဒရိုင်ဘာကမှန်ချပြီးအော်သည်။ နောက်ခန်းထဲကနေ မှန်ချပြီး ခေါင်းလေးတစ်လုံးထွက်လာကာ.. ।

"အဲ့ဒါ ကျွန်မသူငယ်ချင်းပါရှင်..တော်ပြီ ဒီမှာပဲဆင်းမယ်.."

တက္ကစီပေါ်က ဆင်းလိုက်ပြီးမှ ပိုက်ဆံလှမ်းပေးသည်။ ပြီးတော့ ဇကရီ့လက်ကိုဆွဲ၍.. ।

"ဘယ်လိုတွေသတိလက်လွတ်ဖြစ်နေတာလဲဇကရီရယ်..လမ်းမကြီးပေါ်မှာ ရပ်ထားပြီးတော့ ရှေ့မကြည့်နောက်မကြည့်.."



"နင်ကရော ဘယ်လိုဖြစ်လို့တက္ကစီနဲ့.."

နွေကရယ်သည်။ ပြီးတော့ ဇကရီ့လက်ကိုဆွဲ၍ ကားဟိုဘက်လမ်းဘေးရောက်အောင် အတူသွားပြီးမှ.. ।

"အိမ်မှာကားတွေမအားလို့လေ..ကိုယ့်ကိစ္စနဲ့ကိုယ် အရေးကြီးပြီးထွက်လာတာ၊ အခု နင့်ကိုတွေ့တော့ နင့်ကိစ္စကအရေးကြီးဖြစ်ပြန်ပြီ..ဒီမှာ ငါနင့်ကို သတင်းပေးစရာရှိတယ်၊ လုံးဝစပရိုက်စ်နော်.."

ပြောရင်းနဲ့ မျက်နှာတစ်ချက်တည်သွားသည်။ ပြီးမှ ဇကရီ့ကိုအကဲခတ်၍.. ।

"ဝမ်းသာရမယ့်စပရိုက်စ်တော့ မဟုတ်ဘူးဟ..နင့်ကိုကိုနဲ့စင်ဒရဲလားလေ.."

"ဘာ.."

ကိုကို့အသံကြားလိုက်တာနှင့် ဇကရီ့ကိုယ်လေး တုန်ခါသွားသည်။

"ဘာမှမဟုတ်ဘဲနဲ့ဟာ နင်ကလည်း..ဒီလိုရပ်ကွက်လေးထဲကို ခြေလျှင်လျှောက်သွားမှတော့ ဖြစ်ပြီပေါ့၊ ဒါပေမဲ့ နင့်ကိုကိုနဲ့တိုက်မိတာက အဲ့ဒီစင်ဒရဲလားမ ဖြစ်နေလို့သာ.."

ဒေါသက လက်သီးဆုပ်အံကြိတ်ထားလျက်နှင့် လူသတ်ချင်စိတ်ပေါက်အောင် တွန်းပို့နေသည်။ ကလေးမဆန်သင့်မှန်းသိပေမယ့် မသိတော့အောင် ပူလောင်သွားသည်။ ဘာဖြစ်လို့ ဒီမိန်းမနဲ့မှလဲ..။ ကိုကို့ရင်ခွင်ထဲတောင် လဲကျသွားတဲ့အထိ အဲ့ဒီအချိန် အဲ့ဒီရန်ပွဲက ဘယ်လိုတောင်ဆန်းကြယ်တာလဲ.. ।

"ဒါဒါဆိုတဲ့တစ်ယောက် သေချာသလားနွေ..သူ့ကိုဘာဖြစ်လို့ လူတိုင်းကသိနေတာလဲ.."

"ဇပရယ်လ်ကသူ့ကိုမသိပါဘူး..ကိုကိုနဲ့တိုက်မိတဲ့တစ်ယောက်ဆိုပြီး ငါ့ကိုပြတာ၊ ပြီးတော့.."

"နွေရယ်..နင်မမြင်လို့သိလား၊ မင်းသားနဲ့မင်းသမီးလိုပဲ..ကိုကို့ရင်ခွင်ထဲကို နောက်ပြန်လဲကျသွားတော့ ကိုကိုကပြန်ထိန်းထားတာလေ၊ နောက်ကနေခါးလေးကိုပွေ့ပြီး ကြည့်လို့လည်းကောင်းတယ်ဟဲ့..သိလား.."

စသဖြင့် ကျန်နေသေးသည့်စကားတို့ကိုတော့ မပြောသင့်သည့်ဝါကျတွေအဖြစ် မှင်နီသားလိုက်ရသည်။

"ပြောလေနွေ..ပြီးတော့ ဘာဖြစ်သေးတာလဲ၊ သူတို့ချင်းပြောဆိုပြေလည်သွားကြရောလား.."

"ဟော့အေး.."

ပြောပြခဲ့တာလည်း ဒီကဏ္ဍတော့မပါသည်မို့.. ၊

"ရှုတ်ရှုတ်သဲသဲနဲ့ရန်ပွဲက မပြီးတော့ မင်းသားနဲ့မင်းသမီး..အဲ.."

"မင်းသားနဲ့မင်းသမီး အိုခေမယ့်အထိ မပါပါဘူးဇကရီရယ်..ကိုကိုလည်း သူ့ဟာသူထွက်သွားတယ်၊ စင်ဒရဲလားလည်း ရန်ဆက်ဖြစ်လေရဲ့.."

ဇပရယ်လ်ပြောတာတွေ တွေးမိလိုက် ပြောလိုက်နဲ့မို့ စကားတွေလည်းမှားယွင်းကုန်လျက်.. ၊

"ကိုကိုလည်း သူ့ဟာသူဆက်ထွက်သွားတယ်တဲ့..သူတို့ကလည်း လုံးထွေးသတ်ပုတ်နေကြတာလေ၊ စင်ဒရဲလားက သိတောင်သိလိုက်ပုံမပေါ်ဘူးတဲ့..ပူမနေပါနဲ့ဟာ၊ ငါက သူတို့ကြုံဖန်တွေ့ကြတာကို အံ့ဩလို့ပါ.."

"စင်ဒရဲလားလို့ ခေါ်မနေစမ်းပါနဲ့ဟာ..ရွဲ့လိုက်တာ.."

လုံးထွေးသတ်ပုတ်ကြသည်ဆိုတော့မှ ဇကရီစိတ်သက်သာရာရသွားခဲ့သည်။ ဒီလိုအဆင့်အတန်း ဒီလောက်စုတ်ပြတ်အောက်တန်းကျတဲ့လူစားတွေကို ကိုကိုကစိတ်ကူးထဲတောင် ထည့်မှာမဟုတ်။ သို့သော် စိတ်ထဲမှာပေါ့ပါးသွားကာမှ နှစ်ရာတန်တစ်ရွက်ကြောင့် သေလုမျောပါးဖြစ်နေစဉ်ကားထဲကနေကြည့်ပြီး ကိုကိုပြုံးနေသည့်မျက်နှာက ဖျတ်ခနဲပေါ်လာ၏။

မဟုတ်ဘူး.. အဲ့ဒါလှောင်ရယ်နေတာ.. ၊

ခေါင်းခါပြီး အတွေးကိုတိုက်ဖျက်ပစ်လိုက်သည်။ ကိုကိုကစွာတာကိုမကြိုက်။ ရန်ဖြစ်တတ်တာကို အထင်သေးသည်။ သူမဒေါ်မေစိုးဦးကို ရန်ပြန်တွေ့တိုင်း အထင်မြင်သေးစွာရှုံ့ချတတ်တဲ့သူက လုံးထွေးသတ်ပုတ်နေတဲ့မိန်းမကို သာယာစရာလား.. ၊

"ငါက ဒါဒါနဲ့နင် ရှော့ခ်ရှိဖူးလို့ သတိထားမိခဲ့တာပါ..တကယ်တော့စိတ်ပူစရာမလိုပါဘူးဇကရီရယ်၊ နင့်အလှ နင့်အဆင့်အတန်းမှာ ဒါဒါဆိုတဲ့တစ်ယောက်က ခြေမှုန်သာသာပါ..ကိုကို့လိုလူက ဒီလိုအဆင့်ကို အပျော်သ



ဘောတောင် တွေးမှာမဟုတ်ဘူး.."

ဒါဟုတ်သည်။ ဒါပေမယ့် မဟုတ်ဘူးဖြစ်နေသည့်ရင်ထဲမှာ တစ်စုံတစ်ခုကျန်နေခဲ့သည်။

ဒါဒါဆိုတာ သူမအတွက် အမှိုက်တစ်စလား.. ၊

## အခန်း(၂၃)

အမှိုက်.. ။

ဖုန်းကိုင်လိုက်တည်းက လင်းမြတ်ဇော်မှန်းသိလိုက်တာနဲ့ ကိုကို့ မျက်ခုံးတွေ တွန့်ကျသွားသည်။ ပြောလာသည့်အကြောင်းအရာက သာယာ နာပျော်ဖွယ်မရှိသည့်ပြင်.. ။

"မင်းအစ်မမရှိဘူး.."

"............."

"ဒီမှာလည်း ပြဿနာရှာသွားတယ်..ပြောစရာရှိရင် သူ့ကိုတိုက်ရိုက် ပြောလိုက်.."

"..............."

"အဲ့ဒီကိစ္စမက္ကန်းနစ်နဲ့တွေ့ရင်ရပြီ..မင်းအစ်မမလိုဘူး.."

သူဖုန်းပြောနေတာကို ခုတင်ပေါ်မှာ ပက်လက်လေးရှိနေသည့် ဒေါ် မေစိုးဦးက ငေးကြည့်နေကာ.. ။

"ဇကရီ့မောင်လား.."

"ဟုတ်တယ်ကြီးကြီး..မန္တလေးကေတူးမှာ သူတို့ဆီကအီလက်ထရွန်း



နစ် ပစ္စည်းသွင်းဖို့ ပြောနေတာ.."

"အဲ့ဒါမဖြစ်ဘူးထင်တယ်သား..ဒီကောင်လေးက ခြေရာတာမဟုတ် ဘူး။ သမိုင်းမကောင်းတဲ့ကလေးတွေ ပိုက်ဆံရတိုင်း စုပြီးဖုံးကြဲနေတာ..အီ လက်ထရွန်းနစ်ပစ္စည်းဆိုတာ ဘယ်လောက်အန္တရာယ်ကြီးသလဲ၊ အဲ့ဒီကိစ္စ ကြီးကြီးကြားခဲ့ပါတယ်..မိုက်ခရိုဝေ့နဲ့ ဟော့ထ်ပလိတ်တွေဆိုလား၊ သူတို့ ဘယ်လောက်သေချာထားသလဲတော့ မသိဘူး..သားလက်ခံရင် ကိုယ့်ဘက် က စစ်ဆေးဖို့လိုအပ်ချက် မရှိစေနဲ့နော်၊ ဒါမျိုးက ယောက်ဖဆွေမျိုးမို့လို့ နားလည်မှုနဲ့လုပ်လို့ မဖြစ်ဘူး.."

"ကျွန်တော်ခေါင်းခါတိုင်း သူ့အစ်မဘက်ဝင်တိုးမှာပဲ..မန္တလေးကကိစ္စ ကို ကျွန်တော်ခေါင်းစားမခံချင်တော့ဘူး.."

"အို..အဲ့လိုမဖြစ်ဘူးလေသား.."

ဒေါ်မေစိုးဦး ခပ်ဖြည်းဖြည်းထထိုင်တော့ ကိုကိုကအနားမှာခုံဆွဲထိုင် လိုက်ကာ.. ။

"ကြီးကြီးကိုယ့်ကျန်းမာရေးပဲ ဂရုစိုက်ပါ..သူလိုချင်တာပေးလိုက်ရင် စိတ်ရောနားရော အေးတယ်၊ ခုလိုကိုယ်ထိလက်ရောက်စော်ကားတာလည်း ခံစရာမရှိတော့ဘူး.."

"ဒါက သူမိုက်ရိုင်းတဲ့အပြစ် သူပြန်ရမှာပါ..ဒီအတွက်နဲ့တော့ ကြီး ကြီးထူထောင်ခဲ့တဲ့ လုပ်ငန်းလေးကို ပျောက်ပျက်မခံနိုင်ဘူးသား.."

သူမတပြိုင်တည်း ထူထောင်ခဲ့သည့် Mallတွေထဲမှာ ဒီတစ်ခုကိုပဲ သံယောဇဉ်ကြီးစွာ ချန်ထားခဲ့သည်။ မောင်ဖြစ်သူရဲ့ကျန်းမာရေးအခြေအ နေကြောင့် တစ်ခုပြီးတစ်ခုဖြုတ်ပစ်ခဲ့ရသမျှ ဒါကိုတော့ K2နာမည်ပြောင်း ပြီး ကိုကို့လက်ထဲထည့်ထားခဲ့တာဖြစ်သည်။ ကိုကိုကလည်း ဝါသနာမပါပေ မယ့် စိတ်ပါလက်ပါဦးဆောင်နိုင်ခဲ့သည်။ ခုထိလည်း အောင်မြင်နေတာမို့ တစ်စုံတစ်ရာကြောင့် ထိခိုက်သွားမှာကို မလိုလားပါ.. ။

ဇကရီနဲ့ကိုကို လက်ထပ်ပြီးသည့်နောက်ပိုင်းမှာ အရာရာဟာ စီးဆင်း နေမြဲဖြစ်သော်ငြား အားလုံးပြောင်းလဲသွားသလို ခံစားနေမိတာ ဘာကြောင့် မှန်းမသိ။ လူမမာဖြစ်နေသည့် မောင်ဖြစ်သူရဲ့အခြေအနေ ပြီးတော့ ကိုကို နဲ့ဇကရီ့ရဲ့အိမ်ထောင်ရေးအခြေအနေအားလုံးသည် ပေါက်ကွဲထွက်တော့

မည့် မီးတောင်ကြီးကို ထိုင်ကြည့်နေရတဲ့အတိုင်း.. ။

“ကြီးကြီးလုပ်ခဲ့တဲ့ လက်စလေးဒါလေးပဲရှိတော့တာ..သားဦးဆောင်ခဲ့လို့ အောင်မြင်နေတာလည်း ပီတိဖြစ်နေရတုန်း..”

“အဲ့ဒီတော့ ကျွန်တော်ဘာလုပ်ရမလဲ..မန္တလေးကို ဥဒဟိုသွားပြီး သွားတိုင်းအဲ့ဒီမှာပဲ နေခဲ့တာ၊ ခုလည်း မန္တလေးထွက်သွားတယ်..ယူပါစေပေါ့ ကြီးကြီးရာ၊ ဒီလုပ်ငန်းက မိန်းကလေးဦးဆောင်တာလည်း သင့်တော်တာပဲ..သူတကယ်လုပ်ချင်နေရင် ပြီးတာပဲ..”

“သားကိုကို..”

ဒေါ်မေစိုးဦး အံ့သြသည့်မျက်ဝန်းတွေနှင့် ကိုကို့ကိုစိုက်ကြည့်ကာ..

“သားဒုက္ခအေးချင်တာလား..သူလုပ်ရင်ဖြစ်နိုင်တယ်လို့ ယုံကြည်တာလား..”

ကိုကိုက သက်ပြင်းချလိုက်ပြီး မဖြေ.. ။

“ဒါမှမဟုတ် သားသူ့ကိုငဲ့ညှာချင်တဲ့စိတ်တွေ ဖြစ်နေတာလား..”

“ဖေဖေနဲ့ကြီးကြီးကို ဒီလောက်ထိရိုင်းစိုင်းသွားတာ ဘယ်စိတ်နဲ့ငဲ့ညှာရဦးမှာလဲ..ဒါပေမဲ့ ကျွန်တော်ကသူ့ယောက်ျားလေ၊ သူတောင်းဆိုလာရင် ဖြည့်ဆည်းပေးရမှာပဲ မဟုတ်ဘူးလား..”

“ဒါက ခုထိကြီးကြီးပိုင်သေးတဲ့လုပ်ငန်းလေသားရဲ့..”

“မှန်ပါတယ်..ဒါပေမဲ့ သူလိုချင်တာမရတိုင်း ဖေဖေ့ဆီပြေးလိုက် ကြီးကြီးကိုကြိမ်းမောင်းလိုက် လုပ်နေတာတွေက သိပ်စိတ်ပျက်ဖို့ကောင်းတယ်”

ယောက်ျားလေးပီပီ ခေါင်းရှုပ်မခံချင်တဲ့ ဖြေရှင်းနည်းပဲဆိုတာ ဒေါ်မေစိုးဦးနားလည်သွားသည်။ သို့သော် ရင်းနှီးထားခဲ့သည့် လုပ်ငန်းတစ်ခုလုံးက ကွမ်းယာဆိုင်တစ်ဆိုင်မဟုတ်။ ကိုကိုကမှ ခေါင်းခါနေပြီဆိုရင် သူမဘာများတတ်နိုင်တော့မှာလဲ..။ ကိုယ်ပိုင်ပေမယ့် ကိုယ်မစားထိုက်လို့ပဲလို့ သတ်မှတ်ရုံအပြင် မရှိတော့ပေ။ လောလောဆယ် သူမပေးခဲ့သည့်ဒဏ်ရာနဲ့ ပတ်တီးစည်းထားရသည့်ခြေထောက်ကို ဖြည်းဖြည်းဆန့်ထုတ်ရင်း ကိုယ့်ကိုယ်ကိုဆုံးမနေမိသည်။

အဒေါ်ဖြစ်သူ မျက်နှာမသာမယာနှင့် တိတ်တိတ်ဆိတ်ဆိတ်လေးဖြစ်သွားတော့ ကိုကိုစိတ်မကောင်းဖြစ်သွားသည်။ လက်မနဲ့နဖူးခြစ်ရင်း ဒေါ်



မေစိုးဦးဘက်ကိုပြန်လှည့်၍.. ။

“ကြီးကြီးစိတ်ပူနေရင် မောလ်ကိစ္စကို ကျွန်တော်ပစ်မထားပါဘူး.. သွားကြည့်ပါမယ်..”

ဒေါ်မေစိုးဦးမျှော်လင့်သည့် မျက်ဝန်းတွေချက်ချင်းသူ့ဆီရောက်လာသည်။ ပြီးတော့ ခေါင်းညိတ်ကာ.. ။

“ကြီးကြီးက မလိုလို့ပြောတာ မဟုတ်ပါဘူး..ဒါပေမယ့် ဇေရီ့ပုံစံနဲ့ လုပ်ငန်းတစ်ခုကို ဦးဆောင်တဲ့မိန်းမတစ်ယောက် ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာ သိနေတယ်..ပြီးတော့ စာရိတ္တပျက်ပြားနေတဲ့ မွေးချင်းမောင်နှမနဲ့ အခြေယိုင်နေတဲ့ မိသားစုက ဖရိုဖရဲဖြစ်လာမယ့် သူ့အလုပ်ကို ဘယ်သူက ကူညီနိုင်မှာလဲ..စကားပုံရိုင်းရိုင်းနှိုင်းရရင် သူ့လက်ထဲမှာ ဒီလုပ်ငန်းက အထက်ကျီးစား အောက်ခွေးစား ဖြစ်သွားမှာပဲ..”

“ကျွန်တော်ကလည်း မိန်းမတစ်ယောက်နဲ့ နေရာလုမနေချင်တာ..မရရင်လုယူမှာပဲဆိုတာသိရက်နဲ့ အဲ့လိုသိက္ခာမဲ့တဲ့အလုပ်မျိုး မလုပ်ချင်ဘူး.. အထူးသဖြင့် ဇေရီနဲ့ဘယ်နေရာမှာမှ အတူလည်းမရှိချင်ဘူး၊ ထိပ်တိုက်လည်းမဆုံချင်ဘူး..ခွေးရူးတစ်ကောင်ကို ကြောက်သလိုမျိုးပဲ၊ ဒါပေမဲ့ ခွေးရူးကိုရိုက်သတ်ပစ်လို့ရတယ်..လူကျတော့ မဖြစ်ဘူး..”

ဒေါ်မေစိုးဦးက စာနာစိတ်နှင့် ခေါင်းညိတ်နေသည်။ ကိုယ်တိုင်ခွေးကိုက်ခံလိုက်ရပြီမို့ ဒါကမယုံချင်စရာလည်း မရှိပေ။ ဇေရီဆိုသည့်မိန်းကလေးက သူမတို့မိသားစုထဲမှာ ဘယ်လိုမှရောနှောလို့မရသည့် ကျောက်မျက်ရတနာတွေထဲက မြေစိုင်ခဲတစ်ခဲ.. ။

“ဒါပေမဲ့ ကျွန်တော်မန္တလေးက ကေတူးကိုပစ်မထားပါဘူး..ကြီးကြီးက ကိုယ့်ကိုယ်ကိုဂရုစိုက်ပါ..”

“ကြီးကြီးက ခြေထောက်ပဲထိခိုက်မိတာ..ပြန်ကောင်းလာရင် ပြန်လျှောက်နိုင်ပါပြီ၊ မင်းအဖေကိုပဲ စိတ်ပူတယ်..စိတ်ထောင်းကိုယ်ကြေဖြစ်နေတဲ့လူတစ်ယောက် ဒီစိတ်ပဲအနာတရထပ်ထပ်ဖြစ်နေရင် ကြာရင်လုံးပါးပါးတော့မယ်..”

ကိုကိုနေရာက ထရပ်လိုက်တော့ ဒေါ်မေစိုးဦးက လက်ကိုဆွဲထားလိုက်ပြီး.. ။

"သား..သားအဖေကိုဝင်ကြည့်ပါဦး.."

"သူလည်းကျွန်တော့်ကိုတွေ့ချင်မှာမဟုတ်ဘူး.."

"ဘယ်လိုပြောလိုက်တာလဲသားရယ်..ဇကရီနဲ့ပတ်သက်ပြီး ဥပေက္ခာမထားနိုင်တဲ့ပြစ်ချက် သူ့မှာရှိခဲ့တယ်၊ အဲ့ဒါကို အခုသူပြုပြင်နေတယ်..မိဘဖြစ်တိုင်းလည်း အမြဲတမ်းမှန်ပြီး အပြစ်ကင်းနေကြတာမှ မဟုတ်တာ.."

"ကျွန်တော်ဖေဖေ့ကို အပြစ်တင်နေတာ မဟုတ်ဘူးကြီးကြီး..တင်နေလည်း ဘာမှထူးလာဖို့မရှိဘူး၊ ဖြစ်ခဲ့တဲ့ကိစ္စအပေါ်မှာ အတိတ်ခြေရာရော ပစ္စုပ္ပန်ကိုလှမ်းဖို့အတွက်ရော တတ်နိုင်သမျှ အဆင်ပြေဖို့ ကျွန်တော်ကြိုးစားခဲ့တာ..ကြိုးစားနေရင်း အားလုံးစိတ်ညစ်နေရတာခုထိပဲ၊ ဖေဖေခုချိန်ထိ..ကျွတ်.."

မျက်နှာဆတ်ခနဲလွှဲပစ်လိုက်ပြီး စကားကိုရှေ့မဆက်လျှင် ဒေါ်မေစိုးဦးစိုးရိမ်စိတ်နှင့် ခြေထောက်နှစ်ဖက်ကို ကြမ်းပေါ်ချလိုက်ပြီး ခါးမတ်မတ်ထိုင်လိုက်ရင်.. ၊

"အဲ့ဒါကမိန်းကလေးကိုယ်တိုင် ဖွတ်တိုးဝင်နေတာသားရဲ.."

"မိန်းကလေးက သားသမီးအရွယ်ပါကြီးကြီးရာ..ကိုယ်ဘာလုပ်သင့်တယ်ဆိုတာ ကိုယ်ပဲရွေးချယ်ရမှာ၊ အဲ့ဒါတွေကြောင့် နည်းနည်းတော့ရင်ခံတယ်.."

"သားရယ်.."

"ပြီးခဲ့တာက ဘယ်လိုဆိုးရွားမှုတဲ့မှားယွင်းမှုမျိုး ဖြစ်ပါစေ..နောက်ထပ်မှားဖို့ ဖွတ်တိုးနေတာကို နားလည်ပေးဖို့ ဘယ်လိုလုပ်မလဲ.."

"ဟုတ်ပါတယ်..ဖေဖေခုထိမှားနေဆဲဆိုတာ မှန်ပါတယ်.."

ဦးကိုကို တုတ်ကောက်ထောက်လျက် အခန်းရှေ့မှာ ပေါ်လာသည်။ ကိုကိုမျက်နှာငဲ့သွားပေမယ့် လှည့်မကြည့်ပေ။ ဒေါ်မေစိုးဦးပျာပျာသလဲဖြစ်သွားကာ.. ၊

"လာလေမောင်လေး..ခြေထောက်မခိုင်လို့ လဲသွားဦးမယ်.."

ကိုကိုကလျှောက်သွားပြီး ဦးကိုကိုကိုတွဲလာပေးသည်။ ဒေါ်မေစိုးဦးဘေးကထိုင်ခုံမှာ သေချာထိုင်ပေးပြီးမှ လှည့်ထွက်လိုက်လျှင်.. ၊

"ဖေဖေ့ကိုစကားမပြောချင်နေပါ..ဖေဖေပြောတာတော့ နားထောင်ပါဦး.."



"ဘေဘီလေးလို့ ဖေဖေခေါ်တဲ့အသံကို မကြားချင်ဘူးဖေဖေ..ကျွန်တော်ဘယ်နားနဲ့မှ လက်ခံလို့မရဘူး၊ အဲ့ဒါဇကရီ့ကို ကျွန်တော်သဝန်တိုနေတယ်လို့ ဖေဖေထင်ရင်.."

"မထင်ပါဘူး..သားမချစ်မနှစ်သက်ဘဲ လက်ထပ်ခဲ့ရတဲ့အတွက်လည်း တစ်နေ့မှစိတ်မကောင်းခဲ့ပါဘူးသားရယ်.."

ဦးကိုကိုရဲ့ရင်ထဲက စကားတွေပါ။ ကိုယ်ကိုယ်တိုင်မနှစ်သက်မကြင်နာနိုင်သည့်အိမ်ထောင်ရေး ဝဲဂယက်ထဲမှာ နစ်မွန်းလာခဲ့ရတာ နှစ်ပေါင်းများစွာ။ အလျော်အစားတစ်ခုလို ပြန်အမ်းလို့လည်းမရ။ ချေပဖျောက်ဖျက်လို့လည်းမဖြစ်။ လူ့အသိုင်းအဝိုင်း ဂုဏ်သိက္ခာ စည်းမျဉ်းဥပဒေတွေနဲ့ ဆောင်ခတ်တုပ်နှောင်ခြင်းမှာ အချစ်သည်လွတ်လပ်စွာ ခံစားရှင်သန်ခဲ့သည်။ ဒါဟာ အဆိပ်ဆူးတို့ပြည့်နှက်သော အဆိပ်ငွေ့ဖြင့် ထုံလွှမ်းသော သစေအပ်သောပန်းတစ်ပွင့်သာ.. ၊

ပန်းကိုမြတ်နိုးခဲ့သည်။ သို့သော် ခူးယူလို့မရ နမ်းရှိုက်လို့မဖြစ်သော..

"ဒါပေမယ့်သားရယ်..ချစ်ခြင်းမေတ္တာဆိုတာ ဆုံမှတ်မဲ့မျဉ်းဖြောင့်တစ်ကြောင်းနဲ့ တူပါတယ်၊ သူသိသိမသိသိ သူ့ဘက်ကကောက်ကွေ့သည်ဖြစ်စေ ဖြောင့်တန်းသည်ဖြစ်စေ ကိုယ်လိုချင်တဲ့အတိုင်း ဆွဲယူဆုံဆည်းစေလို့ရဘူး..ဇကရီက ဘယ်လိုမိန်းကလေးဖြစ်နေနေ ဖေဖေခွင့်လွှတ်ဖို့ အဆင်သင့်ဖြစ်နေခဲ့တယ်..ဖြစ်ခဲ့မိတယ်၊ ဒါမဖြစ်သင့်ဘူးဆိုတာ ဦးနှောက်ကသိပေမယ့် နှလုံးသားကငြင်းဆန်နေတယ်.."

"ကျွန်တော်ဖေဖေ့ကို စာနာပေးဖို့ သိပ်မလွယ်ဘူးဖေဖေ..အချစ်ကိုရော အဲ့ဒီမိန်းမကိုရော ကျွန်တော်အယုံအကြည်မရှိဘူး.."

ကိုကိုက ဘောင်းဘီခါးစပ်မှာ လက်မတစ်ဖက်ချိတ်ထားရင်း ဆင်နွယ်ရောင်ဇာပန်းခက်တို့နှင့် လိုက်ကာရှည်ကြီးဘက်ကို ခပ်လှုပ်လှုပ်လျှောက်သွားသည်။ ပြီးတော့ နံရံမှာကပ်ထားသည့် ရီမုတ်ကိုယူ၍ နှိပ်လိုက်လျှင် လိုက်ကာနှစ်ခြမ်းက သိမ့်ခနဲခါသွားပြီး အသာလေးကွဲထွက်သွား၏။ ခပြင်ဘက်မြင်ကွင်းတို့ကို မှန်ချပ်ကနေ လှမ်းကြည့်ငေးရင်း.. ၊

"အချစ်ကငွေကြောင့်ဖြစ်လာတာလား..အလှအပကြောင့်ဖြစ်လာတာ

လား၊ ဒါမှမဟုတ် ထိတွေ့နီးစပ်ခြင်းကနေ ဖြစ်လာတာလား..ကျွန်တော့်အတွက်တော့ ဘယ်ကလာတဲ့အချစ်ဖြစ်ဖြစ် မယုံဘူး..အထင်ကြီးစရာလည်း မရှိဘူး.."

ဧကရီဆိုတဲ့မိန်းမ ကိုယ့်ဆီကဘာလိုချင်ခဲ့သလဲ..ဖေဖေ့ဆီက ဘာထပ်မျှော်လင့်သလဲ၊ သူကရော လက်ထပ်ခြင်းကို ဘာကြောင့်လက်လျှော့ခဲ့တာလဲ..ဒီသုံးပွင့်ဆိုင်ချိတ်ဆက်မှုတွေအရ အချစ်ဆိုတာရွံစရာသာဖြစ်၏။

"သားဘက်က မမှားပါဘူး..မှားခဲ့တာက ဖေဖေပါ၊ ဟိုအရင်က သူ့ကိုစောင့်ရှောက်ဖို့ စိတ်ရှည်သည်းခံပေးဖို့ ပြီးတော့ မကွဲမကွာနားလည်ပေါင်းသင်းသွားဖို့ ဖေဖေတောင်းပန်ခဲ့ဖူးတယ်..အခု အားလုံးကိုဖွင့်ပေးလိုက်ပါပြီ၊ သားစိတ်ကြိုက်ဆုံးဖြတ်ပါ.."

"အရင်တည်းက ဖေဖေပြောထားလို့ မဟုတ်ဘူးဖေဖေ..ခုလည်း ဖေဖေဖွင့်ပေးပေး မပေးပေး ဆုံးဖြတ်ရမှာက ကျွန်တော်ပဲ.."

ကိုကို့မျက်နှာလှည့်လာတော့ မျက်ဝန်းတွေကစူးရဲနေသည်။ မျက်စိတို့နီရဲနေကာ.. ၊

"ဒီမိန်းမအတွက် ဖေဖေတောင်းပန်နေတာ ခွင့်ပြုပေးတာ အားလုံးကိုကျွန်တော်မကြိုက်ဘူး..ဖေဖေ့လုပ်ရပ်တွေ အခုထိအကျည်းတန်နေတုန်းပဲဖေဖေ၊ အဲ့လိုဝေဖန်တာ ကျွန်တော်လွန်သွားတယ်ဆိုလည်း မတတ်နိုင်ဘူး–ဖေဖေက ဒီနေ့ထိသူ့အတွက် ရှိနေတုန်းပဲ၊ ဖေဖေ့နောင်တတွေက သူ့အတွက်အပြည့်အဝတာဝန်မယူနိုင်ခြင်းတွေကြောင့်ဖြစ်လာတာ..အဲ့ဒါ နောင်တာမဟုတ်ဘူး..နာကျင်မှုတွေ.."

ပြောနေရင်း အဒေါ်ဖြစ်သူဘက်ကို တစ်ချက်ဝေ့ကြည့်သည်။ ပြီးတော့ ဖေဖေ့ကိုကွေ့ရှောင်၍ ထွက်လာခဲ့မိသည်။ မပြောမိအောင် ကိုယ့်အလုပ်ကိုယ်လုပ် နေသာသလိုနေခဲ့သည်။ ပြောမိတဲ့နောက်မှာ ရင်ထဲမှာနောက်ထပ်သိမ်းမထားချင်တော့သည့် ဆုံးဖြတ်ချက်ဖြင့် အတိအကျပြောဖြစ်ခဲ့သည်။

လူတွေရူးတာအချစ်ကြောင့်လို့ သက်သေပြကြသည်။ တကယ်တောအလကား.. အချစ်ဆိုတာ ဘာမှမရှိတဲ့ ဒြပ်မဲ့သက်သေတစ်ခု.. ၊

☎



အခန်း(၂၄)

"ချစ်တာပေါ့သမီးရယ်..သမီးကဖေဖေ့သမီးပဲ၊ ဖေဖေချစ်တာပေါ့.."

သက်သေပြဖို့တော့ ခက်ခဲပါသည်။ ဒါဒါနဲ့သူကွဲကြကွာကြတော့ ဒါဒါ့မှာ သူ့ကိုယ်ဝန်ပါသွားခဲ့သည်။ ဒါကို သူမသိခဲ့ဘဲ ခရီးတွေထွက်ထင်သလိုနေရင်း ယုဝတီနဲ့လက်ထပ်ခဲ့သည်။ ဒါဒါ့ကိုကလေးတစ်ယောက်နဲ့တွေ့သည်ဆိုမှ သူပြေးကြည့်တော့ သဇင်မင်းလေးက ငုတ်တုတ်ထိုင် ခိုးခိုးခစ်ခစ်ရယ်တတ်နေတဲ့ အရွယ်လေး.. ၊

ဖွေးဖွေးပုံ့ပုံ့ချစ်စရာသမီးလေးရဲ့မျက်နှာကို မြင်လိုက်တည်းက သူ့မှာပြီဆိုတာ သိခဲ့သည်။ ဒါဒါသူ့အပေါ် ဘယ်လောက်ဆိုးခဲ့ပါစေ ဘယ်လိုမိန်းကလေးပဲဖြစ်ဖြစ် သူမကတစ်ယောက်တည်းဘဝနဲ့ ကလေးကိုပြုစုထိန်းကျောင်းခဲ့သည်။ ခုချိန်ထိလည်း Single Mother..။ သူမကိုချစ်ခဲ့ပြီးတခြားတစ်ယောက်နဲ့ အတူနေခဲ့ရသည့်သူသည်သာ ဖခင်ဝတ္တရားမကျေ၊ သစ္စာမဲ့သူအဖြစ် အမုန်းတော်ခံရင်း.. ၊

"လာသမီး..ဒီနေ့ ဖေဖေ့မွေးနေ့မို့လို့ အိမ်မှာသမီးအကြိုက် ကြက်ဆီထမင်းနဲ့နှင်းပုလဲရေခဲမုန့်ကျွေးတာ.."

"ဟုတ်လား..ဖေဖေချက်တာလားဟင်၊ မဟုတ်ပါဘူး..ဖေဖေ့မိန်းမ ချက်တာလားလို့.."

သမီးမေးခွန်းကြောင့် ရင်နင့်မိရကာ.. ၊

"ဘယ်ဟုတ်မလဲသမီးရဲ့..ဆိုင်ကအော်ဒါမှာတာပေါ့.."

"ဒါဆို ဖေဖေ့မိန်းမက သမီးဖို့မချက်ထားရင် ဘယ်လိုလုပ်မလဲ.."

"ဖေဖေ့မိန်းမလို့ မပြောရဘူးသမီးရဲ့..အန်တီယုလို့ပဲခေါ်နော်.."

ကလေးကို ရှိုင်းတယ်ထင်မှာစိုးတာထက် သမီးနှုတ်ဖျားက ဒီလိုပြော နေတာကို မကြားရက်နိုင်။ သို့သော် မင်းမင်းကခေါင်းခါ၏။

"အဲ့လိုခေါ်တယ်ဆိုတာ မမုန်းတဲ့လူတွေကိုပဲ ခေါ်ကြတာလေ..ဖေဖေ့ မိန်းမကို သမီးကမုန်းတယ်.."

"ဟောဗျာ.."

"သမီးမေမေနေရာကို သူယူထားတာကို အန်တီလို့မခေါ်ချင်ပါဘူး"

"အဲ့လိုတွေသမီးမေမေက ပြောတာလား.."

"မပြောပါဘူးဖေဖေကလည်း..သမီးက ကလေးပိစိလေးမှမဟုတ်တာ၊ သမီးဖေဖေနဲ့အတူတူနေချင်တယ်..သူရှိနေလို့ မနေရဘူး၊ မေမေ့ကို ဖေဖေ ကပိုက်ဆံတွေအပ်..မေမေက လှလှလေးပြင်ပြီး ဒေါက်မြင့်ဖိနပ်လှလှလေးနဲ့ သူဌေးကတော်ကြီးလိုနေ၊ သမီးကကျတော့ ကိုယ်ပိုင်ကားမောင်းနေတဲ့ဖေဖေ ရဲ့သမီး..ဟီး ဟီး.."

လွယ်အိတ်ကြိုးကို လက်လေးနှစ်ဖက်နဲ့ ပွတ်သပ်ဆွဲရင်း အားပါးတ ရပြောနေသည်။ ပြီးတော့ ရယ်၏။ ထို့နောက် မျက်နှာလေးရှုံ့တွသွားပြန် ကာ.. ၊

"ခုကျတော့ ဖေဖေ့ကိုသူကယူထားတယ်..သမီးတို့က ဖေဖေ့နားမကပ် ရဘဲနဲ့.."

"တော်ပါတော့သမီးရယ်..ဖေဖေလည်း အဲ့လိုတွေဖြစ်စေချင်ပါတယ်၊ ဒါပေမဲ့လေ.."

မင်းနိုင်က ရှုပ်ပွပွခပ်တွန့်တွန့်ဆံပင်တွေကို ဖြစ်သလိုထိုးသိပ်တင် လိုက်ပြီး မင်းမင်းလက်လေးတစ်ဖက်ကို ဆုပ်ကိုင်၍.. ၊

"သမီးနားမလည်နိုင်တဲ့ အကြောင်းတွေရှိနေလို့ပါ..နောက်ဆို ဖေဖေ



သမီးအတွက် ဘဏ်မှာပိုက်ဆံတွေ ထည့်ပေးထားမယ်နော်..ဖေဖေအလုပ် ကြိုးစားမယ်၊ သမီးတို့ကို သူဌေးလိုနေနိုင်အောင် ထောက်ပံ့မယ်..မေမေ့ တော့ သွားမပြောထားနဲ့.."

"ဟုတ်.."

"သွားရအောင်..အိမ်ရောက်ရင်လည်း ဖေဖေ့နားမှာပဲနေနော်၊ အန် ကို ခုလိုစကားတွေသွားမပြောရဘူး..ကလေးဆိုတာ ချစ်စရာကောင်းအော နေရတယ်၊ မုန်းဖို့ကောင်းသွားရင် ကလေးဘဝမှာတောင် ပတ်ဝန်းကျင်မှ ဝင်မဆံ့တော့ဘူးဖြစ်တတ်တယ်.."

"သမီးသိပါတယ်..သူများမကောင်းကြောင်းလည်း မပြောချင်ပါဘူ ဒါပေမဲ့ ဖေဖေ့မိန်းမကို သမီးမှမချစ်တာ.."

မင်းမင်းက စုလုံးနေသည့်နှုတ်ခမ်းလေးကို ရှေ့ကိုစူထွက်နေတဲ့အ မဲ့ရွဲ့ပြောနေခဲ့လျက်.. ၊

"ဘွားဘွားကြီးပြောတယ်..ချစ်ရင်လှတယ်တဲ့၊ မချစ်ရင်မလှဘူးတဲ့ အပြစ်မြင်လာရင် မကောင်းပြောမယ်၊ အပြစ်မမြင်တော့ရင် အကုန်လုံ ကောင်းတယ်တဲ့..သမီးက ဖေဖေ့မိန်းမကို အပြစ်မြင်နေတာဥစ္စာ.."

"ဟား ဟား ဟား.."

စိတ်ပင်ပန်းနေသည့်ကြားက သမီးခေါင်းလေးကို မချင့်မရဲပွတ်ရ ရယ်လိုက်မိသည်။

"ချစ်ဖို့ကောင်းလိုက်တာငါ့သမီးက..ဟုတ်ပါပြီ၊ ဖေဖေ့ရှေ့မှာပဲပြော ဟုတ်လား၊ ဖေဖေက သူ့ကိုကြောက်လို့မဟုတ်ဘူး..သမီးကို သူများမုန်းမှာ စိုးလို့.."

"ဖေဖေ့မိန်းမမုန်းရင်တော့ သမီးကမကြောက်ပါဘူး.."

သူမလေးသည် ဇေဒါဖြူရဲ့သမီးဖြစ်လေသည်။

☎

## အခန်း(၂၅)

"ကျွန်မသမီးရော.."

"သူ့အဖေလာကြိုသွားတာတွေ့တယ်.."

ဟုတ်လားဆိုသည့်စကားကို ဆုံးအောင်မပြောနိုင်။ ဒါဒါချာခနဲပြန်လှည့်ကာ လမ်းဘက်ကိုပြေးလာမိသည်။ ခါတိုင်းကျူရှင်ပြန်ချိန်တွေကို သတိမထားခဲ့ဘဲ ဒီနေ့ကျမှ သမီးနဲ့အတူ ဒံပေါက်ဝင်စားကြဖို့စိတ်ကူးနှင့် ကျူရှင်ကို လာခဲ့မိသည်။ ကျူရှင်နဲ့အိမ်က နီးနီးလေးပေမယ့် သူ့အဖေလာခေါ်သွားတာက ဘယ်ကိုမှန်းမသိ.. ၊

ကျောင်းရှေ့လမ်းကနေ ဟိုဘက်ဒီဘက်လိုက်ကြည့်ပေမယ့် ဆိုင်ကယ်လ်လည်းမတွေ့။ သူမောင်းတဲ့တက္ကစီလည်းမရှိ။ ဒါဆိုသမီးကို ခေါ်သွားတာကြာပြီထင်သည်။ မင်းမင်းက ဖအေကိုချစ်သည်။ ကားတွေဆိုင်ကယ်လ်တွေနဲ့ သူ့အဖေရဲ့ပြည့်စုံတဲ့ဘဝမှာ အရိပ်ကောင်းနဲ့မှီခိုရပ်တည်ချင်ရှာသည်။ ထို့ကြောင့် ဒီအမေရင်ခွင်ထဲကနေ ဖအေကိုမလွမ်းတတ်အောင် သူမတတ်နိုင်သမျှ ဖြည့်ဆည်းပေးနေတာပါ.. ၊

"တောက်.."



နင်ငါနဲ့တွေ့မယ် မင်းနိုင်..ငါ့သမီးကိုခေါ်ပြီး ဖျက်လိုဖျက်ဆီးလုပ်တာ၊ ငါတို့သားအမိနေသားကျနေကာမှ ငါ့သမီးကိုဖြားယောင်းတာ.. ၊

ကားငှားဖို့စိတ်ကူးနှင့် ကားတွေရပ်သည့်နေရာဆီ ပြေးသွားမိသည်။ ပြီးတော့ ဖုန်းထုတ်ရင်း.. ၊

"ဟလို..ဟလို.."

ဟိုဘက်ကကိုင်နေလား မကိုင်ဘူးလားမသိ။ လမ်းပေါ်မှာ ဆူညံနေသလို ကိုယ့်ဖုန်းကလည်း ခပ်စုတ်စုတ်မို့ ဖုန်းကိုင်ရင်းလမ်းဘေးမှာ ဟိုဘက်အစပ်ကပ်လိုက် ဒီဘက်အစပ်ကပ်လိုက်။ မသိရင် အရူးလို.. ၊

"မင်းနိုင်..မင်းနိုင်လား.."

"မင်းနိုင်က တစ်ယောက်တည်းနေတာမဟုတ်ဘူး..သူ့မိန်းမနဲ့နေတာ၊ သူ့ဖုန်းခေါ်တိုင်း သူပဲကိုင်မယ်ထင်လို့ ခိုးချောင်ခိုးဝှက်ဆက်တာလား.."

"အံမာ.."

ဒီအသံကျတော့ ပီပီပြင်ပြင်ကြားလိုက်ရကာ.. ၊

"ဘယ်သူကိုင်ကိုင် အခုအဲ့ဒီမှာ မင်းနိုင်ရှိနေတယ်မို့လား..ငါ့သမီးကို ချက်ချင်းပြန်ပို့လို့.."

"ဟဲ့..နင့်သမီးကို ငါ့ယောကျ်ားခေါ်သွားတယ်လို့ ဘယ်သူပြောတာလဲ၊ ငါ့ယောကျ်ားက ငါဆူထားလို့ အီးတောင်ရဲရဲမပေါက်ရဲဘူးမပဋ္ဌာရေ.. နင့်သမီးကိုခေါ်ရဲဖို့ဆိုတာ မတွေးနဲ့.."

"တောက်.."

မပဋ္ဌာလို့ ခေါ်ခံလိုက်ရခြင်းက နားထဲမှာပူလောင်ပြင်းရှသွားသည်။ ဒေါသဖြစ်လွယ်တာမကောင်းမှန်းသိလို့ ကိုယ့်စိတ်ကိုချုပ်တီးဖို့ ကြိုးစားပေမယ့် ဒေါသဖြစ်ဖွယ်မရှိခင်အထိသာ အဆင်ပြေခဲ့လျက်.. ၊

"ငါ့ကိုမပဋ္ဌာလို့ မခေါ်နဲ့..ငါ့မှာလင်လည်းမရှိဘူး၊ သားလည်းမရှိဘူး မြေလူးပြီးငိုရဖို့လည်း မရှိဘူး.."

"ဒါပေမဲ့ နင်ကဒါဒါလေ..ဗေဒါနဲ့မပဋ္ဌာသိပ်မထူးပါဘူး၊ အဟွန်း"

ဖုန်းကိုင်ထားသည့်လက်က စိတ်လှုပ်ရှားခြင်းကြောင့် တွဲလွဲကျသွားသည်။ အသက်ကိုဝဝရှူပြီးမှ နားမှာပြန်ကပ်လိုက်လျှင် တစ်ဖက်ကဖုန်းချသွားပြီဖြစ်၏။ ရင်ထဲမှာတနုံ့နုံ့ကျန်ခဲ့၏။ သူမရာဇဝင်မှာ သူများကျောကျော

မောမောပြောဆိုသွားတာကို ငုတ်တုတ်မေ့ခေါင်းငုံ့ခံနေခဲ့ရတယ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဘူးပေ။ ဒီတစ်ခါ ချေပခွင့်မရလိုက်ဘဲ ပြီးဆုံးသွားတာကို ခံရခက်နေခဲ့၏။ ဒီတိုင်းရပ်နေမိပြီးမှ မင်းမင်းနဲ့မင်းနိုင်ကို သတိရသည်။ ဒီဖအေနဲ့မဆက်သွယ်ပါနဲ့ဆိုတာကို နားမထောင်တဲ့သမီး။ ငါ့ဂုဏ်သိက္ခာကို ငဲ့ပြီး ကင်းကင်းနေပါဆိုတာကို ဂရုမစိုက်တဲ့ယောကျ်ား..။ သူတို့ကြောင့် သူမဆွံ့အကျန်ခဲ့ရသည်။

"ကိုယ့်ယောကျ်ားဆိုတာ ဟိုတုန်းကပြီးခဲ့ပြီဒါဒါ..ခုချိန်မှာ ဟိုကလက်ရှိမယားကြီး၊ အဲ့ဒီယောကျ်ားကို ညည်းနဲ့တွေ့လိုက်ရင် ညည်းဘယ်ဘဝရောက်အောင် အပြောခံရမလဲသိလား..သူပေးတာတွေလည်း မယူနဲ့၊ အဆက်အသွယ်လည်း လုံးဝမလုပ်နဲ့..ငါရှက်လွန်းလို့ပါ.."

အမေတဖွဖွပြောသည်။ သူမကလည်း ဒီလိုမပြတ်သားသည့်အလုပ်ကို ဘယ်သောအခါမှလုပ်မယ့်သူမဟုတ်ပါ။ ဒါပေမဲ့ ဒုက္ခရောက်လာရင်တော့ လက်ထဲထည့်ပေးလာတာကို လွှတ်မချနိုင်.. ၊

ညည်းမှားတယ်ဒါဒါ..နောက်ထပ် လုံးဝမပတ်သက်နဲ့ သူတို့နဲ့ဝေးဝေးနေလိုက်တော့.. ၊

လောလောဆယ်ကိုယ့်အတွက် အဆင်ပြေနေပေမယ့် မန္တလေးပြန်ဖို့ကိစ္စ အမြန်ဆုံးအကောင်အထည်ဖော်ဖို့ တွေးလိုက်မိ၏။ ခြေလှမ်းတို့စတင်ရွေ့လျားလိုက်သော်လည်း မက်ဆေ့ချ်ဝင်လာသည့်အသံကြောင့် ကြည့်မိလျှင်.. ၊

ငါ့ယောကျ်ားနဲ့ ကင်းကင်းနေ
မဟုတ်ရင် ဒီတစ်ခါရပ်ကွက်ထဲက ထွက်ပြေးရအောင်
ငါလုပ်ပြမယ်
ကြည့်စမ်း.. ၊

ဒီလောက်ထိ စော်ကားခံရတာမှ မတုံ့ပြန်ရရင် ဘာမို့လဲ.. ၊

ဒါဒါ ဖုန်းကိုင်ရင်း တက္ကစီငှားဖို့ ပြေးထွက်သည်။ လူဝကြီးတစ်ယောက်က ဖင်တုံကြီးနဲ့ ကားကားယားယားသွားနေတာ တစ်လမ်းလုံးပြည့်နေ၏။ ဒီဘက်ကရှောင်ထွက်တော့ ကွန်ဂရစ်တွေကွဲပြီး ကျွံကျနေသည့်လမ်းချိုင့်ကြီးရှိနေရာ လမ်းဘက်ကပန်းပြီး အပြေးတပိုင်းကျော်တက်လိုက်မိလျှင်



"အမေ့.."

"ဟာ.."

လူတစ်ယောက်နဲ့တိုက်မိလိုက်တာ အင့်ခနဲ။ ထို့ပြင် နှာခေါင်းထဲဝင်လာသည့် ရေမွှေးနံ့သည် လှုပ်ရှားပူလောင်နေသည့် ရင်ထဲကအရာရာကို နံ့သာရေစင်နှင့် ဆွတ်ဖျန်းလိုက်သည့်နှယ်။ ထိုသူ၏ ကိုယ်သင်းနံ့ကိုနှစ်သက်မိခြင်းက အရာရာကိုလွှမ်းခြုံသွားစေခဲ့လျက်။ မော့ကြည့်မိသည့်မျက်နှာမှာ သူမအမေ့တလျော့ငေးနေမိလေသည်။

ထိုစဉ် လမ်းတစ်ဖက်မှာ ကားစောင့်နေသည့်ဇေကရီမျက်လုံးတွေ လမ်းတစ်ဖက်က မြင်ကွင်းသို့ တန်းတန်းမတ်မတ်စူးစိုက်တွေ့ရှိသွားခဲ့ခြင်းနှင့်တိုက်ဆိုင်စွာ.. ၊

ကိုကို.. ကိုကိုနဲ့ဟိုကောင်မ.. ၊

မုန်းတီးသည့်စိတ်သည် ရင်ထဲမှာ ပက်ပက်စက်စက်ကျိန်ဆဲမိခြင်းကိုဖြစ်စေခဲ့လျက်.. ၊

"တောက်.."

သူမဘေးကအိတ်ကိုလာယူသည့် ဒရိုင်ဘာဦးပွကြီးက တက်ခေါက်သံကြောင့် လန့်သွားသလိုမော့ကြည့်သည်။ ပြီးမှ ဇေကရီကြည့်နေသည့် လမ်းတစ်ဖက်ကို လည်ပင်းရှည်ကြည့်လိုက်ပြီး စဉ်းစားသလိုမျက်မှောင်ကုတ်သွားကာ.. ၊

"ဒီကောင်မလေးပဲ.."

"ဟင်..ဘာ ဘာပြောတာလဲ၊ ဦးပွကြီးဘာပြောလိုက်တာလဲလို့.."

အိတ်ကို ကားထဲထည့်နေသည့်ဦးပွကြီးဆီ ခလုတ်တိုက်မတတ် ဆင်းလိုက်သွားပြီး အတင်းမေးသည်။

"ဟင်..အဲ ဘာမှမဟုတ်ပါဘူး.."

"ဟုတ်ပါတယ်..ဒီကောင်မလေးပဲလို့ ဦးပွကြီးပြောလိုက်တဲ့ဥစ္စာ၊ အဲ့ဒီဆံပင်ကောက်အရှည်နဲ့မိန်းမကို ဦးပွကြီးသိတယ်မို့လား.."

"အဲ.."

ဦးပွကြီး ခေါင်းကုတ်ရင်း အင်း အဲဖြစ်နေ၏။ သူအမှတ်တမဲ့ပြောလိုက်မိတာပါ။ ဇေကရီ အရေးတကြီးထဖြစ်နေကာမှ မပြောရဲတော့ဘဲဖြစ်

သွားခဲ့ပြီး.. ၊

"ဟိုတစ်ခါ ကုမ္ပဏီဝင်းထဲကို ကားဘက်ခ်ဆုတ်လာဖူးလို့ သိနေတာပါ.."

"ဘာကားလဲ..ကားနဲ့သူနဲ့ဘာဆိုင်လို့လဲ၊ အဲ့မိန်းမက တအားဆင်းရဲတာ.."

"ဟုတ်လား.."

ဦးပွကြီး ထိုအကြောင်းအရာကို စိတ်ဝင်စားသွားကာ.. ၊

"အင်း..အဲ့လိုလည်းဖြစ်နိုင်တယ်၊ သူများကားကိုမောင်းလာတာလို့တော့ပြောတယ်.."

အစဖော်လိုက်မိရင်း အဆုံးထိပြောပြမိရင်း.. ၊

"သူငွေးကဖုန်းဆက်လို့..မဟုတ်ရင် မီးလုံးကွဲတာနဲ့ ဘန်ဘာနဲ့ပါးစွယ်စုတ်သွားတာက အနည်းဆုံးသိန်း....."

"နေပါဦး..ကိုကိုကသူမှန်းသိလို့ လျှော်လိုက်တာလား၊ ဝင်းထဲမှာဖြစ်နေတာကို ဘယ်သူသွားပြောလို့သိတာလဲ..တော်ရုံပြဿနာဆို ကိုကို့ဆီရောက်တာမှမဟုတ်တာ.."

သူများစကားမဆုံးခင် မေးခွန်းတွေဆက်တိုက်မေးကာ လမ်းဘက်ကိုလှမ်းမျှော်ကြည့်သေးသည်။ ကိုကိုက ဖုန်းကိုင်ပြီး ဘာတွေပြောနေသည်မသိ.. ၊

"တောက်..ဒီမိန်းမနဲ့ပဲ ဘာလို့ပတ်သက်နေတာလဲ.."

ကိုယ့်ဘာသာမကျေမနပ်တက်ခေါက်မိသော်လည်း ဦးပွကြီးကတစ်မျိုးတွေးကာ.. ၊

"သူဌေးကမပတ်သက်ပါဘူး..ကားထဲကတောင် မဆင်းဘူး.."

"ကားထဲမှာ.."

"ဟုတ်တယ်..သူဌေးကကားပေါ်ရောက်နေလို့ မြင်သွားတာထင်တယ်ကျွန်တော်တို့နဲ့ နီးနီးလေးမှာရှိနေတာ.."

ဇကရီ လက်သီးနှစ်ဖက်ဆုပ်ပစ်မိသည်။

"လွှတ်လိုက်ဖို့ပြောပြီး မောင်းထွက်သွားတာ..အဲ့ဒီကောင်မလေးတောင် သူဌေးကိုမသိလိုက်ဘူး.."



ပြောသည့်စကားကို လက်ခံလိုက်တာမဟုတ်ဘဲ ဇကရီ့မျက်လုံးထဲ၌ ကားပေါ်ကနေ လှမ်းကြည့်ပြီး ပြုံးနေသည့်ကိုကို့မျက်နှာကိုပဲ မြင်ယောင်နေခဲ့သည်။ နှစ်ရာတန်တစ်ရွက်နဲ့ ရွှံ့စရာကောင်းအောင်ပြုံးပြပြဿနာရှာတာကို သဘောတွေကျနေခဲ့တဲ့မျက်နှာ..။ ပြီးတော့ နောက်ထပ်သိထားသည့် သတင်းတစ်ခုက ဒီမိန်းမ ကိုကို့ရင်ခွင်ထဲ လဲပြိုခဲ့သေးသည်။ ထိုစဉ်က နောက်ပြန်လဲကျသည်။ အခု ရင်ချင်းအပ် မျက်နှာချင်းကပ်လို့.. ၊

"တွေ့မယ်.."

ဇကရီ ဆုံးဖြတ်ချက်ချကာ ကားနားကနေ ကွေ့ပတ်ပြီးလမ်းကူးသွားခြင်းလိုက်၏။ ဒါပေမဲ့ သူတို့မရှိကြတော့ပေ။ ကိုယ်က ကားပျက်နေလို့ လာကြိုပေးပါဆိုတော့ မက်ဆေ့ချ်တွေပို့တာလည်း မဖွင့်။ ဖုန်းဆက်တော့လည်းမကိုင်။ သူ့အတွင်းရေးမှူးကိုမေးတော့မှ လက်ကိုင်ဖုန်းနှစ်လုံး ရုံးခန်းမှာထားခဲ့သည်တဲ့..။ ဒါတမင်လုပ်တာပါ.. ၊

သူမခရီးသွားတိုင်း ဒါမှမဟုတ် ပွဲတစ်ခုခုသွားမိတိုင်း ကိုကို့ကိုဖုန်းဆက်လို့ရခဲ့တာ ဘယ်နှစ်ခါရှိဖူးခဲ့သလဲ..။ ဖုန်းတွေဘယ်နှစ်လုံးတောင်လဲကိုင်နေပြီး ကိုယ့်ကျမှဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဆက်သွယ်လို့မရအောင် ဘယ်လိုလုပ်ရပ်တာလဲ..။ ကြေကွဲတာမဟုတ်ဘဲ ခံခက်နာကျည်းသော မျက်ရည်တွေ ဝေ့တက်လာသည်။ ထိုအရာသည် မိုကြိုးစက်ကွင်းတစ်ခုလို ပေါက်ကွဲ ပြင်းထန်စေမည့် ရန်ငြိုးမဲ့အမုန်းတို့ ဖြစ်လာခဲ့ပြီး.. ၊

အခန်း(၂၆)

ဖြူလွသည့် မီးခိုးငွေ့တို့ တလွန့်လွန့်ဖြတ်သန်းနေကြသည့်နောက်မှာ နာရီဘူးခွံလေးခံပြီး ထောင်ထားသည့်ဖုန်းစခရင်လေးက လင်းနေသည်။ မီးခိုးတို့ပါးလျားပျောက်ကွယ်သွားသည်နှင့် ရယ်နေသည့်ကိုယ်တစ်ပိုင်း မျက်နှာလေးက သူ့ကိုကြည့်နေသည့်နှယ်.. ၊

"အဟွန်း.."

ကိုကိုဒီတိုင်းပြုံးမိတာ ဘယ်နှစ်ကြိမ်တိုင်ပြီလဲတောင် မသိတော့ စီးကရက်တစ်ရှိုက်နှင့် လွင့်ထွက်သွားသည့်မီးခိုးငွေ့တွေက သူ့ရင်ထဲကို ကဗျာတွေဖြစ်နေစေခဲ့လျက်။ မီးခိုးတို့လွင့်ပြယ်သွားတဲ့အထိ စူးစိုက်ကြည့်နေ မိချိန်ဟာ အလွန်ကြည်နူးဖွယ်တန်ဖိုးကြီးနေခြင်းကို ဖန်ဆင်းနေလေသည်။ ထို့နောက် ပီပြင်ထင်ရှားလာသည့် မီးခိုးတို့နောက်က သူမမျက်နှာလေး သည်.. ၊

"ချစ်စရာလေး.."

နှုတ်မှရေရွတ်မိတာ ဒုတိယအကြိမ်ဖြစ်၏။ ပြီးတော့ ပြုံးမိပြန်သည်။ ပြီးတော့ ရှိုက်ယူထားသည့်မီးခိုးတို့ဖြင့် သူမမျက်နှာလေးကို ဖြည်းဖြည်း



သားမှုတ်လိုက်သည်။ မှုန်ဝါးပျောက်ကွယ်သွားသည့်မျက်နှာလေးအစား သူ့ အသံစာစာလေးက နေရာယူလာခဲ့ပြီး သူမနဲ့ဖြစ်ပျက်ခဲ့သော အခြေအနေ တစ်ရပ်သည်.. ၊

"ဖုန်း..ဖုန်း ဒါဒါဖုန်း၊ ကျွန်မဖုန်းဘယ်လွင့်သွားပြီလဲ.."

လူကိုပြေးဖက်လိုက်သလို ရင်ခွင်ထဲကို ပစ်စလတ်ခတ်ဝင်လာသည်။ ခါးကို သိမ်းကျုံးဖက်၏။ ပြီးတော့ မော့ကြည့်ပြီး ငါးစက္ကန့်လောက် မျက်လုံး ပြူးလေးနဲ့ ငြိမ်ကျသွား၏။ ထို့နောက် ဖြုန်းခနဲရုန်းထွက်ကာ ရှာရပြန်ပြီ ဖုန်း.. ၊

"ဖုန်းဘယ်ရောက်သွားပြီလဲမသိဘူး..လုပ်ပါဦး.."

"မင်းပဲ ကိုယ့်ကိုဝင်တိုက်တာနော်.."

"ဟုတ်ပါတယ်..အဲ့ဒါတမင်တကာမှမဟုတ်တာ.."

လူကိုမကြည့်ဘဲ လမ်းပေါ်မှာ လေးဘက်ထောက်တော့မတတ် ကုန်း ရှာဖွေနေတော့ သူပါဟိုရှာဒီရှာတွေဖြစ်သွားခဲ့သည်။ ဘယ်မှာမှလည်း တွေ့.. ၊

"မင်းမှာဖုန်းပါလာလို့လား.."

"ဒါဒါခုလေးတင်ပြောနေတာ.."

"ရှိမှမရှိတာ.."

"ရှိပါတယ်ဆိုမှ.."

"ဟော့..မလုပ်နဲ့လေ.."

ကွဲအက်ထင်နေသည့် ကွန်ဂရစ်အကျိုးတွေကို တွန်းဖယ်ဖို့လုပ်တော့ ခိုင်ချလိုက်ခြင်း အားစိုက်လိုက်ခြင်းမှာ သူမဆံပင်ဖျားတွေ ပခုံးကိုကျော် လွန်ကာ လမ်းပေါ်ခုန်ဆင်းကြ၏။ သူကမန်းကတန်းရှေ့တိုးကာ ဆံပင်တွေ ကိုဆွဲသိမ်းမလိုဖြစ်သွားသည်။ သို့သော် သတိပြန်ကပ်မိကာ လက်သည်သူ့ လက်လေးတွေကို ဘေးဖယ်တိုက်ချလိုက်ပြီး.. ၊

"အဲ့လိုအောက်တွေမှာ ပိုးကောင်မွှားကောင်ရှိတတ်တယ်ကွ.."

"ဒီကျင်းထဲကျသွားလို့ မတွေ့တော့တာ.."

"အဲ့ထဲကျသွားရင်မရတော့ဘူး..အောက်မှာရေဆိုးမြောင်းနဲ့.."

"ဟင်.."

သူမနှမျောခြင်းကြီးစွာဖြစ်လျက် ထိုင်နေရာကနေ ပြန်လည်းမထ
ဒီဖုန်းကြောင့် သူမသေလုမျောပါးဖြစ်နေတဲ့ပုံစံ သူမြင်ရတာနှစ်ခါရှိပြီ။ ဒီ
တစ်ခါတော့ ဖုန်းကိုင်ထားတာမမြင်ပေမယ့် ကိုင်ထားလို့သာ အသည်းအ
သန်ရှာတာဖြစ်မှာမို့ တစ်ခုခုလုပ်ပေးလိုစိတ်က ဆုံးဖြတ်ချက်ကိုမစောင့်

"မင်းကိုယ့်ကိုဝင်တိုက်ပြီး တမင်အကြံအဖန်လုပ်တာလို့တော့ မထင်"

"ဒီမှာ.."

"ဟေ့..မင်းကိုကိုယ်ဘာမှမပြောရသေးဘူး.."

"ခုပြောနေတာပဲလေ.."

"ပြောတာက ဆုံးမှမဆုံးသေးဘဲ..သူများစကားမဆုံးခင် ဖြတ်မပြော
ရဘူး.."

"မဟုတ်တာတွေပြောနေရင်တော့ မစောင့်နိုင်ဘူး..ဖယ်ပေး၊ အဲ့ခြေ
ထောက်အောက်က ပက်ကြားအက်ထဲ.."

"မင်းအဲ့မှာရှာတုန်း ကိုယ်ကြည့်ပြီးပြီ.."

ကိုကိုကပြောနေရင်း သူကိုင်ထားသည့်ဖုန်းကို ခဏတဖြုတ်အလှမ်
ရှုပ်လိုက်ပြီး.. ၊

"ရော့..ဒီဖုန်းယူသွားလိုက်.."

သူမက ကြောင်တောင်တောင်ပြန်ကြည့်၏။

"ရှင်ဘာတွေပြောနေတာလဲ.."

"မင်းအတွက် အဲ့ဒီဖုန်းက အသက်လောက်အရေးကြီးနေတယ်မို့လား
..တိုက်မိကြတာက မင်းကမမြင်သလို ကိုယ်လည်းမရှောင်မိတာလေ၊ မင်းက
ဒါလိုတယ်..ကိုယ့်အတွက်အပိုရှိတယ်၊ ယူသွား.."

သူမလက်လေးကိုဆွဲယူပြီး ဖုန်းထည့်ပေးလိုက်သည်။ ပြီးတော့ သူ
ရှောင်ထွက်လာခဲ့၏။ မယူပါဘူးငြင်းလို့မရအောင် ခြေလှမ်းတွေကိုပါ
လိုက်မိသေးသည်။ ဟိုတယ်ထဲဝင်လာကာမှ အမှတ်တမဲ့စမ်းလိုက်မိတော့
ကုတ်အင်္ကျီအတွင်းအိတ်တစ်ဖက်ထဲမှာ ဖုန်း.. ၊

သူခြေလှမ်းတွေတုံ့သွားသည်။ ဘယ်လိုမှမထင်မှတ်သည်မို့ ကမန်း
ကတန်းနှိုက်ထုတ်လိုက်တာ့ တကယ်ပဲHuaweiဖုန်းလေး ဖြစ်နေခဲ့လျက်

"ကျွတ်.."



စိတ်မကောင်းဖြစ်သွားကာ ချက်ချင်းနောက်ပြန်လှည့်မိသေးသည်။
သို့သော် ကိုယ့်ဖုန်းအစားပေးခဲ့တာကို သတိရလိုက်သဖြင့် ခြေလှမ်းပြန်တန့်
သွားသည်။ ထို့နောက် ကျေနပ်မိသလိုလို ကြည်နူးမိသလိုလို.. ၊

လူလူချင်းကျော်တက်လာပြီး နောက်ထပ်လူကိုဝင်တိုက်သည်။ ပြီး
တော့ ခါးကိုကျုံးဖက်လိုက်စဉ် ဒီဖုန်းထူးဆန်းစွာအိတ်ထဲရောက်လာခဲ့တာ
ဖြစ်မည်။ သူမနဲ့ကျမှ ဘယ်လိုတိုက်ဆိုင်မှုတွေနဲ့ ဆုံဆည်းနေခဲ့တာလဲ..။
မျက်ခုံးပါးပါး နှာတံလုံးစင်းစင်းလေးနှင့် မျက်နှာလေးက လက်တောက်နေ
သည့်မျက်ဝန်းတွေကြောင့် အတော်စွာမယ့်မိန်းကလေးဆိုတာ သိသာနေ
သည်။ ထို့ပြင် နှုတ်ခမ်းသားဖောင်းဖောင်းလေးတွေက ထူးခြားစွာချစ်ဖို့
ကောင်း၏။

ဖုန်းကိုလှမ်းယူလိုက်ပြီး မျက်နှာလေးကို သေချာစိုက်ကြည့်မိသည်။
ကြည့်နေရင်း စီးကရက်ခိုးတို့ကို သူမမျက်နှာလေးဆီ တငွေ့ငွေ့ထုတ်လွှတ်
ရင်း ပြုံးမိ၏။ ရင်ထဲမှာ အလိုအလျောက် စဉ်ဆက်မပြတ် ဖြစ်ပေါ်နေခြင်း
သည် တသိမ့်သိမ့်ကြည်နူးခြင်း.. ၊

ကိုယ်ရှာတာမဟုတ်ဘူး.. မင်းကရောက်လာတာ.. ၊

## အခန်း(၂၇)

"ဧကရီစောင့်နေတာ ရောက်မလာဘူး…ကိုကိုရောက်ချင်တဲ့နေရာကျတော့ ခြေထောက်နဲ့ဖြစ်ဖြစ် ဘာနဲ့ဖြစ်ဖြစ် ရောက်အောင်သွားတယ်.."

"အဲ့ဒီတော့ မင်းရှိတဲ့နေရာက ငါမရောက်ချင်တဲ့နေရာပဲလေ..ဘာမရှင်းတာ ရှိသေးလဲ.."

"မရှိပါဘူး…ကိုကိုမရောက်ချင်ပေမယ့် မကြားလို့မရတာတွေရှိတယ်၊ အခုကစပြီး ဧကရီဘာလိုချင်သလဲဆိုတာ ကိုယ့်ကိုယ်ကိုသေချာဖို့ကြိုးစားမယ်..ရအောင်လည်းယူမယ်၊ ကိုကို့ဆီက ဘယ်လိုမှမရနိုင်တဲ့အရာကို ထပ်မတောင်းဘူးဆိုရင် ကျန်တာကိုကို့ဘက်က ဘာတစ်ခုမှကဲန်ဆယ်လ်မလုပ်မိဖို့ ပြင်ထားပေး.."

လေသံတွေအကြည့်တွေ ပြောင်းလဲနေသည့်ဧကရီ့ကို ကိုကိုကစိုက်ကြည့်သည်။ ပြီးတော့ စီးကရက်ဘူးနဲ့မီးခြစ်ကို ထပ်ကိုင်၍ နေရာမှထရပ်လိုက်ပြီး.. ၊

"ပြောကြည့်လေ.."

"အခု ဧကရီ့ကွန်စရက်ရှင်မှာ ငွေလိုနေတယ်.."



"ဟွန့်.."

"လုပ်ငန်းထူထောင်ကာစဆိုတာကတော့.."

"မင်းရဲ့ငွေလိုမှုတွေက ဘီဖိုးတူအပ်ဖ်တာအတူတူပဲ..ဘာမှပြောင်းလဲမှာ မဟုတ်ဘူး.."

"ကိုကိုကလည်း ဧကရီ့ရဲ့အသက်ရှူသံကိုတောင် ကြိမ်နှုန်းနဲ့လိုက်ပြီး ကဲ့ရဲ့လာတဲ့သူပါ..ပြောစရာရှာနေရင် ပြောစရာတွေပဲတွေ့မှာပေါ့ကိုကို.."

"မင်းကိုပြောဖို့အတွက် ထိုင်စောင့်နေရအောင် ငါအားနေတာမဟုတ်ဘူး..မင်းဘာလုပ်နေလဲဆိုတာတွေလည်း စိတ်မဝင်စားဘူး၊ ဘာလုပ်လုပ်ဘယ်တော့မှလည်းမဖြစ်မြောက်ဘဲ တောင်းလို့မဆုံးဖြစ်နေတာမင်း.."

"တောင်းနေရတာက အတောင်းခံနေရတာကို ကျေနပ်နေတဲ့လူတွေကြောင့်လေ.."

"ဒါဆို မင်းတောင်းစရာမလိုအောင် ငါကအကုန်ချခင်းပေးထားရမယ်ပေါ့.."

ကိုကိုက ဧကရီ့ရှေ့ကို ခုန်လွှားသလိုရောက်လာကာ မျက်နှာချင်းထိတော့မတတ်ကပ်၍.. ၊

"ဖေဖေ့ဆီက ပြီးတော့ငါ့ဆီက..ဖေဖေ့ဆီမသွားစေချင်လို့ ကြီးကြီးကလက်ကြိတ်ထိုးပြေရှင်းပေးလိုက်တာတွေလည်း ရှိသေးတယ်၊ အဲ့ဒီထက်ဘာထပ်ပေးရဦးမှာလဲ.."

ဧကရီက ကိုကိုဆွဲခါပစ်တော့မှာသိကာ နောက်ထပ်ဆုတ်လိုက်သည်။ ကိုကိုက လိုက်ကပ်တိုးကာ.. ၊

"ငါတို့စီးပွားရှာနေကြတာ မင်းစိတ်ကြိုက်သုံးနေဖို့မဟုတ်ဘူး..ဘိုးဘွားမိဘရဲ့အမွေအနှစ်ဆိုတာလည်း စုဆောင်းထိန်းသိမ်းဖို့ သုံးဖြုန်းပစ်ဖို့မဟုတ်ဘူး၊ အထူးသဖြင့် မင်းလိုမိန်းမမျိုးကြောင့် ပွန်းပဲ့မခံနိုင်ဘူး.."

"ဧကရီက ဘာဖြစ်နေလို့လဲကိုကို.."

"ဧကရီဆိုတာ မင်းဖြစ်နေလို့ပဲ.."

မဆိုင်းမတွဖြေပြီး ကိုကိုကလှည့်ထွက်သွားသည်။ ခြေသုံးလှမ်းလောက်ကွာသွားမှ တုံ့ရပ်ကာ.. ၊

"မင်းနောက်ထပ်တောင်းဆိုဖို့တွေ ရှိသေးလား.."

"ရှိတယ်..ကိုကိုပေးပေးမပေးပေး တောင်းရမှာပဲ၊ တောင်းပြီးလည်း ရအောင်ယူမှာ.."

ကိုကိုက မျက်နှာငဲ့လာပြီး ခပ်ဖြည်းဖြည်းပြန်လှည့်ရပ်ကာ.. ၊

"ဟုတ်လား..ပြောကြည့်ပါဦး၊ မင်းလည်းပြီးအောင်ပြော ငါလည်း ပြောဖို့ရှိတယ်.."

ဘာလဲဆိုသည့်မျက်ဝန်းလေးတွေက စူးစမ်းသလိုတစ်ချက်ငေးသွား သည်။ ပြီးမှ ခေါင်းညိတ်လိုက်ကာ.. ၊

"မန္တလေးက မောလ်ကိုဧကရီ့ကိုလွှဲအပ်ကြောင်း ဝန်ထမ်းအားလုံးရှေ့ မှာ ကြေညာပေးပါ..ကိုကို့ရဲ့ဂရုမစိုက်မှုတွေကြောင့် အဲ့ဒီဝန်ထမ်းအစုတ်ပ လုတ်တွေ အချိုးမပြေစွာဆက်ဆံနေတာ ဧကရီမခံနိုင်ဘူး.."

"ပြီးပြီလား.."

"လောလောဆယ် အဲ့ဒါပဲလိုချင်တာ..ဦးဆီက သိန်းနှစ်ထောင်ယူပြီး တည်းက ဧကရီကရာဇဝတ်မှု ကျူးလွန်ထားတဲ့အတိုင်း ဘာမှထပ်မရ ဘာ မှလည်းလုပ်ခွင့်မရှိ..တကယ်တော့ လုပ်ငန်းတစ်ခုထူထောင်တာ ဒီငွေ လောက်နဲ့.."

"တော်တော့.."

တားဆီးသံက ဒေါသကြောင့်ဟိန်းထွက်သွား၏။ ဧကရီကလည်း ပြန်ခံပြောဖို့ ပြင်ဆင်ထားသည့်မျက်နှာလေးနှင့် တင်းတင်းမာမာဖြစ်သွားခဲ့ လျက်.. ၊

"မတော်နိုင်ဘူးကိုကို..ဒီငွေမရရင် ဘာမှမစရသေးဘဲ အဆုံးသတ် သွားမှာ၊ အဲ့လိုဧကရီအဖြစ်မခံနိုင်ဘူး..အထူးသဖြင့် ကိုကိုကျွမ်းကျင်တဲ့ကွန် စထရပ်ရှင်ဖြစ်နေလို့၊ ပြီးတော့ ကိုကိုဘာမှမကူညီဘဲ ဧကရီမှားမယ့်ခြေလှမ်း ကို စောင့်နေတာမှန်းသိလို့..အဲ့ဒါကြောင့် လုံးဝလဲပြိုမခံနိုင်ဘူး.."

"ငါနဲ့ယှဉ်ပြိုင်ဖို့အတွက် စိန်ခေါ်နေတာ ငါ့ငွေနဲ့လား.."

လှောင်ရယ်နေသည့်မျက်ဝန်းတွေကြောင့် ဧကရီ့မျက်နှာလေး နီလာ သည်။ ကိုကိုက သူမကိုစိုက်ကြည့်ရင်း စီးကရက်တစ်လိပ်ထုတ်သည်။ ပြီး တော့ မီးညှိမလိုပြင်ပြီးမှ ဒီတိုင်းကိုင်ထားရင်း.. ၊

"ယှဉ်ပြိုင်ကြိုးစားတော့မလိုလို မဟုတ်တဲ့မာနတွေ ပြမနေနဲ့..အဲ့ဒါ



[illegible]နမဟုတ်ဘူး၊ မှားမှန်းသိရက်နဲ့ နောက်မဆုတ်ချင်တာ..'ငွေမျောရင်ငွေ [illegible]လိုက်'ဆိုတဲ့ လောင်းကစားသမားစိတ်ဓာတ်မျိုး.."

"ဟုတ်တယ်..ကိုကိုမှန်တယ်.."

"နောက်ထပ်မှန်တာပြောရဦးမယ်..မင်းဘာလုပ်လုပ်ကုန်မှာပဲ.."

"ကုန်မကုန်သိဖို့က ကုန်ဖို့ရှိမှဖြစ်မှာ.."

"ဟား ဟား ဟား ဟား.."

ကိုကိုက ပြက်လုံးတစ်ခုကြားလိုက်သလို ချာခနဲလှည့်ထွက်သွားရင်း [illegible]ယ်သည်။ ပြီးတော့ စီးကရက်မီးညှိနေသလို ဧကရီကသူ့ဘေးကိုသွားကာ.. ၊

"ဇနီးမယားတစ်ယောက်က အပူရုပ်နဲ့ဗျာများနေရင် အဲ့ဒီမိန်းမရဲ့ယော [illegible]ားမှာ သိက္ခာတွေတိုးသွားတယ်လို့များ ကိုကိုအမှတ်မှားနေသလား.."

မျက်နှာရှေ့လာပြောတော့ ကိုကိုမျက်မှောင်ကုတ်သွားသည်။ ဧကရီ [illegible] လေးနက်သည့်အကြည့်တို့ဖြင့်.. ၊

"ဧကရီ အမှုရင်ဆိုင်ရမလိုဖြစ်နေတယ်ကိုကို..ကိုကိုကဧကရီ့ယော [illegible]ားပါ.."

"မင်းဘက်က ရိုက်ခတ်လာမှာတွေကို ကြောက်နေရင် အစတည်းက [illegible]က်ထပ်ခဲ့ပါ့မလား..မင်းနေချင်သလိုနေလို့ရနေတာ မင်းသိပ်တော်နေလို့ [illegible]တော့ မထင်နဲ့၊ မင်းအပေါ်မှာ ငါ့ရဲ့စိတ်ဝင်စားမှုက ဒါပဲ..မင်းဘက်ကအရိပ် [illegible]ည်းတာနိတာ ငါ့ဂုဏ်သိက္ခာပေါ် ဘာအရောင်ဟပ်မှာ ဘယ်လိုဖြစ်မှာ ဘာ [illegible]ဘာမှ စိတ်လည်းမဝင်စားဘူး..စိုးလည်းမစိုးရိမ်ဘူး.."

ပြောရင်း မေးဆတ်လိုက်ပြီး.. ၊

"အဲ့ဒီတော့ လင်နဲ့မယားဆိုတဲ့ ပတ်သက်မှုတွေနဲ့ ချည်နှောင်ဖို့မကြိုး [illegible]းဘဲပြောရအောင်..မင်းလိုချင်တာ ငါဘာမှမပေးနိုင်ဘူးဆိုရင် ဘာလုပ် [illegible]လဲ.."

"မပြောသေးဘူးဆိုတော့ ဧကရီဘာလုပ်မယ်ဆိုတာ မလိုသေးပါဘူး"

"ဒါဆိုနောက်ထပ်သေချာတာ တစ်ခုရှိတယ်.."

ကိုကိုက လှည့်ထွက်သွားပြီး စားပွဲအံဆွဲကိုဖွင့်သည်။ ပြီးတော့ ဖိုင် [illegible]ညှပ်ထားသည့် အထဲကစာရွက်တို့ကိုထုတ်၍ ဧကရီ့ဘက်ကိုလှည့်ကြည့် [illegible]ာ.. ၊

"ဒီမှာလက်မှတ်ထိုးမယ်ဆိုရင် မင်းအခုလိုချင်တာထက် ပိုရမယ်.."

စာချုပ်ကို သူမမြင်နေရသည်။ ဒါပေမယ့် မယုံနိုင်သေးဘဲ စားပွဲနားထိ ခုန်လွှားမတတ်ရောက်သွားပြီး ငုံ့ကြည့်မိသည်။

ကွာရှင်းစာချုပ်.. ၊

ပြန်မော့ကြည့်လိုက်တော့ ကိုကိုက စားပွဲစွန်းမှာ တင်ပါးကပ်မှီ၍ လက်ပိုက်ကြည့်နေသည်။ မျက်ဝန်းမှာ ကြင်နာဟန်မတွေ့။ နှုတ်ခမ်းသားတို့မှာ ပြေပြစ်နေသယောင်ရှိပေမယ့် တကယ်ကသေသပ်ကျနစွာ စေ့ပိတ်နေတာဖြစ်သည်။ ဒီယောကျ်ားသူမအပေါ်မှာ ဘယ်တုန်းကမှမကြင်နာ။ ဉစ္စာတွေကို အားမနာတမ်းပေးလာခဲ့သလောက် တစ်ရှူးတစ်စလို အလွယ်လေးစွန့်ပစ်ဖို့လည်း ဘယ်အချိန်အခါဖြစ်ဖြစ် ဝန်လေးမယ့်သူမဟုတ်ပေ။

ဒါပေမဲ့ သူမကဘယ်သူမို့လို့လဲ..။ ဧကရီဆိုတာ ဘယ်လိုမိန်းမမို့လို့လဲ.. ၊

စိုက်ကြည့်နေသည့် မျက်လုံးစိမ်းတွေက တလက်လက်တောက်လာခဲ့လျက် ဧကရီ့အကြည့်တွေမှာ ကောက်ကွေ့မှုတွေပါလာသည်။ ပြီးတော့ အေးစက်စက်ပြုံးလိုက်ပြီး ဟွန့်ခနဲမဲ့သည်။

"အဲ့ဒီလိုပေးနိုင်တဲ့ယောကျ်ားကိုစွန့်လွှတ်ပြီး အဲ့ဒီလောက်ပေးစာကမ်းစာလေးကို ဧကရီကယူသွားမယ်ထင်လို့လား.."

"မထင်ပါဘူး.."

ပြောရင်း စာချုပ်ကိုခုမှတွေ့သလို ကိုကိုကကောက်ယူပြီး သေချာကြည့်သည်။ ပြုံးလိုက်သည့်မျက်နှာသည်လည်း ဒေါသမရှိ အံ့သြရိပ်မထင်။ စာချုပ်ကို စားပွဲပေါ်ပြန်ချထားလိုက်တာ အေးဆေးပဲဖြစ်ကာ.. ၊

"ဒီစာချုပ်ကိုမြင်တာနဲ့ မင်းဘာဖြစ်သွားမလဲဆိုတာ သိရက်နဲ့ ဘာဖြစ်လို့ပြတာလဲဆိုတော့ မင်းမကြာခင်ငါ့ကို ကွာရှင်းပေးရတော့မှာ သိစေချင်လို့.."

"အဟွန်း..ဟွန်း.."

ဧကရီက လက်လေးပိုက်ပြီးရယ်သည်။ ကိုကိုက စီးကရက်ရှိုက်ရင်း သူမကိုငဲ့ကြည့်ကာ.. ၊

"တစ်နည်းပြောရရင် မင်းကိုဂရုမစိုက်လို့.."



"ဧကရီ့ကိုလျှော့တွက်ထားတာလည်း ဖြစ်နိုင်ပါတယ်.."

"မင်းကိုလျှော့မတွက်ပါဘူး..မင်းငါ့ကိုလျှော့တွက်ပြီး သတိလက်လွတ်မနေမိအောင် သတိပေးတာ၊ ငါပြင်ဆင်နေတာတွေက မိန်းမတစ်ယောက်အပေါ် အလစ်ဝိုက်စောင့်ပြီး တိုက်ခိုက်ဖို့မဖြစ်ချင်လို့.."

"ဟား ဟား ဟား.."

ချောက်ချားနေသည့်မျက်ဝန်းတွေကို ကာကွယ်ပေမယ့် ရယ်သံက ခြောက်ကပ်ကပ်နိုင်ကာ.. ၊

"ရှင့်လိုလူကို ဂရုမစိုက်လို့စိန်ခေါ်ပြီဆိုတည်းက ဧကရီ့မှာလည်း ဝှက်ဖဲရှိတယ်ဆိုတာ မမေ့နဲ့လေ..ဒါပေမယ့် ရှင့်လိုတော့ လေကြီးမိုးကြီးလုပ်ပြီး ချမပြနိုင်ဘူး၊ ကျန်တာကို ငွေရောင်ပိတ်ကားပေါ်မှာ ဆက်လက်ရှုစားပါပေါ့..ဟွန်း.."

လှည့်ထွက်လာသည့်နောက်မှာ ရယ်နေခဲ့သည့် နှုတ်ခမ်းတွေတင်းကပ်စေ့ပိတ်သွားသည်။ အံကြိတ်တာတောင် အားမရနိုင်ဘဲ တက်ခေါက်မိတဲ့အထိ။ သူမမျက်လုံးထဲမှာ ဆောက်လက်စသုံးထပ်အဆောက်အဦးကိုမြင်ယောင်လာသည်။ ပြီးတော့ ငွေထုတ်ပေးဖို့ပြောနေသည့် သူမရဲ့တွဲဘက်ကန်ထရိုက်တာမိုးဆွေရဲ့မျက်နှာ။ ပြီးတော့ သူပြောသမျှ ဘယ်တုန်းကမှမလိုက်လျောခဲ့သည့် ကိုကို့မျက်ဝန်းတွေ။ ပြီးတော့ ငွေတွေယူသုံးပြီး ဘယ်တုန်းမှ ပြန်ဆပ်ဖို့သတိမရသည့်မာမီနဲ့ကိုလင်း။ ထို့နောက် ကိုကို့ရင်ခွင်ထဲမှာ အကျအနနေရာယူနေသည့်ဒါဒါ။ သူမကိုတော့ ဖုန်းကိုင်ပြီး ဂရုတစိုက်ရှင်းပြနေသည့် ကိုကို့အမူအရာတွေ။ ပြီးတော့ မောလ်က ကက်ရှာတွေကအစ အချိုးမပြေကြသည့် မန်နေဂျာအဆုံး။ ဖျတ်ခနဲပေါ် ဖျတ်ခနဲပေါ်လာခြင်းဖြင့် အားလုံးသောမျက်နှာတွေက သူမဘေးမှာစက်ဝိုင်းကြီးလို လည်ပတ်နေသည်။

"တောက်..ဘာတွေလဲ သွား.."

ခြေစုံရပ်လိုက်ပြီး တအားအော်ပစ်မိသည်။ လက်မှတ်ထိုးဖို့ ဖိုင်အထပ်လိုက်ကိုင်ပြီး ကော်ရစ်ဒါဘက်က ကွေ့ဝင်လာသည့်မိန်းကလေးတစ်ယောက် ခြေလှမ်းရပ်သွားသည့်ပြင် သူမအော်သံကြောင့် တုန်ခနဲဖြစ်သွားသည်။ ပြီးတော့ ရှေ့ဆက်လျှောက်လာရတော့မလိုလို ပြန်လှည့်သွားရမလိုလို လက်

လေးတွေပါ တုန်နေ၏။

"ဒေါက် ဒေါက် ဒေါက်.."

ဧကရီ ခြေလှမ်းကျဲနှင့်လျှောက်ထွက်သွားတော့ စီးထားသည့်ဒေါက်ချွန်က ကြမ်းခင်းကြွေပြားတွေကို ပေါက်ခွဲဝင်တော့မတတ် ဖိနပ်၏ထိခတ်သံက ပြင်းထန်နေသည်။ ကိုယ့်ကိုတိုက်မှာမဟုတ်မှန်းသိရက်နှင့် ဖိုင်တွေကို ရင်ခွင်ထဲမှာဖက်၍ သူမဘေးကိုကမန်းကတန်းကပ်ပေး၏။ ထိုစဉ် သူမကပ်လိုက်သည့် ဘေးတံခါးပွင့်သွားခဲ့ပြီး နဂိုတည်းက မျက်လုံးပြူးသည့် တာဝန်ခံစောသိန်းထွန်းသည်.. ၊

"ဘာလဲ..ဘာဖြစ်သွားတာလဲ.."

"အစ်မဧကရီလေ..သူ ဒွေးကတော်.."

"ဟား ဟား ဟား..သိသားပဲ၊ အော်သံကြားလိုက်တည်းက..သူ့ဆီရောက်လေရာမှာ မိုးကြိုးပစ်တာ.."

"ဟုတ်တယ်..အခုမိုးကြိုးအပစ်ခံရမှာ နင့်အလှည့်.."

"ဟင်.."

"ဖြန်း.."

အနားကို လျှပ်စီးလက်သလိုရောက်လာပြီး ရိုက်ချပစ်လိုက်တာ ပြင်းထန်သည်။ စောသိန်းထွန်း ဘာမှမသိလိုက်ခင် မျက်နှာလည်ထွက်သွားကာ ဧကရီသည် ဒေါသမပြေနိုင်စွာ တက်ခေါက်နေလျက်.. ၊

"လူပါးဝတဲ့အောက်တန်းစားတွေ..နင်တို့ကြောက်ရမှာငါ့ကို၊ ကိုကိုကိုမဟုတ်ဘူး..အားလုံးကိုတန်းစီ ဖြုတ်ပစ်မယ်၊ လူကိုဘာမှတ်နေသလဲ..ဟွန်း နောက်တစ်ခါ ငါ့ခြေသံကြားတာနဲ့ ဝေးဝေးကရှောင်..အသက်ပြင်းပြင်းရှူဖို့တောင် စိတ်မကူးနဲ့.."

ဒေါသသည် အရာအားလုံးကို အရိပ်ပျောက်၍ အကောင်မမြင်အောင်သော.. ၊

☎



အခန်း(၂၈)

"တော်ရုံနဲ့ကျွန်မဒေါသထွက်တာ မဟုတ်ဘူးနော်ကိုမင်း..အခု ရှင့်ကြောင့် ရန်ဖြစ်ရ သတ်ပုတ်ရနဲ့၊ အကုသိုလ်တွေ တော်တော်များနေပြီ.."

မင်းနိုင်မျက်နှာ သုန်မှုန်နေသည်။ ခေါင်းတွေမူးနောက်နေခြင်းနှင့်အတူ အိမ်အဝင်ဝကနေ ဆီးကြိုရန်ရှာခြင်းအတွက် ဘယ်လိုမှသည်းမခံနိုင်..၊

"ငါလည်းမင်းလိုပဲယု..မိန်းမနှစ်ယောက်နဲ့ ဗျာများနေရတဲ့ကောင်မျိုးဖြစ်နေရတာ ငါ့ကိုယ်ငါလည်းရှက်တယ်.."

"ရှက်ရင်ကင်းကင်းရှင်းရှင်းနေလေ..ရှင်သံယောဇဉ်ကြီးစွာ ထောက်ပံ့ပေးကမ်းနေတာတွေက သူတောင်းစားပေးပေးနေတာ မဟုတ်ဘူး၊ ရှင်တို့ကြိတ်ပေါင်းနေကြတာ.."

"ယုဝတီ.."

"ဘုန်း.."

လွယ်ထားသည့်ဘေးလွယ်အိတ်ကို ခေါင်းကနေဆွဲချွတ်၍ စားပွဲပေါ်ဖြစ်သလိုလွှဲပေါက်ပစ်လိုက်ပြီး စိတ်တိုသလောက် အော်လိုက်မိသည်။

"စကားပြောတာ မိန်းမသားချင်းစာနာပြော..မင်းမှာကလေးရှိသလို

သူ့မှာလည်း ကလေးတစ်ယောက်နဲ့.."

"အဲ့ဒါကြောင့် ကျွန်မကမျှဝေ မျှစားရမှာလား.."

"မင်းကမျှချင်ပါတယ်ဆိုတာတောင် ဟိုကမျှစားမှာမဟုတ်ဘူး..ဒါဒါ ကမာနကြီးတယ်.."

"သိပါတယ်..အဲ့ဒီမိန်းမကို ရှင်ဘယ်လိုတောင် ဒူးထောက်ခယပြီး ရအောင်ကြိုးစားခဲ့ရသလဲဆိုတာ ဟွန်း..ကျွန်မကတော့ ခုကြိုက်ခုယူ ခေါ် ပေါပေါရခဲ့တာကိုး.."

ယုဝတီက နာကျင်သံတွေနှင့် မဲ့ရွဲ့ပြောနေကာ.. ။

"ယောကျ်ားတွေက မရတာကိုမှလိုချင်တာ..ခိုးစားရမှ ကောင်းတယ်ထင်တာ၊ အဲ့လိုတန်ဖိုးမသိတဲ့ယောကျ်ားတွေကြောင့်.."

"ယု..မင်းတော်တော့၊ ငါသိပ်နေမကောင်းဘူး..ဝေးဝေးသွားနေလိုက် ငါတောင်းပန်တယ်..သွားစမ်းပါ.."

ကြည့်စမ်း.. လူကိုခွေးမောင်းသလိုပါလား.. ။

မွေးနေ့ပြီးတည်းက ကိုယ်ကတော့ကိုယ်လုပ်လိုက်တာ လွန်သွားတယ်ထင်လို့ သူ့မျက်နှာတကြည့်ကြည့်နဲ့ လေပြေထိုးရ မျက်နှာချိုသွေးရ.. ။

"မင်းတို့ချင်းဘာဖြစ်ဖြစ် ကလေးကိုမင်းပြောဆိုလွှတ်လိုက်တာ တော်တော်များသွားပြီယုဝတီ..အဲ့ဒီအတွက် မင်းကိုငါဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်ဘူး.."တဲ့.. ။

မျက်နှာပျက်ပျက်နဲ့ပြောလာတော့ သူမလန့်သွားသည်။ ကိုယ်လွန်သွားတာကို သိလိုက်တော့ ပိုဆိုး၏။ သဇင်မင်းဆိုတဲ့ကောင်မလေးကို လက်ဆွဲပြီး အိမ်ရောက်လာသည့်မြင်ကွင်းက သူမဘက်ကသည်းခံနိုင်စွမ်းကို ကုန်စေခဲ့သည်။ ထို့ကြောင့် ကောင်မလေးစားသောက်နေတုန်း ဖအေလည်းအိမ်ထဲဝင်သွားတုန်း.. ။

"ဟဲ့..ဒါနင့်အဖေတစ်ယောက်ပဲပိုင်တဲ့အိမ်မဟုတ်ဘူး၊ ငါလည်းပိုင်တယ်..ငါ့ခွင့်ပြုချက်မရှိဘဲ နောက်ထပ်နင့်အဖေခေါ်တိုင်း လိုက်မလာရ၊ နင့်အမေက မယားငယ်..မယားငယ်ကမွေးတာကြောင့် ငါ့ကိုယ်ငါမိထွေးအဖြစ်မခံနိုင်ဘူး၊ နောက်ထပ်ငါ့ရှေ့ရောက်လာရင် နင့်အမေကို ငါပါးသွားရိုက်မှာ နားလည်လား.."



သဇင်မင်းရဲ့မျက်ဝန်းလက်လေးတွေကို ရုတ်တရက်သတိထားမိ၏။ အမေကိုထိခိုက်ပြောလိုက်မှ စိုးရိမ်ထိတ်လန့်ပြီး နောက်မလာရဲမှာလို့ ထင်ခဲ့သည်။ ဒါပေမဲ့ ကောင်မလေးက ကြောက်လန့်ငြိမ်ကုတ်မသွားခဲ့ပေ.. ။

"မေမေ့ကိုပါးရိုက်ရင် မေမေကလည်းပြန်ရိုက်မှာပေါ့...ဖေဖေက သမီးအဖေ၊ ဖေဖေ့အိမ်မို့လို့ သမီးလာတာ..အန်တီ့ကို ဖေဖေနဲ့ပြန်တိုင်မယ်.."

"အံမာ..နင်ကလား.."

ဒေါသထွက်လွန်းလို့ လက်ရွယ်လိုက်မိသည်။ ဒါကိုမင်းနိုင်က မြင်သွား၏။

"မင်းဘာတွေပြောနေတာလဲ..ကလေးက ဘာပြောလို့လက်ပါတာလဲ"

"ရှင့်သမီးက ကက်ကက်လန်ပြောနေတာလေ.."

"သမီးကိုသူပြောတာ..ဒီအိမ်ကိုမလာရဘူးတဲ့၊ မေမေ့ကိုပါးသွားရိုက်မယ်တဲ့.."

သဇင်မင်းက မတ်တပ်လေးထရပ်ပြီး အော်ပြောသည်။ ဖအေဖြစ်သူက သမီးကိုဆတ်ခနဲ လက်ဆွဲ၍ထွက်သည်။ ထိုနေ့က မင်းနိုင်ပြန်မှလာပါ့မလားလို့တောင် ရင်တွေပူနေခဲ့ရလေသည်။ မင်းနိုင်က ရုပ်ရည်ရှိသည်။ လူငယ်ပေမယ့် မပွေမရှုပ်ဘဲ ကြိုးစားရှာဖွေတဲ့လူဖြစ်သည်။ အစတည်းက ယောကျ်ားကိုတုန်အောင်ချစ်သူမို့ သူမကပဲလေပြေထိုး ချော့မော့ဖို့ကြိုးစားခဲ့ရ၏။ ခုတော့ ဘယ်လိုမှမျိုသိပ်သည်းခံနေလို့ မရတော့အောင် ဖြစ်လာခဲ့သည်။

အပြုံးအရယ်မဲ့သွားခဲ့သည့် မင်းနိုင်မျက်နှာက နေမကောင်းလို့လား စိတ်ဆိုးမပြေတာလား ခွဲခြားရခက်လောက်အောင် တည်နေသည်။ မေးထူးခေါ်ပြောထက်မပိုခဲ့ဘဲ ပိုက်ဆံလည်းမအပ်တော့ပေ။ ထို့ပြင် အိမ်မှာထမင်းလည်းမစားတော့ဘဲ ပြန်လာပေမယ့် ရေချိုးပြီးအိပ်ရာတန်းဝင်၏။ ဒီကလေးလေးကိုပြောဆိုမိတာအတွက် ဒီလောက်တောင်ဖြစ်သွားတာလား..။ ဇနီးမယားတစ်ယောက်အတွက် ဒီလိုအခြေအနေတွေမှာ ဒီလိုအမှားမျိုး ကျူးလွန်မိတတ်ကြတာ ကိုယ့်ကျမှ ကမ္ဘာပြိုမယ့်အမှားမျိုးဖြစ်သွားတာလား.. ။

"ညည်းယောကျ်ားက အစတည်းက ဟိုမိန်းမကိုပြတ်တာမှမဟုတ်တာ..ဒါဒါဆိုတဲ့မိန်းမကိုလည်း ကြည့်ဦး၊ စားစရာသာမရှိတာ ပြင်ထားလိုက်

တာ ရုပ်ရှင်မင်းသမီးရှုံးတယ်..ညည်းက ဆံပင်ရှည်ကျစ်ဆံမြီးနဲ့ ပိန်ရှည်ရှည်ပြားကပ်ကပ်၊ ဟိုကလုလိုက်တာမှ လေတိုးရင်ကျိုးမတတ် ခါးကသေးသေး ထွာဆိုင်အလုံးအခဲတွေနဲ့ ဘယ်ယောက်ျားကမပြစ်မှားဘဲ နေနိုင်မှာလဲ..ပြောရရင် အဲ့ဒါမယားငယ်ကိုယ်လုံးပဲ၊ ခုခေတ်..ဘာတဲ့ စနိုက်ကျော်မဆိုလား.."

ကိုယ့်ညီအစ်မချင်းမို့ သူမတို့ကမညှာမတာဝေဖန်ထောက်ရှုနေကြသည်။ ကိုယ့်ရင်ထဲမှာတော့ မသက်သာလှပါ။ ချက်ချင်းပဲ အလှပြင်ဆိုင်ခေါ်ရတော့မလိုလို။ ဖေဒါဖြူဆိုတဲ့မိန်းမကိုပဲ မျက်နှာကိုရေချွေးပုန့်နဲ့ ပြေးပက်ရတော့မလား.. မင်းနိုင်သာ ကိုယ့်ဘက်ပြန်ပါလာမယ်ဆို တကယ်လုပ်မိမလားတောင် မသိပါ။ သူမမင်းနိုင်ကို မက်မောခဲ့တာဟာ သူများတွေတွက်ချက်သလို ဒီကောင်လေးရုပ်ချောတယ် ကြိုးစားတယ်ဆိုသည့် အရည်အချင်းကောင်းတွေကြောင့်ပဲ မဟုတ်ပါ။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မစွန့်လွှတ်မခွဲခွာနိုင်အောင် ချစ်၍မက်မောခဲ့တာဖြစ်သည်။

သင်းကတော့ ကိုယ့်ကိုမကြင်နာပါလား..။ ပိုချစ်တော့ ပိုနာသည်၊ ဥပေက္ခာထားခံရတော့ ပိုပြီးနာကျည်း၏။ ထို့ကြောင့် ယုအံ့ကြိတ်လိုက်ပြီး မင်းနိုင်ဝင်သွားသည့်အခန်းထဲကို ထမီတစ်ဖက်'မ'ပြီး လိုက်ဝင်ခဲ့သည်။ မင်းနိုင်လှဲချလိုက်ကာမှ ခေါင်းအုံးကိုဆွဲယူပစ်ပေါက်လိုက်ကာ.. ။

"ရှင် ကျွန်မကိုကွာရှင်းချင်နေတာလားကိုမင်း..ရှင်းရှင်းပြောစမ်းပါ မွေးနေ့ကိစ္စအကြောင်းပြပြီး ကွာမပေးရင် မကျေနပ်နိုင်တဲ့အချိုးမျိုး ချိုးပြနေတာလား.."

"တောက်.."

"ဘာတက်ခေါက်တာလဲ..ဘာကြောင့်လဲ၊ ဖေဒါဖြူနဲ့ပေါင်းချင်နေပြီ ကျွန်မကအနားမှာရှိနေတော့.."

"ယုဝတီ..မင့်ကိုငါတောင်းပန်နေတာပါ၊ ငါနေမကောင်းလို့ တစ်ယောက်တည်းနေပါရစေ..ထွက်သွားပါ.."

"မနေရဘူး..ရှင်လုပ်နေပုံကိုလည်း သည်းခံမနေတော့ဘူး၊ အခု မပြော..အဲ့ဒီဟာမအတွက် ပိုက်ဆံတွေပံ့ပိုးနေတာ ဘယ်လောက်တောင်ရှိပြီလဲ သူနဲ့ပြန်ပေါင်းခွင့်ရဖို့ ရှာလို့ရသမျှ သွားပေး.."



"ဟုတ်တယ်..ငါပေးနေတယ်၊ ဒါပေမယ့် ပေါင်းဖို့မဟုတ်ဘူး..ငါ့သမီးကရောဂါရှိတယ်၊ အကျိုးအကြောင်းရှိလာရင် ကုန်စရာရှိမှဖြစ်မယ်..အဲ့ဒါကြောင့်.."

"အမလေး ရောဂါသည်ကလည်း ဝတုတ်ဖြူဖွေးပြီး စွာလိုက်တာမှ ကက်ကက်လန်..အကြောင်းပြချင်လည်း သူများယုံလောက်မယ့်အကြောင်းမျိုးပြလေ၊ ရှင်ပြောသမျှ သမီးအတွက်ချည်းပဲ..မအေအတွက်လည်း လုံးဝကိုမပါတာ တကယ်လား၊ သမီးပေးရင် အမေရမယ်မှန်း ကလေးချေးကအစ သိတယ်နော်..ပုံပြင်တွေရိုးနေပြီ.."

"ဟုတ်တယ်ဆိုတော့ မင်းဘာလုပ်ချင်သလဲ.."

"ဪ ဪ.."

"ပြောမလား..မင်းဘာဖြစ်ချင်တာလဲ ကိုယ့်ကိုယ်ကိုမစဉ်းစားရသေးရင် သွားစဉ်းစားလိုက်ဦး၊ အခု ငါတစ်ယောက်တည်းနေချင်တယ်.."

ပြောပြီး ဒီတိုင်းလှဲချလိုက်သည်။ ပြီးတော့ ဖုန်းလှမ်းယူလိုက်ပြီး..

"သီဟလား..နှစ်လုံးလောက်ဆွဲခဲ့ကွာ၊ မဟုတ်ဘူး..သုံးလုံးလောက်၊ အမြည်းမလိုဘူး..မင်းစားချင်ရင်တော့ ဝယ်ခဲ့ပေါ့.."

"နေမကောင်းဘူးဆိုပြီး အရက်ကျတော့ သုံးလုံးတောင်လား..ကျွန်မကိုရွဲ့ချင်ရင်လည်း ကိုယ့်ကိုယ်ကိုသေအောင်သတ်မနေနဲ့၊ ဘယ်မိန်းမနဲ့မှ မနေလိုက်ရဘဲ သေချင်းဆိုးနဲ့သေသွားဦးမယ်.."

ပြောချင်သလိုပြော မင်းနိုင်ကလှည့်လည်းမကြည့် ပြန်လည်းမပြောတော့ပေ။ အိပ်ရာထဲမှာ နဖူးပေါ်လက်တင်၍ မျက်လုံးတွေပါမှိတ်ထားလိုက်၏။ ယုထွက်သွားသည့် ခြေသံကြမ်းကြမ်း ပြန်လည်တိတ်ဆိတ်သွားမှ မျက်လုံးတွေပြန်ဖွင့်၏။ နဖူးပေါ်ကလက်ကို ရုတ်လိုက်ပြီး နေရာမှထသည်။ ထို့နောက် အဝတ်ဗီရိုကိုဖွင့်၍ သူသည်တစ်စုံတစ်ရာကို ရှာဖွေနှိုက်ထုတ်ရင်း.. ။

## အခန်း(၂၉)

"လူမမာက ကိုယ့်ဘာသာဆေးခန်းသွားရတယ်..ကြည့်ဦး အိပ်နေတာ သိုးလို့.."

"ကလေးနေမကောင်းတော့ ရက်ဆက်အိပ်ရေးပျက်ထားလို့ပါဝင်းမောင်ရယ်.."

"ဟား ဟား ဟား.."

ခနိုးခနဲ့ရယ်လိုက်သည့်အသံကြောင့် သူမကြားနေရသည့်စကားသံတွေက အိပ်မက်မက်နေတာ မဟုတ်မှန်းသိလိုက်သည်။ ပြီးတော့ ဆေးနံ့က ထောင်းခနဲဝင်လာသဖြင့် အမေဆေးခန်းကပြန်လာတာ တွေးမိကာ မျက်လုံးတွေဖွင့်လိုက်တော့ စပ်ဖျင်းလေးလံနေ၏။ သူမအိပ်ရေးမပျက်ဘူးတာ မဟုတ်။ ဒီလိုမျိုးမျက်လုံးမဖွင့်ချင်အောင် ဖန်တွတ်ကျိန်းစပ်နေတာမျိုး မဖြစ်ခဲ့ဘူးပေ။ မျက်လုံးကို အတင်းပြူးပြဲဖွင့်၍ လှဲနေရာကထထိုင်လိုက်တော့ ရင်ခွင်ထဲမှာအိပ်နေသည့် မင်းမင်းကမျက်လုံးဖွင့်ကြည့်၏။

"မေမေဘယ်မှမသွားဘူးသမီး..အိပ် အိပ်.."

"မေမေ့..ဘဘနဲ့ရန်မဖြစ်နဲ့နော်၊ အပြင်လည်းထွက်မသွားနဲ့.."



ကလေးက မအိပ်သေးတာမို့ အားလုံးကြားနေရသည်ထင်၏။ ဒါဒါ ခေါင်းညိတ်ပြလိုက်ပြီး ဆံပင်တွေကို လက်နဲ့ဖြစ်သလိုစုသိမ်းကာ ခေါင်းညှပ်ကွင်းနဲ့စည်းထားလိုက်သည်။ အိမ်ရှေ့က ရယ်လက်စက ခုထိအတောမသတ်ဘဲ.. ၊

"ခင်ဗျားသမီး ဟိုအိမ်မှာပြဿနာတစ်ခုခုတက်လို့ ပြန်လာတာ ကျုပ်ပြောသွားပဲ..ခင်ဗျားကိုပြုစုဖို့ဆိုတာ အကြောင်းပြတာပါ၊ ဒီရောက်တည်းက ခင်ဗျားနားမှာ ခြေဆုပ်လက်နယ်ပြုပေးတာ ဘယ်နှစ်ခါရှိခဲ့လို့လဲ.."

"ခြေဆုပ်လက်နယ်ပြုပေးရအောင် ငါကအိပ်ရာထဲလဲနေတဲ့ လူမမာကြီးမှမဟုတ်တာ..နင်ဆေးခန်းတစ်ခါလောက်လိုက်ပို့ရရင် အသံထွက်လာတာပဲဝင်းမောင်၊ သူလည်း သူစိမ်းဖက်နေတဲ့ ငါ့အိမ်မှာထိုင်မစားချင်လို့ အလုပ်လုပ်နေရတယ်လေ..ငါ့ကိုလည်း ဆေးဖိုးပေးတာပဲ.."

"ဟန်ပြလုပ်နေတာဒေါ်သီတာအေးရေ..အဲ့ဒါကိုအထင်တွေစွတ်ကြီးမနေနဲ့၊ သူ့လင်နဲ့တစ်ခါတွေ့ရင် ဟိုကနင့်အောင်ပေးတာ..ခုနေ ခင်ဗျားနှင်ချကြည့်ပါလား..ကုတ်နဲ့ကော်တာတောင် သွားမှာမဟုတ်ဘူး၊ ပိုက်ဆံအလွယ်ရနေတာ နည်းတဲ့ကုသိုလ်မှတ်လို့..ရတာပဲမြင်ပြီး ခိုးစားတာလူမိမှ ဖုံးနိုင်မဖိနိုင်တွေဖြစ်မှာ မြင်ယောင်သေး.."

"ဦးဝင်းမောင်.."

ဒါဒါထမီ'မ'ပြီး ထွက်လာတော့ ဒေါ်သီတာအေးစိတ်ဆင်းရဲသွားသည်။

"ဘာထဖြစ်တာလဲဒါဒါ..ငါနေမကောင်းဘူးနော်၊ နည်းနည်းပါးပါး မိဘကိုညှာဦး.."

"အမေနေမကောင်းတာ ဒါဒါပြောရမယ့်အလှည့်ကျမှလား.."

"ဒါဒါ.."

"သိပါတယ်..အမေလည်း သမီးကိုမထားချင်ဘူးဆိုတာ၊ အဲ့ဒီလိုတွေဖြစ်လာမှာပဲလို့ အမေကိုယ်တိုင်ထင်နေတာ.."

"ငါ့ရင်ထဲမှာ ဘာရှိနေတာ ညည်းချည်းပဲခန့်မှန်းနေတာပါလား..မိဘကို တစ်စက်မှအကောင်းမမြင်တာ၊ ညည်းကိုယ့်အကုသိုလ်ကိုယ်ရှာနေတာ နော်ဒါဒါ..ကျေးဇူးရှင်ကိုပြစ်မှားတာတောင် မမြင်နိုင်တဲ့ကြမ္မာဆိုးဝင်တတ်

တယ်၊ ငါကညည်းအမေ..”

“အဲ့ဒီတော့ ဒါဒါကကြမ်မှာဆိုးဝင်တော့မယ်ပေါ့..အမေ့ယောကျ်ားပြော ဆိုကဲ့ရဲ့သမျှ ခေါင်းငုံ့မခံရင် ငရဲအိုးချိုးကပ်မယ်ပေါ့..”

“အဲ့လိုသာဆို အရှင်လတ်လတ်တောင် ငရဲကျသွားဦးမယ်..ဟဲ ဟဲ၊ ပထွေးကိုစော်ကားခွင့်ရှိပါတယ်..ညည်းအမေကို ခွန်းတုံ့ပြန်စော်ကားနေတာ ပဲ ဆင်ခြင်ဖို့ပြောတာပါ၊ ဟုတ်တယ်မို့လားဒေါ်အေး..”

“ဒုန်း..”

“အမလေး..”

ဒါဒါ ဒေါသဖြစ်လွန်းကာ လက်ဖက်အစ်အဖုံးလေးကို နံရံဆီလွှဲ ပေါက်ပစ်၏။ ဒေါ်သီတာအေး လန့်ဖျန့်အော်ကာ ရင်ဘက်ဖိထားမိရင်း..၊

“ဒါဒါ ညည်း..ညည်းမိဘရှေ့မှာတောင် ကြည့်စမ်း..”

“အမေ့ရှေ့မှာ ပထွေးကိုနပ်နပ်စင်းပစ်တော့ ဘာဖြစ်လဲ..အဲ့ဒီပထွေး ကို အမေ့ရှေ့မှာ စော်ကားလို့ငရဲကျသွားမယ်ဆိုရင် ခုချက်ချင်းဗိုက်ပွင့် အောင် ဓားနဲ့ပြေးထိုးပစ်လိုက်မယ်..”

“ဟဲ့ ဟဲ့..အမလေး ဒါဒါ..”

တကယ်ဓားပြေးဆွဲတော့ ဦးဝင်းမောင်ခြေလှမ်းပျက်သွားသည်။ ဒေါ် သီတာအေးတားဆီးနေကာမှ စပ်ဖြဲဖြဲရယ်ကျဲကျဲမျက်နှာဖြစ်သွားကာ.. ၊

“ကြောက်လိုက်တာဗျာ..ကြောက်လို့ပြေးပါတော့မယ်..”

“တောက်..တစ်စက်မှအချိုးမပြေတဲ့ရုပ်နဲ့၊ ငါလေ..”

“ဘုန်း..”

လက်တစ်ဝါးလောက်ရှိသည့် စတီးဓားပြားကြီးကို မှောက်ထားသည့် စကာခုံးပေါ် အပြားလိုက်ရိုက်ချကာ ဒါဒါတက်တခေါက်ခေါက်ဖြစ်နေ သည်။ ဒေါ်သီတာအေး ဒေါသလည်းထွက် ငိုလည်းငိုချင်လာကာ ရင်တွေ တလှပ်လှပ်တုန်လာခဲ့သည်။ ယောကျ်ားကတစ်မျိုး သမီးကနားမလည်။ ဦး ကိုနင်းတော့ ပဲ့ကထောင် ပဲ့ကိုနင်းတော့ ဦးကထောင်။ သူမဘယ်သူ့ကိုမှ မစည်းရုံးနိုင်ဘဲ ဘယ်သူကမှလည်း ကိုယ့်အပေါ်နားမလည်ကြသည့်အဖြစ် သည်.. ၊

“ခုတော့ ငါသိသွားပြီဒါဒါ..ညည်းက ငါခေါ်လို့လာရတာပဲ၊ ငါ့အ



ပေါ်တလွဲထင်ပြီး ဘယ်တော့မှအထင်မကြီးတဲ့စိတ်နဲ့ မိဘလိုလည်းသဘော ထားဘူး..လေးစားသမှုလည်း မရှိဘူး၊ ညည်းပြန်ပါတော့အေ..ငါ့ကိုမြင် မြင်သေအောင် မသတ်ပါနဲ့..”

“သိပါတယ်..အမေအဲ့ဒီစကားပြောဖို့ ကြိုးစားနေတာကြာလှပြီမှန်း..”

ဆူးတစ်ချောင်းနစ်ဝင်သွားသလို ဒေါ်သီတာအေး ရင်ထဲမှာနင့်လျက်..

“ညည်းအတွက် ငါဘာတွေလုပ်ပေးပေး ညည်းဘယ်တော့မှအ ကောင်းထင်မှာမဟုတ်ဘူး..ဒါပေမဲ့ ငါညည်းကိုမမုန်းပါဘူး၊ ပြန်လွှတ် နေတာက ညည်းငရဲကြီးနေမှာစိုးလို့..”

“လာပြန်ပြီ..အဲ့ဒီပထွေးကောင်ကို ပြောလိုက်မိရင် အမေအရမ်းကိုခံ စားရတယ်ဟုတ်လား..”

“ဒါဒါ..တော်တော့ညည်း..”

“ပြန်ဆိုရင် ဒီတိုင်းတစ်ခွန်းပဲပြောလေအမေရဲ့..ငရဲကြီးမှာကဘာလဲ၊ ဒီလူကြီးကို သည်းမခံတာပဲရှိတယ်..အမေ့ကို ဒါဒါဘာများပြောဆိုခဲ့ဖူးသ လဲ၊ ငရဲကြီးရလောက်အောင် ဘယ်လိုစော်ကားခဲ့လို့လဲ..အမေလေ အမေ သမီးကို နှင်ထုတ်ချင်တာ အရမ်းသိသာတာပဲ၊ အမေတစ်ယောက်က သူ့ ယောကျ်ားနဲ့ယှဉ်ပြီး သမီးကိုကန်ထုတ်တယ်ဆိုတာ..”

“ထင်တာတွေ စွတ်ပြောမနေနဲ့..သွား ငါ့ရှေ့ကသွားစမ်းပါဒါဒါရယ်”

“သွားမှာပါ..ဒါပေမယ့် မာမီသန်းကိုတာဝန်ယူထားရတာ တန်းလန်း ကြီးနဲ့မို့ မသွားနိုင်သေးဘူး..”

“ငါညည်းကိုနှင်ချတာ မဟုတ်ဘူး..”

“မချလည်းသွားမှာ..ဒီနေ့ကစပြီး အမေ့အိမ်မှာ မနေတော့ဘူး၊ ဒါဒါ အမေ့ကို စိတ်မချလို့နေနေတာ..အမေ့အိမ်မှာနေမှဖြစ်မှာမို့လို့ မဟုတ်ဘူး၊ ခင်းမင်း ထ..အကျီတွေထည့်..”

“မဟုတ်ဘူးလေ..ညည်းကို..”

“ဟလို..”

ဖုန်းမြည်သံနှင့် ဒါဒါကိုင်လိုက်သည့်အသံကြောင့် ဒေါ်သီတာအေး ရှေ့ဆက်ပြောခွင့်မရဘဲ ပြောဖို့လည်ပင်းရှည်ရင်း ရပ်စောင့်နေသော်လည်း..

“ဥမ္မာ..ငါ့သမီးပါခေါ်ခဲ့မှာ၊ ငါတို့သားအမိအတွက် အိပ်စရာနေရာ

လေး တစ်ခုခုလုပ်ပေးထားပါလား..”

“...............”

“ခုပဲပြောင်းမှာ..”

“ဒါဒါ..ဒါဒါအဲ့လိုကြီး မအေစိတ်မကောင်းအောင် မလုပ်နဲ့လေ၊ ငါ စိတ်တိုလို့ပြောနေတာ..ညည်းကိုနှင်ထုတ်တာ မဟုတ်ဘူး..”

ဒေါ်သီတာအေးပြောရင်း နောက်ကလိုက်သည်။ ဒါဒါက ဖုန်းပြောရင်း အခန်းထဲဝင်ကာ တို့လို့တွဲလောင်းအဝတ်အစားတွေ ဗီရိုထဲကရှိသမျှ အကုန်ဆွဲချပြီး ဒေါ်သီတာအေးကိုလှည့်လည်းမကြည့်။ ပြန်လည်းမပြော..

“အေး..ကလေးကနေမကောင်းဘူး၊ ဟေ့အေး..ဒီမှာနေမှ ပိုဆိုးမှာ..”

ဖုန်းပြောရင်း မျက်ရည်သုတ်လိုက် နှပ်ညှစ်လိုက်မြင်လျှင် သမီးကို သနားကာ ဒေါ်သီတာအေးဆွဲထားမတတ် ဗျာများနေရလျက်.. ၊

“ကလေးလည်း နေမကောင်းဘဲနဲ့အေ..ညည်းမိဘကိုအရွဲ့မတိုက်ပါနဲ့၊ ငါညည်းကိုပြောစရာတွေရှိတယ်..ဝင်းမောင်ကို ငါအကောင်းထင်လွန်းလို့ ပြောနေတာမဟုတ်ဘူး..သူ့ကိုလည်း..”

“ဒုန်း..”

ဦးဝင်းမောင်အကြောင်း မကြားချင်သလို ဗီရိုအံဆွဲကို ဒုန်းခနဲဆောင့်ပိတ်ပစ်သည်။ ပြီးတော့ ဟီးခနဲငိုချလိုက်ကာ အိတ်ကြီးနဲ့မင်းမင်းလက်ကို တစ်ဖက်စီဆွဲ၍.. ၊

“သမီး အမေ့ဆီနေ့တိုင်းလာကြည့်မှာပါ..မန္တလေးကို ပြန်မှာလည်း မဟုတ်ဘူး၊ အဲ့ဒီလူကြီး အသံမကြားချင်လို့သွားမှာ..အစတည်းက အမေသူနဲ့နေဖို့ ရွေးချယ်ခဲ့တာပဲ၊ သမီးပြုစုတာထက် သူပြုစုတာအမေ့အတွက် ပိုလိုအပ်ပါတယ်..သမီးထွက်သွားတာအတွက် ထိခိုက်စရာမရှိပါဘူး..”

အရှိက်ထိစေသည့်စကားတို့ကြောင့် ဒေါ်သီတာအေးတောင့်မတ်စွာ ကျန်ရစ်၏။ ဆွံ့အစေတဲ့အထိ နာကျင်သွားခဲ့သည့်ဝေဒနာသည် သမီးရင်ထဲက နားလည်မှုကို ရယူဖို့မလွယ်တော့ပြီမှန်း သိလိုက်ရသည့်နောက်..



## အခန်း(၃၀)

“ဘွားဘွားကြီးမငိုနဲ့နော်..သမီးဘွားဘွားကြီးဆီ ခဏခဏလာမှာ..” တဲ့.. ၊

ကိုယ်ပူတွေမပြယ်သေးသည့် မျက်နှာနီနီအစ်အစ်လေးနှင့် မြေးလေးကနှစ်သိမ့်သွားသည်။ ပြီးတော့ လက်ဖဝါးပူပူလေးနှင့် သူမလက်ချောင်းတွေကို ဆုပ်ကိုင်သွားသေးသည်။ ဒေါ်သီတာအေး ဖျာပေါ်ကို တအိအိထိုင်ချရင်း မျက်ရည်တွေဝေ့သီလာခဲ့သည်။

ငါမှားခဲ့တယ်..သားသမီးကိုပစ်ပြီး သာယာမှုနဲ့လဲယူခဲ့တယ်၊ စိတ်ဓာတ်မကောင်း အကျင့်မကောင်းတဲ့ယောကျ်ားကို မရှုနိုင်မကယ်နိုင် ဆုံးဖြတ်ရခက်တဲ့အခြေအနေမှာတောင် ပစ်ပစ်ခါခါဥပေက္ခာမထားနိုင်ဘဲ ငါ့သမီးလေး ခံစားသွားရအောင် ရွေးချယ်တွေဝေနေခဲ့မိတယ်.. ၊

ငါရွေးချယ်တာ မှားခဲ့တာ..ဟိုတုန်းကနေ ခုချိန်ထိ ကလေးတွေမှန်တယ်..ငါမှားခဲ့တာ.. ၊

ရင်ထဲမှာ နင့်နေသည်။ ခံစားရလွန်းတော့ ဆို့ကျပ်လာ၏။ ဆရာဝန်ပေးသည့်ဆေးထုပ်ကို သူမဘယ်မှာချထားလိုက်မိသလဲ..။ ထင်သည့်ပေါ်

ကို မမှီတမီလှမ်းဆွဲလိုက်တော့ ဒါဒါ့ခေါင်းစည်းကွင်းလေးပါလာသည်။

ငါ့သမီးဟာလေး.. ၊

တမ်းတမ်းတတရေရွတ်ရင်း လက်ထဲမှာ ဖိဆုပ်၍ ပြန်လည်းမချရက်။ ဖင်ရွှေ့ထိုင်ကာ နောက်တစ်နေရာကို စမ်းကြည့်မိတော့ သူမအတွက် ဒါဒါ ဝယ်ပေးထားသည့် နှလုံးသည်းခြေဆေးဘူးရယ် ဆေးညွှန်းစာရွက်လေးရယ် ဆွဲယူကြည့်ပြီး မျက်ရည်တွေပြည့်သိပ်လာခဲ့သည်။ ပြီးတော့ ဆေးညွှန်းဖတ် ပြရင်း မအေကိုတရားပြနေသေးသည့်ဒါဒါ.. ၊

"ရေအေးနဲ့တစ်ခါသောက်ဆယ်ပြား..တစ်နေ့သုံးကြိမ်တဲ့.."

"ဆယ်ပြားကြီးကိုသုံးကြိမ်တောင် ငါမသောက်ချင်ပါဘူးဒါဒါရယ် မြန်မာဆေးတွေအဲ့ဒါကြောင့်ကြောက်တာ၊ တစ်ခါတစ်ခါသောက်ရရင် လက် တစ်ခုပ်ကြီး ဆေးပြားတွေဆို လည်ချောင်းမှာရှိသေးတယ်.."

"ဆေးပါဆို ဝက်ဆီဖက်ကြော်လေး အချဉ်ရည်လေးစိမ်စားရသလို တော့ လျှောခနဲလျှောခနဲဝင်မလားအမေရယ်..အောင်မလေးအော်နေရပြီဆို အမြန်ပျောက်အောင် အင်္ဂလိပ်ဆေးသောက်၊ အမြစ်ပြတ်ချင်ရင်တော့ မြန် မာဆေးသောက်ရမှာပေါ့..လူကြီးတွေက အသက်ကြီးလာရင် စားချင်တာကို ရှောင်ပြီး မစားချင်တာပဲစားရတာ.."

"အစားအသောက်ကို ငါကြေးများနေတာမဟုတ်ဘူး..ဆေးကိုပဲ.."

"ဆေးလည်းကြောက်လို့မဖြစ်ဘူး..အမေ့မှာ နှလုံးဆီးချိုရောဂါကအစ ပဲ၊ တစ်လုတ်စားပြီး တစ်လှဲ့လောက်သောက်မှ အသက်ရှည်မှာ၊ ရှေ့ အမေသောက်နော်၊ သမီးအဲ့ဒီဆေးဝယ်ဖို့ နေပူကြီးထဲဈေးထိလမ်းလျှောက် သွားထားရတာ.."

ဆေးဘူးကိုကိုင်ကြည့်ရင်း မျက်ရည်စက်တွေ တပေါက်ပေါက်ကျလာ ကြသည်။ သူမ ဆေးမသောက်မချင်း သတိရတိုင်း ဆေးဘူးကိုဖွင့်ကြည့် တတ်ကာ တစ်ခွက်စာလေးသောက်ပြထားလိုက်မှ ကျေနပ်သွားသည့်မျက် နှာလေး..။ ယောကျ်ားကတော့ သူမခွေခေါက်လှဲ့နေရပြီဆို 'ဘာဖြစ်ရပြန် တာတုံး'လို့ မေးဖော်ရလျက် အနားကိုတစ်ချက်တောင်မကပ်ခဲ့သူပါ။ ဒါ တွေကို အမေမသိနားမလည်ဘဲ နေခဲ့ပါ့မလားဒါဒါရယ်..။ အမေညည်းကို ပြောနေတာတွေက ပြောချင်တဲ့စကားတွေ မဟုတ်ပါဘူး..ပြောချင်တာတွေ



ခုထိအမေ့ရင်ထဲမှာပါသမီးရယ်.. ၊

ဘယ်ကိုကြည့်ကြည့် ဒါဒါတို့သားအမိရဲ့ ခြေရာလက်ရာတွေသာဖြစ် နေသည်။ ဒီတစ်ခါကျမှ ဒါဒါတို့မရှိတော့ခြင်းက ပြန်မဆုံနိုင်တော့ သည့် အဝေးဆုံးကိုရောက်သွားသလို ရင်ထဲမှာနင့်ကျန်ခဲ့သည်။

မဟုတ်ဘူး..ငါ့သမီးကို ငါရှင်းပြလို့ရတယ်၊ ငါပြတ်သားဖို့ပဲလိုတာ..

ရင်ထဲမှာ စကားတွေဖြစ်နေရင်း တစစကျပ်ခဲလာသည်။ ဆေးဘူး ကိုင်၍ ရေခပ်ဖို့ထရပ်လိုက်လျှင် ခေါင်းထဲမှာမိုက်ခနဲပြာဝေသွားသည်။

"ဘုန်း.."

*မုန်တိုင်းရဲ့အလက်ာ'*

## အခန်း(၃၁)

"ခွမ်း.."

"အား.."

လန့်ဖျန့်အော်မိပြီးမှ ကလေးကိုသတိရသည်။ ကမန်းကတန်းပါးစပ် ပြန်ပိတ်၍ ရေနွေးပူထိသွားသည့်ခြေထောက်ကို ထမီအနားစနဲ့ခါလိုက် ဒီ တိုင်းလွှဲခါလိုက်နှင့်.. ।

"အား..ပူလိုက်တာ.."

"ဘာဖြစ်သွားတာလဲဒါဒါ..ရေနွေးပူတွေ လောင်သွားတာလား.."

ဒါဒါ ခုတင်ပေါ်မှာအိပ်နေသည့် မင်းမင်းကိုလှမ်းကြည့်ကာ တိုးတိုး ပြောဖို့ လက်ထောင်ပြလိုက်ရင်း.. ।

"ကလေးဆေးတိုက်ဖို့ ရေနွေးအေးအောင်မှုတ်နေတာပါဟာ..လက်နှစ် ဖက်နဲ့ကိုင်ထားတာကို ဘယ်လိုလုပ်လွတ်ကျသွားမှန်းမသိဘူး.."

"တော်သေးတာပေါ့..ရေနွေးအိုးထဲက လောင်တာမဟုတ်လို့၊ ဖယ် ဖယ်..ဖန်ကွဲစတွေ ဟိုကောင်မလေးတွေကို ငါလုပ်ခိုင်းလိုက်မယ်.."

ဒါဒါ အိမ်နဲ့ပြဿနာတက်လာတာကို သိသည်။ ရောက်လာတည်းက



ကလေးကိုဖက်ငိုနေပြီး အိပ်သွားတာ ခုနမှနိုးလာတာဖြစ်ကာ သူ့ဘာသာ ဆေးတိုက်ဖို့လုပ်နေသဖြင့် ဘာမှမမေးဘဲ ကြည့်နေလိုက်သည်။ အိမ်မှာ ထုပ်ငန်းနှစ်ခုနဲ့မကြီးသန်းဝင်းတို့ မရှိတုန်း ဒါဒါဒီမှာလာနေတာကို ဥမ္မာ မေ်းသာနေခဲ့သည်။ ထို့ကြောင့် အခန်းလွတ်ကို သေချာရှင်း၍ သေသေသပ် သပ်လေးတောင် ပြင်ပေးထားခဲ့သေးသည်။ ဒါဒါကတော့ စိတ်နဲ့လူနဲ့ကပ် ရုံမပေါ့.. ।

"ငါ့စိတ်တွေလေးနေတာလား..နေပဲမကောင်းတာလားမသိဘူးဥမ္မာ ရယ်၊ ဒီနေ့မိုးလင်းတည်းက စိတ်မကြည်တာ..မျက်ခွံတွေလည်းလေး မျက် လုံးမှိတ်လိုက်တာနဲ့အိပ်ပျော်၊ အိပ်ပျော်သွားပြီဆို မျက်လုံးကိုဖွင့်လို့မရတော့ ဘူး..မသိရင် အဆိပ်မိနေသလိုပဲ.."

"ကလေးနေမကောင်းတော့ နင့်စိတ်ကိုက ဖိစီးနေတာကိုးဒါဒါရဲ့.. နောက်ပြီး နင်ပင်ပန်းတယ်လေ၊ လျှောက်တွေးမနေပါနဲ့ဟာ ဒီအခန်းအဆင် ပြေရဲ့လား..အခန်းသိပ်မကောင်းတော့ ကလေးနဲ့.."

"ရပါတယ်ဟာ..အိမ်မှာဆို ဒီလောက်တောင်မကောင်းပါဘူး.."

ပြောမိကာမှ အမေ့အတွက်ပိုပြီး စိတ်ပူသွားမိသည်။ ကိုယ်ကကိုယ့် သားသမီးအတွက်ပဲ ဆေးခန်းပြလိုက် ငုတ်တုတ်ထိုင်ကြည့်နေလိုက် ပူပင် နေခဲ့သည်။ အမေဘယ်လိုထိခိုက်ခံစားနေရလဲဆိုတာတော့ ပြန်တွေးချိန် တောင် မရခဲ့ပေ။ နေ့လည်ကပဲ ဆေးခန်းကပြန်လာတာဖြစ်ကာ ပြန်လာ လာချင်း ဦးဝင်းမောင်ကြောင့် သူမလည်းထိန်းသိမ်းဖို့မေ့ခဲ့သည်။ အမေနေ ကောင်းရဲ့လား.. ।

"လာ..ဒီဘက်ကပ်လိုက် ဒါဒါ.."

ဥမ္မာက အလုပ်ခန်းထဲက မိန်းကလေးတစ်ယောက်သွားခေါ်လာပြီး ဖန်ကွဲစတွေနဲ့ ရေစိုနေတာတွေကို ရှင်းခိုင်းသည်။ ဒါဒါ့ကို လက်လေးဆွဲ ၍ ဘေးကပ်ခိုင်းရင်း.. ।

"ဟိုမှာ နင့်ဖုန်းအကောင်းစားကြီး မြည်နေပြီ.."

ဒီဖုန်း ဘယ်လိုရလာတဲ့အကြောင်း ဥမ္မာသိနေသဖြင့် စနောက်သလို ပြောရင်း သူမပဲသွားယူသည်။

"ဖုန်းပြောလိုက်ဦး..ကလေးဆေးတိုက်ဖို့ရေနွေး ငါသွားယူပေးမယ်.."

နှစ်ယောက်တည်းအုပ်ချုပ်သူဖြစ်နေရသည့်ပြင် ဒါဒါစိတ်ဆင်းရဲမှု တာကို သိနေသဖြင့် ဉမ္မာကအစစအရာရာ ညှာတာရှာသည်။ သူမကိုအား နာပေမယ့် အမေ့ဆီကများလားဆိုသည့် ပူပင်စိတ်က ဖုန်းဆီချက်ချင်းအ ရှုပြောင်း၏။ သို့သော်ပေါ်နေတာက Unknown numberဖြစ်နေလျှက်

"ဟလို.."

"ဖေဒါဖြူ.."

မိန်းမသံသည် ငိုသံပါနေတာလား..ဒီအသံကို ကိုယ်ပဲမသိတာလား နာမည်ခေါ်ပြီး အသံပြန်ပျောက်သွားသဖြင့်.. ။

"ဟလို ပြောပါ..ဘာကိစ္စလဲ၊ ဘယ်သူလဲ.."

"ငါပဲ..ကိုမင်းနိုင်မိန်းမ.."

ဒါဒါဆတ်ခနဲဖြစ်သွားကာ ဖုန်းကိုနားကခွာလိုက်မိသည်။ ဟိုတ နေ့ကပဲ သင်းနဲ့သူမကောင်းကောင်းရန်ဖြစ်ခဲ့ပြီးပြီ.. ။

"ဖေဒါဖြူ နင်ငါပြောတာနားထောင်.."

ဘာလို့ထောင်ရမှာလဲ.. လူကိုအမိန့်ပေးလားဘာလား..။ ဒါဒါစိတ်ထဲ ကာ ဖုန်းချလိုက်ဖို့ပြင်စဉ်.. ။

"နင်..နင်လုံးဝမလာရဘူး.."

ဘာတွေပြောမှန်းမသိသော်လည်း သူမရှိက်ကြီးတငင်ငိုချလိုက်သ ဘာမှန်းမသိဘဲ နားစွင့်ထားမိ၏။ သို့သော် နောက်ထပ်ကြားလိုက်ရသည် ကားသည်.. ။

"ကိုမင်းနိုင်ဆုံးသွားပြီ.."

ဟင်.. ။

ဒါဒါ့နှုတ်ခမ်းတွေ ပွင့်ဟသွားသည်။ သူမကအရင်ငိုနေတာမို့ ဒါ မင်ပြောနေတာလည်း မဖြစ်နိုင်။ သူမှာအသည်းရောဂါရှိနေတာ မှန်သည် ဒါပေမဲ့ ချက်ချင်းကြီးဖြစ်သွားလောက်အောင်တော့.. ။

"သူတစ်ညလုံးအရက်တွေသောက်ပြီး ဆေးရုံရောက်တာနဲ့ ဆုံးသွား တာ.."

"တစ်ညလုံးကြီးတောင် နင်ကဘာမှမသိတာလား..အဲ့ဒါနင့်ထိုက် ကျွေးနေတဲ့ယောကျ်ားလေ.."



"ဟုတ်တယ်..ငါ့ကိုရှာကျွေးနေတာ၊ ဒါပေမယ့် ခွဲဝေမျှစားနေတဲ့လူ တွေရှိတော့ လူစင်စစ်ကနေ နွားလိုရုန်းနေရတာလေ..အဲ့ဒါ နင်တို့ကြောင့် ခုလည်း နင်တို့သားအမိကို ဘာတွေမှာချင်နေသလဲမသိဘူး..သူနဲ့အရက် သောက်ဖော်သောက်ဖက်ဆိုက်ကားသမားကို ခေါ်ခိုင်းတယ်တဲ့၊ သေခါနီး တောင် မေတ္တာတုံးအောင်လုပ်တာငါ့ကို..ဟီး ဟီး.."

ငိုသံတွေက လှိုင်နေသည်။ ဒါဒါကိုယ့်ကိုယ်ကိုမသိလိုက်ခင် ပါးပြင် ထက်မှာ မျက်ရည်တွေအဆက်မပြတ် ဆင်းကျနေခဲ့သည်။ သူမဘာတွေ ပြောနေတာလဲဆိုတာ ဒေါသထွက်ဖို့သတိမရ။ ဖုန်းချဖို့လည်း မေ့နေခဲ့ လျက်.. ။

"နင်ငါ့အိပ်ရိပ်တောင် လာမနင်းနဲ့..နင့်သောက်ကလေးကို သူ့အဖေ နောက်ဆုံးခရီးပို့စေချင်ရင် ငါမမြင်အောင်ပို့၊ အေးနော်..နင့်မျက်ခွက်ကိုငါ မြင်လို့ကတော့ မယားငယ်မလို့ တစ်ပြည်လုံးကြားအောင်အော်ပြီး နင့်သမီး ရောနင်ရော တစ်သက်လုံးလူတောမတိုးရဲအောင် သောက်ရှက်ခွဲပစ်မှာ..နေ ကြည့်လိုက်၊ ရပ်ကွက်ကဖြစ်ဖြစ် အပေါင်းအသင်းကဖြစ်ဖြစ် မကောင်းတတ် လို့ပဲဖြစ်ဖြစ် ဘာကြောင့်ပဲလာခေါ်ခေါ် ငါ့ယောကျ်ားအသုဘကို နင်လာစ ရာမလိုဘူး..ပဋ္ဌာစာရီမ၊ နင်ကြောင့် ..နင်ပူရမယ့်အပူတွေ ဝင့်ကြွေးပါလို့ ငါ့လင်သေရတာ၊ အကောင်းကြီးကနေ သေရတာ..ပဋ္ဌာမ ပဋ္ဌာစာရီမ.."

ဒါဒါဘယ်လိုမှ နားမခံနိုင်တော့ဘဲ ဖုန်းကိုင်သည့်လက်သည် တွဲလွဲ ကျသွားခဲ့လျက်.. ။

"မင်းနိုင်ရယ်.."

ကွယ်ရာမှာကျရသည့်မျက်ရည်တွေမို့ ပို၍ပူလောင်နေသလား ဒါမှ မဟုတ် ရင်ထဲမှာပိုပြီးနာကျင်နေခဲ့သည်လား..။ အိပ်ပျော်နေသည့်သမီးကို လှမ်းကြည့်ရင်း မျက်ရည်တို့က ပို၍အားကောင်းလာကြသည်။

"ဘာဖြစ်လို့လဲဟင်..ဖုန်းကဘယ်သူဆက်တာလဲ.."

ဒါဒါစကားပြောနိုင်ဖို့ အတော်အားယူနေရသည်။ ဘယ်လိုပဲဂရုမစိုက် ခွာနေခဲ့ပေမယ့် သူနဲ့ဝေးနေရလည်း ကိုယ့်ဘဝနဲ့ကိုယ် အသားတကျရှိနေ ခဲ့သည်မှန်သော်ငြား အပြီးသတ်ထာဝရခွဲသွားခဲ့ပြီဆိုသည့်အသိက ရင်ဘက် တစ်ခုလုံးကို ဆွဲကိုင်ဖျစ်ညှစ်နေသည့်နှယ်.. ။

"မင်း..မင်းနိုင်ဆုံးသွားပြီတဲ့.."

"အယ်.."

ရှိုက်သံသဲ့သဲ့မှလွဲ၍ တဒင်္ဂတိတ်ကျသွားစဉ်.. ၊

"ဖေဖေ.."

မင်းမင်းဆီမှခေါ်သံကြောင့် ဒါဒါလန့်သွားသည်။ ပြီးတော့ ပြေးသွား မိလျှင် မင်းမင်းကမျက်လုံးမဖွင့်ဘဲ မှိတ်ထားသည့်မျက်တောင်ဖျားလေးတွေ တလှုပ်လှုပ်။ နှုတ်ခမ်းလေးတွေ တရွရွနှင့်.. ၊

"ဖေဖေ.."

"သမီးလေး.."

ဒါဒါစိုးရိမ်တကြီး အနားကပ်ခေါ်မိရင်း လက်လေးကိုထွေးဆုပ်လိုက် လျှင်.. ၊

"ဟင့်အင်း..မခေါ်နဲ့၊ ဖေဖေ့ကိုမခေါ်သွားနဲ့.."

"သမီး.."

မင်းမင်းသည် မျက်လုံးမဖွင့်ဘဲ လက်ကိုလည်းအကိုင်မခံ။ အတင်း ဘယ်ညာစောင်း၍ ရုန်းပစ်ရင်း.. ၊

"အင့်..အင့်.."

"အမလေး..တက်သွားတာလား၊ ဥမ္မာ..ဥမ္မာရေ ငါ့သမီးလေးကိုလုပ် ပါဦး၊ သမီးလေး..မင်းမင်း သမီးလေးမေမေ့ကို မျက်လုံးဖွင့်ကြည့်စမ်း၊ မေ မေလေ.."

"အင်း..ဟင်း ဟင်း.."

"သမီး.."

ကော့ကလန်တောင့်တင်းသွားသည့်ကိုယ်လေးက ဒါဒါအတင်းဆွဲ လှုပ်ပြီး မနားတမ်းခေါ်နေသဖြင့် နွဲ့အိကျလာခဲ့ပြီး.. ၊

"ဟီး ဟီး ဟီး.."

"သမီးလေး.."

မင်းမင်း မျက်လုံးမဖွင့်ဘဲငိုနေကာ.. ၊

"ဖေဖေ့ကို အန်တီအတင်းဆွဲနေတယ်..ဖေဖေ့ကိုရိုက်နေပြီ၊ ဟီး ဟီး.."

"မဟုတ်ပါဘူးသမီးရယ်..သမီးဖေဖေကို ဘယ်သူမှ.."



စကားသံသည် ဒီနေရာမှာတင်ရပ်သွားခဲ့ပြီး ဒါဒါမျက်ရည်တွေပြိုကျ ခနဲပြိုဆင်းသည်။ ဥမ္မာခဏကြောင်နေပြီးမှ ကလေးနဖူးကိုစမ်းကာ.. ၊

"ကိုယ်ပူတွေပြန်တက်နေတာ ဒါဒါ..ဆေးရုံသွားရအောင်၊ ဟိုဆေး ခန်းဖွင့်တာကို ထိုင်စောင့်နေလို့မရဘူး..အထူးကုဆေးရုံတစ်ခုခုကို သွားမှ ဖြစ်မယ်၊ တက္ကစီခေါ်ရအောင်..ငါကောင်လေးတစ်ယောက်ကို ခိုင်းလိုက် မယ်.."

ပြောရင်း ပြေးထွက်သွားသည်။ ပြီးတော့ အပြင်ရောက်ပြီးမှ ပြန်ဝင် လာကာ.. ၊

"ဒီကနေလမ်းထိပ်ကို သွားမှာနဲ့..တက္ကစီစောင့်ခေါ်ရမှာနဲ့ ကြာလိမ့် မယ်၊ ငါတို့ကားမောင်းသွားကြမလား.."

ဒါဒါနဲ့မြို့ထဲကို နှစ်ခေါက်ရှိပြီမို့ ကားပေးမောင်းရဲတဲ့အထိ ယုံကြည် နေပြီဖြစ်သည်။ ထို့ပြင် အထူးကုဆေးရုံဆို မြို့ထဲထိလည်း သွားစရာမလို တာမို့.. ၊

"နင့်စိတ်လှုပ်ရှားနေတာ ဖြစ်ပါတယ်နော်..ငါမလိုက်တော့ဘူး ကောင်မလေးတစ်ယောက် ထည့်ပေးလိုက်မယ်.."

"ဖြစ်ပါတယ်..နင်ဒေ့သည်စောင့်ရဦးမှာ ငါသိပါတယ်.."

ဥမ္မာခေါင်းညိတ်ကာ ဒါဒါကလေးချီထွက်တဲ့အထိ ပိုက်ဆံအိတ်ထဲကို ပိုက်ဆံလိုက်ထည့်ပေးသေးသည်။

"ဘာမှနောက်ဆံမတင်းနဲ့ ဒါဒါ..ကလေးနားမှာနေ.."

"အေးပါ..နင့်ကိုငါကျေးဇူးအရမ်းတင်ပါတယ်.."

"အမလေး..ပြောရမယ့်လူတွေကျလို့၊ မြန်မြန်သွား.."

ဒါဒါကားပေါ်တက်ပြီးမှ နောက်ခန်းထဲကို လှမ်းကြည့်၍.. ၊

"ကလေးကိုသေချာကြည့်နေနော်မာမင်း..တက်သွားမှာစိုးလို့.."

"ဟုတ်ကဲ့ပါ..ကျွန်မပွေ့ထားတာပါ.."

ကားသည် ခြံဝင်းထဲကနေ ရှောရှောရှူရှူထွက်ခွာသွားခဲ့လေသည်။

☎

အခန်း(၃၂)

"ဘယ်သွားမယ်..ဘယ်လာမယ်လည်း မပြောခဲ့ဘဲနဲ့ ခုတော့လည်းကူး ကိုဟုတ်လား၊ နင့်ယောက်ျားအဲ့ဒီမှာလား.."

ကားမောင်းနေရင်း ဧကရီကခေါင်းညိတ်သည်။

"ဟုတ်တယ်..ဟိုကိစ္စသွားတာ၊ အဲ့ဒီအနတ်စုတ်ဂုတ်စုတ်နေရာမှာ စီးပွားရေးလုပ်ဖို့ကို အသေအလဲကြိုးစားနေတာ..ဟွန်း ပိုက်ဆံမမြင်ဘူးတဲ့ဟာတွေကလည်း သူတို့ကိုအိမ်ပေါ်ကကန်ချပါလားလို့ မမြင်ဘူး၊ သိန်းငါးဆယ်လောက်ကိုင်ရမှာကို သွေးပျက်အောင်ပျော်နေကြတာလေ..ပေလေးဆယ် ငါးဆယ်သမားတွေကို တိုက်ခန်းတစ်ခန်းပါ ပြန်ပေးမှာဆိုတော့..'

"တိုက်ခန်းမရတဲ့သူကိုလည်း မြေအစားပြန်ပေးမှာကိုးဧကရီရဲ့..ကြဖန်ဖဲ့မနေနဲ့နော်၊ နင့်ယောက်ျားအဲ့ဒီပရော့ဂျက်စလိုက်ကတည်းက အားလုံးမျက်စိကျနေကြတာ..အသိနောက်ကျလေခြင်းဆိုပြီး.."

"ဟုတ်တယ်လေ..ဂရောင်းန်တစ်ထပ်လုံးကို ဖန်မလီမတ်တ်လုပ်မှာဆိုတည်းက ဝယ်မယ်ငှားမယ်နဲ့ သွားရည်တမြားမြားဖြစ်နေကြတာ.."

ကဲ့ရဲ့နေရပေမယ့် ကိုယ့်ယောက်ျားကို အထင်ကြီးခဲ့တာလည်းအမှန်



ပင်။ ရေမျှားရာမိုးရွာနေမယ့်အစား အခြေခံလူတန်းစားတွေလည်း တိုးတက်ခင်ဆုံနိုင်မည့်တွက်ချက်ခြင်းက အနစ်နာခံလိုစိတ်ရှိဖို့လည်း လိုသည်။ သတ္တိလည်းရှိမှဖြစ်သည်။ ထို့ပြင် ဒီနေရာမှာ ရင်းနှီးမြှုပ်နှံဖို့အသင့်ရှိနေတဲ့လူတွေအတွက်လည်း အခွင့်အရေးပဲဖြစ်၏။ ခုဆို ဘာတစ်ခုမှအကောင်အထည်မပြရသေးသည့် ပရော့ဂျက်က ထိုပတ်ဝန်းကျင်မှာ သတင်းပျံ့နေပြီဖြစ်ကာ တိုက်ခန်းအရောင်းဘက်မှာလည်း ဝယ်ယူဖို့အသင့်ဖြစ်နေကြတာ ကျေနပ်နှယ်ပင်။ တစ်ခုပဲရှိသည်။ ထိုပရော့ဂျက်ကို ဦးဆောင်ရင်းနှီးမြှုပ်သည့်သူဌေးက သားကိုကိုဖြစ်နေခြင်းနှင့်ပတ်သက်၍.. ၊

"တောက်.."

လိုင်းကားကြီးတွေ မှတ်တိုင်ကနေ လမ်းပေါ်တင်ပြီးရပ်နေသဖြင့် လူကျပ်ကားကျပ်ညနေခင်းမှာ ရှေ့တိုးမရဘဲ ရပ်ထားလိုက်ရကာ.. ၊

"အဲ့ဒီဘတ်စ်ကားတွေ စည်းကမ်းကိုမရှိဘူး..အပေါ်ကြောတက်မောင်းလို့မောင်း လမ်းပေါ်မှာရပ်ပြီး လူတင်လိုတင်.."

ပြောပြီး နောက်ထပ်တက်ခေါက်လျှင် ဧပရယ်လ်ကမျက်စိရှေ့မှာကားပေါ်တိုးကြိတ်တက်နေကြသည့်လူတွေကို လှမ်းကြည့်ရင်း.. ၊

"ဒေါသထွက်ရင်လည်း ဟိုလူတွေကိုကြည့်ပြီး ဖြေလိုက်ပါဧကရီရယ်..သူတို့ခမျာလည်း အလုပ်သိမ်းတာနဲ့ ကိုယ့်မိသားစုဆီပြန်ချင်ကြလို့ ကြည့်ပါဦး၊ ကားဆီအဝေးကြီးကနေ ပြေးလိုက်..အတင်းလုတက်နဲ့ သနားပါတယ်.."

"မသနားပါဘူး.."

ဒေါသတကြီးပြောပြီး ဆတ်ခနဲလှည့်ကြည့်ကာ.. ၊

"နင်ကလည်းနော်..ငါနဲ့နာမည်ဆင်တူနေတယ်၊ ငါနဲ့အရင်းနှီးဆုံးပါပေမယ့် ငါကဒါဆို နင်ကဟိုဟာ၊ ဟွန်း ကောင်းပါတယ်..အဲ့လိုစိတ်တူကိုယ်တူ.."

"ခိ ခိ ခိ.."

"မရယ်နဲ့..ငါစိတ်တိုနေတာ.."

"နင်အဲ့ဒီရပ်ကွက်ကိုသွားတိုင်း မတိုတာဘယ်နှစ်ခါရှိလို့လဲ.."

"နင်တို့ပဲအဲ့ဒီကသတင်းပေါင်းစုံ ငါ့ကိုတစ်ဖွဲ့တစ်နွဲ့ပြောပြထားတာ

လေ.."

"အံမာ..နင်လည်းလက်တွေ့မြင်လိုက်တာပဲမို့လား၊ ဘာပဲဖြစ်ဖြစ် တိုက်ဆိုင်တာတွေပါဟာ.."

"ငါအဲ့လိုတိုက်ဆိုင်တာကိုပဲ လုံးဝလက်မခံနိုင်တာ.."

"အမေ့.."

"ကျွိ.."

လွတ်ပြီအထင်နှင့် ဒေါသနဲ့လွှတ်လိုက်သည့်အရှိန်က ကားရှေ့ကနေ လမ်းပေါ်တက်လာသည့် လူတစ်ယောက်ကိုတိုက်မိတော့မလို့ တကယ့်ကပ် ကပ်လေး။ ဧပရယ်လ်လန့်ဖျန့်အော်ရင်း လှည့်ကြည့်လိုက်တော့ ဧကရီ့ဒေါ သက ကဆုန်ပေါက်နေဆဲ.. ၊

"တောက်..သေမလို့ပြေးထွက်လာတာလား ဒီသတ္တဝါက လမ်းပေါ် ကို သူ့ပထွေးအိမ်မှတ်နေလားမသိဘူး.."

ရှေ့ကလူကိုလည်း စိတ်တိုသည်။ ကိုယ့်ဘေးကသူငယ်ချင်းမကို လည်း မကျေနပ်။ နေရာတကာအားကိုးရပေမယ့် တစ်ခါတလေထွက်လာ တတ်သည့် ခံယူချက်တွေက ကိုယ်နဲ့အမြဲတမ်းဆန့်ကျင်ဘက်ရှိနေတာကို ပြနေသည်။ ဘုန်းကြီးလေသံနဲ့ တရားပြသလိုလို လူကိုလှောင်ရယ်တာတွေ က အဆိုးဆုံး.. ၊

ဒါဆို ပတ်ဝန်းကျင်မှာ စိတ်ရင်းဓာတ်ခံနဲ့ သစ္စာရှိတဲ့သူဘယ်သူရှိ သေးလဲ..။ တွေးကြည့်တော့ ရင်ထဲမှာနင့်သည်။ သူတို့ပဲသတင်းပေးကြ သည်။ သတင်းကြားရတော့ ခံစားရတာက ကိုယ်။ ခံစားရတဲ့အတိုင်း ဒေါ သထွက်တော့ ကိုယ်ကပဲမပြည့်ဝသလိုလို။ သူမဒေါသထွက်နေတာ ဘာ ကြောင့်မှန်းဧပရယ်လ်ကလည်း ရိပ်မိသည်။ ထို့ကြောင့်.. ၊

"စိတ်ဆိုးလည်းမတတ်နိုင်ဘူးလို့ ပြောရတော့မှာပဲဧကရီ..ငါကတော့ နင့်အစားနာလို့ပြောတာပါ၊ နင့်ကိုကိုကို နင်တအားလိုက်နေရတာကို မမြင်ချင်တာအမှန်ပဲ..ပြီးတော့ နင်စိတ်တိုနေတာ တန်ရဲ့လားပြန်တွေးကြည့် ပါဦး၊ ဒါဒါဆိုတဲ့တစ်ယောက်က ရပ်ကွက်သေးသေးလေးထဲက နေ့စားအ လုပ်သမားလေ.."

"အဲ့ဒါမျိုးတွေပဲ သူဌေးဆိုရင် အမိအရလိုက်ဖမ်းကြတာလေ.."



"အမိအရဖမ်းတိုင်းပါတယ်ဆိုရင် နင့်ကို ကိုကိုက ပြန်ချစ်နေပြီပေါ့.."

"ဘာ.."

စကားများသွားတာလား တမင်ပြောတာလားမသိ။ ဧပရယ်လ်အားနာ သလို တစ်ချက်ဖြစ်သွားပေမယ့် ပြောလက်စစကားသည် ဖြောင့်တန်းစွာဖြင့်၊

"နင့်ကိုပြောချင်တာမဟုတ်ဘူး..အရှင်းဆုံးဥပမာပေးလိုက်တာ၊ သူ့ ကိုနင်ကပဲ ချစ်ရတာမို့လား၊ ပြီးတော့ လင်နဲ့မယား..တစ်မိုးအောက်မှာ အတူ နေပြီး ထိတွေ့ရင်းနှီးနေကြတာတောင် သူ့ဘက်ကတိမ်းလွှယ်ယိမ်းလွယ်ရှိ ခဲ့လို့လား.."

သူငယ်ချင်းမို့ငြိမ်နေလိုက်ရပေမယ့် ရင်ထဲမှာအောင့်သက်သက်ဖြစ် ကျန်ခဲ့၏။

"အဲ့ဒီမိန်းမကို နင့်စိတ်ထဲထည့်မထားနဲ့..ကိုယ်နဲ့အဆင့်မတူတဲ့မိန်းမ လို့ သဘောထားစမ်းပါဟာ၊ နောက်ပြီး နင့်ရဲ့ကိုကိုက မာနကြီးတဲ့လူပါ.."

ဘာမာနလဲ..အဲ့ဒီမာနက လူတိုင်းအပေါ်မှာမဟုတ်ဘဲ ငါ့အပေါ်မှာပဲ ကြီးနေတဲ့မာနတွေ.. ၊

ရင်ထဲမှာ စကားလုံးတွေဖြစ်နေခဲ့သည်။ ကိုယ့်ဘက်က ချို့ယွင်း ချက်တွေရှိနေခဲ့တာကြောင့် ကိုယ်ကလွဲရင် တခြားသူတိုင်းကို သူအထင် တကြီးရှိနေသည်လို့သာ ထင်နေမိ၏။ ထို့ကြောင့် ဒါဒါ့ကိုစိတ်ထဲက မ ဖျောက်နိုင်။ ကိုယ်နဲ့အဆင့်အတန်းမတူဘူးလို့ ဘယ်လိုပဲတွေးတွေး ကိုယ့် မျက်လုံးနဲ့တပ်အပ်မြင်ထားရသည့် ကိုကို့အပြုံးတွေ ဒီမိန်းမရှေ့မှာ လှုပ်ရှား ပြောဆိုနေတဲ့အပြုအမူတွေ။ ဒါတွေကိုမြင်ယောင်လာတိုင်း ဒါဒါဟာကိုယ့် ရဲ့ပြိုင်ဘက်သာဖြစ်နေခဲ့သည့် စိတ်ရိုင်းတို့သည်.. ၊

"ဟယ်..ပြောနေတုန်းတိုက်ဆိုင်လိုက်တာ.."

ဧပရယ်လ်တစ်ခုခုကို မြင်လို့ပြောတာမှန်းသိလိုက်ကာ ဧကရီလှည့် ကြည့်သည်။

"ဧကရီ မီးဝါနေပြီ.."

အလန့်တကြားသတိပေးသံကြားမှ ဘရိတ်အုပ်လိုက်ရ၏။ ပြီးမှ သတ်မှတ်မျဉ်းအတွင်းပြန်ရောက်အောင် ဘက်ခ်ဆုတ်လိုက်ရင်း.. ၊

"ဘာလဲ.."

"ဟိုဘက်ကွေ့ကြောထဲမှာ ဒါဒါဆိုတဲ့တစ်ယောက်လေ..တိုက်တိုက်ဆိုင်ဆိုင် သူ့အကြောင်းပြောနေတုန်း.."

တိုက်ဆိုင်ပြန်ပြီလား.. ။

ဒီအသံကြားလိုက်တာနှင့် မုန်းတီးခြင်းက အသွေးအသားထဲက ဖျစ်ဖျစ်မြည်၏။ လိုက်ကြည့်လိုက်တော့ လိုက်ထရက်ကားအသေးလေးကို သူမကိုယ်တိုင် မောင်းနေတာဖြစ်ကာ ဆံပင်တွေကိုနောက်မှာအမြင့်တင်စည်းထားသည်။ ရန်တွေ့ကောင်းသည့်နှုတ်ခမ်းအစုံက ဘေးတစောင်းကြည့်ကာရှေ့ကိုစူထော်နေသည့်အတိုင်း.. ။

အမုန်းပုဒ်မတွေတပ်၍ကြည့်တော့ ဒါဒါဆိုသည့်မိန်းမက ရွံစရာမစင်ပုံတစ်ခုလိုပင်။ သင်းက ဘယ်လိုအဆင့်မို့လို့ ကားမောင်းနိုင်နေတာလဲ..။ ကားပဲမောင်းတတ်လို့ ဒရိုင်ဘာလုပ်စားနေရတာလား..။ ဟွန်း.. ဒီတစ်ခါတိုက်ဆိုင်တာ နင်ကံဆိုးပြီမှတ်.. ။

"ဧကရီဘာလုပ်မလို့လဲ.."

"သိချင်ကြည့်နေလိုက်.."

မီးပွိုင့်လွတ်တော့ တည့်သွားရမယ့်ကြောထဲကနေ ကွေ့ကြောထဲကို ဖွတ်ဝင်သည်။ တခြားကားသမားတွေဘာဖြစ်နေနေ ဘာတွေပြောသွားသွား ဂရုမစိုက်။ ထို့နောက် လိုက်ထရက်နောက်ကိုကပ်လိုက်နေပြီး.. ။

"ကားတက်မောင်းပြီး မာန်တက်နေတဲ့ရုပ်ကို အမြင်ကတ်လွန်းလို့..ကိုယ့်ကိုယ်ကိုဒရိုင်ဘာလား အလုပ်သမားလား သတိရသွားအောင် ပညာပေးလိုက်မယ်.."

ရည်ရွယ်ချက်ကို သိလိုက်ရတော့ ဧပရယ်လ်စိတ်ညစ်သွားသည်။ ရှေ့ကိုလည်းမကျော် ဘေးကလည်းမသွားဘဲ ကားနောက်ကကပ်လိုက်ပြီး ကားတွေရှင်းသွားသည့်နေရာကျမှ လိုက်ထရက်ကလည်း ကားရှင်းတာနှင့်အရှိန်မြင့်ကာ ဧကရီကလည်းချက်ချင်းတက်၏။

"နင်ကလည်းပြောရင်မကြိုက်ဘူးဧကရီရယ်..သူ့ကားနဲ့နင့်ကားချိတ်မိရင် နင့်ကားပဲနာမှာပေါ့.."

"ကားကိုငါမီးပုံရှို့ပစ်လို့ရတယ်..လာတားမနေနဲ့၊ အဲ့ကားထိခိုက်သွားရင်သာ သူဘဝပျက်မှာ.."



မုန်တွေရော ကားရော တစ်ကိုယ်လုံးနက်မှောင်နေသည့်ကားက အနားကပ်လာသဖြင့် ဒါဒါလန့်ဖျန့်နေသည်။ ဆေးရုံကို အသည်းအသန်ရောက်ချင်နေကာမှ ကားပိတ်လို့ရပ်နေရ မီးပွိုင့်စောင့်နေရနှင့် အချိန်တွေနှောင့်နှေးခဲ့ပြီဖြစ်သည်။ ကိုယ်ပဲကားမောင်းမကျွမ်းကျင်တာလား..ဒါမှမဟုတ် စိတ်များနေလို့လား.. ။

"ဘာမှမဖြစ်ဘူးသမီးလေး..မကြောက်နဲ့.."

"ကျွန်မဖက်ထားတယ်မဒါ..ကားပဲဂရုစိုက်မောင်း.."

ထိုစဉ် ကားမည်းလေးက ကိုယ့်ရှေ့ကျော်တက်မလို ခေါင်းတိုးကပ်လာလျှင် ကမန်းကတန်းရှောင်လိုက်ရင်း ဘုရားတလိုက်မိသည်။ သေချာပါပြီ..သူမကားမောင်းမကျွမ်းကျင်ရတဲ့အထဲ စိတ်တွေလှုပ်ရှားလွန်းနေပြီ။ အသက်ဝဝရှူ၍ စိတ်ကိုထိန်းသည်။ ကားကိုရှေ့ကျော်တက်၍ ကပ်သထက်ကပ်ပေးလိုက်၏။ သို့သော်.. ။

"ဂျိမ်း.."

"အမလေး.."

ကားကိုယ်ထည်ချင်း ပွတ်တိုက်သွား၏။ တစ်ဖက်ကားထဲက အားပါးတရရယ်သံကို ဒါဒါမကြားပါ။ ချွေးဒီးဒီးကျရင်း.. ။

"ဘာမှမဖြစ်ဘူး..မာမင်း ကလေးကိုဖက်..အား.."

"ဂျိမ်း.."

နောက်ထပ်ခေါင်းချင်းထိကပ်သွားလျှင် ထိတ်လန့်စိတ်ကြောင့် ထိန်းရတော့ဘဲ ဒါဒါ့ကားလမ်းဘေးကို ခေါင်းလည်သွားခဲ့ပြီး.. ။

"ဒုန်း.."

ကြီးမားတုတ်ခိုင်သော အင်ပင်ကြီးဆီ ဦးတိုက်ပြေးဆောင့်လေသည်။ ကားသည် ပင်စည်ကိုတိုက်ပြီး နောက်ဘီးကလမ်းဘေးချိုင့်ကြီးထဲ ချော်ကျကာ ဘေးတိုက်တိမ်းမှောက်သွားလျက်.. ။

## အခန်း(၃၃)

"မေမေ.."

"..................."

"မေမေ့.."

ဟင်.. ၊

ဒါဒါမျက်လုံးဖွင့်ကြည့်လိုက်တော့ လန့်ဖျန့်သွားသည်။

"သမီး..သမီးခိုက်မိသွားတာလား၊ အမလေး..သွေးတွေ.."

ခုတင်ပေါ်ကနေ ဒူးထောက်ထလိုက်ပြီး သွေးချင်းချင်းနီနေသည့် သမီးခေါင်းလေးကို လှမ်းကိုင်လိုက်တော့ မင်းမင်းကခေါင်းလေးခါလျက်..

"အရမ်းနာတယ်မေမေ..သမီးနာတယ်.."

"အေးပါသမီးရယ်..မေမေ့အမှားပါ၊ မေမေ့ဆီလာနော်..ကြည့်ရအောင် သွေးတွေကျနေတယ်လေသမီးရဲ့.."

"ဟင့်အင်း..ဖေဖေခေါ်နေပြီ.."

"မသွားနဲ့သမီး..သူ့မိန်းမက သမီးဒဏ်ရာကိုကြည့်ပေးမှာမဟုတ်ဘူး"

"ဟင့်အင်း.."



"သမီး..သမီးမေမေ့ဆီလာ.."

ဒါဒါကမန်းကတန်းလိုက်မိလျှင် ခုတင်ပေါ်ကနေ ဒလိမ့်ခေါက်ကွေး ပြုတ်ကျလေသည်။

"အား..ကျွတ် ကျွတ်.."

"ဟော..လူနာသတိရပြီလား.."

ခေါ်သံကတစ်သံတည်း မဟုတ်။ ပြီးတော့ သမီးလေးအသံမပါ။ အခုအသံလည်းမကြား။ သူမဘယ်ရောက်နေတာလဲ..။ အသိဝင်လာပေမယ့် မျက်လုံးတွေဖွင့်လို့မရ.. ၊

"ဒါဒါ.."

"ဟင်.."

ပြန်ထူးလိုက်တော့ အသံထွက်သွားတာ ကိုယ့်ဘာသာသိလိုက်သည်။ မျက်လုံးတွေဖွင့်လို့ရတော့ မြင်လွှာပွင့်သွားသည်နှင့် ခေါင်းတွေကတစ်အုံလုံးနာကျင်ကိုက်ခဲနေသည်။

"သူပြန်ထူးတယ်ဆိုတော့ ခေါင်းကဒဏ်ရာပြင်းပေမယ့် အာရုံကြောထိခိုက်မှုမရှိဘူးဆိုတဲ့အဖြေပေါ့.."

"တော်ပါသေးရဲ့.."

"ဟိုမိန်းကလေးလည်း ခြေထောက်တစ်ဖက် လက်တစ်ဖက်ကျိုးသွားပေမယ့် အသက်အန္တရာယ်တော့မရှိဘူး..ကလေးလေးပဲ ကံဆိုးရှာတာ.."

"ဒီမယ်ရှင့် လူနာသတိရလာရင် မကြားအပ်တာတွေ ကြားလို့မဖြစ်ဘူးလို့ပါ..ခဏဘေးဖယ်နေပါ၊ ဒေါက်တာနည်းနည်းလောက်ပြောပေးပါဦး.."

"မိသားစုကလွဲရင် အားလုံးအပြင်ထွက်ပေးပါ..အားလုံးထွက်ပါ.."

"သူ့မှာမိသားစုမှ မရှိတာ.."

သွားပါဆိုမှ ပြောပြီးမှထွက်သွားသည်။ ဥမ္မာဒေါသတွေထွက် စိတ်တွေလည်းပူကာ ဒီဘက်ပြန်လှည့်လိုက်လျှင်.. ၊

"ဒါဒါ.."

ဒါဒါသည် လှဲနေရာကနေ ကုန်းရုန်းထနေခဲ့လျက်.. ၊

"ငါ့ကိုဒါတွေဖြုတ်ပေး..ငါ့သမီးဘယ်မှာလဲ၊ ငါ့သမီးလေးဘာဖြစ်သွားပြီလဲ.."

“အို..မလုပ်နဲ့၊ မဖြုတ်နဲ့ဦးဒါဒါ..”

“သမီး..သမီးခေါင်းကဒဏ်ရာပြင်းတယ်၊ သွေးတွေသွင်းနေရတာလေ..”

“ကျွန်မသမီးဘာဖြစ်သွားပြီလဲ..အခုဘယ်မှာလဲ..”

တုန်ယင်နေသည့်စကားသံသည် မေးနေရင်း ကျယ်လောင်လာကာ..

“ပြောကြပါ..ကျွန်မမရူးသေးပါဘူး၊ ကျွန်မကားတိုက်မိခဲ့တယ်..ကျွန်မသမီးဘာဖြစ်သွားပြီလဲ..”

“ဒါဒါ..”

“ဖယ်ပေး..”

“ဟော့ ဟော့..”

ဒါဒါဘယ်လိုမှသည်းမခံနိုင်တော့ဘဲ ပိုက်တွေရှိသမျှဆွဲဖြုတ်ပစ်သည်။ သွေးသွင်းနေသည့်ပိုက်တန်းလန်းကနေ သွေးတွေအမျှင်မပြတ်ကျကုန်လျက် သူမခုတင်ပေါ်ကနေဆင်းသည်။ ဘယ်သူဆွဲဆွဲ အားလုံးကိုတွန်းထိုးရိုက်ထုတ်ပစ်ကာ.. ။

“ပြော..ငါ့ကလေးဘယ်မှာလဲ..”

“ဒါဒါ..”

“ပြော..ပြောပြ..”

အစိမ်းသရဲပူးနေသလို တစ်ကိုယ်လုံးတုန်ကာ ဒါဒါအာခေါင်ခြစ်အော်၏။ ဘေးမှာလန့်ဖျန့်ရပ်ကြည့်နေသည့် နာ့စ်တစ်ယောက်က ရှေ့တိုးရပ်လိုက်ကာ.. ။

“ရှင့်ကလေးက ဆုံးသွားပြီ..”

ပြောတော့ ပြောရတော့မှာပါ။ သို့သော် ဒီလိုကြီးပြောချလိုက်ဖို့မဟုတ်။ ဥမ္မာတို့ရော ဘေးကလူတွေပါ မျက်နှာပျက်ကုန်ကျကာ ပတ်ဝန်းကျင်သည် ကြောက်စရာကောင်းလောက်အောင် တိတ်ကျသွားခဲ့၏။ ဒါဒါကနာ့စ်ကို လှည့်ကြည့်သည်။ ကြည့်နေပြီး မမြင်သကဲ့သို့ အကြာကြီးတောင်မတ်သွားခဲ့ပြီး.. ။

“ငါ့သမီး..”

“ဒါဒါနေဦး..အခု မကြည့်ပါနဲ့ဦး၊ ငါတောင်းပန်ပါတယ်ဟာ..နင်ခံ



နိုင်ရည်ရှိမှာ မဟုတ်လို့ပါ..”

တားနေပေမယ့် ဒါဒါကပြေးထွက်သွားပြီမို့ အားလုံးပဲနောက်ကနေပြေးလိုက်ကြရကာ ဘယ်လိုမှမပြောရက်သော်လည်း.. ။

“ကလေးက ရေခဲတိုက်ရောက်သွားပြီ..အဲ့ဒီဘက်မှာမဟုတ်ဘူး..”

ဟင်.. ။

လက်ကိုဆွဲထားလိုက်ခြင်းနှင့် ခြေလှမ်းရပ်လိုက်ခြင်းသည် တစ်ပြိုင်တည်းဖြစ်သွားခဲ့လျက်.. ။

မဟုတ်ဘူး..အဲ့လိုမဟုတ်ဘူး.. ။

## အခန်း(၃၄)

ပြေးလွှားလာခဲ့သည့်ခြေလှမ်းတွေက ရေခဲတိုက်တံခါးရှေ့မှာ တုံ့သွားသည်။ မောဟိုက်ခြင်းတို့သည် စေ့ပိတ်အံကြိတ်ထားသည့်နှုတ်ခမ်းသားတို့ အတွင်းမှာ စုပြုံကျုပ်ခဲ့လျက် ရင်ဘက်တစ်ပြင်လုံးသို့ ဆိုနင့်နေ၏။ သူမမိ နှစ်ပေါင်းများစွာ မေ့မျော့နေခဲ့သည်။ ထိုအချိန်မှာ သမီးကနောက်ဆုံးထွက် သက်ကို အထီးကျန်စွာနှင့်ထုတ်ခဲ့ရှာ၏။

သမီးလေးဒီလိုဖြစ်အောင် ငါလုပ်ခဲ့တာ.. သမီးလေးအထီးကျန်သေ ဆုံးတဲ့အထိ ငါပဲတာဝန်မဲ့ခဲ့တာ.. ။

"ဒါဒါရယ်..ငိုလိုက်လေဟာ၊ နင်အရမ်းခံစားနေရင် ဒုက္ခရောက်သွား လိမ့်မယ်.."

"သတ္တဝါတစ်ခု ကံတစ်ခုပါညီမရယ်..ဘယ်သူ့ကြောင့်ဆိုတာမျိုး ခွဲ မထားပါနဲ့၊ ညီမလေးကြောင့်လည်း မဟုတ်ဘူး..ညီမက သူ့ကိုကယ်ဖို့ကြိုး စားခဲ့တာလေ.."

"ဒီအချိန်မှာ ဒီလိုဖြစ်ရမယ့်ကံတရားက ပါလာတာကိုး.."

ဘေးလူတွေရှိနေတာ ဘယ်သူတွေမှန်းမသိ။ ထို့ပြင် ပြောကြသည့်



စကားတို့သည် ကိုယ့်ကိုနှစ်သိမ့်နေသလို မခံစားရဘဲ ရင်ကိုခွဲ၍ဆားပက် နေသည့်နှယ်.. ။

"သမီးလေး.."

ရင်ခွဲရုံထဲမှာ တခြားအလောင်းနဲ့ သူ့ပိုင်ရှင်တွေရှိနေကြတာ သတိမ ထားမိ။ ပိတ်ဖြူလွှမ်းထားသည့် ကလေးအလောင်းဆီ တစ်လှမ်းချင်းတိုး လာခဲ့စဉ်.. ။

"ဟယ်..အဲ့ဒါသူ့သမီးလေးလား.."

"ဟုတ်တယ်..သားအဖနှစ်ယောက် တစ်နေ့တည်းဆုံးတာ.."

ဒါဒါခြေလှမ်းတုံ့သွားသည်။ စကားသံတွေရှိရာ ငဲ့စောင်းကြည့်လိုက် မိလျှင် ယုဝတီသည်မျက်နှာပေါ်နေသော မင်းနိုင်၏အလောင်းဘေးမှာ ရပ် နေ၏။ ဖုန်းဆက်ခဲ့တုန်းကလို ဒေါသမာနတွေနဲ့မဟုတ်ဘဲ မျက်လုံးအဝိုင်း သားနှင့် ကြည့်နေ၏။ ဒါဒါ့မျက်လုံးတွေ မင်းနိုင်အလောင်းပေါ်ရောက်သွား သည်။

"ဟင့်အင်း..ဖေဖေခေါ်နေပြီ.."

"သမီးအရမ်းနာတယ်မေမေ.."

သမီးလေးကို သူမပြန်ခေါ်လို့မရခဲ့တာ..သူ့အဖေကြောင့်.. ။

လက်သီးနှစ်ဖက်သည် တင်းခနဲဆုပ်မိခြင်းဖြစ်လျက် ခြေလှမ်းပြင် ၏။ ဥမ္မာက ပခုံးလေးကိုလှမ်းဖက်ထားလိုက်ကာ.. ။

"ဒါဒါ ကလေးရှိသေးတယ်လေ.."

မဟုတ်ဘူး..သင်းကြောင့်၊ သူ သူငါ့သမီးလေးကိုအပါခေါ်သွားတာ..

"ဒါဒါ ဒါဒါသတိထားလေ.."

"မရလောက်ဘူး..ကလေးကိုမပြန့်တော့.."

နောက်ကစကားသံထွက်လာလျှင် ဒါဒါဥမ္မာလက်ကို ဖယ်ချပစ်လိုက် ပြီး ကလေးဆီတန်းတန်းမတ်မတ်လျှောက်သွား၏။ အလောင်းဘေးမှာ ကြာနံ့များစွာ တောင့်မတ်စွာရပ်နေခဲ့ပြီး လက်သီးဆုပ်ထားတာကိုမဖြေ..၊

"ငါဖွင့်ပြမယ်နော်..စိတ်ကိုခိုင်ခိုင်ထား.."

ဥမ္မာက လွှမ်းထားသည့်ပိတ်စကို ဖွဖွလေးဖယ်လိုက်၏။ မင်းမင်း မျက်နှာလေးသည် သူမမြင်ခဲ့သလို သွေးသံရဲရဲ ဒဏ်ရာဒဏ်ချက်ဘာမှမရှိ

ဘဲ ပကတိဖြူစင်နေကာ ပုံမှန်အိပ်နေတဲ့အတိုင်း.. ။

ရင်ထဲမှာမီးတွေ ထတောက်လာသည်။ ကတုန်ကယင်လက်တို့သည် သမီးမျက်နှာလေးပေါ်မှာ အတန်ကြာရှိနေပြီးမှ တဖြည်းဖြည်းထိကပ်သွားခဲ့ပြီး.. ။

"သမီးလေးရယ်.."

နဖူးထောင့်မှာ ပွန်းရှထားသလို ဒဏ်ရာလေးရှိကာ ဒါဒါထိုဒဏ်ရာလေးကို စူးစိုက်ကြည့်ရင်း လက်နှစ်ဖက်သည် တုန်ယင်စွာတို့ထိလျက်..

"ဒါ..ဒါလေးပဲခိုက်မိတာ၊ ဒီဒဏ်ရာလေးနဲ့ မသေနိုင်ဘူး.."

ဒါဒါကလေးရဲ့ဆံပင်တွေထဲကို ကမန်းကတန်းလက်ထိုးဖွသည်။ ပြီးတော့ လွှမ်းထားသည့်ပိတ်စကို ဆွဲဖယ်ပစ်ကာ အင်္ကျီကိုလှန်လှော့ရှာဖို့ပြင်လျှင် ဥမ္မာတို့ထိတ်ထိတ်ပျာပျာဖြစ်ကုန်ကြကာ.. ။

"ကလေးကိုပုံပန်းပျက်အောင် မလုပ်ပါနဲ့ဒါဒါရယ်..ဆေးရုံရောက်တည်းက ကလေးကဆုံးသွားတာ၊ နင်သတိလစ်နေတာပဲ နှစ်နာရီကျော်နေပြီလေ.."

"ဟင့်အင်း..မဟုတ်ဘူး.."

ဒါဒါ မင်းမင်းကိုယ်လေးကို သိမ်းကျုံးပွေ့ယူသည်။ ပြီးတော့ သွေးရူးသွေးတန်းအော်ဟစ်လျက်.. ။

"ဆရာဝန်ခေါ်ပေး..ကျွန်မသမီးကိုပြန်နှိုးပေးပါ.."

ဘယ်သူဝင်ဖြည်လို့မှ မလွတ်။ ဘာပြောပြောခေါင်းခါနေကာ.. ။

"အမေ့ကြောင့်ပါ..အမေသေရမှာပါသမီးရယ်.."

သူမကြောင့်မွေးလာတည်းက အဖေခေါ်စရာမရှိခဲ့တဲ့သမီး။ အဖေရယ်ကားတွေရယ် ပြည့်စုံသာယာတဲ့မိသားစုဘဝလေးကို ပိုင်ဆိုင်ဖို့ အမြဲမျှော်နေရှာတဲ့သမီး..။ အမေ့ကိုကြိုးစားခွင့်မပေးဘဲ ဘာဖြစ်လို့စောစောစီးစီးထွက်သွားခဲ့တာလဲသမီးရယ်..အမေကြိုးစားနေတာတွေ အမေ့ရည်ရွယ်ချက်တွေအကုန်လုံးက သမီးလေးကိုချမ်းချမ်းသာသာထားနိုင်ဖို့ပါ။ အခု အမေဘာမှမလုပ်ရသေးဘူးလေ..အမေ့ကိုမယုံကြည်လို့ ထားသွားခဲ့တာလား.. ။

"ဒါဒါ အံကြိတ်မထားပါနဲ့သူငယ်ချင်းရယ်..ခုနကလို အော်ငိုပစ်လိုက်ပါ.."



ဥမ္မာက ကလေးကိုဖက်ထားသည့် ဒါဒါ့ပခုံးလေးကိုဖက်၍ သူမသည်းငိုလေသည်။ ထိုစဉ်.. ။

"အဟမ်း.."

ချောင်းဟန့်သံကြီးက အားလုံးသောအသံတွေကို လွှမ်းမိုးဖို့အတွက်အမင်တကာ ကျယ်လောင်စေခြင်းဖြစ်လျက်.. ။

"ပြောဖို့တော့မသင့်ပေမယ့် ဟိုမှာကလည်းမိဘဖြစ်နေတော့ ပြောရတော့မှာပဲ.."

စကားသံသည် တိတ်ကျသွားခြင်းမှာ ပီပြင်စွာထွက်ပေါ်လာခဲ့ပြီး..။

"ဗေဒါဖြူ..ညည်းအမေလည်း ဆေးရုံရောက်နေတယ်.."

အမေ.. ။

ဦးမင်းလွင်အသံမှန်းသိလိုက်သည့်အချိန်မှာ အမေ့ကိုသတိရသွားသည်။ ဒါဒါ့ခေါင်းတစ်ခုလုံး မီးပွင့်သွားသလိုပင်.. ။

"ညည်းသောကကို စာနာပါတယ်..ဒါပေမယ့် ဒေါ်အေးကလည်း အဆော်ဖြစ်နေတယ်၊ သူညည်းကိုပဲစောင့်နေတာထင်တယ်..အရေးပေါ်ခန်းထဲမှာ အခြေအနေမကောင်းဘူး.."

☎

## အခန်း(၃၅)

"ဘယ်သူပဲသေနေနေပေါ့ဗျာ..လင်သေတော့လည်း ကိုယ့်လင်မှ မဟုတ်ဘဲ၊ ကလေးဆုံးသွားတာလည်း ကိုယ်လိုက်ဆွဲထားလို့ရတာမှ မဟုတ်တာ..ဒီမှာ သူ့အမေလေ၊ သေပြီးတဲ့လူကိုဖက်ငိုနေမယ့်အစား မသေသေးတဲ့ မိဘကို ဂရုစိုက်ရမှာမှန်းတော့ သိရမှပေါ့.."

"ဒါကတော့ ကိုဝင်းမောင်ရယ်..ခုပဲသေသွားတာ အလောင်းတောင် မတောင့်သေးဘူး၊ သေပြီးမှမထူးပါဘူးလို့ ဘယ်မိဘကဖြေနိုင်မှာလဲ..ပြီးတော့ သူ့ယောကျ်ားရော သမီးရော နှစ်ယောက်စလုံးတစ်ရက်တည်းဆုံးသွားတာကြီး.."

"အေးဗျာ..ကိုဝင်းမောင်ကလည်း ဒီအချိန်မှာတော့ အပြောအဆိုဆင်ခြင်သင့်ပါတယ်.."

အရေးပေါ်ခန်းထဲမှာ ဆရာဝန်တွေ လက်လျှော့သွားကြပြီဖြစ်သော လူနာက အောက်ဆီဂျင်ပိုက်တန်းလန်းနှင့်ရှိနေကာ ဦးဝင်းမောင်အသံက ကရုဏာဒေါသလား မကျေနပ်ချက်တွေလားမသိ။ လူနာနားတော့မကပ်ဘဲ ခပ်လှမ်းလှမ်းမှာ ခါးထောက်ရပ်ရင်း ရေရွတ်နေ၏။ ဒေါ်သီတာအေးမြင်



နိုင်ပေမယ့် သိနေသည်။ ပြောသမျှကိုလည်း ကြားနေရသည်။ ဒါဒါတစ်လောက် မင်းနိုင်ရော ကလေးပါဆုံးသွားခဲ့သည့်အဖြစ်နှင့် ဘယ်လောက်အောင် ငိုကြွေးပူလောင်နေပြီလဲ.. ၊

မင်းနိုင်က ဘာဖြစ်လို့ရုတ်တရက်သေတာလဲ..ငါ့မြေးလေးရော ဘာဖြစ်သွားတာလဲ..။ ဒီဒဏ်တွေ ငါ့သမီးလေးဘယ်လိုမှ ခံနိုင်မှာမဟုတ်ဘူး.. ဒါဒါ့ကို သွားမခေါ်ကြပါနဲ့၊ ဘုရားတပည့်တော်မ နောက်ထပ်တစ်လလောက် နေပါရစေ တစ်ပတ်လောက်ဖြစ်ဖြစ် နေပါရစေ..။ ပြန်မကောင်းတော့ရင်တောင် ဒီတိုင်းအသက်ရှူပြီး.. ၊

"ဟင်း..ရှူး ဝူး.."

"ဟော..ချွဲတွေထလာပြန်ပြီ.."

ဒေါ်သီတာအေး ရင်ဘက်ကြီးလှိုင်းထန်လာသည်။ အသက်တစ်ခါ ရှိုက်ခြင်းထုတ်ခြင်းမှာ တစ်ကိုယ်လုံးတုန်ခါမြောက်ကြွပြီးမှ အောင်မြင်ခြင်းသို့ရောက်လျက်.. ၊

"အမေ.."

အခန်းရှေ့ရောက်သည်နှင့် မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ဒါဒါ အသက်ရှူရပ်မတတ်ဖြစ်သွားသည်။

"ဟွန်း..လာပါပြီသမီးအလိမ္မာလေး.."

မာထန်နေသည့်မျက်နှာနှင့် ဦးဝင်းမောင်ကခါးထောက်ဆီးကြိုသည်။

"မအေဘုန်းဘုန်းလဲကျန်ခဲ့တာကို လှည့်မကြည့်ဘဲသွားတာတောင် ချုပ်ကဆေးရုံတင်ပေးဖို့လုပ်တော့ သူ့သမီးကိုခေါ်ပေးပါတဲ့..ဘယ်လောက်အောင် ရင်နာဖို့ကောင်းသလဲ.."

ဦးဝင်းမောင်စကားကြောင့် ဒါဒါစိတ်မဆိုးနိုင်သည့်အပြင် အမေ့ဘေးမှာ အရှုပ်ကြိုးပြတ်ထိုင်ကျသွားခဲ့ပြီး.. ၊

"အမေ..အမေ့.."

လက်မောင်းကိုကိုင်လှုပ်လိုက်တာ သိသည်။ ဒါဒါရောက်လာပြီဆိုတာလည်း သိလိုက်သည်။ ခံစားနေရသည့်ဝေဒနာကသပ်သပ် သမီးကိုသနားမိခြင်းသည် ရင်နဲ့မဆံ့အောင်ကျပ်ခဲ့လာခဲ့သည်။ ခုနေ သူမသေဆုံးသွားခဲ့ရင် ပဋာစာရီလိုအဖြစ်ဆိုးတော့မည်။ မဖြစ်ဘူး..ငါ့သမီးလေးကို ငါဘာမှ

မပြောရသေးဘူး၊ ငါ့ဘာမှလည်း မပေးရသေးဘူး…ဝင်းမောင်ယုတ်မာ ငါ့သမီး ခိုးကိုးရာမဲ့ဖြစ်တော့မယ်..၊ ဘုရားတပည့်တော်မကို ခဏလောက် ပဲ အသက်ရှင်ခွင့်ပေးပါဘုရား.. ၊

ဒေါ်သီတာအေးမျက်ဝန်းထောင့်မှ မျက်ရည်တွေစီးကျလာသည်။

"အမေ့.."

ဒါဒါမျက်ရည်ကြောင်းကို လက်ဖဝါးလေးနဲ့ ကပ်ဖိထားရင်း အမေ့ကို ဖက်ထားမိကာ.. ၊

"အမေမငိုပါနဲ့..အမေဘာမှမဖြစ်ဘူး၊ မဖြစ်ပါနဲ့အမေရယ်..သမီးကို သနားပါဦး၊ သမီးတစ်ယောက်တည်း မထားခဲ့ပါနဲ့..ဟီး ဟီး.."

အမေမထားခဲ့ဘူး…ထားခဲ့ရင်တောင် ငါ့သမီးအရှုံးမီးဝိုင်းဖြစ်အောင် ဒီနေ့တော့ အမေမသွားဘူး.. ၊

ဒေါ်သီတာအေး အသက်ရှူတွေပြင်းလာသည်။ မျက်ရည်တွေ အဆက်မပြတ်စီးလာကြ၏။ မျက်လုံးတွေလည်း ဖွင့်မရ။ ပြောချင်ပေမဲ့ မပြောနိုင်.. ၊

"အမေ့ကိုလုပ်ပါဦး…အမေဘာဖြစ်တာလဲ.."

ဒါဒါ ဒေါ်သီတာအေးကို ပွေ့ဖက်တော့မလို ပျာယာခတ်လျက်–

"အမေအရမ်းခံနေရပြီ.."

ဆရာဝန်တွေ အနားပြန်ရောက်လာကြကာ အတတ်နိုင်ဆုံးလူနာ သက်သာအောင် လုပ်ပေးကြသည်။ သို့သော်.. ၊

"ညည်းအမေ နောက်ဆုံးထွက်သက်ကို အတင်းလုနေရတာဒါဒါ ကိုယ့်သောကတွေပြောပြပြီး အတင်းတားမနေပါနဲ့အေ၊ ညည်းပြောနေတာ တွေ သူကြားတယ်..ကြားလို့မျက်ရည်တွေကျနေတာလေ.."

အိမ်နီးချင်း ဒေါ်ထားထားက အနားကပ်ပြီးဖျောင်းဖျသည်။ ဒါဒါ အမေသွားပါတော့လို့ ပြောရမှာလား..။ ခေါင်းခါပစ်ရင်း သူမဟီးခနဲငို လေသည်။ အမေနေမကောင်းတာကို သူမပြောဆိုပြီး ကျောခိုင်းခဲ့သည် နေမကောင်းသည့်ကလေးကိုလည်း ဂရုမစိုက်။ မိဘကိုလည်းမညှာတာ အားလုံးကိုယ့်အပြစ်တွေလား…ဘယ်လိုဝဋ်ကြွေးတွေနဲ့ ကိုယ်ချစ်တဲ့သူတွေကို တစ်ပြိုင်တည်း ဆုံးရှုံးရဖို့ဖြစ်လာတာလဲ.. ၊



"ဟင့်အင်း..မသွားပါနဲ့၊ သမီးမှာဘယ်သူမှမရှိတော့ဘူးအမေသိလား.. သမီးပြောဆိုမိခဲ့သမျှတွေ အမေ့ကိုတောင်းပန်ရဦးမှာလေ..အပြစ်တွေနဲ့ သမီး ကိုမထားခဲ့ပါနဲ့၊ မျက်လုံးဖွင့်ပါဦး အမေ့.."

သူမတတွတ်တွတ်တောင်းပန်နေသော်လည်း ဒေါ်သီတာအေးကိုယ် ကြီးအသက်ရှူပြင်းပြင်းနှင့် ကော့တက်သွားသည်။ ထို့နောက် ခပ်ဖြည်း ဖြည်းပျော့ကျငြိမ်သက်သွားခဲ့ပြီး.. ၊

"အမေ..အမေအသက်မရှူတော့ဘူး၊ ဆရာမလုပ်ပါဦး.."

ဆရာဝန်တွေ စမ်းသပ်စစ်ဆေးနေခြင်းသည် ကိုယ့်တစ်ကိုယ်လုံးကို အသုရာချောက်ကမ်းပါးထိပ်က ပစ်ချဖို့ခြေနှစ်ချောင်းကနေ ဆွဲကိုင်ခံထား ရသည့်နှယ်။ သို့သော် သူမ၏မျှော်လင့်ခြင်းတို့သည်.. ၊

"ဆုံးသွားပြီ.."

"သေဆုံးချိန်မှတ်.."

မဟုတ်ဘူး…အဲ့လိုလွယ်လွယ်လေး မဟုတ်ဘူး.. ၊

"အမေ့.."

ဒါဒါ အမေ့လက်ဖဝါးပေါ် အလန့်တကြားထပ်အုပ်ကိုင်လိုက်သည်။ နွေးနေဆဲလက်တို့သည် ကိုယ့်ကိုပဲပြန်ဆုပ်ကိုင်ထားသလိုလို။ ပိုက်ဖြုတ် လိုက်သည့်နောက်မှာ အမေ့မျက်နှာသည် စိုနေဆဲမျက်ရည်ကြောင်းတို့ဖြင့်..

"ခု ခုလေးတင်အမေသမီးကို တစ်ခုခုပြောမလို့လုပ်နေတာလေ..သမီး ပြောတာတွေကြားတယ်ဆို၊ ကြားရဲ့သားနဲ့သမီးကို ရက်ရက်စက်စက်ထား သွားတာလား..အဲ့လောက်တောင် သမီးကိုမရက်စက်ပါနဲ့၊ သမီးမှာဘာမှမရှိ တော့ဘူးအမေရဲ့.."

အမေ့နားသယ်စပ်က မျက်ရည်တွေမှာ ပါးနဲ့ကပ်၍ ဒါဒါအံကြိတ် လိုက်သည်။ အမေ့ကိုဖက်ထားသည့်လက်တွေကို မလွှတ်တော့ဘဲ အတူတူ လိုက်သွားချင်၏။ သူမဘဝမှာ ဘာရှိတော့သလဲ.. အမေ့နားကထသွားရင် နောက်မှာသမီးလေးရဲ့အလောင်း…သမီးအလောင်းနားမှာ မင်းနိုင်ရဲ့ရုပ်က လာပ်ကြီး.. ၊

သမီးကိုခေါ်သွားပါအမေ..ဒီတိုင်းထားခဲ့မယ့်အတူ တစ်ခါတည်းခေါ် သွားပေးပါ.. ၊

"ကဲ..ကဲ လူသေပေမယ့် အတင်းဖျစ်ညှစ်ဆွဲခါနေရင် မသာနာတယ်.."

"ဟုတ်တယ်..မြန်မြန်ရုပ်ပျက်တယ်တဲ့.."

"ဒါဒါရယ်..ထပါသမီးရယ်.."

ရင့်ရင့်သီးသီးပြောနေသူသည် ဦးဝင်းမောင်ဖြစ်ကာ အမြင်မတော်လို့ ပြောသည့်သူ သနားလို့နှစ်သိမ့်တဲ့သူ အမျိုးမျိုးသောလူတွေ ဒါဒါ့ကိုတွဲရ ဖို့ အနားကပ်လာကြသည်။ သူမ ဦးဝင်းမောင်စကားတွေကိုလည်း မခံစား နိုင်။ တွဲကိုင်လာသည့်လက်တွေကိုလည်း ပုတ်ခတ်ဖယ်ရှားခြင်းမပြု။ သို့ သော် ဒါဒါ့ကိုဘယ်သူတွဲထူလို့မှမရဘဲဖြစ်နေကြသည်။ မျက်ရည်စက်တို့ တပေါက်ပေါက်ကြွေဆင်းနေခဲ့လျက် နှုတ်ခမ်းတို့ကစေ့ပိတ်ထား၏။ ခေါ် သီတာအေး၏လက်မောင်းမှာ သူမလက်နှစ်ဖက်နှင့် ထပ်ဆုပ်ထားပြီး တောင့်မတ်စွာရှိနေကာ တတွတ်တွတ်ပြောနေခဲ့သော စကားသံတို့လည်း ပျောက်နေခဲ့သည်။

ထူးဆန်းသောတိုက်ဆိုင်မှုကြီးဖြစ်ခဲ့သည့် နာရေးသတင်းသည် ရေခဲ တိုက်မှာလူတချို့နှင့် အရေးပေါ်ခန်းရှေ့မှာပါ လူတွေရှုတ်စုရှုတ်စုဖြစ်လာ ခဲ့သည်။ ဒါဒါ့ကိုဆွဲထုတ်လို့မရသည့်အခြေအနေအတွက် ဦးဝင်းမောင်က စိတ်မရှည်သည့် မျက်နှာတင်းတင်းကြီးနှင့်ရောက်လာပြီး.. ။

"ကဲ..ဘယ်လိုလဲ ညည်းလိုက်ပို့ရမယ့်မသာက သုံးခုနော်၊ နောက်နေ့ လပြည့်ခံနေတော့ မနက်ဖြန်သုံးလောင်းစလုံး သင်္ဂြိုဟ်ရမှာ..သေနေကာမှ အပိုတွေလုပ်နေမယ့်အစား လုပ်စရာရှိတာလုပ်ဖို့စဉ်းစား၊ ညည်းကြောင့် အားလုံးအလုပ်ရှုပ်နေရတယ်.."

ဒါဒါလှည့်မကြည့်ပေမယ့် မျက်ဝန်းတွေတစ်ချက်ရွှေ့သွားသည်။ ပြီး တော့ ကျိခနဲအံကြိတ်ကာ.. ။

"ရှင်ပါဝမ်းသာလုံးဆို့ပြီး အသက်ထွက်သွားရင် လေးလောင်းပေါ့.."

"ဘာ.."

"တစ်လက်စတည်း သင်္ဂြိုဟ်ပေးမလို့.."

"ခုထိနင်က.."

"ဦးဝင်းမောင် သတိထားဦးလေ..ဒီလောက်ဖြစ်နေကြတာတောင်မှ.."

ဦးဝင်းမောင် ရှူးရှူးရှားရှားနှင့် ခပ်ကြိတ်ကြိတ်တက်ခေါက်သည်။



သူ့ရဲ့တက်ခေါက်သံနှင့် ဒေါသတို့သည် ဇနီးမယားအတွက် သောကပြစ် ရင်း ထွက်လာသည့်ကရုဏာဒေါသတွေလို့ လူတွေကထင်နေကြသည်။ တ တယ်တမ်းဘာလဲဆိုတာ သိနေသည့်ရင်ထဲမှာ အမေ့အတွက် ခံရခက်နေခဲ့ ၏။ ဒီယောကျ်ားကို ညှာတာခဲ့သည်။ ဒီလူအတွက် ဟိုဘက်ကိုထိန်း ဒီဘက် ထိန်းနှင့် သားအမိကြားမှာ အက်ကြောင်းထင်ခဲ့ရသည်။ ခုလိုကြင်နာနေတာ တွေ အမေကြားရရင် ဘယ်လိုနေမလဲ.. ။

မျက်ဝန်းမှာ မျက်ရည်တွေက အရှိန်မှန်ကျဆင်းလျက် ရပ်တန့် ခြောက်သွေ့သည်မရှိ.. ။

"သနားပါတယ်..တော်ရုံလူဆို ရူးသွားနိုင်တယ်.."

"လင်ရယ် သမီးရယ်..အမေရယ် တစ်ပြိုင်တည်းသေကုန်တာနော်၊ အမလေး ဘုရားလက်ထက်က ပဋာစာရီကျနေတာပဲ..ကြောက်စရာကြီး.."

ပဋာစာရီ.. ။

တစ်စုံတစ်ယောက်၏စကားသံက ဒါဒါ့နားထဲကနေ ပြင်းရှပ္ပလောင် စွာ စီးဝင်သွားသည်။ နှလုံးသားတစ်ပြင်လုံးသည် ရဲရဲတောက်သံချွန်တစ် ခုနှင့် ဆောင့်ထိုးခံလိုက်ရသည့်နှယ်.. ။

ထိုအချိန်မှာပဲ သူမမြင်ကွင်းထဲကို ရောက်လာတာယုဝတီဖြစ်သည်။ သူမသည်လည်း ဒါဒါ့အဖြစ်ကို အံ့ဩမကုန်အောင်ဖြစ်ရကာ စပ်စုချင်စိတ် က ကိုယ့်သောကကိုတောင် မေ့သွားခဲ့တဲ့အထိ။ ထို့ကြောင့် ဒီနေရာထိလာစုံ စမ်းခြင်းဖြစ်သည်။ ကံဆိုးခဲ့ခြင်းသည် ကျားနာတစ်ကောင်လို သက်ဝင်လာ သည့် ဒါဒါ့မျက်လုံးရှေ့မှာမှ တန်းတန်းမတ်မတ်.. ။

ယုဝတီ.. ။

ဒါဒါ့မျက်လုံးထဲမှာ မီးပွင့်သွားသည်။ သင်း ငါ့ကိုဘာပြောခဲ့သလဲ..၊

"နင်ကဒါဒါမဟုတ်ဘူး..မပဋာ.."

"ပဋာစာရီမ.."

သူမရဲ့စကားသံတို့သည် လူကိုမြင်လိုက်ရသည့်အခိုက်မှာ ဒီစကား တွေ သူမပြောခဲ့တာမှန်ကန်ကြောင်း သက်သေပြလျောင်ရယ်နေသည့်နှယ်..၊

"ဘုရားလက်ထက်က ပဋာစာရီကျနေတာပဲ.."

"ဘုရားလက်ထက်က ပဋာစာရီကျနေတာပဲ.."

"လင်ရယ် သမီးရယ်..အမေရယ် တစ်ပြိုင်တည်းသေတာ.."

"ပဋ္ဌာစာရီ.."

စကားသံတွေ တစ်လှည့်စီပေါ်လာသည်။ ပြီးတော့ ဝိုင်းအော်ပြောနေကြသလို ဆူညံလာသည်။ ပြီးတော့ ယုဝတီကျောနပ်အားရစွာရယ်နေ၏။

"တောက်.."

မျက်လုံးချင်းဆုံလိုက်စဉ်မှာ သူမအခြေအနေမကောင်းတော့မှန်းသိကာ ယုဝတီနောက်ပြန်ပြေးဖို့ ခြေလှမ်းပြင်၏။ သို့သော် ဒါဒါသည်နေရာမှ ဝုန်းခနဲထရပ်လိုက်ပြီး.. ။

"ဟဲ့..နင်ရပ်နေစမ်း.."

ဟင်.. ။

ဒါဒါလိုက်လာပြီမှန်းသိလျှင် ယုဝတီဟန်မဆောင်နိုင်တော့ဘဲ တစ်ဘက်က လူနာခုတင်ကြားကနေ တံခါးဝဆီထွက်ပြေး၏။ ဒါဒါသည် သူမနောက်ကို ခုန်လွှားသလို ရောက်သွားခဲ့လျက်.. ။

"မှန်သွားပြီ..နင်တော်လွန်းလို့ ဂုဏ်ပြုချင်တာ.."

"မဟုတ်ဘူး..ငါ ငါက..အား.."

"ဒုန်း.."

ယုဝတီရဲ့ကျောထက်က ကျစ်ဆံမြီးကို လက်နဲ့ရစ်ဆွဲ၍ ဒိုင်းခနဲဆောင့်ဆွဲပစ်သည်။ ယုဝတီနောက်ပြန်ပါလာပြီး ပက်လက်လဲသွားသည်နှင့် သူမရင်ဘက်ပေါ်ခွထိုင်၍ လည်မျိုကို တအားညှစ်ပစ်၏။

"မလုပ်နဲ့လေ..သေသွားတော့မှာပဲ.."

"ဆွဲကြပါဟ.."

အရေးပေါ်ခန်းထဲမှာ အရေးပေါ်ရန်ပွဲကြောင့် ဆရာဝန်ဆရာမတွေသာမက အားလုံးရှုတ်ရှုတ်သဲသဲတွေ ဖြစ်ကုန်လေသည်။

"အ..အီး ဟွတ် ဟု.."

လူတွေဝိုင်းဆွဲကြသဖြင့် ဒါဒါနဲ့ယုဝတီကို ခွဲထုတ်လိုက်ချိန်တွင် ယုဝတီသည်အသက်ရှူမှား၍ မျက်ဖြူလန်နေကာ ဒါဒါသည်ငိုလည်းငို အော်လည်းအော်လျက်.. ။

"ဟုတ်တယ်လေ..ပြောစမ်းပါ၊ ငါ့ကိုပဋ္ဌာစာရီလို့..ထပ်ပြောလိုက်စမ်း



..နင်.."

ဆံပင်တွေမျက်နှာပေါ် တချို့အုပ်ကွယ်ကျလျက် ကြယ်သီးပြုတ်နေသောအင်္ကျီဖရိုဖရဲနှင့်ဗေဒါဖြူသည်.. ။

*ပဋ္ဌာစာရီ*
*ကဗျာမပီ စာမညီ*
*ဝတ်လစ်ပစ်ခါ*
*ကိုယ်ရှိန္ဒာသို့*
*လောင်မြိုက်သောက*
*လှိုက်ပျော်ကျလျက်*
*သူမဏ္ဍိုသို့ရှုးတော့သည်....*

## အခန်း(၃၆)

"ဟား ဟား ဟား ဟား.."

အားပါးတရရယ်နေသည့် သွားတန်းလေးတွေကလှသည်။ မော့နေသဖြင့် ကြည်စင်ကျော့ရှင်းနေသော လည်တံဖြူနုနုကလည်း လှနေသည်။ သို့သော် ထိုအလှအပတို့ကို ကြည့်နေသော ဗေရယ်လ်မျက်ဝန်းတွေက စူးရဲ၍ အကျည်းတန်နေ၏။ ဒါဒါဆိုတဲ့တစ်ယောက် ဤသို့ဘဝပျက်သွားပါသည်လို့ ပြောပြလိုက်တော့ အံ့သြသွားသလိုတစ်ချက်ဖြစ်သွားသည်။ ပြီးတော့ ရယ်ချလိုက်တာ ဤပုံအတိုင်း.. ။

"သူများတကာဘဝ ဂျွမ်းထိုးမှောက်ခုံဖြစ်သွားတာ ဒီလောက်လည်း ပျော်မနေပါနဲ့ဧကရီရယ်..ဟန်ဆောင်ပန်ဆောင်လေးဖြစ်ဖြစ် သနားသလို လုပ်ပြစမ်းပါ.."

ကိုယ့်သူငယ်ချင်းကို ဒီလောက်ထိစိတ်ပျက်ဖွယ်လူစားအဖြစ် မမြင်ချင်လို့ဆိုသည့် စကားလုံးတွေကိုတော့ ရင်ထဲမှာဆက်လက်ပြောနေမိရင်း—

"ငါပြောတာက တစ်ယောက်ယောက်ကြားသွားရင်တောင်.."

"ဘယ်သူကြားမှာမို့လဲ ဒီသီးသန့်ခန်းထဲမှာ..ဟွန်း ကြားသွားရင်



ည်း ဂရုမစိုက်ဘူး၊ ငါတမင်သေအောင်လုပ်ခဲ့တာမှ မဟုတ်တာ..သူကား ောင်းတတ်ဘဲ မတန်မရာလမ်းပေါ်တက်လာလို့ သူ့ဘဝကသင်ခန်းစာပေး တာ၊ ဘယ်လောက်ပေးဆပ်ပြီးမှ သင်ခန်းစာရလိုက်လဲဆိုတာလည်း သူ့ကံ ကြမ္မာပဲ.."

ဒီလိုကျေနပ်မှုမျိုးကို ခံစားပြီဆို စိတ်တူကိုယ်တူရယ်မောစီးမျောပါ တတ်မျိုး မရှိသည့်ဗေရယ်လ်..။ ဒါကိုအစတည်းက မကျေနပ်ခဲ့ရှိနေတာမို့ ဒီလိုစကားမျိုးကြားရတိုင်း အတိုက်အခံပြောဖို့သူမကလည်း အမြဲတမ်းအ သင့်သင့်.. ။

"ငါ့ကိုဝေဖန်မနေစမ်းပါနဲ့ဗေရယ်လ်ရယ်..ကွယ်ရာမှာ နင့်စိတ်ထဲဘာ တွေး ငါ့ရှေ့ရောက်ရင် ငါလက်ခံချင်တဲ့စကားပဲပြောစမ်းပါ၊ လူဆိုတာ ကိုယ့်အတွက်ကိုယ်မှမကြည့်တတ်ရင် ဘယ်တော့မှမတိုးတက်ဘူး.."

"အဲ့ဒါနင့်ဒဿနလား.."

"နင်သိပြီးသားတွေပါ.."

ဗေရယ်လ်က မတည်မပြုံးကြည့်နေပြီး ဘာမှထပ်မပြော.. ။

"နင်အခု စကော်ပ္ပူသွားဖို့ ငါအများကြီးကူညီထားတာသတိရ.."

"ဟုတ်တယ်..အဲ့ဒါကြောင့် နင့်အတွက်ပြောတာပါ၊ ဒါဒါဆိုတဲ့တစ် ယောက်ကို ငါရင်းနှီးတာလည်း မဟုတ်ဘူး..သူ့ဆီကဘာအကျိုးမှလည်း ခံစားထားတာ မရှိဘူး၊ အဲ့ဒါကြောင့် သူ့ဘက်ကနာကျင်ခံစားပြီး ပြောစ အကြောင်းလည်းမရှိဘူး..ငါကနင့်စိတ်.."

"ငါ့စိတ် အခုအရမ်းပျော်နေတယ်..အဲ့ဒါကိုပြောခွင့်မရှိဘူးလား.."

ဗေရယ်လ်ဘာမှမပြောပေမယ့် ခပ်လေးလေးခေါင်းညိတ်၏။ သူမ ဆင့်ရာထူးတိုးဖို့ သေချာသွားသည့်အတွက် ဧကရီ့ကိုဒီညဒင်နာကျွေး ဖြစ်ကာ ဒါဒါတို့အကြောင်းလည်း သူမပဲသတင်းပေးမိတာပါ။ သူများ ကားချင်းကပ်ချိတ်ခဲ့ပြီး နောက်မှာဂျွမ်းထိုးမှောက်ခုံတွေ အဖြစ်ဆိုးကျန်ခဲ့ တော့လည်း ထိတ်လန့်စိုးရိမ်သွားတာမျိုးမဖြစ်.. ။

"ဧကရီ..ဟိုကား ဟိုကားသစ်ပင်ကိုဝင်တိုက်တာ နည်းတဲ့အရှိန်မ ဟုတ်ဘူး၊ ဘေးစောင်းလန်ကျသွားပြီ..ဘုရား ဘုရား.. "

"ကြည့်မနေစမ်းပါနဲ့ဟာ..ငါ့ကကားလေး သူကကားကြီး၊ စတီယာ

ရင်တောင် မနိုင်ဘဲ ကားတက်မောင်းတာ သေပေါ့.."

ဟုဆိုပြီး ကားထဲက ကက်ဆက်ကောက်ဖွင့်ပြီး သီချင်းလေးတောင် ညည်းလိုက်သေးသည်။ ကိုယ့်မှာတော့ ထိုနေ့ကမြင်ကွင်းကို ဘယ်လိုမှ ဖျောက်မရခဲ့ဘဲ အိပ်နေရင်းလန့်နိုးလိုနိုး ကိုယ်ပူချင်သလို ဖျားချင်သလိုလို တွေဖြစ်လိုဖြစ်။ ပြီးတော့ ဘာတွေဆက်ဖြစ်သွားသလဲဆိုတာ ပပတို့ကိုသ တင်းထောက်နေမိတာ နာရီနဲ့အမျှ.. ၊

"ဟဲ့..စားလေ၊ ငါကနင်ကျွေးတာစားတဲ့သူနော်..သူများမျိုမကျအောင် ဖြစ်နေတဲ့မျက်နှာက.."

ဧကရီက မသိသလိုပြုံးနေလျက် ဧပရယ်လ်မျက်နှာပျက်နေလေ ကျေ နပ်အားရနေလေ။ သူငယ်ချင်းဆိုပေမယ့် မလိုလားစိတ်ခံတွေကြောင့် ရှေ့ လျှောက်လက်တွဲချင်စိတ်လည်း မဖြစ်တော့ပေ။ သို့သော် အတွင်းလူကိုအ မုန်းခံလို့မဖြစ်။ နိုင်ငံခြားသွားဖြစ်အောင် အစွမ်းကုန်ပံ့ပိုးပေးခဲ့တာလည်း စေတနာပါလို့မှ မဟုတ်ဘဲ.. ၊

"နင်သိလားဧကရီ.."

"မသိဘူးလေ..ငါကနင့်လိုစုံစမ်းနေတာမှ မဟုတ်တာ.."

"ငါလည်းနင်သိချင်မလားလို့ပါ.."

"ငါကတော့ နင်သိချင်နေတာလို့ ထင်တာပဲ.."

တည့်တည့်ပြောလိုက်တော့လည်း ဧပရယ်လ်ကခေါင်းညိတ်သည်။

"ဟုတ်တယ်..အဲ့နေ့က ငါသာကားမောင်းခဲ့တာဆိုရင် အကြောင်း လွန်ပြီး ရူးသွားမလားပဲ.."

"ဟွန့်.."

"အဲ့နေ့မှာ သုံးယောက်စလုံးသေသွားကြတာလေ..သားအဖနှစ် ယောက်ရယ်၊ သူ့အမေရယ်.."

"အဲ့ဒါ ငါနဲ့ဘာဆိုင်လို့လဲ.."

"မဆိုင်ပေမယ့် မိဘလင်သားထက် သားသမီးကိုဆုံးရှုံးရတာ အဆိုး ဆုံးပဲလေ..အဆိုးဆုံးအချိန်မှာ ဆိုးရွားသွားတာတွေချည်း ဆက်တိုက်ဖြစ် သွားတာက.."

"အဲ့ဒါတွေလည်း ငါနဲ့မဆိုင်ဘူးဧပရယ်လ်..နင့်ခေါင်းထဲမှာ ငါ့ကိုရှ



သတ်သမားလို့ ပုဒ်မတပ်နေတာလား.."

"မတော်တဆဖြစ်ခဲ့တာလို့ ခံစားမိရင်တောင် အပြစ်ပေါ့ဦးမှာ..သေ အောင်သတ်တာမဟုတ်ပေမယ့် တိုက်ပစ်ခဲ့တာတော့ တမင်တကာပဲလေ၊ နှုတ်ကြောင့်ကြေ လက်ကြောင့်သေတဲ့..ငါကနင်ရဲ့ဂရုမစိုက်တဲ့အပြောတွေ ကို ပြင်စေချင်တာပါ၊ နင့်အတွက်ပြောတာပါဧကရီရယ်.."

ထိုပြင် သူမသေချာကြားခဲ့သည်။ ဒေါ်သီတာအေးဆိုသည့် အမျိုးသ မီးကြီး နှလုံးရောဂါနဲ့ဆေးရုံရောက်ခဲ့ပေမယ့် မြေးရဲ့သတင်းကိုကြားပြီးမှ သေဆုံးတဲ့အထိဖြစ်သွားသည်ဟု။ အစကရောဂါ..။ စိတ်ဖိစီးလာတော့ ပို၍ ဆိုးနင့်ကျပ်ခဲ့သွားခဲ့ပြီး အသက်ပြန်လည်မလာတော့ဘဲ ဘဝဆုံးခဲ့သည်။ ဒါကတစ်ဆင့်စကားတွေပါ။ သို့သော် ချစ်တဲ့သူသုံးယောက် တစ်ရက်တည်း ဆုံးသွားခဲ့ခြင်းနှင့် တစ်ပြိုင်တည်းသဂြိုလ်ခဲ့ရသည့် မိန်းမတစ်ယောက်ရင် ထဲမှာ လောင်မြိုက်မှုအား ဘယ်လောက်တောင်ပြင်းထန်ဆိုးရွားခဲ့မလဲ.. ၊

ဒီအဖြစ်တွေကို ဧကရီဘာကြောင့် အပြုံးမပျက်နေနိုင်တာလဲ..။ အ သည်းဆုံးကာယကံရှင်မသိပေမယ့် အသုဘအတွက် ကူငွေလေးဖြစ်ဖြစ် တိတ် တဆိတ်ပံ့ပိုးသင့်သည်မဟုတ်ဘူးလား..။ သူမကတော့ နာရေးအတွက် သုံး သိန်းတိတိလှူခဲ့ပါသည်။ ဒါဒါ့ပတ်ဝန်းကျင်က လူရင်းလူခံဆီ ကိုယ့် ကိုယ်ကိုယ့်ဟန်နဲ့အရောက်ပို့ခဲ့တာမို့ သူမကူခဲ့တာကို တခြားဘယ်သူမှသိ လိုက်မှာမဟုတ်ပေ။ ကိုယ်မောင်းခဲ့တာ မဟုတ်ပေမယ့် သူမတောင်ဒီလောက် ထိကူညီချင်ခဲ့တာ.. ၊

ပြုံးလိုက်မဲ့လိုက်နှင့် ပခုံးတွန့်သည်အမူအရာအဆုံး ဧကရီမျက်ဝန်း တွေအထိ သူမကလည်းနားလည်နေပါသည်။ ကိုယ့်အပေါ်မှာ လိုလားခြင်း ရှိတော့ခြင်းသည် စက်ပူသွား၍ လုပ်ငန်းလေ့လာရေးအစီအစဉ်ထဲမှာ မပါ ပါအောင်တွန်းပို့လိုက်တဲ့အထိ အခိုင်အမာအုံဖွဲ့နေခဲ့တာဖြစ်သည်။

"နင်ပြီးပြီဆိုရင် ငါပြောလို့ရမလားဧပရယ်လ်.."

အတွေးတို့သည် ဧကရီ့မေးခွန်းကြောင့် အုံသြခြင်းဖြင့်တစ်ခန်းရပ် ရာ.. ၊

"ဘာလဲ..ပြောလေ.."

"နင်အဲ့ဒီအသုဘကို ငွေသုံးသိန်းသွားကူခဲ့တာ ဘာလုပ်တာလဲ.."

"ငါစေတနာပေါက်လို့ လှူခဲ့တာလေ..ဘာဖြစ်လို့လဲ၊ အဲ့ဒါနင်မသိအောင် တမင်ဖုံးကွယ်ပြီး လုပ်တဲ့ကိစ္စလည်းမဟုတ်ဘူး..ဒါဒါ့အကြောင်းပြောဖို့ ငါဖုန်းဆက်တာတောင် နင်ကတခြားအကြောင်းနဲ့လွှဲပြောနေတော့ မသိချင်လို့ပဲထင်ပြီး.."

"နင်ကဆရာမကြီး ဝင်လုပ်လိုက်တယ်ပေါ့.."

"မဟုတ်ဘူးဧကရီ..ဒီကိစ္စမှာ ငါလည်းပါတယ်လို့ ခံစားနေမိလို့၊ ငါလိပ်ပြာသန့်ချင်တာ.."

"ဟုတ်လား.."

ဧကရီ့မေးခွန်းက မျက်ဝန်းတွေကြောင့် အေးစက်ခက်ထန်သည့်အသွင်ပီပြင်နေကာ.. ၊

"အဲ့ဒါကြောင့်ထင်တယ်..ငါကယုတ်မာလိုက်သလိုလို ရက်စက်သလိုလို ဘာလိုလိုစကားတွေနဲ့ ကပ်ရိနေကြတာ.."

"ဒါတော့ငါမသိဘူး..အဲ့လိုမျိုးတစ်ယောက်ကွယ်ရာမှာ နောက်တစ်ယောက်နဲ့ အတင်းတုပ်တာမျိုး ငါဘယ်တော့မှမလုပ်ဘူး၊ အဲ့ဒါကိုငါ့ဘက်က ပြောရဲတယ်..သူငယ်ချင်းချင်းအဲ့လောက်ထိ သံသယများနေတာလည်း မကောင်းဘူးဧကရီ၊ နွေတို့ရောငါရော အကုန်လုံးက နင့်လက်အောက်ကအလုပ်သမားတွေ မဟုတ်ဘူး.."

"သိတာပေါ့.."

"နင်ပြောတာတွေကတော့ မေ့နေတဲ့သဘောသက်ရောက်တယ်.."

ဧရယ့်လ်မျက်နှာလေးက ခုနလိုမဟုတ်တော့ဘဲ တည်တည်တင်းတင်းလေးဖြစ်နေကာ.. ၊

"နင်မဟုတ်တာလုပ်ရင် သူတို့နင့်ကိုနည်းနည်းမှစကားအစွန်းမထွက်ရဲဘဲ ကပ်ရိနေမှာမဟုတ်ဘူး..အဲ့တော့ သူတို့ဒီကိစ္စကို ဖွင့်မမေးခဲ့တာ မသိကြတဲ့သဘောပဲ၊ ငါကလည်း ဘယ်သူ့မှပြန်မပြောခဲ့တာ နင့်ကိုကြောက်လို့ပြီး တမင်မျိုသိပ်ထားခဲ့တာ မဟုတ်ဘူး.."

ပြောနေရင်း စိတ်ထဲမှာနာကျင်မှုတွေ ပိုတိုးလာရကာ.. ၊

"ဆိုတော့ နင်ပြောတာတွေ အရမ်းများနေပြီဧကရီ..ငါနင့်ကိုဘယ်လိုထင်နေလဲဆိုတဲ့ အတွေးနင့်မှာရှိတယ်၊ ဂရုမစိုက်ဘူးဆိုတဲ့မာနလည်း အ



ဆက်တည်းပါနေတယ်..ဒါပေမဲ့ နင်ကြောက်နေတာက ပေါ်နေသေးတယ်"

"ငါက ဘာကိုကြောက်ရမှာလဲ..ဝေးပါသေးတယ်ဧရယ်လ်ရယ်၊ ဒီလိုအဆင့်မရှိတဲ့လူတန်းစားတွေကြောင့်များ အိပ်ပျက်ရမယ်ဆိုရင် ရာဇဝင်တောင်ရိုင်းသွားဦးမယ်.."

"ရာဇဝင်က ခုတည်းကရိုင်းနေတာ.."

ပြောမိမှတော့ ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း ကုန်စင်အောင်ပြောဖို့ ဆုံးဖြတ်၍.. ၊

"တကယ်ဆို ဒါဒါဆိုတဲ့တစ်ယောက်ကို နင့်စိတ်ထဲထည့်နေစရာကိုမလိုဘူး..ပြောတော့ ဒီလိုအဆင့်မရှိတဲ့ဟာတွေဆိုပြီး နင်ကချည်းပဲ သွားသွားပြီးခလုတ်တိုက်နေတာ.."

"နင်ဘယ်လိုပြောလိုက်တယ်ဧရယ်လ်.."

"ငါနင့်ကိုဘယ်လိုထင်နေသလဲ နင်သိချင်တယ်မို့လား..နောက်ထပ်ပြောရရင် နင်တို့ဆုံခဲ့ဖူးတဲ့ဖြစ်ရပ်လေးတွေအရ ဒီလောက်ထိနင်မုန်းနေဖို့အကြောင်းမှ မရှိတာ.."

"ချစ်တာမုန်းတာက ငါ့ရင်ထဲက ငါ့ခံစားချက်ပါ..နင့်ကိုယ်နင်ဘာထင်နေလို့ ငါ့ရင်ထဲထိ ဝေဖန်လိုက်တာလဲ.."

ဒေါသသည် ဆင်ခြင်မဲ့စကားတွေ ထွက်ဆိုဖို့ တွင်တွင်တွန်းပို့နေခဲ့လျက် ဧကရီ့မျက်ဝန်းတွေက စူးရဲလက်တောက်လာ၏။ ခြယ်သထားသည့်မျက်နှာပေါ်ကကာလာတွေက မီးရောင်အောက်မှာ ပိုရင့်နေသည်။ သီးသန့်ခန်းထဲမှာမို့ လွတ်လပ်စွာပေါက်ကွဲခွင့်ရှိသည်လို့ တွက်လိုက်ခြင်းကြောင့်စားပွဲကို လက်သီးဆုပ်နဲ့ခပ်ဖိဖိ ထုလိုက်ပြီး.. ၊

"ချစ်ဖို့မုန်းဖို့အတွက် ကြီးကျယ်တဲ့အကြောင်းရင်းမရှိဘူး..ဒေါသဆိုတာလည်း ဆင်းရဲတဲ့လူတွေမှ ထွက်တတ်တာမဟုတ်ဘူး၊ ငါဘာကြောင့်မုန်းသလဲဆိုတာ ငါ့ရင်ထဲကသယံဇာတ..အဲ့ဒါအတွက် နင်ဝေဖန်ဖို့မလိုဘူး၊ ဒီမှာဧရယ်လ် ငါလုပ်ခဲ့တာ ဘယ်လောက်ကြီးကျယ်သွားပါစေ အဲ့ဒီအတွက် ငါဘယ်တော့မှနောင်တမရဘူး..နင်ဘယ်သူ့ကိုသွားပြောပြော ဂရုမစိုက်ဘူး.."

"ပြီးတာပါပဲ..ဒီကိစ္စကြောင့် ငါတို့ဒီလောက်ထိ ဖြစ်ဖို့မလိုပါဘူး၊ အ

တည်းက နင်ဂရုမစိုက်မှန်းသိလို့ ငါမပြောခဲ့တာ..ခုလည်း နင်မေးလို့ပြောပြတာ၊ ဒီအကြောင်းမပြောခဲ့ဘူးလို့ပဲ ထားလိုက်တာပေါ့.."

"နင်ကအဲ့လောက်လွယ်သလား.."

သူငယ်ချင်းသံယောဇဉ်ပျက်မှာစိုးလို့ အခြေအနေကို ပြေလျော့ဖို့ကြိုးစားပေမယ့် ဧကရီကမာကျောနေဆဲ.. ၊

"ခုပဲ ငါ့ကိုရာဇဝင်ရိုင်းတဲ့သူလို့ပြောသွားတာ..ဒီလိုမျက်နှာဟုတ်ဘူးလားလို့.."

ဧပရယ်လ့်မျက်နှာ ရဲခနဲဖြစ်သွားသည်။ သူမရင်ထဲမှာ ဘယ်သူကကောင်းသည် ဘယ်သူကဆိုးသည်ဆိုတာတွေ မရှိခဲ့ပါ။ သတိမထားတဲ့သူကို အမှောင်ထဲကနေ လက်နက်ပုန်းနဲ့ပစ်သလို လုပ်ကြံခဲ့သည့်အတွက် စိတ်မကောင်းဖြစ်မိသည်။ ထပ်ပြီး ဟားတိုက်ရယ်မောနေတာက အဆင်ဆိုးလွန်း၏။ သူမကိုမဝေဖန်ရက်ခဲ့သည့် ရင်ထဲကအတွေးသည် ဒါပဲဖြစ်သည်။

သို့သော် သူမနောက်ထပ်ဘာမှမပြောတော့ဖို့ ဆုံးဖြတ်လိုက်သည်။ စူးစူးရဲရဲဆုံဆည်းနေခဲ့သော မျက်ဝန်းတို့တွင် ဧပရယ်လ်က စတင်လွှဲဖယ်သွားခဲ့ပြီး ဧကရီကမဲ့ပြုံးနှင့်ကျန်ရစ်၏။

နှစ်ယောက်သည် စားပွဲ၏တစ်ဖက်စီမှာ မျက်နှာချင်းဆိုင်အတူရှိနေကြသော်လည်း.. ၊



အခန်း(၃၇)

"ကားကတံခါးပွင့်သွားတယ်..ကလေးနဲ့ကလေးထိန်းက တကွဲစီပြုတ်ကျတယ်၊ ကလေးထိန်းနဲ့ကားမောင်းတဲ့သူက ဒဏ်ရာတွေရပြီး ကလေးကအကြီးအကျယ်ဘာမှမတွေ့ဘူး..ဒါပေမဲ့ ကျောရိုးနဲ့အဆုတ် ပျက်စီးသွားတယ်လို့ ပြောတယ်၊ အစတည်းက ဖျားနေတော့ ပိုဆိုးတာပေါ့.."

တစ်ခွန်းမှမမေးဘဲ အဆက်မပြတ်ရှိက်ဖွာနေသဖြင့် ပဝါပါးတစ်ခုလိုလွှမ်းခြုံနေသောစီးကရက်မီးခိုးငွေ့တို့က ကိုကိုဘယ်လောက်ထိ စိတ်လှုပ်ရှားနေသည်ကို ဖော်ပြနေကြ၏။ အနက်ရောင်တီရှပ်နှင့် ဘောင်းဘီအနက်ပေါ်မှာ မီးခိုးရောင်ရင့်ရင့်ကုတ်အင်္ကျီကို ထပ်ဝတ်ထားကာ လက်တစ်ဖက်မှာ စီးကရက်နှင့် တစ်ဖက်မှာHuaweiဖုန်းလေးကိုကိုင်ထားသည်။ သူ့ပုံစံနဲ့ Huaweiဖုန်းလေးက အဆင်မပြေပေမယ့် ဒီဖုန်းကသူရှိသည့်နေရာမှာရှိသည်။ တစ်ခါတလေအိတ်ထဲမှာဖြစ်ကာ တစ်ခါတလေကိုင်ထားတတ်လျက် တစ်ခါတလေကျတော့ သူ့မျက်နှာရှေ့မှာ ထောင်လျက်သား.. ၊

ဝေဒက မျက်တောင်တွေခတ်နေရင်း သူ့ကိုစိုက်ကြည့်သည်။ နားကိုမလည်တော့ဘူးဆိုတဲ့ စကားပြောခဲ့ဖူးပြီမို့ ထပ်မပြောချင်တော့ပါ။ ဒါပေ

မဲ့ ခုထိနားမလည်ဖြစ်နေတာက မပြောဘဲလည်းမနေနိုင်။ ဘာဖြစ်တာလဲ ဆိုတော့ မသိဘူးလို့ဖြေသည်။ ကြိုက်နေတာလားဆိုတော့ 'ထင်တာပဲ'တဲ့..

"ကိုကို.."

"ပြော.."

"မင်းကိုတော့ မမေးချင်တော့ဘူး..ဒါပေမဲ့ လုံးဝညီညွတ်ဖို့မလွယ်တဲ့ ဘဝနှစ်ခုနော်.."

"ငါကရော ညီညွတ်ဖို့ကြိုးစားနေတာမို့လို့လား.."

"ဒါဆိုဘာအတွက်လဲ.."

"ခေါင်းထဲကထုတ်မရလို့.."

"မင်းချစ်နေတာလေ...ငါပြောချင်တာအဲ့ဒါ.."

ကိုကိုက စီးကရက်ရှိုက်လိုက်ရင်း ခေါင်းခါသည်။ ဝေဒက ဆန္ဒဇော စွာဖြင့်.. ။

"မဟုတ်ဘူးလို့ ငြင်းချင်တာလား.."

ပြုံးရိပ်ထင်သွားသည့်နှုတ်ခမ်းတွေကို ဝေဒကစိုက်ကြည့်သည်။ ဒါက လျှို့ဝှက်ချင်သည့်အပြုံးဆိုတာ သူငယ်ချင်းချင်းမို့ နားလည်နေသည့် နောက်.. ။

"ရတယ်..ငါကတော့ မင်းလိုချင်တာရအောင် လုပ်ပေးလို့ဖြစ်တယ် ဒါပေမဲ့ သတင်းပဲရမယ်..အဲ့ဒီကောင်မလေးကတော့ တကယ့်မီးခဲ.."

"မီးခဲဖြစ်ဖြစ် ငရဲမီးဖြစ်ဖြစ် အခုငါ့ရင်ထဲမှာရှိနေတာ သူ့ကိုကူညီချင် တယ်..နောက်ထပ်မပါသေးဘူး.."

"မင်းပါနေပါပြီကိုကိုရာ..သူ့ဖုန်းကိုမင်းကိုင်ထားတယ်၊ ဖုန်းထဲကသူ့ ပုံကိုထုတ်ပြီး အားတိုင်းကြည့်တယ်.."

"ဘယ်တုန်းကသိလိုက်တာလဲ.."

"ပြေးကြည့်ဖို့မှ မလိုတာ.."

ကိုကိုက ဖုန်းကိုစားပွဲပေါ်ချထားလိုက်ပြီး ပြုံးသည်။ ပြီးတော့ ဖုန်း ကိုပဲမျက်တောင်ဖျားတို့ စင်းကြည့်နေလျက်.. ။

"သူနဲ့ကြုံဖန်ဆုံဖြစ်နေတဲ့အကြောင်းတွေကိုက စိတ်ဝင်စားဖို့ကောင်း နေတာ..ပြီးတော့ သူ့ပုံရိပ်လေးတွေကို ပြန်တွေးကြည့်ရတာ ငါ့စိတ်အပန်း



ပြေတယ်.."

ဒီလောက်တောင်ဖြစ်နေတာများ ကူညီချင်တာအပြင် နောက်ထပ်မပါ သေးဘူးတဲ့..။ သူ့အကြောင်းလေးများတွေးရင်း ပြုံးမိတာ သူ့ကိုပဲမြင်နေချင် တာ.. သူလိုအပ်သမျှကို ဖြည့်ဆည်းပေးချင်တာ၊ ဒါကဘာတွေလဲ..ပြောပြန် ရင်လည်း မကောင်း.. ။

"ထားလိုက်တော့ကွာ..ငါကအခု ပရော့ဂျက်စတော့မှာ၊ စင်တာကျ တဲ့နေရာကအိမ်တွေကို ဦးလူကျော်စာရင်းလုပ်ထားတယ်တဲ့..အဲ့ဒါမင်းသေ ချာစစ်ကြည့်လိုက်၊ အားလုံးကျေနပ်ဖို့လိုတယ်..ဒီပရော့ဂျက်အတွက် ငါချ ထားတဲ့ဘက်ဂျက်ကို အသေကိုင်မထားနဲ့၊ ညှိနှိုင်းမှုတွေကြောင့် အချိန်နှောင့် နှေးနေရင် ဆုံးရှုံးမှုတွေပါလာမယ်..ငါပြောတာ မင်းသိတယ်မို့လား.."

"အေးပါ..ဒါပေမယ့် ဘတ်ဂျက်ကိစ္စတွေ ငါဝင်ပါလို့ကောင်းပါ့မလား ဟာကြာ ဦးလူကျော်က.."

"ငါပြောထားပြီးပြီ.."

ဒါပဲပြော၍ စီးကရက်မီးသတ်လိုက်သည်။ ထိုစဉ် အခန်းတံခါးပွင့် သွားကာ ဝါထိန်နေသော စကားဝါရောင်ဝတ်စုံနှင့် ဧကရီကလက်ကိုင်အိတ် ပြားလေးကို ပေါင်နားမှာလက်ဆန့်ကပ်ထား၍ ကိုင်ထားရင်ဝင်လာသည်။ အဖြူနဲ့အဝါတစ်ရပ်စီကျားပေးထားသည် နားဆွဲဝိုင်းလေးလှုပ်ခါနေလျက် နှာလေးကလည်း ဖွေးဥဝင်းစိုနေသည်။ သူမကိုမြင်လိုက်ရတိုင်း အ သက်ရှူမှားအောင် လှရက်နိုင်လွန်းသော်ငြား.. ။

"ကိုကို့ကိုလာခေါ်တာ.."

စားပွဲကိုပတ်လျှောက်သွားကာ ကိုကို့ဘေးမှာသွားရပ်သည်။ သူမဘာ စကားတွေပြောခဲ့ပါစေ ဘယ်လိုလုပ်ရပ်တွေနဲ့ အကျည်းတန်စေခဲ့တာရှိရှိ စာရွက်တစ်ရွက်ကို လှန်လိုက်သကဲ့သို့ နောက်စာမျက်နှာပြောင်းသွားတာနဲ့ ဘာမှမဟုတ်ခဲ့သလို.. ။

"ဦးနေမကောင်းလို့တဲ့..ကြီးကြီးဖုန်းဆက်တယ်.."

သူမထံကို ကိုကို့မျက်လုံးရောက်မလာသဖြင့် စကားပြောနေရင်း ကို ကို့ကိုပဲကြည့်နေမိကာ.. ။

"မိဘနေမကောင်းဖြစ်နေတဲ့ကာလမှာတောင် ကိုကိုကဖုန်းမကိုင်ဘူး

ဆိုတော့ ကေရီကိုင်လိုက်ရတာလေ..အဲ့ဒါကိုကို့ကိုခေါ်ပြီး လာခဲ့မယ်လို့ပြော လိုက်တယ်.."

"ကြီးကြီးက လာခဲ့ပါတဲ့လား.."

ကေရီ့မျက်နှာ ကွက်ခနဲပျက်သွားသည်။ 'သူမသိရင်လည်း ဖြစ်တယ် ကေရီ..လူမမာလာမေးဖို့အတွက် မင်းဆောင်ရွက်ပေးဖို့မလိုဘူး'လို့ ပြော သွားခဲ့သော စကားတို့သည်.. ။

"မင်းကိုခေါ်ရင် မင်းသွားလိုက်..ငါသွားဖို့အတွက် မင်းလာသတိပေး ဖို့မလိုဘူး.."

ပြောလိုက်ရင် သူငယ်ချင်းတွေရှေ့လည်းမရှောင် လူထုဗိုလ်ပါဘယ် လိုနေရာမျိုးဖြစ်ဖြစ် မရှောင်ဘဲ သားမယားဂုဏ်သိက္ခာကိုငဲ့ဖို့ဆိုတာလေ..

"ဦးကတော့ ခေါ်ချင်မှာပေါ့..ကြိုတဲ့သူက ကိုကိုပါမှကြိုဆိုမှာလေ သိပ်ဖြစ်မနေစမ်းပါနဲ့ကိုကိုရယ်..ပတ်သက်မှုတစ်ခုဆိုတာ လူချင်းတွေ့မှ ဖြစ်တာမဟုတ်ဘူး၊ မတွေ့ကြတိုင်းလည်း ဒီပတ်သက်မှုက ပြတ်တောက် သွားတာမဟုတ်ဘူး..ဦးအသည်းအသန်ဖြစ်နေတာ ကေရီသွားကြည့်လို့မ ရဘူးလား..ကြည့်လိုက်ရင် ဘာဖြစ်သွားမှာလဲ.."

ဝေဒတို့က အားလုံးသိနေကြတဲ့လူရင်းတွေပါ။ သို့သော် သိသာသိစေ မမြင်စေနဲ့ဆိုသည့်စကားအတိုင်း ဒီစကားတွေ လူစိမ်းတွေရှေ့မှာပြောရတိုင်း မျက်နှာပူမိတော ဘယ်နေရာကလာတဲ့ တဲ့ယ်လိုခံစားချက်တွေလဲ.. ။

"ပြောပြတာပါ..ကိုကိုနဲ့ကြီးကြီးမေ အရမ်းကဲကဲဆက်လွန်းလို့ ဦးနဲ့ ပတ်သက်လာတိုင်း ဒီလိုစကားတွေ.."

ပြောလက်စသည် ထိုနေရာမှာရပ်သွားခဲ့ပြီး ကေရီ့မျက်လုံးတွေအ ချထားသည့် Huaweiဖုန်းဆီရောက်သွား၏။ ဒီဖုန်းကို ကိုကို့လက်ထဲမှာ မြင်သည်။ ကိုကို့ဘေးမှာလည်း မြင်နေမိခဲ့သည်။ ဒီတစ်ခါ ဘယ်နှစ်ကြိမ် မြောက်မှန်းမသိပေမယ့် ခုမှပဲစိတ်ထဲမှာတစ်မျိုးဖြစ်သွားတာမို့ လက်ကဖုန်း ဆီရောက်သွားခဲ့သည်။ သို့သော် သူမလက်မရောက်မီ ကိုကိုကဖုန်းကို ဘေး ရွှေ့ပစ်လိုက်ကာ.. ။

"မင်းနဲ့မဆိုင်ဘူး.."

"ကိုကိုက လူသိမခံရဲစရာတွေ လုပ်နေတာလား.."



"အဲ့ဒါလည်း မင်းသိဖို့မလိုဘူး.."

ကေရီက စိတ်မြန်သည်။ တားမှုပိုလုပ်ချင်သည့်စိတ်က ဒီလိုဖုန်းစုတ် မျိုး ကိုကို့ဆီမှာရှိနေရခြင်းအကြောင်းကို သိချင်လာတာကြောင့် ပို၍တားမ ဆီးမရဖြစ်လာကာ နောက်ထပ်ခြေလှမ်းရွေ့ပြီး ဖျတ်ခနဲလှမ်းကောက်၏။ ဖုန်းကိုဆုပ်ကိုင်မိလိုက်ပြီး နောက်ကိုခြေလှမ်းဆုတ်သော်လည်း သူမလက် ကောက်ဝတ်ကနေ ကိုကိုကဖမ်းကိုင်ထားလိုက်ကာ.. ။

"ချလိုက်.."

"ကိုကိုနော်.."

သူဘာမှထပ်မပြောတော့ဘဲ ဖုန်းကိုဆွဲယူလိုက်ပြီး နေရာမှထရပ်၏။ ကေရီနဲ့ကိုကို မျက်နှာချင်းဆိုင်မိကြလျှင် အားလုံးထက်အမြဲကျော့နေတတ် သည့်ကိုကို့မျက်နှာကို သူမမော့ကြည့်နေရကာ.. ။

"ကိုကိုမပြုရင်လည်းဖြစ်ပါတယ်..ဒါပေမယ့် ကေရီ့ကို ကိုကိုဘယ်လို ဆက်ဆံနေနေ ပြဿနာမရှိဘူးနော်၊ ဖောက်လွဲဖောက်ပြန်လုပ်ဖို့တော့ လုံးဝ စိတ်မကူးနဲ့..ကေရီအကြောင်းသိစေရမယ်.."

သူမကကြိမ်းဝါးသည်။ ပြီးတော့ တိတ်တိတ်ဆိတ်ဆိတ်ထိုင်နေသည့် ဝေဒကိုပါ စူးစူးရဲရဲကြည့်ပြီး ချာခနဲလှည့်ထွက်သွားသည်။ ဝေဒကလည်းပင်း ရှုတ်လိုက်ရင်း နေရာမှထရပ်ကာ.. ။

"မွေးလာတည်းက သူ့ဦးနှောက်တွေ သူ့အမေ့ဗိုက်ထဲမှာ ကျန်ခဲ့တာ လားမသိဘူး..ဒါမှမဟုတ် သူ့အမေကျားစွယ်တွေ မြွေစွယ်တွေသွေးပြီး နေ့ တိုင်းတိုက်ကျွေးလာသလားပဲ.."

သေချာစီကာပတ်ကုံး ညည်းညူရင်း သက်ပြင်းချ၏။ စိတ်ဆတ် လိုက်တာလည်း သူမအပြင်နှစ်ယောက်မရှိ။ အတွေးတိမ်သည့်နေရာမှလည်း ကိုယ်ပြောလိုက်တာ ဘယ်လောက်ထိအန္တရာယ်များတာတောင် မတွေးတော ဆောင်ခြင်တတ်တဲ့အထိ။ တကယ်ဆို ဦးကိုကိုဆိုသည့်လူကြီးက သံယော ဇဉ်ကြီးနေသည်။ ကိုကိုကမချစ်မနှစ်သက်ပေမယ့် သားမယားအရာမှာထား ခဲ့၏။ ဒေါ်မေစိုးဦးဆိုသည့် အမျိုးသမီးကြီးလောက် သဘောထားနူးညံ့ တတ်တာလည်း ဒေါ်မေစိုးဦးပဲရှိသည်။

ဒါနဲ့တောင် ဒီလူတွေနဲ့အဆင်ပြေမျှတအောင် နေထိုင်ရမှန်းမသိ။ အ

ရင်ကဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ပစ္စုပ္ပန်မှာ အဆင်ပြေပြီး အနာဂတ်မှာပျော်ရွှင်ဖွယ် မိသားစုဘဝလေးနဲ့ ဇာတ်သိမ်းကြဖို့ ကြိုးစားရမယ်ဆိုတာ နားမလည်။ သည်းခံမျိုသိပ်တတ်ခြင်းမရှိသလောက် မိုက်ရိုင်းရမ်းကားလိုက်တာဆိုတာ လူမိုက်ဆိုတဲ့ယောကျာ်းလေးတွေတောင် သူမကိုမီနိုင်ပါ့မလား..။ ဒါကြောင့် ကိုကိုသူမအပေါ် ဒီတိုင်းဆက်ဆံနေတာမှာ သူတို့ဘာမှဝင်မပါဘဲနေခဲ့ကြ သည်။ အိမ်ထောင်ရေးဆိုပေမယ့် ကိုကိုနဲ့သူမက ဖူးစာဖက်လို့ပေါင်းသင်း ခဲ့ကြတာ မဟုတ်သော.. ။

"ဒါဒါ မင်းရင်ထဲရောက်နေတာ ပြဿနာမရှိပေမယ့် သူ့ရင်ထဲရောက် သွားရင်တော့ မလွယ်ဘူးနော်ကိုကို..မင်းကဂရုမစိုက်ပေမယ့် ဒါဒါ့ဘက်မှာ မိုင်းကွဲနိုင်တယ်၊ ဇေရီက မိုင်းတင်မကဘူး..အနုမြူဗုံးပါချမယ့်သူ.."

ပြန်လှည့်သွားသည့် ဇေရီရင်ထဲမှာ ကိုဝေဒနန်မှန်းလိုက်တာ ကွက် တိမှန်လေသည်။ ဘယ်လိုမှသည်းမခံနိုင်သည့် ဇေရီ့ဒေါသတွေက ကား ထဲပြန်ဝင်လိုက်ပြီး တံခါးကိုဂျိမ်းခနဲဆောင့်ပိတ်တာတောင် မပြေနိုင်ဘဲ စ တီယာရင်ကို ထု၏။ ဖုန်းစုတ်ကို မျက်လုံးထဲက မထွက်နိုင်ဖြစ်နေရတာ ဒီဖုန်းနဲ့ကိုကိုဘယ်လိုပတ်သက်နေသလဲ ဘယ်သူ့ဖုန်းလဲဆိုတာသာ ခေါင်း ထဲမှာအပြင်းအထန် မွှေနှောက်နေသည်။ အသိတစ်ယောက်ယောက်က ချို့ တဲ့လို့ပြင်ပေးချင်တာဆိုရင်တောင် ဒီလောက်ထိကိုယ်နဲ့မကွာဆောင်ထားစရာ မလို။ ပြင်တာဖြစ်ဖြစ် အသစ်ဝယ်ပေးလိုက်တာဖြစ်ဖြစ် ဘာလုပ်ချင်သလဲ သူ့အတွက်မျက်တောင်တစ်ခတ်နဲ့ ပြီးသွားနိုင်သည်။ ကောက်ရတာဆိုရင် တောင်မှ.. ။

ချာချာလည်နေသည့် အတွေးထဲမှာ တစ်စုံတစ်ခုသောမြင်ကွင်းက ဖျတ်ခနဲပေါ်လာသည်။ ဒါဒါနဲ့ကိုကိုတိုက်မိကြည့်သည့်မြင်ကွင်း..။ ထိုအ ဖြစ်ကို သူမသေချာမြင်ခဲ့ရသည်။ ဖုန်းကိုကြည့်ပြီး ကိုကိုတစ်ခုခုပြောနေ တာ.. ။

ဒါ.. ။

"တောက်.."

ဘယ်သူမှ ထောက်ခံချက်မရှိပေမယ့် ဒါဒါ့ဖုန်းဆိုတာ အတိအကျအ ဖြေထွက်လာခဲ့သည်။ အလျင်မြန်ဆုံးတွက်ချက်အဖြေထုတ်ပေးခဲ့သော ကိုယ်



ဦးနှောက်ကိုအထင်တကြီး မာန်တွေတက်မိလျက်.. ။

"ဗေဒါဖြူ..နင်ကဇေရီ့ကို ဘယ်လိုတောင်လျှော့တွက်လိုက်တာလဲ.."

တစ်ယောက်တည်းရေရွတ်ရင်း အံကြိတ်လိုက်သည်။ ဒါဒါနဲ့ပတ် သက်ပြီး ကိုကို့ကိုသူမတစ်ခွန်းတလေမှ မမေးခဲ့သလို သိတဲ့ပုံစံကိုမပြဘဲနေ ခဲ့တာ အခြေအနေတစ်ခုကို ပွဲဆူအောင်လှုပ်နှိုးလိုက်သလိုဖြစ်မှာစိုးလို့။ ခု တော့ သူတို့ချင်းဒီလောက်တောင် ပတ်သက်မှုတွေရှိနေကြတာ ဘယ်လို ဆက်ပြီး သည်းခံနေရမှာလဲ..။ အစက မဖြစ်နိုင်တဲ့အခြေအနေချင်း။ အခုဖြစ် နိုင်ချေတွေရှိနေပြီဆိုရင် ဘာလုပ်မလဲ.. ။

ဇေရီ့နှုတ်ခမ်းမှာ သိုသိပ်သည့်မဲ့ပြုံးတို့ စွန်းထင်းသွား၏။

လူသေကောင်တွေကို ပဒေသာပင်လိုတွဲပြီး အသုဘပို့ခဲ့ရတာ နင့်အ တွက်ကံဆိုးခြင်း မမည်သေးဘူးဒါဒါ..တကယ့်ကံဆိုးခြင်းတွေက ခုမှလာ မှာ၊ နောက်ဆိုရင် ဇေရီ့အသံကြားတာနဲ့ နင်ကဆုန်ပေါက်ပြေးချင်သွား သိမ့်မယ်..အဲ့လိုဖြစ်အောင် ငါဘာလုပ်မလဲ ကြည့်နေလိုက်.. ။

## အခန်း(၃၈)

"ကဲ..ဒါဒါ အခုဘာလုပ်မှာလဲ၊ ပြော.."

ဘယ့်နှယ် မိန်းကလေးတန်မယ့် ဖဲရိုက်တယ်တဲ့။ နောက်ဆိုအရက်ပါသောက်တော့မလားမသိ။ သေကွဲရှင်ကွဲတွေဖြစ်ပျက်လာလို့ သနားပါတယ်ဆိုပြီး ကြည့်နေလိုက်တာ သင်းကခြေလှမ်းတွေကျဲလာသည့်ပြင် အပေါင်းအသင်းတွေဆီသွားလိုက် အပေါင်းအသင်းတွေကလာခေါ်သွားလိုက်–

"ညည်းစိတ်လေနေတယ်ဆိုတာလည်း တစ်လကိုးသီတင်းရှိနေပြီ–တော်ပြီပေါ့အေ.."

"မနေ့က သူ့အချိုးကြီးပွလာတယ်လို့ပြောတယ်..အဲ့ဒါတွေ မေမေ့ကိုပေးသလားမေးပါဦး..အိမ်မှာ ဘာမှကူညီဖော်မရတဲ့အပြင် ရလာတာတော်သူများကိုပေးကျွေးပစ်ခဲ့သေးတယ်.."

ဒေါ်ကြည်ဝေနဲ့သားသမီးသုံးယောက်က ဧည့်ခန်းကုလားထိုင်တွေပေါ်မှာ ထိုင်လျက်ရှိကြကာ ဒါဒါသည်အိမ်အဝင်ဝ ဧည့်ခန်းထောင့်မှာဒူးလေးတစ်ဖက်ထောင်၍ ပြန်ပိုက်ထားသည်။ ပြီးတော့ ဒူးပေါ်မှာ မေးဖျားလေးတင်၍ တုတ်တုတ်မှမလှုပ်။ မျက်တောင်ခတ်နေလား မခတ်ဘူးလား



စောင့်ကြည့်နေရင်တောင် ကြည့်နေတဲ့သူသာ မျက်တောင်မခတ်နိုင်ဘဲ မျက်ရည်ကျရင်ကျလာလိမ့်မည်။ သူမမျက်တောင်ခတ်တာကို မြင်ရဖို့မလွယ်။ အဲ့လောက်ထိ အသက်မဲ့နေခဲ့သည့်မျက်နှာ.. ။

ခပ်ကျဲကျဲမျက်တောင်ကော့တို့ စင်းကျနေကာ မျက်ခုံးတန်းတို့သည် တွန့်ခြင်းကုတ်ခြင်းမရှိ။ ဖားလျားကျနေသည့်ဆံပင်တွေက မျက်နှာတစ်ဖက်စီမှာ တွဲလွဲဖြန့်ကာလျက် အပေါ်စီးကကြည့်တော့ နှာတံချွန်ချွန်နဲ့မျက်တောင်ဖျားတွေကပဲ ထင်းနေသည်။

ဇေဒါဖြူဆိုသောသူမသည် ညိုစိမ့်စိမ့်ဝင်းညက်ညက်လေးနဲ့ပဲ ဘာဝတ်ဝတ်လှသည်။ ဘယ်လိုနေနေ အလှမပျက်။ ဒေါသဖြစ်လျှင် ဖြစ်သလိုပေါက်ကွဲတတ်လျက် ရယ်စရာရှိပြီဆို လက်ခုတ်လက်ဝါးတီး ရယ်တတ်သေးသည်။ ထို့ထက်ပို၍ ပွင့်လင်းခြင်းသည် ဘယ်ပညာရပ်မဆို အနားနီးတာမှန်သမျှ တတ်ချင်သိချင်သောသူမ၏ စပ်စုတတ်သည့်အကျင့်ပဲဖြစ်၏။

အိမ်မှာအကြီးဆုံးသမီးက အထည်စက်ရုံမှာ စာရေးမဖြစ်ကာ သူမကိုပါ အလုပ်လုပ်ဖို့ခေါ်သွင်းခဲ့ဖူးသည်။ လုပ်သည့်အလုပ်ပေါ်မှာ စိတ်ဝင်တစားရှိတတ်သလောက် ကိုယ်လုပ်နေရတာထက် ပိုပြီးသိချင်တတ်ချင်တာကပြဿနာဖြစ်နေခဲ့၏။ အထည်ဒီဇိုင်းတွေ ကာလာခွဲတာတွေမှာ သူမပဲအတင်းဝင်လုပ် အတင်းဝင်ကူ။ မတတ်တတတ်နှင့် ဟိုဒီမှားယွင်းကုန်တော့ အသိတစ်ယောက်ရဲ့ဖန်စီဆိုင်မှာ စာရေးမအဖြစ်အပ်ပေးလိုက်သည်။

သမီးကြီးက သူ့အလုပ်ထဲဆက်မခေါ်ချင်တော့၍ဖြစ်သည်။ သို့သော်သူမက အရောင်းစာရေးလုပ်နေလျက်နှင့် အတွင်းလက်မှုပညာပိုင်းတွေကိုဝင်ပါသည်။ ဒါကတော့ ပြဿနာကြီးငယ်မတက်ခဲ့ပေမယ့် တိုင်တဲ့သူကတိုင်လို့ ပြန်ခေါ်ခဲ့ရပြန်သည်။ ပြီးတော့ သူမကကျောင်းဆက်မတက်နိုင်ခဲ့ဘဲ ကျောင်းပြီးလို့လုပ်ငန်းခွင်ဝင်ကြသည့် သူငယ်ချင်းတွေနဲ့တွေ့သည်။ လူစုဖို့ချိန်းကြ ဆွေးနွေးကြ ဖလှယ်ကြ။ အိမ်ပြန်လာတော့ ပါလာလိုက်တာ စာအုပ်ကြီးတွေအထပ်လိုက်.. ။

အဲ့ဒါတွေက ဘာတွေလဲမေးတော့ အင်ဂျင်နီယာဖြစ်နေတဲ့ သူငယ်ချင်းတွေဆီက လေ့လာချင်လို့ ငှားလာတာဟုပြောသည်။ ဒါလည်း ကိုယ့်ဘာသာအားတဲ့အခါ လေ့လာရုံဆို ဘာမှဖြစ်ဖို့မရှိပေမယ့် စာအုပ်တွေဖွင့်

ပြီး နေကြာစေ့တဖျောက်ဖျောက် အအေးဘူးလေးအနားမှာထောင်.. ၊

'ဟဲ့ လာစမ်း'လို့အော်လိုက်ရင် ပြေးလွှားထလာတတ်သလို ခိုင်းလိုက်ရင်လည်း ပြီးအောင်လုပ်သည်။ အလုပ်လုပ်တာတော့မြန်ပေမယ့် နေတာထိုင်တာ အလိုက်မသိတော့ ဆဲရဆိုရရိုက်ရပုတ်ရ။ ခုကျတော့ သင်းကဖဲတောင်ရိုက်တတ်နေခဲ့သည်။ ဒါတွေတတ်နေမှန်းသိပေမယ့် ဒီလောက်ထိကျွမ်းကျင်နေတာကို အံ့ဩမိသည်။ ဘာတွေပဲစပ်စပ်စုစုလုပ်နေနေ 'နင်အဲ့ဒါတွေတတ်တော့ ဘာလုပ်လို့ရမှာလဲ'မေးလိုက်တိုင်း 'ဘယ်ပညာဖြစ်ဖြစ်ကိုယ်နဲ့နီးစပ်လာတုန်း လေ့လာထားရတယ်..တစ်ချိန်ချိန်မှာ လိုရင်လိုမှာပေါ့အမေကလည်း'လို့ ဖြေသည်။ ဖဲရိုက်သည့်ပညာတွေသင်ထားတာကလူသေရင်ဖဲရိုက်ပြီး စိတ်ဖြေဖို့လား..။ အရက်သောက်တွေ ဘာတွေများကျင့်ထားသေးလားလို့ မေးလိုက်ရင် ဘယ်လိုဖြေဦးမလဲ.. ၊

"မေမေကဘာလဲ..မေမေ့တူမလှလို့ ထိုင်ကြည့်နေတာလား.."

ဘာပြောသင့်တာကို စပေးထားသားနဲ့ ဒေါ်ကြည်ဝေက စူးစိုက်ငေးမောနေတော့ သမီးငယ်သံသာဝေနဲ့အငယ်ကောင်ထက်ဝေအောင်က မျက်နှာတွေပုတ်သိုးနေကြလျက်.. ၊

"သူဒီမှာပဲနေတော့မှာမို့လား..ဒီမှာအရင်လိုပြန်နေချင်ရင် အလုပ်လုပ်ရမယ်၊ မလုပ်နိုင်ရင်လည်း ပိုက်ဆံပေး.."

"သူများတွေကို ပေးပစ်ခဲ့ပါပြီမလေးရာ..အဲ့ဒါမေမေ ပစားပေးလွန်းလို့ကဲတက်လာတာ၊ သူ့ကိုပြန်လက်သင့်ခံလိုက်တာနဲ့ ခြောက်စထောင်လာတာ.."

"အငယ်ကောင်တော်တော့.."

"တော်တော့ဆိုလည်း မေမေပြောလေ..မပြောရင် သားတို့ကပြောမှာပဲ၊ ကြီးကြီးငယ်ငယ်မလိုဘူး..ဆွေမျိုးရင်းရင်းမရင်းရင်း ဘယ်သူမှအလကားကျွေးမထားနိုင်ဘူး.."

"ဟုတ်တယ်မေမေ..သမီးတို့မှာ မပြေလည်တာသူသိတယ်၊ အလုပ်ရသွားတဲ့လူတွေကလည်း မထောက်ပံ့..အိမ်ထောင်ကျသွားတဲ့အစ်ကိုတွေကလည်း ပြန်မကြည့်၊ သမီးတို့က ကျောင်းပြီးသေးတာမဟုတ်ဘူး..အခုသူ့မှာနောက်ဆံငင်စရာ ကလေးလည်းမရှိတော့ဘူး၊ ရန်ကုန်ပြန်ဖို့လည်း နေစရာ



အိမ်မရှိဘူး..အဲ့ဒါဘာအားကိုးနဲ့ အလုပ်မလုပ် ပိုက်ဆံမပေးဘဲနေနေတာလဲ၊ သူအဲ့လိုလေလောင်းနေတာပဲ တစ်လလောက်ရှိပြီ.."

"လူသေလို့ အသက်မဲ့သလို ပြူးတိပြူးကြောင် ငေးငိုင်ခံစားနေတာ ဇာတ်လမ်းထဲက မင်းသမီးတွေပဲကြည့်ကောင်းတယ်..အပြင်မှာ ရုပ်ရှင်ရိုက်နေလို့မရဘူး၊ အပိုတွေ.."

မောင်နှမနှစ်ယောက်က မျိုသိပ်ထားရသမျှ လွှတ်ပြောနေကြသည်။ ဒါဒါက တစ်ခွန်းမှပြန်မပြောသလို ဒူးပေါ်မေးတင်နေတဲ့ပုံစံကိုလည်း နည်းနည်းလေးတောင်မပြင်။ အသုဘရက်လည်ပြီးနောက်မှာ အိမ်ကိုရောက်လာသည်။ အရင်သူမအိပ်နေကျနောက်ဆုံးက တံခါးမရှိတဲ့အခန်းထဲမှာ လှမ်းကြည့်လိုက်တိုင်း ငုတ်တုတ်။ အိပ်နေတဲ့အခါရှိပေမယ့် ဘာမှတော့ထမစားခဲ့ပေ။ ပြီးတော့ နေ့မှန်းညမှန်းမသိတာလား ကြောင်တောင်ကန်းနေတာလားမသိ။ မိုးချုပ်လို့လည်း မီးဖွင့်ရမှန်းမသိ။ ခေါ်ရင်လည်းမထူး.. ၊

မှတ်မှတ်ရရ သူ့သူငယ်ချင်းနှစ်ယောက်ရောက်လာပြီး ခေါ်ထုတ်သွားမှ ပါသွားခဲ့ပြီး.. ၊

"သမီးကရှေ့နေပါအန်တီ..သူကအင်ဂျင်နီယာပါ၊ ဒါဒါနဲ့ဆယ်တန်းအတူအောင်ခဲ့ကြတာပါ..သူ့ကိုနှစ်သိမ့်ပေးချင်လို့ ခဏခေါ်သွားပါရစေ.."လို့ ခွင့်တောင်းကြတော့ မိန်းကလေးတစ်ယောက် ယောကျာ်းလေးတစ်ယောက်သန့်သန့်ချောချောလေးတွေမို့ အလွယ်တကူထည့်ပေးလိုက်မိသည်။ ထိုနေ့ကစပြီး ဘယ်သူတွေနဲ့ဘယ်လိုအဖွဲ့ကျကြသလဲ ဒါမှမဟုတ် ရှေ့နေတွေအင်ဂျင်နီယာတွေကပါ ဖဲရိုက်လေလောင်းနေကြသလား..ဘာမှန်းမသိပေမယ့် သူမကတော့ ဖဲရိုက်နေကြောင်းသတင်းကောင်းနဲ့ ပြန်လာခဲ့၏။ အိမ်ပြန်လာတိုင်း ပိုက်ဆံတွေအထပ်လိုက်ချပေးလာတတ်သဖြင့် ကိုယ်လည်းလိုအပ်နေတော့ ကြည့်နေလိုက်သည်။ ခုကျတော့ ဘာမှပြန်မပေးတာ ဘယ်လောက်တောင်ကြာပြီလဲ.. ၊

"တောက်..မေမေ့ မေမေဘာမှပြောဖို့ စိတ်ကူးမရှိတော့ဘူးလား၊ အဲ့ဒီကောင်မအရှုးကွက်နင်းနေတာ သေတဲ့လူတွေကြောင့် ခံစားရတာ ဘာမှမဟုတ်ဘူး.."

ဒေါ်ကြည်ဝေက ခေါင်းညိတ်လိုက်ပြီး.. ၊

"ကဲ နောက်ထပ်မေးမယ်..ညည်းစကားပြောမလား၊ ပြောအောင်ငါလုပ်ရမလား..ကြိုက်တာရွေး.."

စကားသံပြီးတော့ တိတ်ကျသွားသည်။ သံသာဝေနဲ့ထက်ဝေအောင်တို့က တံခါးဘေးထောင့်မှာ ထိုင်နေသည့် ဒါဒါ့ဆီကဖြေသံကို နားစွင့်နေကြသည်။ သို့သော် သူမသည်တုတ်တုတ်မလှုပ်ဘဲ တိတ်မြဲတိုင်းတိတ်နေရာ..

"တောက်.."

သူမကိုညှာတာဖို့ အတိုင်းအတာသည် ဒီနေရာမှာတင် ကုန်ဆုံးသွားခဲ့ပြီး ဒေါ်ကြည်ဝေဆတ်ခနဲထရပ်လိုက်၏။

"ဗေဒါဖြူမ.."

ဒေါသထွက်လာတိုင်း ခေါ်သည့်နာမည်အစအဆုံးသည်.. ၊

"ညည်းထလာခဲ့စမ်း..ခုထ.."

ဒါဒါမေးတင်နေသည့်ပုံစံကနေ မျက်နှာမော့လာသည်။ သို့သော် ခံစားချက်မဲ့နေသည့်မျက်နှာက ဒီတိုင်းမပြောင်းလဲဘဲရှိလျှင်.. ၊

"ညည်းကို ကပြမလို့ထလာတယ် ထင်နေသလား..လာစမ်း ဒီကို-"

ဒေါ်ကြည်ဝေက အနားထိသွားကာ ဒါဒါ့လက်မောင်းတစ်ဖက်ကို ဆွဲပစ်လိုက်သည်။ ဒေါသတကြီးထလာတာမြင်တာတောင် ကြောက်လန့်ထိတ်ပျာမသွားတာ ဘာအချိုးလဲ.. ဘယ်သူ့အားကိုးနဲ့လဲ..။ ဟိုအရင်တုန်းကတော့ ရိုက်လိုက်ရင် နာတတ်လိုက်တာ သူ့အပြင်မရှိ။ သူ့သမီးကိုရိုက်သည်နှက်သည်အသံကြားတာနဲ့ ဒေါ်သီတာအေးဆိုတဲ့မအေက ဖုန်းတွေဆက်ရန်တွေရှာ.. ၊

"အဲ့ဒါပေါ့..အချိန်တန်တော့ အရင်းကအရင်း အဖျားကအဖျားကွဲပြားသွားတာပဲ၊ ဒါဒါက မမသမီးအရင်းမှမဟုတ်တာ..ကျွန်မသမီးကို ခိုင်းလို့ကောင်းလို့ခေါ်ထားတာ၊ အိမ်ဖော်ဆိုတစ်လ ရှစ်သောင်းတစ်သိန်းပေးရတာလေ..ကျွန်မသမီးကတော့ အလကားခိုင်းရတာကိုး.."

ဖုန်းထဲကနေ ရန်တွေတွေ့လိုက်တာ မနား.. ၊

"ကျောင်းထားပေးတယ်..လူလားမြောက်အောင် ကျွေးမွေးတယ်တဲ့ လူကြားရင်တော့ ကျေးဇူးတင်စရာပဲ..ကျွန်မသမီးလေးကို ငါးတန်းတက်တဲ့အရွယ်တည်းက ကော်စက်မှာအလုပ်ဆင်းခိုင်းခဲ့တာ ဘယ်သူမှမသိကြဘူး



သား..အဲ့ဒီပတ်ဝန်းကျင်က ကန်းနေကြပေမယ့် သီတာအေးတို့က ရန်ကုန်ကနေ မန္တလေးကိုလှမ်းမြင်တယ်နော်..မသိဘူးမထင်နဲ့.."လို့ ကြိမ်းမောင်းခြိမ်းခြောက်တာတွေ.. ၊

"ကျေးဇူးဆိုတာလေး ပြစရာရှိသွားရင် အဲ့ဒီကျေးဇူးကဆပ်လို့ကိုမကုန်တော့ဘူး..ဒေါ်ကြည်ဝေတို့ကောင်းစားချင်တော့ သီတာအေးက သားမခင်တဲ့ နွားမတန်းဖြစ်လာရတာ.."

ကလေးငယ်တုန်းကလည်း ယောကျ်ားကငြိုငြင်မှာစိုးလို့ မမခေါ်ထားဆဲပါ မျက်ရည်ခံထိုးသည်။ လူလားမြောက်လာတော့ ပထွေးနဲ့စိတ်မချလို့သာ ထားရတာပါလို့ လေသံကပြောင်းလာသည်။ အပျိုလေးဖြစ်လာတော့ ခိုင်းလိုက်တဲ့မိန်းမ.. ကိုယ့်အစ်မကို ဖုန်းတစ်လုံးနဲ့ကြိမ်းမောင်းလိုက် ခြိမ်းခြောက်လိုက်.. ၊

"ကျွန်မသမီးက ကျွန်မလက်ဖျစ်တီးလိုက်တာနဲ့ ပြန်ပြေးလာမှာနော်..ကိုယ့်အစ်မမို့ ကလေးကိုသူ့အဒေါ်အိမ်မှာနေတာ တင့်တယ်ပါတယ်ဆိုပြီးထားတာ..ဟိုအရင်ကလို မျက်နှာမလွှဲရဲတဲ့အရွယ် မဟုတ်တော့ဘူး၊ ဒီကပြန်ခေါ်ရင် ကျေးဇူးကန်းတယ် စုံကန်ထွက်သွားတယ်မပြောနဲ့..သားသမီးလိုမမွေးဘဲ ကျွန်လိုသဘောထားရင်တော့ ကြာသလားလို့ပဲ.."

သူ့သမီးကိုထိပြီဆိုတာနဲ့ သတင်းရောက်သွားတာမြန်သည်။ ကြိမ်းဘာမောင်းတာတွေ တက်လာသည်။ ခုတော့ ဘာတတ်နိုင်သေးလဲ..။ တွေးရင်းမဲ့လိုက်မိသည်။ မအေအားကိုးနဲ့ တလွှားလွှားနေခဲ့သည့်ဒါဒါ့ကို ထိုစဉ်က စိတ်ရှိတိုင်းမပြုခဲ့ရသမျှ ဒီနေ့တွေ့ကြပြီဆိုသည့် မျက်ဝန်းတွေက သံယောဇဉ်လက်ကျန်တောင်မရှိခဲ့ဘဲ.. ၊

"မနေ့က တစ်နေကုန်ပြန်မလာဘူး..အဲ့ဒါဘာလုပ်တာလဲ.."

ဒါဒါက မျက်နှာကိုငေးကြည့်နေပြီး မဖြေ။ မောင်နှမနှစ်ယောက်စလုံးပြိုင်တူထရပ်လိုက်ကြကာ.. ၊

"တွေ့လား..အကြောတင်းနေတာမျက်နှာက.."

"ဖဲရိုက်ပြီး ပိုက်ဆံလေးပြန်ပေးနိုင်တာနဲ့ အခွက်ကတင်းနေတာ..တင်းချင်ရင်လည်း အဲ့ဒီအတိုင်း ပုံမှန်ပေးလေ.."

ထက်ဝေအောင်က ဒါဒါ့ထက်သုံးနှစ်လောက်ငယ်သည်။ သံသာဝေ

ကတော့ ရှယ်တူပါ။ ဒါပေမဲ့ နိုင်နေကျအတိုင်း စကားပြောတာကအစ မညင်သာ.. ၊

"ဖြေလေဒါဒါရဲ့..ဒီနေ့လည်း ညည်းမနက်တည်းက ထွက်သွားတာ အပြင်ထွက်ထွက်ပြီး ဘာတွေလုပ်နေတာလဲ..မိသားစုတွေသေကုန်ကြတဲ့ အကြောင်းပြချက်နဲ့ ညည်းဘာဖြစ်ချင်တာလဲ..ဘာတွေလုပ်နေသလဲ၊ ထွက်သွားတယ်..ပြန်ချင်တဲ့အချိန် ပြန်လာတယ်၊ အိမ်ကလူတွေကို လူမထင်တော့တာ ဘယ်လိုအချိုးမျိုးတွေလဲ..ဟဲ့ ဖြေစမ်း၊ တောက်..ဒီလောက်တောင် ပါးစပ်ပိတ်ထားချင်ဦး၊ ကဲဟာ.."

ဖြန်းခနဲရိုက်ချက်နောက်မှာ ဒါဒါ့မျက်နှာလည်ထွက်သွားသည်။ ဆံပင်တွေလွင့်ဝဲပါသွားကြလျက် မျက်နှာတစ်ခုလုံးသည် ဆံပင်တွေအောက်မှာ ပျောက်သွားခဲ့၏။ ထို့နောက် နောက်ဆုတ်ယိမ်းယိုင်ရင်း ဘိုင်းခနဲပစ်လဲလေသည်။

"ချ..ချ ခုချိန်ထိ အဲ့ဒီပါးစပ်မဖွင့်ဘူး၊ ဦးကျိုးသွားအောင် ချိုးထားလိုက်.."

လူကိုဖွဲ့အိတ်ကြီးလို ဆွဲထူတွန်းထိုးကြသည်။ ထို့နောက် မူးနောက်ပြာဝေနေသည့်အာရုံတွေ ထွေပြားနေဆဲ.. ၊

"ဒါဒါ..ညည်းခေါင်းကြောမာနေတာလား၊ ငါ့စိတ်ကိုစမ်းနေတာလား ..ကဲ အဲ့ဒါစမ်းဦး.."

ပြင်းထန်သည့်ထိခတ်သံနှင့် နောက်ပါးတစ်ဖက်မှာ ပူလောင်ပြင်းရှသွားသည်။ အအိပ်အစားမမှန်ခဲ့သော ကိုယ်ခန္ဓာကိုယ်သည် ရိုက်ချက်တို့အောက်မှာ အဝတ်ထုပ်တစ်ထုပ်လို ရှိနေသော်ငြား.. ၊

"သူ့အမေရှိနေရင် ထစ်ခနဲဆို အထုပ်ဆွဲဆင်းတာ..ခုတော့ ဘာတတ်နိုင်သေးလဲ၊ သူ့ကိုယ်ကို ဘာထင်နေသလဲမသိဘူး.."

နားနားကပ်ပြောလိုက်သည့်စကားသံတစ်ရပ်က သတိလွတ်အမှောင်ကျနေခဲ့သည့်စိတ်အာရုံတို့ကို ပုတ်နှိုးလိုက်သည့်နှယ်.. ၊

"ဘာ..အကြီးမက ညည်းကိုရိုက်တယ်ဟုတ်လား၊ ညီအစ်မချင်းရိုက်နှက်ဆုံးမရအောင် သူတို့ကဘာတွေမို့လဲ..မမကိုဖုန်းပေးလိုက်စမ်းပါ၊ ငါ့သမီးကိုခုချက်ချင်း ငါလာခေါ်မယ်..ဗေဒါဖြူက တစ်ကောင်ကြွက်မဟုတ်ဘူး



နော်၊ သီတာအေးတစ်ယောက်လုံးရှိသေးတယ်..ငါ့သမီးကိုနောက်ထပ်လက်နဲ့တောင်မရှယ်နဲ့.."

အမေ့အသံတွေကို ကြားလာသည်။

အမေ အမေ့သမီး အခု..အခု သူတို့က သမီးကိုအားကိုးမရှိတော့ဘူးဆိုပြီး.. ၊

ဒါဒါမျက်ရည်ပြိုကျလာသည်။ အသားမှာ နာကျင်တာထက် အမေ့စကားသံတွေကို သတိရလိုက်တာကြောင့် နှလုံးသားကဆတ်ဆတ်ခါ၏။ အမေမရှိတော့ဘူးဆိုသည့်အသိက ရက်တွေကြာလာလေ နှိပ်စက်လေ.. ၊

"အမေအနားမှာရှိရှိမရှိရှိ လူလူချင်းဘယ်တော့မှမကြောက်နဲ့..ဆွေမျိုးချင်းဖိနှိပ်တာမျိုး ပိုပြီးခံစရာမလိုဘူး၊ ညည်းကိုငါတုံးတုံးအအလေး မွေးထားတာမဟုတ်ဘူးဒါဒါ.."

အမေ့စကားသံတွေ အဆက်မပြတ်ကြားလာရကာ အေးစက်ထုံခဲနေသည့်သွေးတို့ တဖျင်းဖျင်းပူနွေးလာသည်။

သူမဘာတွေဖြစ်ခဲ့သလဲ..ဒီလူတွေ ဘာတွေလုပ်နေသလဲ.. ၊

ပစ္စုပ္ပန်၏ခံစားချက်အရာရာကို နှလုံးသားမှဦးနှောက်သို့ သတင်းပို့လှုပ်နှိုးလာခဲ့၏။ ဒါဒါခေါင်းခါပစ်လိုက်ပြီး မျက်နှာမော့သည်။ ထို့နောက် လက်ကိုမြှောက်ရမ်းပြီး ရှန်းပစ်လိုက်၏။

"အ.."

ရှန်းသည့်လက်ဖြင့် မျက်နှာကိုပြန်ထိကာ ထက်ဝေအောင်မျက်နှာကိုအုပ်ပြီး ယိုင်သွား၏။ မောင်ကိုထိတော့ သံသာဝေမျက်လုံးတွေ မီးတောက်သွားကာ.. ၊

"နင်ကများ လူပါးဝလို့.."

ရှေ့ကိုတိုး၍ အားပါးတရရိုက်ချလိုက်၏။ ဒါဒါက လွှဲကျလာသည့်လက်ကိုရှောင်လိုက်ပြီး သူမတစ်ကိုယ်လုံးကို တအားဆောင့်တွန်းပစ်လိုက်လျှင်.. ၊

"ဒုန်း.."

"အား.."

"သံသာ.."

ဒေါ်ကြည်ဝေ သမီးဆီပြေးရမလို သားဆီသွားရမလို ဘာမှလည်းမ လုပ်ဖြစ်ဘဲ မျက်လုံးမျက်ဆံပြူးနေစဉ် ဒါဒါကလက်တစ်ဖက်နဲ့မျက်နှာပေါ် က ဆံပင်တွေကို သိမ်းလှန်ပစ်လိုက်သည်။ နီရဲနေသည့်ပါးနှစ်ဖက်သည် မကြာခင်ယောင်ရမ်းလာဖို့ အားယူနေပြီဖြစ်ကာ မျက်ရည်တွေစိုလူးနေသည့် အဖြစ်ကြောင့် မျက်နှာတစ်ပြင်လုံးအကျည်းတန်နေခဲ့သည်။ ဆံပင်တွေဖရို ဖရဲအုပ်ကွယ်နေတုန်းက စိတ်ရှိလက်ရှိရိုက်နှက်ထားပြီးမှ ဆံပင်တွေသိမ်း လှန်လိုက်သည့်အခါ မြင်လိုက်ရသည့် မျက်နှာပေါ်ကဒဏ်ရာတွေနဲ့ မျက် ရည်တို့သည် ဒေါ်ကြည်ဝေကို ဆွံ့အသွားစေ၏။

ထို့နောက် ချောက်ချားသွားသည့်စိတ်ဖြင့် ခြေလှမ်းဆုတ်၏။ သူမ ဆုတ်သည့်အတိုင်း ဒါဒါကရှေ့လိုက်တိုးကာ.. ။

"ပိုက်ဆံသိပ်လိုနေရင် အမေ့သမီးကိုထွက်ရှာခိုင်း..သူကအပျိုဆို တော့.."

တစ်ခွန်းချင်းပြောနေရင်း မျက်ရည်တွေမျက်ဝန်းအိမ်မှာ ပြည့်သိပ် လာသည်။ သို့သော် မျက်တောင်တို့ဖြင့် ထိန်းချုပ်ဖို့ကြိုးစားရင်း မေးဖျား ပင့်ရှုံ့မျက်နှာကို မော့ထားလိုက်၏။ ပြီးတော့ အားလုံး၏မျက်နှာတွေကို ငဲ့ကြည့်ပြီး နေရာမှလှည့်ထွက်လာခဲ့သည်။

အပြင်မှာမှောင်ရိပ်သမ်းနေဆဲ။ လမ်းဘေးမီးတိုင်တွေ အိမ်ရှေ့မီးတွေ က ည၏ခရီးတာကို ဖြတ်သန်းဖို့အားလုံးအဆင်သင့်ဖြစ်နေကြသည်။ သူမ အဆင်သင့်ဖြစ်နေရဲ့လား..။ ခြေလှမ်းတွေက ရည်ရွယ်ချက်မဲ့နေသည်။ ကိုယ်ခန္ဓာတစ်ခုလုံးက လှိုက်ဟာနေ၏။ သူမရဲ့ကံဆိုးမှုတိုင်းဟာ ဘာ ကြောင့်ညနေခင်းတွေမှာပဲ ဖြစ်နေခဲ့တာလဲ..။ ညနေခင်းသည်ကံဆိုးခြင်း တွေကို ယူဆောင်လာတာလား..ကံဆိုးခြင်းတွေကပဲ ညနေချိန်မှာရောက် ရောက်လာတာလား.. ဒါမှမဟုတ် သူမဘဝကိုက နေဝင်ချိန်တွေလို အလင်း ဖျော့ အားနည်းခြင်းတွေနဲ့ ခရီးဆက်ဖို့ဖြစ်လာတာလား.. ။

လမ်းသွယ်ထဲကနေ အပြင်လမ်းမကြီးကို လှမ်းကြည့်တော့ 'တက် ခေတ်'မိုတယ်လ်ကြီးက ဟိုတယ်လ်ကြီးတွေကဲ့သို့ ခမ်းနားကြွားရွားလျက်ရှိ နေပြီး မိုတယ်လ်တစ်ခုလုံးမှာ အလှဆင်ထားသည့် ရောင်စုံမီးတွေက အ မှောင်ကိုစိန်ခေါ်၍ ပြုံးပြက်လက်နေ၏။ ဒါဒါ့ခြေလှမ်းတွေ မိုတယ်လ်ကို



မော့ငေးရင်း တဖြည်းဖြည်းနှေးကျသွားခဲ့သည်။ သားအမိညနေခင်းအတူ ထွက်လာမိတိုင်း မင်းမင်းဒီမီးတွေကို ခေါင်းလေးတစ်ခုလုံး မော့လန်နေတဲ့ အထိ ငေးနေတတ်ကာ.. ။

"အဲ့ဒီဟိုတယ်လ်ကြီးထဲမှာ ဆိုဖာအထူကြီးတွေနဲ့ ရှယ်နေရမှာပဲနော်.. ရုပ်ရှင်တွေမှာလိုလေ အိပ်ရာကထ ရေချိုးခန်းလေးထဲတန်းရောက်၊ ခလုတ် လေးနှိပ်လိုက်ရုံနဲ့ ရေတွေတဖွားဖွားကျ..ပြီးတော့ ကန်ထဲမှာရေအပြည့်ထည့် ပြီး ဆပ်ပြာမြှုပ်တွေနဲ့ စိမ်နေလို့လည်းရတယ်နော်မေမေ..သမီးတို့တစ်ခါ လောက်အဲ့ဒီမှာ သွားအိပ်ရရင် ကောင်းမှာပဲ.."

မင်းမင်းရဲ့ရယ်သံလေးတွေက နားထဲမှာ သံပူရည်တွေစီးဝင်နေသည့် နှယ်.. ။

"မေမေ့..ဟိုးအပေါ်ဆုံးထပ်က ပန်းပင်လေးတွေနဲ့ဝရန်တာလေးတွေ လား၊ သမီးအဲ့ဒီမှာထိုင်ပြီး အောက်ကိုငုံ့ကြည့်ချင်တယ်..တီတီသံသာတို့ကို ရေလည်းနှိပ်မပေးရတော့ဘူး၊ သူတို့အင်္ကျီတွေကိုလည်း မေမေမလျှော်ပေး ရတော့ဘူး..အဲ့ဒီမှာပိုက်ဆံပေးနေနိုင်ရင် ဟင်းကောင်းကောင်းတွေ မေမေ ချက်ရဘဲ အဆင်သင့်စားရမှာနော်မေမေ.."

မျက်ဝန်းမှာ မျက်ရည်တွေနောက်ထပ်ပြည့်သိပ်လာလျှင် ဒါဒါနှုတ် ခမ်းသားလေးတွေကို ဖိကိုက်ထားမိသည်။ ကိုယ်ချစ်သောသူတွေကို ထာဝ ရဆုံးရှုံးလိုက်ရသည့် ပူလောင်ခြင်းသည် ကိုယ့်ဘေးမှာဘယ်လူသား ဘယ် ပတ်ဝန်းကျင်မှမရှိတော့သလို ကမ္ဘာတစ်ဖက်ခြားမှာ ကိုယ်တစ်ယောက် တည်း ရောက်သွားခဲ့တဲ့အတိုင်း.. ။

"ကဲပါမင်းမင်းရယ်..ဒီနေရာရောက်တိုင်း ဒါကိုပဲငေးနေတာပဲ၊ ရှေ့ကို ကြည့်..ဆိုင်ကယ်တွေပွတ်သွားလိမ့်မယ်.."

လက်ဆွဲထားတာတောင် လည်ပင်းလိမ်အောင်ငေးလွန်းလို့ လက် ကောက်ဝတ်လေးကို ဖိလှုပ်ပြီး သတိပေးနေခဲ့ရသည်။ ခုတော့ ဒီနေရာမှာ သူမတစ်ယောက်တည်းပါလား..။ လက်ဖဝါးတစ်ဖက်ကို ဖိဆုပ်ထားရင်း ကြေကွဲခြင်းကို ထိန်းချုပ်ဖို့ကြိုးစားနေမိသည်။ သို့သော် ထိုလက်ကိုပဲငုံ့ ကြည့်မိသည်။ ဆုပ်ထားသည့်လက်ကို တဖြည်းဖြည်းဖြန့်လိုက်တော့ ဘာမှ မရှိ.. ။

ဘယ်မှာလဲ..သမီးလက်လေးကို မေမေဆွဲထားတာလေ၊ ဒီနေရာမှာ မေမေတို့ အတူတူလေ..သမီးလေးဘယ်မှာလဲ.. ၊

လျော့ရိလျော့ရဲဖြစ်နေခဲ့သော လက်ဖဝါးပေါ်သို့ မျက်ရည်တစ်စက်ကြွေဆင်းသွား၏။ ထို့နောက် လက်သည် ဆတ်ဆတ်တုန်လျက် မျက်ရည်စက်တို့ တပေါက်ပေါက်ကျဆင်းလာခဲ့ရင်း.. ၊

"ဟယ်..ဟိုကောင်မလေး ဘာဖြစ်တာလဲ.."



## အခန်း(၃၉)

ဒါဒါ ဘာဖြစ်လာတာလဲ.. ၊

ဖုန်းပြောနေရင်း မိုတယ်လ်၏ဒုတိယထပ်ကနေ လှမ်းကြည့်နေမိသည်။ ဒါဒါသည် မိုတယ်လ်ကိုမော့ကြည့်နေရင်း လက်ကိုဖြန့်ပြီး ပြန်ငုံ့ကြည့်သည်။ ပြီးတော့ သူမငိုနေသည်။ ပြီးတော့..

"ဟာ.."

သူမခွေခနဲပြိုကျသွားလျှင် ကယောင်ကတန်းလှမ်းဆွဲလိုက်မိ၏။ ထိုအခါ လက်သည်တံခါးဘောင်နဲ့တိုက်မိကာ ကိုင်ထားသည့်ဖုန်းက ချော်ထွက်သွား၏။ တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ထိသတိလက်လွတ်တစ်ခါမှ မဖြစ်ခဲ့ဘူးပါ။ သူဘာတွေပြေးလွှားလုပ်မိပြီး လမ်းပေါ်ဘယ်လိုရောက်လာသည်မသိ.. ၊

"ဟော့..လက်ကိုကြိတ်မိမယ်လေ၊ ဆိုင်ကယ်လ်ပြန်ခိုရတော့.."

လှမ်းအော်ရင်း ကားတွေဆိုင်ကယ်လ်တွေကြားထဲ အတင်းဖြတ်ပြေးခဲ့သည်။ ဒါဒါ့ဘေးမှာ လူတွေဝိုင်းနေကြကာ လဲနေသူကို မြင်ရမှန်းဘယ်သူမှမသိ။ ဆိုင်ကယ်တွေရပ်ပြီး ကြည့်ကြသည်။ ဒီတိုင်းဆိုးလိုမြို့ပြီး အနား

တိုးကြည့်၏။ အားလုံးသည် အဆိပ်ဗုံးတစ်လုံးကဲ့သို့ လူကိုထိကိုင်ခြင်းမရှိကြ.. ၊

"ဖယ်ပေးပါ..ကျွန်တော့်ညီမလေးပါ.."

စိုးရိမ်ပူပန်နေသော ကိုကို့မျက်နှာနှင့် ရုပ်ရည်သွင်ပြင်ကိုကြည့်ကာ အားလုံးကဘေးဖယ်ပေးကြသည်။ အုပ်ကွယ်နေသည့်ဆံပင်တွေကိုဖယ်၍ မျက်နှာလေးကိုကိုင်မိရင်း.. ၊

"ဒါဒါ.."

ညိုရဲနေသည့်ပါးပြင်လေးကို မြင်လိုက်ရလျှင် ပါးကိုပုတ်နှိုးဖို့အစီအစဉ်လည်းပျက်ကာ ကိုင်ထားမိသည့်သူ့လက်သည် လှုပ်လိုက်တာနဲ့ တဖြုတ်ဖြုတ်ကြွေကျသွားနိုင်သည့် ပန်းဝတ်လွှာလေးတွေကို ကိုင်ထားမိသကဲ့သို့..

"တက္ကစီ.."

လက်တို့သည် သူမပခုံးလေးဆီရွေ့လျားသွားခဲ့ပြီး တက္ကစီလှမ်းခေါ်သည်။

"ကျွန်တော့်ကို အနီးဆုံးဆေးရုံပို့ပေးပါ.."

သူမကိုပွေ့ယူလိုက်ပြီး တက္ကစီပေါ်တင်သည်။

"ကားတိုက်မိတာလားဗျ.."

အရေးထဲမှာ တက္ကစီသမားက အမေးအမြန်းထူနေသေးသည်။ သူခေါင်းပဲညိတ်ပြမိကာ ဖုန်းထုတ်လိုက်ပြီး.. ၊

"အန်တီ..မမသက်ဒီနေ့ဘယ်ဆေးရုံမှာထိုင်တာလဲ.."

"..............."

"ကျွန်တော့်အသိ အရေးပေါ်ဖြစ်နေလို့အန်တီ.."

"..................."

"ဟုတ်ကဲ့..ဒါဆို ကျွန်တော်မမသက်ဆီပဲ ခေါ်သွားလိုက်မယ်၊ ကျေးဇူးပါ.."

တက္ကစီဒရိုင်ဘာကို အိမ်လိပ်စာပြောပြလိုက်ပြီး အမြန်မောင်းခိုင်းမိသည်။ စိုးရိမ်စိတ်ကြောင့် လမ်းပေါ်ပြေးတက်ခဲ့မိပေမယ့် ဒါဒါ့ကိုပွေ့ပြီး ဟိုတယ်လ်ထဲခေါ်သွားဖို့မသင့်တော်မှန်း ချက်ချင်းစဉ်းစားမိခဲ့သည်။ ထို့ပြင် ကိုယ့်ကားပြန်ယူနေဖို့လည်း အချိန်မရှိ။ ကားထုတ်လာလို့လည်း သင့်တော်



ချင်မှ သင့်တော်မည်။ စိတ်တွေယောက်ယက်ခတ်သွားသည့်ကြားက စဉ်းစားခဲ့မိတာတွေကို ပြန်တွေးပြီး သူဘာကြောင့်ဒီလိုတွေလုပ်နေမိတယ်ဆိုတာလည်း နားမလည်တော့ပါ.. ၊

ဒေါက်တာသက်သက်ချိုက အသက်လေးဆယ်ဝန်းကျင် အထွေထွေနဲ့စိတ်အထူးကုဆရာဝန်ဖြစ်ကာ ဒီနေ့ကျမှနေ့တစ်ဝက်နားနေတာမို့ သူမအပန်းဖြေသည့်စာကြည့်တိုက်လုံးလေးမှာပဲ ရှိနေတာဖြစ်သည်။ ကိုကိုက သူမရှေ့ထိလူနာကိုခေါ်သွားခဲ့သဖြင့် ရှုံ့မဲ့မဲ့မျက်နှာကြီးနှင့်လူနာကိုလည်း ကြည့်နေလျက်.. ၊

"ကိုကိုရယ်..နင်မှငါ့ကိုမနှိပ်စက်ရင် နှိပ်စက်မယ့်လူမရှိတော့ဘူးနော်၊ ကျေးဇူးရှင်ရဲ့.."

စိတ်လွတ်ကိုယ်လွတ်ညည်းလိုက်ပြီး ကိုကို့လက်ထဲကို အိမ်သော့ထည့်ပေးသည်။ ပြီးတော့ ဒါဒါ့ကိုပြန်ငဲ့ကြည့်၍.. ၊

"လူနာကစိတ်ထိခိုက်စရာ ရှိထားလို့ပါ..လမ်းနဲ့ဆောင့်မိတဲ့ဒဏ်ရာကတော့ သိပ်မများပါဘူး.."

"သူ့ပါးတွေကိုရော.."

"ရေခဲလေးကပ်ပေးရမယ်..သူအရမ်းအားနည်းနေတော့ ချက်ချင်းနိုးဦးမှာမဟုတ်သေးဘူး၊ နေပါဦး လူနာရှင်တွေအနားမှာမရှိဘူးဆိုတော့ မင်းကစောင့်နေဖို့ အချိန်ရရဲ့လား..မမသက်က ဂျူတီပြန်ဝင်ရတော့မှာ.."

"ရတယ်မမသက်..ကျွန်တော်စောင့်နေလိုက်မယ်၊ ဒီမှာကျွန်တော်ရှိနေတာတော့ မမသက်ပဲသိတာနော်.."

သူမကပြုံး၍ ခေါင်းညိတ်ရင်း ညကျတစ်ခါလာကြည့်မယ်ပြောပြီး ပြန်သွားသည်။ သူမတို့လင်မယားနှစ်ယောက်စလုံး အထူးကုဆရာဝန်တွေဖြစ်ကာ ရန်ကုန်မှာနေစဉ်တုန်းက အိမ်မှာအဝင်အထွက်ရှိကြတဲ့အထိ ရင်းနှီးခဲ့ကြသည်။ ကြီးကြီးကဆို မမသက်ကိုသူ့သမီးအတိုင်း ရင်းနှီးနွေးထွေးခဲ့တာဖြစ်၏။ ကိုကိုဖုန်းထုတ်ကာ ရေခဲသေတ္တာရှိရာသွား၍ သက်သက်ချိုစီစဉ်ပေးခဲ့သည့် ရေခဲအုပ်ဖို့လိုအပ်တာတွေ ယူထုတ်နေရင်း.. ၊

"အင်း..အဲ့ဒါတော့ဖျက်လို့မဖြစ်ဘူး၊ ဒရော်ရင်းဘုတ်ခ်နဲ့တိုက်စစ်လိုက်..မင်းနဲ့ထွန်းထွန်းပဲ ဦးဆောင်လိုက်ကွာ၊ အစည်းအဝေးမလုပ်နဲ့တော့.."

ရေခဲတုံးလေးတွေနဲ့ ဇလုံထဲကိုအဝတ်ထုပ်လေးထည့်လိုက်ပြီး.. ၊
"အဲ့ဒီအစုဂဏ္ဍဦးဆန်းမောင်နဲ့ သူ့တူဦးမင်းလွင်ကို ငါ့ရှေ့နေနဲ့ချိတ်
ပေးထားတယ်..အိုးအိမ်နေရာကိစ္စတွေ သူတို့ရပ်မိရပ်ဖက ဦးဆောင်သွား
လိမ့်မယ်.."
"မ..."
"အော်..ငါ့မန္တလေးမှာ.."
လက်ကြားထဲမှအစိုဓာတ်ကရှိနေသေးသည်။ ဇလုံကိုထိုလက်နဲ့ခံ
ကိုင်ကာ ရေခဲသေတ္တာကိုပြန်ပိတ်၍.. ၊
"အမေ့ကိုအမှုနဲ့အရေးထဲ.."

"................"

ဘာအဖြေကိုမှမပြောဘဲ ဒါဒါ့ကိုလှမ်းကြည့်လိုက်မိသည်။ ပြီးတော့
သူမဘေးကိုလျှောက်ခဲ့ရင်း.. ၊
"ဒါပဲလား"
ဖုန်းကိုပိုက်ဆံအိတ်ထဲပြန်ထည့်၍ သူမဘေးမှာဇလုံကိုချလိုက်သည်။
ပြီးတော့ ခုံကိုထပ်ကပ်သွားအောင်ဆွဲပြီးမှထိုင်ကာ ပတ်တီးဖြူဖြူလေးနှင့်
ဒါဒါ့မျက်နှာလေးကို ကြည့်မိ၏။ လှလွန်းသည်မဟုတ်ပေမယ့် ပြေပြေပြစ်
ပြစ်လေးနှင့် ကြည့်တိုင်း ချစ်စရာကောင်းနေသည့်မျက်နှာလေး..
ခုချိန်မှာတော့ ညိုညိုညက်ဝင်းစက်စက်မျက်နှာလေးက အညိုရောင်ရင့်နေ
သည့်နှုတ်ခမ်းလေးမှာ စုပိတ်နေသည့် နှုတ်ခမ်းထောင့်လေးမှာ သွေး
လေးတွေရှိနေသေးသည်။
သူမ ဘယ်လိုအဖြစ်ပျက်တွေနဲ့ ရင်ဆိုင်လာခဲ့ရသလဲ..ဘယ်သူတွေ
က ဒီလောက်ရက်ရက်စက်စက်လုပ်လိုက်ကြတာလဲ.. ၊
ကြည့်နေရင်း စွပ်ပြည်းဖြည်းပူလောင်လာသည့်ရင်ထဲမှာ သူမအတွက်
စိုးရိမ်ခြင်းများ ဆို့တက်ရှားလာသည်။ သူမရဲ့သောကကို အေးချမ်းမှုမပေး
နိုင်ပေမယ့် သူမရင်ဆိုင်နေရတဲ့ ဒုက္ခအခက်အခဲတွေကိုတော့ သူဖြေရှင်း
ပေးချင်သည်။ ဒါပေမဲ့ ဘယ်လိုလုပ်ရမလဲ..။ ရေခဲဖက်လေးနဲ့ သူမပါးပြင်ကို
ထိမိသည်ပြည်းဖြည်းလက်ပြန်ရုတ်မိသည်။ ပြီးတော့ သူ့လက်ခုံနဲ့ဖွဖွလေးထိကြည့်
ရင်း သူ့နှလုံးသားလေးတွေလှုပ်ရှားပြီး ထိကပ်ကြည့်ရင်း သူမငြိမ်သက်နေကာ



အေးနေသည့်လက်ဖဝါးလေးနဲ့ မထိတထိပြန်ကပ်လိုက်တော့ သူမတွန့်သွား
သည်။ သူလန့်ပြီးလက်ကို ကမန်းကတန်းရုတ်လိုက်မိကာ ကိုယ့်အပြစ်ကို
ဝင့်သက်ရှိက်ရင်း ပြုံးမိလေသည်။ ပါးပြင်လေးပေါ် ရေခဲဖက်ကပ်နိုင်ဖို့အ
တွက် သူအမျိုးမျိုးကြိုးစားနေရလျက် နောက်ဆုံးကျမှ အောင်မြင်ရသည့်အ
ဖြစ်ကလည်း ရယ်စရာ.. ၊
ဘဝမှာရင်ဆိုင်ဖြတ်သန်းခဲ့ရသမျှ အခက်အခဲများစွာအနက် ဒီအဖြစ်
ကျမှ ချွေးပြန်ခဲ့ရသည်။ သူမပါးပြင်လေးတွေ နောက်ထပ်နာကျင်သွားမှာ
စိုးရိမ်နေခဲ့သည့် ကြောင့်ကျစိတ်က တစ်ခါထိခါနီးတိုင်း ပြုတ်ကြွေကျသွား
တော့မလို။ ထိုစဉ် အိတ်ထဲကဖုန်းသံမြည်လာ၏။ သူ့အကျီပေါ်ကနေ ဖုတ်
ခနဲဖိဆုပ်လိုက်ကာ နေရာကချက်ချင်းထွက်၏။ အပြေးတပိုင်းခြေလှမ်းတို့
သည် အပြင်ကိုရောက်လာကာမှ.. ၊
"ဟလို.."
"အခန်းနံပါတ် တူးအိုသရီးကလားခင်ဗျာ.."
"ဟုတ်ပါတယ်.."
"ကျွန်တော်တို့တက်ခေတ်ပါကင်မှာ လူကြီးမင်းရဲ့အနက်ရောင်လန်ခ
ရူဇာနဲ့ တခြားဧည့်သည်ကားတစ်စီး.."
"ရပ်ထားတဲ့ကားကို ဝင်ငြိတာလား.."
"ဟုတ်ကဲ့..လူကြီးမင်းဆင်းလာကြည့်ပါ၊ ကျွန်တော်တို့လူကြီးမင်း
ကျေနပ်တဲ့အထိ.."
"မလိုဘူး..ကျွန်တော်အခုအပြင်ရောက်နေတယ်၊ လူနာစောင့်နေရလို့
ကျေးဇူးပြုပြီး ဖုန်းထပ်မဆက်ပါနဲ့..အိုခေ.."
သူများစကားမဆုံးခင် ဖုန်းချပစ်မိတဲ့အထိ ရှိင်းပျသွားတာကိုသိ
သည်။ ဒါပေမဲ့ ဒီထက်ရိုင်းဖို့ အဆင်သင့်ဖြစ်နေသည့်ဒေါသတွေကြောင့်
ဒီ့အတွက်သူနောင်တမရ။ ဖုန်းကိုစိတ်ပျက်သလိုကြည့်မိရင်း အထဲပြန်ဝင်
လာခဲ့သည်။ သူမဘေးမှာပြန်ထိုင်ပြီး ရေခဲဖက်ကိုကိုင်လိုက်တာနှင့် မျက်
တောင်ဖျားလေးတွေ လှုပ်ခတ်ခတ်ဖြစ်နေတာကို သတိထားလိုက်မိသည်။
ပြီးတော့ သူမရဲ့ရင်ဘက်လေးတသိမ့်သိမ့်လှုပ်ရှားလာ၏။ ထို့နောက်.. ၊
"သမီးလေး.."

နှုတ်ခမ်းတို့တရှိုက်ရှိုက်ရှုပ်နေရင်း တစ်ချက်တော့ပီပီသသကြားလိုက်ရသည်။ ထို့နောက် တရှိုက်ရှိုက်ငို၏။ ပိတ်ယှက်ထားသည့်မျက်တောင်တို့ကြားမှာ မျက်ရည်စတွေတစိမ့်စိမ့်ကျလာသည်။ သူမမနိုးခဲ့ပါ။ သို့သော်ငိုနေရှာ၏။ ကိုကို့မျက်ခုံးတွေအလိုမကျစွာ တွန့်ကုတ်သွားခဲ့ရင်း သူမမျက်နှာလေးဆီးမှာ လက်ထောက်သည်။ မျက်ရည်ကြောင်းလေးကို တယုတယသုတ်ပေးရင်း ငေးကြည့်နေမိ၏။ ရှိုက်သံတွေစဲသွားတဲ့အထိ စောင့်နေပြီးမှ နှုတ်ခမ်းထောင့်လေးရယ် ပါးပြင်လေးတွေရယ်ကို ရေခဲဖက်နဲ့ဖွဖွလေးကပ်ပေးရင်း..၊

"မင်းနောက်ထပ်မျက်ရည်ကျဖို့မရှိတော့အောင် ကိုယ်ကာကွယ်ပေးချင်တယ်..မင်းအတွက်ကိုယ်ဖြစ်ပေးမယ်၊ မငိုနဲ့တော့ချာတိတ်.."

☎



အခန်း(၄၀)

"မငိုနဲ့တော့နော်.."

"ဟင်..မင်းနိုင်.."

မျက်ရည်သုတ်ပေးသည့် လက်ဖဝါးနွေးနွေးကိုသိလိုက်သည်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ မင်းနိုင်ကသူမဘေးမှာထိုင်လို့။ မျက်ဝန်းတွေကဆွေးငေးနေသည်။ ပြုံးနေသည့်နှုတ်ခမ်းတွေက နူးညံ့ကြင်နာဟန်တွေအပြည့်.. ၊

"နင်ဒီလိုဘယ်လိုရောက်လာတာလဲ..ဒီလိုဝင်ရောက်နေတာမသင့်တော်ဘူးလေ၊ ပြန်တော့..သွား.."

"နင်ငိုနေတာ ငါမကြည့်ရက်ဘူး.."

"အို..မလိုပါဘူး၊ အလိုလိုကာမှ နင့်ကိုငါကပြန်လွမ်းချင်နေတာလို့ပြောနေကြတာ..မလာနဲ့သွား.."

ဟင်..

"မင်းနိုင်မဟုတ်ဘူး၊ ရှင်က.."

ဒါဒါတအံ့တသြဖြစ်သွားသည်။ သူမဘေးကိုရောက်နေတာ မင်းနိုင်မှ

မဟုတ်ဘဲ ဖြူပေမယ့်နီညစ်ညစ်မင်းနိုင်မျက်နှာမဟုတ်။ ဆံပင်တွေကောက်နေတာ သေချာဖြီးရင်လှပေမယ့် အမြဲတမ်းရှုပ်ပွဘုတ်သိုက်ဖြစ်နေသည့် မင်းနိုင်လိုဆံပင်တွေလည်း မဟုတ်ဘဲ ဖြူဝင်းချောမွေ့နေသည်။ မျက်ခုံးတန်းတွေက ထင်းနေသည်။ နီမြန်းနေသည့် နှုတ်ခမ်းတို့က သဘောကောင်းသည့် အရင်းအမြစ်လုံးဝမရှိမှန်း သိသာစွာ သေသေသပ်သပ်စေ့ပိတ်နေသည်။ နှာတံပေါ်တဲ့အထိ တိုတိုရှင်းရှင်းဆံပင်တွေက နောက်လှန်သိမ်းထားသလိုမို့ ပေါ်ကာ မျက်နှာနဲ့ဆံပင်ပုံက လိုက်ဖက်တင့်တယ်၏။ ထိုမျက်နှာကိုသူမ သေချာသိသည်။ တရင်းတနှီးမြင်ဖူးခဲ့သည်။ ဒါပေမဲ့ ဘယ်မှာဆိုတာမသိ-

သူ့ကိုငေးကြည့်နေရင်း မင်းနိုင်မျက်နှာပြောင်းသွားမလားလို့ စိတ်ကထင်လာသည်။ တဖြည်းဖြည်းကြည့်နေရင်း မင်းနိုင်ဖြစ်လာ၏။ ထိုစဉ် ဖုန်းမြည်သံကရုတ်တရက်စူးရှစွာ ထွက်ပေါ်လာသည်။ ဖုန်းသံနဲ့ထပ်တူ မင်းနိုင်သည် ဟိုမျက်နှာပြန်ဖြစ်သွားကာ.. ။

"ဒီဖုန်းယူသွားလိုက်.."

"ဟင်.."

ဒီလူ သူမလက်ထဲကိုဖုန်းပေးခဲ့တာ..သူ့ဖုန်းပြန်တောင်းဖို့ လိုက်လာတာဒီလူ.. ။

ဒါဒါလှဲနေရာကနေ လူးလဲထလိုက်မိလျှင် လက်တစ်ဖက်က ခုတင်ပေါ်ကနေ ချော်ထွက်သွားသည်။ ပြုတ်ကျပြီဆိုသည့်အသိနှင့် ရင်ထဲမှာအေးခနဲဖြစ်သွားခဲ့ပြီး.. ။

"အား.."

ကိုယ့်အသံကိုယ်ကြားလိုက်သည်။ မျက်လုံးတွေဖွင့်လိုက်တော့ သူမသည် ခုတင်တစ်လုံးပေါ်မှာ ပက်လက်လေးရှိနေကာ ခုထိလွှဲရမ်းနေဆဲပိုက်တန်းလန်းက မငြိမ်သက်သေး။ ကိုယ့်လက်မှာသွင်းထားသည့်ပိုက်ကို ငြမ်းကြည့်မိလျက် သူမအိပ်မက်မက်ပြီး ကယောင်ကတန်းလွှဲခါလိုက်မိမှန်း တွေးမိလိုက်သည်။

ဒါဘယ်နေရာလဲ..သူမဘာကြောင့်ရောက်နေတာလဲ.. ။

လှည့်ပတ်ကြည့်မိတော့ ဆေးရုံမဟုတ်မှန်း သိလိုက်သည်။ သူမဘေးက စားပွဲပေါ်မှာ ကြွေဇလုံလေးတစ်လုံးနှင့် ရေစိုအဝတ်ဖက်တစ်ခု။ ပြီးတော့



အရက်ပုံတွေ ဂွမ်းစတွေ.. ။

"အား..နာလိုက်တာ.."

လှဲနေရာမှ ထထိုင်လိုက်မိလျှင် ခေါင်းကနာသဖြင့်·စမ်းကြည့်လိုက်မိသည်။ ခေါင်းမှာလည်းပတ်တီးနဲ့ဖြစ်ကာ ဒဏ်ရာကဘယ်ဘက်ချိုစောင်းက ဆံပင်တွေထဲမှာ.. ။

"ချပ်.."

တစ်ယောက်တည်းဝေခွဲမရဖြစ်နေတုန်း တံခါးပွင့်သွားသည်။

"နိုးနေပြီလား..ဘယ်လိုလဲ၊ နေရတာအဆင်ပြေရဲ့လား.."

စကားသံလေးက ချိုသည်။ ဆရာဝန်မှန်းမြင်တာနှင့် သိသာစေသည့် မျက်နှာလေးက ဖူးဖူးသန့်သန့်။ သူမသည် အသက်သုံးဆယ်ကျော်လေး ဆယ်နီးပါးခန့်ရှိနိုင်ကာ ဆံပင်ကပခုံးမထိတထိဘော့ခွဲတိုတိုလေးဖြစ်၏။

"ဆရာမက.."

"ကျွန်မက ဒေါက်တာသက်သက်ချိုပါ..ညီမဘာဖြစ်ခဲ့သလဲဆိုတာ ကိုယ့်ကိုယ်ကိုသိလား.."

ဒါဒါက မျက်တောင်လေးတွေခတ်နေရင်း သက်သက်ချိုကိုငေးကြည့်နေသည်။ ခဏကြာတော့ ခေါင်းညိတ်လိုက်ရင်း.. ။

"ကျွန်မအိမ်ကထွက်လာတာ.."

"အင်း.."

"လမ်းမပေါ်ရောက်တော့.."

သူမဘာဖြစ်ခဲ့သလဲဆိုတာ ခြေလှမ်းခဲ့သည့်အတိုင်း အားလုံးပေါ်လာခဲ့သည်။ သို့သော် ထိုနေရာမှာပြတ်တောက်သွားခဲ့ပြီး.. ။

"ကျွန်မ..ကျွန်မလမ်းပေါ်မှာ ကားတိုက်ခံရတာလားဟင်.."

ဒေါက်တာသက်သက်ချိုက ခေါင်းခါပြလိုက်ပြီး ဒရစ်တိုင်ကိုသေချာပြန်ရွှေ့နေရင်း.. ။

"အဲ့ဒါကိုမသိဘူးလား.."

သူမမဖြေနိုင်။ သို့သော် 'တက်ခေတ်'မိုတယ်လ်ရှေ့မှာ သူမ.. ။

"ကျွန်မဆုံးသွားတဲ့ ကျွန်မသမီးလေးကို သတိရပြီးငိုနေတာ..အဲ့ဒါ.."

"ညီမသတိလစ်သွားတယ်..လမ်းပေါ်မှာလဲကျသွားလို့ ခေါင်းမှာဒဏ်

ရာရလာတာလေ..”

သူမအဲ့လောက်တောင် သတိလက်လွတ်ခံစားခဲ့ရတာလား..။ ပါးပြင် တွေနာနေတာကို သတိရလိုက်လျှင် ဒေါ်ကြည်ဝေရဲ့ရိုက်ချက်တွေပါ ပေါ် လာခဲ့၏။ ဒါဒါပါးပြင်ကို လက်ချောင်းတို့နှင့် စမ်းကြည့်ရင်း နာကျင်မှု သည် ပါးပြင်ကမဟုတ်ဘဲ ရင်ဘက်ထဲကရှုန်းကြွနေတာမှန်း ခံစားမိခဲ့သည်။ အမေနဲ့သမီးကိုဆုံးရှုံးခဲ့ရခြင်းမှာ တခြားသောထိစပ်ပတ်သက်မှုအားလုံးကို ပါ ရောသွင်းသဂြိုလ်ခဲ့ရသည်မှန်းလည်း နားလည်ခဲ့၏။ ငိုချင်လာသည့်ခံ စားချက်တို့ကို နာကျည်းစွာအံကြိတ်ဖျောက်ဖျက်မိရင်း မျက်လုံးတွေကိုမှိတ် ချပစ်လိုက်သည်။ ပြီးတော့မှ.. ၊

“ကျွန်မကိုဆေးရုံ..ဒီကိုဘယ်သူ..”

“ညီမကိုသိတဲ့အသိတစ်ယောက်ပဲ..ဆေးရုံခေါ်မသွားတာက ညီမရဲ့ မျက်နှာပေါ်က ဒဏ်ရာတွေနဲ့ ခေါင်းကထိခိုက်မှုကြောင့် မလိုလားအပ်တဲ့ ပြဿနာတွေရှင်းရဖို့ ရှိနိုင်လို့လေ..ပြောရရင် သူကကျွန်မနဲ့လည်း သိတဲ့လူ ပါ..”

“ယောကျ်ားလားမိန်းမလားဟင်..”

“ယောကျ်ား..”

ဆရာမက ဒါပဲဖြေပြီး ဆေးစက်ကျသည့်အရှိန်ကို ချိန်နေသည်။ ဒါဒါ သူမကိုကြည့်နေရင်း ကိုယ့်ကိုခေါ်လာခဲ့သည့်လူကို တွေးကြည့်နေမိသည်။ မင်းနိုင်ကမရှိတော့တဲ့လူ။ ဟိုလူကရန်ကုန်မှာပါ..ကိုယ့်ကိုမြင်ပြီး ဒီလိုနေရာ ထိ ဂရုတစိုက်လာပို့ပေးလောက်တဲ့အထိလည်း ရင်းနှီးခဲ့ဖူးတာမဟုတ်။ ဒါ ဆိုဘယ်သူလဲ.. ၊

“ညီမဘာမှပေးဖို့မလိုပါဘူး..သူနဲ့ကျွန်မက မိတ်ဆွေတွေပါ..”

“ဒါဆိုဘယ်သူလဲပြောပြပါလားဆရာမ..”

ဆရာမက ဒါဒါ့ကိုလှည့်ကြည့်သည်။ ပြီးတော့ ပြုံးလိုက်ကာ.. ၊

“သူပြောသွားတယ်..ညီမကသူ့ကိုသိမှာမဟုတ်ဘူးတဲ့၊ လမ်းဘေးမှာ လဲနေတာ အမြင်မတော်လို့ ခေါ်လာတာတဲ့..”

သူမပြောပြနိုင်တာ ဒါပဲဖြစ်သည်။ ကိုကိုဆိုတဲ့ယောကျ်ား ဘယ် လောက်ထိ ချမ်းသာကြွယ်ဝသလဲ ဘယ်လောက်ထိအောင်မြင်နေတဲ့လူလဲ



သူကဘယ်လိုလူလဲ..။ ဒါတွေကို နည်းနည်းလေးတောင် အသိမပေးဖို့ သေချာချာပိတ်ပင်ထားခဲ့ပြီး.. ၊

“ကျွန်တော် သူ့အတွက်ရှိချင်သေးလို့ပါ..သူလုံးဝသိလို့မဖြစ်ဘူး..” လို့ ပြောခဲ့သေးသည်။ နောက်ထပ်ပြောပြခဲ့သော ဆန်းပြားခမ်းနားသည့် ဆေးနာတို့၏ကောက်ကွေ့ကြောင်းများသည်ကား.. ၊

မျက်ရည်ကျနေသော ကောင်မလေးနဲ့မျက်ရည်တိတ်စေချင်သော ယောကျ်ားတစ်ယောက်၏အနာဂတ်နဲ့သာ သက်ဆိုင်နေသည်ဖြစ်ရာ.. ၊

☎

## အခန်း(၄၁)

စတိုးဆိုင်က မီနီမားကတ်တစ်ခုလောက်ရှိသည်။ အထည်မျိုးစုံ လျှော်စစ်ပစ္စည်းတွေကအစ ဖန်စီအလှကုန်ပစ္စည်းတွေကချည်း အတော်ဆွဲဆောင်မှုရှိအောင် ပြင်ထားတာဖြစ်၏။ ဒါဒါအထဲကိုဝင်လိုက်တာနှင့် ကိုယ့်ကိုဆက်သွယ်မယ့်သူကို လိုက်ရှာမိသည်။ ဆံပင်ပန့်ကေနဲ့ နှာခေါင်းကြီးကြီးမျက်နှာရှည်ရှည် အမှတ်တမဲ့ကြည့်ရင် ယောကျ်ားလေးနဲ့တူသော မမိမိကျော်..

"ယောကျ်ားပုံစံပဲ..ရှပ်အင်္ကျီတွေပဲဝတ်တယ်၊ မျက်နှာလည်းတင်းတယ်..ဒါပေမဲ့ သဘောတော့ကောင်းပါတယ်၊ အဲ့ဒီမှာသူကအိပ်ချ်အာရ်ပြီးရင် သူပဲ..နင်သူနဲ့တွေ့ရင် အဆင်ပြေမှာပါ၊ ငါသူ့ကိုလည်း ဖုန်းဆက်ထားတယ်"

အခန်းပေါက်တစ်ခုတွေ့တိုင်း ခဏရပ်ကြည့်မိကာ လူတွေများနေသဖြင့် ရှာရတာသိပ်တော့မလွယ်ပေ။ ကိုယ်လုံးပေါ်မှန်ချပ်ကြီးရှေ့ကဖြတ်တော့ ကိုယ့်ပုံစံကို ခဏရပ်ကြည့်မိသည်။ လိမ္မော်ရောင်အပွင့်ဆွဲသားစကက်ရှည်နှင့် တီရှပ်ပွပွလေးက သိပ်တော့အရောင်မထွက်ပေမယ့် သူငယ်ချင်းဆီမှာလည်း ဒါကအကောင်းဆုံးဖြစ်နေတော့ မတတ်နိုင်.. ။

"ငါ့ထဲကအကောင်းဆုံးယူဝတ်သွားနော်..ဆိုင်ကကြီးတယ်၊ သူဌေးက



သည်း အသန့်အပြန့်အလှအပ အရမ်းဂရုစိုက်တာတဲ့..အဲ့ဒီမှာဝန်ထမ်းတွေအကုန်လုံးက အလန်းတွေချည်းပဲတဲ့..နင့်ကိုမြင်ရင် တန်းခန့်မှာပါ.."

သူငယ်ချင်းက ဘာကိုယုံကြည်နေသည်တော့မသိ။ သူမကတော့ မျက်နှာအပြောင်သားနှင့် ဆံပင်ကိုအမြင့်တင်စည်းထားတာလည်း စိတ်ရှင်းချင်ရုံမို့ ခေါင်းစည်းကွင်းလေးနဲ့လှလှပပမဟုတ်ပေ။ အလှအပဆိုခေါင်းဆောင်ဖြီးချင်စိတ်မရှိ။ ထို့ပြင် အလုပ်လျှောက်ဖို့အတွက် ကျော့ကျော့မော့မော့ပြင်ဆင်လာဖို့လည်း မလိုဘူးထင်သည်။

"ဒီမှာညီမ..ဒီကအိတ်ချ်အာရ်မမကျော်လေ၊ မမိမိကျော်သိလားဟင်.."

ဝန်ထမ်းဝတ်စုံအပြည့်နှင့်မိန်းကလေးတစ်ယောက်က ဒါဒါ့ကိုခြေဆုံးခေါင်းဆုံးကြည့်ကာ.. ။

"ကျွန်မမသိဘူး..မန်နေဂျာရုံးခန်းမှာ သွားစုံစမ်းလိုက်ပါ.."

ပြောပြီးလှည့်ထွက်သွားသည်။ 'မန်နေဂျာက အရမ်းအပြောဆိုးတာ မမကျော်ထက်ဆယ်ဆ ဆယ်ဆ..' ခင်ဦးပြောနေတဲ့ပုံစံကို မြင်ယောင်ကာ ဒါဒါဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ ထိုစဉ် သူမဘေးကို တစ်စုံတစ်ယောက်ရောက်လာပြီး.. ။

"ဘာကိစ္စလဲ ငါ့ကို.."

ဟင်.. ။

ထိတ်ခနဲဖြစ်သွားကာ လှည့်ကြည့်လိုက်မိသည်။ ခင်ဦးပြောထားတဲ့ပုံစံပဲမို့ သူမကမမကျော်မှန်းသိလိုက်၏။ ထို့ကြောင့် ကမန်းကတန်းခေါင်းညိတ်ကာ.. ။

"ဟုတ်ပါတယ်ရှင်..ကျွန်မကဇေဒါဖြူပါ၊ ခင်ခင်က.."

"သိတယ်.."

လူကိုတည်တင်းနေသည့်မျက်နှာနှင့် ခြေဆုံးခေါင်းဆုံးကြည့်ကာ ခါးနှစ်ဖက်ထောက်၍ စဉ်းစားသည်။ ပြီးမှ.. ။

"လိုက်ခဲ့.."

လှည့်ထွက်သွားတော့ ဝမ်းသာအားရလိုက်သွားမိသည်။ အထည်ရုံကနေ ရေမွှေးပုလင်း မိတ်ကပ်အလှအပ မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုးကနေ ကလေးကစားစရာတွေထိ တစ်ချက်မှမရပ်နားဘဲ မန်နေဂျာရုံးခန်းရှေ့

ကျမှ ခြေစုံရပ်၏။ ပြီးတော့ သူ့ဘာသာတံခါးတွန်းဝင်သွားပြီး.. ၊

"ဟော့..ဝင်ခဲ့လေ.."

မန်နေဂျာနဲ့ပေးတွေ့တော့မည့်အဖြစ်ကို တွေးမိကာ သူမအတွက် ဘယ်လိုနေရာကိုပေးဖို့ စိတ်ကူးပေါက်သွားတာလဲဆိုတာ ရင်ခုန်သံတွေမြန်လာခဲ့သည်။ ခင်ခင်ကနေ သူ့လူဖြစ်သွားပြီမို့ နေရာကောင်းကောင်းပေးချင်တာဆိုရင်တောင် မန်နေဂျာကပယ်ချလိုက်ရင်သွားပြီ..။ သို့သော် အထဲဝင်လိုက်တော့ မန်နေဂျာစားပွဲမှာ ဘယ်သူမှမရှိ.. ၊

"အဲ့ဒီရှေ့ကမလာခဲ့နဲ့..ဟိုဘက်ကြားကဝင်ခဲ့.."

မန်နေဂျာစားပွဲရှေ့ကို ခြေလှမ်းပြင်ပြီးမှ ဘေးကလူတစ်ကိုယ်စာလမ်းကြားလေးရှိသည့် ဝင်ပေါက်လေးတစ်ခုကို တွေ့သည်။ သူမထိုထဲကိုဝင်ခဲ့တော့ ပေနှစ်ဆယ်ကျော်လောက်သွားပြီးမှ နောက်ဖေးမြေကွက်ကျယ်ကို ရောက်သွားသည်။ ကွန်ဂရစ်လောင်းမထားသည့် အုတ်ဘောင်မြင့်ကြီးတစ်ခုက စင်မြင့်ကဲ့သို့ရှိကာ လူတစ်ယောက်ခါးလောက်ထိမြင့်သည်။ ထိုနေရာမှာပဲ ထိုအမြင့်လောက်ရှိသော ဆယ်ပေပတ်လည်ခန့် ရေကန်ကြီးကရေအပြည့်နှင့်.. ၊

ဒီလောက်ထိက မြင်ကွင်းတစ်ခုပဲဖြစ်ကာ သူမနဲ့သက်ဆိုင်သည်က ဘေးမှာ။ ကြီးမားသောကော်ဇလုံအဝိုင်းကြီးတွေနဲ့ ဖြစ်သလိုထိုးသိပ်ထည့်ထားသော စားသောက်ထားသည့် ပန်းကန်ခွက်ယောက်တွေဖြစ်၏။

မမကျော်က ထိုနေရာမှာရပ်စောင့်နေကာ ဒါဒါရောက်လာတော့ ပန်းကန်တွေနဲ့ ကျောက်ပြားပေါ်မှာပုံထားသည့် စားပွဲခင်းတွေ ကန့်လန့်ကာကြီးတွေ နောက်ထပ်ဘာတွေမှန်းမသိသော အဝတ်ထုတ်တွေကို သိမ်းကျုံးလက်ညှိုးထိုး၍.. ၊

"အခုလောလောဆယ် ဒါတွေဆေးရမယ်..လိုကာတွေ ကပ်ပန်းတွေ လျှော်ရမယ်.."

ဒါဒါ ပန်းကန်တွေကိုကြည့်နေပြီး မယုံနိုင်။ မိမိကျော်ဆိုတဲ့အမျိုးသမီး အလုပ်ပေးနိုင်သည်ဆိုတာ ပန်းကန်ဆေးဖို့အလုပ်လား..။ စတိုးဆိုင်ကြီးကို လျှောက်ပတ်ကျော်ဖြတ်လာပြီး ဒီနောက်ဖေးမှာပန်းကန်ဆေးရမည်။

"ပန်းကန်ဆေးတယ် အဝတ်လျှော်တယ်ဆိုပြီး ပေါ့ပေါ့ပါးပါးလုပ်လို့



မရဘူး..ဒါက အထူးဧည့်သည်တွေနဲ့ ပွဲလုပ်တဲ့အခါကျမှ ထုတ်သုံးတဲ့တန်ဖိုးကြီး အပ်ဒိတ်ဖြစ်တဲ့ပစ္စည်းတွေ..နည်းနည်းမှ ထိခိုက်ပျက်စီးလို့မရဘူး ဟိုအထည်တွေရောပဲ..နင့်ပုံစံက ဒါတွေတွေ့ဖူးမြင်ဖူးမယ့်ပုံရှိလို့ လျှော်ခိုင်းတာ၊ အဝတ်လျှော်စက်နဲ့မဖြစ်တဲ့ အဖိုးတန်ဒီဇိုင်းတွေပေါ့..ဘာတစ်ခုမှပုံမပျက်စေနဲ့.."

ဒါတွေဆေးကြောလျှော်ဖွတ်ခွင့်ရတာတောင် ကံကောင်းလို့ပါလား.. စိတ်ဓာတ်အကြီးအကျယ်ကျသွားပေမယ့် သူမကိုယ့်စိတ်ကိုမာနနဲ့အတူ တဆုံးထိလျှော့ချပစ်လိုက်သည်။

"လောလောဆယ်ဆိုတော့ ဆိုင်ထဲမှာက ဘယ်နေ့လုပ်ရမှာလဲဟင်.."

"ဘာ.."

ကြည့်ပုံက သူမမတန်မရာမေးလိုက်မိတာမျိုး.. ၊

"ဒီလိုပါမမ..ခင်ဦးက ဆိုင်မှာအလုပ်တစ်နေရာရအောင် မမကျော်က"

"အေးလေ..ဒါအလုပ်ပဲမဟုတ်ဘူးလား၊ နင်ဘယ်လောက်ထိအနစ်နာခံနိုင်လဲ ကြည့်ရဦးမယ်..ဆိုင်ထဲမှာ နေရာတိုင်းဝန်ထမ်းတွေပြည့်နေပြီ၊ ဒါလုပ်ရင်း တစ်နေရာလစ်လပ်တဲ့အထိစောင့်ပေါ့..ကွန်ပျူတာမကိုင်တတ် စာရင်းအင်းပညာမတတ်ဘဲနဲ့.."

"ကျွန်မကွန်ပျူတာကိုင်တတ်ပါတယ်.."

"ကွန်ပျူတာကိုင်တတ်ရုံက ပါဝါဖွင့်ရုံ မောက်စ်ပေါ်လက်တင်တတ်ရုံနဲ့ မရဘူး..နင့်အရည်အချင်းကို ခင်ခင်ကပြောပြီးသား၊ ဒါကြောင့် နင်နဲ့အဆင်ပြေတာ လောလောဆယ်ဒါပဲ.."

ဒါဒါ စိတ်ဆင်းရဲသွားသည်။ သို့သော် ထစ်ခနဲရှိမာနနဲ့ထတိုင်းတတ်တဲ့ကိုယ့်စိတ်ကို ဦးစားမပေးချင်တော့ဘဲရှိကာ.. ၊

"ဒါတွေလုပ်နေရင်း လနဲ့ချီသွားရင်ရော..ကျွန်မလစာက ဘယ်လိုရမှာလဲဟင်.."

"အမလေး..ဘာမှမလုပ်ရသေးဘူး၊ လစာစကားပြောနေပြီ..နင့်ကိုမြင်တာနဲ့ ဆိုင်ထဲခေါ်သွင်းလာတာတောင် ခင်ဦးမျက်နှာကြောင့်နော်၊ ခုခေတ်မှာ ဘာပညာမှမတတ်ဘဲ လခစားဝန်ထမ်းနေရာတစ်ခုရဖို့ လွယ်တယ်မှတ်လို့လား.."

ဒါဒါထောင်းခနဲဖြစ်သွားသည်။ အကြောတင်မခံတတ်တဲ့စိတ်က ဘယ်လိုလူမျိုးကိုမှ ရှိန်တတ်ခဲ့တာမဟုတ်။

"နေရာတစ်ခုရဖို့ မလွယ်ပေမယ့် အလုပ်လုပ်ကြတာ ပိုက်ဆံရဖို့ပဲ မမရယ်..ကျွန်မအလုပ်လုပ်ရင် ဘယ်လောက်ရမလဲဆိုတာတော့ သိချင်တာပေါ့.."

"တစ်ခုလိုချင်ရင် တစ်ခုပေးဆပ်ရတယ်ဆိုတာလည်း နင်သိမှာပေါ့- အထဲမှာနေရာရဖို့အတွက် အပြင်မှာလုပ်ရတာလေ၊ ဒီအဆင့်ကိုကျော်လွန်မှ လစာနဲ့ဝန်ထမ်းအဖြစ် သတ်မှတ်မှာ..ငါပြောတာရှင်းရဲ့လား.."

"ဒါဖြင့် ကျွန်မကအထဲကတစ်ယောက်ယောက်နေရာ မလစ်လပ်မချင်း.."

"နင့်ကိုအလကားမခိုင်းဘူးဖေဒါဖြူ..ရက်ကြာသွားရင် ကြည့်ကျက်ပေးမှာ.."

သူမမျက်နှာလွှဲ၍ မချိတရိလေးပြုံးမိသည်။ ပြီးတော့ မမကျော်ကို ပြန်လှည့်ကြည့်ကာ.. ၊

"ကျေးဇူးတင်ပါတယ်..ကျွန်မတခြားအလုပ်တစ်ခုပဲ ရှာတော့မယ်.."

နှုတ်ဆက်ပြီး လှည့်ထွက်လာတော့ ပစ္စည်းတစ်ခုခုဆွဲထွက်သွားမှာ စိုးရိမ်သွားတာမျိုး ဒါဒါ့နောက်ကနေ အသည်းအသန်ကပ်လိုက်လာသည်။ ဆိုင်ထဲရောက်တော့ ဝန်ထမ်းတစ်ယောက်ကို ဒါဒါအပြင်ရောက်တဲ့အထိ လိုက်ပို့လိုက်ဖို့ အမိန့်ပေး၏။ တော်တော်လည်း တရားကျဖို့ကောင်းပါ၏။

"ဟုတ်လား..ငါစိတ်မကောင်းလိုက်တာဒါဒါရယ်၊ နင်ကလည်းပန်းကန်တွေဆေးဖို့ပြောတည်းက လှည့်ပြန်ခဲ့တာမဟုတ်ဘူး.."

ခင်ဦးက အားလုံးကြားပြီး စိတ်တွေတိုနေသည်။

"ဆင်းရဲတဲ့လူတွေမှာလည်း အဆင့်အတန်းတွေရှိသေးတယ်..ငွေလိုနေတဲ့လူတိုင်း ဘာအလုပ်ဖြစ်ဖြစ် မလုပ်နိုင်ဘူး၊ နင်ဒီလောက်ထိ ကိုယ့်စိတ်ကို တဆုံးပစ်မချပါနဲ့ဒါဒါရယ်..ကိုယ့်ကလေးမရှိတော့တာ မိဘမဲ့တာနဲ့ပဲ အဲ့ဒီလူမြောင်းထဲရောက်မသွားပါဘူး.."

"ဘာပဲဖြစ်ဖြစ် ငါ့အရည်အချင်းကလည်း ဒါပဲရှိတာလေ.."

"နင်ဂုဏ်ထူးတွေနဲ့ အောင်ခဲ့တာဒါဒါ..ဘွဲ့ရတဲ့အထိပညာသင်ရတယ်ဆိုတာ လက်မှတ်တစ်ခုရတာထက် မပိုပါဘူး.."



"ဟုတ်တယ်..ဒါပေမဲ့ အဲ့ဒီလက်မှတ်မရှိတဲ့အတွက် ငါဆယ်တန်းကို အောလ်ဒီနဲ့အောင်ထားလည်း ပညာမတတ်တဲ့ဘွဲ့အပြင် ဘာမှရမှာမဟုတ်ဘူး.."

ဒါဒါ့ကိုကြည့်ပြီး ခင်ဦးစိတ်မကောင်းဖြစ်နေမိသည်။ သူမဘယ်တုန်းကမှ စိတ်ဓာတ်ကျတဲ့စကားမပြောခဲ့ဘူးပေ။ 'ဆင်းရဲတဲ့လူက ပိုပြီးမာနကြီးတယ်'ဆိုတာ သူမရဲ့လက်သုံးစကား..။ ဘယ်လိုလူဖြစ်ဖြစ် နည်းလမ်းမကျရင် ပြန်လှန်မေးခွန်းထုတ်ရဲသည်။ ဘာပြဿနာပဲဖြစ်ဖြစ် ကိုယ့်ဘက်ကမှန်တယ်ထင်ရင် ရင်ဆိုင်ရဲတဲ့သူ.. ၊

"နင်စိတ်ဓာတ်ကျနေတာဒါဒါ..အဲ့ဒါမကောင်းဘူး.."

"တက်ကြွစရာရော ဘာရှိလို့လဲခင်ဦးရယ်..ငါ့သမီးနဲ့အမေ့အတွက် တစ်လပြည့်ဆွမ်းလေးတောင် ငါ့အင်အားနဲ့မလှူပေးနိုင်ခဲ့ဘူး၊ ဆွေမျိုးတွေ စုစလွယ်လုပ်လိုက်တဲ့အလှူမှာ သူတို့သာစုခေါ်နိုင်ရဲ့လား..ငါ့သမီးလေးဆာ.."

ဆက်မပြောနိုင်ဘဲ အသံတွေတိမ်ဝင်သွားသည်။ မျက်ရည်ဝေ့လာပေမယ့် မငိုမိအောင်မျက်တောင်ခတ်ပစ်ရင်း.. ၊

"ငါကဘာမှမတတ်နိုင်ခဲ့တဲ့သူပဲ.."

"ကံကြမ္မာဆိုတာ မနက်ဖြန်ဘယ်လိုပုံစံနဲ့ရောက်လာမလဲ ဘယ်သူမှ ကြိုမသိကြဘူး..နင်ဘယ်တုန်းက ကိုယ့်ကိုယ်ကိုအပြစ်တင်တတ်သွားတာလဲ အရင်တုန်းက နင့်ပုံစံတွေပျောက်ကုန်ပြီဒါဒါ..အဲ့ဒါတွေက ကြားကောင်းအောင် ဟစ်နေတဲ့လေတွေပဲမဟုတ်ဘူးဆိုရင် ကိုယ့်ကိုယ်ကိုမြှင့်တင်ရမှာပေါ့.."

ခင်ဦးပြောသမျှ သူမဘာမှပြန်မပြောဘဲ တိတ်ဆိတ်နေခဲ့သည်။ ခင်ဦးကလည်း မိဘမဲ့ပဲဖြစ်သည်။ ဟိုအရင်တည်းက ဒါဒါ့မှာအမေရှိသေးပေမယ့် သူမကမိဘနှစ်ပါးစလုံးမရှိခဲ့ပေ။ ဒါပေမဲ့ ချောင်ကျသည့်နေရာက တိုက်တန်းထဲမှာ သူမပိုင်တိုက်ခန်းဟောင်းလေးတစ်ခန်းတော့ ရှိသည်။ ဟောင်းပေမယ့် ဒုတိယတစ်ထပ်လုံးမို့ သိပ်တော့မကျဉ်းပေ။ မိဘတွေမရှိကြတော့ မောင်နှမနှစ်ယောက်တည်းနေကြကာ သူမအစ်ကိုက မလေးရှား

မှာ အလုပ်လုပ်ရင်း ငွေပို့ပေးနေပေမယ့် နောက်ပိုင်းမှာလူရောက်လာတာ တောင် ငွေမပါတာတွေရှိသည်။

"အဆင်ပြေတယ်ဆိုတာ ဟိုမှာနေရတာ ပြေတယ်လို့ပြောတာလေ ပိုက်ဆံပို့ဖို့က ငါတစ်ယောက်တည်းမတ်တပ်အိပ်နေရတာ.."လို့ ပြောသွား သေးသည်တဲ့..။ ထို့ကြောင့် ခင်ဦးအလုပ်လုပ်နေရတာဖြစ်သည်။

"ငါ့အလုပ်ကလည်း အသားကျပြီးသားဖြစ်နေလို့သာ လူသက်သာ မယ့် လစာကအရမ်းနည်းတယ်..ပြီးတော့ အလုပ်ဝင်တာနဲ့ ဘွန်းထိုးရတာ သုံးနှစ်တောင်.."

သူမက ဆေးမျိုးစုံနှင့်လျှပ်စစ်ပစ္စည်းကုန်မာဆိုင်ကြီးမှာ အရောင်းဝန် ထမ်းဖြစ်သည်။ အစ်ကိုဖြစ်သူဆီက ငွေမပို့တော့သည့်နောက်မှာ သူမလည်း ဒါဒါ့လိုပဲ ဟိုစမ်းဒီစမ်းစမ်းအလုပ်ရှာခဲ့ရတာဖြစ်ကာ ဒီအလုပ်ကျမှ အ ခြေတကျမြဲခဲ့ခြင်းဖြစ်သည်။

"နောက်ပြီး နင်ကွန်ပျူတာသင်မှဖြစ်မယ်..မြို့ပေါ်မှာဘယ်အလုပ်မ ဆို ကွန်ပျူတာကျွမ်းကျင်ကို ပိုဦးစားပေးတာ၊ လူလည်းသက်သာတယ် ဂုဏ်သိက္ခာရှိတာချင်းလည်း မတူဘူး.."

ဒါဒါက ခေါင်းလည်းမညိတ် ခေါင်းလည်းမခါ။ ငေးမိငေးရာမျက် လုံးရောက်နေခဲ့လျက် သူမအများကြီးပြောနေတာတွေကို ကြားတောင်ကြား ရဲ့လားမသိ။ ဒါပေမဲ့ ကလေးနဲ့အမေဆုံးသွားပြီးသည့်နောက်ပိုင်းမှာ ဒါဒါ ဒီပုံစံတွေပဲဖြစ်နေတတ်တာမို့ ခင်ဦးကစကားပြောမပျက်ဘဲ.. ။

"အထူးသဖြင့် နင့်ကိုတော့တူတူတန်တန်အလုပ်လေးရစေချင်တာ ငါတို့အားလုံးက ဘဝတူတွေပေမယ့် နင်ကတော့ရုပ်ရည်လည်းငါတို့ထက် သာတယ်၊ စိတ်လည်းမာတယ်..ကျောပူတာခံမယ် နားပူတာမခံနိုင်ဘူးဆိုတဲ့ လူစားမျိုး၊ လူဆင်းရဲရဲ့ရမှာထက် အောက်ကျခယမယ့်အလုပ်မျိုးဆို နင့်စိတ် နဲ့ဘယ်လိုမှဖြစ်မှာမဟုတ်ဘူး.."

ဒါဒါက ငိုင်နေဆဲ။ စိတ်ထဲမှာ သူမလမ်းပေါ်မှာလဲခဲ့ခြင်းနှင့် မရင်းနှီး မသိကျွမ်းခဲ့သော ဆရာဝန်အိမ်ပေါ်ရောက်နေခြင်းက ခုထိရှုပ်ထွေးနေဆဲဖြစ် ကာ မိမိကျော်ဆိုသော မိန်းမဆီသွားခဲ့မိသည့် အဖြစ်သနစ်အားလုံးသည် လည်း ကိုယ်တိုင်သွားလာပြုမူခဲ့တာတွေ ဖြစ်ပါလျက်နှင့် အားလုံးကဝေးကွာ



နေခဲ့သည်။ မနေ့ကနဲ့ဒီနေ့ဖြစ်ပျက်သမျှတို့ဟာ အိပ်မက်ထဲမှာလိုလို ဟိုအ တိတ်တစ်ချိန်က အကြောင်းတွေလိုလို သို့တည်းမဟုတ် သူမစိတ်ကူးတွေ ထဲမှာ ပိတ်မိနေခဲ့သည်လား..။ အနာဂတ်အတွက်စိတ်ကူးရင်း နစ်မွန်းနေခဲ့ တာလား.. ၊

"ခင်ဦး.."

"ဟင်..ဘာလဲ.."

"ငါပစ္စည်းပွန်ပျောက်နေသလိုပဲ.."

ရုတ်တရက်ထပြောသည့်စကားက သူမအမြဲပြုပ်ထွက်အောင်ပြောနေ ခဲ့သည့် အလုပ်ကိစ္စတွေနဲ့ ဘာမှမသက်ဆိုင်။ သို့သော် ဒါဒါနဲ့ပတ်သက် သမျှအားလုံးက ရင်နင့်ကြေကွဲဖွယ်တွေမို့ ဒီလိုကြားလိုက်ရတိုင်း နှစ်သိမ့် ရာစကား ရှာမရတာလည်း ဒုက္ခတစ်ခုပင်။ ခင်ဦးအကြံအိုက်သွားသလို ခေါင်းကုတ်မိသည်။

"ငါတစ်ခုခုဖြစ်မြောက်ချင်တယ်..အဲ့ဒါကိုထလုပ်လိုက်တယ်၊ ဒါပေမဲ့ ငါလုပ်ခဲ့တာ မဟုတ်သလိုပဲ.."

"စိတ်နဲ့လူနဲ့မကပ်ဘူးဆိုတာ အဲ့ဒါပေါ့..ငါဒီလိုနေလို့မဖြစ်ဘူးဆိုပြီး ကိုယ့်ကိုယ်ကိုအားပေးနေပေမယ့် နင့်စိတ်ကဗုန်းဗုန်းလဲနေတုန်းပဲ.."

ပြောနေရင်း သူမကိုကြည့်လိုက်တော့ မျက်တောင်ဖျားလေးတွေ စင်း ကျနေသည့်အောက်စပ်မှာ မျက်ရည်တွေရစ်ဝိုင်းနေ၏။ သို့သော် မျက်နှာ ပြင်တစ်ခုလုံးသည် လှုပ်ရှားသည့်ကောက်ကွေ့ကြောင်းတို့ ကင်းမဲ့လျက်..၊

"နင်မငိုဖို့ထိန်းချုပ်နေတယ်ဒါဒါ..အဲ့ဒါမကောင်းပါဘူးဟယ်၊ နင့် ဆောက်သောကတွေ ရင်ဆိုင်ရမယ်ဆိုရင် ဘယ်လိုမိန်းမသားမှ နင့်လိုနေ နိုင်မှာမဟုတ်ဘူး..ငိုစရာရှိတာ ငိုပစ်လိုက်ပေါ့၊ အဲ့ဒါကိုနင်ချုပ်တီးထားသ ရွေ့ ပစ္စည်းပွန်တွေမှာ ခြေရာမဲ့နေလိမ့်မယ်..နင်သိလား.."

ဒါဒါဖျတ်ခနဲ မျက်တောင်ခတ်သည်။ ပြီးတော့ မျက်နှာလေးမော့ လိုက်ပြီး မျက်ရည်ကိုရုတ်သိမ်းဖို့ကြိုးစားရင်း မျက်ရည်တို့သည်.. ၊

"ငါငိုခဲ့ပြီးပြီ.."

သို့သော်လည်း မျက်ရည်စက်တို့သည် မျက်ဝန်းထောင့်ကနေ ပါးရိုး ဆီကိုကွေ့ချိုးစီးကျသွားခဲ့၏။ ကော့နက်သည့်မျက်တောင်တို့စိုတွဲပူးယှက်

လျက် ငိုခဲ့ပြီးပြီဆိုသည့် သူမထံမှာရှိုက်သံသဲ့သဲ့သည်.. ။

"ညတွေကိုငါကြောက်တယ်..မိုးလင်းလာရင်လည်း အလင်းရောင်တွေက ငါ့အတွက်အလကားပဲ၊ ငါဘာမှမမြင်ဘူး...ငါ့မျက်လုံးထဲမှာ ငါ့သမီးလေးရယ်၊ ပြီးတော့.."

ဒါဒါ အင့်ခနဲရှိုက်သည်။ သူမပခုံးလေးကို ခင်ဦးကဖက်လိုက်သည်နှင့် ပခုံးစွန်းမှာ နဖူးလေးနဲ့ထိကပ်လာခဲ့ရင်း.. ။

"မိုးလင်းလာရင် ငါဆုတောင်းမိတာ သေဖို့ပဲ.."

"မဟုတ်တာဒါဒါရယ်..နင်အဲ့လောက်စိတ်မပေါ့စမ်းပါနဲ့ဟာ၊ ဗုဒ္ဓဘာသာဖြစ်ရတဲ့ကောင်းကျိုးက ကံ ကံ၏အကျိုးကိုယုံကြည်ခြင်းပဲ မဟုတ်ဘူးလား..အခု နင်သေချင်ပေမယ့် သေလို့လား၊ မသေချင်တဲ့လူတွေလည်း နေလို့မရဘူး..တကယ်ခံစားလာရရင် ဖြေဖို့မလွယ်ဘူးဆိုတာတော့ သိပါတယ်ဒါပေမဲ့ ရအောင်ဖြေပါဟယ်..သွားတဲ့လူတွေက သူတို့နောက်ထပ်ရမယ့်ဘဝတစ်ခုမှာ အသစ်ပြင်ဆင်နေကြပြီ၊ ကျန်ခဲ့တဲ့သူသေလောက်အောင် လွမ်းနေလည်း ဘာမှမသိတော့ဘူး...သိနေလည်း ဘာမှလုပ်ပေးလို့မရဘူး၊ နင်ရော သူတို့ရော ဘဝခြားသွားကြပြီလေ..အဲ့ဒီတော့ သူတို့ဘဝနဲ့သူတို့ သွားကြပြီလို့ပဲတွက်လိုက်ပါ၊ နင်ကကိုယ့်အနာဂတ်ကောင်းအောင် ကြိုးစားရမှာတွေရှိသေးတယ်.."

ဒါဒါက ခေါင်းလေးပြန်မတ်ပြီး မျက်ရည်သုတ်သည်။ 'ဒီနေ့နောက်ဆုံး'လို့သတ်မှတ်ပြီး ငိုခဲ့ရတဲ့မျက်ရည်တွေလည်း ဘယ်ချောင်းဘယ်မြစ်မှာသွားရောက်ပေါင်းဆုံနေကြသည်မသိ။ မခေါ်ရဘဲရောက်ရောက်လာတတ်သည့်မျက်ရည်တို့သည်လည်း မကုန်နိုင်မခမ်းနိုင်။ မျက်ရည်သည် ဘယ်အရာကနေ ပူပြင်းလောင်မြိုက်ပြီး ပျော်ဆင်းလာသည့်အရာမှန်း မသိသော်လည်း.. ။

"ငို အားရအောင်ငိုပစ်လိုက်..ငါဒီနေ့အလုပ်နားတယ်၊ တစ်နေကုန်တစ်ညလုံး ရင်ထဲပေါ့သွားတဲ့အထိငို..ပြောချင်တာတွေရှိရင်လည်း ငါနားထောင်ပေးမယ်၊ ကြိုက်သလောက်ပြော..ဟုတ်ပြီလား.."

အားပေးစကားတွေပြောရင်း ခင်ဦးကပြုံးလိုက်ကာ.. ။

"နင်ပဲသူများတွေငိုနေရင် ပြောတယ်လေ..'ငိုလွန်းလို့ မျက်ရည်ချောင်း



ဖြစ်သွားလည်း လူကတော့မျက်ရည်နဲ့မျောမပါနိုင်ဘူး'ဆိုတာလေ၊ ကိုယ့်မျက်ရည်နဲ့ကိုယ် လက်ပစ်ကူးနေမှန်းတောင် သတိမရရင် အဲ့ဒီလူကိုဘယ်သူမှမကယ်နိုင်တော့ဘူးတဲ့.."

ဟုတ်သည်.. သူမဒီတိုင်းပြောခဲ့ဖူးသည်။ ငိုနေတဲ့လူကို မျက်ရည်တိတ်သွားအောင် ကဲ့ရဲ့သလိုလို ဆရာကြီးလိုလိုပြောလိုက်ရတာ.. ။

ကိုယ့်စကားလုံးတွေ ပြောင်မြောက်ခဲ့သည်။ တကယ်တမ်းကိုယ်တိုင်ကြုံလာရတော့ လွယ်သလား ဒါမှမဟုတ် ကိုယ့်လက်ပူမှပူမှန်းသိတယ်ဆိုတာ ဒါမျိုးကိုပြောတာလား.. ။

"ကိုယ့်ကိုယ်ကိုအပြစ်တင်နေတာလားဒါဒါ..ငါက နင်သတိရအောင်တူးဖော်ပေးတာပါ၊ မမှားသောရှေ့နေ မသေသောဆေးဆရာဆိုတာ မရှိဘူး...လူတိုင်းလည်း ပြောသလိုလုပ်နိုင်နေကြတာ မဟုတ်ပါဘူးဟာ၊ အဓိကကကိုယ့်စိတ်ရင်းဓာတ်ခံမှာ ကောင်းသောသဘောတရားတွေ ရှိနေတယ်ဆိုတာကိုယ်ပြောတဲ့စကားတွေက သက်သေခံတာပါ၊ နင်ကအမြဲတမ်းတက်ကြွနေတဲ့မိန်းမပဲ..ဒီလိုပုံစံနဲ့မြင်နေရတာ နင်မဟုတ်သလိုပဲ၊ နင်လည်း ကိုယ့်ကိုယ်ကို ဒီတိုင်းခံစားနေရတယ်မို့လား..မကောင်းမှန်းသိရင် ဘာလို့မပြင်နိုင်ရမှာလဲ၊ မဟုတ်ဘူးလား.."

အများကြီးပြောပြီးမှ ခေါင်းလေးတစ်ချက်ပဲညိတ်ဖော်ရကာ.. ။

"ငါကြိုးစားမှာပါ..ငါ့သမီးလေးနဲ့အမေဘဝကူးကောင်းအောင် ငါ့ချွေးနည်းစာနဲ့ အလှူပေးနိုင်အောင်ကြိုးစားမယ်၊ ကမ္ဘည်းတင်ပေးမယ်.."

ခင်ဦးအားရကျေနပ်စွာ ပြုံးလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် ဒါဒါ့ရင်ထဲကိုတခြားတစ်ခုခုရောက်လာဖို့က အဓိကပါ။ ကိုယ်ချစ်တဲ့သူကို ဆုံးရှုံးရခြင်းဒါမှမဟုတ် ချစ်ရတဲ့လူတွေ အများကြီးကို တစ်ပြိုင်တည်းဆုံးရှုံးလိုက်ရသည့်ပူပြင်းလောင်မြိုက်မှုတွေ သူမရင်ထဲမှာ ဘယ်လောက်ထိအားကောင်းနေမလဲဆိုတာ.. ။

## အခန်း(၄၂)

"မင်းအဖေဆုံးသွားပြီသား.."

ဖုန်းနားထောင်ရင်း သူကျောက်ရုပ်လိုငြိမ်သက်သွားခဲ့သည်။ ဖွင့်လျက်သားတံခါးကို ဒီတိုင်းကိုင်ထားခဲ့လျက် ကားထဲဝင်ထိုင်ဖို့လည်း သတိမရ.. ။

"သားလေဆိပ်ရောက်နေပြီမို့လား..လေယာဉ်ဆိုက်ပြီးမှန်းသိလို့ ကြီးကြီးဆက်လိုက်တာ၊ မင်းအဖေလေ..မင်းကိုစောင့်နေရှာတာ သားရဲ့.."

ရှိုက်သံဗလုံးဗထွေးနှင့် ကြီးကြီးစကားသံတွေ ပြတ်တောက်သွားသည်။ အလုပ်ကိစ္စနဲ့သူနယ်ခြားရောက်နေတုန်း ဖေဖေအသည်းအသန်ဖြစ်သည်ဆိုလို့ ချက်ချင်းပြန်လှည့်လာခဲ့တာပါ။ ဒါတောင် ဖေဖေ့နောက်ဆုံးထွက်သက်ကို သူမမီခဲ့ပါလား.. ။

သမုဒယချစ်ခြင်းတွေ သံယောဇဉ်နှောင်တွယ်ခြင်းကြားမှာ ရက်လနှစ်ရှည်နှစ်မွှန်းခဲ့ရင်း ခုတော့ အရာအားလုံးကိုထားရစ်ခဲ့ပါပြီ။ ည၏မြင်မြင်သမျှလင်းလက်မှုတွေက မှိန်ဖျော့သွားသလိုပင်။ လှုပ်ရှားပြေးလွှားနေသည့် အရာရာသည်လည်း စက်ဝိုင်းတွေတရစ်ရစ်ပေါ်နေသလို ပုံသေလှုပ်ရှားမှု



တွေဖြစ်နေခဲ့သည်။ ရှိနေစဉ်က အမှတ်တမဲ့အားလုံးတို့သည်လည်း ထိုသူမရှိတော့ဘူးဆိုမှ အမှတ်တရတွေဖြစ်လာခဲ့၏။

"ဖေဖေနေကောင်းပါတယ်..အလုပ်ကိုဖြောင့်ဖြောင့်လုပ်.."တဲ့.. ။

ရောက်သွားကာစနေ့ကပဲ ဖေဖေ့ကျန်းမာရေးကို ကြီးကြီးဖုန်းဆက်ခဲ့သည်။ ဖေဖေက ဖုန်းယူပြီး သူ့ကိုအားပေးခဲ့၏။ တကယ်ဆို ဖေဖေ့ကိုစိတ်ပူပြီး ဖေဖေနဲ့စကားပြောချင်တယ် ဖေဖေနေကောင်းရဲ့လားဆိုတာမျိုး သူကသာမေးသင့်တာပါ။ ဒါပေမယ့် ဖေဖေဝင်ပြောတာတောင် သူဝမ်းမြောက်ဝမ်းသာဖြစ်သွားတဲ့အကြောင်း ပေါ်လွင်အောင်မပြောဖြစ်ခဲ့ပေ။ ခုတော့ ဒါဟာ ဖေဖေ့ရဲ့အသံကို နောက်ဆုံးကြားရခြင်းဖြစ်ခဲ့ရပြီ.. ။

အံကြိတ်ထားရင်း လည်ချောင်းတွေကျပ်ခဲလာသည်။ မျက်ဝန်းမှာ စိုစွတ်လာမှန်းသိတော့ ယောကျ်ားဆိုသည်မာနနှင့် ဆံပင်သပ်လိုက် မျက်နှာလွှဲလိုက် တစ်ယောက်တည်းဝေဒနာကို ဖုံးဖိဖို့ကြိုးစားနေမိသည်။ သို့သော် ကားထဲဝင်ထိုင်လိုက်သည့်အချိန်မှာ လက်ခနဲစင်ကျသွားသည့် မျက်ရည်စက်သည်.. ။

"မောင်းတော့ ကိုတုတ်.."

လေဆိပ်ဝင်းထဲကနေ အမှောင်ကိုခွင်း၍ ပြေးလွှားထွက်ခွာလာသည့် ကားလေးသည် ဦးကိုကိုတို့၏နေအိမ်ဆီ တိုက်ရိုက်ဦးတည်လာခဲ့ပြီးနောက်..

"လျှောက်ပြောမနေနဲ့ ဧကရီ..ညည်းရင်ထုမနာဖြစ်နေတယ်ဆိုရင် အဲ့ဒါလိုချင်တာတစ်ခုခု မရလိုက်သေးလို့ပဲဖြစ်လိမ့်မယ်၊ ငါတို့ရင်နာနေရတာ ဘယ်လိုမှမထင်မှတ်ဘဲ သူ့ကိုဆုံးရှုံးလိုက်ရလို့..မဆိုင်တာတွေ လာပြောပြီး ရစ်မနေနဲ့.."

အိမ်အဝင်မှာတည်းက ငိုရှိုက်သံတွေရောထွေးနေသော အိမ်ထဲကပဋိပက္ခကို ကြားလိုက်ရသည်။ နှစ်ယောက်စလုံးငိုကြွေးနေသည်ထင်ရသော်လည်း ဧကရီ့စကားသံတွေက မာကြောနေလျက်.. ။

"ဦးတော်တော်ဖြစ်နေတယ်ဆိုတည်းက ဧကရီမေးတယ်..ဖုန်းကိုင်တယ်၊ ကောင်းကောင်းပြန်မပြောဘူး..လာမယ်ဆိုရင် မလာနဲ့လို့တားတယ်၊ ခုတော့ ဦးရဲ့နောက်ဆုံးအချိန်ကိုတောင် ဧကရီမမီလိုက်ဘူး..ဘာဖြစ်လို့ ကြီးကြီးဒီလောက်တောင် စိတ်ဓာတ်သေးသိမ်တာလဲ၊ ဦးက..ကြီးကြီးရဲ့မောင်ရင်

ထဲမှာ ကြီးကြီးဘယ်လောက်ပြုစုနေနေ သူဘယ်သူ့ကိုတမ်းတနေမယ်ထင်လဲ.."

"ဇကရီ..မင်းပါးစပ်ကို ပိတ်ထားစမ်း.."

"ဘာလို့ပိတ်ရမှာလဲ.."

လက်သီးနှစ်ဖက်ဆုပ်ထားပြီး အတင်းအကျပ်ပြောနေဆဲ ကိုကိုဝင်လာတော့ ဖျတ်ခနဲလှည့်ကြည့်သည်။ မျက်နှာတစ်ချက်ပျက်သွားပေမယ့် ဒေါသတိုးသွားသည့် မျက်နှာလေးနှင့် နှစ်ယောက်စလုံးကို မျက်နှာမူလိုက်သလိုခြေလှမ်းရွှေ့ရပ်၏။ ဘယ်တုန်းကမှ သေးသိမ်ညှိုးငယ်သွားသည်မရှိခဲ့သော သူမသည်.. ။

"ပြန်လာပြီလား..ရှင်လည်း.."

"မင်းပြောစရာကျန်သေးရင် အပြင်ထွက်ပြော.."

ကိုကိုက ဦးကိုကိုအလောင်းဆီ တန်းသွားသည်။ သို့သော်.. ။

"ပြောစရာကျန်တာမဟုတ်ဘူးကိုကို..ပြောကိုမပြောလိုက်ရတာ၊ ဦးရောဂါသည်းနေတုန်း မြမြကိုဖုန်းဆက်ခိုင်းခဲ့တယ်..ဘောဘီလေးကို ခေါ်ပေးပါဆိုပြီး.."

ကိုကို့ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။ မျက်လုံးတွေက ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သည့် ဖေဖေ့မျက်နှာဆီရောက်သွားသည်။ ပြီးတော့ ကြီးကြီးထံသို့.. ။

"ကြီးကြီး သူ့ဘေးမှာတစ်ချိန်လုံးရှိခဲ့တယ်..အဲ့ဒါကိုမသိဘူး.."

မျက်ရည်တွေစိုလူးနေသော ကြီးကြီးဆီကဖြေရှင်းချက်ကိုကြားရတော့ ရင်ထဲမှာ နင့်သွားသည်။

"ကြီးကြီးတို့ ကိုကိုတို့အရမ်းကို စည်းခြားလွန်းလို့ မွန်းကျပ်ပြီးဦးသေရတာ..ဦးကို ကြီးကြီးတို့သတ်တာ.."

"တိုးတိုးပြောဇကရီ..ဒါနာရေးဖြစ်နေတာ.."

ဒေါ်မေစိုးဦး တုန်လှုပ်နေသည့်မျက်နှာနှင့် မျက်ရည်တွေကိုပါ ကမန်းကတန်းသုတ်ပစ်ရင်း.. ။

"ခုလေးတင်ကိုကိုဆုံးသွားတယ်..မင်းဒီလောက်တောင်မှ.."

"ဒီ့ထက်ပိုပြောချင်တာ သိရဲ့လား..အခုဇကရီဘာသာ ရောက်လာခဲ့



တာလေ၊ ကြီးကြီးကအကြောင်းကြားခဲ့လို့လား.."

"အကြောင်းကြားရအောင် မင်းကဘာမို့လဲ.."

ဇကရီက ကိုကို့ကိုဆတ်ခနဲလှည့်ကြည့်သည်။

"ကိုကို့ဇနီးလေ..ကိုယ့်ယောက္ခထီးအဖြစ်ရော သိခွင့်မရှိဘူးလား၊ ဦး ခဲ့သာလက်ထပ်ခဲ့ရင် ဦးကဇကရီ့ရဲ့.."

"တိတ်စမ်း.."

"သား.."

ဘယ်လိုမှ သည်းခံစိတ်မွေးလို့မရတော့ဘဲ ဇကရီ့လက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲ၍ နံရံမှာဖိကပ်လိုက်သည်။ ထို့နောက် သူမရဲ့ပါးလေးနှစ်ဖက်ကို လက်ဖဝါးနဲ့ဖိအုပ်ညှစ်ထားလိုက်ပြီး.. ။

"မင်းရယ် ငါရယ် ဖေဖေရယ်..အဲ့ဒါတွေကို မင်းပါးစပ်ထဲလုံးဝထည့်မပြောနဲ့၊ ဘယ်တော့မှ ပါမလာစေနဲ့.."

"အ.."

ဇကရီ့နှုတ်ခမ်းလေးဟနေကာ လက်လွန်သွားလျှင် သွားတွေပါကျိုးသွားနိုင်တာမို့ ဒေါ်မေစိုးဦးကမန်းကတန်း ပြေးဆွဲရသည်။ ပါးစောင်တွေကိုညှစ်ထားသည့်လက်တွေ ပြုတ်ကျသွားလျှင် ဇကရီကကိုကိုနဲ့ဝေးသွားအောင် ပြေးရပ်သည်။ ပြီးတော့ ပါးနှစ်ဖက်ကိုလက်နဲ့အုပ်ပြီး ရှုံ့မဲ့ညည်းရင်း.. ။

"ဦးနဲ့ကိစ္စကို ဒီကထည့်ပြောလိုက်တာနဲ့ ပြူးပြဲထဖြစ်ကြတယ်..ဦးနဲ့သေကဆိုင်တော့ဘူးဆိုတဲ့ဗီလင်ဖြစ်လာအောင် ဦးနဲ့ပတ်သက်ခဲ့သမျှကိုနိုင်လောက်အောင် ဘယ်မှာလဲ..ကိုကိုက ဇကရီကိုသားမယားလို ပေါင်းသင်းခဲ့လို့လား၊ ကိုကိုမကြင်နာတိုင်း ကိုယ့်အပေါ်ကြင်နာတဲ့သူကို တမ်းတတာ ဇကရီ့အပြစ်လား.."

"ဟော့..မင်း မင်း.."

"သားတော်ပြီ..သားနောက်ဆုတ်.."

ဒေါ်မေစိုးဦး ကိုကို့ကိုဆွဲချုပ်သလို မိမိရရဖက်ထားလိုက်ရင်း ဇကရီ့ကို ညှိနှိုင်းဖို့ကြိုးစားရတော့သည်။ တော်ကြာပတ်ဝန်းကျင်ရောက်လာကြတာမှ ဒီကိစ္စတွေ တစ်ကပြန်စနေရင် သွားပြီ.. ။

"ဟုတ်တယ်..မင်းဘက်ကအဲ့လိုရှိခဲ့တယ်၊ နောက်ဘယ်လိုရှိနေတာတွေလည်း ပြောလို့ရတယ်၊ ဒါပေမဲ့ အခု မောင်လေးဆုံးသွားပြီ..မင်းသူ့ကိုတကယ်ချစ်ရင် သူ့နောက်ဆုံးခရီးလေး ဂုဏ်သိက္ခာရှိရှိ ပြီးမြောက်သွားတဲ့အထိ စောင့်ပေးပါ.."

"စောင့်တော့ကေရီက ဘာရမှာလဲ.."

မပြောမပြီး မတီးမမြည်။ ပြောမှသိမယ့်လူတွေကို ပြောမှဖြစ်မည်။ အထူးသဖြင့် ဒီအချိန်မှာမပြောနိုင်လျှင် သူမဘယ်အချိန်မှာမှ ပြောခွင့်ရှိတော့မှာမဟုတ်။ အားလုံးက ဦးကိုကိုမျက်နှာကိုငဲ့ပြီး သူမအပေါ်မှာ မချစ်သော်လည်း အောင့်ကာနမ်းလုပ်နေခဲ့ကြသည်။ ဒီလူကြီးမရှိတော့တဲ့နောက်မှာ ဘာတွေဖြစ်လာမလဲ..။ ဒါကိုမသိရအောင် ကေရီကဘယ်သူမို့လဲ..။ သင်းတို့ကလည်း ဦးကိုကိုမရှိတော့တဲ့အချိန်ကို စောင့်နေသလို ဒီကလည်းတစ်ချက်မှ မျက်တောင်ခတ်ခဲ့တာမဟုတ်.. ။

"ကေရီကို အချိုးကျွေးပြီး ပုံပြင်တွေလာမပြောနဲ့..မရဘူး.."

မထူးစိတ်ပိုက်ပြီး စိန်ခေါ်ပစ်လိုက်သည်။

"ငယ်တာချောတာ မက်မိလို့ ကေရီဒုက္ခရောက်နေရတာ..အစတည်းက ဦးကိုလက်မလွှတ်ခဲ့ရင် ဒီအချိန်မှာ ခုလိုမျိုးရင်ထုငိုကြွေးနေရမှာမဟုတ်ဘူး..ဦးကလည်း ရှင်တို့တွေပြဋ္ဌာန်းကြတဲ့ ပတ်ဝန်းကျင်တွေ ဂုဏ်ပုဒ်တွေကြောင့် နောက်ဆုတ်နေလိုက်ပေမယ့် ကေရီ့ကို.."

"မင်းဘာလိုချင်တာလဲ..တစ်ခွန်းပဲပြောစမ်းပါ.."

"တစ်ခွန်းပဲပြောရင် တစ်ခုပဲရမှာပေါ့..ကေရီ့မှာပြောစရာတွေ အများကြီးရှိတယ်၊ ဒါပေမဲ့.."

အံကြိတ်၍စူးစူးရဲရဲကြည့်နေသည့် ကိုကို့ကိုဖျတ်ခနဲမျက်လုံးဝေ့လိုက်သည်။ ပြီးမှမျက်နှာလွှဲ၍.. ။

"အခု အချိန်မသင့်သေးလို့ တစ်ခုပဲပြောထားမယ်..ကေရီ့ကိုကွာရှင်းဖို့ ကိုကိုဘယ်တော့မှမပြောရဘူး.."

သူမစကားသံ ပြတ်တောက်သွားချိန်မှာ ဖြတ်ဝင်လာမည့်နောက်က အသံတစ်ခုခုကို စောင့်နေလိုက်သည်။ တိတ်ကျနေခြင်းမှလွဲ၍ မည်သည့်အသံဗလံမှမရှိခဲ့လျှင်.. ။



"ကြီးကြီးက ငါ့မောင်မရှိကြည့် သင်းသိမယ်လို့ တေးထားခဲ့မှာပေါ့..ကေရီကလည်း အဲ့လိုပဲလေ၊ ဦးစိတ်ဆင်းရဲသွားမလားလို့ တစ်ချက်လေးငဲ့ပြီး မျိုသိပ်နေခဲ့တာ..မဟုတ်ရင်လား.."

သူမက ကိုကို့ကိုဖျတ်ခနဲလှည့်ကြည့်ပြီး လက်ညှိုးထိုးကာ.. ။

"ရှင်မကြင်နာတာတွေကို မခံစားနိုင်တည်းက 'ကျွန်မသည် ဦးကိုကိုကိုသာ ချစ်ခဲ့ပါကြောင်း..ဦးကိုကိုနဲ့သာ အရင်ဆုံးချစ်ကြိုက်ရင်းနှီးခဲ့တာဖြစ်တဲ့အကြောင်း'.."

"မင်းတိတ်စမ်း.."

"သားမလုပ်နဲ့.."

ဒေါ်မေစိုးဦး မျက်ရည်တွေသာကျနေကာ ကိုကိုလည်းဒေါသထွက်လာတိုင်း မျိုသိပ်နေရုံမှလွဲ၍.. ။

"တောက်.."

သူမမျက်နှာကို ရွံရှာစွာစိုက်ကြည့်ရင်း.. ။

"မင်းကိုမြင်နေရတာ မစင်ပုံလိုပဲ.."

ပြောပြီး ချာခနဲလှည့်ထွက်သွားသည်။ ထိုစကားကြောင့် ကေရီ့မျက်နှာလေး ရဲချိတ်တင်းမာသွားခဲ့လျက် ဦးကိုကိုဘေးကိုရောက်သွားသည့် ကိုကို့ကျောပြင်ကို နာကျည်းစွာလိုက်ကြည့်သည်။ ပြီးတော့ မဲ့ပစ်လိုက်ကာ.. ။

"လူတွေက အမှန်ကိုပြောရင် မကြိုက်ကြဘူး..မဟုတ်တာတွေဟန်ဆောင်ပြနိုင်ရင်တော့ အဆင့်အတန်းရှိနေတယ်ပေါ့၊ ဟွန်း..ကေရီကတော့ ရှင်းရှင်းပဲ.."

သူမသည် ကိုကို့ကျောပြင်ကိုပဲ စူးစိုက်ကြည့်နေခဲ့လျက်.. ။

"ကျွန်မစိတ်တိုင်းမကျတာ တစ်ခုခုရှိလာရင် ဦးကိုကိုနဲ့သူ့သားနှစ်ယောက် ကျွန်မကိုဘယ်လိုအနိုင်ကျင့်ခဲ့ကြသလဲဆိုတာတွေ အားလုံးသိအောင်ဖွပစ်မယ်.."

ကိုကိုလက်ဖဝါးတွေကို ဖိဆုပ်ပစ်လိုက်ရင်း နောက်ကျောကနေ တရစပ်ဝင်လာသည့် ကေရီ့ကြိမ်းမောင်းသံတွေကို ဥပေက္ခာထားဖို့ ကြိုးစားနေမိသည်။ ဖြေရှင်းရခက်သည့် တချို့သောကိစ္စရပ်တွင် အမှန်တရားသည် ပျောက်ကွယ်နေတတ်ခဲ့ပြီး အမှားတို့သည်သာ မှားလျက်အတိုင်း ပန်းဝင်

သွားတတ်လေရာ.. ။

ထို့ကြောင့် သူသည်ငှတ်တုတ်မေ့ကျန်ခဲ့ရင်း.. ။

☎



အခန်း(၄၃)

"အေး..မင်းဒီတိုင်းငှတ်တုတ်မေ့ကျန်ခဲ့မှာပဲ၊ အားမနာတမ်းပြောရရင် ကေရီ့ကိုဘယ်လိုလူကမှ တုဖက်ပြိုင်ပြီး ပြောချင်မှာမဟုတ်ဘူး..အဲ့ဒါကို ခံလိုက်ရလေခြင်းဆိုပြီး မင်းတနုံ့နုံ့ခံစားမနေနဲ့၊ စကားလုံးတိုင်းမှာ အဆင့်အတန်းရှိတယ်ဆိုတာ လူတိုင်းနားမလည်ဘူးကွ..ဒါနဲ့နေပါဦး မင်းကဘယ်လိုလုပ်ပြီး မန္တလေးကဒေါ်ကြည်ဝေတို့အိမ်နားရောက်သွားတာလဲ.."

ဒါဒါနဲ့သူဘယ်လိုဆုံခဲ့တဲ့အကြောင်း ပြောပြထားသဖြင့် ခုကျကာမှ ဝေဒကအစပြန်မေးနေကာ.. ။

"အဟွန်း..မင်းမှာသောကတွေ ရှိနေတာငါသိပါတယ်၊ ဒါပေမဲ့ ဒါဒါနဲ့မင်းတွေ့ကြပုံတွေက ထူးဆန်းလွန်းလို့သိချင်နေတာ..ခုလည်း ဘယ့်နှယ် မင်းရှေ့မှာမှ အတိအကျလာလဲရတယ်လို့.."

"လာလဲတာမဟုတ်ပါဘူး..ငါကသွားမြင်တာပါ.."

ဖုန်းပြောရင်း စီးကရက်သောက်ရတာ နှစ်သက်လွန်းလို့မဟုတ်ပေမယ့် အလုပ်ကိစ္စတွေ ရှုပ်ယှက်ခတ်နေတဲ့ကြားထဲမှာ ကိုယ်ရေးကိုယ်တာတွေ ပြောဖြစ်ကြတဲ့ ဒီအချိန်လေးပဲရှိတာမို့ စီးကရက်သောက်ခြင်းဟာ စိတ်ကို

အေးချမ်းစေခြင်းလို့ သူမမြင်သည်။ အထူးသဖြင့် သူမအကြောင်းတွေ စတင်ပြောဖြစ်လာသည့်နောက်မှာ စီးကရက်သောက်နေရတာတောင် ပိုပြီးအဓိပ္ပာယ်ရှိလာသလိုလို။ ထို့ပြင် ဒီအချိန်မှာသူမနဲ့ပတ်သက်နေတာမှန်သမျှ ဘာလာမေးမေး စိတ်လိုလက်ရဖြေချင်နေခဲ့သည့်ဆန္ဒ၏ဆိုလိုရင်းတို့သည်..

"အေးပါ..ငါကလည်း မင်းဘယ်လိုရောက်သွားတာလဲပဲမေးတာပါ၊ အဲ့ဒီက လိပ်စာရှာပေးတဲ့သူတော်တာလား..မင်းပဲအလိုက်ကောင်းတာလား.."

"မသိဘူး..သူတို့လမ်းထိပ်နဲ့တီပုံစံမျက်နှာဘက်ခြမ်းမှာ မိုတယ်လ်ရှိတယ်၊ ငါအဲ့ဒီမှာလည်း သူ့ကိုစောင့်ကြည့်နေခဲ့တာ..သုံးရက်မြောက်ညနေကျမှ သူ့ကိုတွေ့တာ.."

"ဒါကျတော့ အလုပ်တွေအား..းနေတာနော်..ဒါကြောင့်ပြောတာ၊ 'လာချင်ရင်အနီးလေး မလာချင်ရင်ခရီးဝေး'တယ်တဲ့..ယောကျ်ားတစ်ယောက်က တကယ်ချစ်မချစ်ဆိုတာ မိန်းကလေးတွေဘယ်လိုပေတံနဲ့တိုင်းတာပုံအပ်နေကြသလဲမသိဘူး၊ ချစ်တဲ့စိတ်ဖြစ်လာတဲ့လူလောက် အကဲခတ်ရလွယ်တာမရှိဘူး..အထူးသဖြင့် ယောကျ်ားလေးတွေလေ.."

ပြောပြီး ရယ်လိုက်သည့်ပုံစံက ကိုယ့်ရဲ့အကဲဖြတ်မှုအပေါ် အတော်လေးသဘောတကျရှိသွားပုံဖြစ်လျက်.. ။

"သူ့နှမ ကိုယ့်နှမ ဒီတိုင်းပါပဲ..လွယ်ကူတဲ့အရာဟာ တန်ဖိုးနည်းတယ်ဆိုတာ နားမလည်ကြဘူး.."

"သင်္ကန်းပြေးဝယ်ပေးရမလား.."

"ဟား ဟား ဟား.."

ဝေဒရယ်နေသံကိုကြားနေရကာ သူ့စိတ်တွေပေါ့ပါးသွားခဲ့၏။ ခုချိန်မှာ ဖေဖေ့နာရေးသတင်းနဲ့ပတ်သက်ပြီး ဘာမှမပြောဆို မမေးမြန်းတဲ့သူတွေပဲလာပါစေ။ ဧကရီဆိုလျှင် နာမည်တောင်မှ စကားထဲထည့်မပြောချင်တော့အောင် ပစ္စုပ္ပန်က ခါးသီးနေခဲ့ရာ.. ။

"ဆောရီး..ဆောရီး မင်းပြောတာကို သဘောကျလို့ရယ်လိုက်တာ.."

ရယ်မောစနောက်သင့်သည့်အချိန် မဟုတ်မှန်းသတိရကာ ဝေဒက တောင်းပန်သည်။ သူစီးကရက်ရှိုက်လိုက်ရင်း ပြုံးကာ.. ။

"မင်းပြောတာမှန်တယ်..လာချင်ရင် အနီးလေးပဲ.."



"အင်း..ဆန္ဒရှိရင်ပြောပါ၊ မေးရမှာမကောင်းတတ်သေးလို့.."

"ခွေးကောင်..စပေးထားပြီးမှ.."

"အေးလေ..မင်းကရန်ကုန်မှာပဲ ငါ့ကိုအရေးလုပ်တာကိုး၊ မန္တလေးမှာ တစ်ယောက်တည်းကြိတ် အဆင်ပြေနေတာ ဘာမှကိုမသိရဘူး.."

"သိတော့ဘာလုပ်မှာလဲ.."

"အေးပါ..ဟုတ်ပါတယ်၊ အခု မန္တလေးက သူ့အိမ်အကြောင်း တော်တော်သိနေပြီလား.."

"ဘာမှမသိရသေးဘူး.."

"ဟမ်.."

ဒေါ်ကြည်ဝေဆိုတာ သူ့အဒေါ်ရင်းဖြစ်ကာ အသက်ကြီးမှအိမ်ထောင်ကွဲတစ်ခုလပ်ဖြစ်သွားခဲ့သည်။ သားသမီးတွေအများကြီးရှိသည်။ လောလောဆယ်သိရတာ ဒါပဲဖြစ်သည်။ ထိုနေ့က သူမဖြစ်လာသည့်ပြဿနာတွေနဲ့ပတ်သက်ပြီး သေချာသိရအောင် ကြိုးစားနေတဲ့အချိန်မှာပဲ သူစင်္ကာပူရောက်သွားခဲ့တာမို့ သတင်းက ဒီမှာတင်တစ်ခန်းရပ်ခဲ့သည်။

"ကိုကို မင်းအဲ့ဒီကောင်မလေးကို တကယ်စာရင်းသွင်းနေတာလား.."

"မသွင်းသေးဘူး..ဒါပေမဲ့ ရင်ထဲကိုစာရင်းလွှတ်ရောက်နေတာ ဘာမှင်နဲ့မှ ဖျက်ဖို့မလွယ်ဘူး.."

"သဘောက.."

"တိုက်ရိုက်ပတ်သက်မိရင် ငြိမိမှာစိုးလို့ ငါနောက်ပြန်ဆုတ်ခဲ့တာ.."

"အဲ့ဒါကရော ဘာလဲ.."

စီးကရက် မီးခိုးတွေတလွန့်လွန့်တက်နေသည်။ ည၏အမှောင်နယ်ပယ်မှာ မီးခိုးဖြူတွေ ယိမ်းနွဲ့သွဲ့ဖြာသွားတာက ပိုရှုလှပနေကြသည်။ သို့သော်ကဗျာမညီသည့် သူ့ရင်ထဲကစာသားတွေကို ကာရံညှိဖို့ဆိုတာက မဖြစ်နိုင်သေးပါ။ ဒါပေမဲ့ ဘာကြောင့်မဖြစ်နိုင်တာလဲဆိုသည့်အကြောင်းကို တခြားသူသဘောပေါက်အောင် ရှင်းပြဖို့ကမလွယ်။ ဒါဒါဆိုသည့် မိန်းကလေးကိုမြင်မြင်ချင်းသူသတိထားမိခဲ့တာက မာယာကင်းသောစူးလက်သည့် မျက်ဝန်းလေးတွေဖြစ်သည်။ နောက်ထပ်တစ်ခါတွေ့လိုက်တော့ သူမသည်ဧကရီလိုမိန်းကလေးမျိုး မဟုတ်နိုင်ဘူးဆိုတာ အမှတ်ပြည့်ပေးခဲ့မိ၏။ လေးကြိမ်

မြောက်အတွေ့မှာ ကရုဏာစိတ်တွေ ယိုဖိတ်ခဲ့သည်။ ငါးကြိမ်မြောက်တွေ့ဆုံခြင်းမှာတော့ အပြင်မှာမဟုတ်တော့ဘဲ သူ့ရင်ထဲမှာ သူမကိုအချိန်အခါအကန့်အသတ်မဲ့ ဝင်ထွက်လည်ပတ်ခွင့်ပေးခဲ့မိ၏။ သို့သော် သူသာလျှင်ညှို့သည်ပြန်မှာစိုးကြောက်နေခဲ့သည့် အိမ်ရှင်ဖြစ်လာခဲ့ရပြီး သူမကိုသတိရလိုက်တာနဲ့ ပြေးကြည့်ချင်သည်။ သူမအကြောင်းတွေးနေသည့်အချိန်တွေသာ တန်ဖိုးကြီးလာသည်။ အလုပ်ကိစ္စပြောပြီး ဖုန်းချလိုက်သည့်အခါ သွားလာရင်း ဟိုဒီမျက်လုံးရောက်မိတဲ့အခါ ထို့နောက် အိပ်ရာမဝင်ခင် အလုပ်လုပ်နေချိန် အိပ်ရာဝင်ပြီးမြင်လွှာတွေ ပိတ်ထားလိုက်တဲ့နောက်.. ။

"ဘာဖြစ်လဲပြောလေ..ကိုယ့်ကိုယ်ကို မသေချာသေးတာလား.."

"ငါ့ဘက်ကသေချာပါတယ်..သူ့ဘက်ကိုသေချာချင်တာ.."

"ဒါကတော့ကိုကိုရာ..မင်းအဆင့်နဲ့သူ့အဆင့်က ငါကခွဲခြားနှိမ့်ချနေတာမဟုတ်ဘူး၊ မင်းမှာမိန်းကလေးတိုင်း မျက်စိကျသွားမယ့် အရည်အချင်းကောင်းတွေအပြည့်နဲ့.."

နားထောင်နေရင်း ပြုံးလိုက်မိသည်။ ထိုအပြုံးသည် ဇကရီ့ကိုမြင်ယောင်မိသည့်နောက်မှာ ခပ်မဲ့မဲ့ဖြစ်သွားခဲ့ပြီး.. ။

"ငါ့ကိုအဲ့လိုမျက်စိကျသွားမှာမျိုး မလိုချင်ဘူး..အားလုံးပြည့်စုံနေတဲ့မိန်းမတွေတောင်မှ လောဘတွေတစ်ရစ်ပြီးတစ်ရစ် မပြီးနိုင်တာ၊ သူ့လောက်ဆင်းရဲနေတဲ့ မိန်းမတစ်ယောက်ရင်ထဲမှာ ဘယ်လိုလောဘတွေရှိနေမလဲ.."

"ဒါတော့ ပုံသေတွက်ထားလို့မရဘူးကိုကို..မင်းဘယ်သူ့ကိုပုံခိုင်းပြောနေတာလဲငါသိတယ်၊ ဒါဒါက ဒီလိုမဖြစ်နိုင်ပါဘူးလို့လည်း အာမခံနေတာမဟုတ်ဘူး...ဒါပေမဲ့ဇကရီကတော့ဇကရီပဲ၊သူ့ထက်ဆိုးတာတောင်သူ့လောက်မဆိုးနိုင်ဘူး၊ နောက်တစ်ခုငါပြောချင်တာက မင်းတွေဝေနေသေးရင် အဲ့ဒါအချစ်မဟုတ်ဘူးကိုကို..ချစ်တဲ့စိတ်က သိပ်ဆန်းကြယ်တာ၊ သူ့အတွက်အကျအင်အားမလိုဘူး..ဖျက်သိမ်းစရာမလိုဘဲ အလိုအလျောက်ပျက်စီးတာအချစ်"

"အဟွန်း.."

"မရယ်နဲ့..ငါကလူပျိုမို့ မင်းလောက်မသိပါဘူး၊ ပျိုတာအိုတာနဲ့ ချစ်တဲ့စိတ်က ထန်းလျက်မပါတဲ့ မုန့်လုံးရေပေါ်လိုပဲ..အထဲမှာထန်းလျက်ပါတာမပါတာ ဝါးမိမှသိတာ၊ ဒါပေမဲ့ ပြန်တွေးထုတ်ပစ်တာ ရှားတယ်လေ..



မုန့်လုံးရေပေါ်ဖြစ်သွားတာနဲ့ပဲ အင်္ဂါစုံတဲ့မုန့်လုံးဖြစ်တာမဟုတ်ဘူး၊ မင်းမိန်းမယူထားတာ ဈေးထုတ်ပိုက်ထားရတာ သာသာပဲ..အချစ်အကြောင်းမင်းငါ့လောက်မသိပါဘူးကိုကိုရာ.."

ရယ်ချင်စိတ်မရှိတာတောင် ပြုံးလိုက်မိသည်။ ဝေဒသည်ပြောပြီဆိုလိုက်လိုက်လုံလုံ။ ဝေဖန်ပြီဆို ပစ်ပစ်နှစ်နှစ်.. ။

"အမြဲတမ်းပူလောင်တဲ့စကားတွေနဲ့ လုံးထွေးရင်ဆိုင်နေရတဲ့မင်းရှေ့ကို ရန်ဖြစ်တတ်တဲ့သွက်သွက်ထက်ထက် လှလှပပကောင်မလေးရောက်လာလို့ မင်းအမှတ်တမဲ့.."

"တော်တော့ဟော့ကောင်..မဟုတ်တာတွေ.."

"ဒါပေမဲ့..အခု.."

"တွေဝေနေတာမဟုတ်ဘူး..သူဘယ်လိုမိန်းကလေးဖြစ်မလဲဆိုတာကိုသိချင်သေးတာ၊ ပထမအချက် ငါ့မှာအိမ်ထောင်ရှိနေတယ်..နောက်တစ်ချက်က ငါမြတ်နိုးနေတဲ့မျက်နှာလေးမှာ လောဘရောင်တွေတက်လာတာမမြင်ချင်ဘူး၊ အဲ့လိုအကြောင်းတွေနဲ့ သူ့ကိုစွန့်လွှတ်လိုက်ရဖို့ဖြစ်လာမှာကိုမလိုချင်တာ အကြီးမားဆုံးအချက်ပဲ..ဒါကြောင့် ငါသူ့ကိုဖြည့်ဆည်းပေးချင်တယ်၊ ဒါပေမဲ့ ကွယ်ရာကနေပဲ.."

"ဘယ်လောက်ထိကြာကြာလဲ.."

"သူဘယ်လိုမိန်းကလေးလဲဆိုတာ ငါခံစားလို့ရလာတဲ့အထိ.."

"အဲ့ဒီအချိန်ကျတော့ မင်းကလွတ်လပ်သွားမှာမို့လို့လား.."

သူ စီးကရက်ရှိုက်နေရင်း တော်တော်နဲ့ပြန်မဖြေ။ ဝေဒကလည်း စိတ်ရှည်စွာစောင့်ဆိုင်းရှာ၏။ အတန်ကြာမှ စီးကရက်တိုကို စတီးတန်းမှာ ဖိချေပစ်လိုက်ရင်း.. ။

"အနာဂတ်ဆိုတာသေချာတာ ဘာမှမရှိဘူး.."

"အဲ့ဒါကြောင့် ငါပြော.."

"ငါသူ့ကိုချစ်နေတာက သေချာတယ်.."

ဝေဒရဲ့ခပ်တိုးတိုးဆဲဆိုသံက တစ်တစ်ခွခွ.. ။

'နှမပေးမျိုး..'

အခန်း(၄၄)

"ဒုန်း..ဒုန်း.."

"ဟာ..သူ့အမေ(စ...တ်)မို့လား၊ ဒီလောက်တောင်ဒုန်းဒုန်းဒိုင်းဒိုင်း–ဘာလဲ.."

တစ်တစ်ခွခွဆဲလိုက်သံက နားထဲမှာခါးသီးစွာဝင်၏။ ပခုံးတစ်ဖက်ကိုပွတ်တိုက်သွားသဖြင့် နာကျင်သွားခဲ့ခြင်းသည် နားထဲကခါးသက်မှုလောက်တိုးမပေါက်ခဲ့...

စာရေးကြီးဦးသံတုံးက ဘောင်းဘီရှည်ပွပွကားကားနှင့်ချက်ချင်းအနားရောက်လာကာ ပြုံကျနေသည့် ရေခဲဘူးအသေးတွေ အကဒ်လိုက်နဲ့ ဒါဒါ့ကို မျက်လုံးပြူးကြီးနဲ့ကြည့်၏။စက်ရုံမှာ အပြောကြမ်းအဆဲကြမ်းသော ဦးသံတုံးကိုအားလုံးကကြောက်ကြသည်။ ဒီလူကြီးကိုဒေါသထွက်အောင်လုပ်ဖို့မဆိုထားနှင့် အနားကဖြတ်လျှောက်သွားရုံနဲ့ နားရွက်မခတ်ရဲအောင်အပိုးကျိုးနေကြတာမို့ အနီးအနားတစ်ဝိုက်မှာ မီးကိုရေနဲ့ပက်ဖြန်းလိုက်သလို...

"ဘယ်သူလုပ်လိုက်တာလဲ...ဒါတွေ..."



"သူ..."

"သူ ကြမ်းခင်းစကိုဆွဲလိုက်တာ..."

ကိုယ့်အပြစ်မဟုတ်ကြောင်း ပျာပျာသလဲဖြေရှင်းကြသည့်လက်ညှိုးတွေ ဒါဒါ့ဆီစုပြုံသွား၏။

"ဟိတ်...ထစမ်း"

ဒါဒါ အောင့်နေဆဲ ပခုံးတစ်ဖက်ကိုဖိဆုပ်ထားရင်း နေရာမှထရပ်လိုက်သည်။ ဦးသံလုံးက ဒါဒါ့ကိုမျက်လုံးပြူးကြီးနဲ့ ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး ခါးထောက်၍...

"ရေသန့်စက်ရုံမှာလုပ်နေပြီး ဘယ်လိုကိုင်...ဘယ်လိုထိုင်ရမယ်ဆိုတာနားမလည်ဘူးလား..."

ဒါဒါ ကြည့်နေပြီးဘာမှလဲမဖြေ။ ဦးသံလုံးပြောနေသည့်စကားတွေထက် သူမအထပ်ထပ်ကြားနေသည့်အသံသည် 'သူ့အမေ (စ...တ်)မို့လား' ဆိုသောဆဲရေးသံပင်။ ဒီလိုရိုင်းစိုင်းခြင်းကို သူမနားခါးနေသည်။ အမေနဲ့ကိုင်တုပ်လိုက်တာကို ပြီးပြီးပျောက်ပျောက်မထားလိုက်နိုင်။ ဒါပေမဲ့ သူမဘာတစ်ခွန်းမှပြောချင်စိတ်မရှိဘဲဖြစ်နေ၏။ ဒီလိုစော်ကားခံလိုက်ရတာကိုငြိမ်နေလိုက်သင့်သလား ဖြေရှင်းသင့်သလား သူမဘာလုပ်ရမည်ကို ရွေးချယ်ရင်းငေးငိုင်နေခဲ့၏။

"ဟိတ်...နင်နားကန်းနေသလား၊ စက်ရုံကိုနင့်ပထွေးအပိုင်မှတ်နေသလားကောင်မ... ပထွေးဆိုရင်တောင် နင့်ဆီကဘာမှမရဘဲ နင့်ကိုခွင့်လွှတ်မှာမဟုတ်ဘူး...ဟိုမှာကြည့်စမ်း၊ တံဆိပ်ကပ်ပြီးသားဘူးတွေပေကုန်ပြီ...အဲ့ဒါတွေ နင်အခုချက်ချင်း အစကပြန်ကိုင်..."

"နင့်ပထွေးအပိုင်မှတ်နေသလား..."

"နင့်ပထွေးဆိုရင်တောင်.........."

သူမမျက်ခုံးတန်းလေးတွေအလိုမကျစွာတွန့်ကုတ်သွားခဲ့သည်။ သို့သော် စိတ်သည်လွှင့်လျက် ခံစားချက်ကလိုက်မမီခဲ့...၊

"တောက်...ဒီဟာမကို ဘယ်သူသွင်းလိုက်တာလဲ...သောက်သုံးမကျတဲ့ ငထုငထိုင်း..."

"ရှင် အဲ့လောက်မပြောနဲ့..."

"အံမာ..."

ဦးသံလုံးလှည့်ပတ်မောင်းမဲနေလျက်ကနေ ဆက်ခနဲလှည့်ကြည့်သည်။ အေးစက်စူးရဲနေသည့် ဒါဒါ့ကိုတအံ့တသြကြည့်၍.. ၊

"နင်ကလား...ငါ့ကို ပြောလိုက်တာ..."

'ဟုတ်တော့ ဘာဖြစ်လဲ'မှအစပြု၍ သူများစကားတိုးမပေါက်အောင် အရင်က ပြောတတ်ခဲ့ပေမယ့် သူမဆွံ့အနေခဲ့သည်။ ဒီအလုပ်လုပ်ချင်တယ်ဆိုပြီး ဒီလူကြီးကို သူမဘာဖြစ်လို့ ခွန်းတုံ့ပြန်မိတာလဲ...၊ ပက်ခနဲပြောချလိုက်ပြီးမှ မျက်လုံးအဝိုင်းသားနှင့် ချောက်ချားနေ၏။ ဦးသံလုံး ရှူးရှူးရှားရှားထဖြစ်ကာ...

"ဟေ့...လာစမ်း ဒီနေရာမှာ တစ်ယောက်ယောက်သွင်း၊ သောက်ဆံပေးခိုင်းတာ ခွေးကိုက်ခံဖို့မဟုတ်ဘူး..အဲ့ကောင်မကိုခုချက်ချင်းထုတ်ပစ်—"

အလုပ်ပြုတ်ပြီဆိုသည့်အသိနှင့် ကောင်မဆိုသည့်အသံက လုံးထွေးသတ်ပုတ်နေသည်။ တစ်ထောင်တန်အထပ်လိုက်လေးအနည်းငယ်ကို သူမရှေ့ရောက်မှ စာအိတ်ထဲထည့်သည်။ ပြီးတော့ ကမ်းပေး၍.. ၊

"ရော့..နောက်နေ့မလာနဲ့တော့.."

သူမစာအိတ်ကိုကိုင်လျက် တုပ်တုပ်မျှမလှုပ်ဘဲနေလျှင် မိန်းကလေးနှစ်ယောက်က တစ်ဖက်စီကနေ လာခေါ်ထုတ်ရတဲ့အထိဖြစ်လျက်.. ၊

"နင်ကလည်းကြောင်တောင်တောင်နဲ့.."

"ကိုယ့်အထက်လူကြီးကို ပြန်အော်ရအောင် ရူးနေလား.."

"နည်းတောင်နည်းသေးတယ်.."

ပြောဆိုလှည့်ထွက်သွားကြပြီး ခြံဝင်းကြီး၏လူဝင်တံခါးပေါက်လေးကို ဂျိမ်းခနဲမြည်အောင် ပိတ်ပစ်သည်။ စာအိတ်လေးကို ဖိဆုပ်မလိုကိုင်လိုက်ပြီးမှ တယုတယပြန်ပွတ်၏။ ပြီးတော့ ငါအလုပ်ပြုတ်ပြန်ပြီဆိုသည့်အသိတစ်ခုက အထပ်ထပ်ဝင်လာ၏။ အကျိုးအကြောင်းတစ်ခုကို စွဲနေမိလျှင် ထိုအရာသည် အရေးကြီးသည်ဖြစ်စေ ခြင်ကိုက်ဖြုတ်ကိုက်တာဖြစ်စေ အတော်ကြာအောင် ခံစားနေရတတ်လျက် အကြီးအကျယ်ထိခိုက်ဖွယ်တို့ကိုကွင်းကွက်ပြီး မေ့မေ့လျော့လျော့ဖြစ်နေခဲ့တာတွေ.. ၊

သူမကိုယ့်ကိုယ်ကိုဆန်းစစ်ဖို့ သတိမရပေမယ့် သိစိတ်နဲ့မသိစိတ်



သည် အဆင်ပြေပြေပူးတွဲသွားသည့်အခါကျတော့ တွေးတာကလည်းမှားခံစားချက်အမှန်တို့သည်လည်း ရှုန်းကြွကာ.. ၊

"အပဟမ်း..အဟမ်း.."

အခန်းရှေ့မှာ ငုတ်တုတ်လေးထိုင်၍ ခင်ဦးကိုစောင့်နေမိစဉ် ချောင်းဟန့်သံကြောင့် ဆတ်ခနဲဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့ လူရွယ်နှစ်ယောက်သည် တစ်ယောက်က မျက်နှာရင့်ရင့်နှင့် အရပ်အနေတော်ဖြစ်ကာ အသားဖြူဖြူမျက်နှာသွယ်သွယ်တစ်ယောက်ကို သူမသိသည်။ မကြာသေးခင်ကမှ ခင်ဦးဆီကို လူကြုံလာပို့ပေးသည်ဆိုသော ခင်ဦးအစ်ကိုရဲ့သူငယ်ချင်း။ ထိုသူက မျက်လုံးချင်းဆုံသည်နှင့်ရယ်ပြကာ ဒါဒါ့ကိုနှုတ်ဆက်တော့သူ့ဘေးကလူ.. ၊

"နင်ကငါ့ကိုမသိဘူးလား.."

"ဟင်.."

အားနာပေမယ့် ဒီလူဘယ်သူလဲလို့ တွေးကြည့်ဖို့လည်း စိတ်မဝင်စားသဖြင့် ခေါင်းပဲခါပြမိ၏။ သူကလည်း နားလည်သည့်အပြုံးနှင့် ခေါင်းညိတ်သည်။ ပြီးတော့ သော့တွဲတစ်တွဲထုတ်ကာ တံခါးဖွင့်နေရင်း.. ၊

"ငါကခင်ဦးအစ်ကိုလေ..အောင်ခင်စိုး.."

'ဩော်'ဆိုတာ နှုတ်ခမ်းလှုပ်သွားသည့် ပုံသဏ္ဌာန်အရ ခန့်မှန်းလိုက်ရတာဖြစ်ကာ သူမကတော့ အသံတောင်မထွက်ခဲ့ဘဲ အံ့သြဟန်လေးဖျတ်ခနဲပြေးရုံ။ မလှုပ်တလှုပ်အမူအရာလေးကို ဘေးကအကဲခတ်ရင်း လင်းမြတ်အော်အသည်းယားသွားမိသည်။ လိမ္မော်ရောင်တီရှပ်ပွပွလေးနှင့် ဆံပင်တွေကို ဒီတိုင်းဖြန့်ချထားသော သူမပုံစံက မျက်နှာပြောင်တင်းတင်းလေးနဲ့လည်း လှနေ၏။ ဆံပင်တွေက လိုတာထက်ပို၍ပွနေသည်။ ပြောရပါလျှင် ဖရိုဖရဲရှုယောင်းနေတာမျိုး။ သို့သော် ဝင်းစိုနေသည့်မျက်နှာလေးမှာ ဖရိုဖရဲဆန်သမျှအရာအားလုံး ပျောက်ကွယ်နေကြသည်ထင်၏။ အထဲဝင်လာကြတော့လည်း မသိမသာငဲ့ကြည့်မိသည်။ ပြီးတော့ လည်ပင်းလိမ်အောင်လှည့်ကြည့်သည်။ သူမက ဝင်လိုက်မလာခဲ့.. ၊

"ကိုစိုး..ဘယ်လိုလဲ၊ အပြင်မှာကျန်ခဲ့ပြီ..ခေါ်လေကွာ.."

သူဆန္ဒစောနေတာကိုလှည့်ကြည့်ပြီး အောင်ခင်စိုးကရယ်သည်။ သူ

ငယ်ချင်းအရင်းကြီးတွေတော့ မဟုတ်ခဲ့ပေမယ့် ရင်းနှီးနေကြသည့် သူငယ်ချင်းတွေပဲမို့ လင်းမြတ်ဇော်အကြောင်းကို အောင်ခင်စိုးသိသည်။ နည်းနည်းလေးရှုပ်သလို နည်းနည်းလေးဖြုန်းတတ်သည်။ ကြိုးစားချင်စိတ် နည်းနည်းရှိပြီး လွတ်လပ်လိုစိတ်ကြီးမား၏။ ကောင်းတာနည်းနည်း မကောင်းတာများများဖြင့် ဖွဲ့စည်းထားသောလင်းမြတ်ဇော်သည် ပြည့်စုံချမ်းသာသည့်သူ့ဘဝအတိုင်းအတာနှင့်ဆိုရင်တော့ မတော်ရင်တောင် လူကောင်းလေးပါပဲလို့ ပြောရမည်သာ.. ၊

သူ့ကိုလူကြုံပါးသည့်ပစ္စည်းလေးကို အိမ်ကိုပို့ပေးဖို့ခိုင်းခဲ့သည်။ ခါတိုင်းတော့ သူလက်ခံယူပြီး ခင်ဦးဆီကိုသူပြန်လွှဲပေးခဲ့သည်။ ဒီတစ်ခါကျမှ သူကိုယ်တိုင်သွားပို့တော့ ဒါဒါ့ကိုတွေ့သွားခဲ့၏။ ရောဂါကထိုအချိန်မှာပဲ စခဲ့တာဖြစ်ကာချက်ချင်း.. ၊

"ခဏဖြစ်ဖြစ်ပြန်လာပေးပါကွာ..မင်းညီမကတစ်ယောက်တည်းဆိုတော့ ငါသွားလာဝင်ထွက်ဖို့ခက်တယ်၊ မင်းအဲ့ဒီအတွက် ဆုံးရှုံးနစ်နာဖို့ရှိသမျှ ငါတာဝန်ယူတယ်ကွာ..ခဏလောက်ပြန်လာပေး"ဟု နားပူလေသည်။

"ကိုစိုး..ဟော့ကောင်.."

"ဘာလဲ..ဒီမှာအထုပ်တောင် မချရသေးဘူး.."

သူ့အတွေးတွေကိုဖျက်၍ ပခုံးလာဆွဲသည့်လူကို ဖယ်ချပစ်လိုက်ကာ။

"ယောကျ်ားလေးတွေချည်းရှိနေတဲ့ထဲကို ဘယ်လိုလုပ်ဝင်လိုက်ရမှာလဲကွ..ပြီးတော့ ငါတို့ဒီနေ့အစီအစဉ်ထဲမှာ ဒါမပါဘူး.."

အောင်ခင်စိုးပြောလိုက်မှ သူမဒီအချိန်အခန်းရှေ့ ဘာလို့ရောက်နေတာလဲဆိုတာကို တွေးမိလာသည်။ ရန်ကုန်မှာ ဘယ်လိုအဖြစ်ဆိုးမျိုးနဲ့ရင်ဆိုင်ခဲ့ရတာတွေ ခင်ဦးပြောလို့ အောင်ခင်စိုးကတစ်ဆင့်သိခဲ့ပြီးပြီမို့.. ၊

"မင်းဘယ်လိုထင်လဲကိုစိုး.."

"ဘာလဲ.."

"သူဂေါက်သွားတာတော့ မဟုတ်လောက်ပါဘူးနော်.."

"ထင်တာပဲ.."

အောင်ခင်စိုးက အေးစက်စက်ဖြေရင်း ခရီးဆောင်လွယ်အိတ်ကို ချထားပြီးတာနှင့် မီးဖိုချောင်တန်းဝင်၏။ လင်းမြတ်ဇော်က လက်ကိုဆွဲထား



ကာ.. ၊

"သူအလုပ်မလုပ်ချင်လို့ ပြန်လာတာထင်တယ်..လာပါကွာ၊ အထဲမှာ စိတ်ချလက်ချဝင်နားလို့ရတယ် ဘာညာသွားပြောလိုက်ပါ.."

အောင်ခင်စိုးက စပ်ဖြဲဖြဲကြည့်ပြီး ခါးထောက်သည်။ ပြီးတော့ သူ့ကိုမေးဆတ်၍.. ၊

"စိတ်ချလက်ချနားဖို့ပြောရအောင် မင်းကိုစိတ်ချရမှာ သေချာလို့လား.."

လင်းမြတ်ဇော်က ရယ်သည်။ ပြီးတော့ သူ့ပါးစပ်ကိုလက်ခုံနဲ့ပိတ်သည့်ဟန်လုပ်ပြလိုက်ရင်း.. ၊

"လျှောက်ပြောမနေစမ်းပါနဲ့..ခုခေတ်မှာ မိန်းကလေးတစ်ယောက်နဲ့ ချစ်ရည်မျှဖို့ အဲ့လောက်ကြွေပျက်စရာ မလိုပါဘူး.."

"ဟွန်း..တော်တော်ပါးဝနေတဲ့ပုံပဲ.."

"ဟား ဟား ဟား.."

လင်းမြတ်ဇော်က ကြယ်သီးနှစ်လုံးကိုဖြုတ်ဝတ်ထားသည့် ရှပ်ကော်လံတစ်ဖက်ကို ဆွဲခါလိုက်ပြီး ခပ်ကြိတ်ကြိတ်ရယ်၏။ ထိုအခါ ပလက်တီနမ်နဲ့စိန်ရောသော Bling Blingကြိုးက ပြူးတူးပြဲတဲတောက်ပလင်းလက်နေလျက်.. ၊

"ခပ်တုံးတုံးကြွားရရင် ရုပ်ရှိရေလျှံဖို့ပဲလိုတာ..လူရည်ချွန်လိုကြွားရရင်တော့ 'ထိုသူဟာ လင်းမြတ်ဇော်ဖြစ်လေသည်'..ဟွန်း ဟွန်း.."

"ကိုလင်းမြတ်ဇော် ရှေ့ကခဏဖယ်ပေးပါ.."

ဟင်.. ၊

ရယ်သံသည် တိခနဲတိတ်ကျသွားခဲ့ပြီး ကမန်းကတန်းလှည့်ကြည့်လိုက်လျှင်.. ၊

"ခဏလောက်ပါ.."

သူ့နောက်မှာ ဒါဒါကစောင်ထုပ်လေးလား အဝတ်ထုပ်လေးလား..သက်လေးတစ်ဖက်နဲ့ဖက်ထားပြီး ရပ်နေကာ ဘယ်လိုသွားမလို့လဲတွေးစရာ ရေချိုးခန်းသာရှိတော့သဖြင့်.. ၊

"အာ..ဆောရီး၊ ရေချိုးခန်းဝင်မလို့လား.."

ပြောတာတွေ ကြားသွားပြီလား..။ လူကိုဘယ်လိုထင်သွားပြီလဲ..၊ သူမဘယ်နေရာကစပြီး ကြားသွားနိုင်မလဲ.. ၊

အတွေးတွေဖျတ်ဖျတ်လူး ပြောင်းဆန်သွားသည်။ ဘာလို့ဒီလောက် တောင် ထိတ်ပျာသွားမိမှန်းမသိခင် ဖယ်ပေးလိုက်မိကာ သူမသည်လည်း ရေချိုးခန်းထဲဝင်သွားပြီဖြစ်၏။ သို့သော် လင်းမြတ်ဇော်ခေါင်းကုတ်မလိုလို လက်သီးဆုပ်မလို မလုံမလဲတွေဖြစ်ကျန်ရစ်ကာ.. ၊

"ကိုစိုး...လုပ်ဦး ဟော့ကောင်.."

"ဟား ဟား ဟား.."

"ဟော့ကောင်.."

အောင်ခင်စိုး ပါးစပ်ကြီးကို လက်ဖဝါးတစ်ဖက်နဲ့ ဖိကပ်ပိတ်၍ ရှေ့ ကိုပြန်ဆွဲထုတ်ခဲ့ရင်း.. ၊

"တိုက်ခန်းက လက်ဝါးလောက်လေးနဲ့ ပါးစပ်ကြီးဖြဲရယ်နေတယ်.."

"ငါရယ်တာကြားသွားတော့ ဘာဖြစ်လဲ..တိုက်ခန်းလက်တစ်ဝါး လောက်လေးမှာ မင်းပဲထင်သလိုပြောနေတာ၊ ဟား ဟား ဟား.."

"အေး..အဲ့ဒါအကုန်ကြားသွားပြီလား.."

"သေချာတာပေါ့.."

"ဟော့ကောင် နည်းနည်းပါးပါး စိတ်သက်သာအောင်ပြော.."

ပြောလေရယ်လေဖြစ်နေခဲ့လျက် အောင်ခင်စိုးက အိမ်ရှေ့မှာပဲထိုင် ချလိုက်ကာ.. ၊

"လုပ်မနေပါနဲ့ကိုလင်းရာ..မင်းကိုလည်းဟိုက ရှိတယ်လို့တောင်ထင် တဲ့ပုံမရှိဘူး၊ ဘာတွေကြားသွားသွား အေးဆေးနေစမ်းပါ.."

"ဘာလဲ..ဒီရုပ်ကိုလား၊ ဒီမှာသေချာကြည့်.."

သူ့မျက်နှာသူ လက်ညှိုးထိုးပြပြီး ယုံကြည်မှုအပြည့်နှင့်မဲ့သည်။ နှုတ် ခမ်းတို့က တော်တော်နဲ့နေရာတကျမဖြစ်ဘဲ.. ၊

"ငါ့ကိုမြှောက်မပေးနဲ့နော်ကိုစိုး...တော်ကြာရှင်းမရတွေဖြစ်ကုန်လိမ့် မယ်၊ ယောကျ်ားတံခွန်လူရည်ချွန်ကွ၊ မရနိုင်တာ ဘာမှမရှိဘူး...အထူးသဖြင့် အခြေပျက်နေတဲ့ အဲ့လိုတစ်ခုလပ်မုဆိုးမလေးတွေ.."

"အေးပါကွာ..ရှင်းမရအောင်တော့ မလုပ်လိုက်ပါနဲ့၊ ငါ့မှာလည်း နှမ



နဲ့..ပြောမှားဆိုမှားရှိရင် တောင်းပန်ပါတယ်.."

မဲ့ရွဲ့ပြောနေသည့် အောင်ခင်စိုးမျက်နှာကြီးကိုကြည့်ပြီး လင်းမြတ် ဇော်က ဂုဏ်ယူဝင့်ကြွားစွာရယ်၏။ သို့သော် မကြာခင်လေးမှာပဲ သူ့မျက် နှာမှာ အပြုံးတွေပျောက်ကွယ်ကုန်လျက်.. ၊

"ကိုစိုး ဟိုတစ်ယောက်ခုထိထွက်မလာပါလား.."

"ဟင်..ဘာဖြစ်လို့လဲ.."

"ရေချိုးခန်း အိမ်သာ တွဲထားတာမို့လားဒီမှာ.."

"အေးလေ..မ အိမ်သာတက်ချင်လို့လား.."

ခေါင်းညိတ်ပြီး ထိုင်ရာကထရပ်လိုက်မိသည်။ အောင်ခင်စိုးလည်း အတူထရပ်ကာ.. ၊

"ခဏစောင့်ပြီး ငါတံခါးသွားထုပေးပါ့မယ်..ခဏတော့စောင့်ပါ.."

စောင့်ကြည့်နေကြရင်း လင်းမြတ်ဇော်အခြေအနေဆိုးလာသည်။ အ ထဲကရေသံလည်းမကြား လှုပ်ရှားသံလည်းမထွက်လျှင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။ ပိုဆိုးတာက အောင်ခင်စိုးလည်းဗိုက်နာလာခဲ့ လျက်.. ၊

"ငါကမင်းထက်ဆိုးတယ်.."

ဟု မျက်နှာပျက်ပျက်နှင့် ပြော၍.. ၊

"ဒေါက်..ဒေါက်.."

"..............."

"ဒေါက်..ဒေါက်.."

"ဇေဒါဖြူ..ညီမ.."

"ဒေါက်..ဒေါက်.."

တံခါးခေါက်လိုက် ခေါ်ကြည့်လိုက်နှင့် ဘယ်လိုပဲခေါ်ခေါ် တုံ့ပြန်သံ မကြားရ။ နောက်ဆုံး သူတို့ပဲအပြင်ကိုပြေးရတော့သည့်အဖြစ်ကိုရောက် လျက်.. ၊

"ဘာလုပ်နေလို့လဲ..အထဲမှာကြိုးဆွဲချပြီး သေနေတာလား.."လို့ ပြေး သွားရင်း နှစ်ယောက်ပြိုင်တူကျိန်ဆဲပြောမိကြသည်။ သူမကတော့ ညနေခင်း ပြန်လာကာမှ အတော်ကြီးခေါ်ထုတ်ရကာ မျက်နှာပြည့်ပြည့်အစ်အစ်ကို

လက်ခုံနဲ့ပွတ်သပ်၍ အိပ်ချင်မူးတူးဖြစ်နေသေးပုံနှင့်.. ။

“ပြန်လာပြီလား..အိပ်လို့ကောင်းလိုက်တာ..”တဲ့.. ။

ညီမဖြစ်သူကလည်း အစ်ကိုတစ်ယောက်လုံး ဒုက္ခရောက်ခဲ့တာကို မေ့သွားတာလား ဂရုမစိုက်တာလား..။ သူ့သူငယ်ချင်းအိပ်ပျော်သွားတယ်ဆိုတော့ ဝမ်းသာအားရကြီးထဖြစ်လို့.. ။

“အိပ်ပျော်တယ်ပေါ့..ကောင်းလိုက်တာ၊ အဲ့ဒါမှ နင်အားရှိမှာ..”တဲ့..

ဒီမှာ အစ်ကိုတစ်ယောက်လုံးကို.. ။



## အခန်း(၄၅)

“အဲ့ဒီတစ်ယောက်ပဲ..ဒါဒါ့ပထွေးဦးဝင်းမောင်ဆိုတာ..”

အိုးအိမ်နေရာပြန်လည်ချထားရေးအတွက် သက်ဆိုင်ရာလူကြီးတချို့နှင့် ထွန်းထွန်းတို့သုံးယောက်ကို သူလွှဲထားခဲ့သည်။ အစည်းအဝေးပြီးချိန်လောက်ကျမှ ရောက်လာခဲ့လျှင် သူကားပေါ်ကဆင်းတာနှင့် ဝေဒကအနားကပ်လာပြီး မသိမသာညွှန်ပြသည်။ ဦးဝင်းမောင်က အသားမည်းညစ်ညစ် အရပ်ပုပုမှာ နို့စိမ်းရောင်ဖျော့ဖျော့ရှပ်အင်္ကျီလက်တိုကို ဝတ်ထားသည်။ နှာခေါင်းကြီးကြီး နှုတ်ခမ်းထူထူဖြစ်ကာ အပြောကြီး၍ သဘောကောင်းမည့်ပုံစံဟု ထင်စရာရှိသည်။ သို့သော် ဒီလိုပုံစံမျိုးနှင့်တချို့သောလူတွေကတော့ မိန်းမလိုမိန်းမရစိတ်ရှိတတ်ကြ၏။ တချို့ကတော့ အတင်းအဖျင်းပြောတာမျိုးလည်းရှိသည်။

ဦးဝင်းမောင်က သူ့အရွယ်လူကြီးတစ်ယောက်နှင့် စကားပြောရင်းလျှောက်လာကာ ကိုကို့ရှေ့ရောက်လျှင်.. ။

“ကေတူးဆောက်လုပ်ရေးက သူဌေးထင်တယ်..ဟွန်း ဟွန်း ကျွန်တော်တို့က အားလုံးညီညွတ်အောင် ခေါင်းဆောင်ပေးနေတာပါခင်ဗျ..သူ

ဌေးကိုခုမှပဲ သေချာမြင်ဖူးတော့တယ်၊ ကျွန်တော်က ဦးဝင်းမောင်ပါ..”

ကိုကိုကပြုံးလိုက်ရင်း မျက်မှန်ချွတ်၍.. ၊

“ကျေးဇူးပါ..ဦးဝင်းမောင်က ဥက္ကဋ္ဌနဲ့ဆွေမျိုးတော်တာလား၊ ဦးမင်းလွင်နဲ့အတူရှိနေတတ်တာတွေ့လို့..”

“ဟာ..သူဌေးကသိနေတာလား..”

ဦးဝင်းမောင်မျက်နှာကြီးက အစွမ်းကုန်ချိုပြီသွားသည်။ သူဌေးကသူ့ကိုသိနေသည့်အဖြစ်အတွက် တခြားသူတွေကြားကြရဲ့လားဆိုသည့် ဂုဏ်ယူလိုစိတ်ဖြင့် ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်သေးသည်။ ပြန်စေ့လို့မရတော့သလို သွားကြီးအဖြီးသားနှင့် ခေါင်းတစ်ပတ်လည်သွားပြီးမှ.. ၊

“ဟုတ်ပါတယ်..ဥက္ကဋ္ဌနဲ့လည်း ဆွေမျိုးမကင်းပါပဲ၊ ကိုလွင်ကလည်း ဘာဖြစ်ဖြစ် ကျွန်တော့်ကိုပဲလွှဲထားတာလေ..အခု ဆောက်လုပ်ရေးကိစ္စအတွက် မညီညွတ်ကြတဲ့လူတွေဆို အများကြီးပေါ့၊ သူဌေးသိမှာပါ..တချို့လူတွေက ရှေးရိုးစွဲတယ်ပဲပြောမလား၊ ကိုယ့်အိမ်ကိုယ့်ရာကို ဘာပေးပေးမခွာချင်ကြတာ..အဟွန်း..”

“ဟုတ်တယ်ဗျ..အဲ့လိုလူတွေကို ကျွန်တော်တို့က စည်းရုံးကြတာလေ”

ဘေးကတစ်ယောက်ကလည်း သူ့ထက်ငါကြော်ငြာဝင်ချင်သည်။ ဦးဝင်းမောင်က သရော်လှောင်ပြောင်သလို ပြန်ငဲ့ကြည့်ကာ.. ၊

“ကိုထွန်းစိန်က ပြောတော့မယ်ဗျာ..ဒီအစည်းအဝေးတက်ဖို့တောင် ခင်ဗျားကို မနည်းခေါ်ထုတ်ရတာကို..”

“ဟာဗျာ..ကျုပ် ဒီတစ်ခါပဲမအားလို့ နောက်ကျတာပါ၊ အားမနာပါနဲ့ သူဌေး..နောက်ဆိုဘာဖြစ်ဖြစ် ကျွန်တော့်ကိုခိုင်းပါ၊ ကျွန်တော့်ဖုန်းနံပါတ်က..”

“ခင်ဗျားကိုခေါ်လည်း ခင်ဗျားဖုန်းက သမီးဆီရောက်လိုက် မယားဆီရောက်လိုက်ပါ၊ ဒီမှာသူဌေး ကျွန်တော့်ဖုန်းနံပါတ်..ဥက္ကဋ္ဌနဲ့ပြောချင်တာရှိရင်လည်း ကျွန်တော့်ကိုပြောလို့ရတယ်၊ ကျွန်တော့်ကိုခိုင်းချင်တာရှိရင်လည်း အချိန်မရွေးပါ..”

နှစ်ယောက်အလုအယက်ဖြစ်နေကြတာကိုကြည့်ပြီး အစည်းအဝေးပြီးလို့ထွက်လာကြသည့် လူတချို့ပါ အနားမှာဝိုင်းအုံလာကြသည်။ ထိုစဉ်



ဖုန်းဝင်လာသဖြင့် ဧဒနဲ့ထားခဲ့ပြီး သူတစ်နေရာကိုလျှောက်ထွက်လာခဲ့ရင်း။

“အေး..ပြော..”

“သေချာစုံစမ်းပြီးပြီ..သူ့သူငယ်ချင်းတစ်ယောက်နဲ့နေတာ..”

“အခု ဘာလုပ်နေတာလဲ..”

“အလုပ်ရှာနေတုန်းပဲ..အဲ့ဒါကမသေချာဘူး၊ ငါသူ့ကိုတစ်ခါမှမတွေ့ဘူးကွ..သံလမ်းထောင့်မှာ တစ်ခါမြင်လိုက်တာပဲရှိတယ်..”

“ကျွဲဆည်ကန်ဆိုတာလား..”

“အေး..ဟုတ်တယ်၊ မပူပါနဲ့ ငါ့ကောင်လေးကခြောက်ဆယ့်နှစ်လမ်းမှာနေတာ..သွားရှိုးရုံပဲ၊ ဒါပေမဲ့ သူ့အတွက်အလုပ်ကိစ္စတွေဖွင့်ပေးထားဖို့ဆိုတာကတော့ သိပ်အဆင်ပြေမှာမဟုတ်ဘူးကိုကို..သူ့မှာဘွဲ့လက်မှတ် ဆာတီဖိကိတ်ဘာမှရှိမှာ မဟုတ်တော့..”

ဖုန်းပြောနေရင်း သူ့ခေါင်းထဲမှာ ဒါဒါ့အတွက်အဆင်ပြေအောင် ဘာလုပ်ပေးနိုင်မလဲဆိုတာတွေ အပူတပြင်းဖြစ်လာသည်။ ရန်ကုန်မှာရှိနေရင် ဒီ့ထက်အဆင်ပြေမှာပေမယ့် သူမကမန္တလေးမှာပဲ အခြေချတော့မည့်ပုံရှိနေသည်။ သူသည်လည်း ဒီနေရာမှာအခြေတည်မယ့် ပရောဂျက်ကစနေပြီဖြစ်ရာ.. ၊

“ဘာတွေအဆင်မပြေဖြစ်နေလို့လဲ..”

ဧဒအနားရောက်လာတော့ သူစိတ်ရှုပ်နေရတာတွေ ပြောပြမိကာ..၊

“သူဟိုမှာအလုပ်အဆင်ပြေဖို့က ရပ်ကွက်ထဲက တစ်နိုင်တစ်ပိုင်စီးပွားလေးတွေနဲ့ပဲဖြစ်မှာ..”

ပြောရင်း သက်ပြင်းခိုးချမိ၏။ သူမအလုပ်ရှာနေသည်ဆိုသောကြောင့် မန္တလေးမြို့မှာ သူလက်လှမ်းမီသမျှ ကုမ္ပဏီတွေ စက်ရုံလုပ်ငန်းတွေမှာ သူမအတွက် လမ်းဖွင့်ပေးထားခဲ့သည်။ ဒါပေမဲ့ သူမရောက်မလာခဲ့ပေ။ အခြေအနေက ကိုယ်ဖန်တီးပေးဖို့မဖြစ်နိုင်သည့် ကွာဟချက်တွေဖြစ်နေခဲ့ရာ.. ၊

“အဲ့ဒါပဲကိုကို..မင်းသူ့ကိုကယ်ချင်တာတောင် ဘယ်လိုမှဖမ်းဆွဲလို့မမီတဲ့အကွာအဝေးတွေဖြစ်နေတယ်မို့လား၊ မင်းတို့အဆင့်အတန်းက အရမ်းကွာလွန်းပါတယ်ကွာ..”

“ဘာဖြစ်လို့ငါကျမှလဲ..သိကြားမင်းဦးမဃ(မာဃ)တောင် လူ့ဘဝမှာ

ကျန်ခဲ့တဲ့ဇနီးကို နတ်ပြည်ရောက်အောင်ခေါ်နိုင်သေးတာ..”

“အေးလေ..ဦးမာဃက သိကြားမင်းကိုး..”

“ဟွန်း..”

ကိုကိုက စီးကရက်မီးညှိမလို့ထုတ်နေရင်း ပြုံးကာ.. ၊

“ဦးမာဃက သိကြားမင်းဖြစ်နေမှ သူ့ဇနီးကိုပြန်ခေါ်ရတာ..ငါကငါ ဘယ်ရောက်နေနေ ဘယ်သွားသွား ငါ့ဘေးမှာသူ့ကိုအမြဲထားမှာ၊ ဆုပ်ကိုင်မိပြီဆိုရင် အဲ့ဒီလက်ကို လုံးဝပြန်လွှတ်မှာမဟုတ်ဘူး..”

“ဟား ဟား ဟား..အေးပါ၊ ငါကလောလောဆယ် မင်းနဲ့သူပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေတာကိုပဲ ပြောတာပါ..ဒီအခြေအနေကိုပဲ နီးစပ်အောင်ကြိုးစားကြည့်ပါဦးလို့..”

“မင်းရယ်တာ နည်းနည်းစောပါသေးတယ်..ငါဘာလုပ်နိုင်သလဲ စောင့်ကြည့်ဦး..”

ရယ်နေတာက ရယ်လက်စနဲ့ဖြစ်ကာ ကိုကိုဘာလုပ်နိုင်သလဲဆိုတာ သိနေသည့်ရင်ထဲမှာတော့ ခပ်လေးလေးပင်။ ရောကန်အသင့်ကြာအသင့်ဆိုတာ ဖန်ဆင်းရှင်ရဲ့လက်တစ်ဖက်မှာပဲရှိတာမို့ တစ်နေ့နေ့ဆိုတာလည်း ပြတ်ရယ်ပြုဖို့စောသေးသည့် ကာလတစ်ခုပဲဖြစ်လေသည်။

ဗေဒါဖြူဆိုတဲ့ မိန်းကလေးအတွက် ကိုကိုဘာလုပ်မှာလဲ.. ၊

☎



အခန်း(၄၆)

ဘာလုပ်ရမှန်းမသိဘဲ နေ့စဉ်ယောင်ချာချာဖြစ်နေရသည့် ကိုယ့်ခြေလှမ်းတွေကို ဘယ်လိုအဆုံးသတ်ရမှန်းမသိဖြစ်လာတိုင်း အိမ်ပြန်လမ်းကိုပဲ ဖြစ်နေခဲ့လျက် သူမသည် ဦးတည်ရာမဲ့လေလွင့်ရွက်ဝါဖြစ်နေပြီလား..ဒါမှမဟုတ် လူဖြစ်ပြီးလူတန်ဖိုးမသိသော.. ၊

“ကလစ်..”

တံခါးဖွင့်လိုက်သံကြောင့် နောက်လှည့်ကြည့်လိုက်မိလျှင်.. ၊

“ရှင် ဘာလုပ်တာလဲ..”

“တို့လား..”

ပိုင်နိုင်သည့်အပြုံးနှင့် ပန်းရင့်ရောင်တီရှပ်ဝတ်ထားသည့်မျက်နှာကန်းရောင်သမ်းနေသည်။ မြင်လိုက်ရတိုင်း တရမ်းရမ်းလက်နေတတ်သည့်ကြိုးကြီးက ကြယ်သီးဖြုတ်ထားသည့် သူ့ရင်ဘက်မှာမမြင်ချင်မှအဆုံးသည်လည်း ထိုအရာကြီးကို မြင်စေချင်ပုံရှိကာ.. ၊

“တို့ကအောင်ခင်စိုးရဲ့ အရင်းနှီးဆုံးသူငယ်ချင်းလေ..လင်းမြတ်ဇော်”

“အခု ဒီမှာဘယ်သူမှမရှိကြဘူး..’

"ဘယ်သူရှိရှိမရှိရှိ ဘယ်အချိန်ဖြစ်ဖြစ် တို့ကဒီမှာဝင်ထွက်ခွင့်ရှိတယ် ..ဒီလိုပဲသွားလာနေကျ.."

ဒါမဖြစ်နိုင်။ ဒီလူမပြောနဲ့ အောင်ခင်စိုးကိုယ်တိုင် အိမ်ကိုတစ်နှစ်နေလို့ တစ်ခါပြန်လာတတ်တာမဟုတ်ဟု ခင်ဦးသေချာပြောပြခဲ့တာ။ ဒါဒါကမျက်မှောင်လေးကုတ်သွားပြီး ခုပဲချလိုက်သည့် သိုးမွှေးပိုက်ဆံအိတ်ပြား လေးကို ပြန်ကောက်ကိုင်လျှင်.. ၊

"ထိုင်ပါ..တို့ကလည်း မင်းနဲ့ပြောချင်လို့ စောင့်နေတာ.."

"ဘာ.."

ကိုယ့်ခြေလှမ်းတွေ အဓိပ္ပာယ်မဲ့နေခဲ့မှန်း သတိရလာသည့်အချိန်မှာ ယောက်ျားတစ်ယောက်၏ရွှံရှာဖွယ်အပြုံးက မြုပ်ကွယ်နေသည့်အသိစိတ်တို့ကို လှုပ်နှိုးလိုက်သလိုပင်။ ဆဋ္ဌမအာရုံ၏ သတိပေးချက်တို့သည် နင်ကမှဆိုးမ..နင်အခုဘဝပျက်နေသည်၊ နင်သည်တစ်ယောက်တည်း.. ၊

ဒါဒါပိုက်ဆံအိတ်ကို တင်းတင်းဆုပ်၍ တံခါးဆီချက်ချင်းပြန်လှည့်၏။ လင်းမြတ်ဇော်က သူမရှေ့ကို ကမန်းကတန်းပြေးပိတ်လိုက်ကာ.. ၊

"ဒါဒါ..အဲ ဗေဒါဖြူ.."

လူချင်းနီးကပ်သွားသဖြင့် ဒါဒါနောက်ပြန်ဆုတ်လိုက်ရကာ.. ၊

"ရှေ့ကဖယ်ပေးပါ.."

"တို့ချင်းဆွေးနွေးကြည့်လို့ရပါတယ်.."

"ဘာကိုလဲ.."

"မင်းအတွက် အရာရာကိုယ်ဖြည့်ဆည်းပေးနိုင်တယ်.."

ဒါဒါ့ပါးပြင်လေးတွေ ရဲတက်သွားသည်။ သူကစိုက်ကြည့်နေပြီး ရှေ့တိုးလာ၏။ တစ်နေ့က သူမရေချိုးခန်းထဲဝင်ပြီး တံခါးပိတ်အိပ်နေတည်းက သူ့စိတ်တွေဘာဖြစ်ကုန်သည်မသိခဲ့။ စားလို့မဖြောင့် အိပ်လို့မပျော်။ သူမကိုပဲ မြင်ယောင်ကာ မပြည့်မြောက်သည့်ဆန္ဒတစ်ခုက လူတစ်ကိုယ်လုံးကို မီးဟပ်ခံနေရတဲ့အတိုင်း.. ၊

"ဒီမှာဒါဒါ..မာနဆိုတာ အရာရာကိုလောင်မြိုက်စေတဲ့အရာပါ၊ ငါ မင်းအကြောင်းတွေ ကြားပြီးပြီ..မင်းရဲ့မာနတွေကို ခဏဘေးချိတ်ပြီး လိုအပ်တာချင်း ညှိနှိုင်းကြရအောင်.."



"တောက်.."

"မင်းမမျှော်မှန်းဝံ့တဲ့အခြေအနေမျိုး တို့ဖန်တီးပေးနိုင်တယ်..မင်းသိ ဘတ်ရမှာတစ်ခုပဲ.."

အချိုးကျလှပသည့် အရှိုက်အဝန်းတို့ပေါ်မှာ လင်းမြတ်ဇော်ရဲ့အကြည့်တွေ ရူးရူးရဲရဲရွှေ့လျားနေကြလျှင် ဒါဒါလက်သီးဆုပ်ထားလိုက်မိသည်။ အထက်စီးဆိုသည့် အဆင့်အတန်းကနေ အောက်ကလူကိုငုံ့ကြည့်ပြီး အပိုင်တွက်ထားသည့် သူ့ဌေးသား.. ၊

"မကြောက်ပါနဲ့ကွာ..မင်းကိုအတည်လက်ထပ်ဖို့က တို့ကလူမျိုးအသိုင်းအဝိုင်းကလည်း ဘယ်လိုမှလက်ခံကြမှာမဟုတ်ဘူး..ဒါပေမဲ့ တို့ရဲ့ မယားသီဖြစ်ဖို့ကလွဲရင် မင်းအတွက်အားလုံးပြည့်စုံပိုလျှံအောင် တို့ဖန်တီးပေးလို့ရတယ်..မင်းဘက်ကအခြေအနေမျိုးနဲ့ အများကြီးစိတ်ကူးယဉ်နေရင်တော့ ရလာတဲ့အခွင့်အရေးတွေ ဆုံးရှုံးကုန်လိမ့်မယ်.."

ဒေါသကို ပြန်မျိုချရင်း အသက်ဝဝရှူသည်။ ပြီးတော့ ကိုင်ထားသည့် ပိုက်ဆံအိတ်လေးကို စားပွဲပေါ်ပြန်ချလိုက်လျှင် လင်းမြတ်ဇော်မျက်နှာပြုံးသွားသည်။ ဒီလိုပဲဖြစ်ရမယ်ဆိုသည့် အောင်နိုင်သူအပြုံး.. ၊

"ရှင့်ကိုယ်ရှင်ရော ဆန္ဒတွေစောနေတယ် မထင်ဘူးလား.."

"ဟား..မင်းအတွက်ဆို နောက်တောင်ကျနေတယ်လို့ တို့ကထင်တာ"

သူကပြောပြီး ရှေ့တိုးလာသည်။ တံခါးပိတ်ထားသည့် တိုက်ခန်းလေးထဲမှာ ပါးရိုက်ဖို့ကြိုးစားရင်း ဘဝပျက်သွားနိုင်တာမို့ ဒါဒါမသိမသာနောက်ဆုတ်ရင်း မျက်နှာမပျက်အောင်ထိန်း၍.. ၊

"ခုလေးတင် အလုပ်ထွက်ရှာပြီး ခြေကုန်လက်ပန်းကျပြန်လာတာမို့လား..ဒီလိုနေ့တွေ ဘယ်လောက်တောင် များခဲ့ပြီလဲ၊ ပြန်တွေးကြည့်ပါဦး..အလုပ်ရရင်တောင် မိုးလင်းတာနဲ့ ထမင်းချိုင့်လေးဆွဲထွက် အချိန်ကုန်မှပြန်လာ..အဲ့ဒီကရတဲ့လစာလေး နှစ်သိန်းသုံးသိန်းလောက်ကို တို့အတွက်မင်းအလှဆုံးပြင်ဆင်ပြီး စောင့်နေရုံနဲ့ အေးဆေးယူရုံပဲ..ပြီးတော့ မင်းနေဖို့သီးသန့်တိုက် စီးဖို့ကားကအစ.."

သူကပြောနေရင်း ဘောင်းဘီအိတ်ထဲကို လက်နှိုက်သည်။ ပြန်ထုတ်လိုက်တော့ လက်ထဲမှာတစ်သောင်းတန်အုပ်တစ်အုပ်ပါလာကာ.. ၊

"ဒါဘယ်လောက်လဲသိလား.."

ဒါဒါက တစ်ချက်ပဲကြည့်ပြီး မဲ့သည်။ နည်းသေးသည်ဆိုတဲ့ သဘော..။ ညှိနှိုင်းလို့အဆင်ပြေပြီဆိုသည့်အပြုံးနှင့် လင်းမြတ်ဇော်က သွားတွေပေါ်အောင်ရယ်သည်။ ဒါဒါက ရေခဲသေတ္တာသွားဖွင့်ကာ အထဲကတစ်လုံးတည်းသော ပန်းသီးလေးကိုယူလိုက်သည်။ ပြီးတော့ မီးဖိုချောင်ဘက်ဆက်သွားလျှင် လင်းမြတ်ဇော်က ပါလာကာ.. ။

"ဟိတ်.."

ဒါဒါ့နောက်က ခါးလေးကိုလက်လှမ်းဖက်ပစ်လိုက်ကာ.. ။

"ပိုက်ဆံဆိုတာ စိတ်မဝင်စားသလို မလုပ်ကောင်းဘူး..ဟန်ဆောင်ပန်ဆောင်တွေ လုပ်မနေပါနဲ့ကွာ.."

သူ ဒါဒါ့ဆံပင်တွေကို မျက်နှာနဲ့တိုက်ဖယ်၍ လည်ပင်းကြားထဲကို မျက်နှာဖိနှစ်ဖို့ကြိုးစားလျှင်.. ။

"အား.."

ခါးမှာသိုင်းဖက်ထားသည့် လက်ဖျံတစ်ဖက်မှာ ပြင်းရှစွာနာကျင်သွား၏။ အပိုင်အနိုင်ဖက်ထားသည့်လက်တို့ ပြေထွက်သွားကာ လူသည်လည်းနောက်သို့ ဒယိမ်းဒယိုင်ဆုတ်သွားခဲ့၏။

"မင်း..မင်း အား.."

လက်ဖျံမှာ နက်ရှိုင်းသည့်ဓားဒဏ်ရာက သုံးလက်မခန့်ရှည်ကာ သွေးတွေစီးကျလာတာ မြင်မကောင်း။ ဒါဒါက သစ်သီးလှီးသည့်ဓားမြောင်လေးကို ကျစ်နေအောင်ဆုပ်ထားပြီး လင်းမြတ်ဇော်ကို စိုက်ကြည့်နေကာ.. ။

"ပိုက်ဆံမမက်တဲ့လူတော့ မရှိဘူးလင်းမြတ်ဇော်..ဒါပေမဲ့ ကျွန်မမိန်းမပျက်မဟုတ်ဘူး၊ ပိုက်ဆံပစ်ချပေးပြီး ပျော်ပါးချင်ရင် ရှင်နေရာမှားနေပြီ-"

"စကားကြီးစကားကျယ်တွေ မပြောနဲ့ဗေဒါဖြူ..မင်းကိုယ်မင်းဘယ်လောက်ထိ အထင်ကြီးနေသလဲ၊ သူများအိမ်မှာကပ်နေရတဲ့ မုဆိုးမတစ်ယောက်က ဘာတွေမျှော်လင့်နေတာလဲ.."

"ရှင်အထင်သေးတတ်တာကိုပဲ သတိထားစမ်းပါ..မိန်းမတစ်ယောက်ကို ဘာကြောင့်အလိုရှိတာဖြစ်ဖြစ် ကြည်ဖြူချင်အောင် အရင်ကြိုးစားမှပေါ့၊ ကြိုက်ရင်ခြင်ထောင်ထဲ မကြိုက်ရင် ထောင်ထဲဆိုတဲ့စကားရှိတယ်.. အဲဒီမိန်း



ဘောကြိုက်သလဲ ရှင်မစုံစမ်းသင့်ဘူးလား.."

ပြောနေရင်း ဓားထောင်ပြပြီး ရှေ့တက်လိုက်တော့ လင်းမြတ်ဇော်အလန့်တကြား နောက်ဆုတ်၏။ ဒါဒါက ရှေ့ဆက်တိုးတော့ သူထပ်ဆုတ်ရတာ.. ။

"မင်းနော်.."

လင်းမြတ်ဇော် နောက်ထပ်ဆုတ်နေရင်း တံခါးနဲ့ကျောကပ်မိကာ ချက်ချင်းတံခါးလှည့်ဖွင့်ပြီး ထွက်ပြေးလေသည်။ ဒါဒါတံခါးပြေးပိတ်သည်။ ထို့နောက် ဓားကိုလွှတ်ချလိုက်၏။ ကြမ်းပေါ်မှာ သွေးစက်များဖြင့် သွေးစွန်းနေသောဓားသည် သူမလက်တို့ကို ဆတ်ဆတ်တုန်လာစေလျက်.. ။

"သူများအိမ်မှာ ကပ်နေရတဲ့မုဆိုးမ.."

"ငါကလူပျို.."

"မင်းအလှဆုံးပြင်ဆင်ပြီး စောင့်နေရုံနဲ့အေးဆေးယူရုံပဲ.."

ပြောသွားသမျှသည် သူမဘာတွေလုပ်နေခဲ့သလဲ..ဘာတွေဖြစ်နေသလဲဆိုတာကို မီးမောင်းထိုးပြလိုက်သည့်နှယ်.. ။

နင်သွားတော့ ဒါဒါ..သူများအိမ်မှာ ကပ်မနေနဲ့တော့.. ။

## အခန်း(၄၇)

"ဒါဒါ နင်အဲ့လိုထွက်သွားလို့မရဘူးနော်..ဟဲ့.."

"မဒါ နေဦး.."

မောင်နမနှစ်ယောက် ဒေါသထွက်နေသည့်ကြားက ဒီတိုင်းလည်းမနေခဲ့နိုင်ဘဲ ဒါဒါ့နောက်ကိုပြေးလိုက်ရတော့သည်။ တစ်မနက်လုံး သူမကိုရှာတဲ့အလုပ်နဲ့ပဲ ခုချိန်ထိဘာတစ်ခုမှ မစားရသေးပေ။ သင်းကတော့ ဘုရားမှာလာပြီး အေးရာအေးကြောင်း အဆင်တွေပြေလို့.. ။

"တွေ့လားမလေး..လုပ်သွားတဲ့ပုံက.."

"တွေ့တယ်..သူ့ကိုယ်သူ ဘာထင်နေလဲမသိဘူး၊ ဒါဒါနေဦး..နင့်အရှုပ်ထုပ်ကို နင်ရှင်းရမှာနော်၊ ငါတို့ကအားလုံးသိက္ခာကျမှာစိုးလို့ လိုက်လာပြီး လူလိုသူလိုပြောနေတာ..ဒီထက်စော်ကားလာရင်တော့ ဖြစ်ချင်ရာဖြစ် ရဲနဲ့လိုက်ဖမ်းလို့ ပြောပေးလိုက်မှာ.."

ဒါဒါ့ခြေလှမ်းတွေ ဘုရားစောင်းတန်းအဆင်းကျမှ ရပ်တန့်သွားသည်။ သံသာဝေတို့မောင်နမ မောလည်းမော ဒေါသတွေလည်းထွက်နေကြလျက်.. ။



"ပထွေးတွေနဲ့ခြောက်လိုက်တော့ ကြောက်သွားပြီလား.."

"ကြောက်နေတာက နင်တို့ပါ..ငါ့ဖုန်းကိုငါ နင်တို့အိမ်ကမသွားခင်တည်းက.."

သူမအကြည့်တွေ ထက်ဝေအောင်ဆီရောက်သွားကာ.. ။

"နင်တို့ယူဝှက်ထားတာ ငါမသိဘူးမှတ်လို့လား..မုန့်ဝေတော့စားပြီး တုတ်ဝေကာမှ ငါ့အလှည့်တဲ့၊ ဟွန်း.."

"နင့်ဘာသာ လူကြီးတွေကို ပတ်စော်ကားပြီး ခါးကော့ဆင်းသွားတာ ဒါဒါ..နင့်ဟာကို ဘယ်သူကယူဝှက်ထားရမှာလဲ၊ အခု အဲ့ဒီဖုန်းကို ပိုင်ရှင်လိုက်လာပြီ..ငါတို့ကို ခိုးပါတယ်ဆိုပြီး ဖုန်းပြန်ပေးတာတောင် အချုပ်ထဲဆွဲထည့်ဦးမယ်လုပ်နေတာ.."

သေချာရှင်းပြရရင် ဖုန်းရောင်းမိသည့်ကိစ္စကစပြီး အားလုံးပေါ်ကုန်တော့မှာမို့စကားက မဆုံးသေးဘဲ ဟိုရောက်ဒီရောက်။ ညတည်းက လူနှစ်ယောက်ရောက်လာသည်။ ထိုသူတွေကိုခေါ်လာသူက ထက်ဝေအောင်ဆီက ဖုန်းဝယ်လိုက်သည့် ကိုသာချိုဖြစ်ကာ.. ။

"ဒီမှာဖုန်းပိုင်ရှင်က ငါ့ကိုပြဿနာရှာနေတယ်..ဒီဖုန်းနင်တို့ဘယ်ကရတာလဲ.."တဲ့.. ။

အစတည်းက ဒီဖုန်းမျိုး ကိုယ်တွေဝယ်မကိုင်နိုင်မှန်းသိရက်နဲ့ ဈေးချိုချိုနဲ့အချောင်ရလို့ ဝယ်ခဲ့တာ။ ပိုင်ရှင်ပေါ်ကာမှ လူတွေကိုသူခိုးဖြစ်အောင် အပြစ်ပုံချသည်။ ထို့ပြင်သူတို့ရောင်းလိုက်တာ နှစ်သိန်းပဲရသည်။ iPhone XS Maxမို့ တန်ဖိုးကြီးမှန်းသိပေမယ့် လူတိုင်းကိုလည်းမရောင်းရဲ ဖုန်းကလည်း ဖုန်းပြောရုံ မက်ဆေ့ပို့ရုံအပြင် တခြားဆော့ဖ်ဝဲတွေလည်း ဘာမှဖွင့်မရသဖြင့် အမှိုက်ဈေးလို့ သတ်မှတ်ခဲ့၍.. ။

"ငါကတော့ ငါ့ပိုက်ဆံအဆုံးမခံနိုင်ဘူး..သူတို့က လာရောင်းတဲ့သူကို မပြနိုင်ရင် ဖုန်းပြန်ပေးရင်တောင် တရားစွဲဦးမှာတဲ့၊ အဲ့ဒါမင်းတို့ရှင်းပေးနော်..ငါလုံးဝထိခိုက်မခံနိုင်ဘူး.."ဟု အိမ်မှာလာရောက်ကြိမ်းမောင်းသွားခဲ့၏။ ကြည့်လိုက်တော့ ပါလာသည့်လူနှစ်ယောက်က အကောင်းစားကားကြီးနဲ့ဖြစ်ကာ ညဘက်အနည်းငယ်လှမ်းနေသဖြင့် မျက်နှာတွေကိုသေချာမမြင်လိုက်ပေမယ့် ဒီလိုလူတွေက ပြဿနာရှာမယ်ဆို ကိုယ်လိုလူတန်းစား

တွေက ဘယ်လိုအင်အားနဲ့ရင်ဆိုင်မှာလဲ.. ၊

မနက်ဖြန်ရှင်းကြမည်လို့ တိုင်မာခေါ်သွားတည်းက မိုးမလင်းမချင်း ပူလိုက်ရတဲ့ရင်တွေ။ မောင်နှမချင်းရန်ဖြစ်ရ မေမေဆူတာခံလိုက်ရ။ ပြီးတော့ သုံးတောင်မသုံးရသေးသည့် ပိုက်ဆံနှစ်သိန်းကို ကျစ်နေအောင်ဆုပ်ထားပြီး မိုးလင်းမယ့်အချိန်ကို ငုတ်တုတ်ထိုင်စောင့်ခဲ့ရ၏။ ပျော်ခဲ့ရသမျှ ထိုအချိန်မှာ ကြက်ပျောက်ငှက်ပျောက်။ ထို့ပြင် ဒီလိုဖုန်းကြီးကိုတောင် မေ့မေ့ပျောက်ပျောက်ထားခဲ့တဲ့ ဒါဒါငနံမလို့ ရေရွတ်ရင်း ကျပျောက်တဲ့လူက မနေမျောရဘဲ ကောက်ရတဲ့သူက နေမျောနေမိသလို အဖြစ်သနစ်တို့ဟာ ခုကျတော့ အိမ်ပေါ်မှာမြွေပွေးအကောင်နှစ်ဆယ်လောက် အထုပ်လိုက်ထတင်ထားခဲ့သည့် တရားခံကဲ့သို့ ဒါဒါ့ကိုမုန်းတီးမိစွာ.. ၊

"အဲ့ဒီပြဿနာကို နင်လိုက်ရှင်းမှဖြစ်မှာ..အဲ့ဒီဖုန်းကို နင်ဘယ်ကခိုးလာတာလဲ.."

မျက်နှာချင်းဆိုင်မိကြတော့ ဒါပဲထပ်မေးလိုက်မိသည်။ သို့သော် ဒါဒါမျက်နှာတင်းနေတာကိုကြည့်၍ သံသာဝေသဘောပေါက်သွားသည်။ လောလောဆယ်ဖုန်းရောင်းတာက ထက်ဝေအောင်ပဲဖြစ်ကာ ဒါဒါ့ကိုခေါ်ထုတ်မသွားနိုင်လျှင် ပြဿနာက သူတို့ခေါင်းပေါ်မှာပဲ ရှိတော့မှာမို့.. ၊

"ငါတို့လည်း ရဲနဲ့ဘာနဲ့ပြောလာတော့ ထိတ်လန့်နေလို့ပါ..နင်ပဲစဉ်းစားကြည့်လေ၊ ဖုန်းအကောင်းစားကြီးကို နင်မှလာမယူတာ..ထက်ဝေကကိုင်နေတာပေါ့၊ ပြီးတော့ ဟိုကလိဒီကလိလုပ်မရတာနဲ့ ရောင်းပစ်မယ်ဆိုပြီး.."

"ပိုင်ရှင်လိုက်လာတာ မလာတာ ငါမသိဘူး..အဲ့ဒီဖုန်းကို ငါခိုးလာတာမဟုတ်ဘူး.."

သူမခလုတ်တိုက်ပြီး သူ့ခါးကိုကိုင်ခဲ့မိသည်။ ဖုန်းပျောက်သွားတော့ သူ့ဖုန်းကိုသူကိုယ်တိုင်ဖြုတ်ထုတ်ရှင်းပြီးပေးခဲ့တာ ခုချိန်ထိ မျက်လုံးထဲမှာမြင်နေဆဲပါ။ ထို့ပြင် ဘယ်သူမှမသိခဲ့သောအဖြစ်တစ်ခုသည် ထိုမျက်နှာကို သူမတစ်ရက်နှစ်ရက်ကြာတဲ့အထိ ဘယ်လိုမှမေ့ဖျောက်မရခဲ့ခြင်း.. ၊

"ပိုင်ရှင်ကိုယ်တိုင် ငါ့ကိုပေးခဲ့တာ.."

"အဲ့ဒီကစရှုပ်တာပဲ..အဲ့ဒီပိုင်ရှင်က နင့်သူငယ်ချင်းလား၊ နင့်ရည်းစားလား..ဒါမှမဟုတ် စပွန်ဆာလား.."



စကားကုန်မေးလိုက်ရပေမယ့် ဒါဒါ့ဒေါသကိုလည်းလန့်နေသေးရာ..

"တစ်ခုမှမဟုတ်ဘူးမို့လား..နင်ကောက်ရတယ်ပြောရင်တောင် ယုံရာရှိသေးတယ်.."

သူတို့လည်း ဒီတိုင်းပြောခဲ့သေးသည်။ သို့သော် ကောက်ရသည်ပြောကာမှ ပြဿနာပိုကြီးသွားခဲ့သည်။ ဟိုဖြေဒီဖြေမို့ မရိုးသားပါဘူးဆိုပြီး ရဲစခန်းခေါ်သွားမည်လုပ်လို့ ရှိခိုးမတတ်တောင်းပန်ခဲ့ရတာ ပြန်တွေးမိတာနဲ့တင် ချွေးပြန်ချင်၏။

"ငါတို့ကနင့်ကို သူခိုးလို့ပြောချင်တာမဟုတ်ဘူး..ဒါပေမဲ့ ဖုန်းနဲ့နင်နဲ့ကမတန်မရာလေ၊ အဲ့ဒါ အိုင်ဖုန်းအိတ်စ်အက်စ်မက်စ်ကြီး..အဲ့ဒီဘရန်းပေါ်ကာစဆို နှစ်ဆယ့်ရှစ်သုံးဆယ်လောက်ရှိတာ.."

ဒါဒါမျက်နှာပျက်သွားသည်။ ထို့ကြောင့် သူမလည်းဖုန်းတန်ဖိုးကို ခုမှသေချာသိတာမှန်း သံသာဝေခန့်မှန်းမိလိုက်သည်။ ဖုန်းတစ်လုံးကို စကားပြောဖို့ထက် ဘာမှပိုမသုံးခဲ့သော ဖုန်းနဲ့အချိန်ဖြုန်းနေချိန်လည်း မရှိခဲ့သော ဒါဒါ့အတွက် အသစ်အသစ်သောဖုန်းတွေအကြောင်း ဘာမှမသိတာ အဆန်းတော့မဟုတ်။ ထို့ကြောင့် ဒီဖုန်းကို သူမမခိုးခဲ့ဘူးဆိုတာလည်း ဖြစ်နိုင်သော်ငြား.. ၊

"ငါတို့ထင်တာက နင့်ကိုပေးသွားတဲ့လူက ခိုးလာတာပဲ..ဒါပဲဖြစ်နိုင်ချေရှိတာ.."

"မဖြစ်နိုင်ဘူး.."

စမတ်တ်ကျ၍ မွေးပျံ့သည့်သူ့ပုံစံ သူ့ရဲ့ကိုယ်သင်းနံ့။ ပြီးတော့ စိမ်းမှောင်ညို့ရီနေသည့် မျက်တောင်ဖျားတို့နှင့် စူးရဲသည့်မျက်ဝန်း။ ထို့ပြင် ဖုန်းကိုင်စဉ်က မွေးညှင်းနုတို့စိမ်းဖြာနေသော ခပ်သွယ်သွယ်လက်ချောင်းများ။ ချောလို့ဆိုတာထက် သူ့မျက်ဝန်းတွေရဲ့ အထက်တန်းကျမှုကို သူမသေချာမြင်ခဲ့သည်။

"သူခိုးလာတာ မဖြစ်နိုင်ဘူး.."

"နင်ကဘာတွေသေချာနေတာလဲ..အခု နင်ရောငါတို့ရော အပြစ်လွတ်ဖို့ ဒီလူ့ကိုဆွဲထုတ်ရတော့မှာ.."

"ငါမှမသိတာ.."

"မသိဘဲနဲ့ ဘာလို့ယူလာခဲ့သလဲ..ဒီလောက်တန်ဖိုးကြီးတာကြီး.."

ဒါဒါက သံသာဝေ့မျက်နှာကို စိုက်ကြည့်ကာ.. ၊

"နင်တို့တောင် ငါမသိအောင်ယူငှက်ထားလိုက်သေးတာပဲ.."

"ဒါဒါ.."

ပြောပြီးတာနဲ့ လှည့်ထွက်သွားတော့ သံသာဝေအတင်းလိုက်ဆွဲထားသည်။ ထက်ဝေအောင်က ရှေ့ကဖြတ်ပိတ်ထား၏။

"ဒါဒါရယ်..နင့်ကိုပြောဆိုရိုက်ပုတ်မိတယ်ဆိုပြီး မေမေလည်းနင်ထွက်သွားတည်းက ဖျားတောင်ဖျားပါတယ်ဟာ၊ ခုမှ နလံထစပဲရှိသေးတာ-ငါတို့ကိုရဲကလိုက်နေတာ၊ အချုပ်ကျတာတွေဖြစ်ကုန်ရင် လူကြီးတစ်ယောက်အတွက် နင်စဉ်းစားကြည့်ပါဦး..နင့်ကိုယ်ယ်တည်းက ကျွေးမွေးထိန်းကျောင်းခဲ့တဲ့အမေပါ.."

ဒါဒါထွက်သွားလို့ ဘယ်လိုမှမဖြစ်တာမို့ ချော့မော့အောက်ကျို့ဖို့သာဆုံးဖြတ်ကာ သံသာဝေငိုတော့မတတ်ဖြစ်နေ၏။

"လူတိုင်းပိုကောင်းတာ ပိုလှတာကိုပဲ ကြိုက်ကြတာသဘာဝပါ..နင့်ဖုန်းငါတို့ကိုင်မိတာနဲ့ပဲ ခုလိုဖြစ်ရတာလေ၊ တကယ်ဆို နင်ထားခဲ့လို့ဖြစ်ရတာ..အဲ့ဖုန်းကြောင့် နင့်ဖုန်းကြောင့်ပါ.."

ဒါဒါပြတ်သားစွာ ခေါင်းညိတ်လိုက်သည်။ မဆိုင်သလိုနေလိုက်လို့ရပေမယ့် ဒါကကိုယ့်ပစ္စည်းအမှန်ပဲဖြစ်သည်။ ပေးခဲ့တာက ဘယ်သူဘယ်ဝါမသိသော်ငြား ခိုးထားတာမဟုတ်ဘူးဆိုတဲ့ အမှန်တရားအတွက် ရင်ဆိုင်ရဲဖို့လို၏။ ထို့ကြောင့် သံသာဝေတို့မောင်နှမနဲ့အတူ သူတို့ချိန်းထားသည့်စားသောက်ဆိုင်သို့ လိုက်သွားခဲ့သည်။ သူမတို့သုံးယောက်ဝင်သွားသည့်စားပွဲမှာ အသက်သုံးဆယ်ငါးခန့်အရွယ်လူနှစ်ယောက်ထိုင်နေကြကာ နှစ်ယောက်စလုံး၏မျက်လုံးတွေက ဒါဒါ့ဆီမှာပဲ ရှိနေကြ၏။ ထိုအဖြစ်ကို သံသာဝေအကြီးအကျယ်သဘောကျကျေနပ်သွားလေသည်။

ခါတိုင်းဆို အိမ်ကိုလူစိမ်းတွေဝင်ထွက်လာတိုင်း ဒါဒါ့ကိုတစ်သွေးတစ်မွေးလေးလို့ ပြောသွားကြသည်။ သူမကပဲလှသည်။ သူမပဲချစ်စရာကောင်းသည်။ သူမကိုပဲကြည့်ကြ နှုတ်ဆက်ကြ။ ထိုအချိန်တွေမှာ ရှက်ရွံ့သိမ်ငယ်ခဲ့ရသမျှ ခုတော့ ပျော်လိုက်သည့်ဖြစ်ခြင်း။ ကြည့်ကြစမ်း...အဲ့ဒါ



သူခိုးမပဲ.. ဗေဒါဖြူဆိုတဲ့ကံဆိုးမ။ လူတွေပြောနေကြတဲ့ ပဉ္စာစရိုက ၊

သံသာဝေရင်ထဲမှာ ဟားတိုက်ရယ်မောနေရင်း မသိမသာနောက်ဆုတ်နေလိုက်သည်။ ဒါဒါသည် ဒီနေ့ဘုရားမှာအချိန်ဖြုန်းမှာမို့ ပြီးတော့ ခင်ဦးဆီက အပြီးအပိုင်ထွက်တော့မှာမို့ သူမဆီကချောင်းသာအမှတ်တရ အင်္ကျီအဖြူပွပွလေးနှင့် ကချင်ထမီအညိုရောင်အဟောင်းလေးကို ယူဝတ်လာခဲ့သည်။ ဆံပင်တွေကို နောက်မှာအမြင့်တင်စည်းထားကာ မျက်နှာသည် လူကြီးတွေ အပြစ်တင်မောင်းမဲနေကျ စကားနဲ့ပြောရရင် အပူသည်ရုပ်။ ဘာမှ မလိမ်းမပြင်မဆင်သည့်ပြင် စိတ်ညစ်တိုင်းဖိအိပ်တတ်တဲ့အကျင့်ဆိုးကြောင့် မို့အစ်ဖောင်းပွနေမှာလည်း ရှိသေးသည်။

ယောက်ျားတွေရဲ့မျက်လုံးတွေရှေ့ရောက်ကာမှ ငါ့ပုံစံကသူခိုးဂျပိုးရုပ်များ ပေါက်နေလားလို့ တွေးမိသည်။ သို့သော် သူမခြေလှမ်းမမှားပါ။ ခုံလွတ်မှာပဲ ဝင်ထိုင်လိုက်သည်။ စောင့်နေသည့်လူနှစ်ယောက်ကလည်း ဒါဒါထိုင်လိုက်ကာမှ လှုပ်လှုပ်ရွရွဖြစ်သွားကြကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။ ပြီးတော့.. ၊

"အဟမ်း.."

"အဟမ်း.."

တစ်ယောက်ပြီးတစ်ယောက် ချောင်းဟန့်နေကြလျက် သူအရင်ပြောတော့မလို ငါအရင်ပြောတော့မလို ပြီးတော့ တစ်ယောက်သည် သူကိုင်ထားသည့် ဖုန်းဆီမှာပဲ အာရုံပြန်စိုက်၏။ မသိရင် ဂိမ်းစွဲနေတဲ့လူငယ်တစ်ယောက်လို.. ၊

ဒီလူတွေဘာလဲဟ.. ၊

ထက်ဝေအောင်နဲ့သံသာဝေတို့ မျက်လုံးချင်းဆုံသွားသည်။ သူမတို့ဆီမှာ လာပြီးကြိမ်းမောင်းသွားတုန်းကတော့ ပုံစံတွေက ဖုန်းခိုးတဲ့သူခေါ်လာရင်ပဲ တစ်ခါတည်းအချုပ်ထဲဆွဲထည့်တော့မလို.. ၊

"အဟမ်း.."

နောက်ထပ်ချောင်းဟန့်လိုက်ပြီးမှ အသားညိုညိုဆံပင်ကောက်ကောက်နှင့်လူက သူပဲပြောဖို့တာဝန်ကျသလို ရှေ့မှာချထားသည့်ဖုန်းကို မျက်လုံးနဲ့ပြလိုက်ပြီး.. ၊

"ဒီဖုန်းကို.."

"အဲ့ဒါကျွန်မဖုန်းပါ..သူတို့နဲ့မဆိုင်ပါဘူး.."

"ဒါပေမဲ့ သူတို့ထုတ်ရောင်းတာဆိုတော့.."

"ဘယ်သူရောင်းရောင်း ကျွန်မဖုန်းပါလို့ပြောနေရင် မပြီးဘူးလား.."

"ဒါဆို မင်းခိုးခဲ့တယ်ဆိုတာ ဝန်ခံတယ်ပေါ့.."

"ဘာလို့ဝန်ခံရမှာလဲ..ကျွန်မခိုးတာမှမဟုတ်တာ.."

"ဒါဖြင့် ဒီဖုန်းမင်းဆီဘယ်လိုရောက်လာတာလဲ..ကောက်ရတာလို့တော့ မပြောနဲ့နော်.."

"ကောက်ရတာမှမဟုတ်တာ..ပိုင်ရှင်ကိုယ်တိုင် ကျွန်မကိုပေးတာ.."

"ဒါဆို အဲ့ဒီပိုင်ရှင်နောက် ငါတို့ကဆက်လိုက်ရဦးမယ်ပေါ့.."

ဒါဒါခဏတိတ်သွားသည်။ မျက်တောင်တစ်ချက်ခတ်လိုက်ရင်း မျက်လွှာချနေ၏။ ပြီးမှ ခေါင်းခါလိုက်ရင်း မျက်နှာမော့လာကာ.. ၊

"သူ့ကိုလည်း ကျွန်မမသိဘူး.."

ဖုန်းဆော့နေသည်လူပါ ဆတ်ခနဲမော့လာသည်။ နှစ်ယောက်မျက်နှာမှာ သရော်လှောင်ပြောင်ဟန်တွေ ဖြစ်သွားကြပြီး.. ၊

"ဒီဖုန်းဘယ်လောက်တန်လဲ မင်းသိလား.."

"သိဖို့မလိုပါဘူး..ဖုန်းကိုဈေးကြီးမှန်းသိလို့ ယူထားလိုက်တာမှမဟုတ်တာ၊ သူကလည်း လက်ဆောင်ပေးခဲ့တာမဟုတ်ဘူး.."

ဒါပေမဲ့ ဘာကြောင့်ဆိုတာ ဘယ်လိုပြောပြရမှန်းလည်း မသိ.. ၊

"အဟမ်း.."

တစ်ယောက်သည် နောက်ထပ်ချောင်းဟန့်လိုက်ပြီးမှ.. ၊

"ဟုတ်ပြီ..မင်းပြောတာကို ယုံကြည်ရအောင် မင်းကိုဖုန်းပေးခဲ့တဲ့လူက ဘယ်လိုပုံစံလဲ.."

"အရပ်မြင့်မြင့် အသားဖြူဖြူ.."

ပြောပြပြီးမှ ဘာကိုသတိရသွားသည်မသိ။ ဒါဒါမျက်မှောင်လေးကုတ်သွားကာ.. ၊

"သူ့ပုံစံပြောပြလည်း ရှင်တို့မှမသိတာ ကျွန်မကိုလှောင်ကြဦးမှာပဲ..အဲ့ဒီတော့ ဒီဖုန်းနဲ့ပတ်သက်ပြီး.."



"နေဦး..နေဦး၊ အသားဖြူဖြူအရပ်မြင့်မြင့်ဆိုတော့ ငါတို့ကောင်များလား.."

သူတို့ချင်းမေးဆတ်ပြောနေသဖြင့် သံသာဝေတို့ တအံ့တသြငေးကြည့်နေကြသည်။ ဒါဒါအကန်တွေချည်း ထိုင်ပြောနေကာမှ ဖြစ်နိုင်ချေတွေထွက်လာတာလား..ညတုန်းကတော့ အမေရော သားအမိသုံးယောက်စလုံး ရှင်းပြတာ ဘယ်လိုမှလက်မခံဘဲ.. ၊

"ဒီမှာညီမ..မင်းကိုဒီဖုန်းပေးသွားတဲ့လူက ကြည့်လိုက်ရင် မင်းသားရုပ်အောင်ချောတယ်၊ အပြောချိုချို..ဟုတ်တယ်မို့လား.."

"မသိဘူး..ကျွန်မသူနဲ့စကားလက်ဆုံကျခဲ့တာမှ မဟုတ်တာ.."

"ကျခဲ့ကျခဲ့ မကျခဲ့ကျခဲ့ စဉ်းစားကြည့်ပြီး ဖြေလိုက်ပေါ့ဟယ်..သူတို့လူနဲ့တူတယ်ထင်လို့ မေးနေတဲ့ဥစ္စာ၊ တူတယ်ဆိုရင် ပိုမကောင်းဘူးလား..နင့်မှာအောက်ကလည်းနေသေး ကြောက်ပြီလားမေးနေသေးတယ်.."

"နီး..နီး ရတယ်၊ သူပြောတာကို တွေးမိပြီ.."

တစ်ယောက်ကလက်ကာတားဆီးပြီး သူ့လူဘက်ငဲ့၍.. ၊

"ဒီကောင်ကိုယ်တိုင်တကယ်ပေးသွားတာဆိုရင်တော့ နည်းနည်းစဉ်းစားရမယ်ကွ.."

"အင်း.."

တစ်ယောက်က အင်မတန်စဉ်းစားရကျပ်သွားသည့်မျက်နှာနှင့် ဒါဒါကိုကြည့်ကာ.. ၊

"မင်းကအဲ့ဒီအရပ်မြင့်မြင့်လူနဲ့ မရင်းနှီးဘူးပဲပြောနေတော့ ဆုံးဖြတ်ရခက်နေတယ်ကွ..တို့သူငယ်ချင်းတစ်ယောက်က သူကနည်းနည်းတော့ ကျပ်ပေမယ့် တို့ပစ္စည်းတွေယူသုံးပြီး အဲ့လိုခဏခဏလုပ်တတ်တာရှိတယ်၊ မင်းကသူနဲ့ရင်းနှီးနေတယ်ဆိုရင်တော့ လျှော့ပေါ့စဉ်းစားပေးလို့ ရသေးတယ်.."

"မင်းကလည်း ဒီကောင့်ကိုပဲထည့်တွေးနေတယ်..ဟုတ်ချင်မှဟုတ်မှာပေါ့ကွ၊ အချိန်ကြာတယ်..လုပ်စရာရှိတာ မြန်မြန်လုပ်.."

"ဘာလုပ်ရမှာလဲ..သူပြောနေတဲ့လူက ကေကြီးဆိုရင် ငါတို့ချင်းဘော်ဒါကဏ္ဍာရှိတယ်၊ မျက်နှာငယ်တဲ့လူမို့ ငါတို့ကမစာမနာလုပ်တာမျိုးဖြစ်သွား

ရင် မကောင်းဘူး..”

“အေးလေ..ကေကြီးမဟုတ်ခဲ့ရင် ငါတို့ဖုန်းကသိန်းနှစ်ဆယ်ကျော် တန်သေးတယ်၊ အခု ဖွင့်ကြည့်ရင်ဘာတွေပျက်စီးနေဦးမယ် ဆိုတာလည်း မသိရသေးဘူး..ငါစိတ်မရှည်တော့ဘူး..”

ထိုစဉ် ဖုန်းသံကထမြည်လာသည်။ စိတ်မရှည်သူက အိတ်ထဲကဖုန်း ကိုလက်နှိုက်ပြီး မြည်နေသည့်ဖုန်းကို ဖွင့်လိုက်ကာ.. ၊

“ဟလို..”

“..................”

“ဟုတ်ပါပြီ..ခုပဲပြီးအောင်မေးပြီး ခေါ်လာခဲ့ပါ့မယ်..”

သံသာဝေတို့မျက်လုံးပြူးသွားကြသည်။ ထက်ဝေအောင်က ပိုဆိုး၏။

“အဲ့ဒါ ကျွန်တော်တို့နဲ့မဆိုင်ဘူးနော်..အစ်ကိုတို့လည်း သိပြီပဲ၊ ကျွန် တော်တို့သွားလို့ရပြီမို့လား..”

“ဟုတ်တယ်..ကျွန်မအမေလည်း ကျန်းမာတာမဟုတ်ဘူး..”

တစ်ယောက်တစ်မျိုးထပြောကြတော့ သူတို့ကဒါဒါ့မျက်နှာကို စိုက် ကြည့်သည်။ ဒါဒါက သံသာဝေတို့ကိုလှည့်ကြည့်လိုက်ပြီး နှုတ်ခမ်းလေး တွေ တင်းခနဲဖိပစ်သည်။ ပြီးတော့ သူတို့ဘက်လှည့်၍.. ၊

“သူတို့က ဖုန်းတွေလို့ရောင်းဖို့ကြိုးစားတာပါ..သူတို့ဆီမှာ ဖုန်းထား ခဲ့တာကျွန်မပါ၊ ကျွန်မဖုန်းပါ..”

“အိုခေ..မင်းတို့သွားလို့ရပြီ..”

“ဒုန်း..”

“ငါ့စောင့်ဦး..”

မောင်နှမနှစ်ယောက် အလုအယက်ထွက်ကြရင်း ခုံခြေထောက်နဲ့ သူ တို့ခြေထောက်ပြန်ငြိပြီး လဲမလိုပြိုမလိုတွေဖြစ်ကုန်ကြသည်။ ဒါဒါငဲ့ကြည့် လိုက်ရင်း ရင်ထဲမှာမာကျောခြင်းက အထုံအကျင်စွဲတတ်ခဲ့သည်။ လူအ ကြောင်းပေါင်းမှသိဆိုသော်လည်း သူမကတော့ ပေါင်းပြီးတာတောင် နား လည်ခဲ့.. ၊

“ကဲ..စခန်းသွားဖို့စီစဉ်ထားတဲ့လူက စောင့်နေပြီ၊ ငါတို့ဘက်ကလျှော့ ပေးမယ်ဆိုရင်တောင် အကြောင်းပြချက်ကောင်းမှဖြစ်မှာဗေဒါဖြူ..အဲ့



တော့..”

“ရှင်တို့ရဲ့ကေကြီးကို ကျွန်မမှမသိတာ..ကျွန်မသိခဲ့တဲ့လူက ဘယ် သူလဲလည်း မပြောတတ်ဘူး၊ အဲ့ဒီဖုန်း ရှင်တို့ပြန်ယူပြီး ဒီတိုင်းနေလိုက်ရင် မဖြစ်ဘူးလား..”

သူတို့ဘာမှမဖြေတော့ စိတ်ထဲမှာရှုပ်ထွေးလာမိကာ.. ၊

“ရှင်တို့က ကျွန်မကိုတရားစွဲမှာကို ဖြစ်မှာလား..ဒါတော့လွန်တာပေါ့ ရှင်၊ ဖုန်းလည်းပြန်ရပြီ..ကျွန်မကလည်း ခိုးခဲ့တာမဟုတ်ဘူး..”

“မင်းခိုးခဲ့တာမဟုတ်မှန်း မင်းကိုပေးခဲ့တဲ့လူကိုသိမှ ရှင်းမှာလေ..မင်း မှာဘာမှမပြောနိုင်ဘဲ..”

“မပြောနိုင်လို့မပြောပြတာ..ကျွန်မက ဘာထပ်လုပ်ပေးရမလဲ..”

“ဒီလိုဖုန်းကြီးတစ်လုံးလုံး လက်လွှတ်စပယ်ထိုးပေးသွားတာ မရိုး သားတာတော့ သေချာတယ်..မင်းကလည်း သိတောင်မသိခဲ့ဘူးဆိုတော့..”

“ကဲကွာ..သူကမသိပေမယ့် ဟိုကသိနေလို့ ခရပ်ရှိနေတာလည်း ဖြစ် နိုင်တာပဲ၊ သူသိသိမသိသိ ခရပ်ရှိလို့မရဘူးလား..”

ဒါဒါဆတ်ခနဲဖြစ်သွားသည်။ ဘယ်လိုခံစားချက်မှန်းမသိဘဲ တစ် ကိုယ်လုံးနွေးခနဲဖြစ်သွားတာကို သိလိုက်၏။ မတန်မရာတွေကြားလိုက်ရ လို့ လန့်သွားတာပဲဖြစ်နိုင်လေသည်။ ချစ်တာကြိုက်တာလေး ကြားရုံနဲ့ ကြက်သီးထရင်ခုန်ရအောင် ကိုယ်ကအပျိုဖျန်းကလေးလည်း မဟုတ်.. ၊

“အဲ့လိုပဲယူဆရတော့မှာပဲ..”

တစ်ယောက်က ဒါဒါ့ကိုဖျတ်ခနဲကြည့်ပြီး စကားကိုပြန်စသည်။

“ဒီကောင်က ဒါမျိုးတွေတော့ မလုပ်တတ်ပါဘူး..”

“မလုပ်တတ်ပေမယ့် ခုလုပ်နေပြီလို့မှတ်လိုက်..ဒီလောက်စေ့စပ်သေ ချာပြီး ကပ်စီးကုပ်တဲ့ကောင်က ဒီဖုန်းပေးသွားတယ်ဆိုတည်းက သူကြိုက် နေလို့ပေါ့..”

“ဟုတ်တယ်..”

ဒါဒါ့မျက်နှာကို စေ့စေ့ကြည့်ပြီး သူတို့ဘာသာဆုံးဖြတ်ချက်ချနေကြ လျက်.. ၊

“မင်းကို ငါတို့ကေကြီးကကြိုက်..”

"ဒီမှာ.."

စားပွဲစွန်းကို ဖျန်းခနဲပုတ်လိုက်ပြီး ကိုယ်လေးမတ်ကာ.. ၊

"ထင်ရင်လည်း ထင်တဲ့ပုံစံ မရေမရာချိုးစမ်းပါ..ဘယ်လိုဖြစ်လို့ ကိုယ်ထင်တာကို ကိုယ့်ဘာသာအတည်ပြုနေတာလဲ၊ သူ့ဟာသူနာဘူးဖြစ်ဖြစ် ဂန့်ဒူးဖြစ်ဖြစ်မသိဘူး..အခု ကျွန်မကိုရဲစခန်းခေါ်သွားမလို့လား၊ ပြန်လွှတ်ပေးမှာလား.."

"ငါတို့ဘာသာအတည်ပြုနေတော့လည်း မင်းသူ့ကြောင့်လွတ်သွားရင် ပြီးတာပဲမို့လား.."

"ဟုတ်တယ်..ဒါပေမဲ့ ဒါကိုအထပ်ထပ်အတည်ပြုနေတာ နားခါးတယ်၊ ထောင်ကျခံရမှာကြောက်ပေမယ့် အဲ့ဒါကြီးကို ငုတ်တုတ်ထိုင်နားထောင်နေရတာ လောလောဆယ်ပိုဆိုးနေတယ်..အခု ကျွန်မဘာဖြစ်မှာလဲ ပဲပြော.."

သူမပြောနေသမျှ နှစ်ယောက်သားတိတ်ကျနေကြကာ မေးပြီးဆိုကာမှ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလျှင်.. ၊

"ဟား ဟား ဟား.."

ရယ်သံသဲ့သဲ့သည် ဘယ်ကထွက်လာမှန်းမသိ။ ဖုန်းကိုင်ထားသည့် တစ်ယောက်သည် လက်ကိုကမန်းကတန်းရုတ်လိုက်ပြီး အခြောက်တိုက်ထရယ်၏။ ဒါဒါ့မျက်မှောင်ကုတ်လျက် လှည့်ကြည့်လိုက်လျှင် ထိုသူလက်ကာပြလိုက်ပြီး.. ၊

"ဆောရီး..မင်းနဲ့မဆိုင်ဘူး၊ ဆောရီး.."

ရယ်ချလိုက်သည့်မျက်နှာက တစ်ခုခုကိုသဘောကျနေတာနဲ့လည်း မတူ။ လည်ပင်းထဲမှာ တစ်ခုခုတစ်နေသလို စိတ်တိုနေပုံပေါက်လျက်..

"ခွေးကောင်.."

"ဘာကွ.."

"မင်းကိုမဟုတ်ဘူး.."

ရှိနေသည့်လူတွေ တစ်ယောက်ကိုမှမဟုတ်ဘဲဆဲလိုဆဲ ရယ်လိုရယ် ဘာဖြစ်နေတာလဲဒီလူ.. ၊ ဒါဒါလှည့်ကြည့်တော့ ထိုလူသည်ဟိုဒီမျက်လုံးလွှဲထားပေမယ့် တစ်ယောက်ယောက်ကိုကျိန်ဆဲနေသလို နှုတ်ခမ်းတွေတရွရွ



လှုပ်လျက်.. ၊

"အဟမ်း.."

ရှေ့မှာရှိနေသည့်လူက ချောင်းဟန့်၍ အခြေအနေကိုပြန်စလိုက်ရင်း..

"ဒါဆိုရင်တော့ အားလုံးကိုကိုယ်တို့ဘက်ကပဲ လျှော့ပါမယ်..ဘာဖြစ်လို့လဲဆိုတော့ မင်းပြောတဲ့လူက ကေကြီးဖြစ်ဖို့များနေတယ်၊ သူကတို့အဖွဲ့ထဲမှာ ချို့တဲ့ဆုံးလူဖြစ်နေတော့ အထူးသဖြင့် သူ့ကိုမထိခိုက်စေချင်ဘူး.."

ပြောလိုက်ရင်း သူ့အင်္ကျီအိတ်ထဲက ဖုန်းမည်းလေးတစ်လုံးထုတ်လိုက်ကာ သူတို့နှစ်ယောက်ကြားမှာချထားသည့် လက်ကိုင်အိတ်ကြီးဖွင့်၍ တစ်သောင်းတန်တစ်အုပ်ထုတ်ရင်း.. ၊

"ဒီဖုန်းကတော့ ပြန်သိမ်းမှုဖြစ်မယ်..ဘာဖြစ်လို့လဲဆိုတော့ ဒီထဲမှာ ပျောက်ရှလို့မဖြစ်တဲ့ လုပ်ငန်းကိစ္စတွေပါနေလို့၊ ဒါပေမဲ့ ခိုးရာပါပစ္စည်းလို ဆွဲသိမ်းသွားရင်လည်း.."

သူက ဖုန်းနဲ့ပိုက်ဆံတွေကို ဒါဒါ့ဘက်တိုးပေးလိုက်ကာ.. ၊

"မင်းကိုတော့ ငါတို့မသိဘူး..ဒါပေမယ့် ကိုယ့်သူငယ်ချင်းကို သူခိုးစွပ်စွဲသလိုဖြစ်သွားလိမ့်မယ်၊ ဒီတော့ ဒီဖုန်းကိုဖုန်းချင်းအလိုက်ပေးလဲသွားတယ်ပဲ သဘောထားလိုက်.."

"မလိုပါဘူး.."

ပြောနေသူ၏စကားပြတ်တောက်သွားသည်။ ဒါဒါ့မျက်နှာမှာ ဒေါသ၏အငွေ့အသက်တို့ သိသာစွာရှန်းကြွနေခဲ့လျက်.. ၊

"ဘာတစ်ပြားမှပေးစရာမလိုဘူး..ဖုန်းလည်းမလိုဘူး၊ ရှင်တို့ပေးသမျှ ထိုင်ယူပြီး သူခိုးစွပ်စွဲလာတိုင်း ခေါ်တဲ့နေရာလိုက်ဖြေရှင်းနေရအောင် လူကို ဘယ်လိုမိန်းမစားထင်နေသလဲ.."

"မဟုတ်ဘူးလေ..အဲ့ဒါမင်းကိုထိခိုက်ဖို့မှမဟုတ်တာ၊ တို့ဘက်မှာလည်း.."

"ရှင်တို့ဘက်မှာ ဘာတွေဖြစ်သွားသွား အဲ့ဒါကျွန်မနဲ့ဘာဆိုင်သလဲ.. ဖုန်းခိုးတဲ့အမှုနဲ့ ခုပဲရဲလက်အပ်ဖို့ခေါ်တယ်၊ ခုထပ်ပြီး နောက်ဖုန်းတစ်လုံးနဲ့ ပိုက်ဆံတွေပေးနေတယ်..ဘာတွေလဲ.."

"မင်းကိုနှုတ်ပိတ်တယ်ကွာ..ကဲ အဲ့လိုပဲသဘောထားလိုက်ရင် အဆင်

ပြေမလား.."

"မပြေဘူး.."

ဒါဒါကလည်း နည်းနည်းမှကြောက်စိတ်မရှိတော့ဘဲ သူတို့လုပ်ပုံတွေ မှုမမှန်တာကို သံသယဝင်နေပြီမို့.. ။

"ကျွန်မကိုတရားမစွဲဘူးဆိုတာ သေချာရင်ပြန်မယ်.."

"တရားမစွဲဘူးလို့ ဆုံးဖြတ်လိုက်ရတဲ့အတွက် ငါတို့ဘက်ကလည်း တစ်ခုခုရခဲ့သင့်တာပေါ့..မဟုတ်ဘူးလား၊ မင်းဒီမှာ ခဏနေဦး.."

ပြောပြီး နှစ်ယောက်စလုံးထွက်သွားကြသည်။ ဖုန်းနဲ့ပိုက်ဆံတွေကို ဒီတိုင်းထားခဲ့သဖြင့် သူမထလည်းမသွားရဲ တားချိန်လည်းမရလိုက်သဖြင့် ကြောက်သည့်စိတ်တွေ ပြန်ပေါ်လာသည်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သူမခုမှ သူခိုးဖြစ်တော့မှာ သေချာနေရာ.. ။

ပြန်လာပြီ.. ။

ထိုလူ့မျက်နှာကို လှမ်းမြင်လိုက်ခြင်းသည် ကလေးအရွယ်တုန်းက အဖေအမေတစ်နေရာက ပြန်လာတာကို လှမ်းမြင်လိုက်ရသည့် ပျော်သွားတဲ့ကလေးငယ်လေးကဲ့သို့..။ သူမနှုတ်မှရေရွတ်မိတဲ့အထိ ဝမ်းသာအားရဖြစ်သွားခဲ့သည်။

သူကစိတ်တိုသလို မျက်နှာပွတ်လိုက်ပြီးမှ.. ။

"ဟိုကောင် စာချုပ်နှစ်စောင်ဝယ်နေတယ်..မင်းနဲ့ငါတို့ ဖုန်းအရောင်းအဝယ်လုပ်ခဲ့တဲ့သဘော စာချုပ်ချုပ်ကြမယ်၊ ဒါဆိုအိုခေမယ်မို့လား..မင်းကို ခိုးတယ်ဘာညာ ဟိုကောင့်ကိုပါသူခိုးလိုလိုပြောခဲ့မိတာတွေရော မင်းကမေ့လိုက်ပါ..ငါတို့ပြန်ယူတဲ့ဖုန်းအတွက် အဲ့ဒီမှာ.."

သူကဖုန်းတစ်လုံးနဲ့ ငွေတွေကိုမျက်စပစ်ပြကာ.. ။

"အရောင်းအဝယ်ဖြစ်သွားတယ်ပေါ့..ဒါဆိုရပြီမို့လား.."

ဒါတောင် သူမကသံသယတကြီးရှိနေတုန်း.. ။ ဝေဒရင်ထဲမှာ ဒေါသသည်ပစ်ဗြောင့်တောင့်ကနေ ကြီးမားကျယ်ပြန့်လာခဲ့လျက်.. ။

စဉ်းစားစမ်းမယ်မင်းကြီးမ..ကြိုက်သလိုထပ်တောင်းလို့ရသေးတယ် မင်းအတွက် ဘဏ္ဍာတိုက်ကြီး.. ။

☎



အခန်း(၄၈)

"ဟား ဟား ဟား.."

"အေး..ရတယ်၊ ရယ်ပါ..အခု ရယ်လို့ရတယ်.."

ထွန်းထွန်းက ခံစားချက်အပြည့်နှင့် ရွှဲ့ကာဖုန်းကိုဆောင့်ကြီးအောင့်ကြီးချသည်။ ပြီးတော့ ခုမှစိတ်ပေါ့သွားသလို ကားကူရှင်မှာ ပက်ခနဲမှီချလိုက်ပြီး.. ။

"သူ့ပဲအဲ့ဒီအသံလေးကြားချင်လို့ ရုပ်လေးမြင်ချင်လို့နဲ့ ဟိုကမသိအောင်ဗီဒီယိုကောလ်ခေါ်ဖို့ ဒီမှာဘယ်လောက်လုပ်နေရလဲသိလား..သူကတော့ ထရယ်လို့ရယ်.."

ကိုယ့်အသံပဲလို့ထင်အောင် လိုက်ရယ်ချလိုက်တော့လည်း အသံချင်းကတခြားစီကြီး.. ။

"ဟား ဟား ဟား.."

သူတို့စိတ်တိုနေသမျှ ကိုကိုကရယ်လို့ကောင်းနေသည်။ ဝေဒကတော့ ခေါင်းကုတ်လိုက် ဆံပင်တွေကိုပြန်ဖိချလိုက်နှင့်.. ။

"တော်တော်မလွယ်တဲ့ဟာလေးတွေကွာ..ဘယ်လိုတောင် အကြော

တင်းလဲဆိုတာ မပြောလိုက်ချင်ဘူး၊ အဲ မပြောချင်ဘူးဆိုပေမယ့် ပြောလိုက် ဦးမယ်..အဲ့ကောင်မလေးနဲ့မင်း သေချာပေါက်ညားမှာ၊ မယုံမရှိနဲ့.."

"ဟုတ်လား..ဒါဆို ဒီညသေချာပေါက်ဒင်နာကျွေးရမှာပေါ့၊ မယုံမ နဲ့.."

"မင်းသဘောကျအောင် ပြောပေးနေတာမဟုတ်ဘူး..စကားပြောတာ ရော အကြောတင်းတာရေ မင်းနဲ့တစ်လေတည်း တစ်ကြောတည်းပဲ၊ မောင် နှမဖြစ်နေရင်တောင် ဒီလောက်တူမှာမဟုတ်ဘူး၊ အေး..တူတယ်ဆိုပြီးလည်း ဖီလင်တွေသိပ်မြင့်မနေနဲ့၊ အဲ့ကောင်မလေးနဲ့မင်း အိုးရွဲ့စလောင်းရွဲ့ပဲ ချ ချည်းဖြစ်နေရမှာ တခြိမ်းခြိမ်း.."

"ဒါကမင်းထင်တာပါ..သူနဲ့ဆို ငါကအမြဲတမ်းအလျှော့ပေးမှာ.."

"ဒီရုပ်ကြီးကလား.."

"ဟုတ်တယ်..ခုပိုသေချာသွားပြီ၊ ငါထင်ထားတာထက် အများကြီး ပိုတဲ့မိန်းကလေး.."

လှိုက်လှိုက်လှဲလှဲပြောရင်း ကားစက်နှိုးလိုက်သည်။ သို့သော် သူကြား နေရတာက အင်ဂျင်သံမဟုတ်ဘဲ ဒါဒါပြောခဲ့သည့်စကားသံတွေဖြစ်နေ သည်။ ထို့ကြောင့် ပြုံးယောင်သမ်းနေသည့် သူ့နှုတ်ခမ်းတွေကို ဝေဒကလှည့် ကြည့်ပြီး.. ၊

"ဖြစ်နေတာပီတိတွေ..ဒီမှာသရုပ်ဆောင်လာရတာ အိုးနင်းခွက်နင်းနဲ့"

"အဟွန်း.."

"ကောင်းလိုက်တဲ့ဇာတ်ညွှန်းကလည်းဆိုတာ.."

"ငါ့ကိုပဲမေတ္တာပို့နေ..ဒီကောင်နည်းနည်းတော့ကျပ်တယ်ဆိုတာ ဘယ်သူပြောတာလဲ၊ ဇာတ်ညွှန်းထဲမှာမပါဘူး.."

ဝေဒမျက်နှာကြီး ချက်ချင်းပြုံကျသွားသည်။ ပြီးတော့ သွားစွယ်လေး ဝင်းဝင်းလက်လက်ပေါ်အောင် ပြုံးကာ.. ၊

"အဲ့ဒါကိုပြောလိုက်ရတာ ဘယ်လိုအရသာရှိမှန်းကိုမသိဘူး..ဟဲ ငါတို့ထဲမှာ ချမ်းသာဆုံးကောင်ကို ကျပ်နေတယ်ပြောရတာ မင်းစဉ်းစား ကြည့်.."

"အေးဟ..အဲ့တစ်ချက်တော့ ကျေနပ်စရာကောင်းတယ်၊ မဆိုးပါဘူး



လေ..ကောင်မလေးပွမ်လိုက်တာ ခံရပေမယ် **တန်ပါတယ်..**"

"နည်းနည်းတော့ နစ်နာ သးတယ်ဟော့ကောင်..ပိုက်ဆံမြင်လိုက်တာ နဲ့ ဟိုကခုန်ပေါက်မြူးတူးသွားလို့လား၊ ငါတို့ကိုပဲ ဘာတွေလိုလို ညာတွေ လိုလို.."

"ဒါတော့ဟုတ်တယ်..သူ့ကိုကျပ်ရှုံကျပ်တာမဟုတ်ဘဲ ငွေပ်ငွေလို ပါ ပြောခဲ့သင့်တာ.."

"ခွေးကောင်.."

ကိုကိုက ကားမောင်းရင်း ဝေဒပခုံးကို လက်သီးနဲ့လှမ်းထိုးသည်၊ ဝေဒက ပခုံးကိုပွတ်ရင်း ရယ်နေကာ.. ၊

"ဒါပေမဲ့ တန်ပါတယ်လေ..ဒီကောင့်ကိုငမွဲလို့ထင်သွားပြီဆိုတော့.."

"ငါလည်းကျေနပ်ပါပြီလေ..သူများဖုန်းယူပြီး ကောင်မလေးကိုပိုး ကြေးပန်းကြေးပေးတဲ့ကောင်လို့ ပြောခဲ့ရတာလေ.."

"ဒါဆိုလည်း ဒင်နာကိုပဲဆက်သွားတာပေါ့လေ.."

ကိုကိုကမဲ့လိုက်ပြီး ဘရိတ်ကိုဖိနင်းပစ်လျှင်.. ၊

"ဟာ.."

"သေပြီဟ.."

"အကြိုဒင်နာလေ.."

"ဝဲစား.."

"ဟား ဟား ဟား.."

## အခန်း(၄၉)

တိုက်တိုက်ဆိုင်ဆိုင် ရယ်သံတွေဆီမျက်လုံးရောက်သွားခဲ့သည်။ သူ့မျက်လုံးရှေ့တည့်တည့်မှာ မြင်လိုက်ရတာ ကေကြီးဆိုသည့်လူ..။ ဘေး... ကိုကြည့်လိုက်တော့ ဟိုနေ့ကပါလာသည့် အသားညိုညိုဆပင်ကော... သည့်တစ်ယောက်နှင့် နောက်ထပ်ရှိနေသေးသည့် အသံတွေလူရိပ်တွေ... ကြားနေရသည်။ ဒါပေမဲ့ တလွန့်လွန့်လှုပ်နေသည့် ခန်းဆီးကလှစ်... ပြီး ဖျတ်ခနဲပြန်ကွယ်ပစ်သည်မို့ နောက်ထပ်မြင်ရဖို့အတွက် ဒီခန်းစီး... ကြောင်းတစ်ခုခုနဲ့ ထပ်လွင့်သွားမှဖြစ်တော့မည်။

ရပ်စောင့်နေလို့လည်း မသင့်တော်သည်မို့ ဒါဒါ့ခြေလှမ်းတွေ ... ဆက်ခဲ့ရပေမယ့် နှေးကွေးလေးလံနေခဲ့သည်။ ဒီအခန်းက သီးသန့်ဖြစ်... အထူးသဖြင့် ပွဲနေ့တစ်ခုခုအတွက် ငှားရမ်းအသုံးပြုကြသည့် ဟောလ်... ခုဆိုရင် ပိုမှန်မှာဖြစ်သည်။

ဒီထဲမှာ ဘာပွဲကျင်းပနေတာလဲ..။ လူတွေအများကြီးရှိနေတာ ... နေရသည်။ ထိုလူတွေထဲမှာ သူ့ပုံစံကထင်းနေသည်။ လူအားလုံးကို ... ရပေမယ့် ရယ်နေရင်း စီးကရက်ညှပ်ထားသည့်လက်နှင့် နားထင်တစ်...



ခြစ်လိုက်ပုံကို ဖျတ်ခနဲမြင်လိုက်ရုံနဲ့ ထိုသူဟာ ဘယ်နေရာမှာရှိနေနေ ဦးစီးဦးဆောင်ပဲဖြစ်ရမည်ဆိုသည့် ယုံကြည်ချက်က ရင်ထဲရောက်၏။ ထို့ပြင် အရပ်မြင့်သလောက် ပခုံးကြီးသည်။ ရင်ဘက်ကျယ်သလောက် ပြေပြစ်၏။ စူးရဲသည့်မျက်လုံးတွေနှင့် တွဲဖက်လိုက်လျှင် ထိုသူဟာ သူများပစ္စည်းခိုကပ်သုံးစွဲနေရသော ဘာလေလေတစ်ယောက်ပုံစံနည်းနည်းလေးမှ မပေါက်..၊

စဉ်းစားစမ်းဒါဒါ..ဒီလူက ဘယ်လိုလူလဲ..။ ဟိုလူတွေ ဒီလူ့အကြောင်းပြောသွားတာ မဟုတ်တာမမှန်တာတွေလား.. ၊

တွေးကြည့်လိုက်တော့ လူတစ်ယောက်ရဲ့ပုံပန်းသဏ္ဍာန်ကိုဖတ်ပြီး သူ့ဘဝကိုအကဲခတ်ဖို့ဆို ဘယ်လိုမှမလွယ်ကူသည့်ကိစ္စ။ ထို့ကြောင့် သူ့ဘဝဟာ ဟိုလူတွေပြောသွားတဲ့အတိုင်းပဲဆိုတာ မဖြစ်နိုင်ဘူးလို့မပြောနိုင်။ ဒါဆို သူမရင်ထဲမှာ ဒီလူကဘာဖြစ်လို့ မြင့်မားထည်ဝါခြင်းတွေနဲ့ နေရာယူနေခဲ့တာလဲ..။ ကိုယ့်လက်ထဲထည့်ပေးသွားတဲ့ တန်ဖိုးကြီးတဲ့ဖုန်းကြောင့်လား.. ဒါမှမဟုတ် စမတ်ကျတဲ့ပုံစံ သူ့မျက်နှာချောနေတာကြောင့်လား..။ ကိုယ်ကရော ဒါကိုပဲခဏခဏတွေးမိလာတာ ဘာကြောင့်လဲ.. ၊

“ဖုန်းတစ်လုံးလုံး လက်လွတ်စပယ်ထိုးပေးသွားတာ မရိုးသားတာသေချာတယ်..”

“ဟိုကသိနေလို့ ခရက်ရှ်ဖြစ်နေတာ..”

“သူသိသိမသိသိ ခရက်ရှ်လို့မရဘူးလား..”

ဟိုလူတွေပြောသွားသမျှ ခဏခဏတွေးနေမိတာရော ဘာဖြစ်လို့လဲ.. တစ်ခါတလေ တစ်ယောက်တည်းလူးလိမ့်ငိုကြွေးချင်လာသည့်စိတ်တွေကို တိုက်ထုတ်ပစ်ဖို့အတွက် ဒီစကားတွေပြန်တွေးပြီး သူ့အကြောင်းတွေခေါင်းထဲရောက်လာအောင် လုပ်ယူမိသည်။ သူ့အကြောင်းတွေမှာ နစ်မျောသွားတဲ့အခါ ပူပင်သောကတွေလည်း ပျောက်ခဲ့၏။ ဒီတိုင်း တစ်ခါနှစ်ခါဖြစ်လာတော့ သူ့အကြောင်းတွေးမိလာလို့ မျက်ရည်တိတ်ခဲ့တာလား..မျက်ရည်တိတ်ချင်လို့ တွေးဖြစ်ခဲ့တာလား..။ ဘယ်ဖြစ်စဉ်က စတာလဲဆိုတာတောင် မသိတော့တဲ့အထိ.. ၊

သူဘယ်လိုလူဖြစ်နေနေ ဘာလို့စိတ်ဝင်စားနေတာဒါဒါ.. သူ့ကိုဆက်... ပြီး အထင်ကြီးချင်နေတာလား..အထင်သေးစရာဖြစ်နေရင် အထင်သေးဖို့

ပြင်ဆင်နေတာလား..။ ဘာဖြစ်ဖြစ် စိတ်မဝင်စားနဲ့..သူနင့်ကိုချစ်နေနိုင်တယ်ဆိုတာလည်း မဟုတ်ဘူး..သူဘယ်လိုယောကျ်ားဖြစ်နေနေ အနည်းဆုံးတော့ သူ့မှာသိန်းနှစ်ဆယ်ကျော်အနစ်နာခံပြီး ပေါင်းသင်းမယ့်သူငယ်ချင်းကောင်းတွေရှိတယ်..။ ခေါင်းမှာ ခရင်မ်လူးပြီး ကုတ်အင်္ကျီနဲ့စမတ်တက်ကျကျနေနိုင်သေးတယ်။ နင့်မှာဘာရှိသလဲ.. ၊

မနေ့တစ်နေ့ကထိ ကိုယ်ပိုင်ဝတ်စုံတစ်လက်ဝါးမရှိ ကိုယ့်ဖိနပ်ပြတ်လို့မှ အသစ်မဝယ်နိုင်။ နင့်ကိုရိုက်နှက်နှိပ်စက်ခဲ့တဲ့ ဆွေမျိုးတွေက ရဲလက်ထဲအပ်ပြီး ပြန်ပြေးသွားကြတာ ပူပူနွေးနွေးကြီးရှိသေးတယ်။ သူ့ကြောင့်ပိုက်ဆံသိန်းနှစ်ဆယ်ကိုင်နိုင်တာနဲ့ အဲ့ဒီလူကိုနင် မိုးကျရွှေကိုယ်ထင်နေတာမသိစိတ်ထဲမှာ စွဲလမ်းနေတာ..သူဘယ်လိုလူဖြစ်ဖြစ် နင်နဲ့မထိုက်တန်သေးပါဘူး..မေ့လိုက်တော့၊ မေ့ထားလိုက်တော့ ဒါဒါ.. ၊

ကိုယ့်စိတ်ကို အမိန့်ပေးလို့ရသလားမသိ။ သူမရင်ထဲမှာ ပူပူလောင်လောင်ကြီးဖြစ်လာခဲ့သည်။ ငါ့မှာဘာမှမရှိတော့ဘူးဆိုတဲ့အသိတွေ ပြန်ဝင်လာတာကို ချောက်ချားစွာခံစားမိလိုက်သည်။ ထိုအခါ ခြေလှမ်းတွေနှေးသထက်နှေးလာရင်း လမ်းဘေးအစပ်လေးမှာ ခြေစုံရပ်မိခြင်းသို့ရောက်၏။ လက်ထဲမှာ ကြက်ဆီထမင်းနဲ့ Burgerသုံးခုပါသည်။ ကိုယ့်ကိုနွေးထွေးစွာလက်ခံကြိုဆိုခဲ့သည့် သီလရှင်ကျောင်းက အသိဆရာလေးခေမာသီရိနဲ့တခြားဆရာလေးတွေကို နေ့ဆွမ်းကပ်ချင်လို့ ဝယ်လာခဲ့တာဖြစ်၏။ ဟိုပိုက်ဆံတွေကိုင်ထားရပေမယ့် ခုထိမသုံးရသေးပေ။ တွေးမိတော့ ဒီပိုက်ဆံကိုင်ရတာက ကိုယ်ရှာတဲ့ငွေလည်းမဟုတ်။ ရသင့်တဲ့အကြောင်းရင်းလည်းမရှိဘဲ-

တရိပ်ရိပ်မြင့်တက်လာသည့် မန္တလေးနေအပူက သူမရင်ထဲကအပူတွေကို အပြိုင်တိုက်နေသည်။ လေတစ်ချက်တစ်ချက်တိုးသွားပေမယ့် နေပူကိုဖြတ်သန်းလာသည့်လေက လေပူတွေသာဖြစ်လေသည်။ သို့သော် လေအပူနေအပူတို့သည် သူမကိုရိုက်ပုတ်နေပေမယ့် မအောင်မြင်ဘဲရှိနေလျက် သူမနေပူပူလမ်းဘေးမှာ ကြာမြင့်စွာခြေစုံရပ်နေခဲ့၏။

ငါဘာတွေလုပ်နေသလဲ.. ၊ ဒီမေးခွန်းကို မေးမိပြန်ပြီလား..ငါဘာအဖြေမရှာခဲ့ဘူးလား..။ လေနောက်သို့ဆံစတို့လွင့်ပါကာ မျက်နှာကိုကန့်လန့်ဖြတ်ရိုက်ပုတ်သွားကြ၏။ ထို့ကြောင့် မျက်နှာငုံ့၍ ဆံပင်တွေကို သပ်



ဖယ်နေမိစဉ်.. ၊

"ကျွိ.."

အပြာရင့်ရောင်ကားတစ်စီးက သူမဘေးကို အရှိန်နဲ့ထိုးကပ်လာ၏။ မျက်လုံးထောင့်မှာ မည်းခနဲမြင်လိုက်ပေမယ့် သူမရှောင်တိမ်းချိန်မရလိုက်ပေ။ ရင်ထဲမှာ အေးစိမ့်သွားကာ တစ်ခုခုဖြစ်ပြီကို ခံစားမိလိုက်သည်။ သို့သော် တစ်ယောက်ယောက်လှမ်းဆွဲလိုက်သလို ကားနဲ့ဆန့်ကျင်ဘက်သို့ သူမတစ်ကိုယ်လုံး အရှပ်တစ်ရှပ်လိုပါသွားခဲ့၏။

"ဂူး.."

ကားရပ်လာသည့်အရှိန်နှင့် ပြေးထွက်သွားသည့်အရှိန်ကြားမှာ ဒါဒါ့တစ်ကိုယ်လုံး လွင့်ပါသွားသည့်နှယ်.. ၊

"တောက်..တမင်လုပ်တာဒီကား.."

သေချာမကြည့်မိခင် အသံကိုကြားလိုက်ရသည်။ အသံကိုမှတ်မိလိုက်တာနှင့် သူ့ကိုယ်နဲ့ကိုပါ သတိထားမိလိုက်၏။ မော့ကြည့်လိုက်တော့ သူမသည် သူ့ရင်ခွင်ထဲမှာ ရင်ချင်းကပ်လျက်သား.. ၊

"ဟိတ်..အဲ့ဒီကားအပြာ ငါးစီးကျော်သွားပြီ.."

မော့ကြည့်လိုက်သည့်မြင်ကွင်းမှာ ဖြူဝင်းရှိန်းမြနေသည့် သူ့မေးဖျားကို မြင်လိုက်ရုံပဲရှိသေးသည်။ သူသည် တစ်ယောက်ယောက်ကိုလှမ်းအော်ပြောရင်း.. ၊

"လမ်းနှုတ်ခမ်းမှာ အဲ့လိုရပ်မနေနဲ့.."

သူ့မျက်နှာငုံ့လာပြီး ပြောသည်။ ပြီးတော့ သူမကိုယ်ကိုဆွဲဖယ်ထားခဲ့ပြီး မောင်းထွက်လာသည့် ကားတစ်စီးပေါ်ပြေးတက်ထွက်ခွာသွားလေသည်။ ကိုယ့်ကိုယ်ကိုအသက်အန္တရာယ်နီးသွားခဲ့မှန်း သိလိုက်ပေမယ့် ဒါကိုကြောက်လန့်ဖို့ မတွေးမိဘဲ သူထွက်သွားတာကြောင့် မချင့်မရဖြစ်ကျန်ခဲ့ခြင်းသည်သာ.. ၊

ဘာဖြစ်လို့ စကားပြောဖို့ မကြိုးစားတာလဲ..သူကူညီနေတဲ့မိန်းမဆိုတာကို သူကိုယ်တိုင်ကအလေးမထားဘဲ ဘာဖြစ်လို့တောက်လျှောက်ကူညီနေခဲ့တာလဲ..ဘာအတွက် ကူညီနေတာလဲ..။ ဘာမှလည်းမသိကြဘဲ တန်ဖိုးကြီးဖုန်းတစ်လုံးကို ပေးသွားသည်။ သူခိုးလာသည်ဖြစ်စေ ခိုးရာမမြောက်

ဘူးဖြစ်စေ သူ့ကြောင့်ပိုက်ဆံတွေထပ်ရခဲ့သည်။ ခုလည်း အသက်အန္တရာယ်ကနေ ကယ်တင်သွားပြန်ပြီ.. ။

သူကူညီနေခဲ့တာ တခြားအကြောင်းတစ်ခုခုရှိနေသေးလို့လား..ဘာကြောင့် လူကိုအဖက်မလုပ်တာလဲ..။ စိတ်ဝင်စားခြင်းက မကြာခဏတွေးမိခြင်းကနေ အချိန်တိုင်းဖြစ်လာခဲ့သည်။ လက်ရှိအဆင်မပြေသောအကြောင်းအရာများစွာသည် သာမညဖြစ်နေခဲ့လျက် အဖြေမရှိသော သူ့အကြောင်းတွေကသာ.. ။

ဘာတစ်ခုမှ မရေရာခဲ့သော အကြောင်းအရာများ၏ဖြစ်နိုင်ဆုံးအဖြေအရ သူသည်ကိုယ့်အတွက် ရောက်လာခဲ့တဲ့ဖန်ဆင်းရှင်.. ။



အခန်း(၅၀)

"ဒီကောင်ကဘာလဲ..ဘာကောင်လဲ၊ သူ့ကိုယ်သူစူပါဟီးရိုးကြီးလို့ထင်နေတာလား.."

တိုက်ခန်းထဲကို လှမ်းဝင်လိုက်စဉ် ကိုလင်းရဲ့ဒေါသသံတွေကြောင့် သူမခြေလှမ်းတွေ ပိုမြန်သွားကာ အခန်းရှေ့ကို ဘယ်လိုအရှိန်အဟုန်နဲ့ ရောက်သွားခဲ့မှန်းမသိ.. ။

"တောက်..ဒီကောင်စမောဆွဲနေတာပေါ့၊ ဒီကောင်မကရော ငါ့ကျောခါထုတ်ပြီး အဲ့ကောင်ကျမှ ကျေနပ်နေတာ ပိုချမ်းသာလို့လား..ရှယ်တူချင်းထက် ရင့်ထော်နေတာကို သဘောကျနေတာလား.."

"မင်းကလည်းဒေါသချည်းပဲကိုလင်းရာ..ကိုယ်လည်းအတည်မဟုတ်ဘဲနဲ့ ဒီလောက်ခံစားနေရလား.."

"အတည်ဟုတ်ဟုတ်မဟုတ်ဟုတ် ခါထုတ်ပစ်လိုက်တာ ငါ့ကိုဒဏ်ရာဒဏ်ချက်ပေးပြီးမှလေ..ဒါကြောင့် ငါအခုလက်ခံထားတဲ့ ရှိုးပွဲကိုလက်လွှတ်လိုက်ရပြီ.."

"မင်းလည်းမောဒယ်လ်မဟုတ်ဘူး..ဒါရိုက်ပြီးတာနဲ့ မင်းသားတန်း

ဖြစ်သွားမှာလည်း မဟုတ်ပါဘူး၊ ကြံဖန်ဖြေစမ်းပါ..မင်းနောက်ထပ်ပြဿနာ ရှာဖို့တော့ မစဉ်းစားနဲ့တော့ကိုလင်း၊ သူ့နောက်မှာ ဦးကိုရှိနေတာသိနေကာမှ ထပ်မမိုက်နဲ့..ဒီလူက နောက်လိုက်တောင့်တယ်၊ အင်အားကြီးတယ်..ခု ဒီကောင်မလေးနဲ့ငြိနေတဲ့ကိစ္စ မင်းအစ်မမသိတာကြည့်ပါလား.."

ဧကရီ့ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားသည်။

ကိုကိုနဲ့ငြိနေတယ်ဆိုပါလား..ဘယ်သူလဲ ဘယ်ကလဲ..။ ဘယ်တုန်းကငြိကြတာလဲ.. ဘယ်အဆင့်ထိဖြစ်နေပြီလဲ..။ မေးခွန်းတွေက Liveလွှင့်နေတဲ့စခရင်မ်ပေါ်က Commentတွေလို တဖွားဖွားတက်လာကြသည်။ မဖြစ်ဘူး..ကိုလင်းဘာပြဿနာတွေရှိရှိ ကိုယ်နဲ့မဆိုင်ပေမယ့် ဒီပြဿနာကို မေးမှဖြစ်မည်။ ဘယ်မိန်းမလဲ..ဘာကြောင့် ကိုယ်မသိခဲ့တာလဲ.. ၊

"ဗေဒါဖြူတဲ့..အဲ့ဒီကောင်မ လူကသာဘာမှမဟုတ်တာ ရေလည်လန်းတာကွ၊ ငါကလည်း မထိရလေငြိချင်လေပဲ.."

"ဘယ်လို.."

"ဟုတ်တယ်..ဘယ်လိုညှို့အားပြင်းတဲ့အထိအတွေ့မျိုးလည်းမသိဘူး ထိမိလိုက်တာနဲ့ ကဲချင်တာ..ထိန်းလို့ကိုမရဘူး.."

"အပျိုမဟုတ်လို့နေမှာပေါ့..မင်းကိုသူတမင်ကလိသွားတာအဲ့ဒါ၊ မင်း ဒီ့ထက် လျှံပြလိုက်ပါလားအစတည်းက.."

"ကျွတ်..အဲ့လိုမဟုတ်လို့ပေါ့.."

ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေသည်။ ခုခေတ်မှာ ထိကြငြိကြတာ ဘာများ ဆန်းလို့လဲ..ပြီးတော့ သင်းက အပျိုစင်လေးလည်းမဟုတ်။ ဆတ်ဆတ်ထိမခံဖြစ်နေသည့်ပြင် လူကိုတောင်ဒဏ်ရာဒဏ်ချက်ပေးခဲ့သေးသည်။ ဒါပေမဲ့ 'ဒဏ်ရာအတွက် ဒဏ်ရာ' 'ကိုယ်ပျက်စီးရင် သူကျိုးကြေပေါ့'။ ဘာဖြစ်ဖြစ် သည်းခံမျိုသိပ်ပြီး မရမကတွဲမည်။ လိုချင်တာကိုရအောင်ယူပြီးရင်တော့ ကျကျနနနင်းချေဖျက်ဆီးပစ်မည်။ သူအတိအကျဆုံးဖြတ်ခဲ့တာ ဒီအတိုင်း ခုတော့ သူမကပျောက်ချင်းမလှ ပျောက်သွားခဲ့သည်။ အောင်ခင်စိုးကလည်း ကျွေးမွေးပြုစုထားတာတွေတောင်မထောက်ဘဲ ဘာမေးလို့မှမရ။ သူ့ညီမလေး ဦးက ပိုဆိုးသည်။ တွေးလေဒေါသထွက်လေ။ တက်ခေါက်မိတာ ဘယ်မျှ ခါမှန်းမသိ။ ပတ်တီးအဖွေးသားရှိနေဆဲ ဒဏ်ရာကိုပဲ ထပ်ပြီးထိုးခဲ့တော့ ..



ပစ်ချင်သည်။

"ဗေဒါဖြူ..ဟုတ်လား.."

လွှတ်လွှတ်လပ်လပ် ဒေါသထွက်နေတုန်း အစ်မဖြစ်သူဝင်လာတော့ စည်သူလည်းကမန်းကတန်းထရပ်သည်။ လင်းမြတ်ဇော်လည်း ကိုယ့်မျက်နှာက တင်းမာမှုတွေကို ချက်ချင်းဖျောက်မပစ်နိုင်ဘဲ လွှားတင်ထားသည့် အပေါ်ထပ်အင်္ကျီကို ကမန်းကတန်းကောက်စွပ်၏။ သို့သော် ဒဏ်ရာနဲ့လက်ကို လျှိုဖို့ကျမှ.. ၊

"ငါသိတယ်.."

ဧကရီက အင်္ကျီကိုဖမ်းဆွဲထားလိုက်ကာ ပတ်တီးကိုစူးစိုက်ကြည့်၏။ ပြီးတော့ မျက်နှာလွှဲထားသည့် လင်းမြတ်ဇော်ကိုပြန်ကြည့်မိ၏။ သူမဘယ်လိုမှမယုံနိုင်။ ဗေဒါဖြူဆိုတဲ့နာမည်ကို နားနဲ့ဆတ်ဆတ်ကြားလိုက်ရသော ကြား.. ၊

"ပြန်ပြောစမ်းကိုလင်း..ဗေဒါဖြူ ဟုတ်လား၊ သူ့ကိုဒါဒါလို့ခေါ်ကြတာလား.."

လင်းမြတ်ဇော်ပါးစပ်အဟောင်းသားနှင့် ပြန်ကြည့်သည်။ စည်သူ ဟာခနဲဖြစ်သွားသည့် မျက်လုံးတွေနှင့်.. ၊

"မကြီးကသိနေတယ်.."

စည်သူက လင်းမြတ်ဇော်နဲ့အတွဲဆုံးမို့ ဧကရီနဲ့လည်း မျက်မှန်းတန်း မိနေကာ သူပဲတအံ့တသြထပ်၍.. ၊

"ကျွန်တော်တောင်မမြင်ဖူးတာကို..အဟွန်း.."

"နင်အသာနေစမ်းပါ..ငါကိုလင်းကိုမေးနေတာ.."

"ဟုတ်ကဲ့ပါ.."

လင်းမြတ်ဇော်ကလည်း မလုံမလဲမျက်နှာကြီးနှင့် ခေါင်းညိတ်ကာ..၊

"ဟုတ်တယ်..ဒါဒါတဲ့၊ ကျွန်တော်နဲ့လည်း သိပ်မကြာခင်ကမှ.."

"သိပ်မကြာခင်ကမှသိတာတောင် လက်ကိုဓားနဲ့ထိုးထည့်လိုက်တယ် ..."

အတ္တကြီးတယ်ပဲဆိုဆို ဘယ်သူစတဲ့ပြဿနာဆိုတာ စိတ်မဝင်စားဘဲ ကိုယ့်မောင့်လက်က ဒဏ်ရာရယ် ဒါဒါရယ် ထိုအချက်တွေကပဲ ရင်ထဲမှာ

မုန်တိုင်းလိုမွှေနေသည်။

"တောက်..ပြောစမ်း၊ ငါ့ကိုပြောစမ်းပါ..ဒါဒါဆိုတဲ့ဟာမနဲ့ ဘယ်လိုပြီ သွားတာလဲ၊ ယောကျ်ားတွေ ဒီဟာမတစ်ကောင်ကိုပဲ မိန်းမထင်နေကြတာ လား..ဒါမှမဟုတ် ငါ့နားကယောကျ်ားတွေပဲ နားမပါ နှာခေါင်းမပါဖြစ်နေ ကြတာလား.."

"အဲ့ဒါကိုမမသိနေတယ်ပေါ့..ဒါနဲ့တောင် မျိုသိပ်နေတာအံ့ရော.."

"ဘာလဲ..ဘာကိုသိရမှာလဲ၊ ကိုကိုကသနားတတ်တယ်..အဲ့ကောင်မ က ဒုက္ခသည်မ၊ အဲ့လိုတွေနှီးစပ်နေကြတာ..နင့်လိုအနာတရဖြစ်တဲ့အထိ ကိုကိုကမတုံးဘူး.."

"ကျွန်တော်ကလည်း အလစ်ငိုက်ခံလိုက်ရလို့ပါ..လင်းမြတ်ဇော်တဲ့ တစ်ဇော်တည်းရှိတယ်.."

"လာသေးတယ်..တောက်.."

ဒေါသက ဘယ်လိုပေါက်ကွဲရမှန်းမသိလေ ပိုတိုးလေ။ လင်းမြတ် ဇော်သေချာရှင်းပြတော့လည်း ဒေါသအရင်းအမြစ်က အခိုင်အမာရှိနေခဲ့ရာ..

"နင့်မှာအဲ့ဒီလို ကလေကျချေအုတ်ကြားမြတ်ပေါက်ဟာတွေနဲ့ ဘယ် လိုတွဲဖက်ဆက်စပ်မိလို့ ဒီလိုမိန်းမမျိုးနဲ့ ဆုံရတာလဲ.."

"မမကလည်းဗျာ..အတင်းကိုပစ်နေတော့တာပဲ၊ နည်းနည်းပါးပါးကာ ကွယ်ချိန်ပေးပါဦး.."

ကေရီက စားပွဲအောကခုံကို ဆွဲလှည့်လိုက်သည်။ နှစ်ပတ်သုံးပတ် လည်သွားတော့ စည်သူကကမန်းကတန်း ဖမ်းထိန်းကာ သူမထိုင်ဖို့ လှည့် ပေး၏။ ထိုအခါကျမှ ဆောင့်ခနဲထိုင်ကာ.. ၊

"နင်မပြောနဲ့..ငါပဲပြောမယ်.."

ဟု အစချီကာ ဒါဒါ့အကြောင်းအကောင်းမပါသော စကားလုံးတွေ စက်သေနတ်ပစ်သွားသည့်နှယ်။ သို့သော် သူမနဲ့ကလေးလေး ဆေးရုံတစ် ခါတည်းရောက်သွားပြီး တစ်ခါတည်းကိစ္စချောသွားခဲ့သည့် ကလေးအပြင် တွေကိုတော့ ချန်လှပ်ခဲ့ပြီး.. ၊

"လင်နဲ့ကလေးနဲ့အမေပါသေပြီး ပဋ္ဌာမြေလူးဖြစ်ပြနေတာလေ..ယော ကျ်ားတွေကို အဲ့လိုနည်းနဲ့ချူနေတာ.."



"ဒီလိုဆိုတော့လည်း သနားစရာကောင်းပါတယ်.."

မိန်းမတစ်ယောက်အပေါ် သနားမိသည့်ယောကျ်ားတစ်ယောက် စိတ်က ထူးဆန်းလေသည်။ ဒီမိန်းမလိမ်ပြီညာပြီထင်လျှင် ယောကျ်ားမ က နည်းနည်းမှသည်းမခံတတ်ပေမယ့် လက်တွဲမလျှောက်ဝံ့အောင် ကျိုးရေ ပျက်စီးနေသည့်မိန်းမဖြစ်ပါစေ ရဲရဲဝံ့ဝံ့တွဲခေါ်ချင်သည့် သတ္တိတွေရှိနေတ ပြန်သည်။ တစ်ခါတလေမှာ အမှန်တရား၏ဂုဏ်ကျက်သရေသည်သာ ရာရာကိုအကောင်းတိုင်းဖြစ်စေသည်ရှိရာ.. ၊

"သူအဲ့လောက်တောင် ကံဆိုးခဲ့တယ်ဆိုတော့ ဖြစ်သင့်ပါတယ်.."

"ဘာ.."

"ကျွန်တော်ဆန္ဒစောသွားတာလည်းဖြစ်.."

"ဖျန်း.."

"အား.."

လက်မောင်းကို ဖျန်းခနဲအရိုက်ခံလိုက်ရသဖြင့် ညာတာစိတ်တို့န တွေးတွေးဆဆပြောနေသည့် လင်းမြတ်ဇော်ရှုံ့မဲ့အော်၏။ ကေရီ့ကိုကြည လိုက်တော့ ဒေါသထန်နေသည့်မျက်နှာက ကြောက်စရာကောင်းအော တင်းမာနေလျှင်.. ၊

"ကျွန်တော်လည်းသွေးထွက်သံယို ခံလာခဲ့ရတာပဲမမရာ..ဒေါသ ထွက်ဘဲနေမလား.."

"ဒေါသစကားလား..အဲ့ဒါ.."

"ဒေါသကရင်ထဲမှာလေ..သူ့အကြောင်းကြားလို့ ကြားတဲ့အတိုင်းပြေ တာပါးစပ်က.."

"တောက်.."

"ငါ..ငါပြန်မယ်နော်၊ အဘွားခိုင်းလိုက်တာ ခုမှသတိရလို့.."

စည်သူက ကေရီ့ကိုလန့်သည့်ပုံလုပ်ပြပြီး သူငယ်ချင်းချင်းအချက် ပြ၍ လစ်ထွက်သွားသည်။ ကေရီသည် ဆံပင်တွေကို တစ်ဖက်သိမ်းကာ ရင်ဘက်ပေါ်ထိ တွဲလွဲပြန်ကျနေသော ကျောက်ကလစ်လေးနှင့် ဖိထား၏။ ဆံကြိုးရှည်နှင့် ဟန်းချိန်းလက်စွပ်အားလုံး ကလစ်နဲ့ဝမ်းဆက်ဖြစ်ကာ ခြေ ချင်းချိတ်ထိုင်နေသဖြင့် ဖု(တ်)ချိန်းကအစ တစ်ကိုယ်လုံးဒီဇိုင်းတူဝတ်ထား

တာကို ခေါင်းကနေခြေဖျားထိ သေချာကြည့်သည်။ ကြည့်ကောင်းလွန်းလို့ တော့မဟုတ်ပေ။ အမြဲတမ်း အလှအပတွေနဲ့ ကြွကြွရွရွလေးရှိနေတတ်ခဲ့ လျက် ကိုယ့်အစ်မကိုမြင်လိုက်ရတိုင်း မော်ကြွားပျော်ရွှင်နေတယ်ဆိုတာ မျှ သလောက်ပင်.. ၊

လောင်းကစားဝိုင်းကထလာလို့ အချိုကြီးပွလာတာတောင် "တစ်ကျပ် နှစ်ကျပ်ဝိုင်းလောက်ပဲ ထိုင်ဖူးတဲ့ဟာတွေကများ ရာရာစစ" "တောက်..ဒီ လိုမှန်းသိရင် ရှုံးရင်ကျွန်ခံကြေးလို့ ချထိုးခိုင်းလိုက်တယ်၊ တော်တော်လာဘ် မမြင်တဲ့ငါပဲ" စသဖြင့်သော သူများကိုမှမဟုတ်ရင် ကိုယ့်ကိုယ်ကိုမကျေနပ် နပ်မချင့်မရဲဖြစ်နေသည့် ပူလောင်မှုတွေနဲ့ အမြဲတမ်း.. ၊

"နင်သူ့ကို ဘာသွားလုပ်လိုက်တာလဲ..ငါ့ကိုသေချာပြောပြစမ်း.."

"ပြောပြီးပြီလေမမရာ.."

ပြောပြီးပြီပေမယ့် ဖြစ်ပျက်ခဲ့တာကို ပြန်ပြောပြလိုက်ပြီး.. ၊

"ချူတာမဟုတ်ဘူးသူက..ကျွန်တော်ကလည်း အိုခေပြီဆိုပြီး လုံး သတိမထားမိလိုက်တာ.."

"ဟုတ်တယ်လေ..သူ့လိုနေစရာမရှိ စားမရာမရှိ ပထွေးလက်ထဲမှာ ဖွတ်ဖွတ်ကြေလာတဲ့မိန်းမက၊ နေစမ်းပါဦး..ခုရော နင့်သူငယ်ချင်းနဲ့ကင်းခဲ့ လား၊ မောင်နှမနှစ်ယောက်ပဲနေတဲ့တိုက်ခန်းဆိုတော့.."

"ဟာ..အောင်ခင်စိုးက ကျွန်တော်ခေါ်လို့ ခဏပြန်လာတာပါ၊ မမ လည်း ပြောချလိုက်တာ တဆုံးပဲ.."

သူကများ ဒီဟာမဘက်က နာနေသေးတာလား..။ လက်ကဒဏ်ရာ နဲ့မျက်နှာကို အံ့ဩသလိုကြည့်ကာ စိတ်တွေလည်းတို.. ၊

"နင်က အဲ့ဒီကောင်မကို တကယ်ကိုအသည်းအသန်ဖြစ်နေတာလား ကိုလင်း..သူ့ကိုငါက ကမ္ဘာမကျေအမုန်းနော်၊ နောက်ထပ် နင့်ပါးစပ်ကပြော ရင် သွားအခွေလိုက်ကျွတ်ထွက်အောင် ရိုက်ပစ်လိုက်မှာ..မလုပ်ဘူးမအောင် နဲ့.."

လင်းမြတ်ဇော်က ခေါင်းကုတ်လိုက်ရင်း မသိမသာနောက်ဆုတ် သည်။ တက်တခေါက်ခေါက်နှင့် မျက်မှောင်ကုတ်လိုက် အံကြိတ်လိုက်ဖြစ် နေသည့်အစ်မကို လန့်လာမိတာလည်းအမှန်.. ၊



"အဲ့ကောင်မက ငါ့ကိုစိန်ခေါ်သွားတာ.."

လင်းမြတ်ဇော် မျက်လုံးပြူးသွားကာ.. ၊

"မမတို့ ကိုကို့ကိုလုကြတာလား.."

"ဘာ.."

လှည့်အော်လိုက်တော့ ပခုံးကျုံ့အောင် လန့်သွား၏။ ပြီးတော့ ဘာမှ လည်း မမေးရဲတော့ပေ။ သူ့အတွက် ဒီအစ်မကသာကျေးဇူးရှင်။ အစ်မ ကြောင့်သာ သူဌေးလိုနေရခြင်းဖြစ်ရာ နည်းနည်းလေးမှငြိငြင်ခံလို့ မဖြစ် ဆ.. ၊

"သူကဘယ်လောက်အဆင့်ရှိလို့ ငါကပြိုင်လုနေရမှာလဲ..အလကား နှစ်ရာတန်မ၊ နှစ်ရာတန်တစ်ရွက်ကို ကြက်လိုယက်ရှာမှ သုံးနိုင်တဲ့အောက် တန်းစား.."

ဇကရီက စကားပြောရိုင်းသလောက် ဒေါသဖြစ်ပြီဆို သူစိမ်းသူကျက် အသက်အရွယ် ဘာညာမကြည့်.. ၊

"ရပ်ကွက်အစုတ်ပလုတ်ထဲက သူတို့ချည်းပဲ လက်တွဲညီတဲ့ဟာတွေ နိုင်ခဲ့မှန်းမသိ ကျောက်ခဲမှန်းမသိ..အထူအပါးလည်း နားမလည် အဲ့ဒီ အောက်တန်းစားကို 'ဘုရင်မ'ဇာတာရှင်တဲ့.."

"ဟမ်.."

လင်းမြတ်ဇော်မျက်နှာမဲ့သွားသည်။ မမဒေါသထွက်တာလည်း မ ပြောနဲ့ဆိုသည့်မျက်နှာသည် ကြာရှည်စွာမဲ့နေခဲ့လျက်.. ၊

"နှစ်ရာတန်တစ်ရွက်ဆိုတာ ဘာလဲမမ..ဘာဖြစ်ကြတာလဲ.."

"ဘာဖြစ်ဖြစ်မမေးနဲ့..မပြောချင်တော့ဘူး.."

ထိုင်ရာမှ ဆတ်ခနဲထရပ်လိုက်ရင်း.. ၊

"ကျက်သရေယုတ်တယ်.."

"အခု သူ့မှာယောက်ျားမရှိတော့ဘူးပေါ့.."

အားတက်သရောမေးလိုက်ပြီးမှ အကြည့်တွေစူးခနဲရောက်လာတော့ လင်းမြတ်ဇော်ရှက်ရယ်ရယ်ရင်း မျက်လွှာချ၏။ ပြီးမှ.. ၊

"အပြီးသေသွားတာလားလို့ မေးတာပါ.."

"သေပါတယ်ဆို ခဏသေတာရှိမလား..နင့်မှာလည်း အီလက်ထရွန်း

နစ်ဆိုလို့ အီလက်ထရွန်းနစ်..ဖုန်းဆိုင်ဆိုလည်း ဟီးထနေအောင်ခင်းကျင်းတယ်၊ ပြီးရင်ပျောက်..အခု ရပ်ကွက်ကြိုကြားထဲက မုဆိုးမတစ်လင်ကွာတွေ မိန်းမပျက်သာသာတွေနဲ့.."

"ဟာ..အဲ့လောက်မဟုတ်ပါဘူးမမရာ၊ ကျွန်တော်ခံလာရတာပဲကြည့်"

"အေး..အဲ့လိုခံလာရတော့ ဒဏ်ရာကြည့်ပြီး နင်တန့်နံ့ဖြစ်နေပြီမလား အဲ့လိုတမင်လုပ်တာလေ..လူချောလူလှသူဌေးသားကို မကြိုက်ရအောင် နာခေါင်းမပါတာလည်း မဟုတ်ဘူး၊ မျက်လုံးလည်းမကန်းသေးဘူး..ဟွန်း တစ်ကျပ်သားနှစ်ကျပ်သားကိုကျော်ပြီး တစ်ပိဿာနှစ်ပိဿာကိုမှန်းတာ..သူကိုယ့်သူတော့ လည်လှပြီပေါ့.."

ပြောနေရင်း လျှို့ဝှက်သည့်မဲ့ပြုံးနှင့် ငဲ့ကြည့်ကာ.. ၊

"မိုက်ဖော်မိုက်ဖက်တွေပါ စုထားလိုက်..အဲ့ဒီမုဆိုးမကို နင့်လက်ထဲရောက်အောင် ငါထည့်ပေးမယ်.."

"ဟာ.."

မျက်နှာကြီးဝင်းထိန်သွားကာ လင်းမြတ်ဇော်အစ်မဖြစ်သူနား ချက်ချင်းကပ်၏။

"တကယ်နော်..ကတိ.."

"ဟွန်း.."

ဇကရီက ကလစ်ကပန်းတွဲလေးတွေ လှုပ်ရမ်းသွားတဲ့အထိ မျက်နှာမော့ရယ်လိုက်ရင်း.. ၊

"မုဆိုးမမျက်ရည်သာ ခံနိုင်ရည်ရှိအောင် ကြိုးစားထား..ငါကတာ တည်ရပြီး နင့်ဘက်ကပျော့ညံ့ခဲ့ရင်တော့ သေခန်းပြတ်ပဲ.."

"စိန်လိုက်.."

☎



## အခန်း(၅၁)

"ဘဝဆိုတာ စိန်ခေါ်ဖို့မလိုဘဲ အမြဲတမ်းရင်ဆိုင်ယှဉ်ပြိုင်နေရတဲ့ ပြိုင်ဘက်ကောင်းတစ်ဦးပဲဒကာမလေးရဲ့.."

ဆရာလေးခေမာသီရိရဲ့မျက်နှာပြင်သည် သည်းခံနားလည်နိုင်စွမ်းသော အေးချမ်းမှုတို့ဖြင့် ကြည်စင်နေခဲ့သည်။ သူမသည်လည်း လူဝတ်ကြောင်နဲ့ရှိစဉ်က မိသားစုတာဝန်ကို အဆမတန်ထမ်းပိုးရုန်းကန်ခဲ့ရသော ချင်းမောင်နှမခုနှစ်ယောက်ထဲက အကြီးဆုံးအစ်မဖြစ်ခဲ့လေသည်။ သူမ ကသုံးယောက်မြောက်ကမှ ယခုအင်ဂျင်နီယာဖြစ်နေသော ဒါဒါရဲ့သူ ချင်းစိုးယုမော်ဖြစ်၏။

"ဆရာလေးဆိုရင် မိဘတွေက သူတို့အတ္တတွေနဲ့ သူတို့မှန်နေကြတဲ့ မှာ ကိုယ့်မောင်လေးညီမလေးတွေနဲ့ လမ်းကွဲကုန်မှာစိုးလို့ ရုန်းကန် ားခဲ့ရတာ ကိုယ့်ကိုယ်ကိုတောင် မေ့နေသလားပဲ.."

ဆရာလေးက ထိုင်ခုံပေါ်မှာမတ်မတ်လေးထိုင်လျက် ဘယ်လက်ပေါ် ညာဘက်လက်လေးဖွဖွထပ်တင်ထားသည်။ ပြောပြနေသည့်အကြောင်း ပေါ်မှာ ကြွားဝါဂုဏ်ယူလိုခြင်းကင်းလျက် အပြုံးတို့က အေးချမ်းနေခဲ့

သည်။

"လူတိုင်းမှာ ဘဝတစ်ခုစီရှိတယ်..ကိုယ့်ဘဝကိုရဖို့အတွက် အဲ့ဒီဘ
ကြီးအမြင့်ရောက်တက်လှမ်းဖို့အတွက် ဘဝတစ်ခုစပြီဆိုတည်းက တိုက်
ဝင်ကြရတာပဲ..ဘယ်သူကမှ စိန်ခေါ်တာမဟုတ်ဘူး၊ ကိုယ်ကလည်း စိန်
ခဲ့တာမဟုတ်ဘူး..ဘဝဆိုတာကိုက တိုက်ပွဲပဲ၊ ဘာကြောင့်မှအရှုံးမပေးနဲ့-

"တင်ပါ့ဆရာလေး.."

မိဘတွေတကွဲတပြားစီ ဖြစ်သွားတာတောင် မောင်တွေညီမတွေ
ပညာတတ်ကြီးတွေဖြစ်အောင် တာဝန်ကျေခဲ့တဲ့ဆရာလေးရဲ့လူ့ဝတ်ကြော
ဘဝကို အားလုံးသိနေခဲ့တာမို့ ဒါဒါလေးစားကြည်ညိုစွာ ဦးခိုက်မိသည်
ထို့ပြင် သူငယ်ချင်းရဲ့အစ်မကြီးဆိုပေမယ့် စိုးယုမော်ထက်ဆယ့်လေး
တောင်အသက်ပိုကြီးသူဖြစ်ကာ သူမဘဝကြီးဟာ မိသားစုအတွက်မွေး
လာသလားထင်ရလောက်အောင် ရုန်းကန်ကြိုးစားရင်းနဲ့ အချိန်ကုန်ခဲ့
ဖြစ်သည်။

"အခု ဒကာမလေးဒီလိုဖြစ်သွားတာကို သူငယ်ချင်းဒကာမလေး
ပြောခဲ့ပြီးပြီလား.."

"မပြောခဲ့ဘူးဆရာလေး..စော်ကားဖို့ကြိုးစားတဲ့လူက သူ့အစ်
ငယ်ချင်းဖြစ်နေတော့၊ နောက်ပြီး တပည့်တော်ထင်တာတော့ သူတို့ချ
ထက်မက ပတ်သက်မှုတွေရှိထားကြတာဖြစ်မယ်..ကိုယ့်အတွက်နဲ့တော့
နှစ်ချောင်းလည်းမကယ်နဲ့'ဆိုတဲ့ ဆိုရိုးစကားကြီးရှေ့တ်ပြီး နောင်တ
မကျန်ခဲ့စေချင်လို့ပါ.."

"အဲ့ဒါကောင်းတာပေါ့ဒကာမလေးရယ်..လူတွေဟာ စိတ်ညစ်လာ
အပြောမှားအဆိုမှားတွေ ဖြစ်တတ်ကြတယ်၊ ဒေါသထွက်နေချိန်
ကိုယ့်အပြောအဆိုတွေကို ထိန်းချုပ်ဖို့ခက်တယ်..ဒါကိုဒကာမလေး
အောင်နိုင်ခဲ့တာပဲ၊ ဆရာလေးသာခုခေါ်ပါတယ်..နောက်ထပ်ဘယ်မှာ
နေဖို့ စိတ်မကူးနဲ့တော့၊ အလုပ်လုပ်မယ်ဆိုရင် ဒီကနေပဲလုပ်..ကိုယ့်အ
ပြည့်စုံလုံခြုံမှုရှိပြီလို့ သတ်မှတ်နိုင်တဲ့အထိ နေလို့ရတယ်၊ ဆရာလေး
နေနဲ့ ဒုက္ခဆင်းရဲတွေ့နေတဲ့လူကို ကယ်တင်ထားတယ်လို့ပဲမှတ်တယ်
မှုအပန်းမကြီးဘူး.."



"ကျေးဇူးတင်ပါတယ်ဆရာလေးရယ်..ခုလိုအချိန်မှာ ဒီစကားကအ
ကောင်းဆုံးခွန်အားပြည့်ဆေးပါ.."

ဝမ်းသာလွန်းလို့ မျက်ရည်များတောင်လည်ပါသည်။ ဆရာလေးက
သာ ကြာရှည်တော့လက်မခံနိုင်ပါဘူးဆိုလျှင် သူမဘဝသည်.. ၊

"ဒါနဲ့ ဒကာမကြီးဒေါ်သီတာအေးဆုံးသွားတော့ အိမ်နဲ့ခြံနဲ့တောင့်
တောင့်ခံခံကျန်ခဲ့တယ်မို့လား.."

"ဟုတ်ပါတယ်..ဒါပေမဲ့.."

"ဘာဖြစ်လို့လဲ..ဒကာမကြီး အိမ်ထောင်သစ်မပြုခင်တည်းက သားအ
မိအတူနေခဲ့ကြတာမို့လား၊ ဒကာမလေးလည်း သက်ဆိုင်နေသေးတာပဲ..
အစိမ်းယောကျ်ားတစ်ယောက်နဲ့ အတူနေဖို့မှမဖြစ်နိုင်တာ၊ သက်ဆိုင်သမျှ
ခွဲယူပြီး ကိုယ့်ဘဝအတွက် ကျောထောက်နောက်ခံထားရမှာပေါ့..ဒကာမ
လေးတို့ လောကီရေးရာတွေကို ဆရာလေးကစွက်ဖက်တာမဟုတ်ပါဘူး၊
သူ့ဆီကလုယူဖို့လည်း မဟုတ်ဘူး..ယောကျ်ားတစ်ယောက်ရဲ့ဒုက္ခထက် မိန်း
မသားတစ်ယောက်ရဲ့ ဒုက္ခကပိုပြီး အကာအကွယ်မဲ့တယ်..ညီညီမျှမျှယူကြ
ဖို့ကို ပြောတာပါ.."

ဒီလိုယူဖို့အတွက် သူမဘယ်လောက်ထိ တိုက်ပွဲဝင်ရဦးမည်ဆိုတာ
ဆရာလေးကို ဘဝတစ်ခုလုံးနဲ့ချီပြီး ရှင်းပြရတော့မှာပါ။ ဒါပေမဲ့ တရားဘာ
ဝနာနဲ့အေးအေးချမ်းချမ်းနေတဲ့ ဆရာလေးတစ်ပါးကို ဒါတွေပြောပြခြင်းဖြင့်
လောကီဘဝပူပန်သမျှကို ပေးမသိစေချင်တော့ပါ.. ၊

အမေဟာ ကိုယ့်ရဲ့မွေးသမိခင်ဆိုသော်လည်း အမေနဲ့သူမကြားက
မေတ္တာတရားတွေဟာ အတူနေထိုင်ခြင်းမထိုင်ခြင်းပေါ်မှာပဲ ပျောက်ပျက်
သွားခဲ့ပြီဖြစ်ကြောင်း ပတ်ဝန်းကျင်က စည်းခြားသတ်မှတ်ထားပြီးဖြစ်သည်။
ဒါဟာ အမိန့်ရှင်မပါ နာခံမည့်ဝန်ခံကတိမရှိခဲ့ဘဲ ကိုယ်တိုင်ခံစားမိနေခဲ့
သည့် သတ်မှတ်ချက်ဖြစ်သည်။ အမေ့ပတ်ဝန်းကျင်မှာ ဗေဒါဖြူက ဒေါ်
ကြည်ဝေ့သမီး..သားအမိချင်းလည်း အသိအမှတ်ပြုခြင်းမရှိတော့သလိုမျိုး
အမေ့ဆီကိုယ်ရောက်သွားတိုင်းလည်း မိဘကိုနှိပ်စက်ကလူပြုဖို့ ပြန်လာသ
လိုလို.. ၊

"တပည့်တော် အဲ့ဒီပတ်ဝန်းကျင်ကို မသွားချင်တော့ပါဘူးဆရာလေး

ရယ်..ကိုယ့်အမေ့ကို ဘယ်လောက်ထိချစ်ခဲ့ပါတယ်ဆိုတာ သက်သေပြ
ရယူဖို့ကြိုးစားရမယ့် အဖြစ်မျိုးမလိုချင်ဘူး၊ အများတကာအမြင်မှာ ဒါ
အိမ်ခြံမြေပေမယ့် တပည့်တော်အတွက်ကတော့ အမေ့မေတ္တာရိပ်ပါ..အ
ကိုယ်တိုင် နင့်အတွက်ဆိုတာမျိုး တစ်ခါမှမရှိခဲ့ဘဲ သူပေးချင်တဲ့သူကို
ခဲ့တာ..တပည့်တော်စိတ်ထဲလည်း မထားတော့ပါဘူး.."

"ဆရာလေးကတော့ ဒကာမလေးတွေးသလို မတွေးမိဘူး..မိခင်တစ်
ယောက်က ဘာအတွက်ဘယ်လောက်ပဲ အာရုံများခဲ့ပါစေ အရေးကြုံလာ
သားသမီးလက်ကို ဆွဲထားတာပဲ.."

ဒါမိခင်တိုင်း ဟုတ်ရဲ့လား.. ।

ဒါဒါ နှုတ်ခမ်းလေးမှာ မပီပြင်သော အပြုံးလေးတစ်ချက်ဖြစ်သွား
သည်။ 'တစ်ယောက်တလေရှိကောင်း၏'လို့ ထပ်ဖြည့်မှ မှန်မည်ဆို
စိတ်ထဲမှာပဲ ပြောနေမိကာ အမေ့ကိုသတိရသွားသည်။ အမေ့ရဲ့နောက်ဆုံး
အချိန်မှာ သူမရှိခဲ့သည်။ ဒါပေမဲ့ အမေနဲ့ဘာမှမပြောလိုက်ရပေ။ အမေ
သူမအတွက် ပြောဖို့စကားရှိခဲ့သလား..မရှိခဲ့ဘူးလား.. ।

ပြောဖို့ရှိနေသည်ဆိုလျှင် ဘယ်လိုအကြောင်းအရာတွေ ဖြစ်နေမလဲ
ဖျတ်ခနဲပြန်ပေါ်လာကာမှ အမေစကားပြောဖို့ ကြိုးစားနေခဲ့သည့်မချိတ
တွေကို ပြန်ရှာတွေ့ခဲ့သည်။ အမေတစ်ခုခု ပြောချင်ခဲ့သည်။ ဦးဝင်းမောင်
မိဘလို သဘောထားဖို့လား..'ညည်းမန္တလေးပြန်ပါအေ'လို့ ပြောမှာလား

ထိုအခါ ကျန်းမာစဉ်က ပြောခဲ့သည့်စကားတွေပါ ပေါ်လာခဲ့၏။

"ဟုတ်တယ်..ဒီမိန်းမယူလိုက်ရင် အေးဆေးဒူးနှန့်စားရုံပဲဆိုပြီး ဝင်း
မောင်ငါ့ကိုယူခဲ့တာ၊ အဲ့ဒီတော့ဘာဖြစ်သလဲ..သူ့မှာလည်း လူပျိုဆိုတဲ့ဂု
လေးပဲရှိတာလေ၊ ဝင်းမောင်ဘာမှမရှိတာသိသိနဲ့ ငါယူခဲ့တာပဲ..ငါသေ
ဒီအိမ်ကြီးကျန်ခဲ့မှာလို့တောင် တွေးရင်တွေးဦးမယ်၊ ညည်းခေါင်းထဲမှာလည်း
ဒေါ်ကြည်ဝေပဲရှိသလို ငါ့ခေါင်းထဲမှာလည်း ဒီအတိုင်းပဲ..သိတာအေး
တစ်ကိုယ်ရေတစ်ကာယသမား.."တဲ့.. ।

ဆိုတော့ အမေ့နောက်ဆုံးစကားက ဘာဖြစ်ဖို့ရှိမလဲ..။ ကျင်ခနဲ
သွားခြင်းကြောင့် နှာခေါင်းရင်းမှာ ကျင်ခဲဖန်စပ်လာသည်။ မျက်ရည်
တွက် အခြေခံမီးစက မျက်ရည်အိတ်ကိုပြိုဖို့ကြိုးစား၏။ အမေဘာပြော



ဲဖြစ်ဖြစ် ကြားခွင့်မရလိုက်သည့်အဖြစ်ကြောင့် ရင်နာမိသည်။ သားအမိ
စကားများကြ ဒေါသတွေထွက်ကြတာ ဘာမှမဆန်းတော့ပါ။ အမေရက်စက်
တာတွေလည်း သူမရင်ထဲထည့်မထားမိပါ။ အမေဘာပေးခဲ့သလဲဆိုတာ
ထက် အမေဘာပြောချင်ခဲ့တာလဲဆိုတာ သိခွင့်မရခဲ့သည့်အဖြစ်ကို ပြန်မ
တွေးရဲ။ ခုတော့ အကြောင်းအရာတွေနဲ့ဆက်စပ်ပြီး အစပြန်ပေါ်လာခဲ့သည်။
မျက်ရည်မကျဖို့ ဘယ်လိုပင်ချုပ်ထိန်းနေခဲ့ပေမယ့် ပူနွေးသည့်စီးကြောင်းနှစ်
ခု တလိမ့်လိမ့်ဖြတ်ဆင်းသွားကြ၏။

သို့သော် ဆရာလေးရှေ့မှာမို့ မျက်နှာငုံ့ပစ်လိုက်ရင်း လက်ခုံနဲ့ပွတ်
ချက်လိုက်မိသည်။ ဆရာလေးက မျက်လွှာစင်းကြည့်ရင်း သက်ပြင်းမှုတ်
ရှင်းချကာ.. ।

"သောကဝင်လာရင် ဝေဒနာနဲ့ကြည့်..လောကဓံဆိုတာ ဝမ်းသာပျော်
ရွှင်ခြင်းကိုပေးတာ မဟုတ်ဘူး၊ များများရယ်ခိုင်းလာရင် များများငိုရဖို့ပဲ..
ကိုယ်ကခံနိုင်ရည်မရှိဘူးဆိုရင် ငိုလိုက်ရယ်လိုက်နဲ့ပဲ ဗုန်းဗုန်းလဲသွားမှာ၊
ဒါကိုရင်ဆိုင်ရမယ်..ကျော်လွှားရမယ်၊ ဒါမှ မတည်မပြုံးရပ်တည်နိုင်တဲ့ဘဝ
ကိုရမှာ..ရင့်ကျက်သူတိုင်းမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ချည်းပဲ၊ နည်းနည်း
လေးတောင် နောက်မတွန့်လိုက်နဲ့..ရင့်ကျက်ဖို့ ဒကာမလေးအများကြီး ကြိုး
စားရဦးမှာနော်.."

တန်ဖိုးရှိသည့် ဆုံးမစကားတွေပါ။ ဒါဒါ့မျက်ရည်တွေ ချက်ချင်း
တိတ်သွားသည်။ အံကြိတ်ထားရပေမယ့် ထိန်းချုပ်လိုက်နိုင်၏။ နေစရာမရှိ
စားစရာမရှိသည့် တစ်ကောင်ကြွက်မိန်းမတစ်ယောက်ဆိုတာကို ဘယ်တော့
မှ မတွေးမိအောင် နေဖို့ဆုံးဖြတ်ရင်း.. ।

"တပည့်တော် အပြင်ပြန်ထွက်ရဦးမယ်ဆရာလေး..အလုပ်ကိစ္စပြော
ထားခဲ့တာရှိလို့ပါ.."

"ဟုတ်လား..အလုပ်ရှာတာမြန်လှချေလား.."

ဆရာလေးက အံ့ဩသွားသည့်ပုံပေါ်လျှင် ဒါဒါမျက်နှာခပ်ငုံ့ငုံ့ဖြစ်
သွားကာ.. ।

"တင်ပါ့..စားသောက်ဆိုင်မှာ.."

"အလို..ဘုရားရေ.."

"မဟုတ်ပါဘူးဆရာလေးရယ်..ဆိုင်နောက်မှာပါ၊ ပြီးတော့ ဘီယာဆိုင်လည်း မဟုတ်ဘူး..တပည့်တော်က အကြော်အလှော်ပိုင်းမှာ တာဝန်ယူရမှာပါ၊ မနက်ကိုးနာရီကနေ ညနေသုံးနာရီထိဆိုတော့ ပေးတဲ့လစာက အရမ်းတန်လို့ပါ..ဒါတောင်ရဖို့လည်း မသေချာသေးပါဘူး.."

ဆရာလေးခေါင်းညိတ်တဲ့အထိ ရှင်းပြလိုက်ရင်း တစ်ခါတည်းဝတ်ဖြည့်ပြီး ထဖို့ပြင်သည်။ ထိုစဉ်.. ।

"ဆရာလေးကျန်းမာပါရဲ့လားရှင့်.."

"ဩော်..ဒကာမလေးပါလား.."

ဆရာလေးကို နှုတ်ဆက်လိုက်ပြီး အမှတ်တမဲ့မြင်လိုက်ရသည့်မျက်နှာကြောင့် ဧပရယ်လ်အံ့ဩသွားသည်။ ထို့ကြောင့် ဆရာလေးပြန်ပြောတာကို သေချာမကြားလိုက်ရဘဲရှိကာ.. ।

"အား.."

"အယ်..ဆောရီးနော်.."

ဒါဒါကအထ သူမကအထိုင်မှာ လက်ထဲမှာဆွဲထားသည့် ဒူးရင်းသီးနှင့် ဒါဒါ့လက်ကိုမထိတထိ ကပ်ပေးလိုက်သည်။ မဟုတ်လျှင် တစ်ချက်မှမော့လာဖွယ်မမြင်သည့်သူမနဲ့ မျက်လုံးချင်းဆုံချိန် ရလိုက်မှာမဟုတ်.. ।

"တော်တော်နာသွားလားဟင်..ဆောရီးနော်.."

ထပ်ပြောမှ လက်မောင်းလေးပွတ်ရင်း ဒါဒါကမျက်လွှာပင့်ကြည့်သည်။ ပျာပျာသလဲတောင်းပန်နေသည့် မျက်နှာကိုမြင်တော့ ခေါင်းညိတ်ပြလိုက်ရင်း.. ।

"ရပါတယ်..ကျွန်မကလည်း ဧည့်သည်ထပ်ရောက်လာတော့ နေရာဖယ်ချင်တာနဲ့ ကမန်းကတန်းထလိုက်မိတာ.."

"အဟွန်း.."

သူမသိတော့မည် နှုတ်ဆက်မည်လို့ပြင်ထားပေမယ့် ဒါဒါကပြောပြီးလှည့်ထွက်သွားသဖြင့်.. ।

"ဒီမှာ..ဒီမှာ.."

ဧပရယ်လ် သူမရဲ့မှတ်မိသိရှိမှုကို စောင့်မနေနိုင်တော့ဘဲ လက်ကိုဆွဲထားလိုက်မိကာ.. ।



"ညီမက တို့ကိုမမှတ်မိဘူးထင်တယ်.."

"ရှင်.."

ဒါဒါအံ့ဩသွားသည်။ ပြောမှ သေချာပြန်ကြည့်မိပေမယ့် သူမကိုလုံးဝမသိခဲ့တာ သေချာသည်။ အားနာပြုံးနှင့် ခေါင်းခါပြမိကာ.. ।

"ဆောရီးပါနော်..ကျွန်မတကယ်မမှတ်မိလို့ပါ.."

"ကဲ..စကားပြောဦးမယ်ဆို၊ ဒါကြီးဆွဲမထားနဲ့လေ..ငါ့ကိုပေး.."

နှစ်ယောက်ဝင်လာတာမို့ နောက်တစ်ယောက်က ဆရာလေးရှေ့မှာထိုင်လိုက်ပြီးမှ ပြန်ထလာကာ ဒူးရင်းသီးတွေကို လက်ပြောင်းယူသွားသည်။ သူမကလည်း ဒါဒါ့ကိုသာအာရုံစိုက်နေကာ.. ।

"ဟုတ်မယ်..မေးကြည့်တာက မှတ်မိမလားလို့ပါ၊ တို့ကဧပရယ်လ်ပါ..ညီမအမေနဲ့ကလေးနာရေးတုန်းက အိမ်ကိုလာခဲ့ဖူးလို့ သိနေတာ.."

"ဩော်.."

အမေနဲ့သိနေတာလားလို့ တွေးလိုက်မိပေမယ့် မဖြစ်နိုင်ဘူးလို့လည်းထင်သည်။ ဒါပေမဲ့ တစ်ယောက်ယောက်နဲ့သိနေလို့သာ လာတာဖြစ်မှာမို့ အတွေးတွေနဲ့ ခဏတော့ကြောင်အမ်းအမ်းဖြစ်သွားခဲ့သည်။

"ဒီလိုလေ..တို့ကညီမနဲ့မခင်ပေမယ့် အဲ့နားမှာအသိရှိတယ်၊ ညီမတို့အိမ်က နာရေးအတွက် စိတ်မကောင်းဖြစ်မိတာနဲ့ အသိနဲ့လိုက်လာခဲ့တာ.."

ကိုယ်တောင်ကူငွေထည့်ဝင်ခဲ့သေးတယ်ဆိုတာတော့ မပြောတော့ပါ..।

"နောက်ပြီး.."

ဒါဒါ့မျက်နှာကို အကဲခတ်ကြည့်လိုက်ရင်း ဧပရယ်လ်က အားနာသလိုပြုံး၍.. ।

"ဗေဒင်ဆရာမအိမ်မှာလည်း ညီမနဲ့တို့ဆုံခဲ့သေးတယ်.."

"ဟုတ်လား.."

ဒါလည်း သူမဝေဝါးနေဆဲပုံရှိနေသဖြင့်.. ।

"ညီမမမှတ်မိဘူးလား..ဗေဒင်ဆရာမ အခန်းရှေ့မှာ စီနီယာလုရင်းနဲ့ စကားများခဲ့တဲ့တစ်ယောက်လေ.."

"အင်း..ဟုတ်တယ်၊ မှတ်မိသလိုပဲ..ဒါပေမဲ့ အဲ့ဒါကအစ်မမဟုတ်ဘူးထင်တယ်.."

ဖြစ်ရလေဖေဒါဖြူရယ်..ဒီလောက် ဒေါသမာနတွေပြင်းထန်တဲ့ကေရီဆိုတဲ့ မိန်းမတစ်ယောက်လုံးကို မမှတ်မိတော့ဘူးတဲ့လား..။ အဲဒါနင့်ကိုဘဝပျက်အောင် ဖျက်သွားတဲ့မိန်းမပဲ.. ။

"ဟုတ်တယ်..သူကကေရီပါ၊ တို့ကဖေရယ်လ်..နာမည်ချင်းဆင်သလို အရမ်းလည်းခင်ကြတာ.."

တစ်ချိန်ချိန်ကအထိ ဒါကအမှန်တရားပဲဖြစ်သည်။ ဆက်လက်ပြီးချစ်ခင်ရင်းနှီးသင့်ရဲ့လားဆိုတာတော့ ပဇ္စုပ္ပန်နဲ့သာဆိုင်လေသည်။ ကေရီအဲ့တကြိတ်ကြိတ် တကြိမ်းကြိမ်းဖြစ်နေခဲ့သမျှ ဖေဒါဖြူဆိုသည့်မိန်းကလေးက ဘာမှမသိရှိရှာပါလားဆိုတာ သိလိုက်ရခြင်းသည်.. ။

"မှတ်မိပြီဆိုရင်တော့ အဲ့ဒီတုန်းက တို့သူငယ်ချင်းပြောဆိုခဲ့တာတွေနည်းနည်းလွန်ပါတယ်..အဲ့ဒီအတွက်.."

"ရပါတယ်..ကျွန်မစိတ်ထဲ ဘာမှမရှိခဲ့ပါဘူး.."

"ကျေးဇူးပဲ..ဒါနဲ့.."

ကိုယ်က စကားမဆက်ရသေးခင် သူမကခြေလှမ်းပြင်နေသဖြင့် အနားနီးအောင် ပိုတိုးရပ်လိုက်ပြီးမှ.. ။

"အဲ့ဒီတုန်းက နာရေးမှာပြောသံကြားလိုက်လို့ပါ..ကလေးနဲ့ကားမောင်းလာတုန်း တခြားကားကဝင်တိုက်သွားတာဆို၊ နာရေးပြီးရင် အမှုရင်ဆိုင်ကြမှာဆိုလား.."

"ဟင့်အင်း..မဟုတ်ပါဘူး.."

အံ့လည်းအံ့သြကာ စိတ်တိုသည့်အပိုင်းကို ချဉ်းနင်းလာပြီမို့ ဒါဒါမျက်မှောင်လေးကုတ်ထားမိလျက်.. ။

"ကျွန်မက ကားမောင်းမကျွမ်းကျင်လို့ပါ..ရန်ကုန်မှာတုန်းကလည်း အဲ့ဒီအကြောင်း ဘယ်သူမှမပြောဘူးပါဘူး၊ ဘယ်လိုကြားလိုက်တာလဲ.."

"အာ..အဲ့ဒါက ဟိုလေ ဒီလိုပဲကြားလိုက်တာပါ၊ ရှိုင်းသလိုဖြစ်သွားရင် ဆောရီးနော်..အဲ့လိုကြားထားခဲ့ပြီး ညီမကိုသီလရှင်ကျောင်းမှာ တွေ့လိုက်ရလို့ မေးကြည့်မိတာ၊ တောင်းပန်ပါတယ်.."

"ရပါတယ်..ကျွန်မကိုသွားခွင့်ပြုပါဦး.."

လေသံက မာဆတ်ဆတ်ဖြစ်သွားသည်ထင်၏။ ရင်းနှီးတဲ့သူတွေ



တောင် ဒီလိုစကားတွေနဲ့ နှုတ်မဆက်ခဲ့ကြဘဲ မရင်းနှီးသည့်တစိမ်းတစ်ယောက်က သူမပဲပြော သူမပဲဖော်ရွေနေတာ ဘယ်လိုအလိုက်မသိခြင်းမျိုးလဲ.. ။

ဒါဒါထွက်သွားသည့်ခြေလှမ်းတွေကို လိုက်ငေးနေရင်း ဒေါသထွက်သွားပြီကို သိလိုက်သည်။ တကယ်ဆို ဒါဒါနဲ့သူမမတွေ့ခဲ့ဘူးပါ။ ကေရီ့ကိုမှတ်မိနေလားသိချင်လို့ နွေနေရာမှာကိုယ့်ကိုယ်ကိုထည့်ပြီးမေးလိုက်ခြင်းဖြစ်သည်။ နွေကိုမမှတ်မိတဲ့အပြင် ကိုယ့်ကိုတစ်ဖက်သတ်မုန်းတီးပြီး ဘဝပျက်အောင်လုပ်ခဲ့တဲ့ ကေရီ့ကိုတောင် ဒါဒါမမှတ်မိပေ။ ကိုယ်ဘာမှမသိခဲ့တဲ့အဖြစ်တွေအတွက် သူမဘယ်လောက်ထိနစ်နာခဲ့ပြီဆိုတာ သိနေသည့် သူမအတွက်ကတော့ စိတ်မကောင်းခြင်းတွေ ရှုန်းကြွလာခဲ့သည်။

"ကျွန်မကကားမောင်းမကျွမ်းကျင်လို့ပါ.."တဲ့.. ။

☎

အခန်း(၅၂)

"ကျွမ်းကျင်တာသိပါတယ်..မိန်းမပဲ၊ အချက်အပြုတ်အကြော်အလှော် ကျွမ်းကျင်မှာပေါ့..ဒါပေမဲ့ တခြားလူကိုခန့်လိုက်ပြီ၊ ပြန်တော့.."

ရင်ထဲမှာအောင့်သွားသည်။ အလုပ်လုပ်ဖို့က သူပေးမှကိုယ်ရမှာပါ။ သူများကိုခန့်လိုက်ပြီဆိုတာလည်း ကိုယ့်ဘက်ကစောဒကတက်ခွင့်ရှိတဲ့ကိစ္စ မဟုတ်။ ဒါပေမဲ့ လူကိုကြည့်ပြီး ပြောတဲ့ပုံစံက ပုဂ္ဂိုလ်ရေးတွေပါနေသည်လို့ ချက်ချင်းခံစားမိစေသည်။ သူမဘာဖြစ်ခဲ့လို့လဲ..ဘယ်လိုမကောင်းတဲ့သမိုင်း ကြောင်းတွေ ရှိခဲ့လို့လဲ..။ ကိုယ့်ကိုယ်ကိုပြန်မေးရမလိုဖြစ်ကာ ဆံပင်ကိုသတိရတော့ လက်နောက်ပြန်ကိုင်လိုက်မိသည်။

ဒီဆံပင်တွေက နဂိုတည်းက လှိုင်းရှိတာဖြစ်ကာ အတွန့်လေးတွေလုပ်ပြီး ကော်ဖီရောင်ဆိုးလိုက်ကာမှ လူကချက်ချင်းကြီးဘဝပြောင်းသွားသလို အမေကဆူ ပတ်ဝန်းကျင်ကပြော။ ခုလည်း ဒီဆံပင်တွေကို ဆိုင်ရှင်သူဌေးက သေချာကြည့်ပြီး ပြောသွားတာသိလိုက်သည်။ ထို့ပြင်.. ၊

"ဘာဖြစ်လို့လဲမညို..သူကတစ်ကိုယ်ရေတစ်ကာယရယ်၊ အလုပ်မှာ ဖင်မြဲတာပေါ့.."



"တော်ပါအေ..တစ်ကိုယ်ရေတစ်ကာယမို့ ပိုကြောက်တာပေါ့၊ ရုပ်ကိုလည်းကြည့်ဦး..ပြောတော့ ဆင်းရဲတယ်တဲ့.."

"သူကရုပ်ရည်သန့်တာပါမညိုရယ်.."

"ဟုတ်တယ်..သန့်တယ်၊ မသိရင်သေချာကြည့်..အဲ့ဒါစနိုက်ကျော် မယ့်ရုပ်.."

ကွယ်ရာရောက်မှ မေးတဲ့သူကမေးသည်။ သူဌေးအမျိုးသမီးက ဒီဘက်ကိုပြန်လှည့်ကြည့်ပြီး အသံအရှင်းသားနှင့်.. ၊

"ငါ့ပါးစပ်လည်း နင်သိတယ်နော်..နောက်ထပ်လာမပြောနဲ့ငါ့ကို.."

"သိပါတယ်..ပါးစပ်တင်မကဘူး၊ မညိုတို့မောင်နှမ သူ့ကိုစိတ်မချ ကိုယ့်ကိုစိတ်မချနဲ့ သူများတကာလုနေတာလည်းအပြစ်.."

ထိုစကားကို ကြားရအပြီးမှာ ဒါဒါ့ကိုအလုပ်ပေးဖို့ သေချာပြောဆိုထားခဲ့သည့် အသားညိုညိုအမျိုးသမီး အပြင်ထွက်လာသည်။ စားသောက်ဆိုင်ကြီး၏ သူဌေးရုံးခန်းထဲမှာ ဒါဒါ့ကိုထိုင်နေဆဲရှိသေးတာမြင်လျှင်.. ၊

"ဟယ်..နင်မပြန်သေးဘူးလား.."

ပြောချင်တာတွေ ပြောနေကြတာက ပြန်သွားပြီထင်လို့ ပြောမိသလိုလို အားနာဟန်တစ်ချက်ဖြစ်သွားကာ.. ၊

"နင့်ကိုအလုပ်မခန့်တော့ဘူးလို့ မညိုပြောသွားပြီမို့လား.."

"ဟုတ်ကဲ့.."

ဒါဒါနှုတ်ခမ်းလေးတစ်ချက်ဖိပိတ်၍ နေရာမှထရပ်သည်။ သူမကိုကြည့်ပြီး အမျိုးသမီးမျက်နှာမှာ စိတ်မကောင်းပုံဖြစ်သွားခဲ့၏။ မနေ့ကအလုပ်လာလျှောက်တုန်းကလည်း ဒီဝတ်စုံလေးနဲ့ပါပဲ။ အပေါ်အောက်ရှုန်သားနီးရောင်အပွင့်နုပ်လေးတွေဖြစ်ကာ ဒီနေ့မတူတာက မနေ့ကပန်းရောင်က မြ၍သန့်စင်နေကာ ဒီနေ့တော့ ဘယ်ဘက်ခါးစပ်နဲ့ထိုအောက်နေရာလေးမှာ အဝါရောင်အစွန်းကွက်လေးတွေဖြစ်နေသဖြင့် အကျည်းတန်နေသည်။ နှစ်ရက်ကို တစ်စုံပဲဝတ်နိုင်သည့် မိန်းကလေးတစ်ယောက်ကို သူ့အလှနဲ့သူ ဆည်ဝါနေပါလားလို့တောင် တွေးမပေးနိုင်ဘဲ မညိုဘယ်လိုသဝန်တွေတိုနေ မလဲမသိမိ.. ၊

ဆိုင်မှာလည်း မိန်းကလေးလှတပတမှန်သမျှ နောက်ထဲမလာရ..။

သူ့မောင်လူပျိုသိုးကြီးရှေ့ကို ဖြတ်မလျှောက်ရ စသဖြင့်သော သဝန်တိုခြင်းအပေါင်းနှင့် တခြားတစ်ပါးသော မိန်းမတစ်ယောက်၏အလှဆို အသေမုန်းလေသည်။ အစွန်းရောက်အတ္တဖြစ်နေတာမှန်ပေမယ့်လည်း ကိုယ်ကသူမကို လွှမ်းမိုးလမ်းပြနိုင်တဲ့သူလည်း မဟုတ်.. ।

"ကျွန်မတစ်ခုလောက်ပြောပါရစေအစ်မ.."

ဟင်.. ।

သူမပြန်မှာပဲဆိုပြီး ကိုယ့်စားပွဲမှာ အတွေးလေးတစ်စနှင့် လေးဖင့်စွာ ထိုင်လိုက်မိကာမှ ဖျတ်ခနဲပြန်မော့ကြည့်မိ၏။

"ဘာလဲ..ပြောလေ.."

"လှတဲ့မိန်းမမြင်တိုင်း စနိုက်ကျော်ရှုပ်လို့သတ်မှတ်ရင် ကိုယ့်မျက်နှာ ကိုယ်ပြန်ကြည့်ပါ..သူလည်းအရမ်းလှပါတယ်.."

မျက်လုံးပြူးထွက်လာသည်။ နှုတ်ခမ်းတွေဟခနဲ ပွင့်၏။ သို့သော် ဒါဒါဆက်ကြည့်မနေတော့ဘဲ လှည့်ထွက်လာခဲ့သည်။ ဘဝကဒီလောက် တောင်ကြမ်းတမ်းသလား.. ပူလောင်ခက်ခဲခြင်းတွေနဲ့ ပြည့်နှက်နေတာ ဘာလား..။ ဒါတွေကို ပြိုင်ဘက်ကောင်းလို့ သတ်မှတ်ပြီး ဘယ်လိုရင်ဆိုင်ယှဉ်ပြိုင်ရမလဲ.. ဘာလက်နက်နဲ့လဲ.. ।

နှုတ်ခမ်းလေးကိုက်ထားရင်း ခြေလှမ်းတို့က စည်းချက်ညီနေသည်။ သီလရှင်ကျောင်းက ထွက်လာခဲ့စဉ်က အစီအစဉ်မပါခဲ့ပေမယ့် စားသောက်ဆိုင်ကြီးကထွက်လာသည့်အချိန်မှာ သူမဘယ်ကိုသွားရမည်ကို သေချာတွက်မိခဲ့သည်။ မှတ်တိုင်သုံးခုစာလောက် လျှောက်လိုက်ကာမှ ဆံပင်မိတ်ကပ်အလှပြင်ဆိုင်ကြီးရှေ့ကို ရောက်သွားခဲ့၏။ သူမဆိုင်ရှေ့မှာရပ်ပြီး ... တန်ကြာငေးကြည့်နေမိသည်။ ပြီးတော့ နောက်မှာမြှင့်တင်စည်းချထားသည့် ဆံပင်တွေကို လက်ပြန်စမ်းကိုင်ကြည့်၏။ ဒီဆံပင်တွေကို လုံးထွေးသိမ်းတင်ထားသင့်တာကို မေ့ခဲ့သည်။ ထို့ကြောင့် ဒီနေ့ဝမ်းရေးအတွက် ခက်ခဲ့...ပြီ။ တကယ်ဆို ဒီ့ထက်ပိုရှင်းအောင် သူမသံယောဇဉ်ဖြတ်ခဲ့သင့်သေးသည်။ မိန်းမပီသနေသည့်စိတ်ကြောင့် မစွန့်နိုင်ခဲ့။ ခုရော ဘာကြောင့်ခြေလှမ်း...နေတာလဲ.. ।

သူမဆံပင်ကိုင်မိသည့်လက်ကို ပြန်ချလိုက်ပြီး ဆုံးဖြတ်သည်။ ပြီး



တော့ Pushလို့ရေးထားသည့်မှန်ချပ်ကိုတွန်း၍ ဆိုင်ထဲဝင်လိုက်သည်။ စိမ့်ခနဲအေးသွားသည့်လေအေးစက်က ကြိုဆိုမှုကြောင့် ရင်ထဲမှာအေးသွားရမည့်အစား သိမ်ငယ်သွားသည့်စိတ်က 'ငါအဆင်ပြေပါ့မလား'ဆိုသည့် စိုးရိမ်မှုတွေသာဖြစ်စေကာ.. ।

"အစ်မဘာလုပ်ချင်လို့လဲ.."

"ဆံပင်လား.."

Receptionကတစ်ယောက်က လှမ်းမေးသည်။ မှန်တွေကြားထဲက အပြာရောင်ဝတ်စုံနဲ့တစ်ယောက်က ထွက်လာကြိုရင်း မေး၏။ ဒါဒါနှစ်ယောက်စလုံးကို ပြုံးပြရင်း ခေါင်းခါမိကာ.. ।

"မဟုတ်ပါဘူး..ကျွန်မ.."

သူမစကားမဆက်နိုင်ဘဲဖြစ်သွားသည်။ Receptionရှေ့မှာရပ်လိုက်ပြီး စကားပြောနေသည့်တစ်ယောက်ကို မြင်လိုက်သောကြောင့် ကျန်တာအားလုံးချုပ်ငြိမ်းသွားကာ ထိုမျက်နှာတစ်ခုသာရှိတော့သလို ငေးငိုင်ဆွံ့အသွားခဲ့၏။ အနက်ရောင်လုနေသော ကြက်သွေးရောင်ကုတ်အင်္ကျီနှင့် ပန်းနုရောင်ရှပ်အင်္ကျီဝတ်ထားသည့်လူ.. ◆

မျက်နှာကိုတည့်တည့်မော့ကြည့်မိတုန်းကလည်း အသားရောင်သည် စိမ်းမြသောရေပြင်ကဲ့သို့ ကြည်လဲ့နေကာ ဘေးစောင်းမြင်ရတော့လည်း နားသယ်စပ်ဆံစပ်တွေကနေ စိမ်းမှောင်နေသော မွေးညှင်းရာတို့က လည်ဂုတ်ဆံစပ်အထိ စိမ့်နုဝင်းစိုနေသည်။ ဘေးကကြည့်နေသဖြင့် နှာတံကသိသာစွာပေါ်လွင်နေကာ သူနဲ့စကားပြောနေသည့်မိန်းမသားတို့၏အပြုံးတွေ ဘယ်လိုမှပွင့်လင်းရဲမှာ မဟုတ်သော သူ့မျက်နှာချောပုံသည်.. ।

ဒါဒါကိုယ့်ဘာသာငေးနေမိခြင်းကို သတိရကာ ချက်ချင်းမျက်နှာပြန်လွှဲသည်။ သူ့ကိုသူမမေးစရာတွေရှိသည်။ ပြောချင်တာတွေလည်းရှိသေးသည်။ သို့သော် မြင်လိုက်တော့မပြောရဲ။ သူမဘာပြောချင်ခဲ့သလဲဆိုတာတွေပါ ပျောက်ကုန်သည်။ ထို့ကြောင့် လောလောဆယ်ဒုက္ခကိုရှင်းဖို့ အာရုံစိုက်ရင်း.. ।

"ဒီလိုပါ..ကျွန်မဆံပင်ဖြတ်ရောင်းချင်လို့ပါ၊ အဲ့ဒါဒီမှာဝယ်လားဟင်"

"ဟင်..အဲ.."

ကောင်မလေးကလည်း မျက်လုံးကReceptionမှာပဲ တဝဲဝဲဖြစ်နေလျက် မေးနေတာကိုအတော်ကြီးအာရုံစိုက်ထားရပုံရှိကာ.. ၊

"အဲ့ဒါမျိုးတော့မတွေ့ဖူးဘူး..အင်း မေးတော့မေးပေးမယ်နော်၊ ခဏစောင့်.."

ပြောပြီး သူမထွက်သွားတော့ ဒါဒါသူ့ဆီလှမ်းကြည့်မိသည်။ သူကလည်း ပြန်လှည့်ထွက်လာတာ မြင်လိုက်လျှင် ဖျတ်ခနဲခြေလှမ်းလိုက်ပြီး..

"ဒီ.."

ဒီမှာလို့ ခေါ်ခြင်းသည် 'ဒီ'တစ်လုံးနှင့် ထစ်ငေါ့ရပ်တန့်သွားခဲ့၏။ တစ်ဆိုင်လုံးမှာရှိသမျှ ဝန်ထမ်းမိန်းကလေးတွေရော ကကစတန်မာတွေပါ သူ့ဆီမှာအာရုံရောက်နေကြသည်။ ဒီအချိန်မှာ ကိုယ်လိုလူက စကားသွားပြောဖို့သင့်သလား..။ ခြေလှမ်းပြန်ရုတ်ပြီး စိတ်ကူးကိုချက်ချင်းဖျက်သည်။

"မသိရင်သေချာကြည့်..အဲ့ဒါစနိုက်ကျော်မယ့်ရုပ်.."

နားထဲမှာ ခုထိပူရှိန်နေဆဲ။ နောက်ထပ်ပြီး ကိုယ့်ဒုက္ခကိုယ်မရှာစို့ သတိပေးရင်း ကိုယ့်ဘာသာလည်းဒေါသထွက်မိသည်။ ယောကျ်ားတစ်ယောက်ကိုလှမ်းမြင်ပြီး ခြေတုန်လက်တုန်ဖြစ်ရအောင် နင်ကဘာလဲဒါဒါ သူ့ကိုခေါ်ချင်တာ နင်ရှိုးသားရဲ့လား..။ နင်ဘယ်လိုမိန်းမမျိုးဖြစ်ချင်သလဲ ပြန်တွေးစမ်း..။ တစ်ခုခု ထိန်းချုပ်ဖို့ခက်ခဲလာတိုင်း ကိုယ့်ကိုယ်ကိုမေးခွန်းတွေမေးပြီး သတိပေးတတ်သော အကျင့်အတိုင်း.. ၊

နေပါစေတော့..၊ အခိုင်အမာဆုံးဖြတ်၍ ကျောခိုင်းထားလိုက်သည်။ ပြီးတော့ နက်ပြာရောင်ဆိုဖာပြတ်လေးတွေမှာ သွားထိုင်နေလိုက်သည်။ ထိုအခါ သူမမျက်နှာမူလိုက်သည့်အရပ်သည် တစ်ယောက်နဲ့စကားပြောနေသည့် ထိုသူနှင့်မျက်နှာချင်းဆိုင်ဖြစ်နေခဲ့ရာ.. ၊

ဟင်.. ၊

သူကမျက်နှာအလှည့် ကိုယ့်ရှေ့မျက်လုံးအရောက်မှာ မျက်လုံးချင်းတန်းတန်းမတ်မတ်ဆုံသွားခဲ့၏။ ဒါဒါမျက်နှာလွှဲပစ်လိုက်သည်။ ပြောချင်တာတွေပဲရှိရှိ ထိုသူဟာသူမဘက်က အကင်းရှင်းဆုံးနေသင့်သည့်လူ။ မျက်လုံးတွေကို တခြားရွှေ၍ သူ့ဘက်ကိုစိတ်မရောက်အောင် တင်းနေမိသည်။ ထိုစဉ် သူမရှေ့ကို ပြောင်လက်နေသည့်အနက်ရောင်ဖိနပ်နှင့် ခြေအစုံရောက်



လာခဲ့၏။ နှာခေါင်းထဲကို ကျီစယ်လာသည့်ရေမွှေးနံ့နှင့်အတူ.. ၊

"ဘာလဲ..မသိချင်ယောင်ဆောင်နေတာလား.."

သူက သူမဘေးမှာထိုင်ချလိုက်ပြီး မျက်နှာထပ်လွှဲလိုက်သည့် ဒါဒါ့ကိုငုံ့ကြည့်၏။

"ကျေးဇူးမတင်ချင်လည်းရပါတယ်..အနားထိလာနှုတ်ဆက်တာကိုတော့ စကားပြန်ပြောမှပေါ့.."

"ဘာကိုကျေးဇူးတင်ရမှာလဲ..သူခိုးစွပ်စွဲခံရတာကိုလား.."

ဒါဒါဖျတ်ခနဲလှည့်ကြည့်ပြီးပြန်ပြောတော့ ကိုကို့မျက်နှာပြုံးယောင်သမ်းသွားသည်။ ပြီးတော့ ခပ်တည်တည်ပြင်ဆင်လိုက်ပြီး.. ၊

"သူတို့မင်းကိုတောင် ပြန်တောင်းပန်သွားတယ်မို့လား..ဖုန်းပြန်သိမ်းတာမဟုတ်ပါဘူး၊ ပြန်ဝယ်ခဲ့တာပါတဲ့..ကိုယ်တို့ဘော်ဒါကဏ္ဍမှာ အဲ့လိုအရှုန်းအထင်းတွေ အဖြစ်မခံကြပါဘူး.."

"ဒါကြောင့် ဒါဒါ့ကိုသူများဖုန်းကြီး ထိုးပေးခဲ့တာလား.."

"ကိုယ့်ဖုန်းလို့ သဘောထားလည်းရလို့ပါ.."

သူမမှာတော့ သံသာဝေတို့စွပ်စွဲတာတွေ ဒီလူတွေဘာမသိညာမသိပြောဆိုတာတွေ ခံခဲ့ရသည့်ပြင် အချုပ်ကျမှာ ရဲခေါ်မှာတွေစုံလို့ပါ။ ဒါဒါသူ့မျက်လုံးတွေနဲ့ ဖျတ်ခနဲဆုံမိပြီးမှ လွှဲပစ်လိုက်ကာ.. ၊

"အခု အဲ့ဒါကိုလာဂုဏ်ဖော်တာလား.."

ကလေးလိုမေးချလိုက်တော့ သူပြုံးမိသည်။

"အဲ့ဒီပိုက်ဆံတွေ ကျွန်မမသုံးဘူး..သီလရှင်တစ်ပါးဆီမှာ အပ်ထားတယ်.."

"ဘာဖြစ်လို့မသုံးတာလဲ.."

"ဘာလို့သုံးရမှာလဲ..ကျွန်မရှာထားတဲ့ပိုက်ဆံမှမဟုတ်တာ၊ ခုပဲရှင်ရောက်လာပြီး မဏ္ဍပ်တိုင်တက်ပြနေပြီ..ဒီကသာ သုံးစွဲစားသောက်ထားမိရင်.."

"အခုပြန်ပေးမလို့ တွေးနေတာလား..ဒါပေမဲ့ မင်းကိုယ့်ကိုမမြင်ချင်ယောင်ဆောင်နေတာပါ၊ ကိုယ်ဒီနားရောက်တာတောင် မျက်နှာလွှဲနေသေးတာလဲ.."

ဒါဒါ့မျက်နှာ ဖျန်းခနဲပူနွေးသွားသည်။ လှည့်ကြည့်မိမလိုဖြစ်သွားပြီးမှ အံတစ်ချက်ကြိတ်မိရင်း.. ၊

"ဒါကဖြစ်တတ်ပါတယ်..ပြန်ပေးချင်စိတ်ဖြစ်နေပေမယ့်.."

"ရှင့်.."

"ကိုယ့်ကိုမသိတော့လေ..တွေ့လိုက်တော့လည်း.."

"တွေ့လိုက်တော့ မခေါ်ချင်လို့နေတာ..အဲ့ဒီပိုက်ဆံတွေကို ပြန်မပေးချင်လို့ မဟုတ်ဘူး.."

ဒေါသတွေနဲ့စူးစူးရဲရဲကြည့်ပြီး ပြောလာတော့ သူမမျက်ဝန်းလေးတွေကို ကိုကိုကစိုက်ကြည့်သည်။ မျက်လုံးချင်းဆုံခွင့်ရဖို့ တမင်ရန်စနေတာမှန်း သူမမသိလည်းဖြစ်သည်။ သူမအတွက်နဲ့ ရန်ကုန်မပြန်နိုင်ဘဲဖြစ်နေရသည့် ကိုယ့်ဘက်က နောက်ဆံတင်းရခြင်းတွေကိုလည်း သူမမသိရင်ရှိပါစေ။ ထို့စဉ် သူမနဲ့မျက်ဝန်းဆုံမိနေချိန် ဆိုင်ထဲမှာပျံ့လွင့်လာသည့် သီချင်းသည်-

*.....ဒီကောင်မလေးအတွက်....ခံစားရတော့မယ်ပြောပါစေ.......*

*.....ဒီကောင်မလေးအတွက် ငါ့အပေါင်းအသင်းများစွာ ဘယ်လိုတားလဲ.......*

*.....ဒီကောင်မလေးအတွက် ငါအရှုံးပေးချစ်ပြမယ်........*

*.....ဒီကောင်မလေးအတွက် ငါပေးဆပ်နိုင်လို့.........*

"ဒီမှာ.."

"ဟင်.."

Dဖြိုးရဲ့သီချင်းစာသားတွေမှာ တစ်ဒင်္ဂပျော်ဝင်သွားသည့်စိတ်သည် သူမခေါ်သံမှာ အသိပြန်ဝင်ခဲ့လျက်.. ၊

"သူများပိုက်ဆံကို အထူးသဖြင့်ယောကျ်ားတစ်ယောက်နဲ့ပတ်သက်နေတဲ့ငွေကို ကျွန်မဘယ်တော့မှသုံးဖို့စိတ်မကူးဘူး.."

"အဲ့ဒီမာနတွေနဲ့ ဆံပင်ဖြတ်ရောင်းဖို့လုပ်တာလား.."

ဒါဒါ ဟင်ခနဲဖြစ်သွားသည်။ ဒါလည်းကြားလိုက်တာလား..သူဘယ်လိုသိသွားတာလဲ..။ သူ့ကို တအံ့တသြကြည့်မိလျှင် နှစ်ယောက်ကြားမှာ နောက်ထပ်တိတ်ကျသွားပြန်၏။

*........ဒီကောင်မလေးရဲ့ ရင်ထဲကမီးလောင်ကျွမ်းနေတယ်.......*



*.......ဒီကောင်မလေးရဲ့ ကြေကွဲခြင်းအတိတ်တွေ ဘယ်သူသိမလဲ......*

*......ဒီကောင်မလေးရဲ့ ငိုကြွေးခြင်းသမိုင်းဟောင်းတွေ........*

*.......ဒီကောင်မလေးရဲ့ ကိုယ်စားမျှဝေလို့........*

ရုတ်တရက်ဘာဖြစ်သွားမှန်း မသိသောစိတ်သည် နားထဲဝင်လာသည့်သီချင်းသံက သူပြောလိုက်သလိုလို.. ၊

*........ဒီကောင်မလေးရဲ့ ရင်ထဲကမီးလောင်ငြိမ်းစေမယ်........*

*.......ဒီကောင်မလေးရဲ့ နာကျည်းခြင်း ငါ့အပေါ်ပုံချလို့........*

*.......ဒီကောင်မလေးရဲ့..............*

မဟုတ်ဘူး...ဒါသီချင်းသံ.. ၊

ဒါဒါ ဖျတ်ခနဲမျက်နှာလွှဲပစ်မိကာ ကိုယ့်ကိုယ်ကိုစိတ်တိုနေမိ၏။ ထိုစဉ် သူမမေးထားသည့်ကောင်မလေးပဲ ဒီဘက်ကိုလျှောက်လာကာ.. ၊

"အစ်မ..ဒီနေ့သူငွေလာမှာမဟုတ်တော့ ဆံပင်ဝယ်မဝယ်က မပြောနိုင်တော့ဘူး၊ ဖုန်းဆက်တော့လည်း မကိုင်လို့.."

"ဒါဆိုနောက်နေ့လာရမှာလား..ဝယ်တော့ဝယ်တယ်ပေါ့နော်.."

"ဟုတ်တယ်..အစ်မတွေကတော့ ဝယ်တယ်လို့ပြောတယ်၊ ဒီနေ့မှ သူငွေမလာလို့.."

ဒီလောက်ဆိုင်အကြီးကြီးက ဆံပင်ဝယ်ဖို့လေးကို သူငွေလာမှတဲ့လား..။ သူမစိတ်ဆင်းရဲသွားသည်။

စင်းကျသွားသည့်မျက်တောင်ဖျားလေးတွေကို သူငုံ့ကြည့်လိုက်မိသည်။

*........ဒီကောင်မလေးအတွက် ငါငိုရင်ငိုရမယ်..........*

*........ဒီကောင်မလေးအတွက် ငါရယ်ရင်ရယ်ရမယ်.........*

*........ဒီကောင်မလေးအတွက် ရင်ဘက်တစ်ခုလုံး ပေါက်ကွဲသွားပါစေ.........*

*.........ဒီကောင်မလေးအတွက် ငါပေးဆပ်မှာပဲ..........*

## အခန်း(၅၃)

စိတ်ပျက်ခြင်းတို့နှင့် အပြင်ကိုထွက်လာခဲ့ပြီးမှ ဒါဒါခြေလှမ်းတုံ့သွားသည်။ ပြန်လှည့်ကြည့်လိုက်တော့ ခုမှသူကဖုန်းပြောနေရင်း ထွက်လာတာဖြစ်ကာ ဒါဒါလှည့်ကြည့်လိုက်နေတာကိုမြင်ပေမယ့် တစ်ခါမှမသိခဲ့ဘူးသလိုလို စကားလည်းမပြောခဲ့ဘူးသည့်အတိုင်း ဖုန်းပြောမပျက်ဆက်လျှောက်လာ၏။ အနားရောက်ကာမှ ကျော်တက်မသွားဘဲ နားမှာကပ်ထားသည့်ဖုန်းကို ချလိုက်ပြီး.. ၊

"ကိုယ့်ကိုစောင့်နေတာလား.."

"ဟုတ်တယ်..ရှင့်ပိုက်ဆံတွေ.."

"ဘယ်သူကပြန်လိုချင်ပါတယ် ပြောနေလို့လဲ.."

"ကျွန်မလည်းမလိုချင်ဘူး.."

"မင်းမလိုချင်ပေမယ့် လိုနေတယ်မို့လား..ဆံပင်ဖြတ်ရောင်းမယ့်အစား အဲ့..မင်းဆံပင်ဖြတ်ရောင်းမလို့ဆိုတာ မင်းပြောနေလို့ကြားတာနေခုနကလို ထပ်မကြည့်နဲ့.."

သူကာကွယ်ပြီး ရှင်းပြတာကို ဘဝင်တော့မကျပေမယ့် ထိုက်နေ



ဘာမှမပြောဘဲနေလိုက်ရင်း.. ၊

"ဟုတ်တယ်..ကျွန်မမှာ နေစရာမရှိသလို စားစရာလည်းမရှိဘူး၊ ပိုက်ဆံလိုတယ်..ဒါပေမဲ့ ရှင့်ပိုက်ဆံကြောင့် ပြန်ပေးဆပ်ရမယ့်အရာတွေက စားစရာနေစရာမရှိတဲ့ဒုက္ခထက် ပိုဆိုးတယ်.."

"ဘာမှပြန်ပေးစရာမလိုဘူး..ဒါနဲ့မင်းနာမည်ဒါဒါ ဟုတ်လား၊ တခြားနာမည်ရှိသေးလား.."

သူမ တစ်ချက်တိတ်သွားသည်။ ပြီးမှ.. ၊

"ဗေဒါဖြူ.."

"ကိုယ့်ကိုရော နာမည်မမေးတော့ဘူးလား.."

သူ့ကို မျက်လွှာပင့်ကြည့်မိပြီးမှ ဖျတ်ခနဲပြန်လွှဲကာ.. ၊

"ရပါတယ်..ကျွန်မသူခိုးစွပ်စွဲခံရတုန်းက ရှင့်ကိုစိတ်တိုပေမယ့် ဟိုနေ့က ကားတိုက်မလိုဖြစ်သွားခဲ့တာ ရှင်သာမဆွဲလိုက်ရင် ဒါဒါသေမလားကျိုးကန်းသွားမလားပဲ.."

လက်ထဲမှာကိုင်ထားသည့် စားသောက်စရာတွေလွှင့်ထွက်ကုန်တာနည်းတဲ့အရှိန်လား..။ ကားလမ်းမပေါ်မှာ ရှုပ်ယှက်ခတ်အောင်သွားလာနေကြသည့် ဆိုင်ကယ်လ်တွေ ကားတွေကိုလှမ်းကြည့်ရင်း ဒါဒါမျက်နှာငုံ့သွားသည်။ ပြီးတော့ ကိုယ့်ရဲ့ခြေဦးထိပ်ရှေ့ကို ကြည့်နေမိရင်း.. ၊

"ရှင့်ကိုကျေးဇူးတင်ပါတယ်.."

"အဟွန်း.."

သူက ဘာကိုသဘောကျပြီး ပြုံးသည်မသိ။ ပြီးမှ ဒါဒါမျက်နှာမော့လာတာကို စောင့်၍.. ၊

"ဖုန်းပေးလိုက်တည်းက မင်းဆီကဘာကိုမှ မမျှော်လင့်ဘူးဒါဒါ..ကိုယ့်သူငယ်ချင်းတွေရောက်လာတာ ခုလိုတွေမင်းစွပ်စွဲခံရတာ အဲ့ဒါတွေကသည်း စည်းဝါးမကိုက်တဲ့ဖြစ်စဉ်တွေပဲ..ဒါကြောင့် မင်းဆီကသူတို့ဖုန်းကိုပြန်ဝယ်သွားတဲ့ကိစ္စကလည်း မင်းပိုင်တဲ့ဖုန်းတစ်လုံးပြန်ရောင်းတာပဲ၊ တခြားဘယ်သူမှမပါဘူး..ဘာကြောင့်မှမဟုတ်ဘူး၊ ရိုးရိုးပဲတွေးပါ..မင်းကားတိုက်မခံခဲ့ရတာလည်း မင်းမို့ကယ်တာမဟုတ်ဘူး၊ ကိုယ်မြင်လိုက်တယ်..ကယ်လို့လည်းရနေတယ်၊ အဲ့ဒီနေရာမှာ တခြားတစ်ယောက်ဖြစ်ခဲ့ရင်လည်း

ကိုယ်ခုလိုလုပ်မှာပဲ..အဲ့ဒီတော့ မင်းနဲ့ကိုယ်ဘယ်သူ့အပေါ်မှာမှ ကျေးဇူးမရှိကြဘူးပေါ့..အိုခေ.."

သူစကားပြောနေတုန်းမှာ ဒါဒါ့မျက်ဝန်းတွေ သူ့မျက်နှာပေါ်မှာပဲရှိနေခဲ့သည်။ မျက်ဝန်းထဲကိုကြည့်မိလိုက် မျက်နှာထက်ကိုဝေ့သွားလိုက်နှင့် သူ့ကိုကြည့်နေပေမယ့်လည်း ကိုယ်သိချင်သည့်အဖြေကိုမတွေ့.. ။

"မရင်းနှီးဘူးဆိုပြီး ဒီလောက်ဖုန်းကြီးကိုထိုးပေးသွားတယ်ဆိုတာ—"

"ဒီကောင်ကြိုက်နေတာဖြစ်မှာပေါ့.."

ဟိုလူတွေပြောသွားကြတာ ဒီအတိုင်း။ ဒါပေမဲ့ ဒီတိုင်းဖြစ်နိုင်စရာမရှိ။ သူ့မျက်ဝန်းတွေက ခိုင်ကြည်နေသည်။ မျက်နှာပြင်မှာ မရိုးသားသည့်အရိပ် ဘယ်နေရာမှမမြင်။ ချောမွေ့ကြည်စင်နေသည့်မျက်နှာသည် တဖြည်းဖြည်း သူမအထက်မှာ မြင့်တက်ဝေးကွာသွားသည့်နှယ်.. ။

ရှက်သည့်စိတ်က သိမ်ငယ်ခြင်းကိုပါ အပိုဆောင်းလာသည်။ သူများပြောစကားတွေကြားပြီး သူမရင်တုန်ပန်းတုန်တွေဖြစ်သွားခဲ့တာ ရှက်စရာကောင်းလေသည်။ တကယ်တော့ ကိုယ့်ပုံစံကိုယ့်အရောင်အဆင်းကိုက မျိုးတဲ့ခြင်းတွေ သရုပ်ပေါ်နေလို့ ချမ်းသာတဲ့လူက ရက်ရက်ရောရောပေးကမ်းသွားခြင်းသာ။ သိမ်ငယ်သွားသည့်အခါ မျက်လွှာချမိခြင်းက အလိုလိုဖြစ်ကာ လူတစ်ကိုယ်လုံးက သေးကျုံ့သွားသလိုပင်.. ။

"ဒါဒါ ကိုယ်ပြောတာကြားလား.."

"ဟင်..အင်း ဟုတ်.."

သူမအမူအရာ ဘာတွေဖြစ်ကုန်ပြီဆိုတာမသိ.. ။

"အဲ့ဒီတော့ မင်းအဆင်ပြေအောင် ကြိုးစားစေချင်တယ်..ခုလိုဆံပင်ဖြတ်ရောင်းဖို့အထိလုပ်တာမျိုးပေါ့၊ ခရုမှာအဆံနဲ့လူမှာအကြံနဲ့တဲ့..လူရယ်လို့ဖြစ်လာပြီဆိုတည်းက ကိုယ့်အတွက်ဝမ်းစာပါလာပြီးသားပါ၊ ဒါပေမဲ့လည်ပင်းမှာချိတ်ပါလာတာမဟုတ်တော့ ကိုယ့်စားဖို့ကိုယ်ရှာရတယ်..အဲ့ဒါကံတရားပဲ.."

သူကတရားပြနေတာကြောင့် ပိုရှက်မိသည်။ ဘာကိုရှက်မိတာလဲဆိုတာတောင် ပြန်တွေးရမှာရှက်ပါ၏။

"ဝမ်းစာရှာကြတာလည်း ရှိတဲ့ပစ္စည်းပေါင်နှံရောင်းချစားနိုင်တာ အ



ရည်အချင်းမဟုတ်ဘူး..အထူးသဖြင့် ကိုယ့်ကိုယ်ပေါ်ကအစိတ်အပိုင်းတစ်ခုခုကို ဖြတ်ထုတ်ရောင်းတယ်ဆိုတာ ဖြစ်သင့်လို့လား၊ ဒါလုပ်ရဲတာ ဂုဏ်ယူစရာလည်း မဟုတ်ဘူး.."

"ရှင်မယူပေမယ့် ကျွန်မကဂုဏ်ယူတယ်ဆိုရင် မရဘူးလား.."

သူမျက်မှောင်ကုတ်သွားတာကို စေ့စေ့ကြည့်သည်။ သို့သော် မျက်ရည်တို့ကာဆီးထားသဖြင့် သူ့မျက်နှာက လှုပ်ခါနေသည့်နောက်မှာ မှုန်ဝါးဝါး.. ။

"ကျွန်မဘယ်လောက်ထိဆင်းရဲတယ် ရှင်မသိပါဘူး..အဲ့ဒါကြောင့် ကျွန်မဘယ်လောက်ထိလုပ်တတ်သလဲဆိုတာလည်း ရှင်သိမှာမဟုတ်ဘူး၊ မိန်းမတစ်ယောက်အတွက် ရှိသင့်တဲ့ဂုဏ်သိက္ခာကလွဲရင် ဘာဖြစ်ဖြစ်ပေါင်တတ်တယ်..ရောင်းရမယ်ဆိုလည်း ရောင်းမှာပဲ၊ ခုပဲ ဒီဆံပင်တွေကို အရင်းကနေဖြတ်ချပြီးရောင်းပစ်မယ်၊ ဒီဆိုင်ကမဝယ်ရင် နောက်ဆိုင်..ဝယ်တဲ့ဆိုင်မတွေ့မချင်းပဲ.."

ပြောပြီးတာနဲ့ ဒါဒါလှည့်ထွက်ခဲ့သည်။ သို့သော် နွေးရွှန်းညံ့သောကျယ်ပြန့်၍ခိုင်မာသော သူ့လက်ဖဝါးတစ်ဖက်သည် ဒါဒါ့လက်ကောက်ဝတ်လေးကို ဖျတ်ခနဲဖမ်းဆုတ်လိုက်၏။ သူမကိုယ်လေး သူနဲ့မျက်နှာချင်းဆိုင်လှည့်ပါသွားခဲ့လျှင်.. ။

"ကိုယ်မင်းကို ကဲ့ရဲ့တာမဟုတ်ဘူး.."

"ကဲ့ရဲ့တာမဟုတ်ရင် သူများကိုချိုးဖဲ့နှိမ့်ချပြီး ဆရာကြီးလုပ်ရတာဝါသနာပါတာလား.."

လမ်းပေါ်မှာ လူတွေဥဒဟိုရှုပ်ထွေးနေတာကိုလည်း ဂရုမစိုက်မိ။ ရှက်ဒေါသသည် သူ့အပေါ်ဘယ်လိုမှကို အကောင်းမြင်လို့မရခဲ့ဘဲ.. ။

"လူတစ်ယောက်ကို အဲ့လောက်ထိမပြောနဲ့..အထူးသဖြင့် ဒါဒါ့ကိုရှင်ဝေဖန်စရာမလိုဘူး၊ ဒါလေးတောင်မလုပ်နိုင်ဘူလား ဒီလောက်တောင်အဖြစ်မရှိဘူးလားဆိုတာတွေ..ဘေးကကြည့်ပြောနေရင် သိပ်အရသာရှိတာပေါ့၊ အဲ့ဒါစကားလုံးတွေပဲလေ၊ တကယ်ရင်ဆိုင်နေရတဲ့သူ ဘယ်လိုကြုံတွေ့နေရသလဲ ဘယ်လောက်ခက်ခဲနေလဲ သူတို့သိလား..လေထဲမှာတိုက်ဆောက်လို့ရတယ်..စကားလုံးတွေကနေ တိုက်ကြီးဖြစ်မလာဘူး.."

သူမက လက်ကိုဆောင့်ရုန်းပစ်လိုက်ပြီး မျက်တောင်တွေဖိခတ်ပစ်သည်။ ပြီးတော့.. ।

"ရှင်သိပ်တော်နေရင် ရှင့်ဘဝရှင် ဒီ့ထက်မြင့်အောင်လုပ်..သူများကို မဝေဖန်နဲ့.."

"ဟော့.."

သူမခြေလှမ်းပြင်သည့်ရှေ့မှာ သူ့ခြေလှမ်းနဲ့ပိတ်ကာထားလျက်.. ।

"မင်းကိုယ့်ကိုစိတ်ဆိုးသွားတာပါ..ခုပြောနေတာတွေ မင်းရင်ထဲမှာ မရှိဘူး.."

ကြည့်စမ်း...ပြောနေရင်းနဲ့.. ।

သူက ဒါဒါ့ကိုစိုက်ကြည့်နေရင်း ခြေလှမ်းပြန်ရုတ်လိုက်ပြီး.. ।

"အဲ့ဒီလို မင်းလုပ်မှာမဟုတ်မှန်းကိုယ်သိတယ်.."

လုပ်တော့ ဘာဖြစ်လဲ..။ ရှင်အဲ့လိုပြောသွားတာ လုပ်ဖြစ်အောင်တိုက်တွန်းသွားတာပဲ..ရှင်ကြည့်နေလိုက်၊ ကျွန်မဖြစ်အောင်လုပ်မှာ.. ।

သူမအံကြိတ်လိုက်ရင်း နောက်မှာစည်းတင်ထားသည့် ဆံပင်တွေကို ရင်ဘက်ပေါ်ဆွဲယူပြီး မဲ့သည်။ သို့သော် ကိုယ့်မျက်စိရှေ့ကနေ သူပျောက်ကွယ်သွားသောအခါ.. ।

☎



အခန်း(၅၄)

"လူတစ်ယောက်ကိုကားနဲ့တိုက်တာတောင်မှ မင်းတို့ညှံ့လာချေလား

"......................"

"အံမာ..သူကများ၊ ဘာ.."

မမကြီးမောင်က ဒါဒါ့ကိုမထိမခိုက်ဘဲ ရအောင်ခေါ်လာဖို့ မှာထားလို့ပါတဲ့..။ လူစည်ကားတဲ့နေရာကြီးမှာ လူဖမ်းဖို့သွားလုပ်တာကရော ဘယ်သူ အသုံးမကျတာလဲ..။ သူငယ်ချင်းတစ်စုလုံး ဘာတစ်ခုမှ သုံးစားမရတဲ့ တုံးတွေပါလား.. ।

ဇကရီဒေါသတွေထွက်နေမိသည်။ ဒါဒါဆိုတဲ့တစ်ယောက်ကို ဘယ်လောက်ထိမုန်းသလဲဆိုလျှင် သင်းကိုချစ်တဲ့လူမှန်သမျှကိုပါ သူမမုန်းလေသည်။ ဘာလုပ်ဖို့လဲ..ဒီလိုမိန်းမကို ဆေးရုံတင် ဒုက္ခိတဖြစ်မှ မုန့်ဖိုးပဲဖိုးပေးပြီး ကိုယ့်စိတ်ကြိုက်နှင်းလိုနှင်း ချေလိုချေ စိတ်မဝင်စားတော့ဘူးဆိုပြီး မြောင်းထဲကန်ချပစ်လိုက်ရုံ.. ।

"တောက်.."

"..................."

"အေး..နောက်ထပ်တစ်ခါ လူကြားသူကြားမှာလုပ်မိလို့ ပြဿနာကြီး လာရင်တော့ ကိုယ်ဖြစ်ကိုယ်ခံပဲလို့ ကိုလင်းကိုပြောလိုက်.."

"................."

"ငါပြောတာ အခွင့်အရေးဆိုတာ နှစ်ခါမရဘူး..နောက်တစ်ခါကြိုးစား ဖို့က အချိန်ထပ်ယူရမယ်၊ ကိုလင်းကိုပြောလိုက်..အဲ့ကောင်လေး ငါ့ဖုန်းဆို ရှောင်နေတယ်၊ စိတ်အေးအေးစောင့်နေ ဘာမှထပ်မလုပ်နဲ့တော့လို့..ဒီထက် ကောင်းတဲ့အစီအစဉ် ငါစဉ်းစားမယ်၊ အကြံကြီးတဲ့သူက တစ်နပ်စားမကြံမိ ရဘူး...ခုတစ်ခါမှားသွားတာ သခ်န်းစာပဲ.."

ဖုန်းပြောနေရင်း အဝတ်အစားလဲနေခဲ့တာ ပြောလို့မပြီးခင်မှာပဲ သူမ ကိုယ်ပေါ်မှာ နို့စိမ်းရောင်အပါးသားညဝတ်အင်္ကျီလေးနှင့် ဖြစ်သွားခဲ့ပြီး မှန် ရှေ့သွားသည်။

"အေး..ဒါပဲ၊ အဲ့..နေဦး အဲ့ဒီနေ့က နင်တို့နောက်ကိုလိုက်လာတဲ့ကား က ရဲကားမဟုတ်တာရော သေချာရဲ့လား.."

"..............."

ဆံပင်နဲ့ရင်ဘက်တွေ ခါးအောက်တွေ ပြီးတော့ တစ်ကိုယ်လုံးကိုရေ ပတ်ပြီး ဘော်ဒီစပရေးဖျန်းလိုက်ရင်း.. ၊

"ပြီးတော့ နောက်ထပ်မတုံးမိဖို့ သတိထား.."

ဖုန်းချပြီး ဒီဘက်လှည့်လိုက်တာနှင့် စေ့ထားသည့်တံခါးအပြင်ဘက် က လူရိပ်တွေ့လိုက်ကာ.. ၊

"ဒေါက် ဒေါက်.."

"ကိုကိုလားဟင်..ဝင်ခဲ့လေ.."

ဝင်လာမှာမဟုတ်မှန်းသိပေမယ့် ခဏစောင့်လိုက်မိသေးသည်။ ပြီးမှ တံခါးသွားဖွင့်လိုက်လျှင်.. ၊

"မင်းဖုန်း.."

ကိုကိုက ညဝတ်အင်္ကျီလည်းဝတ်မထားဘဲ အာရ်တီရှပ်အင်္ကျီအဖြူ ချည်ချောပုဆိုးပြောင်နှင့် ကုတ်အင်္ကျီကိုလက်တစ်ဖက်မှာ ဒီတိုင်းကိုင်ထား လျက်.. ၊

"ငါ့အိပ်ခန်းထဲမှာ စကားဝင်ဝင်ပြောပြီး မင်းဖုန်းတွေချန် မျက်မှန်တွေ



ထားခဲ့နဲ့ ဘယ်လိုအထာတွေခင်းနေတာလဲ.."

ဧကရီရှက်အမ်းအမ်းဖြစ်သွားသည့်မျက်နှာကိုကြည့်ပြီး ဖုန်းကိုသူမ အင်္ကျီရင်ဘက်ထဲ ထည့်ပေးလိုက်သည်။ သူမကမန်းကတန်းလက်နဲ့ဖိထား ပြီး ဖမ်းလိုက်တာကိုကြည့်၍.. ၊

"နောက်ထပ်ကြားလို့မကောင်းတဲ့စကားတွေ ငါမပြောချင်ဘူးဧကရီ.. မင်းနောက်ထပ်ဒီအိမ်ကို ဝင်ထွက်နေဦးမယ်ဆိုရင် ငါလုံးဝပြန်မလာတော့ ဘူး.."

"ဧကရီလည်း ကိုယ့်ကိစ္စရှိလို့ တစ်ခါတလေလာတာပဲ.."

"အဲ့ဒီကိစ္စက ဒီညမှုလား.."

သူမမဖြေနိုင်။ ကိုကိုကမဲ့လိုက်ရင်း သူမဝတ်စားပြင်ဆင်ထားပုံကို ဒူးစိုက်ကြည့်သည်။ ဖေဖေ့နာရေးမှာ ပြဿနာအကြီးအကျယ်ရှာသွားခဲ့တာ လည်း သူမ။ အနိုင်နဲ့ပိုင်းသွားခဲ့တာလည်း သူမပဲဖြစ်သည်။ ကိုယ့်ဘက်က တောင်းဆိုခဲ့တာ သူမဒီအိမ်မှာ နေခဲ့မလား..သူထွက်သွားရမလားဆိုသည့် ရွေးချယ်မှုတစ်ခုတည်း.. ၊

"မင်းပြောသမျှ ငါလိုက်လျောခဲ့တယ်..အဲ့ဒီအတွက် ငါမင်းကိုမမြင် ချင်ဘူးဆိုတာ ပြောခဲ့ပြီးသား.."

"ဧကရီကလည်း ကိုကို့ဇနီးအဖြစ်ပဲ ရှိနေသေးပေမယ့် နေ့စဉ်မုန်းတီး ပြနေတဲ့ ရှင့်မျက်နှာကြီးကို ကြည့်မနေချင်ပါဘူး.."

"ဒါဆို အခုရောက်နေတာက.."

"ဧကရီကိစ္စရှိနေလို့.."

"ခုထိရှိနေတာလား.."

သူမရဲ့ဖွေးနှစ်ဝင်းထိန်နေသည့် ရင်ဘက်တစ်ပြင်လုံးကို ကြည့်ပြီးမေး တော့ ဧကရီ့မျက်နှာအရွတ်ဆန်ချင်တာတွေ ပေါ်လာခဲ့သည်။ ဒီည အိမ်မှာ ခုလုပ်မယ်ဆိုလို့ သူမလာခဲ့သည်။ ဘာအထိမ်းအမှတ်ဆိုတာ မသိ။ ဒီတိုင်း ခင်နာသက်သက်ပဲလားဆိုတာလည်း မသိ။ ဒါပေမဲ့ လူတွေစုံနေသည့်အချိန် မှာ သူမရှိနေချင်သည်။ အထူးသဖြင့် ကိုကိုအသိအမှတ်မပြုစေချင်သော ကိုကို့အသိုင်းအဝိုင်းတွေနဲ့ နီးစပ်ချင်၏။ ခုတော့ ဘာမှလည်းမဟုတ်ခဲ့ဘဲ..

"ဧကရီမန္တလေးမှာလိုလိုချည်းပဲ နေတာပါ..ကိုကိုမန္တလေးရောက်လာ

တဲ့အချိန်လေးပဲ တိုင်ပင်သင့်တာတိုင်ပင် မေးမြန်းသင့်တာမေးမြန်းရအောင်"

"အဲ့ဒီမောလ်တစ်ခုလုံး မင်းကြိုက်သလိုလုပ်ဖို့ ငါခွင့်ပြုခဲ့ပြီးပြီ..မင်းနဲ့တိုင်ပင်စရာမလိုဘူး၊ မင်းမေးတာကို ဖြေပေးနေဖို့လည်း စိတ်မဝင်စားဘူး..အခု မင်းငါ့အခန်းထဲ ဘာဝင်လုပ်ပြီး ဘာဆက်လုပ်ချင်လို့ ဒီဖုန်းထားခဲ့တာလဲ.."

"ရေဝင်ချိုးတာ..ထားခဲ့တာမဟုတ်ဘူး၊ ကျန်ခဲ့တာ.."

ကိုကို့မျက်နှာနီသွားသည်။ မန္တလေးရောက်တိုင်း သူနေသည့်တိုက်ခန်းလေးမို့ ဘန်ဂလိုဆန်ဆန်လေးဖြစ်သည့်ပြင် သေးသေးကျဉ်းကျဉ်းလေးရယ်။ အိပ်ခန်းတစ်ခန်း စာကြည့်အပန်းဖြေခန်းနဲ့ ရေချိုးခန်းရေအိမ်တွဲလျက်ဒါပဲပါသည်။ ခေါင်မိုးတစ်ထပ်လုံးမှာ ဥယျာဉ်ငယ်လေးလုပ်ထားပေမယ့် ညဘက်ကျမှပဲ အေးအေးလူလူရှိသည်။ အိပ်ခန်းတစ်ခန်းတည်းရှိတာသိလျက်နှင့် သူလည်းအတူနေကြဖို့ ဘယ်တုန်းကမှဆန္ဒမရှိခဲ့တာ သိနေတာတောင် သူရောက်လာတိုင်း သူမဘယ်လိုဘယ်ပုံရောက်ရောက်လာမှန်းမသိ။ ရန်ကုန်မှာကျန်ခဲ့သည်ထင်ပြီး မန္တလေးမှာဘွားခနဲပေါ်လာသလိုမျိုး။ တစ်ခါတလေညဥ့်နက်မှ ခုမှရောက်သည်ဆိုပြီး အတင်းဝင်လာတာတွေ။ တွေးကြည့်မိတိုင်း စိတ်ပျက်ဖွယ်တွေပြည့်နှက်နေတတ်သော.. ၊

"ရှင်သိပ်ဘဝင်မြင့်ပါလားကိုကို..အခန်းထဲဝင်ဝင်ပြီး ဒီကပစ္စည်းတွေထားခဲ့ရအောင် ကိုကို့ဆီကိုဇကရီလာမိတဲ့ အကြိမ်ရေကို လက်ချိုးရေလို့တောင်ရတယ်.."

"ရေကြည့်လေ..ချိုးလို့ရတဲ့အကြိမ်ရေတိုင်း မင်းပစ္စည်းတစ်ခုခုမချန်ခဲ့တာ ရှိဖူးသလား.."

ဇကရီ့မျက်နှာလေးမှာ ဒေါသရိပ်တွေမြင့်တက်လာသည်။ သူမကိုမေ့တတ်တာပါ။ ဒါတော့ ကိုယ့်ဘာသာသိနေသည်။ ဖုန်းအကောင်းစားတွေအထပ်လိုက်ကိုင်ပြရတာကို ဂုဏ်ယူသည်။ သူငယ်ချင်းတွေအထင်ကြီးအောင်ကျနေကြတာကို ကျေနပ်သည်။ နောက်ကွယ်မှာကျတော့ အရေးကြီးသည့် contactsတွေ ဘယ်ဖုန်းထဲမှာပါနေမှန်းမသိ။ ဘယ်မှာရှာရမှန်းမသိ။ ဖုန်းပါသွားပြီး ကိုယ်ခေါ်ချင်တဲ့နံပါတ် ဖုန်းထဲမှာမရှိတော့ ဖုန်းနံပါတ်လည်းအလွတ်မရ။ ဒီဒုက္ခတွေ ကိုယ်တစ်ယောက်တည်းဖြစ်ပျက်နေရတာ ဘယ်သူ



သိလို့လဲ..။ ဒါကကိုယ့်ရဲ့လုပ်ကြံမှုမပါတာမို့ နောက်ထပ်တော့စွပ်စွဲမခံနိုင်။

"ဟုတ်တယ်..တမင်ချန်ခဲ့တာ ထင်ရင်လည်းဟုတ်တယ်၊ အကြံရှိနေတာလားဆိုရင်လည်း မှန်တယ်..ဒါပေမဲ့ အဲ့ဒီအကြံက ကိုကိုနဲ့အတူနေရဖို့ပဲ၊ လိုချင်လွန်းလို့ မဟုတ်သေးဘူးနော်..ရှင်လှုပ်လို့မရအောင် တုပ်နှောင်ထားဖို့အတွက် ဇကရီက ကိုကိုဆိုတဲ့လူနဲ့အမြဲတမ်း ပတ်သက်မှုရှိနေမှဖြစ်မှာမို့လို့.."

"ဟွန်း.."

ကိုကိုကမဲ့သည်။ ဒေါသဖြစ်လို့ဖြစ်စေ ရယ်နေရင်းနဲ့ဖြစ်စေ ကိုကို့မျက်လုံးတွေနဲ့ ကြာရှည်စွာဆုံမိသည့်အခါတိုင်း ဒီယောကျ်ားကိုလက်မလွှတ်ချင်သည့်စိတ်တွေသာ ဖြစ်လာတတ်ကာ ထိုသူသည် မိန်းကလေးတွေရင်ထဲမှာ မကောင်းတဲ့စိတ်တွေကို ဖြစ်လာစေတဲ့အထိ ဆွဲဆောင်နိုင်လွန်းသော..၊

"ရှင်ရယ်နိုင်တယ်ကိုကို..ဒါပေမဲ့ ရှင်ဇကရီ့ကို ဘယ်တော့မှမနိုင်ဘူး၊ ရှင်အမြဲတမ်းရှုံးမှာ..ဇကရီကပဲ အမြဲတမ်းအနိုင်ရနေမှာ၊ အဲ့ဒါဘာဖြစ်လို့လဲဆိုတော့ ရှင်ကသိပ်ဘဝင်မြင့်နေလို့ပဲ.."

"ဟော့.."

သူမက အနိုင်ပြောပြီးတာနှင့် ပြန်လှည့်ဝင်သည်။ ကိုကိုက လက်တစ်ဖက်ကိုဆောင့်ဆွဲပြီး မျက်နှာချင်းဆိုင် ပြန်လှည့်လိုက်ကာ.. ၊

"အခု ဘဝင်မြင့်နေတဲ့ကောင်က ပြောမယ်..ဒီညမင်းရောက်နေတယ်ဆိုလို့ ဒီနေရာမှာ ဘာပွဲမှမလုပ်တော့ဘူး.."

"သိတယ်.."

"နောက်နေ့ မင်းမန္တလေးမှာရှိနေသေးတယ်ဆိုရင်လည်း မလုပ်ဘူး..အဲ့ဒီတော့ ငါရှိနေတဲ့နေရာတိုင်း မင်းရှိနေဖို့ကြိုးစားတာတွေ ရပ်တန်းကရပ်ပါ၊ ငါနဲ့နီးစပ်တဲ့နေရာတွေမှာ မင်းရဲ့ကြိမ်းဝါးမှုတွေချပြပြီး ဖွဖို့ကြိုးစားရင်မင်းပဲအရှက်ရမှာ..ဘာဖြစ်လို့လဲဆိုတော့ မင်းဘယ်လိုမိန်းမလဲဆိုတာ ငါ့အသိုင်းအဝိုင်းအားလုံးသိတယ်.."

သူမကိုစေ့စေ့ကြည့်ပြီး လက်ပိုက်ထားလိုက်ကာ.. ၊

"မင်းကိုမြင်ရတာနဲ့စာရင် မစင်ပုံတစ်ပုံကိုထိုင်ကြည့်နေရင်တောင်အရားရှုလို့ရဦးမယ်..မင်းအလှအပတွေက အဲ့ဒီလောက်ထိ ရွံဖို့ကောင်းနေ

တာ..”

“တောက်..”

“ဆိုတော့..နောက်ဘယ်တော့မှ ငါ့ရှေ့ကိုရောက်မလာစေနဲ့၊ ဒါနောက်ဆုံးဖြစ်ပါစေ...”

“ရောက်လာခဲ့ရင်ရော..”

အံကြိတ်မေးလိုက်သံက သွားကြားစေ့သံကဲ့သို့ အေးစက်မာကျောနေ၏။ ကိုကိုက လက်ပိုက်ဖြုတ်၍ ဟွန့်ခနဲပြုံးလိုက်ပြီး.. ။

“ရောက်လာခဲ့ရင်သိမှာပေါ့..”

ပြောပြီးမှ သူမရဲ့မဲ့ပြုံးကို သတိထားမိလိုက်သဖြင့်.. ။

“မင်းဘက်က နောက်ထပ်အကျပ်ကိုင်နည်းတွေရှိနေသေးရင်ထုတ်.. အကျိုးရှိလာရင် အကြောင်းရှိရမှာပေါ့၊ မင်းကရှုပ်ရင် ငါကရှင်းရုံပဲ..”

“မရှုပ်ပါဘူးကိုကို..အဲ့ဒါကြောင့် ရှင်ရှင်းဖို့လည်းမလိုသေးပါဘူး၊ ဒါပေမဲ့ ဧကရီတစ်ခုတော့ ပြောထားမယ်..နောက်မှခြံခိုတိုက်ခိုက်တယ်မဖြစ်ချင်လို့..”

သူမမျက်ဝန်းက အေးစက်စူးရဲခြင်းတွေကြောင့် ကိုကို့မျက်ခုံးတွေတွန့်ကုတ်သွားသည်။ ဒါကိုအကြီးအကျယ်ကျေနပ်သွားခဲ့သည့်နှုတ်ခမ်းတွေက ပြုံးယောင်သမ်းသွားလျက်.. ။

“ရှင်ဧကရီ့လက်ထဲမှာ ပိပြားကြေမွသွားတဲ့အထိ ပြားပြားဝပ်နေအောင် အကျပ်ကိုင်ဖို့ရှိလာရင် ဧကရီကမသနားတတ်ဘူးနော်..ကြိုပြောထားတာ..”

ဘာရယ်လို့မသိခဲ့သော်ငြား.. ။

နောက်ထပ်ဆိုတာ ဘယ်တော့မှရှိလာမှာမဟုတ်ဘူး..မင်းနဲ့ငါရဲ့ဝေးကြတာ အမြဲတမ်းလမ်းခွဲမှာပဲ.. ။

☎



အခန်း(၅၅)

“ငါလည်းနောက်ထပ်မငိုတော့ဘူးလို့ ဆုံးဖြတ်ထားတာပါ..ဒါပေမဲ့ ဆုံးဖြတ်တာက ငိုခိုင်းသလိုပဲ..”

သူမမျက်ရည်တွေကျလာတော့ မျက်နှာလေးကို ငုံ့ချပစ်ကာ.. ။

“ငါမရဘူး..အဲ့ဒါကြီးကို သတိရလိုက်တာနဲ့ အဲ့ဒီစက်ကွင်းထဲပြန်ရောက်သွားသလိုပဲသိလား..”

ဒါဒါ့ရှိုက်သံတွေကြောင့် ရေမြေရပ်ခြားကနေ ရောက်လာကြသည့် သူငယ်ချင်းနှစ်ယောက်ရဲ့မျက်ဝန်းတွေမှာလည်း မျက်ရည်တို့ရစ်သီနေခဲ့ကြလျက်.. ။

“ငါတို့ကလည်း အဲ့ဒါကိုပြန်စပေးဖို့ လာခဲ့သလိုဖြစ်သွားပါတယ်ဒါဒါရယ်..ငါတို့ကြောင့်ပါ..”

“ဟင့်အင်း..မဟုတ်ပါဘူး..”

“မဟုတ်ရင်တိတ်ပါဟာ..ငါတို့က နင့်ကိုဒီတိုင်းကြီးပေးရင် နင်မယူမှာစိုးလို့ပါ၊ နောက်ပြီး ရက်လည်တုန်းက ငါတို့တစ်ယောက်မှမလာနိုင်ခဲ့တဲ့အတွက် အားလုံးကလည်း စိတ်မကောင်းဖြစ်နေကြတာလေ..”

သူငယ်ချင်းသုံးယောက်အလယ်မှာ မုန့်ဘူးတွေရော ပိုက်ဆံပါသည့် အိတ်လေးရောစုပုံထပ်လျက်ရှိကာ.. ၊

"ဆရာလေးကိုလည်း ငါတို့လှူပြီးပြီ..ဒါတွေက နင်စားဖို့သိလား.."

"ဆရာလေးပြောပြလို့ နင်ရင်ဆိုင်နေရတာတွေလည်း သိပြီးပါပြီ-စိတ်မကောင်းလိုက်တာလို့ ပြောဖို့တောင် အားနာမိတဲ့အထိပဲ၊ နင့်လိုဖြစ်လာခဲ့ရင် တခြားသူဆို ရူးများရူးသွားမလားပဲ.."

တင့်တယ်က ဒါဒါ့လက်လေးကို ဖျစ်ညှစ်ဆုပ်ကိုင်၍ လေးစားခြင်းကို ပြသည်။ ထို့ပြင်.. ၊

"နင်အရမ်းကိုသတ္တိရှိတာပဲဒါဒါ..နင့်ကိုခုလိုလေးမြင်ရတဲ့အတွက် အံ့လည်းအံ့သြတယ်၊ ဝမ်းလည်းဝမ်းသာတယ်.."

"ဟုတ်တယ်..ဘာမှအားမငယ်နဲ့နော်၊ ငါတို့အရင်လိုအနေဝေးကြတာပဲဆိုပြီး အေးဆေးမနေတော့ဘူး..နင်လိုတဲ့အကူအညီတောင်း၊ ငါတို့တတ်နိုင်သမျှ ဝိုင်းကူပေးမယ်လေ.."

အေးဆေးနေခဲ့ကြတာက ဒါဒါကအိမ်ထောင်သည်ဖြစ်သွားတာကြောင့်လည်း ပါသည်။ ဒါတောင် သူတို့ပြန်လာဖြစ်တိုင်း 'နင်တို့ဘာတွေသင်ရတာလဲ..ငါ့ကိုစာအုပ်တွေပြစမ်းပါ'လို့တောင်းတော့ စိတ်မကောင်းဖြစ်ကြရသေးသည်။ ဂုဏ်ထူးတွေနဲ့အောင်ထားပြီးမှ ဆက်မတက်နိုင်လို့ကျန်ခဲ့ရသည့်သူငယ်ချင်းလေးမို့ အိမ်ထောင်သည်ဖြစ်နေတာတောင် သူမတို့ဆက်ဆံရေးတွေ ပြတ်တောက်သွားတဲ့အထိ မဖြစ်ခဲ့ကြတာ.. ၊

"ရောက်ရောက်ချင်း နင်မရှိသေးတာနဲ့ ဆရာလေးဆီမှာ ငါတို့အလုပ်ကိစ္စနဲ့ပတ်သက်တာတွေ နင့်ကိုမပေးရသေးတဲ့ ကျောင်းစာအုပ်တွေရောပဲ အများကြီးပဲသိလား..နင်ကစာဖတ်တာဝါသနာပါတယ်ဆိုတော့ စိတ်အပန်းလည်းပြေ ပညာလည်းရ..နာနာသာဖိဖတ်ထားလိုက်.."

"ဟုတ်တယ်ဒါဒါရေ..တင့်တယ်က အရမ်းတော်တဲ့စထရက်ချာဆရာနော်၊ လုံးဝအိတ်ဇက်တ်ပဲ..ငါနဲ့ဆို ခဏခဏငြိတယ်.."

"ဒါကတော့ နင်ကိုကလွန်ပါတယ်..ကလိုင်းရန့်ဘက်က လိုချင်သမျှအကုန်ထည့်ပေးတာပဲ၊ ဒီလိုပရော်ဘလန်မျိုးအကြိမ်ပေါင်းများစွာကြုံဖူးသားနဲ့.."



"ဟဲ့..ဒါကကလိုင်းရန့်သဘောလေ၊ သူချပေးတဲ့အတိုင်း ငါကရန်းန်ပေးရတာ..နင့်လက်ထဲရောက်တာနဲ့ ဟိုဟာမရဘူး ဒီဟာမရဘူးဖြစ်သွားတာရော ဘယ်နှစ်ခါလဲ.."

"အဲ့ဒါအစမကောင်းလို့ အနှောင်းမသေချာတာ..ဒီဇိုင်းမြင်တာနဲ့ ငါ့ခေါင်းထဲမှာ အော်တိုပေါ်ပြီးသား သူများလိုစိတ်ကူးရှုပ်ပဲမဟုတ်ဘူး.."

"ဘာရယ်.."

"ဟာ..တော်ကြပါတော့ အင်ဂျင်နီယာမကြီးတွေရယ်၊ တော်သေးတာပေါ့..ဟိုရှေ့နေမတစ်ခါတည်း ပါမလာလို့.."

"ဟုတ်တယ်..လပြည့်ဝင်းပါလာရင်သွားပြီ၊ မိုးကိုလင်းမှာမဟုတ်တော့ဘူး..နောက်ပြီး စထရက်ချာစပါယ်ရှယ်လိုက်စ်တစ်ယောက်ရှိသေးတယ်၊ စိုးယုလေ..မိတင့်နဲ့စိုးယုပေါင်းမိတာနဲ့ ငါကသာဇရာမလခစားကြီးဆိုပြီး မြှောက်လည်းမြှောက်ပါရဲ့..ပြီးတော့ စိတ်ကူးယဉ်သမားလေပေါ့ဝဲ..အိုစုံနေရော.."

"ခစ်..ခစ်.."

တင့်တယ်က ပါးစပ်လေးကိုလက်ဖဝါးနဲ့ ဖွဖွကပ်ပြီး ရယ်နေသည်။ ရီရီလွင်က မျက်စောင်းထိုး၏။

"မြှောက်တင်လိုက် ပြန်ဆွဲချလိုက်..ခုနေဆုံကြရင်တော့ ပိုဆိုးပြီပေါ့၊ သူ့အစ်မအားကိုးနဲ့ ငါတို့ကို.."

"ဟဲ့..မိလွင်ရေ ဆရာလေးကြားသွားတော့မှာပဲ.."

"ကြားစရာလား..သီလရှင်ကျောင်းတိုက်ကြီးတစ်တိုက်လုံး အခန်းဆေါင်းအဆောင်ပေါင်း မြောက်မြားစွာနဲ့.."

"ဒါပေမဲ့ ဆရာလေးက ကျောင်းအုပ်မဟုတ်သေးဘူးလေ..ငါတို့ကြောင့် ပြဿနာတက်လိမ့်မယ်၊ တိုးတိုးရန်ဖြစ်စို့.."

သူတို့ကိုကြည့်ပြီး ဒါဒါမျက်ရည်မခြောက်သေးဘဲ ပြုံးမိလေသည်။ ထိုအပြုံးကိုမြင်တော့ ရီလွင်တို့လည်း ကျေနပ်သွားကြသည်။

"စိုးယုက နောက်လမှလာမှာတဲ့လား.."

"အင်းလေ..သူရယ် လပြည့်ဝန်းရယ် ချိုကြီးတို့မောင်နှမရယ်၊ စက်ဘူးနဲ့ရုပ်ပေမယ့် ဒီကိုအတူလာနိုင်အောင် နားရက်ချင်းလှမ်းချိတ်နေကြတယ်"

"ငါ့အတွက်နဲ့တော့ လာဖို့ကြိုးစားမနေကြပါနဲ့လို့ ပြောလိုက်ပါဟာ.. ငါ့သူငယ်ချင်းတွေ စိတ်ရင်းမှန်ကိုသိပြီးသားပါ၊ ငါ့ဘဝအတွက် ငါကိုယ်တိုင် တိုက်ပွဲဝင်ရမှာ ငါနားလည်ပါတယ်..ငိုမိတာက နင့်တို့ကိုမြင်လိုက်တော့ ပြီးခဲ့တာတွေကို သတိရသွားလို့.."

ဒီလောက်ပူပူနွေးနွေးကြီးကို ဘယ်သူကမေ့ဖျောက်ထားနိုင်မှာလဲ..။ မျက်တောင်ခတ်တိုင်း သတိရနေမည်။ မျက်ဝန်းတွေရွှေ့ကြည့်မိတိုင်း ငိုချင်လာမည်။ တစ်ယောက်တည်းဘိတ်ဘိတ်သားထိုင်နားနေရသည့်အချိန်တွေမှာ အော်ငိုပစ်ချင်စိတ်တွေ ပေါက်လာလိမ့်မည်။ ရီရီလွင်နဲ့တင့်တယ်တို့ သူမကိုကြည့်ပြီး နားလည်မှုများစွာနှင့် ငိုင်သွားကြလေသည်။

ဒေါ်သီတာအေးဆိုရင် သူမတို့တွေရန်ကုန်မှာ လူစုမိပြီး ဒါဒါကမန္တလေးရောက်နေတဲ့အခါ.. ၊

"တကယ်ဆို အန်တီ့သမီးလေးလည်း သမီးတို့လိုပညာတတ်ကြီးဖြစ်ရမှာ..မိဘကတာဝန်မကျေခဲ့တော့လေ.."

မျက်လွှာချသွားလျက် တိုးတိတ်ပျောက်သွားတတ်သော စကားသံတို့ကိုခုထိသတိရနေသေးသည်။ ဒါဒါနဲ့တွေ့ရင်တော့ 'အမေက ငါ့ကိုမချစ်ပါဘူး' 'အမေလားငါ့ကိုလွှမ်းမှာ' စသဖြင့်သော စကားတွေသာကြားရတတ်သော်မယ့် ဒေါ်သီတာအေးဆီက ဤသို့သောစကားတွေကြားရသည့်အချိန် သူမရင်ထဲမှာဘယ်လောက်တောင် ထိခိုက်နာကျင်နေခဲ့သလဲဆိုတာ တစ်ဖက်ကရင်ထဲမှာအရိပ်ထင်ပါသည်။ သားအမိနှစ်ယောက်ရဲ့အပြောအဆိုတွေကြောင့် တစ်ယောက်ရဲ့သဘောအမှန်ကို တစ်ယောက်နားမလည်နိုင်ကြလေသလား.. ၊

"အခု နင်တို့နှစ်ယောက်စလုံး ညကားနဲ့ရန်ကုန်ချက်ချင်းပြန်ကြမှာပေါ့.."

ဒါဒါ့စကားကြားမှ ကဗျာကယာခေါင်းညိတ်ရကာ.. ၊

"အေးဟာ..ငါလည်းနေချင်ပါတယ်၊ ဒါကသီလရှင်ကျောင်းဖြစ်နေတော့.."

နင့်အိမ်ဆိုရင်တော့ နေချင်တာပေါ့လို့ ပြောတဲ့သဘောလား..။ ဒါဒါစိတ်မကောင်းဖြစ်သွားမိသည်။



"တခြားကြောင့်မဟုတ်ပါဘူး..အဓိကက ငါတို့နှစ်ယောက်စလုံး အိမ်မှာတောင်မနားဘဲ နင့်ဆီတန်းထွက်လာကြတာလေ.."

"တန်းလာကြတာကို အားနာမနေနဲ့ဦး..ငါတို့မိသားစုဆီ တစ်နှစ်တစ်ခါပြန်ကြတာက ပုံမှန်ပဲ၊ အခုကြားဖောက်ပြန်လာတာကိုက နင့်ဆီလာချင်လို့ တမင်ဖြစ်လာကြတာ..ဒါပေမဲ့ ရောက်လာတော့လည်း အမေတို့က 'အမလေး..ငါ့သမီးအိမ်မှာ ဖင်ပူအောင်မထိုင်ဘူး'ဖြစ်ပြန်ရော၊ အဲ့ဒါ အဲ့ဒါကြောင့်ပြန်ဖို့တာဝန်ကြီးလာရတာဒါဒါရေ.."

"ဒါဆို ငါနင်တို့စာအုပ်တွေ ပြန်ပေးချင်တာ ဘယ်လိုလုပ်ရမလဲ..အရင်စာအုပ်တွေလေ အမေ့အိမ်မှာ.."

အမေဆိုတာ ဒေါ်ကြည်ဝေ့ကိုခေါ်မှန်း သူတို့သိကြသည်မို့.. ၊

"အခုရှိနေလည်း မယူပါဘူးဒါဒါရယ်..ငါတို့လည်းတက္ကသိုလ်ကျောင်းသူတွေ မဟုတ်တော့ဘူး၊ နိုင်ငံခြားမှာ ဘွဲ့လွန်တွေနဲ့အလုပ်တွေဘာတွေတောင်လုပ်နေပြီ..ကျောင်းစာအုပ်တွေဘာပြန်လုပ်ရမှာလဲ၊ နင်ရော သေချာလေ့လာဖြစ်ရဲ့လား..ကျောင်းသားမဟုတ်ပေမယ့် ငါနဲ့တင့်တယ်ယူထားတဲ့စထရက်ချာနဲ့ အာခီတက်စ်ကတော့ လူတိုင်းသိထားရင် ပိုကောင်းတဲ့ပညာတွေပါ..ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းအဆောက်အဦးတွေနဲ့ နေကြတာလေ၊ ရာသက်ပန်ခိုင်မာတဲ့အဆောက်အဦးဆိုတာ မရှိဘူး၊ ရှိလည်းတို့လိုလူတန်းစားတွေအတွက် မဖြစ်နိုင်ဘူး..အဲ့ဒီတော့ ကွန်စထရက်ရှင်ဆက်တာဆိုတာ နားလည်ထားဖို့လိုတယ်.."

"သိပ်မှန်တာပေါ့..ငါအများကြီးလေ့လာပါတယ်၊ ဘာဖြစ်လို့လဲသိလား.."

ဒါဒါကကြေကွဲသည့်အပြုံးလေးနှင့် သူမတို့ကိုကြည့်ကာ.. ၊

"ငါကျောင်းဆက်မတက်နိုင်ပေမယ့် ဆက်တက်သွားကြတဲ့ နင်တို့နဲ့အမြဲအတူတူရှိနေတယ်ဆိုတဲ့ ဖီလင်ကိုကြိုက်လို့..ပြီးတော့ ဆရာဝန် အင်ဂျင်နီယာအလုပ်တွေကို ငါအရမ်းဝါသနာပါတာ နင်တို့သိပါတယ်၊ အဲ့ဒါတွေကို အားတိုင်းထိုင်ဖတ်နေတာ..ကျက်မှတ်နေရတာ မဟုတ်ဘဲ အရမ်းနားလည်လွယ်နေတာ ငါစိတ်ပါနေလို့မို့လား.."

"ဟုတ်တယ်လေ..ဒါဆို ဘာကိုပိုပေါက်လဲပြော၊ အခု မကြည်မလင်

ဖြစ်နေလို့ နင်ပါးစပ်ပိတ်နေတာ..သိပ်မကြာခင် ငါ့ဘက်ကလား တင့်တယ်ဘက်ကလား တစ်ဖက်ဖက်ကနေ ဝင်ငြင်းတော့မှာ..အိုး..ငါ့ဘက်မပါရင်တော့ ငါသည်တစ်ယောက်တည်းက တစ်ယောက်တည်းပါလား.."

"သေပေါ့.."

တင့်တယ်က တွန်းပစ်လိုက်ပြီးရယ်သည်။ ဒါဒါလည်း သူငယ်ချင်းတွေကို မြင်လိုက်လို့ငိုမိပေမယ့် သူမတို့ကြောင့်ပဲ မျက်ရည်တိတ်ခဲ့လေသည်။ တကယ်ဆို ဘယ်သူကမှ စကားမစမိအောင် ကြိုးစားနေကြတာပါ။ ဒါဒါကိုယ်တိုင် မျက်ရည်ကျခဲ့ရတာ ထိုအဖြစ်ကြောင့်.. ၊

သူမတို့ပြန်လာတိုင်း ဘယ်သူလာလာ မင်းမင်းအတွက်လက်ဆောင်ပစ္စည်းတစ်ခုခုမပါဘူးဆိုတာ ဘယ်တော့မှမရှိ။ အိမ်မှာဧည့်သည်လာနေလျှင် မင်းမင်းတို့ချစ်စဖွယ်အေးဆေးပုံစံလေးနှင့် လိမ္မာနေတတ်လျက် ဧည့်သည်ပြန်ပြီဆိုတာနှင့်.. ၊

"မေမေ့..သမီးအတွက် တီလေးဘာပေးသွားလဲဟင်၊ လက်ဆောင်ပါလာတယ်မို့လား..သမီးကြည့်ချင်လို့.."

"မေမေ့ပြပါဆို.."

"ဟား..လှလိုက်တာ.."

"မိုက်လိုက်တာမေမေ့ ကြည့်ပါဦး..သမီးနဲ့အံကိုက်ပဲ.."

ပုံရိပ်တွေထင်လာခဲ့သည်။ မေ့ဖျောက်ထားခြင်းကြောင့် ပို၍ခံစားရမှန်း ဖြိုက်ခနဲဝေ့တက်လာသည့် မျက်ရည်က သက်သေခံ၏။ သို့သော်ထိုစိတ်ကို မရမရတားဆီးနေမိသည်။ တင့်တယ်တို့သူမပြုံးရယ်လာဖို့အတွက် အစွမ်းကုန်ကြိုးစားနေကြသည်။ ထို့ကြောင့် သူမတို့မသွားခင်အထိမငိုမိအောင်ထိန်းချုပ်ထားမှဖြစ်မည်။

ပြီးတော့ ဆုံးဖြတ်လိမ့်ဦးမည်။ ဒီနေ့နောက်ဆုံးငိုမည် လို့.. ၊

☎



အခန်း(၅၆)

"ဟလို.."

ပြန်ထူးလိုက်သည့်အသံကို ကြားတာနှင့် လင်းမြတ်ဇော်မှန်းသူသိလိုက်သည်။ ဒီကောင်လေးကို ဧကရီရှိသည့်နေရာတိုင်းမှာ တွေ့နေရသည်။ ဒီဆိုးတာက K2စက်မှုဇုန်ထဲထိ ပါဝင်ပတ်သက်ဖို့ကြိုးစားနေသည့်အဖြစ်..၊

"ဟလို..ကိုကြီးကိုလား.."

"အေး..မင်းအစ်မရှိလား.."

"မရှိဘူးကိုကြီးကို..ဘာပြောပေးရမလဲ.."

"မလိုဘူး..သူရှိရင် ရန်ကုန်ကိုချက်ချင်းဆင်းလာဖို့ပြောလိုက်.."

"ဗျာ.."

ဖုန်းချသွားတော့ တစ်ဖက်မှာလင်းမြတ်ဇော်ကြောင်တောင်တောင်ကျန်ခဲ့၏။ ကိုကိုကမမကို ခေါ်ပုံထူးနေသည်။ ဒါပေမဲ့ လေသံဟန်ပန်အရ အဆင်ပြေဖွယ်ရှိဖို့တော့ မမြင်ပေ။ ထိုစဉ် စကားသံကြားလိုက်ပြီး သိပ်မကြာခင် ဧကရီဝင်လာလျှင်.. ၊

"မမယောက်ျား.."

"ဟင်..ကိုကို့ဖုန်းလား၊ ကျွတ်..ကိုကိုဖုန်းခေါ်မယ့်နေ့ကျမှ အဲ့ဒါက ဘာဖြစ်လို့ကျန်ခဲ့ရတာလဲ..ပေးစမ်း ပေး.."

"ဟား..မီးပုံးပျံမီးရှို့တာကမှ ကြာသေး.."

"ဘာ.."

ဖုန်းပြန်ခေါ်ဖို့ပြင်နေရင်း လှည့်ကြည့်မိသေးသည်။ သို့သော် ကိုကို က ဖုန်းကိုင်လိုက်ပြီမို့.. ၊

"ဘာပြောမလို့လဲကိုကို..ဇကရီခုပဲပြန်ရောက်တာ.."

"လှည်းကူးက ကွန်စထရက်ရှင်ကိစ္စ မင်းဘာဝင်လုပ်လိုက်တာလဲ"

တစ်ခုခုကိုမျှော်လင့်ပြီး နားစွင့်ထားမိသဖြင့် ကြားလိုက်ရသည့်သတင်း ကြောင့် ဇကရီမျက်နှာမဲ့သွားသည်။ ပြီးတော့ ခုထိလွယ်ထားဆဲဘေးလွယ် အိတ်အနီရောင်လေးကို ပခုံးကနေဆွဲဖြုတ်ပြီး ဆိုဖာပေါ်လှမ်းပစ်လိုက်ရင်း

"ဘာဖြစ်လို့လဲကိုကိုရယ်..ကိုကိုလျှာထားတဲ့ကန်တင်းနေရာက သိပ် မကောင်းလို့.."

"တော်စမ်းဇကရီ..ငါ့အလုပ်ငါ ဘယ်လိုပြင်ဆင်ထားထား မင်းနဲ့ဘာ ဆိုင်သလဲ၊ မင်းကိုမန္တလေးကအလုပ်ကိစ္စတွေ အကုန်ခြယ်လှယ်ခွင့်ပေးထား လို့ နောက်တစ်ဆင့်တက်လာတာလား.."

"ကိုကိုကလည်းကွာ.."

"မင်းကရဲတင်းလွန်းနေတာလား..ငါကပဲ မိန်းမလိုမိန်းမရဆန် တာလား၊ မင်းကိုဘယ်လိုစကားနဲ့ ပြောရမှန်းကိုမသိတော့ဘူးဇကရီ"

"ဘယ်လိုစကားနဲ့ပြောပြော လူကြားကောင်းမှာမဟုတ်ဘူးလေ..ကို ကိုက ဇနီးလိုမှမဆက်ဆံဘဲ.."

တိတ်ကျသွားသည့် ကိုကို့ဘက်မှာ ဘယ်လောက်ထိဒေါသတွေနဲ့ လူးအလိမ့်ဖြစ်နေလိုက်မလဲ..။ စူးရဲနေလေ ချောလေဖြစ်နေတတ်သည့် ကိုကို့ မျက်ဝန်းတွေကို မြင်ယောင်ကာ ဆိုဖာပေါ်မှာထိုင်ချလိုက်ရင်း ပြုံးမိသည်။ မန္တလေးမှာပွဲမလုပ်တော့ဘဲ ချက်ချင်းပြန်သွားတာကိုမှန်းလို့လုပ်တာ၊ လုပ်ငန်းကြီးတစ်ခုလုံးကို ကျွန်မမှမသိတာ..မသိပေမယ့် ကျွန်မကမ ပါဆိုတာ အားလုံးမြင်သွားအောင် ဝင်ပြလိုက်တာ၊ ရှင်းရဲ့လားသားကို ဘာစည်း ဘာအကန့်တွေခြားထားထား ဇကရီဆိုတာ ကိုယ့်အမိန့်ကို



ထာနဲ့ ရပ်တည့်တဲ့မိန်းမ၊ ဘယ်သူ့စကားမှ ဘောင်မဝင်ဘူး..ဘာကတော့ဖြစ် ဖြစ် တည်ချင်မှတည်မယ်..လုပ်ချင်တာကို လုပ်နိုင်တာ ဇကရီပဲလေ.. ၊

"ဟား ဟား ဟား.."

တက်ခေါက်သံနှင့်ဖုန်းချသွားတော့ သူမအားပါးတရရယ်ပစ်လိုက် သည်။ ထိုစဉ် သူမဘေးကို လင်းမြတ်ဇော်ရောက်လာကာ.. ၊

"မမကို ကိုကြီးမချစ်တာလည်း မပြောနဲ့..မမကလှသာလှနေတာ၊ ချစ် စရာမှမကောင်းတာ.."

"ဘာပြောတယ်.."

"ဟုတ်တယ်..ယောကျ်ားချစ်အောင် တစ်ခွန်းမှမပြောဘူး.."

"ချစ်ချစ်မချစ်ချစ် ဂရုမစိုက်ဘူး.."

"မမစိုက်ပါတယ်..ကိုကြီးကိုကို မမတစ်ပိုင်းသေအောင်ချစ်နေတာကို"

"ကိုလင်း နင်နော်..ငါပါးမရိုက်ဘူးထင်နေလား.."

အနားမှာထိုင်မလိုပြင်ပြီးမှ လင်းမြတ်ဇော်က မျက်နှာချင်းဆိုင်မှာ သွားဝင်ထိုင်သည်။ ပြီးမှ.. ၊

"မမကိုကဲ့ရဲ့ချင်လို့ မဟုတ်ဘူး..မမတို့အိမ်ထောင်ရေးဘာဖြစ်ဖြစ် စိတ်လည်းမဝင်စားဘူး၊ ဒါပေမဲ့ မမသာကိုကြီးကိုကိုပိုင်ရင် ကျွန်တော်တို့ တစ်အိမ်လုံး အေးဆေးပဲ.."

"ခုလည်းအေးဆေးပဲကိုလင်း..ငါ့ထက်အငယ်ဖြစ်ပြီး စကားလုံးထွား ထွားတွေနဲ့ ဆရာကြီးလာမလုပ်နဲ့၊ နင့်အစ်မဘယ်လိုလမ်းထွင်ပြီး ဘယ်ထိ ခရီးပေါက်သွားမလဲကြည့်နေလိုက်.."

ရင်ထဲမှာ ကျေနပ်နေသည်။ ကျေနပ်တာထက်ကို အများကြီးပိုနေ သေးသည်။ ရန်ကုန်က ရော်ရွက်ဝါက မန္တလေးကိုလွင့်လာသည်။ ဗေဒါ သည်ရေမှာမမျောဘဲ သူမခြေထောက်အောက်ကို အလိုလိုရောက်လာသည်။ ပြီးတော့ ကိုကို..ကိုကိုမန္တလေးမှာ အလွန်ဆုံးနေရင် သုံးလေးရက်လောက် ပါ။ ခုကျမှ မပြန်နိုင်တာ ဘာဖြစ်လို့လဲ..ကျေကျေနပ်နပ်ပြုံးနေသည့် နှုတ် ခမ်းသားတို့သည် တင်းတင်းစေ့ပိတ်ခြင်းသို့ရောက်လျက်.. ၊

လူတိုင်းမှာလျှို့ဝှက်ချက်ကိုယ်စီ ရှိကြတယ်တဲ့..။ လူတိုင်းမှာ လူမသိ စေချင်တဲ့နောက်ကြောင်းတစ်ခုဆိုတာ အမြဲတမ်းရှိတယ်တဲ့..ရှင်လည်းလူပဲ

သားကိုကို..ရှင်ဘယ်လောက်တော်နေနေ လူသိမခံရဲတဲ့လျှို့ဝှက်ချက်ဆိုတာ ရှိလာတာပဲ၊ ရှင်နဲ့ကျွန်မတွေ့ကြမှာပါ..ဒါပေမဲ့ ဒီနေ့မနက်ဖြန်တော့ မဟုတ်သေးဘူးပေါ့.. ၊

ကျကျနနကြိမ်းဝါးရင်း လက်ချောင်းတွေကိုပါ ကျစ်ခဲနေအောင် ဆုပ်ထားလိုက်မိသည်။ ဒါဒါဆိုတဲ့ကောင်မ နင်ကလူပျိုကိုတောင် မမက်နိုင်ဘဲ သူများယောကျ်ားကိုမှလား.. ကိုကို့ကိုကြံစည်တဲ့အတွက် နင်သိပ်ကိုကံဆိုးသွားပြီဗေဒါဖြူ..ငါ့မောင်လက်ထဲမှာ နင့်ဘဝမွှမွှကြေရမယ်၊ ငါ့ခြေဖဝါးအောက်မှာ နင်ပိပြားနေရမယ်..ကိုကို့အတွက် အပိုင်းပိုင်းကျိုးကြေနေတဲ့ လှည်းကျိုးကြီးဖြစ်သွားအောင် ငါလုပ်ပြမယ်..ကြည့်လိုက်၊ ငါကဘာဖြစ်လို့ နင့်လိုအောက်တန်းစားကို အခွင့်အရေးတွေပေးပြီး တံ့တင်ယှဉ်ပြိုင်နေရမှာလဲ.. ၊

*သံသရာအမုန်းဆိုတာ*
*ငြိုးမာန်ဖွဲ့ဖို့မှ မလိုဘဲ.. ၊*

ပရိတ်သတ်အတွက်
ထာဝရ

သျှင်မ

ငါဘုရင်မ
(ဒုတိယပိုင်း)

"ရှင်ကြီး စတိုခန်းမှာအိပ်ရမယ်..ကျွန်မခေါ်ရင်လာ သွားဆိုရင်သွား၊ ကျွန်မမကျွေးဘဲ ဘယ်မှာမှ သွားမစားရဘူး..ကျွန်မမသိတဲ့အစား ဘယ်သူကျွေးကျွေး မစားရဘူး၊ ပြောထားမယ်နော်..ကေရီဆိုတဲ့မိန်းမကို နာမည်တူတောင် မခေါ်နဲ့.."

"နေဦး..ဒါဆို ကိုယ်ကဒီအိမ်မှာဘာလဲ.."

"ကျွန်မကြိုက်သလိုခိုင်းဖို့ယောကျ်ား.."

ကိုကို့နှုတ်ခမ်းမှာ ဒေါသမပါသည့်မဲ့ပြုံးတစ်ချက်ဖြစ်၏။ ပြီးတော့ မျက်ဝန်းမှာ ချစ်စနိုးရယ်မြူးရိပ်တို့ စွန်းထင်းနေကြသည်။

ဒါဒါ အသည်းတွေယားနေခဲ့လျက်.. ၊

"တောက်..ရုပ်ကြီးကိုက.."

ငါဘုရင်မ

(ဒုတိယပိုင်း)

"နင့်မောင်ကျတော့ ထောင်ကျမှာကြောက်တယ်..ဒီပလာဇာကို လည်း လက်မလွှတ်ချင်ဘူး၊ လောဘကသေးသေးမဟုတ်ဘူးပဲ..ရတယ်လေ၊ ကြိုးစားကြည့်ဦးပေါ့..နွံဆိုတာ လှုပ်လေမြုပ်လေပဲ၊ နင့်မောင်ထောင်ကျပြီး လုပ်ငန်းအားလုံး ဒေဝါလီခံရအောင် ငါလုပ်ပြမယ်.."

"အိပ်မက်လိုက်လေ..အခြေအမြစ်မရှိတဲ့မိန်းမကများ.."

"အခြေအမြစ်ဆိုတာ ရပ်တည်သူရဲ့ခိုင်မာမှုပဲ..ငါရပ်တည်ဖို့အ တွက် တခြားသူရဲ့အင်အားမလိုဘူးကေရီ၊ မနက်ဖြန်ဆိုင်ခန်းပိုင်ရှင်တွေ ပြီး စွဲချက်တင်ကြလိမ့်မယ်..နင့်မောင်အတွက် အခြေအမြစ်ဘယ်လောက်ရှိ လဲ ပြကြည့်ပေါ့.."

ကေရီမျက်နှာ သိသာစွာပျက်ကျသွားသည်။ ဒါဒါ့နောက်မှာ အံ ကြိတ်ရပ်နေကြသည့် ဆိုင်ခန်းပိုင်ရှင်တွေရဲ့ မီးတောက်မျက်လုံးတွေက သူ့ ဆီမှာ ဓားမိုးလှံမိုးရှာချတော့မယ့်အတိုင်း.. ၊

သူမဘာလုပ်မလဲ.. ၊

ငါဘုရင်မ

(ဒုတိယပိုင်း)

"ဖြန်း.."

ပါးပြင်တစ်ဖက်လုံး ကွဲထွက်သွားသလားထင်ရအောင် ရိုက်သည့် အရှိန်ကပြင်းသည်။ ထိုပြင် သူ့မျက်နှာပြန်လှည့်လိုက်သည်နှင့် နောက်ပါး တစ်ဖက်သို့.. ၊

"ဖြန်း.."

"ဒါဒါ..မင်း.."

ယောကျ်ားသားကြီးတစ်ယောက်လုံးကို ခြေလှမ်းပျက်ယိမ်းယိုင် သွားစေသည့်အားကြောင့် ကိုကိုခံနိုင်ရည်မဲ့သွားသည်။

"မင်း.."

"ဟုတ်တယ်..ရှင်လက်ဖျားနဲ့တောင် ထိခွင့်မရှိတဲ့မိန်းမ၊ ရှင်တို့ ဝိုင်းလုပ်ကြံကြလို့ မိသားစုဘဝပျက်ပြီး ရှင့်မိန်းမအဖြစ်ရှိနေရတဲ့ ဗေဒါဖြူ"

"ထင်ရာတွေစွတ်ပြောမနေနဲ့..ရှင်းပြမယ်ဆိုတာ နည်းနည်း လောက်..မင်း.."

"ရှင် ဒီတစ်ခါရှေ့ထပ်တိုးကြည့်စမ်း.."

ဒါဒါက စားပွဲပေါ်ကပုလင်းကို ရိုက်ခွဲပစ်လိုက်ပြီး လက်ကိုဆန့် တန်း၍ သူ့ရင်ဘက်တည့်တည့်ကို ချိန်ထားသည်။ ကိုကိုကမဲ့လိုက်ပြီး.. ၊

"သိပ်တိုးရဲတာပေါ့..ကိုယ်မင်းကို အလျှော့ပေးထားတာ၊ မနိုင်လို့ မဟုတ်ဘူး.."

ပုလင်းကွဲကိုင်ထားသည့် ဒါဒါ့လက်လေးကို ဖက်ခနဲဆုပ်ကိုင်ပစ် လိုက်ပြီး.."

"အား.."

ငါဘုရင်မ

(ဒုတိယပိုင်း)

"အဲ့ဒီလူက တခြားလူမဟုတ်ဘူး..ကေရီဆိုတဲ့ နင့်ဘေးမှာထိုင်နေတဲ့မိန်းမပဲ၊ သူတမင်တိုက်ပစ်ခဲ့တာ.."

ကား၏အရှိန်သည် ဝေါခနဲအရှိန်မြင့်တက်သွားခဲ့၏။ ကေရီအားဆေးထိုင်နေရာကနေ ဖျတ်ခနဲလှည့်ကြည့်သည်။ တင်းနေသည့်ဒါဒါ့မျက်နှာနှင့် ကား၏အရှိန်ကြောင့် တစ်ခုခုဖြစ်ပြီဆိုတာ သိလိုက်ကာ.. ၊

"ဘယ်လိုဖြစ်တာလဲဒါဒါ..လမ်းပေါ်မှာဒီအရှိန်နဲ့ မောင်းလို့မရဘူးလေ.."

"ဒီအရှိန်နဲ့မောင်းမှ နင်သေမှာပေါ့.."

"ဘာ.."

ကားသည် လမ်းဘေးကိုရိပ်ခနဲထိုးဆင်းသွားခဲ့ပြီး.. ၊

"မလုပ်နဲ့..အမလေး.."

"ဒုန်း.."

ငါဘုရင်မ

(ဒုတိယပိုင်း)

သံသရာဆိုတာ တစ်ပတ်လည်တတ်တယ်ကေရီ..ခုလိုမြင်လိုက်ရတာ ငါမျိုသိပ်မထားနိုင်တော့ဘူး..သူ့သမီးလေးသေတာ နင့်ကြောင့်ဆိုတာသိရင် ဒါဒါဘယ်လိုဖြစ်သွားမယ်ထင်လဲ..နင်ရော ငါရော ခုပဲလက်တွေ့သိအောင် စမ်းကြည့်တာပေါ့..

ဒါ..ဒါဘာလဲ.. ၊

မက်ဆေ့ချ်ကိုဖတ်ပြီး ကိုကိုဆတ်ခနဲထရပ်သည်။

"ကိုကိုဘာဖြစ်လို့လဲ.."

စည်းဝေးခန်းမကြီးထဲမှာ အားလုံးသူ့ကိုလှမ်းကြည့်ကြသည်။ Presentation အတွက် Projectorရှေ့မှာရှိနေသည့် အထွေထွေအကြံပေးဦးသိန်းဇံလည်း ပြောလက်စတို့ ရပ်တန့်သွားခဲ့ပြီး သူ့ကိုကြည့်နေ၏။ ကိုကိုဘယ်သူ့ကိုမှ သတိမရဘဲ ဒရိုင်ဘာဆီဖုန်းခေါ်လိုက်ရင်း စည်းဝေးခန်းထဲကနေ ခြေလှမ်းကျဲကြီးများနှင့် အပြေးတပိုင်း.. ၊

"ကိုတုတ်..ခုန ကေရီလာသွားတာ ဒါဒါပါလာသလား.."

"ဟုတ်ကဲ့..ပါတယ်သူဌေး.."

သွားပြီ.. ၊

ကိုကို့ခြေလှမ်းတွေ ပြေးခြင်းသို့ရောက်ကာ ဓာတ်လှေကားကိုပြေးကာ ငါးလွှာကိုတက်သွားတုန်းနှင့်တိုး၏။ လှေကားကနေ တောက်လျှောက်ပြေးဆင်းခဲ့ရင်း.. ၊

"ကိုတုတ်..ကားစက်နိုးထား.."